စိတ်ကူးချိုချိုအနုပညာ



# မဂ္ဂဇင်းဝတ္ထုရှည်များ (၉)

## တက်တိုး၊ မောင်နေဝင်း၊
## ကျော်အောင်၊ တင့်ဆန်း

မဂ္ဂဇင်းဝတ္ထုရှည်များ(၉)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀ ၄၉၁ ၀၅၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၄၇၉ ၀၆၁၂
ထုတ်ဝေသူ - ဦးစန်းဦး
ပုံနှိပ်သူ - ဒေါ်ဝင်းမာ

မျက်နှာဖုံးပန်းချီ - N.C.S
ကွန်ပျူတာဖလင် - အီးဂဲလ်
လက်ခွဲဖလင် - အေဇက်
စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

၈၀၈·၈၃

ကလောင်စုံ
မဂ္ဂဇင်းဝတ္ထုရှည်များ(၉) /
ကလောင်စုံ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂၊
စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မဂ္ဂဇင်းဝတ္ထုရှည်များ(၉)

၂၀၁၂၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၇၀၀ ကျပ်

ကျေးဇူးမှတ်တမ်း
လွန်ခဲ့တဲ့ ၇ နှစ်လောက်ကတည်းက အကြံပေးထားခဲ့တဲ့ ဆရာမျိုးမြတ်သူ၊
ဝတ္ထုတွေစုဆောင်းပေးတဲ့ ဆရာမြတ်သက်၊ ဆရာကျော်စိုးဝင်း၊
ဆရာလေးကိုတင်နဲ့ ကိုသန်းထွန်းအောင်
ပန်းချီပုံတွေကို မေတ္တာနဲ့ သုံးခွင့်ပေးခဲ့တဲ့ ပန်းချီဆရာ N.C.S နဲ့ C.N.K တို့ကြောင့်
ဒီစာအုပ်လေးတွေ လုပ်ဖြစ်ခဲ့တာပါ။

## မဂ္ဂဇင်းဝတ္ထုရှည်များ (၉)

# မာတိကာ


| | | |
|---|---|---|
| ၁။ | အရိပ် | |
| | တက်တိုး | ၁ |
| ၂။ | မှိုင်းရိပ်ဝေမှောင် | |
| | မောင်နေဝင်း | ၅၃ |
| ၃။ | ငရဲကလာသူ ပြာပူမကြောက် | |
| | ကျော်အောင် | ၁၁၇ |
| ၄။ | ရေစုန် လေစုန် ရွက်ဖွင့် | |
| | တင့်ဆန်း | ၁၅၉ |

# အရိပ်

## တက်တိုး

"ခင်ဗျားလာတာ အဆင်သင့်ပဲဗျို့။ နက်ဖြန်ပဲ ကိုမြင့်မောင်ကြီးရဲ့အမှုတရားခံလွှဲချက်လဲချက်ပေးလို့မ်မယ်"

"ကျွန်တော်လည်း အဲဒါအမီလာခဲ့တာပဲ ကိုသန်းအောင်။ သူ့အမှုကို သတင်းစာထဲတွေ့တုန်းက ချက်ချင်းမလာနိုင်ခဲ့ဘူး။ ကိစ္စလေးတွေ အတော်များနေလို့ပေါ့ဗျာ။ ဒါပေမဲ့ သူ့အမှုနဲ့ပတ်သက်လို့ သတင်းစာထဲမှာ ပါတာတွေတော့ အကုန်ဖတ်ပြီးပြီ"

"အင်းဗျာ...ကိုယ့်လူကြီးလည်း ဘယ်လိုဖြစ်ရတယ်မပြောတတ်ပါဘူး။ ကျွန်တော့်မှာ အတော်အကျပ်ရိုက်နေတာဗျ။ ကျောင်းနေဘက်ဖြစ်ပြီး အရင်တုန်းက သူမြင်းခြံမှာ စက်ရှင်မင်းကြီးဖြစ်တုန်းက ကျွန်တော်က သူ့လက်အောက်မှာ လုပ်ရတာ အခုတော့ သူ့ကိုတရားခံအဖြစ် ကျွန်တော်ရင်ဆိုင်ရတော့ အတော်ပဲအားနာသဗျို့။ ကျောင်းတုန်းကလည်း ခင်ဗျားသိသားပဲ။ ကိုမြင့်မောင်ကြီးက ကျွန်တော်တို့ထက် အသက်ရော၊ အတန်းရောကြီးတော့ အစ်ကိုကြီးလိုရှိသေကြတာ။ သူ့ကွယ်ရာမှာ သူ့ကိုဘုန်းကြီးမြင့်မောင်လို့ ခေါ်ရဲတာ"

"ဟုတ်တာပေါ့၊ ကျွန်တော်တို့တစ်တွေ ကောလိပ်ရောက်တဲ့နှစ်မှာပေါ့။ သူက ကျွန်တော်တို့ကို အလှည့်ကြုံတိုင်း ဆုံးမတယ်လေ။ ပြီးတော့လည်း ကျွန်တော်တို့တစ်တွေကို အတော်ပဲ စောင့်ရှောက်တာ။ တစ်ခါ ခင်ဗျားမှတ်မိသေးလား။ ဝါဆိုလပြည့်နေ့ကြီးပေါ့။ ကျွန်တော့်အခန်းမှာ ခင်ဗျားတို့တစ်တွေ ဖဲရိုက်ကြတာလေ၊ ဖိုးတင်အောင်ကြီးက ခေါင်းဆောင်မဟုတ်လား။ အဲဒီတုန်းက ဆရာကာ မိတော့မလို့ ကံကောင်းလို့ပေါ့။ ကိုမြင့်မောင်ကြီးက ကျောင်းသားကြီးဆိုတော့ ဆရာကာနဲ့ စကားလက်ဆုံကျနေတာ။ ကျွန်တော့်အခန်းဘက် ဆရာကာမရောက်ခင် ကြိုတင်

သိရအောင်ဆိုပြီး သန်းစိန်ကို လှည့်လွှတ်လိုက်တာလေ”

‘ဟုတ်ပါတယ်ဗျာ၊ ဒီလူကြီးမျိုး လူသတ်မှုဖြစ်ရတယ်ဆိုတာ ကျွန်တော် ဖြင့် အံ့လို့မဆုံးပါဘူး။ ပြီးတော့လည်းဗျာ ကိုယ့်မယားကိုယ်သတ်သတဲ့။ ကျွန်တော် လည်း အမှုလိုက်အင်စပတ်တော် လုပ်လာတာ ဆယ်နှစ်ကျော်ပါပြီ။ အမှုတွေ အမျိုးမျိုး တွေ့ခဲ့ရပါတယ်။ သူ့အမှုလိုပဲ ဆန်းကြယ်တာ မတွေ့ရဘူးဗျ”

“နို့...နေစမ်းပါဦး။ သူက သူ့မိန်းမကို မြစ်ငယ်တံတားပေါ်က တွန်းချ လိုက်တယ်ဆိုတာ ဟုတ်ရဲ့လား”

“မျက်မြင်သက်သေ နှစ်ယောက်ကတော့ တိတိကျကျထွက်တာပဲ ဆရာ ရေ့”

“မြစ်ငယ်တံတားရဲ့ လက်ရန်းပေါ်မှာ ကြည်ကြည်ဆွေ တင်ပါးလွှဲ ထိုင်နိုင်ရအောင် လက်ရန်းပေါင်က အမြင့်ကြီးမဟုတ်လား”

“လုပ်ထားတာတော့ အမြင့်ကြီးပဲ။ ဒါနဲ့အကြောင်းဆိုက်ချင်တော့ လက်ရန်းပေါင်အောက် အဆင့်တစ်ခုနဲ့ အထက်ဆင့်တစ်ခုကိုပြင်ဖို့ ခဏဖြုတ်ထား တဲ့အခိုက်မှာ နှစ်ဆင့်ဖြုတ်လိုက်တော့ အောက်ဆုံးအဆင့်ပဲ ကျန်တော့တာ။ ထိုင်လို့ ရတာပေါ့”

“အင်း...အကြောင်းဆိုက်တယ်ဆိုရမှာပေါ့ဗျာ။ နေပါဦး ကိုမြင့်မောင် ကြီးက ကြည်ကြည်ဆွေကို ဓာတ်ပုံရိုက်မလို့ ထိုင်ခိုင်းတာဆိုပါလား”

“ဟုတ်ပါလိမ့်မယ်။ တံတားစောင့်အလုပ်သမားတစ်ယောက်က သူတို့ နှစ်ယောက်တံတားပေါ်လျှောက်သွားတာကို လှမ်းကြည့်နေသတဲ့။ သူတို့နှစ်ယောက် ဟာ ရယ်ရယ်မောမောပဲတဲ့။ ခင်ဗျားလည်း အသိသားပဲဗျာ၊ ကြည်ကြည်ဆွေဟာ ကျောင်းတုန်းက အလှဆုံးလို့ အားလုံးက အသိအမှတ် ပြုထားရတာလေ။ သူ့ကို ဝိုင်းပိုးကြတဲ့အထဲ ခင်ဗျားလည်းပါတယ် မဟုတ်လားဟင်”

“အို...တော်စမ်းပါ။ ကြည်ကြည်ဆွေ့နာမည် တတပြီး ညည်းတာက ဘယ်သူလဲ”

“ဟဲ...ဟဲ...အဲဒီတုန်းက ကျွန်တော်က ညည်းရုံသာညည်းတာ၊ ဖိုးစံလု ကြီးက စာလိုက်ပေးတယ်လေ။ သိပ်ကျတဲ့လူပဲ”

“ဩော်ဗျာ...သူလည်း တစ်နေ့တည်းမှာ ရည်းစားစာ ခုနစ်ဆယ့်ငါးစောင် ရတဲ့ ကြည်ကြည်ဆွေရဲ့ ခုနစ်ဆယ့်ငါးယောက်မြောက် စာပို့သမားဖြစ်ချင်ရှာလို့ ပေါ့”

“ကဲ...ကော်ဖီလေး သောက်လိုက်ဦးလေ။ နွဲ့ရေ...မင်း သူ့ကိုသိတယ်

မဟုတ်လား"

"သိပါတယ်။ ကျောင်းမှာတုန်းက ကိုသိန်းနဲ့အတူတူ ကန်ပေါင်လျှောက်နေတာပဲဟာ"

"အေးပါကွာ...အဲဒီတုန်းက သူက မစန်းမြင့်ကို သူမသိငါပိုးလုပ်ခဲ့တာလေ။ ဟိုကတော့ ဒီငတိုးဆိုတဲ့ သတ္တဝါဟာ ဝသုန်ဌာမြေမှာရှိလေသလားတောင် သိရှာတာမဟုတ်ဘူး ကိုယ့်လူ။ ဟိုတုန်းကတည်းက ကိုယ့်လူက ရိုးရိုးကျင့် မြင့်မြင့်ကြဲ လုပ်ခဲ့တာပဲ။ အခုလို နာမည်ကျော်စာရေးဆရာကြီး ဖြစ်မှာပေါ့။ မြင့်မြင့်ကြဲရပေမယ့် မစန်းမြင့်နဲ့တော့ မစွံခဲ့ဘူးလေ၊ စွံဖို့ ကြိုးစားပြီး ရည်းစားစာရေးရာက စာရေးဆရာဖြစ်လာတာ"

"အို...တော်စမ်းပါ"

"နွဲ့ရေ...ကိုတက်တိုးအကြောင်းကို ကိုသိန်း ခဏခဏပြောနေတာပဲ၊ အခုသူက ကိုမြင့်မောင်ကြီးအကြောင်းကြားရလို့ လိုက်လာတာ။ ဗျို့... ကိုတက်တိုးနွဲ့နဲ့ကြည်ကြည်ဆွေဟာ ညီအစ်မလိုချစ်ကြတာ၊ ခင်ဗျားလည်း သိမှာပေါ့ဗျာ"

"သိပါတယ်၊ ကျောင်းတုန်းက မနွဲ့ယဉ်နဲ့ကြည်ကြည်ဆွေ နှစ်ယောက်အမြဲတွဲတွဲနေတာ တွေ့ရသားပဲ"

"ဟုတ်တာပေါ့ ကိုယ့်လူရာ၊ ဟိုတုန်းက ကျွန်တော်က နွဲ့နောက်လိုက်တာကို၊ တချို့ငနဲတွေက ကြည်ကြည့်နောက်လိုက်တယ်ထင်ပြီး မနာလိုသားဆိုးရှားကြသေးတယ်"

"အံမယ်...အခုမှ မနွဲ့ယဉ်ရှေ့မို့ သူတော်ကောင်းလုပ်နေတာပါ။ ဟိုတုန်းက ကြည်ကြည့်ကိုလည်း နည်းနည်းလောက်တော့ နည်းနည်းမိသေးတယ် မဟုတ်လား"

"ဟော့လူ...တော်...တော်...၊ တော်တော်ကြာ ကျုပ်တို့လင်မယား ရန်ဖြစ်ကြရင် ကိုယ့်လူပြေးပေါက်မှားမယ်။ ခါနာလည်း ဝေတ်လိမ့်မယ်ဆရာ၊ သတိထား"

"အို...ကိုသိန်းက ဒီလိုမပြောပါနဲ့၊ နွဲ့က သဘောထားသေးတာမှ မဟုတ်ဘဲ။ ဟိုတုန်းက ကြည်ကြည့်ကို မပိုးဘူးတဲ့ကောလိပ်ကျောင်းသား ဘယ်မှာရှိမှာလဲ၊ ပြစမ်းပါ ရှိရင် ကြည်ကြည်ကလည်း လှပေတာကိုးရှင့်၊ ဒါကြောင့်လည်း ကိုမြင့်မောင်ကြီးက အသည်းစွဲချစ်ရှာတာ"

"အေးဗျာ...ထူးဆန်းပါပေရဲ့၊ အသည်းစွဲချစ်တဲ့ ကိုယ့်မယားကို ရေထဲတွန်းချတယ်ဆိုတာ ဧကန္တဒီလူကြီး စိတ်မနှံ့လို့ ဖြစ်ရမယ်"

"စိတ်မနှံ့တာဘဲလားတော့ မသိပါဘူးဗျာ၊ ကျောင်းတုန်းကတော့ သူဟာ

ဖီလိုဆိုဖီအော်နာယူနေလို့ ကျွန်တော်တို့တစ်တွေက သူ့ကို သူ့ကွယ်ရာမှာ ဖီလိုဆိုဖားဖူးလ်လို့တောင် ခေါ်ကြသေးတယ်လေ..."

"ဘာလို့ပဲဖြစ်ဖြစ် ကျွန်တော်တော့ အတော်ပဲစိတ်ထိခိုက်ပါတယ်။ ကိုမြင့်မောင်ကြီးဟာ ကျွန်တော့်အစ်ကိုကြီးလိုပဲ။ ကျွန်တော်တို့တွေ ဂျပန်ခေတ်က ဗုံးပြေးကြရင်း သူ့ကို မအူပင်မှာ သွားတွေ့တယ်။ အဲဒီတုန်းက သူက တရားမမြို့အုပ်ပဲရှိသေးတယ်။ ကြည်ကြည်နဲ့ရခါစပေါ့၊ သူတို့နှစ်ယောက်နဲ့ ကျွန်တော် အတော်ပဲ ရင်းရင်းနှီးနှီးရှိသွားသေးတယ်၊ ကျွန်တော်တို့ တစ်နှစ်လောက် တစ်မြို့တည်း အတူနေလိုက်ကြသေးတယ်။ ကျွန်တော်က လူပျိုပဲရှိသေးတယ်။ ဘီအေအောင်ပြီး နောက်တစ်နှစ်မှာ ဂျပန်ဝင်တာပဲလေ၊ ကျွန်တော်လည်း ပြန်ကြားရေးဌာနမှာ ဘာသာပြန်စာတည်းလုပ်ရာက ပြေးရတာ၊ မအူပင်မှာ ကျွန်တော့်ဦးလေး အငယ်ဆုံးအိမ်မှာ နေခဲ့ရတယ်။ ကိုမြင့်မောင်တို့အိမ်နဲ့ မဝေးလှဘူး။ နေ့စဉ်လိုလို ကျွန်တော် သူတို့ဆီကို ရောက်တယ်။ ကြည်ကြည်ကလည်း အတော်ဖော်ရွေရှာတယ်။ ကိုမြင့်မောင်ကြီးလည်း ပျော်လို့ပေါ့။ ဂျပန်ခေတ် အစားအသောက်၊ အနေအထိုင် ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ငနဲကြီးကတော့ ပြုံးပြုံးကြီးပေါ့"

"ကိုတက်တိုးက ကိုမြင့်မောင်နဲ့ ကြည်ကြည်တို့ ရခါစကတွေ့တာကိုး၊ ကျွန်တော်တို့က ကြည်ကြည် လင်နောက်လိုက်ပြေးပြီး ပြန်ခေါ်ထားပြီးမှ တွေ့ကြရတယ်။ မြင်းခြံမှာ သူက စက်ရှင်မင်းကြီး၊ ကျွန်တော်ကခင်ဗျားတို့တစ်တွေ ကျိန်ဆဲတတ်ကြတဲ့ ဆွဲချပေါ့၊ ဟဲ...ဟဲ...ဟဲ..."

"နေစမ်းပါဦး ကိုသန်းအောင်၊ ကြည်ကြည် လင်နောက်လိုက်ပြေးသေးတယ် ဟုတ်လားဟင်..."

"အင်း...ကိုယ့်လူနဲ့ ကိုမြင့်မောင်တို့ အဆက်ပြတ်သွားတာ အတော်ကြာသွားတယ် ထင်တယ်"

"ကြာဆို...အခုထက်ထိပဲ၊ ဂျပန်လက်ထက်က ကွဲသွားကြတာ၊ နောက်သူ ဘယ်မြို့တွေ ပြောင်းသွားတယ်ဆိုတာ မသိတော့ဘူးဗျ။ စက်ရှင်မင်းကြီးဖြစ်တာတောင် ကျွန်တော်သတိမထားလိုက်မိဘူး။ အခုအမှုသတင်းစာထဲမှာ သူ့ဓာတ်ပုံနဲ့ ကြည်ကြည့်ဓာတ်ပုံပါပါလို့ ဖတ်မိတာနဲ့ သိရတာ"

"ခင်ဗျားနဲ့အဆက်ပြတ်သွားပြီးတဲ့ အနှစ်နှစ်ဆယ်လောက်အတွင်းမှာ သူတို့လင်မယားရဲ့ဖြစ်ထွေက အတော်ကလေးရှုပ်လိုက်တယ်၊ ခင်ဗျား ကျွန်တော်တို့ ကျောင်းမှာတုန်းက ဘသက်မောင်ဆိုတဲ့ ကောင်ကြီးမှတ်မိသေးရဲ့လား"

"ဟာ...မှတ်မိတာပေါ့၊ သထုံဟောလ်က ဂိုလီလေ၊ အဲ...သူဘာဖြစ်လဲ"

"ဘာဖြစ်လဲဆို သူနဲ့ကြည်ကြည် လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လောက်က ထွက်ပြေးကြတယ်လေ"

"ဟင်…ဘယ်လိုဖြစ်တာလဲ၊ ဆိုစမ်းပါဦး"

"အဲဒါက ကျွန်တော်တို့နဲ့ ကိုမြင့်မောင်ကြီးတို့နဲ့ မြင်းခြံမှာ မဆုံကြခင် အတော်ကြာကပဲ၊ ကျွန်တော်တို့ သူတို့အကြောင်းကို မိတ်ဆွေတွေဆီက ကြားရတာ၊ ရန်ကုန်မှာဖြစ်တာပေါ့။ ကိုမြင့်မောင်ကြီးက တောကရန်ကုန်ကို တရားမ တရားသူကြီးအဖြစ်နဲ့ ပြောင်းလာခိုက်ပဲ။ ဒီလိုဗျာ…အဲဒီ ဘသက်မောင်ကြီးဟာ ကျွန်တော်တို့ ကျောင်းမှာတုန်းကတည်းက ကြည်ကြည့်ကို ပိုးတဲ့လူတွေထဲမှာ အပါအဝင်ပေါ့၊ ဟိုတုန်းကတော့ မိန်းကလေးချောချောကို ဝိုင်းပိုးကြတာ မထူးဆန်းပါဘူး၊ လင်မရသေးခင် ပိုးကြတာပေါ့။ လင်ရသွားပြီဆိုရင် ဘယ်သူမှစိတ်မဝင်စားကြတော့ဘူးလေ၊ ကိုယ်စီကိုယ်စီ အိမ်ထောင်ပြုသွားကြပြီး အရင်တုန်းက ပိုးခဲ့တာတွေဟာ သူငယ်ချင်းတွေပြန်ဆုံကြတဲ့အခါ ပြောစရာရှေးဟောင်းနှောင်းဖြစ် တစ်ရပ်လောက်ပဲ ရှိတော့တာပေါ့။ ဒါပေမဲ့ ဒီဘသက်မောင်ဆိုတဲ့ အကောင်ကြီးကတော့ ကြည်ကြည် လင်ရသွားတာတောင် သူက အပိုးမလျှော့သေးဘူးနဲ့ တူပါတယ်။ ကြည်ကြည်တို့ ရန်ကုန်ပြန်ရောက်လာကြတော့ ဘသက်မောင်က အနောက်ပိုင်းမှာ ပွဲရုံကြီးနဲ့ အတော်ချမ်းသာနေတယ်၊ သူ့အိုင်အေတောင် မအောင်ဘူးလေ၊ ခင်ဗျား မှတ်မိသေးရဲ့လား"

"မှတ်မိပါတယ်၊ ဆရာဖိုးချူးရဲ့ တပည့်ကျော်ကြီးပေါ့"

"ကြည်ကြည်တို့ ရန်ကုန်ပြန်ရောက်ပြီး အိမ်ငှားနေကြတော့ ဘသက်မောင်ကြီးရဲ့ ပွဲရုံနဲ့ကပ်ပြီးနေကြတယ်၊ဒါနဲ့ မိတ်ဟောင်းဆွေဟောင်းအဖြစ်နဲ့ ဝင်ထွက်သွားလာနေကြတာပေါ့၊ ကိုမြင့်မောင်ကြီးကိုလည်း ခင်ဗျားအသိသားပဲ၊ အင်မတန်ခင်မင်တတ်တာ၊ ကြည်ကြည်ကလည်း အင်မတန်ဖော်ရွေတယ်၊ ဒါနဲ့ ကိုယ့်လူရေ… ဘသက်မောင်ကြီး ကြည်ကြည်နဲ့ဖြစ်ကြပါရော"

"ဘသက်မောင်ကြီးမှာ သားမယားမရှိဘူးလား"

"ရှိတာပေါ့၊ သူ့မိန်းမက မြစ်ဝကျွန်းပေါ်ကပါပဲ၊ ပွဲစားကြီးတစ်ယောက်ရဲ့ သမီးပေါ့၊ ပိုက်ဆံချမ်းသာတယ်"

"ကလေးရောရှိလား"

"ရှိတယ်…နှစ်ယောက်"

"သူတို့နှစ်ယောက်ထွက်ပြေးပြီး ပေါင်းသင်းနေကြတာ တစ်နှစ်ကျော်လောက်ရှိမယ်"

"နေပါဦး...နေပါဦး၊ ကိုမြင့်မောင်နဲ့ ကြည်ကြည်တို့မှာကော ကလေးရှိသလား"

"မရှိဘူးလေ၊ ကြည်ကြည်က တစ်ယောက်မှမမွေးဘူး"

"ဩော်–အင်း...ဆိုပါဦး"

"ဘသက်မောင်ကြီးနဲ့ ကြည်ကြည်တို့ ထွက်ပြေးပြီး ပေါင်းသင်းနေပေမယ့် ကိုမြင့်မောင်ကြီးကခွင့်လွှတ်တယ်၊ ကြည်ကြည့်ကို သူ့ပစ္စည်းတွေ အကုန်ယူသွားခွင့်ပေးတယ်၊ ပြီးတော့ မင်းပြန်လာချင်တဲ့အချိန် ပြန်လာခဲ့၊ ငါလက်ခံဖို့ အသင့်ပဲလို့ဆိုပြီး လွှတ်လိုက်တယ်"

"ဟင်...ဒီလူကြီး တယ်သဘောထားမြင့်မြတ်ပါလားနော်"

"မြင့်မြတ်တာလား ဘာလားတော့ ကျွန်တော်မသိဘူးကိုရင်ရေ့၊ စိတ်ပညာဆရာမှ မဟုတ်တဲ"

"ကဲ...ဆိုပါဦး"

"ဘာမှ ဆက်ဆိုစရာမရှိတော့ဘူးလေ၊ ကြည်ကြည်လဲ ကိုမြင့်မောင်ကြီးကို ကန်တော့ပြီး ငိုငိုယိုယိုနဲ့ဘသက်မောင်ကြီးနောက်ကို လိုက်သွားတယ်၊ နောက်တစ်နှစ်လောက်ကြာတော့ ဘသက်မောင်က ကြည်ကြည်ကို ကိုမြင့်မောင်ဆီကို ပြန်ပို့တယ်"

"ဟယ်...ဘယ်လိုလဲဗျ၊ သူတို့ဟာကလည်း ပစ်ကနစ်ထွက်သလိုပါပဲလား"

"အေးဗျာ...ခင်ဗျားပြောမှပဲ ပေါ်တော့တယ်၊ ပစ်ကနစ်ထွက်ဖို့ မယားကို ခေါ်ပြီး ညနေပစ်ကနစ်ကအပြန် မယားကို သူ့လင်ဆီ ပြန်ပို့သလိုကျနေတာပဲ၊ ဟဲ...ဟဲ...ဟဲ..."

"ကိုမြင့်မောင်က ဘာလုပ်သလဲ ဟင်..."

"ဘာလုပ်ရမှာလဲ ကိုယ့်လူ၊ ကြည်ကြည်ကို ပြန်ခေါ်ပြီး ဘာမှမဖြစ်သလို ပေါင်းသင်းနေတာပေါ့"

"အရင်တုန်းကလို ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုးကော ရှိရဲ့လား"

"ရှိပါသဗျာ၊ အရင်တုန်းကထက်တောင် မြတ်နိုးဦးမယ်ထင်ပါရဲ့"

"အံ့ပါ့ဗျာ...စံပါပဲ"

"ဧကန္တ ကြည်ကြည့်မှာ တစ်ခုကောင်းတော့ ရှိပြီလို့ ကျုပ်ထင်သဗျ"

"အို...ခင်ဗျားကလဲ ဖောက်လာပြန်ပါပြီ"

"ဟုတ်တယ်လေ...၊ ကျွန်တော်ပြောတာ မှားမှာမဟုတ်ပါဘူး၊ ကျွန်တော်က ရိုးရိုးနဲ့ပွင့်ပွင့်လင်းလင်းပြောတာ"

"ကိုမြင့်မောင်ကြီးဟာ ဆက်စ်(Sex)ဘက်က သိပ်ပြီးမဟုတ်လှပါဘူး ဗျာ။ သူ့ကို ရိုးလွန်းလို့ ဘုန်းကြီးလို့ခေါ်ကြတာပဲ"

"ကိုရင်လည်း ဆိုင်ကော်လော်ဂျီ သင်လာတာပဲလေ၊ ပြီးတော့ ကိုရင်က စာရေးဆရာ၊ စာရေးဆရာဆိုတာ လူ့သဘာဝတွေကို အတွင်းကျကျ လေ့လာတတ်ရမယ်၊ ဒါမှမဟုတ်ရင် ဘာဟန်မှာလဲ၊ ကျုပ်ကကော ပုလိပ်ဗျ၊ ပုလိပ်လည်း ခေတာမှတ်လို့ လူ့သဘာဝတွေကို လေ့လာရတာပဲ၊ အမှုတွေဟာ လူ့သဘာဝကိုပြတဲ့ ဥဒါဟရဏ်တွေချည်းပေါ့"

"ကဲပါလေ...ကြွားမနေစမ်းပါနဲ့၊ ကိုမြင့်မောင်ကြီးဟာ ကြည်ကြည့်ကို အပြစ်မယူဘဲ ကြည်ကြည်ဖြူဖြူပေါင်းသင်းနေတော့ ကြည်ကြည်နောက်တစ်ခါ ထပ်ပြီး ခြံခုန်သေးသလား"

"ဟင့်အင်း...မခုန်ပါဘူးဗျာ ကြည်ကြည့်အကြောင်းကို နွံ့ကောင်းကောင်းကြီး သိတယ်၊ ဒီလိုမျက်နှာများတတ်တာမျိုးတော့ မဟုတ်ဘူးဗျ၊ အခုလို ဘသက်မောင်ကြီးနဲ့ ဖြစ်ရတာလည်း နီးစပ်တာလည်းပါတယ်။ ပြီးတော့လည်း ခင်ဗျားတို့ ကျွန်တော်တို့ မသိနိုင်မသိအပ်တဲ့အကြောင်းလဲ ပါပါလိမ့်မယ်"

"ဆက်စ်ကြောင့် မဟုတ်ဘူးလို့ ဆိုချင်သလား ကိုသန်းအောင်"

"ဟယ်...ဘယ်ဟုတ်ရမလဲ၊ ဆက်စ်တော့ ဆက်စ်ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့တစ်တွေ သိထားတဲ့အချက်တွေထက် ပိုပြီးလေးနက်တာရှိလိမ့်ဦးမယ်"

"နေစမ်းပါဦး၊ဘသက်မောင်ကြီးက ကြည်ကြည့်ကို ပြန်အပ်တာ ဘာကြောင့်လဲဟင်။ ကြည်ကြည့်ဒဏ်ကို မခံနိုင်လို့လား"

"တိတိကျကျတော့ ဘယ်ပြောနိုင်ပါ့မလဲ"

"ကြည်ကြည်ဟာ ခင်ဗျားပြောသလိုဆိုရင် ဟတ္ထနီမျိုးလည်း မဟုတ်နိုင်ပါဘူး။ သူ့အပြစ်ချည်း မဟုတ်ဘူးထင်တယ်။ သူနဲ့ပေါင်းတဲ့ ယောကျ်ားတွေမှာလည်း အပြစ်ရှိရဦးမယ်။ ကိုမြင့်မောင်ကြီးရော ဘသက်မောင်ကြီးရောမှာ အပြစ်တစ်ခုခု ချို့ယွင်းချက်တစ်ခုခုရှိရမယ်"

"ဒီလိုပဲ ကျွန်တော်လည်း တွေးပါတယ်၊ ဘယ်လိုအပြစ် ဘယ်လိုချို့ယွင်းချက်ဆိုတာတော့ ဘုရားသခင်မှ သိမှာပေါ့"

"အတော်ခက်တဲ့ ကိစ္စပဲနော်"

"ခင်ဗျားလည်း သိမှာပေါ့။ စာရေးဆရာဆိုတော့ ပိုသိရမယ်လေ။ မိန်းမတွေ လင်ငယ်နေတာဟာ တဏှာကြီးလို့ရယ်လို့ မဟုတ်ဘူး။ ယောကျ်ားတွေနောက်မယားယူတာလည်း ကမြင်းကြောထလို့ရယ်လို့ မဟုတ်ဘူး"

"မှန်တာပေါ့ဗျာ၊ အကြောင်းကြောင်းကြောင့်ပေါ့"

"ကျွန်တော် အရပ်စုံနယ်စုံရောက်ပြီး လူမျိုးစုံနဲ့ကြုံတွေ့လာရလို့ ပညာအတော်ပဲ ရခဲ့တယ်။ ဆရာဝန်ရယ်၊ ရဲအရာရှိရယ်၊ ပြီးတော့ရှေ့နေရယ်၊ သူတို့တစ်တွေဟာ လူ့ဘဝအစုံစုံကို ကြုံတွေ့လေ့လာနိုင်ခွင့်ရကြတယ်။ခင်ဗျားတို့ စာရေးဆရာတွေကတော့ လေ့လာနိုင်ဖို့ အခွင့်လမ်းရှာနေကြရသေးတယ်"

"ဟုတ်တာပေါ့ဗျာ ကျွန်တော်တို့ကတော့ လူတွေနဲ့တွေ့ထိဖို့ ဆက်ဆံမှုကို အထူးပဲပြုနေရသေးတယ်။ဒါပေမဲ့ ဆရာဝန်တိုင်း၊ ရဲအရာရှိတိုင်း၊ ရှေ့နေတိုင်းမှာ လေ့လာတတ်တဲ့ သဘောမျိုးမရှိပါဘူး"

"ဘယ်ရှိမလဲဗျာ၊ ကျွန်တော်တို့ကတော့ နဂိုကတည်းက စာပေအနုပညာဝါသနာပါလို့ကိုး။ ဝါသနာမပါတဲ့လူတွေအဖို့တော့ အမှုသည်ဟာ ကိုယ့်အစာပဲလေ။သူတို့မကြားမှန်းသိလို့ ပြောရတာဗျို့။ ကြားသွားရင် မကောင်းဘူး။ ကျွန်တော်တို့လို ရဲအရာရှိတွေက သာခက်သေးတယ်။ ဆရာဝန်နဲ့ရှေ့နေကို မပေါင်းမဖြစ်ဘူးဗျ"

"ကဲ...ကိုသန်းအောင်၊ ကိုမြင့်မောင်ကြီးတို့ အမှုနဲ့ပတ်သက်လို့ အခုထက်ထိ စစ်ပြီးတဲ့ ထွက်ချက်တွေ ခင်ဗျားမှာမရှိဘူးလား။ ကျွန်တော် ဖတ်ချင်တယ်ဗျာ"

"ရှိပါတယ် ကိုရင် ရေမိုးချိုး စားသောက်ပြီးတော့ ဖတ်ပေါ့။ အမှုတွဲရှိပါတယ်။ထွက်ချက်တွေ ဖတ်ပြီးတော့ တစ်ခါဆွေးနွေးကြသေးတာပေါ့။ကဲ...ကိုရင့်အခန်းကို လိုက်ပြမယ်။ အေးအေးဆေးဆေး နားနေပေဦးတော့"

*

"ကိုတက်တိုး ခင်ဗျားမနက်ကျတော့ ကျွန်တော်နဲ့ပဲ ရုံးလိုက်ခဲ့၊ အမှုမခေါ်ခင်ကလေးမှာ ကိုမြင့်မောင်ကြီးနဲ့တွေ့ပေးလိုက်မယ်။ သူ့ခမျာ ခင်ဗျားလို မိတ်ဟောင်းဆွေဟောင်းနဲ့ တွေ့ရရင်ဝမ်းသာသွားမှာပေါ့။ ကိုမြင့်မောင်ကို အမှုစစ်ရတဲ့ စက်ရှင်မင်းကြီးက သူ့ထက်အများကြီး ဂျူနီယာဖြစ်တယ်လေ။ ကျောင်းတုန်းက ကိုလွင်ကိုမမှတ်မိဘူးလား။ ကျွန်တော်တို့ထက် အတော်ဂျူနီယာဖြစ်တယ်။ ခင်ဗျားက ဘီအေဂျူနီယာမှာလေ၊ ကျွန်တော်ကတော့ အိုင်အေကျလို့ ကောင်းတုန်းပေါ့။ ကိုလွင်က အဲဒီတုန်းက ဖရက်ရှာပဲ။ ပဲခူးကျောင်းဆောင်ကပေါ့။ ကျွန်တော်ကတော့ အဲဒီတုန်းက နည်းနည်းမျက်မှန်းတန်းမိပါရဲ့။ ခင်ဗျားနဲ့ကတော့ မသိဘူးထင်တယ်"

"ဩော်...ဟို လုတင်ကြီး မော်တော်ဆိုင်ကယ်နောက်က လိုက်လိုက်စီးတဲ့ မောင်လွင်လား"

"ဟုတ်တယ်လေ၊ အဲ...သူပေါ့ အခုစက်ရှင်မင်းကြီးဟာ"

"သိသားပဲဗျ"

"ဒီလိုဆိုရင်အတော်ပဲ၊ ခင်ဗျားနက်ဖြန်တော့ တွေ့ရမှာပေါ့။ သူက အတော်အေးပါတယ်။ အရင်တုန်းကလိုပဲ သွေးကြီးမွေးကြီးမရှိပါဘူး။ ကျွန်တော့်ဆိုရင် သူဟာ ကျောင်းမှာတုန်းကလိုပဲ တရိတသေနဲ့"

"ဟန်တာပေါ့ဗျာ၊ ကိုလွင့်အခန်းထဲမှာဘဲ ကိုမြင့်မောင်ကြီးကို တွေ့နိုင်မှာပေါ့"

"ကိုမြင့်မောင်က စက်ရှင်မင်းကြီး၊ စီနီယာကျလည်းကျတယ်။ အားလုံးကလည်း သူ့ကိုလေးစားကြတယ်။ ဒီတော့ တရားခံဖြစ်လို့သာ ဖြစ်ရရှာတာ၊ အားလုံးက အရေးစိုက်ကြပါတယ်ဗျာ။ ကိုလွင်ကဆို ကျွန်တော့် ဆရာလိုနေတာ၊ ကျွန်တော် ဒီအမှုမစစ်ချင်ဘူးလို့ ပြောရှာတယ်။ ကိုမြင့်မောင်ကတော့ ပြုံးပြုံးကြီးနဲ့ အိုဘာဖြစ်သလဲကိုလွင်၊ အခုကျွန်တော်တရားခံပဲဗျာ။ ဘာအားနာစရာလိုတာလဲ၊ ဝတ္တရားအတိုင်း ဆောင်ရွက်ရတာပဲဟာ၊ ကျွန်တော်ဘယ်လိုမှ သဘောမထားပါဘူးလို့ ပြန်ပြောတယ်"

"ကဲ...ကိုသန်းအောင်၊ ခင်ဗျားအိပ်ချင်ပြီလား"

"ဟင့်အင်း...အိပ်လို့ ဘယ်ဖြစ်ဦးမှာလဲ၊ ခင်ဗျားနဲ့အမှုဆွေးနွေးကြရဦးမယ်လေ။ ထွက်ချက်တွေ အကုန်ဖတ်ပြီးပြီမဟုတ်လား"

"ပြီးပြီ"

"နက်ဖြန် တရားခံလျှောက်လဲချက်ပေးမှာ၊ ဒီနေ့ဆွေးနွေးပြီးတော့ နက်ဖြန်ရုံးမှာ ခင်ဗျားနားထောင်လိုက်ရင် အပြည့်အစုံရသွားရောပေါ့။ ခင်ဗျား ဝတ္ထုရေးမလို့လား"

"မပြောတတ်သေးပါဘူးဗျာ၊ တကယ့်အဖြစ်အပျက်တွေကို အရင်းတိုင်းဖောက်သည်ချတိုင်း ဝတ္ထုကောင်းဖြစ်လာတာမဟုတ်ဘူး ဆရာရေ့၊ ဝတ္ထုသဘောတရားကတစ်မျိုးပဲ။ တချို့တကယ့်အဖြစ်အပျက်ကို အရင်းတိုင်း လျှောက်ရေးတော့တာပဲ။ အဲဒါကို ဝတ္ထုကောင်းလို့ အောက်မေ့တဲ့လူတွေက အောက်မေ့သေးတယ်"

"ဟုတ်ပါတယ်လေ၊ ကိုယ်တွေ့ဝတ္ထုတို့ ဘာတို့ဟာ တကယ်တော့ စာပေအရာဝင်ချင်မှ ဝင်တာပါ"

"အလို...ကိုယ့်ဆရာက အတော်သိတာကိုး"

"သိဆိုဗျာ၊ ကျွန်တော်လည်း တစ်နေ့နေ့ စာရေးဆရာဖြစ်ချင် ဖြစ်မှာ"

"ဖြစ်ရင်ကောင်းတာပေါ့၊ ခင်ဗျားတို့လို အတွေ့အကြုံကြွယ်ဝတဲ့ လူတွေ

အနုပညာသတ္တိရှိရင် စာရေးဆရာကောင်းဖြစ်နိုင်တာပေါ့"

"အနုပညာသတ္တိဆိုတာ ဘာလဲကိုယ့်လူ"

"အို...နောက်မနေစမ်းပါနဲ့ဗျာ"

"နောက်တာမဟုတ်ပါဘူး၊ ဘာကို ဆိုလိုတာလဲ"

"ဖန်တီးတတ်တဲ့...ဖန်ဆင်းတတ်တဲ့ စွမ်းရည်ပေါ့ဗျာ။(Creative Ability) ပေါ့၊ အဲဒါဟာ စာရေးဆရာမှာ သိပ်လိုတာ။ တကယ့်အဖြစ်အပျက်တွေကို ခရေစေ့တွင်းကျ လျှောက်ရေးရင် စာရေးဆရာမဖြစ်ဘဲ သတင်းထောက်ဖြစ်သွားမှာပေါ့"

"ဟုတ်ပါတယ်။ ကျွန်တော့်မှာ ဒီသတ္တိရှိချင်ရှိမှာပါ။ ကျွန်တော်စမ်းကြည့်မယ်။ ပြီးတော့ ကျွန်တော့်လက်ရာကို ခင်ဗျားဝေဖန်ပေးရမယ်နော်"

"စိတ်သာချ ကိုယ့်ဆရာ၊ ခင်ဗျားလို သူငယ်ချင်းမပြောနဲ့ သူစိမ်းတွေကိုတောင် မထောက်မညှာ ဝေဖန်တတ်လွန်းလို့ အတော့်ကို လူမုန်းများကုန်ပြီလေ"

"ကဲ...ကျွန်တော်တို့ အမှုကိုဝေဖန်ကြစို့၊ ခင်ဗျားက ထွက်ချက်တွေဖတ်ပြီးလို့ အမှုသွားအမှုလာကို ပြန်ပြောနေဖို့ မလိုတော့ပါဘူး။ ပြီးတော့လည်း သတင်းစာတွေထဲမှာလည်း အတော်စုံစုံပါပြီးပြီလေ"

ဒါပေမဲ့ ကျွန်တော်တို့ ဆွေးနွေးဝေဖန်တဲ့အခါမှာ အမှုအသွားအလာကို အပိုင်းလိုက်ခွဲပြီး အစတည်ပြောကြမှ ဝေဖန်လို့ဖြစ်မယ်။

"ဒါကတော့ ပြောမှာပေါ့ဗျာ။ ကျွန်တော်ပြောပြမယ်။ ပြီးတော့ ခင်ဗျားက ထင်မြင်ချက်ပေး။ ပြီးတော့ တစ်ခါ ကျွန်တော်က ခင်ဗျားထင်မြင်ချက်အပေါ်မှာ ထင်မြင်ချက်ထပ်ပေးမယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ကဲ...ခင်ဗျားက အမှုအစကို ပြောပါဦး။ သတင်းစာတွေထဲမှာထက် ပိုပြီးစုံမှာပေါ့"

"စုံတာပေါ့၊ ဒီလိုလေ ကိုမြင့်မောင်ဟာ လွန်ခဲ့တဲ့သုံးလလောက်က နည်းနည်းနေထိုင်မကောင်းတာနဲ့ ခွင့်ယူတယ်။ ခွင့်သုံးလ ပထမစယူတယ်၊ အဲဒီတုန်းက သူဟာ ပုသိမ်မှာ စက်ရှင်မင်းကြီးပဲ"

"ခွင့်ယူတာက ဆေးလက်မှတ်နဲ့လား၊ ရခွင့်ရှိတဲ့ ခွင့်မျိုးလား"

"ဆေးလက်မှတ်နဲ့ယူတယ်။ဆရာဝန်က ဦးနှောက်အားနည်းတယ်။ အနားယူရမယ်လို့ အကြံပေးတယ်"

"ခွင့်ယူပြီးတော့ သူဘာလုပ်သလဲ"

"အဲဒါတော့ သေသေချာချာ မသိရသေးဘူးလေ။သူ့ထွက်ချက်မှ အပြည့်

အစုံမရသေးဘဲဟာ။ ဒါပေမဲ့ စုံစမ်းလို့ သိရတာရယ်၊ ပြီးတော့ သက်သေတချို့ရဲ့ ထွက်ချက်တွေကို ကြည့်လို့သိနိုင်တာရယ် ပေါင်းလိုက်ရင် ကိုမြင့်မောင်နဲ့ ကြည်ကြည်ဆွေတို့ဟာ မြန်မာပြည်အနှံ့အပြား အလည်အပတ်ရောက်ကြတယ်"

"ဟုတ်တယ် ..ဟုတ်တယ်။ ခွင့်ယူပြီးစမှာ ရန်ကုန်မှာ ဆေးကုတယ် မဟုတ်လား"

"ကုတယ်လေ၊ ဦးနှောက်ရောဂါ ဆရာဝန်ကြီးတွေဆီ ပြတာပဲ။ ဦးနှောက်ရောဂါရယ်လို့တော့ မည်မည်ရရ မရှိဘူးဆိုဘဲ။ သွေးတိုးရောဂါနည်းနည်းတော့ ရှိသတဲ့။ ဒါလည်း ဟုတ်တိပတ်တိ မဟုတ်ပါဘူးတဲ့"

"ရန်ကုန်မှာ အရက်နှစ်ဆယ်လောက်နေပြီး ဆရာဝန်တွေက ဆေးကုမယ့်အစား အပန်းပြေခရီးထွက်တာက ပိုပြီးကောင်းတယ်လို့ အကြံပေးကြတာနဲ့ ရှမ်းပြည်ဘက် ထွက်သွားကြတယ် မဟုတ်လား"

"ရှမ်းပြည်မှာ တစ်လကျော်ကျော်၊နှစ်လနီးပါးလောက် နေကြတယ်။ ကလောမှာ အတော်ကြာတယ်။ ပြီးတော့ ပင်းတယ၊ တောင်ကြီး၊ ညောင်ရွှေ၊ အင်းလေး အတော်စုံစုံရောက်ကြတာပဲ"

"အဲဒီလို လင်မယားနှစ်ယောက် အပျော်ခရီးထွက်နေတုန်းမှာ ကိုမြင့်မောင်နဲ့ ကြည်ကြည်တို့ဟာ ရွှင်ရွှင်လန်းလန်းပဲတဲ့လား"

"ဟုတ်တယ်။ သူတို့နဲ့အတူပါတဲ့ ဒရိုင်ဘာနဲ့ ထမင်းချက်တို့က သူတို့လင်မယား ပြုံးပြုံးရွှင်ရွှင်ပဲတဲ့။ တစ်ခါမှ ရန်ဖြစ်ကြတာ၊ စိတ်ဆိုးကြတာရယ်လို့မရှိဘူးတဲ့။ ထမင်းချက် ကိုဖိုးထင်ဟာ ကိုမြင့်မောင်နဲ့ တစ်သက်လုံးနေတာ ကိုမြင့်မောင်ငယ်ငယ်ကတည်းက အတူနေလာတာတဲ့။ ဖွားဖက်ပေါ့ဗျာ။

"ဟုတ်တယ်၊ ကျွန်တော် ကိုဖိုးထင်ရဲ့ထွက်ချက်ဖတ်ပြီးပြီ။ အဲဒီလူကြီးကတော့ ကိုမြင့်မောင်ဟာ ဘာမှစိတ်ချွတ်ယွင်းချက် မရှိပါဘူးတဲ့။ တစ်ခါတစ်ခါတော့ မျက်နှာမသာတာကို တွေ့ရသတဲ့"

"အဲဒီ မျက်နှာမသာတဲ့အကြောင်းကို မေးကြည့်တော့ ကိုဖိုးထင်အနေနဲ့ ဘာမှမပြောတတ်ဘူးဗျ။ ကျွန်တော်ပဲ မေးကြည့်တယ်"

"မျက်နှာမသာတာဟာ ကြည်ကြည့်အပေါ်မှာ စိတ်ခုလို့တော့ ဟုတ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကြည်ကြည်နဲ့ စကားတစ်ခွန်းတလေမျှ အတောက်ကဆ သဘောမျိုးမရှိဘူးတဲ့"

"အင်း ...ဒီလိုပဲ အဘိုးကြီးကထွက်တာပဲ။ ဒါပေမဲ့ ဒီအချက်ကလေးဟာ အတော်စိတ်ဝင်စားဖို့ ကောင်းတယ်။ ဦးဖိုးထင်အပြောကတော့ ကိုမြင့်မောင်ဟာ

တစ်ခါတစ်ခါ မှိုင်နေတယ်။ ကြည်ကြည်နဲ့ ဆုံမိတော့လည်း သူ့မျက်နှာဟာ လန်းလာတာပဲတဲ့"

ကိုဖိုးထင်ဟာ ကိုမြင့်မောင်ရဲ့ ငယ်ကျွန်ကြီးဆိုတော့ သူ့ဆရာသခင်ရဲ့ မျက်နှာရိပ်၊ မျက်နှာထားကို အမြဲပဲအကဲခတ်တဲ့ အကျင့်ဖြစ်နေမှာပေါ့"

"ဟုတ်ပါလိမ့်မယ်။ ကိုမြင့်မောင်မှာ စိတ်ထဲ ဝှက်ထားတဲ့အချက် တစ်ခုခု တော့ ရှိလိမ့်မယ် ထင်တာပဲ"

"အလိုမကျတာဘဲ ဖြစ်မလား။ မကျေနပ်တာဘဲဖြစ်မလား"

"အဲဒါတော့ မသိဘူးဗျ။ သိဖို့ခဲယဉ်းတယ်"

"ကြည်ကြည် လင်နောက်လိုက်ဖူးတာ သူ့မှာ အတွင်းဆွေးနာဖြစ်ချင်ဖြစ်နိုင်တယ်"

"ဖြစ်နိုင်ပါတယ်။ ဒီပြင် တစ်ခုခုလည်း ဖြစ်ချင်ဖြစ်နိုင်သေးတာပဲ"

"ဆိုပါဦး။ ဘယ်လိုဟာမျိုးလဲ"

"ကြောက်တာလည်း ဖြစ်နိုင်တယ်လေ။ စိတ်ပညာမှာ ကြောက်တဲ့စိတ်ဟာ အတွင်းသန္တာန်ထဲက အသွင်တစ်မျိုးမျိုးနဲ့ ထွက်လာနိုင်တယ်လို့ ဆိုထားတာ သတိပြုဦးလေ"

"အင်း ...ဟုတ်သားပဲ။ ဆွေးတာ၊ နာတာ၊ ကြောက်တာတွေဟာ အားလုံးပဲ တနုံ့နုံ့ဖြစ်နေတဲ့စိတ်တွေပဲလေ။ ကိုမြင့်မောင်ဟာ ဘယ်ဟာကို ကြောက်နေပါလိမ့်။ ဘယ်သူ့ကို ကြောက်နေပါလိမ့်"

"မပြောတတ်ဘူး။ ကြည်ကြည်ဆွေ့ကို ကြောက်တာလည်း ဖြစ်နိုင်တယ်။ သူ့ကိုယ်သူ ကြောက်တာလည်း ဖြစ်နိုင်တာပဲ"

"ဟုတ်တယ် ..ဖြစ်နိုင်တယ်။ကဲ ..ထားလိုက်ပါဦး။ အမှုသွားကို ဆက်ကြဦးစို့"

"ဒီလိုလေ သူတို့လင်မယား ရှမ်းပြည်မှာ လည်ကြပတ်ကြပြီးတဲ့နောက် ကျောက်ဆည်ကို သွားကြတယ်"

"ဟုတ်တယ်။ ကျောက်ဆည်မှာ လေးငါးဆယ်ရက်လောက်နေကြတယ်။ ဝေဘူတောင်မှာတောင် ကမ္မဋ္ဌာန်းထိုင်သေးတယ်ဆိုပဲ"

"ကိုမြင့်မောင်က ကမ္မဋ္ဌာန်းထိုင်သတဲ့။ ကြည်ကြည်ဆွေကတော့ ထိုင်ပုံမရပါဘူး။ ဥပုသ်တော့စောင့်တယ် ထင်ပါရဲ့။ ကိုဖိုးထင်ထွက်ချက်ကို သေသေချာချာ ပြန်ကြည့်စမ်းပါ"

"ဟော ..ဒီမှာ ဦးဖိုးထင်က သူတို့နှစ်ယောက်လုံး ကမ္မဋ္ဌာန်းထိုင်ကြတယ်

တဲ့။ ဒါပေမဲ့ ကိုမြင့်မောင်က ကမ္မဋ္ဌာန်းထိုင်တယ်။ ဥပုသ်မနက်ပိုင်းပဲ စောင့်တယ်တဲ့။ ညပိုင်းတော့ ထမင်းဆာတယ်ဆိုပြီး ဥပုသ်ကိုဖျက်ဖျက်ပစ်သတဲ့"

"ကိုယ့်လူက ထမင်းဆာတာမှ ဟုတ်ပါလေစ"

"အို ...အင်း ...."

"ဦးဖိုးထင် အမြင်အတိုင်းဆိုရင် ကိုမြင့်မောင်ဟာ ကျောက်ဆည်မှာတုန်းက ပိုပြီးမျက်နှာရွှင်လန်းလာသတဲ့။ ကြည်ကြည်ဆွေကတော့ နည်းနည်းညှိုးသလိုပဲတဲ့။ ဥပုသ်ဆက်တိုက်စောင့်ရလို့နဲ့ တူပါတယ်"

"အင်း ...ပြီးတော့ သူတို့မန္တလေးမှာလာနေကြတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ မန္တလေးရောက်တော့ ခွင့်ရက်ကုန်တာနဲ့ မန္တလေးဆေးရုံကြီးမှာ ခဏတက်ပြီး ပြန်အစမ်းသပ်ခံတယ်။ဆရာဝန်တွေက ကျန်းမာနေပြီလို့ ပြောပေမယ့် ကိုမြင့်မောင်က အလုပ်မဆင်းချင်သေးဘူး။ ပိုပြီး နေထိုင်ကောင်းအောင် နောက်ထပ်ခွင့်ပေးပါဆိုလို့ ခွင့်တစ်လထပ်ပေးဖို့ ဆရာဝန်ကြီးက ထောက်ခံစာပို့လိုက်တယ်"

"နောက်ထပ် ခွင့်ရခါစရှိသေးတယ်။ ဒီအမှုဖြစ်တာပဲ မဟုတ်လား"

"ဟုတ်တယ်လေ။ ခွင့်တစ်လထပ်ရတော့ ကိုမြင့်မောင်က ကျောက်ဆည်ပြန်သွားဦးမယ်ဆိုပြီး ကျောက်ဆည်သွားရာမှာ မြစ်ငယ်ရောက်တော့ သူ့တူတော်မောင် ဗိုလ်ကြီးသိန်းမောင်ဆီမှာ ဝင်တည်းကြတယ်။ ဗိုလ်ကြီးသိန်းမောင်က မြစ်ငယ်တံတားစောင့်ရတဲ့ တပ်ရဲ့တပ်ခွဲမှူးလေ"

"အဲဒီမှာ တည်းကြတုန်းကပေါ့။တစ်ညနေမှာ သူတို့နှစ်ယောက်မြစ်ငယ်တံတားမှာ လေညင်းခံလမ်းလျှောက်ကြတုန်း ကိုမြင့်မောင်က ကြည်ကြည်ကိုဓာတ်ပုံရိုက်ဖို့ တံတားပေါင်ပေါ် တင်ပါးလွှဲအထိုင်ခိုင်းပြီး တွန်းချလိုက်တယ် ဆိုတာပဲ"

"တွန်းချတယ်လို့ တံတားစောင့်အလုပ်သမားတစ်ယောက်ကတော့ ထွက်တာပဲ။ သူ့ထွက်ချက်တစ်ခုတည်းနဲ့တော့ မခိုင်လုံသေးပါဘူး။ သူလှမ်းမြင်ရတဲ့နေရာက ကိုက်တစ်ရာကျော်လောက်ဝေးတယ်တဲ့။ တွန်းချလိုက်တာလား။ ကိုမြင့်မောင်က ကြည်ကြည်ဆွေကို အနေအထားပြင်ပေးတာ အားလွန်ပြီး ကျသွားတာလား တစ်ခုခုပဲ"

"တွန်းချတယ်လို့တော့ ကျွန်တော်မထင်ဘူးဗျ။ အားလွန်ကျတာ ဖြစ်ပါလိမ့်မယ်"

"ကျွန်တော်လည်း ဒီလိုပဲ သဘောရတယ်။ ကိုမြင့်မောင်ကိုယ်တိုင်က

ဘယ်လိုထွက်မယ် မသိသေးဘူး"

"သူဟာ ကြည်ကြည့်အပေါ်မှာ မကျေမနပ်မဖြစ်ခဲ့ဘူး ဆိုပေမယ့် ကြည်ကြည့် လင်ငယ်နောက် လိုက်သွားတာကတော့ မေ့ပစ်နိုင်ဖို့ အင်မတန် ခဲယဉ်းတယ်။ သူ့အတွင်းစိတ် အောက်လွှာထဲမှာ လက်စားချေချင်တဲ့စိတ်ကလေး ရှိနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ခွင့်လွှတ်တယ်ဆိုတာမျိုးဟာ အပေါ်ယံ စကားပါ။ တကယ်ခွင့်လွှတ်လို့ မရနိုင်တာတွေကျတော့ ဘယ်လောက်ပဲ ခွင့်လွှတ်ပါ တယ်ပြောပြော ပြောရုံတင်မကဘူး ခွင့်လွှတ်တဲ့လူက သူတကယ်ပဲ ခွင့်လွှတ်လိုက်ပြီ လို့ပဲ ထင်နေထင်နေ သူ့အတွင်းစိတ်အောက်လွှာမှာ ခွင့်မလွှတ်တဲ့ စိတ်ကလေးက ခိုးကြောင်ခိုးဝှက် ပုန်းနေတတ်တယ်"

"ဒါကတော့ စိတ်ပညာအလိုကိုးဗျ။ ဟုတ်လည်းဟုတ်နိုင်စရာရှိပါတယ်။ အတွင်းစိတ်အောက်လွှာဆိုတာ ကာယကံရှင်ကိုယ်တိုင်တောင်မှ သိနိုင်တာမျိုးမှ မဟုတ်ဘဲ။ ဒါကြောင့် ငါ့စိတ်ငါသိပါတယ်။ငါ့အကြောင်း ငါသိပါတယ် ပြောသံ ကြားရတိုင်း ကျွန်တော်ပြုံးမိတယ်"

"ကိုသန်းအောင် ကျွန်တော်တို့နှစ်ယောက် ဆွေးနွေးတာကတော့ ပြီးသွားပြီဆိုပါတော့။ ထင်မြင်ချက်က ဘယ်လိုလဲ"

"ခင်ဗျား ထင်မြင်ချက်ကို အရင်ပြောစမ်းပါဦး။ ကျွန်တော်ကတော့ ဆွဲချ မဟုတ်လား။ ဒီတော့ နောက်မှ ပြောပြမယ်လေ"

"ဟေ့လူ ...ဆွဲချဆိုတာ အတော်နာမည်ဆိုးတယ်။ ဒါပေမဲ့ တကယ်တော့ ဆွဲချဟာ အပြစ်မရှိတဲ့တရားခံကို အပြစ်ရအောင် ကြံဖန်ကြိုးပမ်းရတာမျိုး မဟုတ်ဘူး လေ။ အပြစ်ရှိတဲ့တရားခံကို အပြစ်ရှိတဲ့အကြောင်းဖော်ပြပြီး အပြစ်မရှိတဲ့တရားခံကို အပြစ်မရှိကြောင်း တင်ပြဖို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ခင်ဗျားတို့လို နားလည်မှုရှိတဲ့ လူမျိုးတွေသာများရင် ကျွန်တော်တို့တစ်တွေကို ဆွဲချလို့ ခေါ်ကြမှာ မဟုတ်ဘူး"

"ဒါလည်းမပြောနဲ့လေဗျာ။ ခင်ဗျားတစ်ယောက်သာကိုး။ အမှုလိုက် ရဲအရာရှိများစွာက ဆွဲချလို့ပဲခေါ်ချင်စရာကောင်းအောင် ပြုမူတတ်ကြတာကိုး"

"အို ...ဒါက ခေတ်ဟောင်းကပါ။ အခု ရဲတပ်ဖွဲ့က ဒီလိုမဟုတ်တော့ ပါဘူး။ ကဲ ...ပြောစမ်း၊ ခင်ဗျား ကိုမြင့်မောင်ကြီးအပေါ် ဘယ်လိုထင်သလဲ"

"ကျွန်တော်တော့ သူဟာ ကြည်ကြည်အပေါ်မှာ လင်ငယ်နေမိခဲ့တဲ့ အတွက် အခဲမကျေဖြစ်တယ်လို့တော့ မထင်လှဘူး။ ဒါပေမဲ့ အခက်သားပဲ။ သူငေး ကြောင်ကြောင် ဖြစ်နေတတ်တယ်ဆိုတာက စဉ်းစားစရာပဲ။ အခဲမကျေနိုင်တဲ့စိတ်

ဟာ အသွင်အမျိုးမျိုးဆောင်တတ်တယ်။ ရက်စက်တဲ့အသွင်ကို ဆောင်ရင်ဆောင်၊ မဆောင်ရင် ဝမ်းနည်းကြေကွဲတဲ့အသွင်ကိုလည်း ဆောင်နိုင်တယ်"

"ဒီတော့ ခင်ဗျားကတော့ ကိုမြင့်မောင်ဟာ သူ့မိန်းမကို တံတားပေါ်က တွန်းချလိုက်တာ။ ဓာတ်ပုံရိုက်ဖို့ အနေအထားပြင်ရင်း မတော်တဆ အားလွန်ပြီး ကျသွားလေဟန် ဉာဏ်ဆင်လိုက်တာလို့ ဆိုချင်သလား"

"ဒီလို ဉာဏ်ဆင်တယ်ဆိုဖို့လည်း အတော်ခက်တယ်။ ခင်ဗျားလည်း ကိုမြင့်မောင်ရဲ့ သဘောထားစိတ်ရင်းကို အသိသားပဲ။ ဉာဏ်နီဉာဏ်နက် ထုတ်တတ်တဲ့လူမျိုးတော့ မဟုတ်ဘူး"

"လူတစ်ယောက်ရဲ့ စိတ်ရင်းကို သိတယ်ဆိုတာဟာလည်း တကယ်တော့ မဟုတ်တဲ့စကားတစ်ခုပဲဗျ။ လူတစ်ယောက်ရဲ့စိတ်ရင်းကို တခြားတစ်ယောက်က သိတယ်ဆိုရအောင် ဘယ်လိုသိနိုင်မှာလဲ။ ဘယ်လောက်သိနိုင်မှာလဲ။ သိတယ်ဆိုဦးတော့ အပေါ်ယံအမြင်နဲ့ မှန်းပြီးသာ သိတယ်လို့ ဆိုနေရတာ။ လူတစ်ယောက်ရဲ့ စိတ်ရင်းကို တကယ်တမ်း ဘယ်သူမှ မသိနိုင်ဘူး။သူကိုယ်တိုင်တောင်မှ သိနိုင်တာ မဟုတ်ဘူး။ စိတ်ရင်းကောင်းတယ်၊ စိတ်ရင်းဆိုးတယ် ဆိုတာတွေဟာ အပေါ်ယံအမြင်အရ အကြမ်းဖျင်းပြောကြရတဲ့ စကားမျိုးတွေပါ ကိုတက်တိုး"

"ခင်ဗျားပြောတာမှန်တယ်။ လူတစ်ယောက်ရဲ့အမြဲတမ်း အပြုအမူတွေကို ခြုံကြည့်ပြီး သာမန်သဘောအရသာ စိတ်ရင်းကောင်းတယ်၊ ဆိုးတယ်လို့ ဆိုကြရတာပဲလေ"

"ကဲ ...ဆိုစမ်းပါဦး။ ခင်ဗျားထင်မြင်ချက်ကို တိုတိုပဲပြောစမ်းပါ"

"ကျွန်တော်တော့ မတော်တဆ အားလွန်ကျသွားတာပဲ ဖြစ်ရမယ်လို့ ယုံကြည်တယ်ဗျာ။ ခင်ဗျားကရော"

"ကျွန်တော်လည်း အဲဒီထင်မြင်ချက်ဘက်ကို ခပ်ယိုင်ယိုင်ပဲ။ ဘာဖြစ်လို့လဲဆိုရင် ကြည်ကြည်ဆွေကို လက်စားချေချင်ရင် ဒီ့ပြင်နည်းတွေ အများကြီးရှိတယ်။ ပညာရှိနှိပ်စက်နည်းတွေကို ကိုမြင့်မောင်လိုလူက မသိဘဲနေမှာတဲ့လား"

"ဒါပေမဲ့ တစ်ခုတော့ ထည့်တွက်ရဦးမယ်။ကိုမြင့်မောင်က သွေးအေးအေးနဲ့ နှိပ်စက်တတ်တဲ့လူမျိုးတော့ မဟုတ်ဘူး။ ကျွန်တော်က မတော်တဆ အားလွန်ကျတယ်လို့ ယုံကြည်ရုံသာ ယုံကြည်တာနော်။ လက်စားချေတာ မဟုတ်ဘူးလို့ အကြောက်အကန် မငြင်းချင်ဘူး။ ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တယ်။ ခင်ဗျားပြောတဲ့ သွေးအေးအေးနဲ့ လူလိမ္မာညှဉ်းဆဲနည်းမျိုးကို အသုံးပြုဖို့ အင်မတန်ကြီးမားတဲ့၊ ရက်စက်တဲ့ စိတ်ထားလိုတယ်။ အဲဒီလို စိတ်ထားမျိုး ကိုမြင့်မောင်မှာ မရှိနိုင်ဘူး။

ဒါကြောင့်မို့ ကြည်ကြည့်အပေါ်မှာ ရက်စက်မယ့်အစား သူ့စိတ်ထဲမှာ အတွင်းလှိုက်စားနေတဲ့ သဘောမျိုးနဲ့ မရှင်မလန်းဖြစ်ဖြစ်နေရမယ်။ အဲဒီလို ရက်စက်တဲ့စိတ်ထားဟာ အတွင်းထဲ လှိုက်စားနေရာက တစ်ခါတစ်ခါ အခါအခွင့်သင့်ရင် အပြင်ကို ပေါက်ထွက်လာနိုင်တယ်။ အဲဒီအခါမျိုးမှာ ရက်စက်တဲ့အမူအယာမျိုး ပေါ်ပေါက်နိုင်တယ်။ ဒါကြောင့်မို့ ကိုမြင့်မောင်က ကြည်ကြည်ဆွေကို တွန်းချလိုက်တာပဲလို့ဆိုတဲ့ အဆိုကို ကျွန်တော်ပြင်းပြင်းထန်ထန်ကြီး မကန့်ကွက်ချင်ဘူး။ ဖြစ်မယ်ဆိုရင် ဖြစ်နိုင်တယ်လို့ ကျွန်တော်တော့ ဝန်ခံမှာပဲ"

"အမှန်ပဲ ကိုတက်တိုး ...ဒီလိုပဲ ဝန်ခံရမှာပဲ။ လူ့စိတ်ဆိုတာ အတော်အကဲခတ်ရခက်သားပဲ။ အမြဲတမ်း ဖောက်ပြန်တာပဲဟာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကိုမြင့်မောင်လိုလူရိုးလူအေးမျိုး သေဒဏ်ထိမှာတော့ စိုးမိပါတယ်"

"ဟင် ...သေဒဏ်တော့ ထိမယ်မထင်ဘူးဗျ။ ကျွန်တော်တော့ သူအနှစ်နှစ်ဆယ်ကျမယ်ထင်တယ်"

"အနှစ်နှစ်ဆယ်ကျတယ်ဆိုကတည်းက လူ့ဘဝဆုံးရောပေါ့။ လူညွန့်တုံးရောပေါ့။ ထောင်ထဲမှာပဲ သေမှာပဲ"

"ခက်တယ် ...သူ့အမှုကတော့ ကွင်းလုံးကျွတ်လွတ်မယ်တော့ မထင်ဘူး"

*

"ကိုလွင် ...ဟောဒါကိုတက်တိုးပဲ။ စာရေးဆရာ နာမည်ကြီးတစ်ယောက်ပေါ့"

"ကျွန်တော် ဆရာ့ကိုသိပါတယ်။ ကျောင်းမှာတုန်းက ဆရာတို့ ဟောဒီက အစ်ကိုကြီးတို့က စီနီယာကျတယ်"

"ဟုတ်ကဲ့ ကျွန်တော်လည်း ဦးလွင်ကို ကျောင်းမှာတုန်းက မြင်ဖူးတွေ့ဖူးနေပါတယ်။ ကိုလှတင်ကြီးနဲ့ တွဲတွဲနေတာ"

"ဟုတ်ကဲ့ ...ကျွန်တော်နဲ့ ကိုလှတင်ကြီးဟာ ညီအစ်ကိုအရင်းလိုပဲ။ အခုတော့ သူ့ခများမရှိတော့ဘူး"

"ဩော် ...ကိုလှတင်ကြီး ဘယ်တုန်းက ဆုံးသလဲ။ ကျွန်တော်လည်း ကျောင်းထွက်ကတည်းက သူ့ကိုတစ်ခါမှ မတွေ့ရတော့ဘူး"

"ကိုလှတင်က မြို့အုပ်ဖြစ်လိုက်သေးတယ်။ စစ်ပြီးစက မြို့အုပ်လုပ်တယ်။ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်လောက်က ပခုက္ကူနယ်မှာ သူပုန်တွေ

ချောင်းပစ်ရာမှာ ကျသွားရှာတယ်"

"ဩော် ...အဲဒီအကြောင်း ကျွန်တော်တောင် မသိသေးဘူး။ ကိုလွင်နဲ့လည်း စကားမစပ်မိကြဘူး"

"ဟုတ်တယ် ...အစ်ကိုကြီးနဲ့ စကားမစပ်မိလို့ပါ"

"ကဲ ...ကိုလွင်၊ ကိုတက်တိုးဟာ ကိုမြင့်မောင်ကြီးရဲ့ မိတ်ဆွေတစ်ယောက်ပဲ။ အဲဒါ အမှုမစစ်ခင် ခဏလောက် တွေ့ချင်သတဲ့"

"ဒါကတော့ ဖြစ်ပါတယ်။ မကြာခင်ပဲ ဦးမြင့်မောင်ရောက်လာမှာပါ။ ကျွန်တော့်ရုံးခန်းထဲမှာပဲ စကားပြောကြတာပေါ့။ ဦးမြင့်မောင်ဆိုတာ ကျွန်တော့် ဆရာလိုပါပဲ။ သူ့လက်အောက်မှာ ကျွန်တော် (TJ)တီဂျေဖြစ်ခဲ့ဖူးသေးတယ်"

"ဟုတ်တယ်။ ကိုသန်းအောင် ပြောပြပါတယ်။ဒီလိုပေါ့ တာဝန်ဝတ္တရားအရ လုပ်ရတာပဲ။ ရာထူးအလိုက် အစိုးရရဲ့ကိုယ်စား ဆောင်ရွက်ရတာပေါ့"

"ဒါတော့ ဒါပေါ့။ ဒါပေမဲ့ ရာထူးသဘောနဲ့ ပုဂ္ဂိုလ်သဘောခွဲရတာ အတော့်ကို ခက်ပါတယ်"

"ဟုတ်ပါတယ် ....ဒါနဲ့ ဦးလွင် ကျွန်တော့်အတွက် အလုပ်ပျက်နေပါဦးမယ်။ လုပ်စရာရှိတာလုပ်ပါ။ ကျွန်တော်နေတတ်ပါတယ်။ အားမနာပါနဲ့။ ဒါနဲ့ ဒီအမှုကို လူတွေသိပ်စိတ်ဝင်စားကြတာပဲနော်။ ရုံးခန်းကြီးထဲမှာ လူတွေပြည့်နေတာပဲ"

"ပြည့်ရုံတင် ဘယ်ဟုတ်မလဲ လျှံနေတာပဲ။ ကျုပ်တော့ ဒီလူထုကြီးကြည့်ပြီး ကျောချမ်းချင်သလိုလို ဖြစ်မိတယ်။ ဆွဲချဆိုတော့ လန့်ရတာပေါ့။ လူတွေက ချဉ်ကြမှာပဲ"

"ဟာ ...ကိုသန်းအောင်ကလည်းဗျာ။ ဒီဆွဲချ အစွဲပဲကြီးနေတာပဲ။ တာဝန်ဝတ္တရားအရ ဆောင်ရွက်ရတယ်ဆိုတာ လူထုကလည်း သိပါတယ်"

"ဟော ...ကိုမြင့်မောင်လာပြီ။ ကဲ ..ကိုလွင်၊ ကျွန်တော် ကိုတက်တိုးကို ကိုမြင့်မောင်ဆီခေါ်သွားတော့မယ်"

"ဟုတ်ကဲ့ ...ဟုတ်ကဲ့"

"ဩော် ...ဖိုးတက်တိုးပါလား။ မင်းဘယ်တုန်းက ရောက်သလဲ"

"ကျွန်တော် မနေ့ကပဲရောက်တယ် ကိုမြင့်မောင်။ မေမြို့တက်ပြီး အနားယူမလို့ တက်လာတာ။ ကိုမြင့်မောင်နဲ့ တွေ့ချင်တာနဲ့ လာခဲ့တာပဲ။ ကိုသန်းအောင်တို့ဆီမှာ တည်းတယ်"

"ဖိုးသန်းအောင်ကတော့ သူငယ်ချင်းဟောင်း မိတ်ဆွေဟောင်းတွေ

တွေ့ရရင် ဝမ်းသာကျေနပ်နေတာပဲ"

"ဒါပေါ့ ကိုမြင့်မောင်၊ ကျွန်တော်တို့အတွက် အသက်ကြီးလာလေလေ မိတ်ဟောင်းဆွေဟောင်းတွေနဲ့တွေ့ပြီး ရေးဟောင်းနှောင်းဖြစ်တွေ အားရပါးရ ပြောရတာ အရသာရှိလေလေပေါ့"

"အင်း ...ရေးဟောင်းနှောင်းဖြစ်တွေ ပြောတဲ့အထဲမှာ ကျုပ်အတင်းတွေ အတော်ပြောပြီးကြရောပေါ့"

"အို ...အတင်းမဟုတ်ပါဘူး"

"အတင်းပြောချင်လည်း ပြောပေါ့ဖိုးတက်တိုးရာ။ကျုပ်အကြောင်းကို ကျုပ်ပြန်ပြောနိုင်တဲ့အခါကျတော့ တချို့အချက်တွေဟာ ရှင်းသွားပါလိမ့်မယ်။အဲဒီ လိုပဲ မျှော်လင့်ရတာပဲ"

"ကျွန်တော်တို့က အတင်းပြောတာတော့ မဟုတ်ပါဘူး။ဒါပေမဲ့ အမှုနဲ့ ပတ်သက်လို့တော့ ဆွေးနွေးကြပါတယ်"

"အေးပေါ့ဗျာ။ ကျွန်တော့်အကြောင်း ကျွန်တော်ပြောပြနိုင်တဲ့ အခွင့်အရေး ရရင်တော့ ခင်ဗျားတို့လို မိတ်ရင်းဆွေရင်းတွေသာမကဘူး။ အားလုံးလူတွေအဖို့မှာ လည်း သံသယရှင်းမယ်ဆို ရှင်းနိုင်မှာပါပဲ။ ကြည့်သေးတာပေါ့"

"အဲဒီလိုသာဆိုရင် ကောင်းမှာပဲ"

"နေစမ်းပါဦး။ မင်းအခုဘာလုပ်နေသလဲ။ စာရေးဆရာဆိုတာတော့ သိပါတယ်။ စာရေးဆရာလုပ်လို့ ဝအောင်စားနိုင်လို့လား"

"စားနိုင်တယ်တော့ ဘယ်ဟုတ်မလဲ။ ဒါပေမဲ့ စာရေးနေရမှနေပျော်တယ်။ စာရေးဆရာအဖို့ စာရေးရတာဟာ အလုပ်ချည်းမဟုတ်ဘူး။ ဝါသနာထက်လည်း ပိုတယ်။ ရောဂါတစ်မျိုးပဲလို့ ဆိုပါတော့လေ"

"ဒါနဲ့ သားမယားတွေ ကျန်းကျန်းမာမာရှိကြရဲ့လား။ ကလေးဘယ် နှစ်ယောက်ရှိသွားပြီလဲ"

"ကလေးလေးယောက်ပါပဲ။ အားလုံးကျန်းမာကြပါတယ်။ အခု သူတို့ကို ရန်ကုန်မှာပဲ ထားခဲ့တယ်"

"အင်း ...မတွေ့ရတာ အတော်ကြာသွားပြီ။ ဟိုတုန်းကတော့ မောင်ရင်က လူပျိုပဲရှိသေးတာ"

"ဟုတ်ကဲ့။ အဲဒီတုန်းက ကိုမြင့်မောင်တို့ အိမ်ထောင်ကျစပဲ ရှိသေးတယ် နော်"

"အင်း ...အဲဒါအနှစ်နှစ်ဆယ်ကျော်ပြီလေ"

"ဟုတ်တယ်။ ကျွန်တော်လည်း ကိုမြင့်မောင်တို့ အကြောင်းကို ကြုံတိုင်း မေးလျက်ပါပဲ။ ကိုသန်းအောင်နဲ့တွေ့တော့ အတော်စုံစုံကြားရပါပြီ"

"အင်းပေါ့ ဖိုးတက်တိုးရာ။ နောက်တော့ ဒီထက်စုံစုံကြားရဦးမှာပါ။ ကဲ ...အချိန်စေ့ပြီ။ နောက်တော့တွေ့ချင်မှ တွေ့ကြရတော့မှာ။ အခုပဲ နှုတ်ဆက်ထားလိုက်ပါတော့မယ်"

"အို ...တွေ့ဦးမှာပေါ့။ ကျွန်တော်မပြန်သေးပါဘူး"

"အင်း ...ကဲ ကိုသန်းအောင် ကျုပ်ရုံးခန်းကြီးထဲဝင်တော့မယ် ခေါ်နေပြီ"

"ဦးမြင့်မောင် တရားလို တရားခံသက်သေများ ထွက်ဆိုသွားကြပြီးပါပြီ။ ဦးမြင့်မောင်ဘက်က တရားခံလျှောက်လဲချက်ပေးဖို့ လိုပါပြီ။ ကြိုတင် လျှောက်ထားချက်အရ လျှောက်လဲချက်ကို ဦးမြင့်မောင်ကိုယ်တိုင် တင်ပြခွင့်ပြုပါတယ်"

"ကျေးဇူးတင်ပါတယ်။ တရားသူကြီးမင်းခင်ဗျား ...ကျွန်တော် ကိုယ်တိုင် လျှောက်လဲချက်ပေးခွင့်ရတဲ့အတွက် ကျွန်တော့်အဖို့မှာ လာဘ်ရတနာကြီးတစ်ခုပဲလို့ အောက်မေ့မိပါတယ်။ တရားသူကြီးမင်းနဲ့ ဂျူရီလူကြီးမင်းများကို ကျွန်တော် ကြိုတင်ပြီး တောင်းပန်ချင်ပါတယ်။ ကျွန်တော့်လျှောက်လဲချက်ဟာ ကျွန်တော့် အပြစ်ကို ကာကွယ်ဖို့ထက် ကျွန်တော့်ဖြစ်အင်ကို တင်ပြဖို့ကပိုပြီးအရေးထားပါ တယ်။ ကျွန်တော်ရှည်ရှည်လျားလျား ပြောပြတာကို သည်းခံနားထောင်ကြဖို့ ကျွန်တော် အနူးအညွတ်တောင်းပန်ပါရစေ"

"ကျွန်တော်ဟာ ကျွန်တော့်ဇနီးကြည်ကြည်ဆွေကို မြစ်ငယ်တံတား ပေါ်က တွန်းချလိုက်တာလား။ ဒါမှမဟုတ်ရင် ကြည်ကြည်ဆွေကို ပွေ့ဖက်မလို့ လုပ်တာကို ကြည်ကြည်ဆွေက အမှတ်တမဲ့မို့ လန့်ပြီး နောက်ကိုတွန့်ရုန်းလိုက် တာ အားလွန်ပြီး တံတားပေါင်ပေါ်က ကျသွားတာလားဆိုတာကို အများကြီးပဲ စဉ်းစားကြည့်ပါတယ်။ အဲဒီလို အကြာကြီးစဉ်းစားပြီးရတဲ့ အဖြေကတော့ ကျွန်တော် ကြည်ကြည်ဆွေကို တွန်းချတာမဟုတ်ဘူး။ ပွေ့ဖက်ချင်စိတ် ရုတ်တရက်ပေါ်လာ လို့ ပွေ့ဖက်မလို့လုပ်တာကို ကြည်ကြည်ဆွေကလန့်ပြီး ရုန်းလိုက်ရာမှာ အားလွန်ပြီး တံတားပေါ်က မြစ်ထဲကျသွားတာပဲဆိုတဲ့ အဖြေဖြစ်ပါတယ်"

"ကျွန်တော် ကြည်ကြည့်ကို တွန်းချချင်တဲ့စိတ်လုံးဝမရှိပါ။ ဓာတ်ပုံရိုက်ဖို့ သူ့ကိုယ်နေဟန်ထား ပြင်ပေးဖို့ သူ့နားသွားတာပါ။ အဲဒီအခါမှာ အနောက် ကလာတဲ့ နေရောင်ဟာ ရွှေလိုဝင်းနေပါတယ်။ ကြည်ကြည့်မျက်နှာပေါ်မှာ ဝင်းဝင်း ထိန်လို့ ကျနေပါတယ်။ အဲဒီအခါမှာ ကျွန်တော့်ဇနီးကို မကြုံစဖူး အလှဆုံး အနေ အထားကို တွေ့မြင်ပါတယ်။ သူ့အလှဟာ ပြောပြလို့ မရလောက်အောင် ထိပ်ဆုံး

တန်းကို ရောက်နေခဲ့ပါတယ်။ အဲဒီအခါမှာ ကျွန်တော့်ရင်ဟာ လှပ်လှပ်လှပ်လှပ် ဖြစ်လာပါတယ်"

"တရားသူကြီးမင်းနဲ့ ဂျူရီလူကြီးမင်းတို့ခင်ဗျား။ ကျွန်တော့်ကို ရုတ်တရက် အထင်မှားသွားမှာစိုးလို့ပါတယ်။ ကျွန်တော် အဲဒီတုန်းက ရင်တလှပ်လှပ်ဖြစ်တာဟာ ကာမစိတ်တက်ကြွလို့ မဟုတ်ပါဘူး။ အလှမှာ ကြည်နူးတဲ့စိတ် တက်ကြွလို့ဖြစ်တာပါ။ ကာမဆန္ဒရယ်လို့ ပေါ်ပေါ်လွင်လွင် မရှိခဲ့ပါဘူး။ ဥပမာဆောင်ပြရမယ်ဆိုရင် ပန်းချီဆရာတစ်ယောက်ဟာ မိန်းမတစ်ယောက်ရဲ့ ကိုယ်ကာယအလှကို အာရုံစိုက်နေခိုက်မှာ ကာမဆန္ဒမပေါ်ဘဲ အနုပညာဆန္ဒသာ ပေါ်သလိုပါပဲ။ ကျွန်တော်ဟာ ပန်းချီဆရာလို အနုပညာသမားမဟုတ်ပါဘူး။ ဒါပေမဲ့ အလှတရားကို အင်မတန် မြတ်နိုးပါတယ်။ အဲဒီတုန်းက ကျွန်တော့်ဇနီးကြည်ကြည်ဆွေလှပုံဟာ ကျွန်တော့်အဖို့တော့ အင်မတန်ကို ထူးခြားလှပါတယ်။ အနောက်ကဝင်လုဆဲဆဲနေရဲ့ ရွှေရောင်ဟာ သူ့မျက်နှာကလေးကို လိမ်းပေးထားသလိုပါပဲ"

"အဲဒီလို အလှတရားထိပ်ဆုံးတန်းရောက်နေတဲ့အခိုက်မှာ ကျွန်တော်ဟာ တစ်မိနစ်လောက်ကြာမယ်ထင်ပါတယ်။ သူ့ကိုငေးကြည့်နေမိပါတယ်။ ကျွန်တော့် စိတ်တွေဟာ မိုးပေါ်ကို ပျံတက်နေပါတယ်။ ကျွန်တော့်ရင်ဟာ တဒိတ်ဒိတ်ခုန်နေပါတယ်။ ကျွန်တော့်ကိုယ်ကာယဟာ အရည်ပျော်ပြီး ပတ်ဝန်းကျင်လောကနဲ့ ရောနေတယ်လို့ ထင်မှတ်မိပါတော့တယ်။ အဲဒီလို ငေးကြောင်ကြည့်နေခိုက်မှာ ကျွန်တော့် လက်နှစ်ဖက်ဟာ သံတုံးကြီးတွေလို လေးနေပါတယ်။ လှုပ်လို့မြှောက်လို့ မရပါဘူး။ သူ့ကိုငေးကြည့်ရုံသာ ကြည့်နေတာပါ။ ဘာမျှမလုပ်ပါဘူး။ လုပ်လို့ရမှာလည်း မဟုတ်ပါဘူး။ ကျွန်တော်ဆိုခဲ့တဲ့အတိုင်းပဲ ကျွန်တော့်ကိုယ်ဟာ အရည်ပျော်သွားသလိုဖြစ်နေတာပါ"

"အဲဒီအခိုက်ကလေးမှာပဲ ကြည်ကြည်ဆွေက ကျွန်တော့်ကိုမျက်မှောင်ကုတ်ပြီး ကြည့်လိုက်ပါတယ်။ နှုတ်ခမ်းကလေး မဲ့တဲ့တဲ့လုပ်လိုက်ပါတယ်။ အခုတင်ကလေးကပေါ်နေတဲ့ သူ့နှုတ်ခမ်းဖျားက အပြုံးကလေးဟာ ဗြုန်းခနဲပျောက်သွားပါတယ်။ အဲဒီပြုံးယောင်ကလေးနဲ့အတူ ထိပ်ဆုံးရောက်နေတဲ့ အလှတရားကလေးလည်း ပျောက်သွားပါတယ်။ သူ့မျက်နှာပေါ်ကျနေတဲ့ ရွှေရောင်နဲ့တူတဲ့ နေရောင်ရဲ့ အရောင်ဟာလည်း နနွင်းရောင်လိုဖြစ်သွားပါတယ်။ သူ့မျက်နှာဟာ ရွှေရောင်လိမ်းထားရာက နနွင်းလိမ်းထားသလိုဖြစ်သွားပါတယ်။ တစ်မုဟုတ်ချင်း ဖြစ်တာပါ"

"အဲဒီလို ပြောင်းလဲသွားလည်းသွားရော ကျွန်တော့် ကြည်နူးတဲ့စိတ်လည်းပျောက်သွားရော။စိတ်ဆိုတာ သိတော်မူကြတဲ့အတိုင်းပါပဲ။ ကွက်လပ်ရယ်လို့

မရှိပါဘူး။ အဲဒီကြည်နူးစိတ်ပျောက်သွားရာမှ ကာမစိတ် တိုးဝင်လာပါတယ်။ သူ့ကို အတင်းကျူးဖက်ချင်တဲ့စိတ် ပေါ်လာပါတယ်။ တရားသူကြီးမင်းနဲ့ ဂျူရီလူကြီးမင်းတို့ခင်ဗျား။ အခုလို စိတ်အပြောင်းအလဲတွေကို ပြောပြတာဟာ ကျွန်တော် ထိုအခိုက်အခါတုန်းက ခွဲခြားဝေဖန်နိုင်တာ မဟုတ်ပါဘူး။ စိတ်တစ်ခုနဲ့တစ်ခု တစ်မှ ဟုတ်ချင်းပြောင်းတာမို့ မွန်ထူသွားတာပါပဲ။ အခု ကျွန်တော့်တစ်ယောက်တည်း ထောင်ခန်းကလေးထဲမှာနေပြီး သေသေချာချာစဉ်းစားဝေဖန်ပြီး အဲဒီတုန်းက အဖြစ်အပျက်ကို လူကြီးမင်းများသိစေဖို့ တင်ပြလိုတာနဲ့ ကျွန်တော့်စိတ်ထဲမှာ စီစဉ်ထားခြင်းဖြစ်ပါတယ်”

“ကျွန်တော်ဟာ တက္ကသိုလ်ကျောင်းမှာ စသင်စကတည်းက စိတ်ပညာကို အထူးဝါသနာပါခဲ့ပါတယ်။ ကျွန်တော်ဟာ အမြဲတမ်းလိုလို စိတ်ကူးငေးမောနေတတ်ပါတယ်။ ကျွန်တော့်တစ်သက်လုံးမှာ စိတ်အလုပ်ကို ပိုပြီးလုပ်ခဲ့ပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်ဇနီးကို တွန်းချတာတော့ မဟုတ်ရိုးအမှန်ပါ။ ဒါပေမဲ့ နေရာဌာနကို မစဉ်းစားမိဘဲ အတင်းဖက်ချင်တဲ့စိတ်ကြောင့် ဖက်ဖို့အလုပ်မှာ သူကလန့်ပြီး နောက်အတွန့်လိုက်မှာ အားလွန်ပြီး ကျသွားတာပါ”

“တရားသူကြီးမင်းနဲ့ ဂျူရီလူကြီးမင်းတို့ခင်ဗျား၊ ကျွန်တော် အခုလိုပြောတာဟာ ကျွန်တော့်အဖို့အပြစ်ပေါ့စေဖို့ မဟုတ်ပါဘူး။ ကျွန်တော့်သဘောအတိုင်းသာ ကျွန်တော့်ကိုယ်ကျွန်တော် စီရင်ချက်ချရမယ်ဆိုရင် သေဒဏ်ပေးလိုက်မှာပဲ။ ကျွန်တော်လည်း အခုသေဒဏ်ကို တောင်းဆိုချင်ပါတယ်။ကျွန်တော်ဟာ ကျွန်တော့်ဇနီးကို မသတ်ဘူးဆိုပေမယ့် ကျွန်တော့်ရဲ့စိတ်က သူ့အဖို့သေစေဖို့အကြောင်းဖန်ခဲ့ပါတယ်။ ဒီတော့ တရားဥပဒေအရ ကျွန်တော့်ဇနီးကို ကျွန်တော်သတ်တယ်ဆိုတဲ့ ကောက်ချက်ကိုပဲ ယူရပါလိမ့်မယ်”

“တရားသူကြီးမင်းနဲ့ ဂျူရီလူကြီးမင်းတို့ခင်ဗျား၊ ကျွန်တော့်ကို အဟန့်အတားမပြုဘဲ တစ်လျှောက်တည်းပြောပြခွင့်ပေးကြတဲ့အတွက် ကျွန်တော် ကျေးဇူးအထူးတင်ပါတယ်။ ပြီးတော့လည်း ဟောဒီက အမှုလိုက်ရဲ့အရာရှိမင်းနဲ့ အစိုးရရှေ့နေမင်းတို့ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ရဲ့ လျှောက်လဲချက်ဟာ ဥပဒေအရ တရားဝင်တယ်လို့ မဆိုသာမှန်း ကျွန်တော်သိပါတယ်။ အဲဒါကို စောင့်ကွက်ကြဘဲ ကျွန်တော့်ကိုပြောချင်သမျှ ပြောပါစေဆိုပြီး လွှတ်ပေးထားတဲ့အတွက် ကျေးဇူးတင်တယ်လို့ ကျွန်တော် ပြောရခြင်းဖြစ်ပါတယ်”

“ကျွန်တော့်အဖို့မှာ သက်တမ်းကုန်ပါပြီ။ အသက်ရှင်ပြီးနေရစေဦးတော့ ကျွန်တော့်ဇနီးမရှိကတည်းက ကျွန်တော် ဒီလောကကြီးမှာ နေဖို့မလိုတော့ပါဘူး။

ကျွန်တော် သူ့ကို အလွန်ချစ်မြတ်နိုးပါတယ်။ သူ့မှာအပြစ်တွေ ဘယ်လောက်ပဲကြီးကြီး၊ ဘယ်လောက်ပဲများများ ကျွန်တော်ခွင့်လွှတ်ပါတယ်။ သူအခုမရှိတော့ဘူးဆိုတော့ ကျွန်တော်လည်း အသက်သာရှင်နေသေးတယ်။ ကျွန်တော့်ဘဝလည်းမရှိတော့ဘူးလို့ ဆိုရပါမယ်။ ဒီတော့ ကျွန်တော်အနူးအညွတ်တောင်းပန်လိုတာက ကျွန်တော့်ကို ထောင်ဒဏ်မပေးဘဲ သေဒဏ်သာပေးကြပါ ဆိုတာပါပဲ။ ကျွန်တော် နားလည်ပါတယ်။ ဒီလို တောင်းဆိုတာ တရားမဝင်ဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ အခုတရားသူကြီးမင်းနဲ့ ဂျူရီလူကြီးမင်းတွေကိုသာ ကျွန်တော့်ဖြစ်အင်ကို တင်ပြတာမဟုတ်ပါဘူး။ လူကြီးမင်းများကတစ်ဆင့် လူသားတွေကို တင်ပြနေခြင်းပဲလို့ ကျွန်တော်ဆိုချင်လှပါတယ်။ ဒါပါပဲခင်ဗျား …။ ကျေးဇူးတင်ပါတယ်"

"ကဲ …ဦးမြင့်မောင်ရဲ့ လျှောက်လဲချက်ကြားနာပြီးပါပြီ။ စီရင်ချက်ချဖို့ မတ်လ ၁၄ ရက်နေ့ ချိန်းဆိုလိုက်ပါတယ်"

*

"ကိုသန်းအောင် စီရင်ချက်ချမှာက နောက်နှစ်ပတ်တောင်လိုသေးတော့ ကျွန်တော် မေမြို့တက်လိုက်ဦးမယ်လေ။ မေမြို့မှာ တစ်ပတ်လောက်နေပြီး တစ်ခါပြန်လာခဲ့မယ်။ပြန်ရောက်တော့ ကိုမြင့်မောင်တို့အမှုဖြစ်တဲ့ မြစ်ငယ်တံတားကို သွားကြည့်မယ်။ ပြီးတော့ ကျောက်ဆည်ဝေဘူတောင်ကိုလည်း တစ်ခေါက်လောက်အရောက်သွားချင်သေးတယ်"

"သွားတာပေါ့ဗျာ။ ဒါပေမဲ့ အခုသုံးလေးရက်လောက်တော့ နေစမ်းပါဦး။ ကိုမြင့်မောင်နဲ့ ထောင်ထဲသွားတွေ့ဖို့ ကျွန်တော်စီစဉ်ပေးမယ်။ တွေ့ဦးမယ် မဟုတ်လား"

"ကောင်းသားပဲ"

"ထောင်မှူးကြီးကို ခင်ဗျားသိမှာပေါ့။ ကျွန်တော်တို့ကျောင်းမှာတုန်းက သူရှိတယ်။ ကိုဘဆန်းရယ်လေဗျာ"

"ကိုဘဆန်း …"

"သူက ပြည်ကျောင်းဆောင်မှာနေတယ်။ ကျွန်တော်တို့နဲ့ တစ်နှစ်တည်းပဲ။ သူ့ကိုမြင်ရင်မှတ်မိမှာပါ"

"ကိုဘဆန်းဆိုတာ အသားမည်းမည်း၊ အရပ်ရှည်ရှည်ကြီးဟာလား။ အီကိုယူတယ် ….ဟုတ်လား"

"အစစ်ပေါ့။ သူအီကိုနဲ့ ဂျော်ဂရော်ဖီယူတယ်။ အိုင်အေကျသွားပြီး

ကတည်းက သူပျောက်သွားတာပဲ။ နောက်တော့မှ ဒီမှာ ထောင်မှူးကြီးအဖြစ်နဲ့ သူ့ကိုတွေ့ရတော့တယ်။ အင်မတန် သဘောကောင်းတယ်ဗျ။ သူက ခင်ဗျားကို ကောင်းကောင်းကြီး မှတ်မိပါတယ်။ ကျွန်တော်မနေ့ကပဲ သူ့ကို မေးကြည့်ခဲ့သေးတယ်"

"ကျွန်တော်လည်း မှတ်မိပါပြီ။ ဒီလိုဆိုရင် နက်ဖြန်လောက် ကိုမြင့်မောင်ကြီးနဲ့တွေ့ရအောင် စီစဉ်ပေးပါလား။ ခင်ဗျားလည်း လိုက်ခဲ့နော်"

"အို ...ကျွန်တော် လိုက်လို့မဖြစ်သေးပါဘူး။ ခင်ဗျားပဲ သူ့ကိုတွေ့လိုက်ပါလေ။ ကျွန်တော် ခင်ဗျားကို ထောင်မှူးကြီးအခန်းအထိ လိုက်ပို့လိုက်မယ်"

"ကောင်းသားပဲ။ ဒါနဲ့ ကိုမြင့်မောင်ကြီးပြောတာက တယ်ပြီး ဖီလိုဆိုဖီဆန်တာပဲနော်။ သိပ်စိတ်ကူးယဉ်တယ်။ ကဗျာဆန်တယ်လို့ ဆိုရမှာပဲ"

"ဒီလူကြီးကတော့ အစကတည်းက စိတ်ကူးယဉ်သမားကြီးပဲဗျာ။ သူပြောတာကို ခင်ဗျားတို့၊ ကျွန်တော်တို့တော့ နားလည်သလိုရှိကြပါရဲ့၊ ကိုလွင်လည်း နားလည်မှာပါ။ ဂျူရီလူကြီးမင်းတွေတော့ နားလည်ချင်မှ နားလည်ကြပေလိမ့်မယ်ဗျနော်"

"ကျွန်တော်လည်း ဒီလိုပဲထင်မိတယ်။ ဒါပေမဲ့ သူ့တို့ကြားအောင်တော့ ဖွင့်မပြောရဲဘူးလေ။ သူတို့ရဲ့အသိဉာဏ်ကို စော်ကားရာကျမှာ စိုးရတယ်"

"စော်ကားတယ် ဘယ်ဟုတ်မလဲဗျာ။ ကိုမြင့်မောင်ပြောတာက လူသာမန်တို့ နားလည်နိုင်ခဲတဲ့ဟာပဲ။ သူ့စကားကို ဆိုင်ကော်လော်ဂျီသင်တန်းမှာ ခွဲခြားဝေဖန်ပြီး သင်ခန်းစာပေးဖို့သာ ကောင်းတော့တာပဲ"

"ကဲ ...ကျွန်တော်တို့နှစ်ယောက် ညကျတော့ ဆွေးနွေးဝေဖန်ကြရအောင်"

"ခပ်စောစောပဲ ဆွေးနွေးပွဲစနိုင်လိမ့်မယ် ကိုရင်ရေ့။ ဒီနေ့ည ထမင်းစားပြီးရင် မရွှေနှဲ့တို့က ခတ်ရှင်သွားကြမလို့တဲ့။ သူတို့မရှိခိုက်မှာ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ပြောကြဆိုကြတာပေါ့ ဟုတ်လား"

"ကဲ ...လာ ထမင်းစားကြရအောင်"

"ဖိုးတက်တိုး ခင်ဗျားရော လမ်းလျှောက်ထွက်လိုက်ဦးမလား။ နှဲ့တို့ကို ခတ်ရှင်လိုက်ပို့ရင်းပေါ့ဗျာ"

"ကောင်းသားပဲ"

*

"ကဲ ...ဖိုးတက်တိုး၊ ကိုမြင့်မောင်ပြောတဲ့စကားတွေကို ခင်ဗျား မှတ်မိသလား"

"အချက်အလက်တွေ ကောင်းကောင်းကြီး မှတ်မိပါတယ်"

"မှတ်မိဖို့တောင် မလိုပါဘူးဗျာ။ ကျွန်တော် သူ့စကားတွေကို လက်ရေးတိုနဲ့ လိုက်ကူးပြီးထားတဲ့ မှတ်တမ်းမိတ္တူတစ်စောင် ရုံးကယူလာခဲ့ပါတယ်"

"သူပြောတဲ့စကားတွေထဲမှာ အရေးကြီးတဲ့ အချက်ကတော့ သူ့မိန်းမဟာ နေရောင်ဟပ်ပြီး သိပ်လှနေတာကိုမြင်ရတော့ သူကြည့်ပြီး ကြည်နူးနေခဲ့ရာက သူ့မိန်းမမျက်နှာက မျက်မှောင်ကုတ်လိုက်တော့ အလှပျက်သွားပြီး သူ့စိတ်မှာ တစ်မျိုးကြီးဖြစ်သွားတယ်ဆိုတဲ့ အချက်ပဲလို့ ထင်တယ်"

"အဲဒီအချက်ကို တော်တော်တန်တန်လူက ဘယ်လိုလုပ်ပြီး လက်ခံရမှာတုန်းဗျ။ အတော်ခက်တယ် မဟုတ်လား။ ကိုမြင့်မောင်ကို ရူးတယ်လို့ ဆိုမှာပေါ့"

"ဟုတ်တယ်။သာမန်လူတစ်ယောက်ရဲ့ အမြင်ကတော့ ရူးတယ်ဆိုမှာပဲ။ တကယ်တော့ ကိုမြင့်မောင်မှာ အလှကြည့်တတ်တဲ့စွမ်းရည်တော်တော် ထက်မြက်တယ်လို့ ဆိုနိုင်မယ်"

"ဟုတ်တယ်။ 'အေးစ်သက်တစ်ခ်–ဆင့်စ်'အတော်ထက်တာပေါ့"

"ဒီလိုမဟုတ်ရင်လည်း ကိုမြင့်မောင်ဟာ စိတ်ကူးယဉ်တဲ့ အလေ့ကြီးတဲ့ လူဖြစ်ရမယ်"

"ဒါလည်း ဟုတ်တာပဲ။သူ့ကိုယ်တိုင်ကလည်း ဖွင့်ပြီးဝန်ခံသွားတယ်။ တကယ်ဆိုတော့ ပန်းချီစိတ်ထားရှိတဲ့လူမှာ စိတ်ကူးရှိတတ်တာပဲ။ ထုံးစံပဲလေ"

"ကြည်ကြည်ဆွေဟာ ကောလိပ်မှာတုန်းကတည်းက အလှဘုရင်မတစ်ယောက်လို့ ဆိုလောက်ပေတယ်။ သူလှတာကို ခင်ဗျားပြန်တွေးကြည့်စမ်း။ သူဟာ မျက်လုံးမျက်ဖန်ကောင်းပြီး နှာတံပေါ်ပေါ် မျက်တောင်ကော့ကော့နဲ့ အချိုးအစားလည်း အတော်ကျတယ်။ ငါးရံ့ကိုယ်ကလေးပဲဗျ"

"ဟုတ်ပါတယ်။ နွဲ့နွဲ့နှောင်းနှောင်းလည်းရှိတယ်။ ဒါပေမဲ့ လုပ်လဲ့လုပ်လီဆိုတာမျိုးလည်း မဟုတ်ဘူး။ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နဲ့မို့ အတော်ကိုလှတာယဉ်တာဗျ"

"သူ့လိုလှတဲ့မိန်းမမျိုးဟာ ဖြိုးဖြိုးလိမ်းလိမ်းနဲ့ ကြော့ကြော့မော့မော့ နေလည်းလှတယ်။ ကပိုကရိုနေလည်းလှတယ်။ သူ့မျက်နှာကလေးဟာ အမြဲလိုပဲ ကြည်ကြည်လင်လင် ဝင်းဝင်းပပပဲ"

"ဟုတ်တယ်ကိုယ့်လူ ....ကြည်ကြည်ဆွေကို ယောကျ်ားတွေကသာ

ခွဲမက်တယ်မမှတ်နဲ့ မိန်းမချင်းချင်းတောင် စွဲကြသေးတယ်။ ကျုပ်ရဲ့ မိရွှေနဲ့ဟာ သူ့သူငယ်ချင်းကို အတော်စွဲစွဲလမ်းလမ်းရှိတာ။ သူကိုယ်တိုင်က ဖွင့်ပြောတယ်။ ကြည်ကြည့်ကို ယောကျ်ားတွေစွဲမက်တာကို ဘာမျှအပြစ်မဆိုချင်ပါဘူးတဲ့။ မိန်းမချင်းတောင် ချစ်ချင်စရာပဲတဲ့"

"အဲဒီတော့ ....ကိုမြင့်မောင်ကြီးဟာ ကြည်ကြည်ဆွေကို ချစ်တာထက် ခွဲမက်တာက ပိုလိမ့်မယ်ထင်တယ်"

"ဟုတ်ပါလိမ့်မယ် ...။ ဒါပေမဲ့ သူက လူမြင်ကွင်းကြီးမှာ ဘာပြုလို့ ကြည်ကြည့်ကို ကြောက်စရာ၊ လန့်စရာဖြစ်အောင် ဣန္ဒြေမဆောင်နိုင်ဘဲ ဖက်မလို့ လုပ်ရတာလဲဟင်"

"အဲဒါနဲ့ပတ်သက်လို့ သူ့ထွက်ချက်ထဲမှာပါသားပဲ။ ပထမ ကြည်ကြည့် အလှဓာတ်ဟာ ထိပ်ဆုံးရောက်နေတယ်လို့ သူထင်တုန်းမြင်တုန်းက သူဟာကြည်နူး နေပါတယ်။ လက်တွေတောင် လှုပ်လို့မရနိုင်လောက် ဖြစ်နေတယ့်။ သူ့ကိုယ်ကာယ ဟာ အရည်ပျော်နေသလိုပဲတဲ့။ အဲဒါဟာ ကြည်နူးနေတဲ့အခါ ဖြစ်တတ်တဲ့အဖြစ်မျိုး ပဲ။ ပြီးတော့ ချက်ချင်း အခြေအနေပြောင်းသွားတယ်။ ကြည်ကြည်ဆွေက မျက် မှောင်ကုတ်ပြီး မဲ့လိုက်တော့ အခြေအနေဟာ ပြောင်းပြန်ဖြစ်သွားတယ်။ သာမန် လူတွေရဲ့ အမြင်နဲ့သာဆိုရင် ဒီလိုပြောင်းသွားမှာ မဟုတ်ဘူး။ မျက်မှောင်ကုတ်လိုက် တာကလေးကိုပဲ တစ်မျိုးလှတယ်ထင်လိမ့်မယ်။ မဲ့တာကလေးကိုပဲ ချစ်စရာတစ်မျိုးလို့ ထင်နိုင်ဖို့ ရှိတယ်။ ဒါပေမဲ့ ကိုမြင့်မောင်ရဲ့ စိတ်ဓာတ်က အင်မတန်နုနေပါလိမ့်မယ်။ ဒါကြောင့်မို့ ဒီလိုအပြောင်းမြန်တာဖြစ်ရမယ်"

"အခြေအနေ ပြောင်းသွားတာနဲ့ တစ်ပြိုင်နက် သူ့စိတ်ထားဟာလည်း ပြောင်းသွားတာပဲနော်။ သူပြောတာကြည့်ပါလား။ ကြည်ကြည့်မျက်နှာဟာ ရွှေရောင်လိမ်းထားတယ်လို့ ထင်ရာက ရုတ်တရက် နနွင်းလိမ်းထားတယ်လို့ ပြောင်းထင်မိတယ်ဆိုပဲ"

"နနွင်းလိမ်းထားတဲ့မျက်နှာဆိုတော့ မီးနေသည်ရဲ့မျက်နှာမျိုး ဖြစ်ရ လိမ့်မယ်။ သြော် ...ဒါနဲ့ ကြည်ကြည်ဆွေမှာ ကလေးမရဖူးဘူးလား"

"ရတော့ ရဖူးတယ်တဲ့။ ဒါပေမဲ့ အဖတ်မတင်ဘူးဆိုပဲ။ ကိုဖိုးထင်ကြီး ကို ကျွန်တော်မေးကြည့်ဖူးတယ်"

"အင်း ...ဒီတော့ ကြည်ကြည်ဟာ မီးနေသည်အဖြစ်နဲ့ နနွင်းလူးဖူး ပါလိမ့်မယ်"

"ဒါတော့ သိပ်မထင်ဘူး ကိုရင်ရေ ....သူက ခေတ်ဆန်သူမဟုတ်လား"

"အင်း ...ဒီလိုတွေးရင်လည်း ဟုတ်တာပဲ။ ဒီလိုဆိုရင် တစ်ခုတော့ တွေးစရာရှိသေးတယ်။ ကြည်ကြည်ဟာ တစ်ခါတုန်းက အသားဝါတဲ့(ဈောန် ဒစ်စ်)ရောဂါဖြစ်ဖူးလိမ့်မယ် ထင်တယ်"

"အဲ ...ဒါဖြစ်နိုင်တယ်။ ကိုဖိုးထင်က သူ့ဆရာကတော်ဟာ ပုသိမ်မှာ တုန်းက အတော်မမာလိုက်တာပဲတဲ့။ ပိန်ပြီး မျက်နှာတွေဖြူရော်ရော် ဝါကြန့်ကြန့် နဲ့တဲ့ ရန်ကုန်တောင်တက်ပြီး နှစ်ပတ်လောက် ကုရသေးတယ်တဲ့"

"အင်း ...ဒီလိုရောဂါဖြစ်နေတုန်းမှာ ကိုယ်တော်ချောက အတော်ကလေး ထထကြွကြွ ဖြစ်ခဲ့ပါလိမ့်မယ်။ ပြောတတ်ပါဘူးဗျာ ...အဆန်းသားပဲ"

"အဲဒီနေရာမှာ အကြောင်းအကျိုးဆက်ယူဖို့ အတော်ခက်သွားပြီ"

"ကျွန်တော်တော့ နန္ဒင်းရောင်နဲ့ ရွှေရောင်အကျိုးဆက်ချင်း ကွာလွန်းတာ စဉ်းစားရကျပ်လှသဗျာ"

"သူနဲ့တွေ့တော့ ပွင့်ပွင့်လင်းလင်း မေးကြည့်လိုက်ပါလား"

"ဟုတ်တယ် မေးရမယ်။ ဒီအချက်ကလေးဟာ အတော်စိတ်ဝင်စား စရာပဲ"

"ကိုမြင့်မောင်ဟာ အတော်ပဲ စိတ်ဓာတ်နုနယ်တဲ့လူပဲ။ 'ညှုရော ဆစ်စ်' ပဲဗျ"

"ဟုတ်ပါလိမ့်မယ်။ ကျွန်တော်တို့တစ်တွေက ဒီအာရုံကြောကိစ္စနဲ့ ပတ် သက်ပြီး လေ့လာကြတာ ယုံကြည်ကြတာ အတော်နည်းတယ်။ ရောဂါနည်းနည်း ဆန်းတယ်ဆိုရင် ပယောဂပဲဆိုပြီး ပယောဂဆရာတွေ စားပေါက်ထွင်နိုင်ဖို့ လမ်း ကြောင်းပေးလိုက်တာပဲ"

"ပယောဂဆိုတဲ့ ကိစ္စမှာလည်း သွေးပယောဂ၊ အမှောင့်ပယောဂရယ် လို့ ခွဲခြားထားသားပဲ။ လူတွေက သွေးပယောဂကို အမှတ်မပြုကြလို့သာကိုဗျ။ သွေးပယောဂဆိုတာ တကယ်တော့ 'ညှုရောဆစ်'ပဲပေါ့"

"ကိုမြင့်မောင်ကိုကြည့်ရတာ ခပ်အေးအေးပဲ အမှုဖြစ်လို့ ပူပင်လှတယ် လည်း ဟုတ်မယ်မထင်မိပါဘူး"

"သူက တစ်သက်လုံး ခပ်အေးအေးနေလာတာပဲ။ သူ့မှာ စိတ်လိုက် မာန်ပါလုပ်တတ်တဲ့ အကျင့်မရှိဘူး"

"ဒါပေမဲ့ဗျာ။ တံတားပေါ်မှာ သူ့မိန်းမကို အတင်းဖက်မလို့ လုပ်တာဟာ စိတ်လိုက်မာန်ပါလုပ်တာပေါ့"

"ဟုတ်တယ်လေ။ ဒါပေမဲ့ စိတ်လိုက်မာန်ပါလုပ်တတ်တဲ့အကျင့် မရှိတာ

ကိုပြောတာပါ။ ဒါကြောင့်လည်း သူဒီလိုလုပ်တယ်ဆိုတော့ အံ့ဩစရာ ဖြစ်နေတာပေါ့"

"စိတ်ဆိုတာ ခက်သားပဲလေ"

"ဒါနဲ့ ခင်ဗျား သူနဲ့တွေ့ရင် ဘာတွေမေးမယ်ကြံသလဲ"

"မပြောတတ်ဘူး။ကျွန်တော်ကမေးပေမယ့် သူဖြေချင်မှဖြေမှာ တချို့ဟာတွေကျတော့လည်း သူ့ဘာသာသူ သိမှာမဟုတ်ဘူး။ဘာဖြစ်လို့ ဒီလိုမြင်ကွင်းကြီးမှာ သူ့မိန်းမကို ဖက်ချင်စိတ်ပေါ်လာရတာတုန်းလို့မေးရင် သူဘယ်လိုဖြေမလဲ"

"ဘယ်လိုဖြစ်မှန်း မသိပါဘူး။ စိတ်တွေချက်ချင်းပြောင်းသွားတာပဲလို့ ဖြေမှာပေါ့"

"အဲဒီလိုဖြစ်ကတည်းက ဒီအဖြေဟာ ဘာအသုံးကျဦးမှာလဲ"

"ဒါကတော့ဗျာ၊ ဝေဖန်တဲ့စိတ်ပညာဆရာက အဓိပ္ပာယ်ရှာရမှာပေါ့။ ကျွန်တော်တော့ ခင်ဗျားမေးဖို့ကောင်းတာဟာ ကြည်ကြည်ဆွေရဲ့ နောက်ပိုင်းရာဇဝင်ပဲ"

"အို ...ဒါလည်း မေးလို့ဖြစ်မှာလားဗျာ။ သူတို့အတွင်းရေးကို မေးလို့တော်ပါ့မလား"

"တော်မတော်တော့ ခင်ဗျားသူ့စကား အဆင်ပလင်ကိုကြည့်ပေါ့။ အခုနေကြိုတင်ဆုံးဖြတ်ထားလို့တော့ ဘယ်ဖြစ်မလဲ။သူကိုယ်တိုင်က ပြောချင်တဲ့အခြေအနေမျိုးမှာ ရှိချင်ရှိနေမယ်လေ။ ဘာပြောတတ်မလဲ"

"ဟုတ်တယ်။ ဒါလည်းဖြစ်နိုင်တယ်။ သူကိုယ်တိုင်က ရင်ဖွင့်ချင်နေရင် ဖြစ်နိုင်တယ်"

"ကျွန်တော်တော့ဗျာ၊ အတွေးတိမ်တယ်ဆိုလည်း ဆိုပေါ့။ သူဟာ ကြည်ကြည်ဆွေကို ခွင့်လွှတ်တယ်ဆိုတာမယုံဘူး။ သူ့ဘာသာသူလည်း ခွင့်မလွှတ်မှန်း သိချင်မှသိမယ်"

"ဟုတ်တယ်။ ကျွန်တော်လည်း မယုံချင်ပါဘူး။ သူ့အတွင်းစိတ်ဓာတ်ကို သူဘယ်သိမှာလဲ"

"အဲဒီတော့ဗျာ သူနဲ့တွေ့တဲ့အခါမှာ ကြည်ကြည့်အပေါ် သူတိတ်တိတ်ပုန်း စိတ်နာနေပုံရသလားဆိုတာ အကဲခတ်ကြည့်ခဲ့ပေါ့။ ကြည်ကြည့်အကြောင်းစလိုက်ရင် သူမျက်နှာထားနဲ့ လေသံပြောင်းသလား။ ဘယ်လိုပြောင်းသလဲ ဆိုတာမျိုးပေါ့ဗျာ"

"ဒါကတော့ စိတ်ချပါ။ ကျွန်တော်အကဲခတ်မှာပါ"

"ကဲ ...ဒါဖြင့် နက်ဖြန်မနက် (၉)နာရီလောက် ထောင်ကိုသွားကြမယ်"

"ခင်ဗျား စီစဉ်ပြီးပြီလား"

"ပြီးပြီလေ၊ ကျွန်တော်ညနေကပဲ ကိုဘဆန်းကို တယ်လီဖုန်းနဲ့ ပြောလိုက်တယ်။ သူကလည်း ခင်ဗျားကိုတွေ့ချင်ပါသတဲ့။ မတွေ့ရတာကြာပြီမို့ တွေ့ချင်တာပေါ့"

*

"ကဲ ...ဆရာ ကိုမြင့်မောင်ကြီးက ဘာတွေများပြောလိုက်သလဲ"

"အထူးအထွေ ဘာမှမပြောလိုက်ဘူးဗျ။ ကိုမြင့်မောင်ဆိုတာ ခင်ဗျားလည်း အသိသားပဲ ကိုသန်းအောင်၊ နဂိုက စကားနည်းပြီး အခုလို အခိုက်အခါမျိုးမှာဆိုတော့ သာပြီး နည်းတော့တာပေါ့။ ကျွန်တော်တို့ထင်သလို သူကရင်ဖွင့်ချင်ပုံမရဘူးဗျ"

"ကိုမြင့်မောင်က စကားပြောတတ်ပေမယ့် အပြောနည်းတယ်။ ပြောတော့မယ်ဆိုရင် ကျကျနန စီကာပတ်ကုံး ပြောတတ်တယ်။ ဟိုနေ့ကရုံးမှာ သူပြောသွားလိုက်တာ ဆရာတစ်ယောက်စာသင်ခန်းမှာ လက်ချာရိုက်သွားသလိုပဲ။ တစ်ယောက်ချင်းစကားပြောဖို့ကျတော့ တစ်ခါတစ်ခါ မပြောချင်သလိုလိုပဲ။ ဒါ သူ့ဝါသနာပဲလေ။ ဒါနဲ့ ကိုယ့်လူ မစွဲခဲ့ဘူးပေါ့"

"ဒီလိုလည်း မဟုတ်သေးပါဘူးဗျာ။ သူ့အမှုအရာကို အကဲခတ်နိုင်သလောက်တော့ ခတ်ခဲ့ပါတယ်။ ပထမဦးဆုံး ကျွန်တော်မြင်တာကတော့ သူဟာအခုလို အမှုကြီးဖြစ်နေပေမယ့် အနေအထိုင် အစားအသောက်ပျက်ပုံမရဘူး။ ခပ်အေးအေးပဲ။ ဘာမှမဖြစ်သလိုပဲ။ တမင်သက်သက် ဟန်လုပ်နေတာလည်း မဟုတ်ဘူး။ ကိုမြင့်မောင်ဟာ ဘယ်တုန်းကမှ ဟန်မလုပ်တတ်ဘူး။ သူ့ကြည့်ရတာဟိုကျောင်းမှာတုန်းကလိုပဲ ကျွန်တော်နဲ့တွေ့တော့ အရင်တုန်းက ကျွန်တော်တို့တစ်တွေကို ကျောင်းဆောင်မှာတွေ့တဲ့အခါပြောသလို ဆိုသလိုပါပဲ"

"ဒါကတော့ သူက ဖီလိုဆိုဖာကြီး မဟုတ်လား။ လောကအကြောင်းအမြဲတမ်းဆင်ခြင်သုံးသပ်နေတော့ လောကဓံကို သူမမှုလှဘူးပေါ့"

"ကျွန်တော်က စကားစပ်ပြီး ကြည်ကြည်ဆွေအကြောင်းကို ပြောတယ်။ သူမျက်နှာပျက်သွားမလားဆိုတာ သိချင်လို့ပေါ့။ မျက်နှာထားတော့ ပြောင်းသွားတယ်။ ဒါပေမဲ့ ဒေါသရောင်မထွက်ဘူး။ မယားသေတဲ့အကြောင်းပြောလို့ ဝမ်းနည်းကြေကွဲတဲ့ အမူအရာမျိုးပဲဗျ"

"ဘယ်လိုလဲ ပြောပြစမ်းပါဦး"

"မျက်နှာနည်းနည်းညိုသွားတယ်။ သူ့လေသံထဲမှာ ဝမ်းနည်းသံဝင်လာတယ်။ ကြည်ကြည့်ကို စိတ်နာတဲ့ ပုံသဏ္ဍာန်မျိုးတော့ မဟုတ်ဘူး။ လွမ်းတဲ့ပုံစံမျိုးပဲ။ ကြည်ကြည်သေရတာ သူ့အဖို့ ယူကျုံးမရဖြစ်နေတာ သေချာတယ်ဗျာ"

"ဒါနဲ့ သူဘာဖြစ်လို့ တံတားပေါ်မှာ သူ့မိန်းမကို ဖက်မယ်ကြံတာတုန်းလို့ ပြောင်ပြောင် ဖွင့်မေးကြည့်သေးသလား"

"မေးတာပေါ့ ကျွန်တော်က 'ကိုမြင့်မောင်၊ ကျွန်တော်တို့ညီအစ်ကိုချင်း ဖွင့်မေးလိုက်ဦးမယ်။ဘာဖြစ်လို့ ကြည်ကြည့်ကို တံတားပေါ်မှာ အတင်းမဟားတရားဖက်မယ် ကြံတာလဲ'လို့ မေးတယ်"

"အင်း ...ဟုတ်ပြီ။ မဟားတရားလို့ ထည့်ပြီးမေးတယ်လား"

"ဟုတ်တယ်။ သူက ဒီတော့ ပြုံးပြုံးကြီးလုပ်ပြီး 'ဒါကတော့ ငါ့စိတ်မှာ သူ့ကို အားရပါးရ ဖျစ်ညှစ်ချစ်လိုက်ချင်တဲ့ဆန္ဒပေါ်လာတာကိုးကွ' လို့ သူက ဖြေတယ်"

"အင်း ...သူ့စကားဟာ အတော်အဓိပ္ပါယ်ပါတယ်။ ဖျစ်–ညှစ်–ချစ်လိုက်ချင်တယ်တဲ့လား။ အဲဒါ သူ့စိတ်မှာ ထိန်းသိမ်းလို့မရအောင် ပြင်းထန်တဲ့ စိတ်ဆန္ဒရုတ်တရက်ပေါ်လာလို့ပဲ။အဲဒါ စိတ်ဝင်စားစရာကောင်းတယ် ကိုတက်တိုး။ အတော်ပဲ စိတ်ဝင်စားစရာကောင်းတယ်"

"ဟုတ်တယ်။ ဒီလိုပြောတုန်းက သူ့မျက်နှာကို ကျွန်တော်သေသေချာချာ အာရုံစိုက်ကြည့်တယ်။ သူ့အပြုံးထဲမှာ ရှက်သွေးပါတယ်"

"ဖိုးတက်တိုး၊ ကျုပ်တော့ တစ်ခုတွေးမိတယ်"

"ဘာများလဲ"

"ကိုမြင့်မောင်မှာ လိင်ကိစ္စနဲ့ပတ်သက်လို့ မူမမှန်တာ အဆင်မပြေတာ ရှိလိမ့်မယ်"

"ဒါကို ကျွန်တော် အစကတည်းက တွေးမိထားတယ်။ အကြောင်းမစပ်သေးလို့ ပြောမပြရသေးတာ။ သူဟာ သူ့မိန်းမမျက်နှာ ရွှေရောင်တောက်နေတုန်းက အသေကြီးလိုပဲနေပေမယ့် သူ့မိန်းမမျက်နှာ နန္ဒင်းရောင်ပေါက်လာတယ်လို့ ဆင်လိုက်မိရင်ပဲ သူ့လက်တွေဟာ သူ့မိန်းမပခုံးကို တအားလှမ်းဆွဲတော့တာပဲ။ ပြီးတော့ ကြည်ကြည်ဆွေဟာ သူ့ယောက်ျားဖက်တာကို သာမန်အနေနဲ့ဆိုရင် ဘာလန့်စရာရှိရမှာလဲ။ အခုတော့ လန့်သွားတယ်။ အားလွန်ကျအောင် နောက်ကို တွန့်လိုက်တယ်ဆိုတော့ ကိုမြင့်မောင်ရဲ့မျက်နှာထားဟာ အဲဒီတုန်းက ကြောက်စရာ

ဖြစ်လို့ပဲ"

"အင်း ...ခင်ဗျားအတွေးကို ကျုပ်လက်ခံတယ်"

"ပြီးတော့ ဒီအကြောင်းကို သူဘာမှဆက်မပြောတော့ဘူး။ ကျွန်တော်က နည်းနည်းဇက်ရဲလာတယ်။ ကြည်ကြည်ဆွေအကြောင်းကို ဆက်မေးတယ်"

"ဘယ်လိုမေးသလဲ"

"ကိုမြင့်မောင် ကျွန်တော်မေးမယ်နော်။ စိတ်မဆိုးပါနဲ့။ ကြည်ကြည်ဟာ ခင်ဗျားအပေါ်မှာ သစ္စာမရှိဘူးဆို ဖောက်ပြန်ခဲ့ဖူးတယ်လို့ ကျွန်တော်ကြားရတာပဲ။ အဲဒီလိုမေးလိုက်တော့ ကျွန်တော့်ကို မျက်နှာထားဆိုးကြီးနဲ့ တစ်ချက်လှမ်းကြည့်ပြီး ချက်ချင်းပဲ မျက်နှာကိုပြင်လိုက်ပြီးတော့ 'မဟုတ်ပါဘူး ဖိုးတက်တိုးရာ သစ္စာဖောက်တယ်လို့ အများအမြင်ကတော့ ဆိုမှာပေါ့။ ဒီကိစ္စဟာ သူနဲ့ငါအတွင်းရေးမို့ ဘယ်သူမှ သေသေချာချာသိတာ မဟုတ်ပါဘူး။ သူ ဘသက်မောင်နဲ့ လိုက်သွားပြီး တစ်နှစ်လောက်နေတယ်လေ။ အဲဒါ ငါခွင့်လွှတ်တယ်။ ပြီးတော့ ငါ့ဆီပြန်လာနေတယ်။ သူနဲ့ ငါနှစ်ယောက်တည်းနဲ့ဆိုင်တဲ့ကိစ္စမှာ ငါတို့နှစ်ယောက် ကျေနပ်ရင်ပြီးတာပဲ မဟုတ်လား။ လူတွေဟာ အတော်ခက်ပါတယ်' အဲဒီလိုပြောပြီး ညည်းလိုက်တော့ ကျွန်တော် ဆက်မမေးရဲတော့ဘူးပေါ့ဗျာ"

"ဒီလောက် သိရရင်ပဲ တော်ပါပြီလေ။ ကိုမြင့်မောင်ရဲ့ စကားထဲမှာ ကြည်ကြည်ဆွေ ဘသက်မောင်နောက်လိုက်သွားတာကို သူခွင့်လွှတ်တယ်။ ပြန်လာတော့လည်း ကြည်ကြည်ဖြူဖြူ လက်ခံတယ်ဆိုတော့ သူ့အပြစ်မကင်းဘူး၊ သူ့ ချွတ်ယွင်းချက်ရှိလို့ပဲလို့ ဝန်ခံတဲ့အဓိပ္ပာယ်ပါတယ်"

"ချွတ်ယွင်းချက်လား ...ချို့တဲ့မှုလားတော့ မပြောတတ်ဘူးပေါ့"

"ကဲ ...နောက် ဘာများပြောသေးသလဲ"

"ကျွန်တော့်ဘက်ကတော့ ဘာမျှထပ်ပြီး ထူးထူးထွေထွေမမေးတော့ပါဘူး။ သူက ကျွန်တော့်ကို နောက်တစ်ပတ်လောက် နေပါဦးလို့မှာတယ်"

"ဘာလုပ်ဖို့လဲ သူထပ်တွေ့ချင်သေးလို့လား"

"ကျွန်တော်က ကျွန်တော်ဘာလုပ်ပေးဖို့ လိုသလဲ။ နေဆိုနေပါ့မယ်။ ကျွန်တော်နောက်ထပ်လာခဲ့ရဦးမလားလို့ မေးတော့ သူကပြုံးပြီးလာဖို့တော့ လိုမယ် မထင်ပါဘူးကွာ။ ဒါပေမဲ့ မင်းမပြန်သေးဘဲနေစေချင်တယ်'လို့ ပြောတယ်"

"ဘာသဘောပါလိမ့်"

"မပြောတတ်ဘူး။ ဘာသဘောပဲဖြစ်ဖြစ်ပေါ့ဗျာ။ သူကျွန်တော့်ကို တစ်ခုခု ခိုင်းချင်သေးလို့လားမှ မသိဘဲ။ သူ့အလိုအတိုင်း ကျွန်တော်ဒီမှာ နောက်ထပ်

တစ်ပတ်လောက်နေလိုက်ဦးမယ်"

"နေလေ ... နောက် ဘာများပေါ်ပေါက်လာဦးမယ် မသိဘူး"

*

"အကြီးအကျယ်ချောက်ပဲ ဖိုးတက်တိုးရေ ... ဒုက္ခပါပဲ"

"ဘာလဲဗျ ကိုသန်းအောင်။ အလန့်တကြားရှိလိုက်တာ စောစောစီးစီး"

"အလန့်တကြားလုပ်မနေနဲ့ ကိုယ့်လူ ကိုမြင့်မောင်ကြီး သူ့ကိုယ်သူ သတ်သေလိုက်ပြီတဲ့"

"ဟယ် ...ဘယ်လိုပါလိမ့်"

"အခုပဲ ကိုဘဆန်းဆီက တယ်လီဖုန်းလာတယ်လေ။ ဒီနေ့မနက် ကိုမြင့်မောင်အခန်းကို ကြည့်လိုက်တော့ ကိုမြင့်မောင်သေနေပြီတဲ့။ သူ့လည်ပင်းအကြောကို မုတ်ဆိတ်ရိတ်ဓားနဲ့လှီးပြီး သတ်သေတာဆိုပဲ။ ညကတည်းက သေနေတာဖြစ်မှာပဲတဲ့။ မနက်ကျမှ တွေ့ကြရတယ်။ ကိုမြင့်မောင် ဒီလိုလုပ်မယ်လို့ ကျွန်တော်မထင်ဘူးဗျာ"

"ဒီလူကြီး အတော်ကို ကံဆိုးတာပဲ။ သူ့ဘဝတစ်လျှောက်လုံးမှာ ကောင်းလှတယ်လို့ မရှိပါဘူး။ ကြည်ကြည်ဆွေ နှိပ်စက်တာပေါ့"

"ကြည်ကြည်ဆွေ နှိပ်စက်တာ မဟုတ်ဘူးကိုယ့်လူ။ သူ့စိတ်ကသူ့ကို နှိပ်စက်တာ။ တကယ်ဆိုရင် ကြည်ကြည်ဆွေဟာ အသုံးမကျတဲ့ မိန်းမတစ်ယောက် ဆိုတာ သိရရင် ကွာပစ်လိုက်ပေါ့ဗျ။ နောက်ထပ် မိန်းမဘယ်နှယောက်ယူမလဲ။ အခုတော့ သူက ကြည်ကြည်ဆွေကို အစွဲကြီးစွဲနေခဲ့တာကိုး"

"ကျွန်တော်တို့ ထောင်ကိုသွားကြည့်ကြရင်ကောင်းမယ်ထင်တယ်။ နာရေးကိစ္စလည်း စီစဉ်ဖို့လိုလိမ့်မယ်"

"သွားကြမယ်လေ။ ကိုဘဆန်းလည်း အတော်ချောက်ကျနေတယ်။ ကိုမြင့်မောင်ဟာ စက်ရှင်မင်းကြီးလည်းဖြစ်နေ၊ မိတ်ဆွေတစ်ယောက်လည်း ဖြစ်ဆိုတော့ သူ့အခန်းထဲကို ဘာမဆို လိုရာယူစေခွင့်ပေးထားမိလို့ မုတ်ဆိတ်ရိတ်ဓား ရောက်သွားတာပေါ့။ ပြီးတော့ သူဒီလိုလုပ်ပစ်လိုက်လိမ့်မယ်လို့လည်း ကိုဘဆန်းက ဘယ်ထင်မှာလဲ။ ခက်တာပါပဲဗျာ"

"ကိုသန်းအောင် သူ ကျွန်တော့်ကို မပြန်စေချင်တဲ့ အဓိပ္ပာယ်ပေါ်ပြီ၊ သူသတ်သေဖို့ ကြံထားပြီးဖြစ်ရမယ်။ သူသေတော့ ကျွန်တော်အနီးအနားမှာ လွယ်လွယ်ကူကူ ရှိနေစေချင်တာ ဖြစ်ရမယ်"

"အေး ...ဟုတ်သဗျို့။ သူခင်ဗျားကို တစ်နေ့ကမှာတာ အကြောင်းရှိလို့ပဲ"

"ကျွန်တော်က နောက်ထပ် တွေ့ရဦးမလားမေးတော့ သူက လာဖို့တော့ လိုမယ်မထင်ပါဘူးကွာ ...တဲ့"

"ကဲ ကျွန်တော်တို့ ကိုဘဆန်းဆီသွားကြရအောင်"

*

"ကိုဘဆန်း ...ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ဆို ညဦးမှာတုန်းက ကိုမြင့်မောင်ဘုရားဝတ်ပြုပြီး စိတ်ပုတီးစိပ်နေတာကို အစောင့်တွေက လှမ်းမြင်လိုက်ကြတယ်။ နောက် မီးမှိတ်ပြီးတဲ့အထိ ဘာသံမှ မကြားရဘူး။ တစ်ညလုံးလည်း အစောင့်တွေကတော့ ဘာသံမှ မကြားကြဘူးတဲ့"

"ညည်းသံကလေးမှ မကြားကြဘူးတဲ့လား"

"မကြားကြဘူးတဲ့။ အိပ်နေတုန်း လွန့်သံမျိုးကိုတော့ ကြားလိုက်သလိုလိုပဲတဲ့။ ဒါပေမဲ့ ထူးထူးဆန်းဆန်း အသံမျိုးမဟုတ်ဘူးမှတ်ပြီး ဒီအတိုင်းပဲနေလိုက်ကြတာပေါ့။ ဪ ...ဒါနဲ့ ကိုတက်တိုး၊ ကိုမြင့်မောင်ရဲ့ ပစ္စည်းတွေထဲမှာ ကိုတက်တိုးကိုပေးဖို့ စာအိတ်ကြီးတစ်အိတ်ပါတယ်"

"ဟင် ...ဟုတ်လား။ ဟုတ်ပါပြီ"

"ဘာလဲဗျ ...ကိုသန်းအောင်"

"ဒီလိုလေ ကိုဘဆန်း၊ တစ်နေ့က ကိုတက်တိုးနဲ့တွေ့တုန်းက ကိုမြင့်မောင်ကြီးက ကိုတက်တိုးကို တစ်ပတ်အတွင်း ပြန်မသွားပါနဲ့ဦးလို့ တားလိုက်တယ်။ ကျွန်တော်တို့က အဲဒါကို အဓိပ္ပာယ်နားမလည်ခဲ့ကြဘူး။ အခုမှပဲ အဓိပ္ပာယ်ပေါက်တော့တယ်။ အဲဒီအထုပ် အခုပေးလိုက်နိုင်သလားဟင်"

"ပေးလိုက်နိုင်ပါတယ်။ မိတ်ဆွေအချင်းချင်းပဲ။ ကိစ္စမရှိပါဘူး။ ကျွန်တော်တော့ ကိုမြင့်မောင်က ကိုတက်တိုးကို သူ့အကြောင်းရေးထားတဲ့ စာကိုပေးပြီး အားလုံးသိအောင် ထုတ်စေချင်တာပဲလို့ ထင်မိတယ်"

"ဒါပေါ့ဗျ။ ကိုတက်တိုးက စာရေးဆရာဆိုတော့ သူ့အကြောင်းကို ဝတ္ထုတစ်ပုဒ်ဖြစ်အောင် စီရင်မှာပဲဆိုပြီး ရေးပေးခဲ့တာဖြစ်မှာပေါ့"

"ကိုတက်တိုး ကျွန်တော်တို့လည်း ဖတ်ဦးမယ်နော်"

"ကိုဘဆန်းတို့ အရင်ဆုံးဖတ်ရမှာပေါ့။ ကိုမြင့်မောင်ကြီးအတွက် အကြီး

အကျယ် စိတ်မကောင်းဘူးဗျာ။ သူဟာ လူရိုးလူအေးကြီး။ ပြီးတော့လည်း တော်လည်းတော်တယ်"

"လူတော်တစ်ယောက်ပဲဗျ။ စာအရေးအသားလည်းတော်တယ်။ အင်္ဂလိပ်လို ပိုတော်တယ်လေ။ ကျောင်းမှာတုန်းက မဂ္ဂဇင်းတွေမှာ သူရေးတဲ့ အင်္ဂလိပ်လိုဆောင်းပါးတွေ ဖတ်ကြရတယ်"

"ဒါနဲ့ ကိုဘဆန်း၊ သူ့နာရေးကိစ္စ ဘယ်လိုစီစဉ်ကြမှာလဲ"

"သူ့ဦးလေးက မြင်းခြံမှာ အငြိမ်းစားအရေးပိုင်ကြီး ဦးထင်ကျော်လေ။ သူတို့တစ်တွေ သူ့အမှုစစ်ကတည်းက ဒီမြို့မှာရှိကြတယ်။ သူ့မှာ ဆွေမျိုးအင်အားတောင့်ပါတယ်"

"ကျွန်တော်တို့လည်း တတ်နိုင်သလောက် ကူညီစောင့်ရှောက်ကြရမှာပေါ့။ ကဲ ...ကိုတက်တိုး ခင်ဗျားစာထုပ်ကြီးယူပြန်ကြမယ်။ ကိုဘဆန်း အကြောင်းရှိရင် ကျွန်တော့်ဆီ ဖုန်းဆက်ပါ။ ကဲ ...သွားမယ်"

"ဟုတ်ကဲ့ ကိုသန်းအောင်။ ကိုတက်တိုး ခင်ဗျားမသွားခင် တစ်ညတော့ ခင်နှာပါတီကလေးတစ်ခု လုပ်ကြဦးမယ်။ ထွန်းလှဟိုတယ်မှာပေါ့"

*

"ကိုသန်းအောင် ခင်ဗျားရုံးတက်နေတုန်းမှာ ကျွန်တော်ဖတ်လိုက်တော့ ပြီးသွားပြီ။ ညဦးပိုင်းကျတော့ ခင်ဗျားဖတ်ချင်ဖတ်၊ မဖတ်ချင်ရင် ကျွန်တော် တော်ပြရင်း ဆွေးနွေးသွားမယ်။ မကောင်းဘူးလား"

"ကောင်းသားပဲ။ ကိုဘဆန်းကလည်း သူလည်းသိချင်လှပြီတဲ့။ ဒီလို လုပ်ရရင် ဘယ့်နှယ်လဲ။ ခင်ဗျားရယ်၊ ကျွန်တော်ရယ်၊ ကိုဘဆန်းရယ် သုံးယောက်သား ခပ်အေးအေးတစ်နေရာမှာဆုံပြီး ဖတ်ရင်း ဆွေးနွေးကြမယ်လေ။ မကောင်းဘူးလား"

"ကောင်းတယ်။ ကိုဘဆန်းကို အကြောင်းကြားလိုက်ပေါ့"

"ပြောပြီးပြီဆရာ။ သူက သူ့အဖို့ ထောင်နဲ့အလှမ်းကွာနေတာ မကောင်းလှဘူးတဲ့။ ပြီးတော့လည်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် သူ့အိမ်မှာပဲ ဆုံရရင်ကောင်းမယ်တဲ့။ အကျွေးအမွေး သူ့တာဝန်ထားလိုက်ပါတဲ့"

"လုပ်လေ သူသင့်တယ်ထင်တဲ့နေရာမှာပဲ လုပ်တာပေါ့"

"ကဲ ...ညစာ ကိုဘဆန်းဆီမှာ စားမယ်"

"အို ...သူက ဖိတ်ထားလို့လား"

"ဖိတ်ထားတယ်လေ။ သူ့မိန်းမ မော်လမြိုင်ပြန်နေလို့ သူနဲ့တပည့်ပဲ ရှိတာတဲ့"

"ဒါဖြင့် သွားကြမယ်လေ ..."

*

"ကိုတက်တိုးက ဖတ်ပြီးမှ ခင်ဗျားပဲ ဖတ်ပြပါတော့ဗျာ။ ကျွန်တော်တို့ နှစ်ယောက်က နားထောင်ပြီး ဝေဖန်ကြမယ်။ သုံးယောက်လုံး ဆွေးနွေးကြတာပေါ့"

"ကဲ ...နားထောင်ကြပေတော့ ..."

"ဖိုးတက်တိုး"

"ငါ အခုလို အဆုံးစီရင်သွားတယ်ကြားရတော့ မင်းရော ဖိုးသန်းအောင်ပါ အံ့အားသင့်ကြလိမ့်မယ်။ ကိုဘဆန်းလည်း အံ့အားသင့်မှာပဲ။ ကြားရတဲ့ လူခပ်များများကတော့ အံ့အားသင့်ကြမှာ အမှန်ပေါ့။ ငါဒီလိုလုပ်ရတာဟာ ငါ့ဘဝအကြောင်းကံပဲလို့ ဆိုရမှာပဲ။ ငါ့အကြောင်း ငါသာသိတယ်။ ဒါကြောင့်လည်း ဒီလိုလုပ်ရတာပဲလေ...."

"မင်း ဒီစာကိုဖတ်တဲ့အခါမှာ ငါမရှိတော့ဘူး။ ငါဒီလောကကြီးက မခွာခင် ငါ့အကြောင်းကို ငါသိသလောက် စာနဲ့ရေးပြီးမင်းကိုပြောခဲ့မယ်။ မင်းကတစ်ဆင့် တခြားလူတွေကို ပြောပြချင်ပြောပြပေါ့။ ငါ့အဖို့တော့ ဘာမှမထူးတော့ပါဘူး။ ဒါပေမဲ့ ငါမသေခင် ငါ့အကြောင်းကို တစ်ယောက်ယောက်ကိုတော့ တတ်နိုင်သလောက် ပွင့်ပွင့်လင်းလင်းကြီး ဖွင့်ပြောပြခဲ့ချင်တာနဲ့ အဲဒီတစ်ယောက်ယောက်ဆိုတာကို တွေးနေတုန်းမှာ မင်းငါ့ဆီရောက်လာတော့ မင်းကိုရွေးတာ အကောင်းဆုံးလို့ ဆုံးဖြတ်ပြီး ငါရွေးလိုက်တယ်"

"ငါ့အကြောင်းကို အစကပြောပြချင်တယ်။ မင်းတို့တစ်တွေနဲ့ ကောလိပ်မှာ တွေ့ကြတော့ ငါ့မှာဘဝအတွေ့အကြုံတွေ အတော်များများရှိနေပြီ။ ကောလိပ်မရောက်ခင်အပိုင်းကို မင်းရော၊ မင်းသူငယ်ချင်းတွေရော သိကြမယ်မဟုတ်ဘူး။ တကယ်တော့ ငါ့ငယ်စဉ်ကအကြောင်းဟာ ထူးခြားလှတယ်လို့တော့ မဆိုနိုင်ပါဘူး။ ငါ့မိဘများဟာ မြေလတ်မြို့တစ်မြို့မှာ အတော်အတန် စားနိုင်သောက်နိုင်တဲ့ အပိုင်းကပဲ။ ငါဟာ သားအကြီးဆုံးပဲ။ ငါ့အရင် သမီးတစ်ယောက် မွေးတယ်လို့ ဆိုတာပဲ။ ငါမမြင်ဖူးဘူး။ မီးတွင်းမှာပဲ ဆုံးသွားသတဲ့။ ငါ့ကိုမွေးတော့ ငါ့အမေဟာ အသက်အစိတ်လောက်ပဲ ရှိဦးမယ်။ငါ့အမေရဲ့ ရုပ်ရည်ကိုလှတယ်လို့ မဆိုနိုင်ပေမယ့်

မျက်နှာက ကြည်ကြည်လင်လင်ရှိတယ်။ အပြောအဆိုအမူအရာ ဖျတ်လတ်တယ်။ အသားအတော်လတ်တယ်။ ဖြူဖြူကြီးတော့ မဟုတ်ဘူး။ ခပ်ဝင်းဝင်းပေါ့။ ငါ့ကို မွေးပြီး မေမေဟာ ကလေးမမွေးဘဲ အတော်ကြာကြီးနေတယ်။ငါခုနစ်နှစ်သား အရွယ်ကျမှ သမီးတစ်ယောက်မွေးတယ်။

မေမေဟာ ငါ့ကို အင်မတန်ချစ်တယ်။ ဖေဖေကတော့ ယောက်ျားလည်း ဖြစ်ပြန်၊ အလုပ်အကိုင်ကြောင့် ခဏခဏခရီးထွက်ရပြန်နဲ့ ခပ်စိမ်းစိမ်းပဲ။ မေမေက ငါ့ကိုသိပ်ချစ်သလို ငါကလည်း မေမေ့ကိုသိပ်ချစ်တာပဲ။ ငါ အသက်ခုနစ်နှစ်ရှိတော့ မိန်းကလေးတစ်ယောက်မွေးတယ်။ မမွေးခင်ကလေးအထိ ငါနဲ့အိပ်တယ်။ အသက် လေးငါးနှစ်အထိ နို့စို့သေးတယ်။ မေမေ့ကို ကြည့်နေရရင် ငါပျော်တယ်။ မေမေကျွေး တာစားရမှ ငါဝတယ်။မေမေ့အတွက် ငါဘာလုပ်ပေးရပေးရ ဝမ်းသာတယ်။တစ်ခါ တလေ ကလေးနဲ့မတန်တဲ့အလုပ်တွေတောင် ဝင်လုပ်ပေးမလို့ လုပ်တယ်။မေမေ က 'ငါ့သား ပင်ပန်းပါတယ်။ မင်းကိုယ်ကာယလေးနဲ့ ဒါကြီးမလို့ လွတ်ကျမှာပေါ့။ တော်တဆခြေထောက်ပေါ်ကျမှဖြင့် ဒုက္ခရောက်နေပါဦးမယ်"လို့ ပြောယူရတယ်။

"နောက် ... ငါအသက်ခုနစ်နှစ်ရှိတော့ မေမေကလေးတစ်ယောက် မွေးတယ်။ ကလေးရတော့မယ်လို့ ဆိုရင်ပဲ ငါမနာလိုဘူး။ နောက်ကလေးရောက် လာမှာကို ငါနည်းနည်းမှ မကြိုက်ဘူး။ ခုနစ်နှစ်သားအရွယ်ဆိုတော့ တော်တော်ကြီး သိနေပြီ။ ငါကျောင်းနေစပေါ့။ မေမေဟာ ငါ့ညီမကလေးကို မွေးပြီး မီးမထွက်ခင်ဘဲ ဆုံးရှာတယ်"

"မေမေဆုံးတယ်ဆိုတာ လက်မခံနိုင်ဘူး။ ယုံလည်းမယုံဘူး။ မယုံချင်ဘူး ဆိုပါတော့။ ဒါပေမဲ့ ငါ့ရှေ့မှာပဲ မေမေ့အလောင်းကို ခေါင်းထဲထည့်တယ်။ ခေါင်း မပိတ်ခင် ဖေဖေကြည့်ခိုင်းလို့ ကြည့်လိုက်ရတယ်။ ငါအဖို့တော့ ကြည့်လည်း ကြည့်ချင်တယ်။ မကြည့်လည်း မကြည့်ချင်ဘူး။ မေမေ့ကို အမြဲတမ်းပဲ ကြည့်နေချင် တာပေါ့။ ဒါပေမဲ့ မေမေသေတာကိုတော့ ကြည့်ကို မကြည့်ချင်ဘူး။ ငါလည်း မေမေ့ အလောင်းကို တစ်ချက်လှမ်းကြည့်ပြီး ငါ့မျက်နှာကို လက်ဝါးနဲ့ပိတ်ပြီး အိမ်ခန်းထဲ ဝင်ပြေးတာပဲ။ မေမေ့မျက်နှာကို ငါအခုထက်ထိ ကောင်းကောင်းကြီး မြင်နေသေး တော့တယ်။ ဝါဝါထိန်လို့ပဲ"

"ငါလည်း မေမေသေပြီးကတည်းက စိတ်တစ်မျိုးဖြစ်နေခဲ့တယ်။ ဘယ် နေရာ၊ ဘယ်လိုပဲနေရနေရ ငါ့အဖို့တော့ ပျော်လှတယ်မရှိတော့ဘူး။ ကလေးရယ်လို့ အရုံသစ်တွေဝင်ပြီး မေ့မေ့ပျောက်ပျောက် နေဖို့ကောင်းပေမယ့် ငါ့စိတ်ဟာ အသက် ရှစ်နှစ်၊ ကိုးနှစ်လောက်ကတည်းက ကလေးစိတ်မဟုတ်တော့ဘူး။ ငါ့အမေ

သေရတာ ငါ့ညီမလေးကို မွေးလို့ပဲ။ သူ့ကိုသာ မမွေးရရင် ငါ့အမေ သေမှာ မဟုတ်သေးဘူး။ ငါ့အမေနဲ့ ကွဲအောင်လုပ်တာ ဒီကောင်မလေးပဲလို့ စိတ်ထဲမှာ စွဲပြီး ငါ့ညီမကလေးကို မုန်းမိခဲ့တယ်။ ဒီလိုမုန်းစိတ်ပွားခဲ့ပေမယ့် ညီမလေးကိုမြင်တော့လည်း ချစ်တဲ့စိတ်တွေပေါ်လာပြန်ပါရော။ ပေါ်လာမှာပေါ့ ညီမလေးဟာ မေမေ့အငယ်စားကလေးပဲလို့ ဆိုနိုင်တယ်။ သိပ်တူပဲ။ အသားကလေးက ဝါဝင်းထိန်နေတာပဲ။ မျက်လုံး မျက်ဖန်ရော၊ မျက်နှာဝိုင်းတာကလေးရော အားလုံးမေမေနဲ့တူတယ်။ ညီမလေးကို ငါချစ်လည်းချစ်တယ်။ မုန်းလည်းမုန်းတယ်"

"ငါအသက်ဆယ်နှစ်ရှိတော့ ဖေဖေနောက်မိန်းမယူတယ်။ သူမိန်းမယူတာ ငါနဲ့ဘာဆိုင်လို့လဲလို့ သဘောထားပေမယ့် တစ်ခါတစ်ခါတော့ ဒီမိန်းမဟာ ငါ့အမေနေရာဝင်ယူနေတာပဲလို့တွေးပြီး ဒေါသဖြစ်မိတယ်။ ဒါပေမဲ့ ဒီလောက်တော့ အရေးမကြီးပါဘူး။ သိတတ်တဲ့အရွယ်လည်း တဖြည်းဖြည်းရောက်လာပြီ။ ပြီးတော့ မိထွေးဟာ အမေနဲ့ရုပ်ရည်လည်း အင်မတန်ကွာတယ်။ သူက အသားညိုညိုပိန်ပိန် ရှည်ရှည်၊ ကုလားဆင်၊ မေမေက အသားဖြူဝင်းဝင်း၊ ပုပုပျပ်ပျပ်။ တရုတ်ကပြားလို ပြီးတော့လည်း ဖေဖေ့ကို ငါအစကတည်းက ဟုတ်တိပတ်တိခင်တာမှ မဟုတ်ဘဲ။ သူဘာလုပ်လုပ် ငါနဲ့မဆိုင်သလိုပါပဲ"

"ငါတော့ ငါ့ညီမကလေးကိုပဲ ချစ်နေခဲ့တယ်။ ညီမလေး ငါးနှစ်သမီးမှာ ဆုံးရှာတယ်။ အဲဒီအခါမှာလည်း ငါဟာ အမေဆုံးတုန်းကလိုပဲ ရူးသလိုလိုကြီး ဖြစ်သွားတယ်"

"ငါ့မှာ ဆယ့်နှစ်နှစ်ကျော်အရွယ်ကတည်းက ချစ်ရမယ့်လူလည်း မရှိဘူး။ ငါ့ကိုချစ်မယ့် လူလည်းမရှိဘူး။ လူပျိုပေါက်စအရွယ် ရောက်လာပြီ။ အပေါင်းအသင်းတွေတဖြည်းဖြည်းများလာပြီ။ ဒါပေမဲ့ ငါ့အဖို့တော့ လူ့လောကကြီးဟာ ဘာမှ အဓိပ္ပါယ်အနှစ်သာရမရှိတဲ့ ကန္တာရကြီးလိုဖြစ်နေခဲ့တယ်။ အဲဒီအရွယ်လောက်ကတည်းက ငါဟာ စာကိုပဲ အားကိုးကြီးပြုပြီး ကြိုးစားခဲ့တယ်။ စာဟာ ငါ့အဖို့ မှီခိုရာအားထားရာကြီးပဲ။ လောကမှာ ချစ်စရာလည်းမရှိ၊ အချစ်ခံယူဖို့လည်း မရှိတာနဲ့ ငါ့အတွက် ကွက်လပ်ကြီးကို စာနဲ့ဖြည့်ခဲ့တယ်"

"အသက်ဆယ့်ခြောက်နှစ် ပြည့်ခါရှိသေးတယ်။ ဟိုက်စကူးအောင်တယ်။ စကောလားရှစ်ရတယ်။ ကောလိပ်ရောက်ခဲ့တယ်။ ငါ ဘီအေအော်နာယူခဲ့တဲ့နှစ်မှ မင်းတို့တစ်တွေ ရောက်လာကြတယ်မဟုတ်လား။ အသက်နှစ်ဆယ်ကျော် လူပျိုလူရွယ်ဖြစ်လာပေမယ့် ငါ့မှာ ရည်းစားရယ်လို့ အိပ်မက်တောင်မမက်ဖူးဘူး။ မိန်းမတွေကိုတွေ့တိုင်း ငါ့အမေရုပ်ပုံကိုလိုက်ရှာတယ်။ မတွေ့ခဲ့ဘူး။ ငါ့အမေ

ရုပ်ပုံဆိုတာဟာ သူ့ရဲ့ကိုယ်ကာယ ပုံစံချည်း မဟုတ်ဘူး။ သူငါ့အပေါ်မှာ ထားခဲ့တဲ့ မေတ္တာရဲ့ရုပ်ပုံကို ငါဆိုလိုတယ်။ မေတ္တာရုပ်ပုံထဲမှာ ကိုယ်ကာယ ရုပ်ပုံလည်းပါတယ်။ အားလုံးမပါဘူးဆိုပေမယ့် ငါ့နှလုံးသားထဲမှာ စွဲကျန်ရစ်ခဲ့တဲ့ အစိတ်အပိုင်းကလေးများတော့ ပါတယ်။ ဥပမာဆိုရင် သူ့အသား ဝါဝါဝင်းနေတာရယ်။ သူ့နှုတ်ခမ်းပုံစံကလေးရယ်၊ သူ့ရဲ့ကြည်လင်တဲ့ မျက်လုံးကလေးတွေရယ်ပေါ့ကွာ"

"လူငယ်ဘဝ မိန်းမငယ်ငယ် ချောချောတွေ့ရင် ကြည့်ချင်တာပေါ့။ ကြည့်တော့လည်း ငါ့ရင်ထဲက ရုပ်ပုံမျိုးမဟုတ်တာချည်းပို့ စိတ်မဝင်စားပါဘူး။ ပြီးတော့ မိန်းမထက်ပိုပြီး စိတ်ဝင်စားစရာဖြစ်တဲ့ ပညာကရှိနေတော့ မိန်းမဘက်ကို စိတ်မရောက်လှဘူးကွ။မှန်ပါတယ်။ သွေးသားလှုပ်ရှားတဲ့အခါမျိုးလည်း ရှိပါတယ်။ လိင်ကိစ္စနဲ့ပတ်သက်လို့ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ လိုက်စားတတ်ပါတယ်။ ဆာတဲ့အခါ လမ်းဘေးခေါက်ဆွဲဆိုင်မှာ ခေါက်ဆွဲတစ်လုံး မှာစားလိုက်သလိုပေါ့"

"မင်းတို့ရောက်ပြီးနောက် တစ်နှစ်မှာ ကြည်ကြည်ဆွေ ကောလိပ်ရောက်လာတယ်။ ငါက ဒီတော့ ဘီအယ်လ်တက်နေပြီ။ အိုင်စီအက်ဝင်ချင် စိတ်နည်းနည်းမှမရှိလို့ ဗီလိုဆိုဗီဌာနမှာပဲ ကျူတာဝင်လုပ်နေတယ်။အဲဒါတွေတော့ မင်းတို့သိကြမှာပေါ့။ မင်းတို့သိတဲ့အပိုင်းရောက်ပြီ။ ဒါပေမဲ့ မင်းတို့မသိတဲ့အပိုင်းလည်း အဲဒီတုန်းက ရှိသေးတယ်"

"ကြည်ကြည်ဆွေကောလိပ်ရောက်တဲ့နှစ်မှာ ငနဲတွေဝိုင်းပိုးကြတယ်။ အဲဒီငနဲစုထဲ မင်းတို့လည်းအနည်းအများဆိုသလို အပါအဝင်ဖြစ်ကြမှာပဲ။ အဲဒီတုန်း ငါ ကြည်ကြည်ဆွေကို ပိုးတဲ့အထဲမပါဘူး။ ဒါပေမဲ့ နောက်နှစ်ကျတော့ ငါ့မိတ်ဆွေ တချို့ သိလာကြပြီ။ ဘာလဲဆိုတော့ ငါဟာ ကြည်ကြည်ဆွေကို အစ်ကိုကြီးအနေနဲ့ ဆောင့်ရှောက်လာတာကို ...."

"ဘယ်လိုအဆက်နဲ့ ဆိုတာကိုတော့ ငါ့ရဲ့အရင်းနှီးဆုံးသူငယ်ချင်း အုန်းကျော်နဲ့သန်းတင်တို့ပဲ သိကြတယ်ထင်တယ်။ မင်းတို့လူငယ်တွေတော့ဖြင့် သိပ်တောင်ရိပ်မိကြမယ်မထင်ပါဘူး။ အဆက်ကတော့ ဒီလိုကွ"

"ကြည်ကြည်ဆွေဟာ ရန်ကုန်အနောက်ပိုင်းကနေပြီး ကျောင်းတက်တာ။ သူ့မိဘများကတော့ မြစ်ဝကျွန်းပေါ်ဒေသကပါပဲ။ သူဟိုက်စကူး အောင်တဲ့နှစ်မှာပဲ သူ့အဖေဆုံးသွားတယ်။ သူ့အမေက ကျောင်းဆက်မထားနိုင်ပေမယ့် သူကနေချင်လွန်းလို့ ကျောင်းထားပေးရတယ်။ သူ့အမေရော၊ သူရော သူ့အမေရဲ့အစ်မအိမ်မှာ လာနေကြတယ်။ သူ့ဘကြီးကတော့ ပွဲစားပါပဲ။ သူတို့နေတဲ့အိမ်နဲ့ ကပ်လျက်အိမ်မှာ ငါဦးလေးအရင်းနေတယ်။ ငါ့အဖေဆုံးသွားတာ သုံးနှစ်ရှိပြီ။ အမွေစားအမွေခံ

ဆိုလို့ ငါတစ်ယောက်ပဲရှိတယ်။ ငါ့မှာ မိဘအမွေအနှစ် အတော်ပဲကျန်ခဲ့တယ်”

“ကြည်ကြည်ဆွေကို ကျောင်းမှာမြင်ခဲ့ပြီး ဦးလေးအိမ်အလည်သွားတော့ ကပ်လျက်အိမ်မှာနေတာကို သိရတယ်။ ကြည်ကြည်ဆွေကိုမြင်ကတည်းက ငါသဘောကျမိတယ်။သူ့ကိုမြင်လိုက်ရကတည်းက ငါ့အမေနဲ့ငါ့ညီမလေးကို သွားသတိရမိတယ်။ ဘယ်နေရာမှာ တူပါလိမ့်မလဲလို့တွေးမိတယ်။ တူတော့ တူတာပဲလို့ သိတယ်။ ဒါနဲ့ သူ့ကို စိတ်ဝင်စားမှု အကြီးအကျယ်ဖြစ်ခဲ့တယ်။ သူ့ကိုတွေ့ရတော့ ငါ့အမေပြန်လာသလိုလို ငါ့ညီမလေးပဲ ပြန်လာသလိုလို ထင်မိတယ်”

“သူ့အမေနဲ့ငါနဲ့ အတော်ခင်ခင်မင်မင်ဖြစ်သွားတယ်။ သူ့အမေက သူ့ကို ညီမလေးလိုစောင့်ရှောက်ဖို့ပြောတယ်။ သူနေချင်လွန်းလို့သာ ကျောင်းဆက်ထားရတယ်။ အခြေအနေမလှလှဘူးဆိုတာလည်း ပြောတယ်။ အဲဒါနဲ့ ငါက သူ့အမေကို သူကျောင်းဆက်နေနိုင်ဖို့ ကျွန်တော်တာဝန်ယူပါတယ်။ သူကျောင်းနေချင်သလောက်နေပြီး ကျောင်းကထွက်တော့ ငါနဲ့ယူဖို့အရဲစွန့်ပြောလိုက်တာ အဒေါ်ကြီးက ကျေနပ်သွားတယ်။ သူကိုယ်တိုင်ကိုလည်း ငါလိုလူမျိုးနဲ့ သူ့သမီးပေးစားရရင် သူ့အဖို့ တစ်သက်တာ စိတ်အေးရမှာပဲလို့ တွက်ထားသတဲ့”

“ကြည်ကြည်ဆွေကတော့ အဝတ်အစားကောင်းကောင်း ဝတ်မယ်၊ စားမယ်။ ပျော်ပျော်နေမယ်။သူလုပ်ချင်တာ လုပ်ခွင့်ရတယ်ဆိုရင် ဘာမျှဝန်မလေးဘူး။ သူ့အမေစီမံတာကို သူကတော့ ခပ်ပေါ့ပေါ့ပဲလက်ခံလိုက်တယ်။ ငါနဲ့လည်း အတော်ကလေး ခင်ခင်မင်မင်ဖြစ်နေပြီမို့ သူ့ကိုကျောင်းဆက်ထားရင် နောက်တော့ ငါ့ကိုယူရမှာ သူ့အဖို့ဝန်မလေးဘူးပေါ့။ အဲဒါနဲ့ ငါက သူ့ကျောင်းစရိတ်ရော၊ အဒေါ်ကြီးစားဖို့သုံးဖို့ရော အားလုံးပဲတာဝန်ယူတယ်။ ဒီလိုစီမံတာကို လက်ခံပေမယ့် ကြည်ကြည်ဆွေက သူ့အနားကို အကပ်မခံဘူး။ လွတ်လွတ်လပ်လပ်ပဲ နေပါရစေ။ နောင်တော့ သဘောရှိပေါ့လို့ပြောတယ်။ ငါကလည်း သူ့အနားကို မကပ်ရချင်နေပါစေ။ သူ့ကိုကြည့်နေရရင်တော်ပါပြီလို့ဆိုပြီး အစ်ကိုကြီးအနေမျိုးနဲ့ပဲ နေခဲ့တယ်။ ဒါကြောင့်လည်း အကြောင်းရင်းမသိကြတဲ့သူငယ်ချင်းတွေက သူ့ကို ငါ့ညီမဝမ်းကွဲပဲလို့ အောက်မေ့ပြီး ငါ့ကိုယောက်ဖလို့ နောက်ပြောင်ခေါ်ကြတယ်”

“ကြည်ကြည်ဆွေဟာ မင်းတို့သိကြတဲ့အတိုင်းပါပဲ။ အရုပ်ကလေးလို လှတယ်။ ငှက်ကလေးလိုဖျတ်လတ်တယ်။ သူ့ကိုကြည့်ပြီး ကြည်နူးနေရရင် ငါ့အဖို့တော့ ကျေနပ်နေတာပဲ။ ကောလိပ်ကျောင်းမှာ အလှဘုရင်မဖြစ်နေတော့ ရည်းစားစာတွေ တစ်ပုံတစ်ခေါင်းကြီးပေးကြတယ်။ အဲဒါကိုတော့ မင်းတို့တစ်တွေ အားလုံးသိပြီးပဲပေါ့။ ပေးတဲ့ရည်းစားစာတွေကို ကြည်ကြည်ဆွေက သိမ်းထားတယ်။

တံဆိပ်ခေါင်းစုဝါသနာထုံသူဟာ တံဆိပ်ခေါင်းတွေကို ကျကျနနစုသလိုပေါ့။ သူဟာသူ့ကိုယ်သူ လှမှန်းသိတယ်။ ယောကျ်ားတွေ ဝိုင်းနေမှန်းသိတယ်။ ဘာမဆို သူလိုချင်ရင် ရမှာပဲလို့ စိတ်မှာစွဲပိုက်ထားတယ်။ ငါ့ကို သူလိုချင်တာမှန်သမျှ ပုဆာတာပဲ။ ငါကလည်း သူ့အလိုကို လိုက်နေရင် ကျေနပ်နေတော့တယ်”

“သူဟာ ကလေးဆိုးကြီးလို အင်မတန်ဆိုးတယ်။ သူ့အလှဂုဏ်မာန အင်မတန်ကြီးတယ်။ ငါဟာ သူနဲ့တွေ့ရတာကံဆိုးတာပဲလို့ အမြဲတွက်မိတယ်။ ဒါပေမဲ့ သူ့အပေါ်မှာရှိတဲ့ သံယောဇဉ်စိတ်က ငါမထိန်းနိုင်လောက်အောင် ပြင်းထန်ကြီးမားလို့ သူ့အလိုကို နွားကျခံပြီး လိုက်ခဲ့တာပဲ။ သိလျက်နှင့်ပင် ဝိပါက်ကြွမှာထင်လို့...ဆိုတာ ငါ့အဖြစ်နဲ့ အတော်ကိုက်တဲ့စကားပေါ့ကွ။ သူဟာ ငါ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး။ ငါလည်း အသိသားပဲ၊ သူလည်း သူ့ဘာသာသူသိတယ်။ ဒါပေမဲ့ သူနဲ့ငါဘယ်တော့မှလည်း ခွဲလို့မရကြဘူး။ ငါ့ဘက်က သူ့အပေါ် အစွဲအလမ်းကြီးမားပြီး ငါကမခွဲနိုင်ဘူးဆိုတာတော့ ဟုတ်ပါပြီ။ သူကလည်း ငါ့ကို မခွဲနိုင်ဘူးဆိုတာ မင်းတို့က ယုံချင်မှယုံကြမယ်။ သက်သက်ညာနေတာ၊ ငါ့ကို ကျွန်ယုံတော်ကြီး သဘောထားပြီး အမှုထမ်းခိုင်းနေတာလို့ မင်းတို့က တွက်ကြမယ်။ အင်း ... တွက်ချင်လည်း တွက်ကြပေါ့။ တွက်မယ်ဆိုလည်း တွက်စရာပဲ။ဒါပေမဲ့ သူငါ့ကို ညာနေတာမဟုတ်ဘူးဆိုတာ ငါသိတယ်။ မချစ်ပေမယ့် ခွဲလို့မရဘူးဆိုတာလည်း ငါသိတယ်။ ငါ့အချစ်ကို အမြတ်ထုတ်နေတာ မဟုတ်ဘူးလို့လည်း ငါ ကောင်းကောင်းကြီးသိတယ်”

“သူကောလိပ်မှာတုန်းက ဟယ်ရီဆိုတဲ့ကောင်နဲ့ ဖြစ်လိုက်တာ မင်းတို့သိကြမယ်မထင်ဘူး။ ဘယ်သူမှမသိကြဘူး။ငါပဲသိတယ်။ ဟယ်ရီနဲ့သူ ကောလိပ်မှာ တွေ့ကြပေမယ့် ကောလိပ်အပြင်ဘက်မှာအကြီးအကျယ် ဖြစ်ကြတယ်။ ငါသိတော့ သူ့ကိုသတ်ပစ်ချင်လောက်အောင် ဒေါသဖြစ်တာပေါ့။ သူကတော့ သိပ်မမှုလှပါဘူး။ သူ့အဖို့မှာ လမ်းက လူတစ်ယောက်ပန်းစည်းပေးတာကို လှမ်းယူလိုက်တာလောက်ပဲ သဘောထားတယ်”

“သူနဲ့ပတ်သက်ပြီး မနာလိုစိတ်တွေဖြစ်ပေမယ့် သူ့ကိုငါချစ်တာက သူ့ကိုပိုင်ဆိုင်ချင်တာထက် သူ့အတွက်အမှုထမ်းချင်တာက ပိုများလို့ဖြစ်ပါလိမ့်မယ်။ တစ်ဖက်က အကြီးအကျယ်မနာလိုသလောက် တစ်ဖက်က သူ့စိတ်တိုင်းကျဖြစ်ရင်ပြီးရောငါ့အတွက် ဘာမှထည့်မတွက်ချင်ဘူး။ ဟယ်ရီနဲ့ ကောလိပ်အပြင်ဘက်မှာ အတော်တွဲတာပဲ။ ငါကသူ့ကိုဆူတယ်။ သူကတော့ ခပ်အေးအေးပဲ။ မထီမဲ့မြင်သဘောမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ အရေးကြီးလှတဲ့ကိစ္စလို့ သူမယူဆဘူးတဲ့။

အချိန်တန်လို့ ငါနဲ့ယူကြတဲ့အခါမှာ ငါ့မယားအဖြစ်နေရင် ပြီးတာပဲတဲ့။ မယူသေးတဲ့ အချိန်အခါမှာ ငါက သူ့ကို မချုပ်ချယ်သင့်ဘူးတဲ့။ တကယ်ချစ်တယ်ဆိုရင် အပြစ် မယူရဘူးလို့ဆိုတယ်။ ငါလည်း သူ့ကို တစ်ဦးတည်းပိုင်ချင်တဲ့စိတ်ကတစ်ဖက်၊ ပြီးတော့ သူ့ကိုမြတ်နိုးပြီး သူ့စိတ်တိုင်းကျ နေချင်နေပါစေလို့ လွတ်လပ်ခွင့်ပေးထား ချင်တဲ့စိတ်က တစ်ဖက်၊ အဲဒီလို အတိုက်အခံနှစ်ဖက် ရင်ထဲမှာရှိနေလို့ အတော်ဒုက္ခ ရောက်တယ်"

"ဟယ်ရီနဲ့ တိတ်တိတ်ပုန်း ညားကြတယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ ငါသူ့ကိုမစွန့်နိုင်ဘူး။ ဟယ်ရီနဲ့ညားနေမှန်း သိခါမှ ငါသူ့အပေါ်မှာ စိတ်တွေ ပိုပြင်းထန်လာတယ်။ ငါက သူ့ကိုပြောင်ဖွင့်မေးတယ်။ ဟယ်ရီနဲ့ တိတ်တိတ်ပုန်း အိပ်အိပ်နေတာဟာ သူ့ကိုယူမလို့လားလို့မေးတော့ ယူဖို့စိတ်မကူးပါဘူးတဲ့။ အစ်ကို့ကိုပဲ ယူမှာပါတဲ့။ဒီလိုဆိုရင်လည်း ဘာဖြစ်လို့ ဒီလိုသစ္စာဖောက်နေရသလဲလို့ ငါကမေးတယ်။ ဒီတော့သူကပြုံးပြီး 'သစ္စာမဖောက်ပါဘူး အစ်ကိုရယ်၊ ဘယ်မှာ သစ္စာဖောက်လို့လဲ။ ဟယ်ရီကို ယူသွားရင်တော့ အစ်ကိုကိုယူမယ်လို့ ပေးထားတဲ့ ကတိကို ဖျက်ရာကျမှာပေါ့။ ပြီးတော့ အစ်ကိုက ကြည့်ကို ဘယ်လိုနည်းနဲ့ပိုင် တယ်လို့ ပြောနိုင်လို့လဲ။ လောကကြီးမှာ ဘယ်သူက ဘယ်သူ့ကိုမှ မပိုင်ပါဘူး။ ယောက်ျားတွေက မိန်းမယူပြီး မိန်းမရဲ့ကာမပိုင်လို့ ခေါ်ခေါ်နေကြတယ်။ မိန်းမတွေ ကတော့ ယောကျ်ားရဲ့ကာမပိုင်လို့ မခေါ်နိုင်ဘူး။ တကယ်တော့ ဘယ်သူမဆို ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပဲ။ ကိုယ့်ကာမကိုလည်း ကိုယ်ပဲပိုင်ရမှာပေါ့တဲ့'။ ငါလည်း သူ့စကားကို ဘာမျှပြန်မပြောဘဲ နားထောင်နေလိုက်တယ်။ သူပြောတာ မဟုတ်ဘူး လို့ ပြောရမှာ ခပ်ခက်ခက်ပဲ"

"နောက်မကြာခင်ဘဲ ဟယ်ရီက သူ့ဆီကခွာပြေးတယ်။ဘယ်လိုအကြောင်း ကြောင့်ဆိုတာတော့ သေသေချာချာမသိရဘူး။ ငါသိပ်သိချင်တာပဲ။ ဟယ်ရီ အပေါ်မှာ ငါအာဃာတ မထားပါဘူး။ တကယ်ဆိုတော့ သူဟာ ငါ့မယားကို ခိုးယူတာလည်းမဟုတ်ဘူး။ ဟယ်ရီက ကြည်ကြည်နဲ့ဝေးအောင် ရှောင်ရုံမကဘူး။ မကြာခင်ပဲ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်တယ်။

"မိန်းမတစ်ယောက်နဲ့ အားရအောင်နေပြီး အစာဝတော့ ဌာနပြန်တယ် ဆိုတာမျိုးဟာ မဆန်းပါဘူး။ ဟယ်ရီလည်း ဒီလိုပဲလား။ ဒါမှမဟုတ်ရင် ဘာ့ ကြောင့်လဲ။ အဲဒါကို ငါသိချင်တာနဲ့ အတော်ဉာဏ်ထုတ်ပြီး သိအောင်လုပ်ယူရ တယ်။ ဟယ်ရီနဲ့ အခင်ဆုံးသူငယ်ချင်းနဲ့ ငါအရင်က သိပ်မခင်ပေမယ့် ခင်အောင် လုပ်ပြီး နောက်ဆုံးကျတော့ သူကဟယ်ရီနဲ့ ကြည်ကြည် ခွာပြဲကြတဲ့အကြောင်း

သဲလွန်စကို အမှတ်တမဲ့ပြောပြတယ်။ ဟယ်ရီနဲ့ ကြည်ကြည် ပထမပိုင်းမှာတုန်းက အစစမှာအဆင်ပြေကြပါရဲ့တဲ့။ နောက်တော့ ဟယ်ရီဟာ လူစဉ်မမီတဲ့အဖြစ်မျိုးနဲ့ချည်း ကြုံကြိုက်နေလို့ လန့်ပြီးပြေးတာပဲတဲ့"

"ငါက အဲဒီတုန်းကအထိ ကြည်ကြည့်ကို ဘာမှမလုပ်ခဲ့ဘူး။ သူ့ကို ကြည့်နေရတာပဲ ငါ့အဖို့မှာ ကျေနပ်စရာဖြစ်နေခဲ့တယ်။သူ့ကိုကြည့်တိုင်း ကြည့်တိုင်း ငါ့အမေနဲ့ ညီမကလေးမျက်နှာပဲမြင်တယ်။ အဲဒီလိုမြင်ရတော့ ငါသူ့အပေါ်မှာ ကာမဂုဏ်စိတ်ရယ်လို့ မရှိဘူး။ ဒါပေမဲ့ အဲဒီစိတ်ကင်းသလားဆိုတော့လည်း မကင်းဘူးပေါ့။ ငါလည်းငါ့ကိုယ်ငါ အတော်စဉ်းစားဝေဖန်ကြည့်တယ်။ ဒီစိတ်ဟာ မရှိလို့ မဟုတ်ဘူး။ ကြည်နူးသာယာနေတဲ့စိတ်က လွှမ်းမိုးထားလို့ မြုပ်နေတာပဲလို့ ငါတွေးမိတယ်။ ငါ့အတွေးဟာ မှန်လိမ့်မယ်ထင်တယ်။ ဟယ်ရီနဲ့ကြည်ကြည်တို့ ဖြစ်ပျက်ကြတာသိရတော့ ငါဟာကြည်ကြည့်ကိုမြင်ရာမှာ အရင်တုန်းကလို မဟုတ်တော့ဘူး။အမေနဲ့ညီမလေးရဲ့ မျက်နှာကိုမမြင်ရတော့ဘူး။ ကြည်ကြည့်ကို သာမန်မိန်းကလေး တစ်ယောက်အဖြစ်နဲ့ပဲ မြင်တယ်။ အဲဒီအခါမှာ ငါက ကြည်ကြည့်ကို တောင်းဆိုတယ်။ ကြည်ကြည်က ခဲခဲယဉ်းယဉ်းမရှိပါဘူး။ ငါလည်းအောင်မြင်တယ်"

"လက်တော့ မထပ်ကြရသေးဘူးပေါ့ကွာ။ ဒါပေမဲ့ လင်မယားလို မကြာခဏနေကြတယ်။ အစကတည်းက အမေကြီးရဲ့ သဘောတူညီချက်ရပြီးသားမို့ ငါတို့နှစ်ယောက် လက်ပွန်းတတီးနေတာဟာ မခက်ခဲလှဘူးပေါ့"

"ကြည်ကြည်ဟာ မျက်နှာများတဲ့ မိန်းမတစ်ယောက်လို့ မင်းတို့ခေါ်ချင်ခေါ်၊ ငါတော့ ဒီလိုမထင်ပါဘူး။ တကယ်တော့ သူမျက်နှာများတာကို ငါအသိဆုံးပေါ့။ သိလျက်နဲ့ မျက်နှာများတယ်လို့ မထင်ဘူးဆိုတော့ မင်းတို့က ငါ့ကို ရူးတယ်ပဲဆိုကြမလား။ နွားကြီးလို့ပဲခေါ်ကြမလား မသိဘူးပေါ့။ ခေါ်ချင်ခေါ်ကြလေ။ ငါတော့ ကြည်ကြည်ဟာ အချစ်ကို လိုက်ရှာနေတဲ့ မိန်းမတစ်ယောက်ပဲ။ အချစ်မျှော်သွေးစမ်းနေတဲ့ မိန်းမတစ်ယောက်လို့ ခေါ်မယ်ဆိုခေါ်နိုင်မယ်။ အချစ်ဆိုတာကတော့ ကာမဂုဏ်အချစ်ကို ဆိုလိုပါတယ်"

"သူ ငါ့ကိုမချစ်မှန်းငါသိတယ်။ ငါကလည်း သူ့ကိုချစ်နေတော့ သူငါ့ကို တစ်နေ့နေ့ချစ်လာမှာပဲလို့ အောက်မေ့ပြီး သူငါ့ကိုချစ်လာအောင် အမျိုးမျိုး ပါရမီဖြည့်ခဲ့တယ်။ ဟယ်ရီနဲ့ကွဲပြီး ငါနဲ့ဖြစ်နေခိုက်မှာပဲ နောက်တစ်ယောက်နဲ့ ဖြစ်သေးတယ်။ သူ့ကိုတော့မင်းတို့သိကြမယ် မထင်ဘူး။ကောလိပ်မရောက်ဖူးဘူး။ တို့လမ်းထဲက ကောင်တစ်ယောက်ပါပဲ။ ကြည်ကြည့်ထက် ငယ်သေးတယ်။ အဲဒါကို

လည်း ငါသိတယ်။ ငါလည်း အရင်တုန်းကလို သဝန်မကြောင်တော့ဘူး။ တကယ်ဆို အဲဒီလို ဖောက်ပြန်တာကိုပဲ ငါက ကြိုဆိုနေမိသေးတယ်။ ငါဟာ သူ့ကိုမြတ်နိုးမိတဲ့ အခါမျိုးမှာ သူနဲ့အတူ အိပ်ရာမှာ ငါလူစဉ်မမီတဲ့ အဖြစ်မျိုးနဲ့ချည်း ကြုံရတယ်။ သူ့ကိုမြတ်နိုးပြီး ကြည့်နေတဲ့အခါများမှာ သူ့ကိုဘာမှမလုပ်ရက်ဘူး။ ကြည်ညိုစိတ်တွေလွှမ်းပြီး ငါ့ကိုယ်ဟာ ပတ်ဝန်းကျင်ထဲမှာ အရည်ပျော်နေသလိုပဲ။ ငါ့ကိုယ်ရယ် မရှိတော့ဘူးလို ဖြစ်သွားတယ်။ သူ့ကို မွန်မွန်မြတ်မြတ်ထားပြီး ကြည့်ရင်းကြည်နူးနေတဲ့ အရုပ်ကလေးလိုပဲ ထင်မိတယ်။ အဲဒီအခါမျိုးမှာ ငါသူ့ကို ဘာမှလုပ်လို့ မရဘူး"

"အဲ...သူဖောက်ပြန်ပြီဆိုတဲ့ အခါများကျတော့ ငါ့ကာမစိတ်ဟာ ထက်သန်တယ်။ ကာမဂုဏ်ကိစ္စမှာ အောင်အောင်မြင်မြင် ကျေကျေနပ်နပ်ကြီး ဖြစ်မြောက်တယ်။ ဒါကြောင့်မို့ပေါ့ သူဖောက်ပြန်တာကိုပဲ ငါကြိုဆိုနေခဲ့မိတယ်လို့ ဆိုတာ ...."

"ကဲ ...ကိုတက်တိုး၊ ဖတ်ရတာမောပြီလား။ ခဏနားချင်နားဦးလေ"

"မောတော့ မမောသေးပါဘူး။ ဒါပေမဲ့ ဒီအထိဆွေးနွေးကြဦးမလား"

"ကိုသန်းအောင်က ဘယ့်နှယ်သဘောရသလဲ"

"ကိုဘဆန်းရော ဘယ်လိုလဲ"

"ကျွန်တော်တော့ ကိုတက်တိုးမောရင် ကျွန်တော်ဆက်ဖတ်ပါ့မယ်။ အားလုံးဖတ်ပြီးမှပဲ ဆွေးနွေးကြမလားလို့။ ကိုမြင့်မောင်ကြီးဟာ စိတ်ပညာဆရာပီပီ သူ့အဖြစ်ကို သူပဲဝေဖန်သွားတာမို့ ကျွန်တော်တို့က သူ့ဝေဖန်ချက်ကို မူတည်ပြီး ထပ်ဝေဖန်ဆွေးနွေးကြရလိမ့်မယ် ထင်တယ်"

"အစစ်ပေါ့။ အခုသူပြောသွားတဲ့ စကားတွေထဲမှာ သူ့စိတ်ကို သူဝေဖန်သွားတာတွေ အများကြီးပါတယ်။ ကိုဘဆန်းပြောသလိုပဲ ဆက်ဖတ်ပြီး ဆုံးတော့မှပဲ ဝေဖန်ဆွေးနွေးကြဖို့ ကောင်းမယ်ထင်တယ်။ ကိုတက်တိုး ဆက်ဖတ်မလား။ ကိုဘဆန်းကိုပဲ ဖတ်ခိုင်းမလား"

"ကျွန်တော်ပဲ ဆက်ဖတ်ပါ့မယ်"

"အဲဒီလမ်းထဲက ကောင်လေးနဲ့ဖြစ်ကြတုန်းက ငါဟာအများအမြင်အားဖြင့် နွားကြီးပေါ့။ ဒါပေမဲ့ ငါကတော့ လွတ်ပေးထားတယ်။ ကောင်လေးဆိုတော့ အတွေးအခေါ်ကနု၊ ငယ်ငယ်ရွယ်ရွယ်မို့ ကာမကိစ္စမှာ ရွေးတတ် ချယ်တတ်တာမျိုးလည်းမဟုတ်။ ရုပ်ရည်ဆွဲငင်ရာသာ စိတ်ကပါနေလေတော့ ကြည်ကြည်ကအတော်ကျေနပ်ဟန်ရှိတယ်။ အဲဒီလို ကာမဂုဏ်စိတ်တက်ကြွနေတဲ့အခါမှာ

သူ့မျက်နှာဟာ ဆန္ဒရောင်လွှမ်းနေတယ်။ ငါလည်း သူ့ကိုမြင်တိုင်း ဆန္ဒပြင်းထန်တယ်။ ကြည်နူးတဲ့စိတ် ကြည်ညိုမြတ်နိုးတဲ့စိတ်တွေ ပျောက်နေတယ်။ တစ်နည်းဆိုရင် ငါ့အမေနဲ့ ငါ့ညီမလေးတို့ရဲ့ မျက်နှာတွေ ကွယ်ပျောက်နေတယ်။ အဲဒီအခါမျိုးမှာ ငါ့စိတ်ဟာ အတော်လွတ်လပ်နေတယ်။ အမေနဲ့ ညီမလေးတို့ရဲ့ မျက်နှာတွေကို သူ့မျက်နှာမှာမြင်ရတဲ့အခါမျိုးမှာ ငါ့စိတ်ဟာ မလွတ်လပ်ဘူး။ ကြည်ညိုမှု၊ မြတ်နိုးမှုထောင်ထဲမှာ ကျနေတယ်။ ပြီးတော့လည်း ငါ့ကိုယ်ကို ငါမပိုင်ဘူး။ ငါ့ကိုယ်မရှိတော့သလိုပဲ”

“ကောင်လေးနဲ့ဖြစ်ပျက်လို့ ခြောက်လခုနစ်လလောက်မှာ ကောင်လေးဟာ ကောင်မလေးတစ်ယောက်နဲ့ ခိုးထွက်ပြေးရော၊ ကြည်ကြည့်အနားကို ကပ်ဖို့ မပြောနဲ့ အမြင်အတွေ့တောင် မခံတော့ဘူး။ ကြည်ကြည်လည်း အချစ်ရှာတာ ဘယ်မှာမှမတွေ့တော့တာနဲ့ ငါ့ကိုပဲချစ်လာတော့တယ်။ လက်ထပ်ယူလိုက်ပါတော့လို့ပြောတယ်။ အဲဒီတော့ ငါဟာ တရားမဝန်ထောက် ဖြစ်နေပြီ။ အဲဒါနဲ့ အတော်ပဲ သူ့ကိုယူပြီး နယ်ပြောင်းသွားရတယ်”

“သူ ငါ့မယားဖြစ်တော့ စိတ်အတော်ငြိမ်သွားပဲ။ အရင်တုန်းကလို မဖောက်ပြန်တော့ဘူး။ ငါ့ကိုပဲ ဂရုစိုက်တယ်၊ မြတ်နိုးတယ်။ အဲဒီလိုမြတ်နိုးတဲ့ အခါမျိုးမှာ ငါဟာသူ့ကို ကြည်ညိုမြတ်နိုးစိတ် ပေါ်ပေါ်လာတယ်။ အဲဒီလိုပေါ်လာတဲ့အခါမှာ ငါအရင်ကဆိုခဲ့တဲ့အတိုင်းပဲ ငါ့ကိုယ်မရှိတော့သလို ဖြစ်ဖြစ်နေပြီး ကာမကိစ္စမအောင်မြင်ဘူး။ သူလည်းဒီအတွက် အတော်မကျေမနပ်ဖြစ်တယ်။ ပွင့်ပွင့်လင်းလင်းဆက်ဆံကြတာမို့ သူကဖွင့်ပြောတော့ ငါက သူ့ကို မင်းဖောက်ပြန်ချင်တဲ့အခါ ဖောက်ပြန်ပေါ့လို့ အခွင့်ပေးတယ်။ ဒါပေမဲ့ သူ့မှာဖောက်ပြန်ချင်စိတ်မရှိဘူး။ အဲဒီအခိုက်အတန့်မှာ မရှိသေးဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့ကိုချစ်နေတာကိုး”

“သူမဖောက်မပြန်ဘဲ ငါ့ကိုမြတ်နိုးယုယတဲ့အခါမှာ ငါသူ့ကိုသိပ်ချစ်တာပဲ။ အဲဒီလိုချစ်လို့ပေါ့။ ငါ့မှာ အမေနဲ့ညီမလေးရဲ့မျက်နှာ ပေါ်ပေါ်နေတာ။ ဒီတော့ သူ့ကို မယားလို မပြုမူနိုင်တော့ဘူး။ ငါဟာ လူစဉ်မမီသလိုဖြစ်နေလို့ အတော်ပဲစိတ်ညစ်တယ်။ သူကလည်း မကျေနပ်ဘူး။ မကျေနပ်ပေမယ့် ငါ့ကိုမပစ်နိုင်ဘူး။ သူ ကျန်းကျန်းမာမာ ကြည်ကြည်လင်လင်ဖြစ်နေပြီ။ ငါ့ကို ချစ်ခင်ယုယတယ်ဆိုမှဖြင့် ငါ့မှာ ဒုက္ခရောက်ရတော့တာပဲ။ ချစ်ခင်မြတ်နိုးစိတ်တွေနဲ့ ကာမဆန္ဒတို့ဟာ ငါ့အတွင်းသန္တာန်မှာ အကြီးအကျယ် စစ်ခင်းနေကြတာပဲ။ ကာမဆန္ဒကချည်း ရှုံးတယ်လို့ ဆိုရမှာပေါ့။ ငါဟာ အလကားကောင် ဖြစ်ဖြစ်နေတော့တယ်”

"သူတစ်ခါတလေ နေထိုင်မကောင်းဘဲ ညှဉ်းသိုးသိုးဖြစ်နေပြီဆိုမှဖြင့် ငါဟာ သူရဲကောင်းကြီးဖြစ်နေတော့တယ်။ သူ့စိတ်မကြည်လင်တဲ့အခါ စိတ်အနှောင့်အယှက်ဖြစ်တဲ့အခါ နေထိုင်မကောင်းလို့ ဖိုးရိုးဖားရားဖြစ်နေတဲ့အခါ အဲဒီအခါမျိုးမှာ ငါဟာ ယောကျ်ားပီသတယ်။ သူနေကောင်းလို့ ကြည်လင်လာပြီး ငါ့ကိုမြတ်နိုးယုယတဲ့အခါဆိုရင် သွားပြီ။ ငါတော့သွားတာပဲ"

"နောက် တို့ရန်ကုန်ပြန်ရောက်လာပြီး မကြာခင်ပဲ ကြည်ကြည်ဟာ သူ့အဖို့ ကျေနပ်ဖွယ် ကာမအချစ်ကို ထပ်ရှာပြန်တယ်။ မင်းတို့သိမှာပါ ဘသက်မောင်ကြီးနဲ့လေ။ ဘသက်မောင်က ငါနဲ့အတော်ခင်တယ်။ အရင်ကြည်ကြည့်ကို အကြီးအကျယ်ပိုးခဲ့တာပေါ့။ အခုတွေ့တော့လည်း စိတ်မကုန်သေးဘူး။ သူက ဒီလောက်စွဲစွဲမြဲမြဲကြိုက်တာကို ကြည်ကြည်သိလို့ သူနဲ့ယူစမ်းကြည့်တာပါပဲ။ ဒီတစ်ခါတော့ အရင်တုန်းက အဖြစ်အပျက်မျိုးတွေနဲ့ မတူဘူး။ ကြည်ကြည် ငါ့ဆီက လုံးဝခွာထွက်ပြေးတယ်။ အရင်တုန်းက ဟာတွေကတော့ ငါ့လက်ထဲမှာဖြစ်တာ။ အခုလို လုံးဝထွက်သွားပြန်တော့ ငါ့မှာအကြီးအကျယ်ဒုက္ခရောက်ရတယ်။ အရင်တုန်းကလို ငါ့လက်ထဲမှာပဲ ဖောက်ပြန်နေတယ်ဆိုရင် ငါကြိုက်သေးတယ်။ အခုတော့ ငါ့အမေနဲ့ညီမလေး ဆုံးရသလို ဖြစ်တော့တာပေါ့"

"သူ ဘသက်မောင်နဲ့ ပေါင်းသင်းနေတုန်းမှာ ငါ့အဖို့ ကာမကိစ္စအတွက် ဘာမျှမခက်ခဲပါဘူး။ ဒီပြင် မိန်းမတွေအမျိုးမျိုးနဲ့ တွေ့ခဲ့တယ်။ ဒီဆန္ဒဖြေပျောက်တယ်။ ငါရဲ့စွမ်းရည်ဟာလည်း သူနဲ့အတူနေတုန်းကနဲ့ မတူဘူး။ အများကြီးအားရစရာ တိုးတက်ခဲ့တယ်။ ဒါပေမဲ့ ငါ့အမေနဲ့ညီမလေး ဆုံးရတာကိုတော့ နည်းနည်းမှဖြေဖျောက်လို့မရဘူး။ အစားထိုးလို့လည်း မရဘူး။ အဲဒီအတွက်ပဲ စိတ်ဒုက္ခရောက်ရတယ်"

"ဒါကြောင့်ပေါ့၊ သူဘသက်မောင်ဆီက ပြန်လာတော့ ငါက အားရဝမ်းသာ ကြိုဆိုလက်ခံတာပေါ့။ သူကလည်း ခပ်အေးအေးပဲ ခရီးထွက်ရာက အိမ်ပြန်ရောက်သလိုပဲ။ ငါလည်း သူ့ကို ကျကျနနပေါင်းသင်းနေနိုင်ခဲ့တယ်။ ဒီတစ်ခါဟာ သူရဲ့ကာမအချစ်ရှာတော်ပုံ စခန်းသိမ်းတာပါပဲ။ ယောကျ်ားတွေဟာ မစွံပါဘူးလို့ သူကညည်းတယ်။ သူ့ကိုချစ်လှချည်ရဲ့လို့ဆိုတဲ့ ဘသက်မောင်ဟာ သူ့ဆီက ထွက်ပြေးပြီး မိန်းမကြီးဆီကို ပြန်တယ်"

"ငါလည်း ဘသက်မောင်နဲ့ ခင်မင်ရင်းစွဲရှိနေတာနဲ့ သူနဲ့တွေ့ပြီး ရင်းရင်းနှီးနှီးမေးမြန်းကြည့်တယ်။ ဘသက်မောင်က သူအသည်းစွဲချစ်ကြိုက်နေတဲ့ မိန်းမမို့ ကျေနပ်လောက်ပြီလို့ အောက်မေ့ခဲ့သတဲ့။ ဒါပေမဲ့ ပေါင်းကြည့်တော့ မကျေနပ်တော့

ဘူးဆိုပဲ။ ကြည်ကြည်နဲ့ ရင်းရင်းနှီးနှီးနေထိုင်နေရတဲ့ အခိုက်မှာ သူ့ဘေးပတ်လည်မှာ ယောက်ျားတွေ အများကြီးဝိုင်းနေသလိုပဲ ထင်မိသတဲ့။ငါတစ်ယောက်တည်း မဟုတ်ပါလား။ သူ့ကိုလိုချင်သူတွေ အများကြီးပါလား။ ငါဟာ သူတို့ထက် သာနိုင်မှာတဲ့လား။ ငါ့ချွတ်ယွင်းချက်တွေ ချို့တဲ့မှုတွေကို ကြည်ကြည့်စိတ်ထဲမှာ ပေါ်လွင်နေပြီး ငါ့ကို သူများတွေနဲ့ အမြဲတမ်းနှိုင်းနေမှာပဲ။ အဲဒီလိုသံသယတွေ ဝိုင်းဝိုင်းလည်နေလို့ သူ့ကိုယ်သူ ယုံကြည်စိတ်တွေ တစ်နေ့တခြား လျော့ပါးပျက်ပြားလာလေရောတဲ့။ အဲဒီလို ပျက်ပြားလာလေလေ သူ့စွမ်းရည်လျော့ပါးလာလေလေဖြစ်ရသတဲ့။ နောက်ဆုံးကျတော့ ကြည်ကြည့်ကို ကြောက်လာသတဲ့။ သူနဲ့အိပ်ရမှာကိုလည်း ကြောက်လာရောတဲ့။ အဲဒီကြောက်စိတ်ပွားလာလေ သူ့ယောက်ျားပီသမှု လျော့ပါးသွားလေလေဖြစ်ပြီး၊ နောက်ဆုံးတော့ သူဟာ ကြည်ကြည်နဲ့သာ ဆက်နေရရင် ရူးလိမ့်မယ်လို့တွက်ပြီး ကြည်ကြည့်ကိုပစ်ပြေးတာပဲတဲ့"

"ဘသက်မောင်နဲ့ ငါနဲ့ အဖြစ်ချင်းအတော်တူတယ်။ ကွဲပြားခြားနားတဲ့ အချက်တစ်ချက်ကတော့ ဘသက်မောင်မှာ ငါ့လိုအမေစွဲမရှိဘူး။ ငါ့မှာလည်း အမေစွဲမရှိရင် ကြည်ကြည့်ကို ပစ်လိုက်တာကြာရောပေါ့။ ကြည်ကြည်ခမျာမှာတော့ အချစ်ကို လိုက်ရှာလိုက်တာ စိတ်ပန်းကိုယ်ကြေပဲလေ။ နောက်ဆုံးတော့ ငါ့ကိုချစ်တဲ့ အခြေကို ဆိုက်ရတော့တယ်။ သူဟာ ငါ့ကိုချစ်တယ်။ ဒါပေမဲ့ မကြိုက်ဘူး။ ငါက သူ့ကို ယုယမြတ်နိုးတာကို သူကျေနပ်စွာခံဖူးတယ်။ ဒါပေမဲ့ တစ်ခါတစ်ခါ ငါရဲ့ ယောက်ျားပီသမှု ပျောက်ပျောက်သွားတာကို မကျေနပ်ဘူး။ သူလည်း အခုသေသာ သွားရော ငါ့အကြောင်းကို ကောင်းကောင်းမသိရှာဘူး"

"အခု သူသေသွားပြီ။ ငါလည်း ထောင်ထဲရောက်နေပြီ။ အခုမှပဲ ငါတော့ လွတ်လပ်တော့တယ်။ သူသေသွားတော့ ငါ့အမေနဲ့ ညီမတို့လည်း သေကြပြီပေါ့။ ဒီတစ်ခါတော့ တကယ်ပဲသေကြပြီလေ။ ငါလည်း သံယောဇဉ်ထောင်က လွတ်သွားပြီ။ အဲဒီလိုလွတ်သွားတော့ ငါပျော်ရောတဲ့လား။ ဝေးလိုက်တာ ဖိုးတက်တိုးရာ။ ငါဟာ တစ်သက်လုံး မလွတ်လပ်တဲ့ဘဝမှာနေခဲ့တယ်။ အမေနဲ့ညီမလေးရဲ့အရိပ် ပျောက်တဲ့ဘဝမှာ နေလာခဲ့ရာက ဒီအရိပ်ကွယ်လေတော့ ငါ့ဘဝဟာ အမိပ္ပာယ်ရှိတဲ့ မှောင်အတိဖြစ်သွားတော့တာပေါ့။ အမိပ္ပာယ်မရှိတဲ့ ဘဝမှာနေရင် ရူးရာကျတော့မပေါ့"

"အခုနောက်ပိုင်းမှာ ကြည်ကြည်ဟာ ငါ့အပေါ်မှာ အတော်ကြင်နာမြတ်နိုးရှာပါတယ်။ သူတံတားပေါ်က လိမ့်ကျတာဟာ ငါ့အပြစ်အများကြီးပါတယ်။ ငါတွန်းချလိုက်တာလိုပါပဲ။ တကယ်တော့ ငါကိုယ်တိုင် တွန်းချလိုက်တာတော့

မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူဟာ ငါ့မျက်နှာထားကိုကြည့်ပြီး ရှန်းလိုက်တာ အားလွန်ကျသွားတာပဲ။ ငါ့မျက်နှာထားဟာ သူ့အပေါ်မှာ ကြည်နူးမွန်မြတ်တဲ့ စိတ်ပျောက်ပြီး ပြင်းထန်တဲ့ကာမဆန္ဒစိတ်လွှမ်းတဲ့အခါမှာ သူငါ့ကို ခဏခဏ ပြောဖူးတယ်။ ကြောက်စရာလန့်စရာပဲတဲ့။ ပြီးတော့လည်း စိတ်ဝင်စားစရာဖြစ် သေးသတဲ့။ ညို့အား အင်မတန်ကြီးတာပဲတဲ့။ သူဟာ အဲဒီအခါမျိုးမှာ ရွံ့လည်း ရွံ့တယ်၊ ကြိုက်လည်းကြိုက်တယ်။ တကယ်တော့ ဒီလိုမျက်နှာထားမျိုးကို သူဟာ အမြဲတမ်းလိုလို အိပ်ရာထဲမှာပဲ တွေ့ရတတ်တယ်။ အဲဒီလိုအခါမျိုးမှာ သူဟာ ဒီလိုပဲနောက်ကို တွန့်ပြီး ရှန်းဖို့ပြင်တယ်။ ငါအခုတင်ကပြောသလိုပဲ အညို့ခံရတဲ့ သတ္တဝါဟာ ညို့တဲ့သတ္တဝါဆီက ရှန်းလဲထွက်ချင်တယ်။ စွဲမက်ပြီးလည်း နေတယ်။ အဲဒီလိုပေါ့။ သူလည်း သူတံတားလက်ရမ်းပေါ်မှာ ထိုင်နေတာကို ရုတ်တရက် သတိလစ်သွားတယ်ထင်ပါရဲ့။ အိပ်ရာထဲမှာလိုပဲ တွန့်ပြီး နောက်လှန်ချလိုက်တာ ပဲ ဖြစ်ရမယ်။ နို့မို့ရင် အားလွန်ကျချင်မှကျမယ်။ ငါလည်း သူလဲကျသွားတာကို ဘာမျှမလုပ်နိုင်ဘဲ ငေးကြောင်ကြည့်မိတယ်။ တကယ်တော့ သူသေရတာ ငါ့ကြောင့် ပါပဲကွာ။

"အခု သူလည်းမရှိတော့ဘူး။ သူမရှိတော့ ငါ့အမေနဲ့ညီမလေးလည်း မရှိတော့ဘူး။ ငါလည်းရှိဖို့ မလိုတော့ဘူး။ ငါရှိနေရင် သူတို့ကိုစွဲလမ်းတဲ့ သံယောဇဉ်ကြီးက ငါ့ကိုသေဒဏ်ကြိုးစင်မှာ လည်ပင်းချည်တဲ့ကြိုးကြီးထက် ပိုဆိုး ဦးမယ်။ ငါ့အမှုမှာ ငါကြိုးဒဏ်ကျရင် တော်ပါသေးရဲ့၊ မကျရင် လောကငရဲကြီးခံ နေရမှာ သေတာထက်ဆိုးဦးမယ်။ ငါလည်းတရားသူကြီးပဲ။ ငါ့အမှုမျိုးမှာ ကြိုးဒဏ် ကျဖို့ လမ်းမမြင်ဘူး။ လွတ်ပစ်မယ်။ မပစ်ရင် ထောင်ချမယ်။ အဲဒီနှစ်မျိုးလုံးဟာ ငါ့အဖို့ သေဒဏ်ထက်ဆိုးသေးတယ်။ ဒီတော့ ငါ့တရားငါစီရင်သွားရတာပဲကွာ။ ငါပြောပြချင်တာတော့ ဒါပါပဲ။ မင်းဘာသာ မင်းကြည့်ပြီး စီရင်ပေတော့။ ငါ့ မိတ်ဆွေတွေ အားလုံးကို ငါနှုတ်ဆက်ပါတယ်။ ပြောပြလိုက်ပါ။

မြင့်မောင်

"ကဲ...ကိုတက်တိုး ဖတ်ရတာ မောသွားရော့မယ်။သောက်လိုက်ပါဦး"

"ကိုဘဆန်း ခင်ဗျားရဲ့ထင်မြင်ချက်၊ ဝေဖန်ချက်ကလေးများ ကြားစမ်း ပါရစေ"

"ခင်ဗျားက စပြောမှပေါ့ ကိုသန်းအောင်"

"လုပ်ပါလေ...ခင်ဗျားပြောပြီးမှ ကျွန်တော်ပြောပါ့မယ်။ ဖိုးတက်တိုး

ကိုတော့ နောက်ဆုံးမှပဲ ပြောခိုင်းမယ်"

"ကျွန်တော်ကတော့ စိတ်ပညာဆရာလည်းမဟုတ်၊ စိတ်အကြောင်းလည်း ကောင်းကောင်းနားလည်တာလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို သတ်သေတဲ့အဖြစ်ကိုတော့ တော်တော်စိတ်ဝင်စားမိပါတယ်။ ထောင်ထဲမှာ အဲဒီလို သတ်သေတာတွေ တွေ့ရတတ်တယ်။ သတ်သေပုံတွေကတော့ အမျိုးမျိုးပေါ့ဗျာ...။ ဘာကြောင့် သတ်သေကြပါလိမ့်လို့တော့ အမြဲပဲ စိတ်ထဲမှာ မေးမိတယ်။ အကြောင်း အမျိုးမျိုးရှိပေမပေါ့။ ဒါပေမဲ့ လူသိတဲ့ အကြောင်းတွေဟာ တကယ့်အကြောင်းတွေ မဟုတ်ပါဘူး။ သတ်သေဖို့ ဖြစ်လာတဲ့ စိတ်အခြေအနေဟာ အတော်ပဲ စိတ်ဝင်စား စရာကောင်းတယ်။ ဒါနဲ့ ကျွန်တော်လည်းသတ်သေတဲ့ စိတ်ဓာတ်အကြောင်းကို နည်းနည်းပါးပါးဖတ်ကြည့်တယ်။ သတ္တဝါဆိုတာ ကိုယ့်ဘဝဘယ်လောက်ပဲ ဆိုးဆိုး ဘဝကို ခင်သေးတာပဲ။ သေရမှာတော့ ကြောက်သေးတာပဲ။ သတ်သေတဲ့လူ တွေဟာ သေရမှာကို မကြောက်ကြလို့လား။ မကြောက်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ သေရမှာကြောက်တဲ့ အကြောက်ထက် နေရမှာကြောက်တဲ့ အကြောက်က ပိုပြီး ပြင်းထန်ကြီးမားလွန်းလို့ပဲ"

"ဟုတ်တယ်။ အကြောက်ကြီးက အကြောက်ကလေးကို လွှမ်းမိုးတာ ဟာ ဓမ္မတာသဘာဝပဲလေ"

"ဟုတ်တယ် ကိုသန်းအောင် အခု ကိုမြင့်မောင်ကြီးရဲ့ကိစ္စမှာ သူဟာ တစ်သက်လုံးပဲ သူ့အမေရဲ့ အရိပ်ထိုးနေတယ်။ သူ့ညီမရဲ့အရိပ်ကတော့ သူ့အမေ့ အရိပ်ရဲ့ မင်ခံစက္ကူမိတ္တူပါပဲ။ သူ့အမေသေသွားတော့ သူ့ညီမလေးကို အမေ ကိုယ်စား အစွဲအလမ်းကြီးရတယ်။ ညီမလေးသေသွားတော့ သူ့မှာ ခိုကိုးရာမဲ့ သဘောမျိုးဖြစ်ရတယ်။ ပြီးတော့ ကြည်ကြည်ဆွေကိုတွေ့တော့ သူ့အမေအရိပ်ပြန် ပေါ်လာတယ်"

"ကြည်ကြည်ဆွေဟာ သူ့အမေနဲ့တူတယ်လို့ သူဆိုထားတယ်။ အဲဒါ ဘယ်လောက်အထိ မှန်တယ်လို့ထင်သလဲ"

"ဒါတော့ ကိုတက်တိုးရယ်။ သူ့အမေကိုမှ မမြင်ဘူးပဲဟာ"

"မဟုတ်ဘူး ကိုဘဆန်း၊ ကျွန်တော်ဆိုလိုတာက သူ့အမေနဲ့ကြည် ကြည်ဆွေဟာ ဘယ်လိုပဲတူတယ်ပြောပြော သူ့အမြင်နဲ့သာ တူနေတာဖြစ်မယ်။ တခြားလူတွေကတော့ တူတဲ့အဖြစ်ကို မြင်ကြမှာမဟုတ်ဘူး။ သူ့စိတ်က သူ့ အမေရုပ်ပုံကို ကြည်ကြည်ဆွေ့မျက်နှာပေါ်မှာ စွပ်ပေးတာမျိုးဖြစ်လိမ့်မယ်"

"ဖိုးတက်တိုးဆိုတာ ဟုတ်တယ်။ ကိုမြင့်မောင်က သူ့အမေကို အစွဲကြီး

စွဲနေခဲ့တယ်။ သူ့အမေဟာ သူ့အဖို့ မိန်းမတို့ရဲ့ထိပ်ခေါင်တင်ပဲ။ မိန်းမတို့ရဲ့ ဂုဏ်ဒြပ်အားလုံးစုနေမယ်လို့ပဲ သူထင်နေတာဖြစ်ရမယ်။ သူ့အမေဟာ လှချင်မှ လှမယ်။ သိမ်မွေ့နူးညံ့မယ်။ တကယ်ဆိုတော့ သူ့အမေဟာ သူများတွေအဖို့ သာမန်မိန်းမတစ်ယောက်ပဲ။ ဒါပေမဲ့ ကိုယ်ထင်ခုတင်ရွှေနန်းဆို သလိုပေါ့ဗျာ"

"ကိုသန်းအောင်ပြောတာ မှန်တယ် ကိုဘဆန်း။ ကြည်ညိုမြတ်နိုး စိတ်ဟာ သာမန်ကို အထူးအမြတ်ဖြစ်စေနိုင်တယ်။ သူ့စိတ်ထဲမှာ သူ့အမေကို အလှဆုံးလို့ထင်နေခဲ့တယ်။ အလှဆိုတာဟာ စိတ်ကဆုံးဖြတ်တဲ့ဟာပဲ။ ဘယ် အလှရယ်လို့ ကိုင်ပြလို့ရတာမှ မဟုတ်ဘဲ။ အဲဒီတော့ အလှဆိုတဲ့ စိတ္တဇနာမ်ဟာ ရုပ်ရည်ချောမွေ့တဲ့ မိန်းမလှတစ်ယောက်ရဲ့ ရုပ်သဏ္ဍာန်ကို ဟပ်လိုက်နိုင်တယ်။ ဒါကြောင့်မို့ စိတ်ပညာဆရာတွေက ဆိုကြတယ်။ လှတဲ့ မိန်းကလေးတစ်ယောက်ကို မြင်တဲ့ယောကျ်ားတွေဟာ သူတို့ရဲ့အမေ့မျက်နှာကို ပြေးသတိရကြတယ်တဲ့။ ဆိုလိုရင်းက ဒီမိန်းမလှရဲ့ရုပ်နဲ့ သူတို့အမေ အိုရင့်ရော်ရော်ရုပ် တူတာမဟုတ်ဘူး။ စိတ်မျက်စိကမြင်တဲ့အလှနဲ့ သာမန်မျက်စိက မြင်တဲ့အလှ ညီမျှခြင်းလက္ခဏာ ထိုးလိုက်တာပါပဲ"

"နားလည်ပြီ ကိုတက်တိုး။ ကဲ ...ဒီတော့ကိုမြင့်မောင်ကြီးဟာ ကြည်ကြည်ဆွေကို ကြည်နူးမြတ်နိုးတယ်။ ဒါကြောင့်လည်း ကြည်ကြည်ဆွေ ဘယ်လောက်ပဲ ဖောက်ပြန်ဖောက်ပြန် သူကတော့ ကြည်ကြည်ဆွေကို မပစ်ရက် ဘူး။ သာမန်မိန်းမတစ်ယောက်အဖြစ် သဘောထားရင် ပစ်မှာပေါ့။ တစ်ယောက် မကောင်း တစ်ယောက်ထပ်ယူလိုက်မှာပေါ့။ မပစ်ရက်တာကတော့ ကြည်ကြည်ဆွေ ဟာ မယားအဖြစ်ဆိုပေမယ့် သူ့အမေရဲ့အရိပ်အယောင်အဖြစ် မပစ်ရက်နိုင်ဘူးပေါ့"

"ကိုဘဆန်းနဲ့ သဘောချင်းကိုက်ညီသဗျ။ ဖိုးတက်တိုးရော ..."

"ကျွန်တော်လည်း ဒီအတိုင်းပါပဲ"

"ကဲ ...ကိုသန်းအောင် ပြောဦး။ ကျွန်တော့်ထင်မြင်ချက်ကတော့ ဒါပါပဲ"

"ကိုဘဆန်းပြောတာထောက်ခံပါတယ်။ ကိုမြင့်မောင်ကြီးဟာ သံယောဇဉ်ရဲ့ အကျဉ်းသားကြီးပဲဗျ။ ငယ်ငယ်က သူ့အမေကို ချစ်တယ်ဆိုတာဟာ မထူးဆန်းပါဘူး။ကလေးတိုင်း အမေ့ကို ချစ်တာပဲ။ သူ့အဖို့ထူးသွားတာကတော့ သူ့အဖေနဲ့ အဆက်အသွယ်နည်းတယ်။ ဒီတော့ သာမန်ကလေးတွေလို အမေရော အဖေရောမျှချစ်ဖို့ အခွင့်မသာခဲ့ဘူး။ ပြီးတော့ သူ့အမေသေပြီးတော့ သူ့အမေရဲ့ ရာထူးကိုပေးလိုက်ခြင်းခံရတဲ့ မိထွေးကတော့ သူချဉ်စရာပဲ။ သူ့အမေနဲ့ ကွာရုံတင် မကဘူး။ ပြောင်းပြန်ပဲ။ ဒီတော့ သူ့အဖေကိုပိုပြီး အချစ်လျော့တော့တာပေါ့။

အတော်ကြီးစိမ်းသွားတယ်။ လူဆိုတာ ကိုယ်ကချစ်ရမယ့်လူရယ်၊ ကိုယ့်ကိုချစ်တဲ့ လူရယ် ...အဲဒီနှစ်ယောက် အမြဲလိုတယ်။ တစ်ခါတလေ အများအားဖြင့်ပဲ ဆိုချင် ဆိုပါတော့လေ။ အဲဒီနှစ်ယောက်ဟာ တစ်ယောက်တည်းပဲ ဖြစ်တတ်တယ်။ အဲဒီလို ဖြစ်ရင် အတော်ဟန်တာပေါ့။ ဘဝမှာ အဆင်ပြေမှုရတာပေါ့။ ကိုမြင့်မောင်မှာ ကြည်ကြည်ဆွေ့ကို မတွေ့ရသေးခင်မှာ ချစ်ရမယ့်လူလည်းမရှိဘူး။ အချစ်ခံရမယ့် လူလည်း မရှိဘူး။ သူ့ဘဝဟာ သွေ့ခြောက်နေတယ်။ ကြည်ကြည်ဆွေကို တွေ့ခါ မှပဲ သူ့အဖို့ အားကိုးကြီးရတော့တာပေါ့"

"ဟုတ်ပါတယ်။ ကိုဘဆန်းပြောခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော်လည်း ဒီလိုပဲယူဆပါတယ်"

ကြည်ကြည်ဆွေကို ကိုမြင့်မောင်ချစ်တာ နှစ်မျိုးပဲ။ ပထမကတော့ အမေလိုချစ်တယ်။ အားကိုးကြည်ညိုတယ်။ အဲဒီလိုချစ်တဲ့အခါများမှာ ကိုမြင့်မောင် ဟာ ယောကျ်ားမပီသတော့ဘူး။ အားကိုးမဲ့တဲ့ လူမမယ်ကလေးလိုဖြစ်နေတယ်။ ကြည်ကြည်ဆွေ ကြည်ကြည်လင်လင်ဖြစ်နေတဲ့အခါ ကိုမြင့်မောင်ဟာ သူ့အမေကို သတိရပြီး ကြည်ညိုတယ်။ ကြည်ညိုတယ်ဆိုကတည်းက ရိုသေလေးစားတာ ပါတာပေါ့။ ရိုသေလေးစားတယ်ဆိုကတည်းက ကာမကိစ္စ ဘယ်ဖြစ်မြောက်နိုင် တော့မှာလဲ။ ကာမကိစ္စဆိုတာမှာ ယောကျ်ားက ကျားလိုကျင့်ရတာမျိုးပဲ။ သိုးလို ကျင့်လို့ မဖြစ်ဘူးလေ ..."

"ဟုတ်တယ် ကိုသန်းအောင်။ ဒီစကားမှန်တယ်။ စိတ်ပညာဆရာကြီး တွေက ဒီလိုပဲဆိုတယ်"

"ဖိုးတက်တိုးက စာရေးဆရာဆိုတော့ စိတ်ပညာကျမ်းတွေ တော်တော် ခိုခိုဖတ်ထားပြီးရောပေါ့။ ကိုယ်တို့တော့ လက်တွေ့နဲ့ ဆင်ခြင်သုံးသပ်မှုပဲ များ တယ်ဆရာ။ ဒါပေမဲ့ စာတွေ့လည်းပါပါတယ်"

"ဟုတ်တယ်ကိုသန်းအောင်၊ ကျွန်တော်လည်း ကိုတက်တိုးလို စာသမား မဟုတ်တော့ ကျမ်းမကျေဘူးဆိုပါတော့။ ဒါပေမဲ့ စိတ်ပညာခန်းတော့ အတော်ပဲ စိတ်ဝင်စားမိပါတယ်။ ကိုသန်းအောင်ပြောသလိုပဲ လိင်ကိစ္စမှာ ယောကျ်ားက ခေါင်း ဆောင်ရတော့ မိန်းမကိုကြောက်နေ၊ အောက်ကျစိတ်ရှိနေရင် ဘယ်မှာ ပြီးမြောက်မှာ လဲ"

"ကိုမြင့်မောင်ကိုယ်တိုင်က ဝန်ခံထားတယ်။ ကြည်ကြည်ဆွေ ကပိုကရို ဖြစ်နေတဲ့အခါမှာ သူ့လိင်အင်အားဟာ ပိုပြီးသန်စွမ်းတယ်တဲ့။ ကိုမြင့်မောင်ရဲ့ တပည့်ကျော် ကိုဖိုးထင်ကြီးပြောတာ မှတ်မိသေးရဲ့လား ဖိုးတက်တိုး။ သူ့ဆရာဟာ

သူ့ဆရာကတော် ကောင်းကောင်းနေမကောင်းတဲ့အခါမှာ ပိုပြီး ကြည်လင်ဖျတ်လတ်တယ်ဆိုတာလေ။ ဒါပေမဲ့ ဖိုးတက်တိုးရေ ...ကိုယ် သိပ်ပြီးဘဝင်မကျတဲ့အချက်ကတော့ ကိုမြင့်မောင်ရုံးမှာ အစစ်ခံတဲ့ စကားတွေထဲမှာပါတဲ့ နန္ဒင်းရောင်ကိစ္စဟာလေ။ ကိုမြင့်မောင်ကို ကိုယ့်လူမေးဖို့ ကြိုးစားပေမယ့် ကိုမြင့်မောင်က ရေရေလည်လည် မဖြေရှင်းခဲ့ဘူးနော် ...."

"မရှင်းခဲ့ဘူး။ ဒါကိုကျွန်တော်စဉ်းစားကြည့်တယ်။ ကိုမြင့်မောင်ဟာ သူ့အမေကို သိပ်ချစ်တယ်။ အသားဝါဝါဝင်းနေတာပဲလို့ သူ့အမေအကြောင်းပြောတုန်းက ထည့်ပြောတယ်။ ပြီးတော့ သူ့အမေသေတော့ မီးတွင်းထဲမှာမို့ နန္ဒင်းရောင်လွှမ်းနေတဲ့ သူ့အမေမျက်နှာကို မြင်လိုက်ရတဲ့အကြောင်းပြောတယ်။ ဒီနေရာမှာဖရွိုက်ဒ်ရဲ့ဝါဒကိုမှီးပြီး ပြောရလိမ့်မယ်။ ဖရွိုက်ဒ်အလိုကတော့ လူတွေဟာ ဘာပဲလုပ်လုပ် ကာမဆန္ဒဟာ အတွင်းစိတ်ထဲမှာတော့ ရှိတာပဲတဲ့။ ကိုမြင့်မောင်ဟာ သူ့အမေကိုချစ်တယ်ဆိုရာလည်း ကာမဆန္ဒ အတွင်းခံအရင်းခံ ရှိတယ်။ ဒါကတော့ သူ့ချည်းမဟုတ်ပါဘူး။ဘယ်သူမဆိုမှာလည်း ဒီအတိုင်းပါပဲ။ မသိကြလို့ပါ။ သိရင်လည်းလက်ခံရမှာ အင်မတန်ဝန်လေးကြတာပေါ့။ ကိုမြင့်မောင်ဟာ သူ့အမေအသက်ရှင်နေတုန်းက ချစ်တယ်ဆိုတာမှာ ကာမကိစ္စနဲ့ယှဉ်တွဲပြီး မတွေးရဲဘူး။ ဒါပေမဲ့ ချစ်တယ်ဆိုတာ တပ်မက်တာပဲ။ တပ်မက်တာဟာ တဏှာပဲ။ ဒါတွေကိုပြောင်ပြောင်ပြောရင် လူတွေက နားမရဲကြဘူး။ သိပ္ပံပညာသဘောနဲ့ ဆွေးနွေးရင်တော့ ပြောင်ပြောင်ပဲ ပြောရမှာပေါ့လေ။ ကိုမြင့်မောင်ဟာ သူ့အမေအပေါ်မှာ တပ်မက်တဲ့စိတ်ကို လောကနီတိအဆုံးအမ နဂိုကပါလာပြီးဖြစ်တော့ မကြံစည်အပ်ဘူးဆိုတဲ့ အတားကလေးကြောင့် အဲဒီတပ်မက်စိတ်ကလေးကို ဖိနှိပ်ထားခဲ့ရတယ်။ နောက် သူ့အမေသေတော့ သူ့အမေ့အလောင်းဟာ သူ့အမေမဟုတ်တော့ဘူးလေ။ ဒီတော့မှ သူမျိုသိပ်ထားရတဲ့ တဏှာစိတ်ကလေးဟာ ပေါက်ထွက်လာတယ်။ သူ့အမေရဲ့အလောင်းမှာ အထင်ရှားဆုံးအချက်ကတော့ နန္ဒင်းရောင်ပဲ။ ဒါကြောင့်မို့ သူ့အတွင်းစိတ်ထဲမှာ နန္ဒင်းရောင်မြင်ရင် ကာမဆန္ဒတက်ကြွဖို့ ဖြစ်ပေါ်လာတာပေါ့"

"ဟုတ်လိမ့်မယ် ...ဖိုးတက်တိုးရဲ့ တင်ပြချက်ကို လက်ခံတယ်။ ဖြည့်စွက်လက်ခံတယ်။ကြည်ကြည်ဆွေဟာ တံတားလက်ရန်းပေါ်မှာ တင်ပါးလွှဲထိုင်နေတုန်းအနောက်က ဝင်ခါနီးနေရဲ့အရောင်ကြောင့် ရွှေရောင်လွှမ်းနေခဲ့တယ်။ အဲဒီအခါမှာ ကိုမြင့်မောင်ပြောခဲ့တဲ့အတိုင်းပဲ အလှဆုံးဖြစ်တယ်။ အလှဆုံးကိုမြင်လိုက်တော့ သူ့စိတ်မှာအမွန်မြတ်ဆုံးထားတဲ့ သူ့အမေကို ပြေးမြင်လိုက်တယ်။ ဒီတော့ သူဟာ

ရုတ်တရက်အလှရေယဉ်ကြောမှာ နစ်မြောသွားတယ်။ သူပြောသားပဲ သူ့ကိုယ်ဟာ အရည်ပျော်သွားသလိုပဲတဲ့။ အဲဒီလိုနစ်မွန်းနေရာက ကြည်ကြည်ဆွေက မဲ့လိုက်သတဲ့။ မျက်မှောင်ကုတ်လိုက်သတဲ့။ ကိုအံ့ကြီးရဲ့ သီချင်းထဲကလိုပေါ့ 'မျက်မှောင်ကုတ်ရင် အလှပျက်ချည်ရဲ့ဗျာ' ဖြစ်သွားတော့တာပေါ့။ ကြည်ကြည်ဆွေမှာ အလှပျက်သွားတာနဲ့တစ်ပြိုင်နက် ကိုမြင့်မောင်ရဲ့အမေသေတဲ့အဖြစ်မျိုး တစ်မုဟုတ်ချင်း ဆိုက်သွားတာပေါ့။ ဒါကြောင့် ကိုမြင့်မောင်က သူ့မိန်းမရဲ့မျက်နှာဟာ နနွင်းရောင်ပေါက်နေသတဲ့။ ကိုမြင့်မောင်အဖို့ နနွင်းရောင်ဟာ သူ့ကာမဆန္ဒရဲ့မီးစိမ်းပဲလေ"

"ကိုမြင့်မောင်ရဲ့ စိတ်အခြေအနေကလည်း ဆန်းကြယ်လှသဗျာ"

"ဟာ ...မဟုတ်တာ ကိုဘဆန်း။ ကိုမြင့်မောင်ရဲ့ အဖြစ်အပျက်မျိုးဟာ တကယ်တော့မဆန်းပါဘူး။ သူ့လောက် ထင်ထင်ရှားရှားသာ မဖြစ်ရင်နေမယ် စိတ်အခြေအနေမျိုးဟာ လူတိုင်းမှာပဲ အနည်းနဲ့အများရှိတယ်"

"ဟုတ်ပါတယ်လေ။ တကယ်တမ်း သေသေချာချာလေ့လာကြည့် လိုက်တော့လည်း ဒီလိုစိတ်မျိုးဟာ မဆန်းပါဘူး"

"ဘယ်ဆန်းမလဲ ကိုဘဆန်း ...လူတွေမှာ စိတ်တွေဆန္ဒတွေအမျိုးမျိုး ပေါ်ကြပေမယ့် ဖုံးဖိထားတာတွေကြောင့် ထင်ထင်ရှားရှားကြီး မပေါ်ကြဘူးပေါ့။ ကဲ ...ကိုယ့်လူ ကိုမြင့်မောင်နဲ့ပတ်သက်လို့ ဘာများဝေဖန်ချက်ပေးစရာ ရှိသေးသလဲ"

"မရှိဘူးဆိုပါတော့။ ဒီလူကြီးအတွက် စိတ်မကောင်းဖြစ်တာပဲရှိတယ်"

"စိတ်မကောင်းဖြစ်တာတော့ အမှန်ပေါ့။ ကိုယ်တို့လည်း ဒီလိုပဲပေါ့။ ဒါနဲ့ ကိုယ့်လူအဖို့ ဝတ္ထုတစ်ပုဒ်တော့ ရရောပေါ့"

"ရတယ်လို့ မဆိုသာဘူး ကိုသန်းအောင်။ဒါက ဝတ္ထုဖြစ်အောင် ရေးဖို့ လွယ်ဘူး။ အနုပညာပစ္စည်းတစ်ခုဖြစ်ဖို့ ပြုစုရတာခက်ပါတယ်။ ပြီးတော့လည်း ဒီအကြောင်းကို ဝတ္ထုရေးရင် ဖတ်သူခပ်များများက နားလည်ကြမယ် မထင်ဘူး။ နားလည်အောင် လျှောက်ပြီး အဖွင့်ရှင်းကာလုပ်ပြန်တော့လည်း ဝတ္ထုမဟုတ်ဘဲ စိတ်ပညာငှီကာဖြစ်သွားဦးမယ်။ ခက်သားကလား.."

မြဝတီမဂ္ဂဇင်း၊ ဇွန်လ၊ ၁၉၆၅-ခုနှစ်

□

# မှိုင်းရိပ်ဝေမှောင်
## မောင်နေဝင်း

(၁)

မှိုင်းရိပ်ကယ်တည့် မှောင်ဝေ၊ မြိုင်မင်းဟေဝန်ချောင်လေတည့်မှ သာမော မြရည်ရောင်၊ တောတောင် ...တောတောင်...တောတောင်ကြိုင်သင်း၊ ပျံ့မွှေးရနံ့ထုံ ဝါတယ်၊ ပန်းစုံခိုင်လုံးဝင်း။

နတ်ပင့်ကြိုးသည် မုတ်သုံလေတွင် ပျံ့ဝဲမြည်ဟည်းလျက်ရှိသည်။ ဆိုင်းဝိုင်းကြီးမှပေါ်ထွက်လာသည့် တေးသံမှာ တက်ကြွဖွယ်ကောင်းသလောက် လွမ်းဆွတ်ဖွယ်လည်းဖြစ်၏။ ဆိုင်းသံသည် တစ်ခါတစ်ရံ ကန္တကလျနိုင်လျက် တစ်ခါတစ်ရံတော့လည်း ခက်ထန်လာသလား ထင်ရသည်။

စိန်ကြည်သည် မြစ်ပြင်ဆီသို့သာ ငေးနေ၏။

ကမ်းစပ်တစ်ဖက်တစ်ချက်တွင် လူတွေပြည့်သိပ်လျက်ရှိသည်။ အချို့က ဝတ်ကောင်းစားလှတွေ ဝတ်ဆင်ထားကြပြီး အချို့ကား သမားရိုးကျ ဝတ်ဆင်နေကျ အဝတ်အစားနွမ်းနွမ်းများကို ဝတ်ဆင်ထားကြသည်။ ကမ်းနဖူးထိပ်ထက်တွင် ဝါးတိုင်လေးတိုင်ထူကာ သက်ငယ်မိုးထားသည့် တဲကြီးအတွင်း၌ ဆိုင်းဝိုင်းကို နေရာချပေးထားရာ တဲနှင့်မနီးမဝေးရှိ စိန်ကြည်က ဆိုင်းဝိုင်းသံကို ပီပီသသ ကြားနေရသည်။

မြစ်အတွင်းသို့ စိန်ကြည်က လှမ်းကြည့်သည်။မြစ်ရေပြင်တစ်ခုလုံးတွင် လှေများ၊ တောက်တူများ ဖွေးဖွေးလှုပ်နေကြသည်။ မုတ်သုံလေကြောင့် လှိုင်းခေါင်း ဖြူကလေးတွေ တရှူရှူတိုးနေသည်။ လှိုင်းခေါင်းဖြူများနှင့် လှိုင်းကြက်ခွပ်များ ယှဉ်ပြိုင်လျက်ရှိကြသည်။ သို့မို့ကြောင့်လည်း မြစ်ရေပြင်မှာ တည်ငြိမ်သည်မရှိ၊ အမြဲထာဝစဉ် လူးလွန့်လှုပ်ရှားလျက်ရှိ၏။ ရှူရှူထိုးနေသော လှိုင်းများအကြားမှာပင်

လှေတွေ၊ ဘောက်တူတွေ ဥဒဟို သွားလာလျက်ရှိကြ၏။

ဤနေရာတွင် တိုးမြစ်ရေအလျဉ်သည် ကျယ်ဝန်းသလောက် အစီးသန်လှ၏။ ဓားလွယ်ခုတ်ဆီလောက်အဝေး တစ်ဖက်ကမ်းတွင်ကျောင်းရွာကို လှမ်းမြင်ရသည်။ ကျောင်းရွာကား နာမည်နှင့်လိုက်အောင် ဘုန်းကြီးကျောင်းနှင့် စေတီတော်တို့ ပေါများလှသောရွာ ဖြစ်လေသည်။ ကျောင်းရွာ၏ အောက်ဘက်နား၌ ကပ်လျက်သားတည်နေသောရွာကား သုံးခွဖြစ်၏။ ကျောင်းရွာ၏ အထက်ဘက်တွင် ခနောင်တော်တည်ရှိသည်။ ကျောင်းရွာနှင့် မျက်နှာချင်းဆိုင်ကား မလက်တိုရွာကြီးပေတည်း။

သို့မို့ကြောင့် ဤဒေသတစ်ဝိုက်သည် ရွာကြီးရွာငယ်တွေ တန်းစီ တည်နေကြသဖြင့် စည်ကားသိုက်မြိုက်သည်ဟု ဆိုနိုင်လေသည်။ ထဦးချောင်း၊ မလက်တိုချောင်း၊ ပန်တပွတ်ချောင်းစသည့် ချောင်းကြီးချောင်းငယ်များ စုပေါင်းခိုဝင်ရာဖြစ်သည့်အတွက် တိုးမြစ်သည် သားသမီးအခြွေအရံ စည်ပင်သော မိခင်ကြီးနှင့် ပမာတူလှသည်။

စိန်ကြည်နေထိုင်ရာ လှိုင်းတာရွာကလေးသည် တိုးမြစ်၏ အရှေ့ဘက်ကမ်းမှ မလက်တိုရွာကြီးနှင့် မိချောင်းရဲရွာကြီးတို့အကြားတွင် ညပ်နေသော ရွာငယ်ကလေးဖြစ်သည်။ သို့ရာတွင် လှိုင်းတာတစ်ရွာလုံး ပျော်မြူးနေကြ၏။ လှိုင်းတာသာလောမကသေး။ ကျောင်းရွာ၊ မလက်တို၊ သုံးခွ၊ မိချောင်းရဲ၊ သုံးကြိုင်၊ လေးအိမ်စုစသော အနီးအပါးတစ်ဝိုက်ရှိ ရွာမှန်သမျှမှာလည်း မြူးတူးပျော်ရွှင်နေကြသည်။

ရှင်ဥပဂုတ် ဖောင်တော်ပွဲတည်း။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်တွင် သပြေသီးမှည့်နီရဲရဲတွေ တဖြုတ်ဖြုတ်ကြွေကျကြသည်။ ကွင်းရေ၊ တက်ရေ၊ မိုးရေတွေ ဖွေးလာသည်။ မြစ်တွင်း၌ ရေလျှံကာ ကွင်းအနှံ့ တောတစ်ခွင် ရေပြင်ကြီးသာ လွှမ်းနေတော့သည်။

မုတ်သုံလေသည်လည်း ဝေ့မြူးတိုက်ခတ်၏။ မိုးစက်မိုးပေါက်များက မြစ်ရေပြင်တွင် ဖုလဲလုံး၊ ရွှံလုံးကလေးများသဖွယ် ခုန်မြူးပျံကြွကြသည်။ ယင်းသို့သော ကာလမျိုးတွင် တိုးမြစ်ရိုးတစ်ဝိုက်၌ အိုးစည်သံ၊ ဒိုးပတ်သံ၊ ဆိုင်းသံဗုံသံများ ဆူညံစမြဲဖြစ်လေ့ရှိသည်။ အထက်အညာမှ ဆင်းကြွတော်မူလာသော ရှင်ဥပဂုတ်ကိုယ်တော် စံပယ်တော်မူရာ ဖောင်တော်ကို တစ်ရွာနှင့်တစ်ရွာ အလှူအပ်ယာကျ၊ အမြိုင်အခိုင် ပူဇော်ပသကြစမြဲဖြစ်သည်။ ရှင်ဥပဂုတ်ကိုယ်တော်သည် ကောင်းကျိုးချမ်းသာ

အဖြာဖြာကို ပေးစွမ်း၏။ လယ်ယာကိုင်းကျွန်း ပွားစည်စေ၏။ အင်းအိုင်တွေကို ပြည့်စေ၏။ မိုးခေါင်ခြင်း၊ ရေလျှံခြင်း၊ ကင်းမြွေပေါများခြင်း စသည့် သဘာဝဘေးအန္တရာယ်တွေကိုလည်း တွန်းလှန်စောင့်မ၏။ လယ်သမား၊ ယာသမား၊ ကိုင်းသမားကအစ အင်းသမား၊ စာရင်းငှားအဆုံး ရှင်ဥပဂုတ်ကိုယ်တော်ကို ကြည်ညိုလေးစားကြသည်။

ယခုလည်း ရှင်ဥပဂုတ်ဖောင်တော်ကို မြစ်လယ်တွင် အပြိုင်ဆွဲနေကြသည်။ လောင်းလှေများဖြင့် ဖောင်တော်ကို ကြိုးချည်၍ ဆွဲကြရာ နိုင်သောရွာက ဖောင်တော်ကို သူတို့ရွာဆိပ်တွင် ဆိုက်ကပ်စေလျက် ပွဲလမ်းသဘင်ခံကာ ပူဇော်ခွင့်ရရှိကြပေလိမ့်မည်။

သို့မို့ကြောင့်လည်း ဤဒေသ၊ ဤဝန်းကျင်တစ်ခုလုံး ပျော်ပါးမြူးတူးနေကြခြင်းဖြစ်သည်။ လှိုင်းတာရွာ၏ ကမ်းနဖူးမှာ ဆိုင်းဝိုင်းကြီးသည် နတ်ပင့်ကြိုးကို တခြိမ်းခြိမ်းတသဲသဲ တီးပေးနေရင်း ရေလားကြိုးသို့ ကူးပြောင်းပြန်သည်။ လောင်းလှေတွေက ဖောင်တော်ကို အားသွန်ခွန်စိုက်အကြိတ်အနယ် ဆွဲပြီဆိုလျှင် ဆိုင်းဝိုင်းကြီးသည် ခြောက်ပေါက်သံသို့ ကူးပြောင်းသွားကာ ဗိန်းဗောင်းတီးတတ်လေသည်။

မည်သို့ပင်ဖြစ်စေကာမူ စိန်ကြည်ကား စိတ်မဝင်စား။

စိန်ကြည်သည် သက်ပြင်းတစ်ချက်ချလိုက်၏။ ပြည့်ဖြိုးမို့မောက်သော စိန်ကြည်၏ရင်သည် လှိုင်းလေထန်သော မြစ်ပြင်လို နိမ့်တုံမြင့်တုံဖြစ်နေ၏။ မြစ်ရေပြင်ဆီသို့ လှမ်းကြည့်ရင်း သူ့အတွေးသည် ရေအလျဉ်ပမာ အဆက်မပြတ်စီးဆင်းနေလေ၏။

သူ့အကြောင်းတွေကို သူ့ဘာသာ ပြန်စဉ်းစားသည်။ သို့ကလို စဉ်းစားသောအခါ စိန်ကြည်၏ရင်တွင်း၌ ကြေကွဲဝမ်းနည်းသော စိတ်သည် ကန်သင်းရိုးကျိုးပေါက်သဖြင့် သွန်ထွက်လာသော ကွင်းရေပမာ တားမရ၊ ဆီးမနိုင် စီးအန်ထွက်ကျလာလေ၏။ သူ့မျက်လုံးအိမ်အစုံမှာ ရီဝေမှိုင်းတွဲ့လာသည်။ မျက်နှာသည် မိုးသားတိမ်တိုက်တို့ အလိပ်လိုက်တက်လာသော ကောင်းကင်ပြင်ပမာ အုံ့ဆိုင်းညို့မှိုင်းလာရသည်သာ ဖြစ်လေသည်။

စိန်ကြည်သည် လှိုင်းတာ ဘုန်းတော်ကြီးကျောင်းတွင် ပရိတ်ကြီးအထိသင်ခဲ့ပြီးနောက် မိချောင်းရဲရှိ အတန်းကျောင်းသို့ ပြောင်းတက်ခဲ့ရသည်။ မိချောင်းရဲတွင် စတုတ္ထတန်းအထိရှိသော ကျောင်းတစ်ကျောင်းရှိပြီး သုံးခွတွင် သတ္တမတန်းကျောင်းရှိသည်။ မိချောင်းရဲ အတန်းကျောင်းက စတုတ္ထတန်းအောင်လျှင် အုပ်လုံး

သိမ်းကာ သုံးခွအတန်းကျောင်းသို့ ဆက်တက်မည်ဟု ရည်မှန်းထားခဲ့သည်။

စတုတ္ထတန်းကား အောင်ပါ၏။

သို့သော် သုံးခွကျောင်းသို့ ဆက်မတက်ဖြစ်။

ပထမဦးစွာ အဖေသေသည်။ အဖေသည် သမ္ဘန်တစ်စင်းဖြင့် နဝလီ လိုက်ကာ သူတို့မိသားစုကို လုပ်ကိုင်ကျွေးမွေးခဲ့၏။ သူ့အောက်ဖြစ်သော မောင်ကြီးနှင့်မောင်ငယ်အပါအဝင် သူတို့သားအမိ လေးယောက်စလုံး အဖေ့လုပ်စာကို မပူမပင်စားသောက်ကာ အေးအေးလူလူ နေနိုင်ခဲ့ကြသည်။ မောင်ကြီးသည် လိမ္မာရေးခြားရှိ၏။ ဉာဏ်ကောင်း၏။ မောင်ငယ်ကား သို့ကလိုမဟုတ်။ ကလေးစိတ်အပြည့်၊ ကလေးဉာဉ်အပြည့်ဖြင့် ဆိုးချင်၏။ နွဲ့ချင်၏။ အညာရေဆင်းချိန်၌ ထင်းဆယ်ထွက်ကြစတမ်းဆိုလျှင် မောင်ကြီးသည် အစ်မဖြစ်သူစိန်ကြည်နှင့် မညည်းမညူလိုက်ကာ ဘောက်တူလှော်ပေး၊ ထင်းဆယ်ပေးသည်။ မောင်ငယ်ကားအမြဲလိုလို ပေကပ်ကပ်လုပ်ကာ ကျန်ရစ်တတ်သည်။ မလွဲမကင်းသာ၍ လိုက်ရပြီဆိုလျှင်လည်း ထင်းမဆယ်ဘဲ ငါးဖောင်ရိုးထိုးသည်။ ဗေဒါပွင့်ခူးသည်။ ယုတ်စွအဆုံး လူများချထားသော ပုစွန်တန်းတွေကို လိုက်ဖော်တတ်သေးသည်။

အဖေကား ဤသားအမိ လေးယောက်ကို သမ္ဘန်တစ်စင်းဖြင့် ဓားမဦးချလုပ်ကျွေးရင်း ကွယ်လွန်သွားခြင်းဖြစ်ပေရာ အဖေသေပြီဆိုသောအခါ သူတို့သားအမိမှာ ရေနည်းငါးပမာ ဆောက်တည်ရာမရ ဖြစ်ကြရသည်။ သို့ရာတွင် အမေသည် အစီအစဉ်ကောင်းသူဖြစ်၏။ အမေကိုယ်တိုင်က ကောက်စိုက် ပျိုးနုတ် စာရင်းငှားလိုက်သည်။ စိန်ကြည်ကိုလည်း ဒိုးတူပေါင်ဖက် အတူလုပ်ခိုင်းသည်။ မောင်ကြီးကို မိချောင်းရဲရှိ ငါးရွဲသို့ စာရင်းငှားအဖြစ်ပို့ပြီး မောင်ငယ်ကိုလည်း ဂယက်ပက်ခိုင်း၊ မြှုံးထောင်ခိုင်းသည်။ စိန်ကြည်သည် ယင်းအခိုက်မှာ ကိုသောင်းရွှေနှင့် တွေ့ခဲ့ကြခြင်းဖြစ်သည်။ ကိုသောင်းရွှေကား လှိုင်းတာဇာတိမဟုတ်။ မိချောင်းရဲသားဖြစ်သည်။ ငါးရွဲ လုပ်သည်။ သူ့ငါးရွဲတွင် မောင်ကြီးကိုအလုပ်ပေးရင်း စိန်ကြည်နှင့် သိကျွမ်းလာရသည်သာမက ချစ်စကား၊ ကြိုက်စကားပြောသည်အထိ ဖြစ်ခဲ့သည်။ ကိုသောင်းရွှေလိုလူမျိုးဆိုလျှင် အမေကလည်းမငြင်း၊ မိမိကိုယ်တိုင်ကလည်း ငြင်းစရာမရှိသည့်အတွက် ကိုသောင်းရွှေ၏ မေတ္တာကိုလက်ခံလိုက်သည်။ မိမိထက်စာလျှင် ကိုသောင်းရွှေသည် အခြေအနေကောင်းသူ၊ ချောင်လည်သူဖြစ်သည်။ ငါးရွဲလုပ်ငန်း၏ ဂုဏ်ပုဒ်ကလည်း မသေးလှ။

သို့သော်....

ကိုသောင်းရွှေသည် ယခုတလော မူပြောင်းနေ၏။သူ့ဆီသို့ နေ့စဉ်လိုလို

လာနေကျ၊ စကားစမြည်ပြောနေကျဖြစ်ပါလျက် ယခုမလာ၊ အလုပ်များသည် ငါးအကျများသည်။ သဘော်နောက်ကျသည် ရေခဲမရ၊ ငါးစည်တွေ မရောက်စသော ဆင်ခြေဆင်လက်စုံကိုသာ တဖွဖွပြောရင်း လှိုင်းတာ ရွာကလေးနှင့်စိန်ကြည်ကို ရှောင်ဖယ်ဖယ် လုပ်နေခဲ့သည်။ အဘယ်ကြောင့်နည်း။

"ညည်းလူက အဆက်သစ်တွေ့နေပြီအေ့။ သူ့ကို ငါးရှဲလုပ်ဖို့ ငွေထုတ်ပေးတဲ့ ဦးရွှေလွန်းရဲ့သမီးပေါ့။ တို့က အကုန်ကြားပြီးပြီ။ ညည်း အတွက်မခံချင်လို့ ဆတ်ဆတ်ခါနာလို့ ပြောတာ"

မလှအုန်းမယ်က သို့ကလိုပြောသည်။

မလှအုန်းမယ်သည် သူတို့၏ အပျိုခေါင်းဖြစ်သည်။ အပျိုကြီးလည်း ဖြစ်ပြန်၊ ဆတ်ဆတ်ကြဲ၊ အထိမခံ၊ နေရာတကာ စပ်စုသော အရည်အချင်းပေါင်းစုံနှင့်လည်း ပြည့်ဝသည့်အတွက် လှိုင်းတာရွာမှ အပျိုဖြန်း၊ အပျိုပေါက်၊ အပျိုဟိုင်းမကျန် မလှအုန်းမယ်ကို တစ်နည်းမဟုတ်တစ်နည်း ချဉ်းကပ်ကြရသည် ဖြစ်၏။

"ပဝါပါး ကြက်သားထုပ်တော့ ဘာဖြစ်သလဲ စွန်းရော၊ တစ်ရွာသားရည်းစားလုပ်တော့ရော ဘာဖြစ်သလဲ လွမ်းရရောမဟုတ်လားရှင် စိန်ကြည်။ သောင်းရွှေလို ငွေစကလေး ဘာလေးဖောတဲ့အကောင်တွေက မိန်းကလေးမှန်ရင် နတ်နေကိုင်းတောင်မချန်ပိုးတတ်တာအေ့။ ညည်းက ငယ်သေးတော့ ဘာသိမလဲ။ လှအုန်းမယ်တို့သာ အံခွနေတာ"

စိန်ကြည်က တရှိုက်ရှိုက်ငိုမိသည်။

"ဟုတ်မယ် မလှအုန်းမယ် ပြောတဲ့အတိုင်း ဖြစ်မှာပဲ"ဟု သူ့ဘာသာ သူ ကြိတ်ကာမှိတ်ကာ စဉ်းစားမိသည်။

"အို ...စိန်ကြည်ရယ်။ ဘာလို့ ငိုရတာတုန်းအေ့။ ညည်းတို့ ဘာမျှ မဖြစ်ကြသေးဘူး မဟုတ်လား။ ပြောစမ်းငါ့ကို"

"ဘာပြောရမှာလဲ မလှအုန်းမယ်"

"အလိုက်တဲ့ ကောင်မရဲ့။ ငါပြောလိုက်ရ တစ်တစ်ခွခွ ဖြစ်ကုန်ရော့မယ်။ ညည်းတို့တစ်ယောက်နဲ့တစ်ယောက် ကြိုက်တာပဲရှိတယ်။ ဟိုဟာသည်ဟာ မလုပ်ကြသေးဘူး မဟုတ်လား"

စိန်ကြည်က ခေါင်းခါသည်။

"အေး ဒါဖြင့် ပြီးတာပဲ။ အေးသာရေ၊ ဝေ ...နှင့် ငါကြိုက်တယ်။ လာဟော့ ကောက်ရိုးပုံဆိုတဲ့ မိန်းမစားထဲမှာ ညည်းမပါဘူးလို့ ငါထင်သားပဲ။ ဒီမှာ စိန်ကြည်

ညည်းတို့ ကိုယ်ထိလက်ရောက် ဘာမှမဖြစ်ကြသေးဘူးဆိုရင် ဘာကိုမှ ပူမနေနဲ့။ လောကကြီးမှာ ချင်းစိမ်းနဲ့မိတ်သလင် သူကြင်မှ ကိုယ်ကြင်မပေါ့။ ဒီလိုနေရာမျိုးမှာ လှအုန်းမယ်တို့လို စိတ်မျိုးမွေးစမ်းပါအေ"

မလှအုန်းမယ်က သူ့အတွက်မခံချင်ဇောနှင့်ပြောသည်မို့ စိန်ကြည်မှာ ခေါင်းညိတ်လိုက်ရသည်။ သို့သော် ကိုသောင်းရွှေ၏ လုပ်ပုံကိုမူ သူ စိတ်ထိခိုက်မိသည်။

မည်သို့ပင်ဖြစ်စေ ယနေ့တော့ကိုသောင်းရွှေကို တွေ့တန်ကောင်းရဲ့ဟု စဉ်းစားကာ တွေ့လျှင် နဖူးတွေ့ ဒူးတွေ့ပြောမည်မေးမည်။ ရှင်ဥပဂုတ်ဖောင်ကို လှိုင်းတာကရလျှင် ပွဲတော်ဖြစ်လိမ့်မည်။ ပွဲတော်ဆိုလျှင် ကိုသောင်းရွှေ ရောက်လာမှာ သေချာသည်။

စိန်ကြည်၏ရင်တွင်း၌ တုန်ယင်နေသည်။ စိတ်တွေကလည်းထွေပြား လှသည်။တဲမဏ္ဍပ်အတွင်းမှ နတ်ပင့်ကြိုးကို ကြားနေရသော်လည်း စိတ်မဝင်စား၊ ပျော်ကြရွှင်ကြ စကားပြောဆူညံနေကြသော လူတွေကိုလည်း စိတ်မဝင်စား၊ အနောက်ဘက် ကောင်းကင်ပြင်ဆီ၌ ညို့တက်လာသော မိုးသားတိမ်တိုက်များ ကိုလည်း သတိမမူ။

စိန်ကြည်ကား မောဟိုက်နွမ်းနယ်နေလေ၏။

*

(၂)

"ကျွန်မ ကိုသောင်းရွှေကို တွေ့ချင်နေတာ ကြာလှပြီ"

စိန်ကြည်က အမောတကောပြောလိုက်မိသည်။ ကိုသောင်းရွှေသည် ကျောက်ရုပ်လိုငြိမ်သက်နေ၏။

နေဝင်လုပြီမို့ အနောက်ဘက်ကွင်းတစ်ခုလုံးမှာ ပုစွန်ဆီသွေးရောင် ခြည် ကိုသာ လွှမ်းခြုံထားသည်။ မိုးကုပ်စက်ဝိုင်းသည် ရဲရဲနီလျက်ရှိ၏။ စိမ်းလန်းသော စပါးပင်များ၊ ကိုင်းပင်များမှာ စိမ်းမြမြ၊ ပင်လယ်ပြင်ပမာ မှိုင်းအိလျက်ရှိကြပြီး လေဇော့ရာ ယိမ်းထိုးနေကြသည်။

သူတို့နှစ်ယောက်သား လူသူလေးပါးကင်းဝေးရာ ကွင်းဘက်ဆီသို့ ထွက်လာကြခြင်းဖြစ်ရာ ရှေ့သို့မျှော်ကြည့်တိုင်း မျက်စိတဆုံးကျယ်ဝန်းသော ကွင်းပြင်ကိုသာတွေ့ရပြီး လှိုင်းတာရွာသည်လည်းကောင်း၊ ဆိုင်းသံဗုံသံများသည်

လည်းကောင်း သူတို့၏နောက်နားတွင် ကျန်ရစ်နေကြလေသည်။ ယနေ့အဖို့ရာ၌ ရှင်ဥပဂုတ်ဖောင်တော်ကို လှိုင်းတာရှာက လောင်းလှေများက အနိုင်ဆွဲနိုင်ကြသည် ဖြစ်ရာ ဖောင်တော်ကို ရွာဆိပ်တွင် ရပ်နားစေလျက် ပူဇော်ခွင့်ရရှိသွားကြလေသည်။

ရှင်ဥပဂုတ်ပူဇော်ပွဲသို့ ကိုသောင်းရွှေတစ်ယောက် ရောက်လာခိုက် စိန်ကြည်က လူကြားထဲမှ လက်တို့ကာ ခေါ်ထုတ်လာခဲ့ခြင်းဖြစ်သည်။

"ကျွန်မ ကိုသောင်းရွှေကို တွေ့ချင်နေတာ ကြာလှပြီ"ဟု စိန်ကြည်က ပြောလိုက်သည့်တိုင်အောင် ကိုသောင်းရွှေသည် အင်းမလုပ် အဲမလုပ် ငေးငိုင်နေပါ သေး၏။

"ကိုသောင်းရွှေ ဘာဖြစ်နေတာလဲဟင်"

စိန်ကြည်က အားမလိုအားမရ ထပ်မေးသည်။

"ပြောစမ်းပါ ကိုသောင်းရွှေ ရှင်ဘာဖြစ်နေတာလဲ"

ကိုသောင်းရွှေက သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးပင်ပင် ဆွဲချ ကာ အနီးရှိကုက္ကိုပင်ကြီး၏ အမြစ်ဆုံပေါ်၌ ထိုင်ချလိုက်သည်။ သူ့ကို ကြည့်ရသည် မှာ ဘာကိုမျှ စိတ်ဝင်စားပုံမရ။

"ကျွန်မတော့ စိတ်ညစ်နေပြီ ကိုသောင်းရွှေရယ်"

"ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ စိန်ကြည်"

ယခုမှပင် ကိုသောင်းရွှေက စကားပြောဖော်ရပါ၏။

"ရှင့်အတွက်ပေါ့ ကိုသောင်းရွှေ၊ ရှင့်အတွက် ကျွန်မစိတ်ညစ်နေရတာကို ရှင်အသိသားပဲ"

"ငါဘာမှ မသိဘူး စိန်ကြည်"

"မသိချင်ယောင်ဆောင်နေတာကိုး။ ဘယ်သိမလဲ"

"တကယ်ပါဟာ။ ငါမသိလို့ပါ"

"ကဲ ...ဒါလောက်တောင် မသိရင် ကျွန်မပြောပြမှ သိမယ့်လူဆိုတော့ ပြောရဦးမှာပေါ့။ အခု ကျွန်မဆီကို ကိုသောင်းရွှေမလာတာကြာပြီ။ ကျွန်မကို ရှောင်ဖယ်ဖယ်လုပ်နေကြတာလည်း ကြာပြီ။ မလွဲမကင်းသာလို့ တွေ့ရပြန်တော့ လည်း အလုပ်များတယ်။ ဘာတယ်ညာတယ်နဲ့ ကမန်းကတန်း ပြန်သွားတာချည်း ပဲ။ စကားတောင် ဝအောင်မပြောရဘူး။ အဲဒါတွေက ဘာဖြစ်နေတာလဲ။ ကဲ ... ပြောစမ်းပါဦး"

"အို ...စိန်ကြည်ကလည်းဟာ ငါ့နှယ့် ဘာများလဲလို့ အလုပ်များနေတာ နင်မြင်တဲ့အတိုင်းပဲလေ။ တလောကတော့ ချောင်းဖျားက ငါးအဆင်းများတယ်

လေဟာ နောက်ပြီး သဘော်ာတွေက မြန်ချင်မြန်၊ နောက်ကျချင်ကျ ဖြစ်နေတာ ဒီကြားထဲ ရန်ကုန်က ရေခဲကိုယ်စားလှယ်က ရေခဲမှန်အောင် မပို့ဘူးဟ။ အဲဒါတွေနဲ့ လူကိုဂျင်ဂျင်လည်နေတာပဲ။ ဒါကြောင့် နင့်ဆီ ငါမရောက်တာပါ စိန်ကြည်"

"ဒါတင် မဟုတ်သေးပါဘူး"

"နင်က ငါ့ထက် ပိုသိတယ်ဟုတ်လား။ ဟား ..ဟား ..ဟား စိန်ကြည်ကတော့ သိပ်ရယ်စရာကောင်းနေပြီ"

ကိုသောင်းရွှေက ရယ်နေလေ၏။

"ရယ်ပေါ့ အားရအောင်ရယ်။ အခုတော့ မိစိန်ကြည်က ရယ်စရာ ဖြစ်နေပြီကိုး"

"ကဲ...ဒါတင်မဟုတ်သေးဘူးဆိုတော့ ဘာတွေများရှိသေးလို့လဲပြောစမ်း။ ငါမရယ်တော့ပါဘူး စိန်ကြည်။ နင်က စကားလည်းတတ်၊ စိတ်လည်းကောက်တတ်နေပြီ။ ကဲ ..ကဲ ..ပြောစမ်းပါ။ ငါဘာတွေ ဖြစ်နေလို့လဲ"

စိန်ကြည်က ကိုသောင်းရွှေနှင့်ပတ်သက်၍ သူကြားထားရသမျှကို ပြောပြလိုက်လေသည်။

"ဒါတွေကို ကိုသောင်းရွှေကသာ ကျွန်မကို ဘာမှ မပြောပေမယ့် တစ်ရွာလုံးသိနေကြတယ်။ ဟိုးလေးတကြော် ဖြစ်နေတယ်။ ကျွန်မကို ကိုသောင်းရွှေပြောသင့်တယ်။ အဲဒီလို ပြောပြီးမှ ကျွန်မဆီကိုမလာဘူးဆိုလည်း ကျွန်မအပြစ်မတင်ပါဘူး"

ကိုသောင်းရွှေက ငြိမ်နေ၏။

ပြောစရာစကားလုံး ရှာမရသည့်အတွက်လား၊ ပြောစရာစကားပင် မရှိတော့သည့်အတွက်လားတော့မသိ။ ကိုသောင်းရွှေမှာ ရေငုံနှုတ်ပိတ်နေလေသည်။ ယင်းသို့ ဘာမျှမပြောခြင်းကပင်လျှင် ဟုတ်တိုင်းမှန်ရာကို ဝန်ခံနေသည့်သဖွယ် ဖြစ်လေသည်။

"ကျွန်မက ဆင်းရဲသားကိုး။ ကိုသောင်းရွှေလို ကြေးရတတ်တစ်ယောက်က ဂရုမစိုက်ဘူးဆိုတာ တကယ်ဆိုတော့ မဆန်းပါဘူး။ ကြေးရတတ် သားသမီးချင်းသာဖြစ်ရမှာပေါ့။ စိန်ကြည်က လယ်ကူလီ စာရင်းငှား အောက်တန်းကျ မဟုတ်လား"

"အို ...ဒါတွေ ပြောမနေစမ်းပါနဲ့ စိန်ကြည်"

"ပြောရမယ် ပြောရမယ်"

စိန်ကြည်က ပြောရင်းဆိုရင်း ငိုလေသည်။

"ဒီမှာ စိန်ကြည် ငါပြောတာကို နားထောင်စမ်းပါဟာ"

စိန်ကြည်က တရှုံ့ရှုံ့ငိုနေ၏။ ကိုသောင်းရွှေ၏ လေသံမှာ ပျော့ပျောင်းညင်သာသည်။ စိန်ကြည်၏ လက်ဖမိုးကို သူ့လက်ဝါးဖြင့် ဆုပ်ကိုင်လိုက်ရာ စိန်ကြည်က လက်ကိုရုန်းထွက်လိုက်သည်။

"နင် ခုနကပြောတာတွေ မှန်ပါတယ်။ စိန်ကြည် အစကနဦးတည်းက ငါ နင့်ကို ပြောမလို့ပါပဲဟာ ဒါပေမဲ့ နင်စိတ်မကောင်းမှာစိုးလို့ပါ စိန်ကြည်ရာ။ ငါကလိမ်ကျချင်လို့ မဟုတ်ပါဘူး။ ဦးရွှေလွန်းသမီးကို ငါယူရတော့မယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ ငါချစ်လို့ယူရမှာ မဟုတ်ဘူးစိန်ကြည်။ ဦးရွှေလွန်းဟာ ငါ့မိဘတွေအပေါ်မှာ အများကြီးကျေးဇူးရှိခဲ့တယ် မဟုတ်လား။ ငါက သူတို့စီမံတာကို ဘယ်လိုလုပ်ပြီးမှ ငြင်းလို့မဖြစ်ဘူး စိန်ကြည်။ အဲဒါကြောင့် အခုလိုဖြစ်ရတာပါဟာ ခွင့်ကြိုးကို ပစ်ရစေရဲ့"

စိန်ကြည်က ပါးပြင်ပေါ်တွင် စီးကျနေသည့် မျက်ရည်စတွေကို အင်္ကျီလက်ဖြင့် သုတ်ဖယ်နေ၏။ ဘာမျှတော့ မပြော။

"ငါနင့်ကို မချစ်လို့ မဟုတ်ပါဘူး စိန်ကြည်ရာ။ ငါ့မှာမလွှဲမကင်းသာတဲ့ အကြောင်းတွေရှိနေလို့ ဒီလိုဖြစ်ရတာကို ငါတောင်းပန်ပါတယ်။ နင်ငါတောင်းပန်တာကို မကျေနပ်ဘူးလား"

"မကျေနပ်လို့ရော ကျွန်မက ရှင့်ကိုဘာလုပ်နိုင်မှာတုန်း ကိုသောင်းရွှေ"

မှန်၏။ တစ်ချိန်သောအခါက ကိုသောင်းရွှေသည် သူ့ကိုချစ်၏။ သူကလည်း ကိုသောင်းရွှေကို ချစ်၏။ယခု ကိုသောင်းရွှေက အကြောင်းကြောင်းတွေကြောင့် သူမချစ်သော်လည်း ယူရတော့မည့် မိန်းမတစ်ယောက်နှင့် တွေ့နေရ၏။ စိန်ကြည် ဘာတတ်နိုင်ပါအံ့နည်း။

"နင့်ကို ငါကြောရရုံ ကြံတာမဟုတ်ပါဘူး စိန်ကြည်။နင့်ကိုငါ ဘယ့်လောက်ချစ်ခဲ့တယ်ဆိုတာ နင်အသိဆုံးပဲ။ အခုတော့ ငါလည်း တော်တော် စိတ်ညစ်တယ်။ ငါဘယ်လိုမှ ငြင်းလို့မရတော့ဘူး။ ငြင်းလို့ရရင် ငါငြင်းပါတယ်။ ဒါတွေကို နဂိုကတည်းက ငါဖွင့်ပြောချင်တာဟာ။ ဒါပေမဲ့ ဖွင့်မပြောရက်ဘူး။ နင်ငါ့ကိုမုန်းသွားမှာ အထင်လွဲသွားမှာစိုးတယ်။ အဲဒါတွေကြောင့် နင့်ကိုငါ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေခဲ့တာပါ စိန်ကြည်။ နင်ငါ့ကို ကြိုက်သလိုပြောပါ ငါခံပါ့မယ်"

စိန်ကြည်က ဘာမျှ မပြောတော့။

ပြောစရာလည်းမရှိပြီ။ စိန်ကြည်၏ ရင်တွင်း၌ မှိုင်းအုံ့လျက်ရှိသည်။ မုတ်သုံကောင်းကင်လို မည်းညိုအုံ့ဆိုင်းနေသည်။

ကွင်းပြင်တစ်ခုလုံး လေတဟူးဟူး တိုးဝင်နေသည်။ စပါးပင်များနှင့် ကိုင်းပင်များမှာ စိမ်းရင့်သော ပင်လယ်ပြင်ပမာ လှိုင်းထလျက်ရှိသည်။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီမှ ဝင်အံ့ဆဲဆဲ နေမင်း၏ ရောင်ခြည်တန်းများအကြားတွင်ပင် မိုးဖွဲကလေးများသည် ရှိန်းပြီးသော ငွေမြားကလေးများသဖွယ် ထိုးစိုက်ကျဆင်းလာသည်။

"ကျွန်မ ဒါတွေကို ကြားနေတာ ကြာပါပြီ။ ကိုသောင်းရွှေပါးစပ်က ဖွင့်ပြောတာကို နားထောင်ချင်လို့ ကျွန်မ ကိုသောင်းရွှေနဲ့ မတွေ့တွေ့အောင် လုပ်တာပါ။ အခုလို ကြားရပြီးတဲ့အခါကျတော့ ကျွန်မကိုသောင်းရွှေကို ဘာမှ ပြောစရာမရှိပါဘူး။ ပြောဖို့လည်း မလိုတော့ပါဘူး။ ကျွန်မသွားတော့မယ်"

ပြောပြောဆိုဆိုပင် စိန်ကြည်က ထိုင်ရာမှ ထသည်။

"စိန်ကြည် …စိန်ကြည် …ခဏနေဦးလေ။ ငါပြောစရာရှိသေးတယ်"

ကိုသောင်းရွှေက နောက်ကလိုက်ပြောသည်။ သို့သော် စိန်ကြည်က ခြေလှမ်းမရပ်၊ ရွာဘက်သို့သာ ဦးတည်ထွက်ခွာသွားသည်။ ကိုသောင်းရွှေသည် နောက်နားမှ ထက်ကြပ်မကွာ လိုက်လာရင်း စိန်ကြည်ကိုလည်း အော်ခေါ်သည်။

"ငါပြောတာ နားထောင်ပါဦး။ ငါနင့်ကို မုန်းလို့မဟုတ်ပါဘူးဟာ။ ငါ့မှာ အကြောင်းတွေ …"

စိန်ကြည်က ကိုသောင်းရွှေ၏စကားကို မကြားလိုသည့်အလား တန်းစီကာ ပေါက်နေသည့် ဝါးရုံတောများအကြားသို့ လျင်မြန်စွာ တိုးဝင်ပျောက်ကွယ်သွားလေသည်။

မိုးကလည်း သဲသဲမဲမဲ ရွာချလိုက်လေပြီ။

*

(၃)

ထိုညတွင် စိန်ကြည်အိပ်မရ။

မျက်ခွံနှစ်ဖက်မှာ လေးလံလျက် ရှိစေကာမူ မှိတ်၍မရ။ မမှိတ်ချင် မအိပ်ချင်။ စိန်ကြည်၏ အတွေး၊ စိန်ကြည်၏ စိတ်စေတသိက်သည် အလွန်တရာ ဝေးလံခေါင်သီသော နေရာဆီသို့ အတားအဆီးမရှိ ပြေးလွှားနေကြ၏။

မောင်ကြီးနှင့်မောင်ငယ်ကား ရှင်ဥပဂုတ်ပူဇော်ပွဲတွင် အရမ်းကြဲ၊ အရမ်းနွှဲခဲ့သည့်အတွက် မောမောပန်းပန်းဖြင့် အိပ်မောကျနေလေ၏။ အမေတစ်ယောက်

သာ ချောင်းတဟွတ်ဟွတ်ဆိုးကာ အိပ်မပျော်သည့်အတွက်လားတော့မသိ။ ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာရှူရင်း ငုတ်တုတ်ထိုင်နေသည်။

ဝါဆိုလပြည့်ကျော်ပြီမို့ မိုးကောင်းသလောက် ရေရှင်သော ကာလဖြစ်ပေရာ ကျယ်ဝန်းသောမြစ်ပြင်တွင် မိုးဖွဲကလေးတွေ တစိမ့်စိမ့်ကျနေသည်ကို လရောင်အောက်၌ ဝိုးတဝါး တွေ့နေရသည်။ သို့ရာတွင် လရောင်သည် ဖျော့တော့နွမ်းလျလှပေ၏။ ထူထဲသော မိုးသားတိမ်တိုက်များနှင့် မိုးစက်မိုးပေါက်များကို ထိုးဖောက်လာရသည့်အတွက်ကြောင့် လရောင်မှာ ထွန်းလက်ရွှန်းပနိုင်ခြင်းမရှိဖြစ်တန်ရာသည်။

စိန်ကြည်သည် ဝါးလက်ရန်းကိုမှီရင်း လေတိုးနေသည့် မြစ်ပြင်ဆီသို့ အခိပ္ပာယ်ကင်းမဲ့စွာ ငေးစိုက်နေမိ၏။

မိုးစက်မိုးပေါက်များ ဖြိုးဖြိုးဖြောက်ဖြောက်ကျဆင်းသံ၊ မြစ်ကမ်းစပ်ရှိ ဝါးတိုင်နှင့် ဝါးရုံပင်များကို လေတိုးသဖြင့် တရှီရှီမြည်သံ၊ ကမ်းပါးသို့ လာရောက်ရိုက်ခတ်သော လှိုင်းပုတ်သံတို့မှအပ ညသည် အလွန်အမင်း တိတ်ဆိတ်လျက်ရှိလေသည်။

"စိန်ကြည်၊ ညည်း မအိပ်သေးဘူးလား"

"အိပ်ပါ့မယ် အမေ"

"အိပ်တော့လေ။ ညဥ့်နက်ပြီ"

စိန်ကြည်က ခေါင်းညိတ်ရုံမျှ ညိတ်သည်။ သူညိတ်သောခေါင်းကို အမေမြင်မမြင် သူမသိ။

သူ့ရင်တွင်း၌ကား ကိုသောင်းရွှေပြောသွားသော စကားတွေကသာ ဆောင်ဘင်ခတ်နေသည်။

ကိုသောင်းရွှေက သူ့အကြောင်းနှင့်သူ ဖြစ်ရပုံတွေကို ပြောပြသွားပြီ။ ကိုသောင်းရွှေကို အပြစ်တင်ရအံ့လော။

"ငါ နင့်ကိုမချစ်လို့ မဟုတ်ပါဘူး စိန်ကြည်ရာ။ ငါ့မှာ မလွှဲမကင်းသာတဲ့ အကြောင်းတွေရှိနေလို့ ဒီလိုဖြစ်ရတာ"

ကိုသောင်းရွှေက ရင်တွင်း၌ရှိသမျှကို ရိုးရိုးသားသား ပြောလေလား။ သို့တည်းမဟုတ် စကားလုံးလှအောင်များ တမင်ပြောသွားလေသလား စိန်ကြည် ဝေခွဲ၍မရ။ စိန်ကြည် မစဉ်းစားတတ်။ ဝေခွဲနိုင် စဉ်းစားနိုင် လောက်အောင်လည်း ဉာဏ်မမီ။

သို့မို့ကြောင့် ကိုသောင်းရွှေနှင့်တွေ့ပြီးပြီးချင်း ဖြစ်ပုံပျက်ပုံအလုံးစုံကို

အမေ့အား ပြန်ပြောမိသည်။ ရင်တွင်းမှာ မျိုသိပ်ထား၍မရ။ အမေက သေသေချာချာ နားထောင်ကာ ဘာမျှမဖြစ်သလို နေမြဲနေခဲ့သည်။ ဒါကို စိန်ကြည်က အားမရ။ အမေကလည်း အေးစက်စက်နေပါလားဟုတွေးကာ အမေ့ကိုအပြစ်တင်သည်။ တကယ်ဆိုတော့လည်း အမေကိုယ်တိုင် ဘာမျှမတတ်နိုင်သည်ကိုကား စိန်ကြည် မတွေးမိ။

"ညည်းတို့ဥစ္စာ ပြီးတာပြီးပြီ။ ဘာမျှမတတ်နိုင်ဘူး။ အစကတည်းက အညာမလွယ်နဲ့လို့ ငါပြောသားပဲ။ ညည်းကိုယ်တိုင်ကလည်း အညာလွယ်ခဲ့တာ ကိုးအေ့။ အခုမှတော့ ပူမနေနဲ့။ ပူနေလို့ ဘာမျှအကျိုးမထူးဘူး"

ဆေးပေါ့လိပ်ဖွာနေသော အမေက အိပ်ရာဘေးမှနေ၍ လှမ်းပြောသည်။ သမီး၏စိတ်ဒုက္ခနှင့် ခံစားချက်များကို အမေသည် အတွေ့အကြုံရှိသူပီပီ နားလည် ပုံရ၏။

"ကိုယ့်ထက်ဂုဏ်ရည်သာတဲ့လူကို ညည်းက မှန်းမိတာကိုးအေ့။ ဒီမယ် သမီး မှတ်ထား။ ပိုက်ဆံရှိတဲ့လူများဟာ ဘယ်တော့မှစိတ်မချရဘူး။ မယုံကြည် ရဘူး"

"အစက ဒီလိုဖြစ်မယ် ကျွန်မ မထင်လို့ပါအမေ"

"အေး ...အခုတော့ ဖြစ်ပြီမဟုတ်လား။ညည်းဘာတတ်နိုင်သလဲ။ ဘာမှ မတတ်နိုင်ဘူး။ အမေကလည်း ဘာမှမတတ်နိုင်ဘူး။ ညည်းအဖေသာရှိလို့ ညည်း ဒီလိုဖြစ်တာကို တွေ့ရင်တော့လား ဓားစာဖြစ်မှာ သေချာတယ်။ ဟိုက ဒေါသက ခပ်ကြီးကြီးနဲ့ ဓားခုတ်မှုတော့ ဖြစ်မှာပဲ"

"ဘာမှ မတတ်နိုင်ဘူးဆိုတာ ကျွန်မလည်းသိပါတယ် အမေရယ်။ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ပါဘူး။ သူ့အကြောင်းနဲ့သူဖြစ်လာတာ ဘယ် တတ်နိုင်မလဲ"

"အေးပေါ့။ အဲဒီလိုပဲ ကိုယ့်စိတ်ကို ကိုယ်ဖြေပေါ့သမီးရယ်။ အမေတို့ က မျက်နှာမွဲ မဟုတ်လား။ ညည်းအဖေမရှိကတည်းက လူ့အောက်သူ့အောက် ကျခဲ့ရတာ ကနေ့အထိပဲ ဆိုပါတော့အေ။ ဖြစ်သမျှအကြောင်းပေါ့"

ဖြစ်သမျှ အကြောင်းပေါ့ဟူသော အမေ့စကားလုံးမှာ စိန်ကြည်၏ နှလုံးသားကို ချွန်ထက်သောလှံသွားဖြင့် ထိုးသလို တဆတ်ဆတ်ထိုးဆွလျက်ရှိ သည်။

"ခေတ်အခါကြီးကလည်း မကောင်းဘူးစိန်ကြည်။ အမေတို့မှာ ပြေးရေ ကြည့်မှ သားအမိလေးယောက်တည်းရယ်။ အဲဒီတော့ ဒီလိုအကြောင်းနဲ့ ညည်းက

စိတ်ပျက်လက်ပျက်ဖြစ်နေရင် အမေတို့အတွက် သာဆိုးတော့မပေါ့"

"ကျွန်မ စိတ်ပျက်လက်ပျက်မဖြစ်ပါဘူး။ အလုပ်လုပ်တော့မယ်။ အရင်ကထက်ပိုလုပ်မယ်။ ပိုက်ဆံစုမယ် အမေ ..."

"အေး ..အေး..။ အဲဒါမြဲမြဲမှတ်ထား။ ပိုက်ဆံမရှိရင် မျက်နှာငယ်တယ်။ ငွေရှိမှ မျိုးရှိတယ်တဲ့။ အလုပ်ကိုကြိုးစားလုပ်ပြီး ပိုက်ဆံစုကြားလား။ ညည်းတို့အတွက်ပြောတာပါ။ အမေကတော့ အသက်ကြီးပါပြီ။ အမေ ဘာမှမလိုချင်ဘူး။ ညည်းနဲ့ညည်းမောင်နှစ်ယောက် လူမွေးလူတောင်ပြောင်အောင် နေရရင် အမေကျေနပ်လှပါပြီ"

အမေက ပြောင်းဖူးဖက် ဆေးလိပ်ကို ဆက်လက်ဖွာရှူနေပြန်၏။ ညေးမှောင်နေသော တဲကလေးအတွင်း၌ အမေ့ဆေးလိပ်မီးသည် ရဲခနဲ၊ ရဲခနဲ တောက်လောင်လျက်ရှိ၏။

"ညည်းအသက် ဆယ့်ခြောက်နှစ်ကျော်ပြီ။ ဆယ့်ခြောက်နှစ်ဆိုတဲ့ အသက်ဟာ ငယ်တော့တာမဟုတ်ဘူး။ အစစအရာရာကို စဉ်းစားလုပ်သမီးရယ်။ ငေးစားတာဟာ မမှားပါဘူး"

အပြင်ဘက်တွင် အမှောင်သည် ပိုလို့သာ နက်ရှိုင်းလာ၏။ လမင်း၏ ယဲ့ယဲ့မျှသော အလင်းရောင်သည်ပင် မရှိတော့။

*

(၄)

"ဆိတ်ကြီးပဲလော်၊ ကျွတ်တယ်၊ ရွတယ်"

စိန်ကြည်၏ အသံသည် ညောင်ပင်လေးဈေးတစ်ဝိုက်တွင် စူးရှစွာ ဆော်ထွက်လျက်ရှိ၏။

ရန်ကုန်မြို့၏ အနောက်ပိုင်းရှိ ညောင်ပင်လေးဈေးတစ်ဝိုက်သည် လက်တွန်းလှည်းများ၊ ဆိုက်ကားများ၊ ဘတ်စ်ကားများ၊ ကုန်တင်ကားများဖြင့် ရှုပ်ထွေးပွေလီလျက်ရှိလေသည်။ ဤနေရာမှာပင် အတည်တကျ တည်ခင်းရောင်းချကြသော ဆိုင်တွေ၊ ဖြစ်ကတတ်ဆန်း အမိုးအကာလုပ်၍ ရောင်းချကြသော ဆိုင်တွေ၊ ဈေးတောင်းခေါင်းရွက် ပျံကျဈေးသည်တွေဖြင့်လည်း ပြည့်လျှံလျက်ရှိသည်။

လမ်းများတွင် ကတ္တရာတွေပေါက်ပြဲလျက်ရှိရာ မိုးရွာလျှင် ရေတင်နေ

တတ်ပြီး နေကလေးပွင့်လာလျှင်ကား ဖွက်ဖြစ်လေတော့သည်။ ရေနံချေး အကြွင်း အကျန်များ၊ ရွှံ့ဖွက်များဖြင့် ပေကျံနေတတ်သော လမ်းဖြစ်ရာ ခြေချော်မသွားစေရန် အတန်တန်သတိပြုရသည်။

သို့ရာတွင် ဤမျှညစ်ပတ်ပေရေနေသော ညောင်ပင်လေးဈေးသည် ရန်ကုန်မြို့၏ အစည်ကားဆုံး ဒေသတစ်ခု ဖြစ်နေရပေ၏။ အဘယ့်ကြောင့်ဆိုသော် သင်္ဘောပေါင်းဆုံရာ ဒေသဖြစ်ခြင်းကြောင့်ပေတည်း။ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ တွံ့တေး၊ ဘိုကလေး၊ ကျိုက်လတ်၊ ဖျာပုံစသော မြစ်ဝကျွန်းပေါ်အောက်ပိုင်းရှိ မြို့များ၊ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဆကကြီး၊ အဖျောက်၊ ဟင်္သာတအစရှိသော မြစ်ဝကျွန်းပေါ် အထက်ပိုင်းမြို့များနှင့် ကူးသန်းသွားလာကြသည့် မီးသင်္ဘောတွေ၊ မော်တော်တွေ စုဝေးသည့် ဆိပ်ကမ်းဖြစ်လေသည်။

ဤဆိပ်ကမ်းတွင် စိန်ကြည်သည် ပျံကျဈေးသည်အဖြစ် အသက်မွေး ဝမ်းကျောင်းပြုနေရခြင်းဖြစ်သည်။

လှိုင်းတာရွာကလေးတွင် မနေရဲတော့သည့်အတွက် အမေက ရန်ကုန်သို့ ပြေးရန် ပြောစဉ်က စိန်ကြည်သည် အကြောက်အကန် ကန့်ကွက်ခဲ့၏။ ယင်းသို့ ကန့်ကွက်သည်မှာ ရန်ကုန်ကိုကြောက်သောကြောင့်ဖြစ်သည်။ တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှမရောက်ဖူးသည့် ရန်ကုန်ကိုကြောက်သည်။ ရန်ကုန်သို့ရောက်ဖူး သော မလှအုန်းမယ်တို့က "ရန်ကုန်ဆိုတာ လမ်းတွေက အကျယ်ကြီး၊ တိုက်ကြီး တွေကအကြီးကြီး၊ ကားကြီးတွေကလည်း အကြီးကြီး၊ အကုန်လုံးအကြီးကြီးပဲအေ့" ဟု ပြောဖူးသည်။ လှိုင်းတာရွာတွင် လည်းကောင်း၊ လှိုင်းတာအနီးတစ်ဝိုက်ရွာ များတွင်လည်းကောင်း၊ သူပုန်တွေထကြ၊ တိုက်ပွဲတွေဖြစ်ကြမို့ ရွာသားအများ အပြား ရန်ကုန်သို့ပြောင်းပြေးလာကြသည့်အခါ အမေကလည်း မနေရဲဟုဆိုကာ ရန်ကုန်သို့ ဘုမသိ၊ ဘမသိ ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်သည်။ သို့တိုင်အောင် မလှအုန်းမယ် ပြောထားသည့် စကားတွေကိုကြောက်၍ကာ စိန်ကြည်က ရန်ကုန်သို့ မပြောင်းချင်။

ရန်ကုန်သို့ရောက်စရက်ပိုင်းကဆိုလျှင် စိတ်ညစ်လိုက်ရသည်မှာ ပြောဖွယ် ရာမရှိပြီ။ ရန်ကုန်မြို့သည်ကြီးကျယ်၏။ ခမ်းနား၏။ တောက်ပပြောင်လက်၏။ သို့ရာတွင် စိန်ကြည်မှာ အနေရကျပ်နေမိသည်။ စိတ်ကျဉ်းကျပ်သည်။

"အမေရယ် ...ဖြစ်မှ ဖြစ်ပါ့မလား"

သို့ကလို အမေ့ကို မေးမိသည်။

"ဘာကို ဖြစ်မှဖြစ်ပါ့မလား ပြောတာလဲအေ့"

"သြော် ...ရန်ကုန်မြို့ကြီးမှာ ကျွန်မတို့ချည်းပဲ မျက်စိသူငယ်နဲ့ စားသောက်နေထိုင်လို့ ဖြစ်ပါ့မလားပြောတာ အမေရဲ့"

"အိုတော်၊ ခြေနှစ်ဖက် လက်နှစ်ဖက်ရှိရင်ဖြစ်ရမှာပေါ့။ အများသူတကာတောင် ဖြစ်သေးတာ ကျုပ်တို့က ဘာလို့မဖြစ်ရမှာတုံး"

"ကျွန်မတို့မှာ အရင်းအနှီးမရှိ၊ အားကိုးအားထားစရာမရှိလို့ ပြောနေတာအမေ။ လှိုင်းတာမှာတော့ ကိစ္စမရှိဘူး။ စားစရာမရှိရင် ဆန်လေးနို့ဆီဘူး တစ်လုံးနှစ်လုံး၊ ဘယ်အိမ်ကသွားချေးချေး ရတယ်။ ဟင်းမရှိရင် လယ်ကွင်းထဲဆင်း၊ ကန်စွန်းရွက်ခူး၊ ပုစွန်လုံးနှိုက် ရသေးတယ်။ ရန်ကုန်မှာများ ဒီလိုအဖြစ်မျိုးနဲ့ဆိုရင် ကျွန်မတို့ ဘယ်သူ့ဆီသွားရမတုံး"

"ဒါကတော့ သမီးရယ်၊ လူမသေ ငွေမရှားဆိုတဲ့စကားရှိသားပဲ။ တစ်ဝမ်းတစ်ခါးလောက်တော့ ဖြစ်အောင်လုပ်ရတာပေါ့။ ညည်းက အရွယ်နဲ့မလိုက်အောင်ပူတတ်ရန်ကော"

အမေက သို့ကလိုပြောခဲ့သည်။

အမေက အမှန်စင်စစ် အားငယ်နေသော မိမိကိုအားပေးလိုက်ခြင်းဖြစ်ကြောင်း စိန်ကြည်ရိပ်စားမိသည်။

သို့မို့ကြောင့်လည်း စိန်ကြည်တို့မောင်နှမ အလုပ်ကိုယ်စီလုပ်ကြသည်။ စိန်ကြည်က ပုံကျစျေးရောင်းကာ မောင်ကြီးက အညာဆန်သင်္ဘောကြီး ဆိပ်ကမ်းတွင် ကူလီသွားထမ်းပြီး မောင်ငယ်က ရေခဲကောက်သည်။ ကီလီလမ်းနှင့် မော်တင်လမ်း၊ လှည်းတန်းစသော ဆိပ်ကမ်းတို့၌ မြစ်ဝကျွန်းပေါ် ငါးဒိုင်တွေ၊ ငါးရှဲတွေအတွက် ရေခဲများတင်ပို့လေ့ရှိရာ သင်္ဘောပေါ်သို့ ရေခဲတုံးကြီးတွေကို တရွတ်တိုက်တွန်းကာ တင်ဆောင်လေ့ရှိသည်။ ယင်းသို့ ဖြစ်ကတတ်ဆန်း တင်ပို့သည့်အတွက် ဆိပ်ကမ်းတံတားတစ်လျှောက် ရေခဲတုံးအကျိုးအပဲ့တွေ ဖွာလန်ကြဲနေတတ်ရာ ၎င်းအကျိုးအပဲ့တွေကို သံပုံးတစ်လုံးဖြင့် လိုက်လံစုဆောင်းကောက်ထည့်ကာ ရေခဲဆိုင်များ၊ ရှာလပတ်ရည်သည်များထံ ပြန်ရောင်းရသည်။ မောင်ငယ်ကား ၎င်းအလုပ်တွင် များစွာ ကျွမ်းကျင်လျက် ရှိလေသည်။

မည်သို့ပင်ဖြစ်စေကာမူ သူတို့သားအမိလေးယောက်သည် မော်တင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ကွက်သစ်ကလေးတွင် ရရစားစားနေနိုင်ခဲ့ကြသည်သာဖြစ်၏။ အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့်အပြင် ကောင်းစွာ မကျန်းမမာရှိနေသော အမေကိုပင် အလုပ်မလုပ်စေတော့ဘဲ အိမ်၌သာနေခိုင်းသည်။ အမေကလည်း ကျေနပ်သည်။ ချို့တဲ့နွမ်းပါးသောဘဝတွင် သူတို့၏ ကျဉ်းမြောင်းသေးငယ်လှ

သည့် ပျော်ရွှင်မှုပတ်ဝန်းကျင်ကို တည်ဆောက်၍ ကြိုးပမ်းခဲ့ကြသည်။

"စိန်ကြည်နော် ... စိန်ကြည်။လင်ယူပက်စက်သည် မာစတားက တိုကျိုပြန် ဟိုဟာတစ်လုံးနဲ့ကျန်"

အဘယ်မျှကြာအောင် စဉ်းစားနေမိလိုက်သည်မသိ။ အနားတွင် ကပ်ကာ မထိတထိစနေသော မမသက်၏စကားသံကိုကြားတော့မှပင် စိန်ကြည်က ပဲလှော်ဗန်းကို ယင်ယပ်ရင်း လှမ်းကြည့်မိသည်။ မမသက်သည် ပြုံးနေ၏။

"မမသက်ကလည်း လုပ်ပြန်ပြီ။ ဒီသီချင်းကြီးကို မုန်းကမုန်းပါဘိသနဲ့..."

"အလကားပါညီမရယ်။ ဈေးရောင်းထိုင်းလို့များ ပျင်းနေသလားလို့ မမသက်ကစတာပါအေ။ ဘယ့်နှယ့်လဲ ဒီနေ့ နေ့တွက်စီရဲ့လား"

"စီတယ်ရယ်မဟုတ်ပါဘူး မမသက်ရယ်။ တစ်နေ့တစ်ကျပ်ခွဲနှစ်ကျပ် လောက် ကိုယ့်ဖို့ကိုက်ရင် တော်လှပြီဆိုပြီး လုပ်နေရတာ မမသက်ဆိုင်ရော မထွက်ဘူးလား"

"အေး ...ဒီနေ့ မထွက်ဘူး။ အထည်ကောက်စရာရှိတာနဲ့"

စင်စစ် မမသက်ဟု ခေါ်နေသည့် မသက်နှံသည် အရာရှိကတော်ကျ တစ်ဦးဖြစ်ကြောင်း၊ သိမ်ကြီးဈေးတွင် အထည်ဆိုင်ဖွင့်ထားကြောင်းဖြင့် ညောင်ပင်လေးဈေးမှ ဆိုက်ကားသမား ကိုထွေးတင်က မိတ်ဆက်ပေးခဲ့ရာမှ သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ အရာရှိကတော်ကျလည်းဖြစ်၊ အထည်သည်လည်းဖြစ်သည်ဆိုသော မမသက်သည် အသားညိုသော်လည်း ကိုယ်လုံးကိုယ်ထည်ပြေပြစ်တောင့်တင်းသည်။ ခေတ်ဆန်သည်။ ရဲတင်းဖျတ်လတ်သည်။ အထည်ကောက်ရင်း ညှော်သည်သို့မဟုတ် ဆွေမျိုးကြိုဆိုရင်း ညောင်ပင်လေးဈေးသို့ ရောက်ရောက်လာတတ်သည်။ သို့ကလိုရောက်လာတိုင်း စိန်ကြည်ကို တွေ့အောင်ရှာကာ တရင်းတနှီးလာစကားပြောလေ့ရှိသည်။

စိန်ကြည်ကား မမသက်ကိုအားကျ၏။ မမသက်၏ ဖျတ်လတ်သွက်လက်မှုကို သဘောတွေ့မိ၏။ ချောမွေ့လှပသလောက် ကိုယ့်ဒူးကိုယ်ချွန် စီးပွားရှာသော မိန်းမသားတန်မဲ့ ဂုဏ်သရေရှိရှိနေထိုင်နိုင်သည့် မမသက်၏ အရည်အချင်းကို အတုယူချင်သည်။

"ညီမရယ် ဒီနေ့တော့ စကားစပ်မိလို့ပြောရဦးမယ်။ ညီမဟာလေ အသားလေးကလည်းဖြူ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း တောင့်တောင့်တင်းတင်း အရွယ်ကလည်းကောင်း ဒီလိုပဲလှော်လေးရောင်း၊ တိုလီမိုလီလေးရောင်းနေရတာ တွေ့ရတော့ မမသက် စိတ်မကောင်းဘူး။ မမသက်နဲ့ အရောင်းအဝယ်လိုက်လုပ်ပါ

လားဟင်။ ဒါ ကိုယ့်သွေးရင်းသားရင်း ညီမလေးလိုခင်လို့ ပြောတာနော်။ မခင်ရင်တော့ မမသက်တို့က လှည့်တောင်မကြည့်သေးဘူး"

စိန်ကြည်သည် ဝမ်းသာသွားမိ၏။ သို့သော် သူ၏ဝမ်းသာမှုကို မမသက်ရှေ့မှောက်၌ ဖြုန်းခနဲမဖော်ပြရဲ။

"အခု ကြည့်စမ်း။ ဒီဆိပ်ကမ်းမှာ နေပူမရှောင်၊ မိုးရွာမရှောင်။ ညီမမှာ လုပ်လိုက်ရတာ တစ်နေ့လုံးလုံး လည်ချောင်းကွဲအောင်အော်ပါမှ ငါးကျပ် အလွန်ဆုံး ကိုယ့်အတွက်ကျန်တော့မပေါ့။ ဟုတ်တယ်မဟုတ်လား။ မမသက်ကလည်း ကိုယ်ချင်းစာပါတယ် ညီမရယ်။ မမသက်ယောက်ျားရှိတုန်းက သူ့လခနဲ့ မင်းကတော်ဆိုတဲ့ဂုဏ်ပုဒ်နဲ့ အမြိုင့်သား နေခဲ့တာပဲ။ သူလည်းဆုံးသွားရော မဖြစ်ဘူး။ အလုပ်ကလေးဘာလေး လုပ်ဦးမှဆိုပြီး သိမ်ကြီးဈေးမှာ ဆိုင်တစ်ဆိုင် လေလံဆွဲတာပဲ။ ဒီလိုအမိုးအကာအောက်မှာ ဆိုင်ခင်းရောင်းရတာတောင် မမသက်လေ ကိုယ့်ကိုယ်ကို သိပ်ဆင်းရဲသွားပြီထင်ပြီး ငိုလိုက်ရတာအမောပဲ ညီမရဲ့။ ညီမတို့လိုများ နေပူမရှောင်၊ မိုးရွာမရှောင် ပင်ပန်းရမယ်ဆိုရင် မမသက်သေတာ ကြာလှပြီ။ အဲဒီလို ကိုယ်ချင်းစာလို့ ငါ့ညီမကိုပြောတာပါ။ဘယ့်နှယ့်လဲ မမနဲ့အတူတူလိုက်ပြီး လုပ်မလားဟင်။ ညီမကို ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ထားမယ်။ လက်ဝတ်လက်စားတွေ ဆင်ပေးဦးမယ်"

"ကျွန်မက အဲဒီအလုပ်တွေလုပ်မှ မလုပ်တတ်ဘဲ မမသက်ရယ်"

"အို ...ဒါအတွက် ပူနေစရာမလိုပါဘူး ညီမရယ်။ မမသက်က အားလုံးကို သင်ပြမှာပါ။ ဘယ်အလုပ်မျိုးမဆို ဒီလိုပဲလုပ်ရင်းနဲ့ တတ်နေကြတာ မဟုတ်လား ညီမရဲ့။ မမသက်လာခေါ်မယ်နော်။ အို ...ဒါ့ထက်နေပါဦး။ ညီမရဲ့အမေ နေမကောင်းဘူးလို့ မောင်ထွေးတင်ကပြောတယ်။ အခု ဘယ့်နှယ့်နေသေးသလဲ"

"ဒီလိုပါပဲ မမရယ်။ အသက်ကလည်းကြီးပြီဆိုတော့ တရှောင်ရှောင်ပေါ့။ ဘာရောဂါရယ်လို့ အတိအကျပြောမရပါဘူး"

"အေးလေ အသက်ကြီးတော့ အလိုလိုနေရင်း ချူချာတတ်တာမျိုးပဲ။ ကဲ ..ကဲ ..ရော့ ငွေငါးဆယ်ယူထားလိုက်။ အမေကြီးအတွက် ဆေးဖိုးဝါးခနဲ့ ခုတ်စာလေး ဘာလေးဝယ်ပေးပေါ့။ မမသက် နောက်ထပ်လာဦးမယ် ဟုတ်လား။ ရော့ ...ယူထားလိုက်"

စိန်ကြည်၏ ဈေးဗန်းပေါ်သို့ ငွေငါးဆယ်ကိုတင်ထားကာ မမသက်ထွက်ခွာသွားလေသည်။

"မနက်ဖြန်လောက် မမသက်လာခဲ့မယ် သိလား။ ဒီမှာပဲ စောင့်ပေါ့"

မမသက်၏ ကျောပြင်ကို ကြည့်ရင်း ငွေငါးဆယ်ကို လက်ကကိုင်ရင်း စိန်ကြည်က ကောက်ကျန်ရစ်ရလေသည်။ ကျေးဇူးတင်စရာကောင်းသော မမသက်၊ ကြင်နာတရားကြီးမားသော မမသက်ပါလားဟု စိန်ကြည်၏ ရင်တွင်း၌ မြည်တမ်း တသနေမိသည်သာ ဖြစ်၏။

ငါးဆယ်မျှသော ငွေကြေးကို တစ်လုံးတစ်ခဲတည်း မကိုင်ဘူးခဲ့သည့် စိန်ကြည်သည် ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်း၊ ပီတိဖြစ်ခြင်းစသောစိတ်လှုပ်ရှားမှု မျိုးစုံကို ပွေ့ပိုက်ကာ အိမ်သို့ပြန်ခဲ့သည်။ အမေ့အတွက် ခေတ်စာဝယ်ပေးမည်။ တချို့တစ်ဝက်သောငွေကို အင်္ကျီစလှလှကလေးဝယ်ချုပ်ကာ အားပါးတရဝတ် လိုက်မည်ဟုလည်း တွေးမိလေ၏။

*

(၅)

"မမသက် ကျွန်မဘာယ်လို မျက်နှာပြရမလဲဟင်"

စိန်ကြည်သည်ငိုနေ၏။ ဖွေးဖွေးဖြူသော ပါးပြင်တွင် မျက်ရည်များဖြင့် စိုရွှဲနေ၏။ မို့မောက်ပြည့်ဖြိုးသည့် ရင်သားအစုံမှာ ဆုပ်ကိုင်ခြေမွထားခြင်းခံရသည့် ပန်းပွင့်ကလေးတွေလို စိစိညက်ညက်ကျေကုန်ပြီလား ထင်ရလောက်အောင် နာကျင် ကျိန်းစပ်လျက်ရှိသည်။

မမသက်ခေါ်ရာနောက်သို့ စိန်ကြည်လိုက်ခဲ့သည်။ မမသက်က အထည် ဆိုင်သို့ ခေါ်မသွားဘဲ သူ့အိမ်သို့ခေါ်သွားသည်။ မမသက်၏အိပ်ခန်းအတွင်းမှာပင် အသင့်စောင့်နေသော လူတစ်ယောက်နှင့်ပက်ပင်းတိုးခဲ့ရသည်။ ဤသို့အားဖြင့် စိန်ကြည်သည်လည်း အပျိုရည်ပျက်ရတော့သည်သာမက တစ်ကိုယ်လုံးကျိုးပြတ် သည့် အရပ်ပမာ နွမ်းပျော့ညိုးခွေရတော့သည်။

မမသက်သည် စီးကရက်ခဲကာ မျက်စိကိုစင်းထားရင်း သူ့အပါး၌ တရှုံ့ရှုံ့ငိုနေသည့် စိန်ကြည်ကို ထူးဆန်းသော သတ္တဝါတစ်ကောင်သဖွယ် စိုက် ကြည့်နေ၏။

"စိန်ကြည် ငါ့ညီမငွေရှိရင် ဒီလောကကြီးမှာ ဘာမျက်နှာကိုမှ ပြစရာ မလိုဘူးဆိုတာ မှတ်ထား၊ စီးပွားရှာတဲ့နေရာမှာ သိပ်အယူသီးမနေစမ်းပါနဲ့ စိန်ကြည် ရယ်"

"ကျွန်မ ကျွန်မ ဒါမျိုးတွေမလုပ်တတ်ပါဘူး မမသက်ရယ်၊ ကျွန်မ

ရှုက်လှချည်ရဲ့"

"အို... ဟို တယ်လည်းခက်တဲ့ မိန်းကလေးပါလား၊ မလုပ်တတ်ဘူး ဆိုတာဘာလဲ၊ ရှက်တယ်ဆိုတာ ဘာလဲ၊ မမသက် မသိလို့ မေးလိုက်စမ်းပါရစေ၊ ဒီမှာ မမသက်ကိုကြည့် တခြားဝေးဝေးလံလံကို မကြည့်နဲ့၊ မမသက် တစ်ကိုယ်လုံး ဟောဒီလိုပျင်းတွဲပြီးကျနေပြီ၊ တင်မရှိ ရင်မရှိ ဘာဆိုဘာမှမရှိတော့ဘူး။ ဒါပေမဲ့ ဘယ်သူကသိသလဲ၊ ယောကျ်ားဆိုတာမျိုးဟာ မိန်းမနဲ့တွေ့ရင် ငါးစာမြင်တဲ့ငါးတွေပါအေ၊ အပျိုစစ်မစစ် ဘယ်သူမှ လိုက်စစ်ဆေး မနေပါဘူး၊ ဘာမှဝမ်းနည်းမနေနဲ့ ရော့... ဟောဒီမှာ ငွေတစ်ရာယူ"

စိန်ကြည်၏ တွန့်ကြေနေသော ထဘီပေါ်သို့ငွေတစ်ရာ အထပ်လိုက်ကျလာသည်။ စိန်ကြည်က ခေါင်းကိုအောက်သို့ငုံ့လိုက်ရာ ပါးပြင်မှမျက်ရည်ပေါက်များသည် ထဘီပေါ်သို့ တစ်စက်စက်ကျဆင်းနေကြလေ၏။

"ကျွန်မ ရှက်လွန်းလို့ပါ"

စိန်ကြည်ကား ဤစကားကိုပင် ဆက်ပြောသည်။

မမသက်က တဟားဟား ရယ်မောရင်း စိန်ကြည်၏ပွယောင်းနေသော ဆံပင်တွေကို လက်ဝါးဖြင့် သပ်တင်ပေးကာ–

"ရှက်တယ် ဟုတ်လား၊ ဘာကိုရှက်ရမှာတုန်း ငါ့ညီမရယ်၊ ဘယ်သူသိတာမှတ်လို့ ကိုယ့်ကိုယ်ကိုပဲ သိတဲ့ဥစ္စာ၊ အခုကြည့်စမ်း ခဏကလေးနဲ့ ညီမအတွက် ငွေတစ်ရာရပြီ၊ တစ်နေကုန် တစ်နေခန်း နေပူပူ မိုးရွာရွာတကြော်ကြော် အော်ဟစ်ရောင်းနေရတုန်းက တစ်နေ့ကို ကိုယ့်တွက်ကျန်လှမှ ငါးကျပ်အစွမ်းကုန် မဟုတ်လားဟင်၊ အခု ပက်ခနဲ ငွေတစ်ရာရတယ်။ နောက်ကိုလည်း အများကြီးရဦးမယ်။ ညီမရဲ့အမေအိုကြီး ဆေးဖိုးဝါးခ အလုံအလောက်ရမယ့်အပြင် စိတ်ကြိုက်အဝတ်အစားတွေ ဝယ်ဝတ်နိုင်ဦးမယ်။ မမိုက်စမ်းပါနဲ့ ညီမရယ်"

သည်လိုနှင့်ပင် စိန်ကြည်တစ်ယောက် မမသက်၏ပိုက်ကွန်အတွင်းသို့ လုံးလုံးလျားလျားသက်ဆင်း ကျရောက်ခဲ့ရလေတော့သည်။

တစ်သက်နှင့်တစ်ကိုယ် အရှက်ကြီးရှက်ရသော သူ့အဖြစ်ကို စိန်ကြည်ကောင်းစွာ သတိရမိသည်။ အလွန်တရာကြီးလေးလှစွာသော ပြစ်မှုကြီးတစ်ခုကို ကျူးလွန်မိလေပြီဟု ယူဆသည်။ တစ်ချိန်တည်းမှာပင် သူ့လက်တွင်းသို့ ရောက်လာသော ငွေစက္ကူတွေကို ပစ်ပစ်ခါခါ မပြုနိုင်လောက်အောင်လည်း ဖြစ်ရပြန်သည်။ ဆိုမှုသာလော။ မဟုတ်သေး။ မိမိအပေါ်၌ အကြွင်နာကြီးခဲ့ပါသည်၊ ကိုယ်ချင်းစာစရာတွေ တောင်လိုမောက်အောင် ထားခဲ့ပါသည်ဆိုသော မမသက်ကိုလည်း

အဘယ့်ကြောင့်ဟူ၍ကား မသိ၊ ကြောက်ရ ရှိသေးရသေးသည်။

အစကနဦးတွင်တော့ အမေ့ကို လိမ်သည်။

"ဒီနေ့ သိပ်ရောင်းကောင်းလို့ပါ အမေ"

"အကြွေးဟောင်းတွေ ပြန်ရလို့ပါ အမေ"

ဈေးရောင်းကောင်းသော နေ့တွေ၊ အကြွေးဟောင်းပြန်ရသောနေ့တွေ တဖြည်းဖြည်းများလာသောအခါ အခြားစကားလုံးသစ်ကို ရှာကြံရသည်။

"ပိတ်ကြမ်းစရတာနဲ့ သိမ်ကြီးဈေးက ဇာဘော်လီဆိုင်တွေကို သွားသွင်းလိုက်တယ်အမေ"

"မမသက်ဆိုင်က လချုပ်စာရင်းရှင်းလိုက်တာ အမြတ်တွေအများကြီးထွက်နေတာနဲ့ ကျွန်မကို စပါယ်ရှယ်ဆုပေးတယ် အမေ"

"မမသက်က သိပ်သဘောကောင်းရှာပါတယ် အမေရယ်။ သူ့ သူဌေးကဆို ငွေကိုရေလိုသုံးတာပဲ။ ကျွန်မက သူတို့ဆိုင်မှာ ကူရောင်းပေးတာ လခနည်းတယ်ဆိုပြီး မေတ္တာရှိပေးတာပဲအမေ။ အားနာစရာ သိပ်ကောင်းတာ"

အိပ်ရာပေါ်တွင် ပက်လက်သာရှိနေပြီဖြစ်သော အမေကဟုတ်လား။ မဟုတ်သလား စဉ်းစားဝေခွဲရန်ပင် မစွမ်းနိုင်တော့ပြီမို့ စိန်ကြည့်အတွက် အမေ့ကို လိမ်ရညာရလှည့်စားရသောအရေးတွင် စိုးစဉ်းမျှ ပြဿနာမပေါ်။

အမေသည် သေအံ့ဆဲဆဲတွင် မျက်ရည်ကျ၏။ မပီကလာပီကလာ စကားလုံးအချို့ကိုကား အားယူ၍ ပြောစမ်းကြည့်၏။

"သမီး ...သမီး"

ဤနှစ်လုံးသော စကားကိုသာ စိန်ကြည်ကြားရသည်။ အမေကား အသက်ကုန်နေလေပြီ။

စိန်ကြည်သည် အားပါးတရငို၏။ အတိုးချ၍ ငို၏။

"အမေရေ ...သမီးအဖြစ်ကို မြင်လှည့်ပါဦး"ဟု အသက်မရှိတော့ပြီဖြစ်သော အမေ့ကိုသာ တမ်းတကာငိုလေသည်။ အဖေမရှိသည့်နောက်ပိုင်းကစ၍ ဆင်းရဲခြင်းကြီးစွာ နေထိုင်ခဲ့ရသော အမေ့အတွက် ငိုကြွေးခြင်းဖြစ်သလို၊ ရေတိမ်တွင် ရော ရေနက်တွင်ပါ ဆင့်ကဲဆင့်ကဲနစ်ခဲ့ရသည့် ဖြစ်ချင်သလို မဖြစ်စေကာမူ မဖြစ်ချင်သလိုဖြစ်နေခဲ့ရသည့် သူ့ဘဝအတွက်ပါ မချိတင်ကဲ ငိုယိုမိခြင်းဖြစ်ကြောင်းကိုကား စိန်ကြည်မှတစ်ပါး မည်သူမျှမသိ။

ပျက်သုဉ်းလေပြီဖြစ်သော အမေ့ဘဝကဲ့သို့ပင် စိန်ကြည်၏ ရိုးသားဖြူစင်သော အပြစ်ကင်းစင်သော ပျိုမြစ်နုနယ်သော ဘဝသည်လည်း ပျက်သုဉ်းရလေပြီ။

အမေနှင့်အတူ ရိုးသားဖြူစင်သောစိန်ကြည်၏ ဘဝသည်လည်း ခက်ထန်ကြမ်းကြုတ်လှသည့် ဤမြေပြင်ထက်တွင် ကွယ်ပျောက်မြုပ်နှံခဲ့ရလေပြီ။

*

(၆)

အမေသေစဉ်က မောင်ကြီးအသက်မမီလိုက်။

ဗိုလ်တထောင်ဘက်ရှိ အညာဆန်သင်္ဘောကြီးဆိပ်ကမ်းတွင် ကူလီထမ်းနေရခိုက် မော်တင်လမ်းဘက်ရှိ ကွက်လပ်ထဲမှတဲအိမ်တွင် အမေဆုံးခြင်းဖြစ်ရာ မောင်ငယ်ကလာခေါ်တော့မှပင် အိမ်ပြန်ခဲ့သည်။ ထိုအခါ အမေ့အလောင်းကိုပင် ပြင်ထားပေပြီ။

အမေသေပြီဆိုသောအခါ မောင်ငယ်သည် စိန်ကြည်ကဲ့သို့ပင် ရှိုက်ကြီးတငင် ငိုကြွေးလေသည်။ မောင်ကြီးကား မျက်ရည်မကျ။ မျက်ရည်ကျရကောင်းမှန်းမသိ။ အသက် ၁၅နှစ်ပြည့်လာသည့် ယခုအချိန်အထိ မောင်ကြီးသည် သူတွေ့ကြုံရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်ဟူသမျှကို အေးအေးလူလူ ပျော်ပျော်ပါးပါးပင် ရင်ဆိုင်ခဲ့သူဖြစ်လေသည်။

အဖေသေခဲ့ပြီ။ ဆင်းရဲဒုက္ခရောက်ခဲ့ကြပြီ။ လယ်ကွင်းများ စပါးသီးနှံများအကြားမှာ မွေးဖွားကြီးပြင်းလာပေမယ့် ထမင်းနပ်မှန်မစားရသော ရက်ပေါင်းများစွာကို ဖြတ်သန်းကျော်လွှားခဲ့ရပြီ။

ထိုမျှသာလော။ မဟုတ်သေး။ သူနေထိုင်ရာ ဇာတိကျေးရွာကလေးကို စွန့်လွှတ်လာခဲ့ရသည်။ အမေနှင့်အတူ သူစိမ်းဆန်လှသော၊ ခက်ထန်လှသော ရန်ကုန်မြို့ကြီးသို့ လာရောက်ခိုလှုံခဲ့ရသည်။ ယခု အမေသေရပြန်သည်။ ရန်ကုန်မြို့ရောက်သည့်နေ့ကစ၍ မျက်စိသူငယ်ဖြင့် ရရာအလုပ်ဝင်လုပ်ခဲ့သည်။ သူ့ထက်ကြီးသော ကူလီများ၏ အငေါက်အငမ်းနှင့် ကြိမ်းမောင်းမှုမျိုးစုံကိုခံကာ အလုပ်လုပ်ရင်းတစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်ခဲ့ရသည်။

သို့မို့ကြောင့် မောင်ကြီးသည် အမေသေသောအခါ ငိုရန်သတိမရ။

အမေ့အလောင်း မြေကျသည်နှင့်တစ်ပြိုင်နက် သူဆင်းနေကျဆိပ်ကမ်းသို့ပြန်ကာအလုပ်လုပ်သည်။ မောင်ငယ်ကလည်း ရေခဲမကောက်တော့။ သူနှင့်သင့်လျော်မည့် အလုပ်တစ်ခုကို ရှာတွေ့ထားပြီဟု မောင်ငယ်က ဆိုသည်။

"ဘာအလုပ်လဲညီလေး"

"အို ...အစ်ကိုနောက်တော့ သိမှာပေါ့"

"အခုပြောကွာ၊ အခုသိချင်တယ်"

"မပြောနိုင်ဘူး။ နောက်တော့ သိလိမ့်မယ်ဆိုပြီးရောပေါ့။ ဘာဖြစ်လို့ အတင်းမေးနေရတာလဲ"

"အေး ..ဒါဖြင့် မင်းသဘောပဲ"

ပေကတ်ကတ်နိုင်လှသော မောင်ငယ်ကို မောင်ကြီးက အလျှော့ပေးရသည်သာဖြစ်လေသည်။ ငယ်စဉ်ကအတိုင်း မောင်ငယ်သည် ယနေ့ထက်တိုင် နွဲ့ချင်ဆိုးချင်နေသေး၏။

"မင်း ...ရေခဲကောက်ရတာ မပျော်လို့လား"

ညီဖြစ်သူကို မတတ်သာ၍ အလျှော့ပေးရစေကာမူ မကျေနပ်သေးသော မောင်ကြီးက ထပ်၍မေးမိပြန်သည်။

"မပျော်ဘူး"

မောင်ငယ်၏ အဖြေမှာ တိုတောင်းသည်။ ပြတ်သည်။

"ဘာဖြစ်လို့မပျော်တာလဲ၊ ပြောစမ်းပါကွာ။ မင်းနဲ့စကားပြောရတာ အားမရလိုက်တာ ညီလေးရာ"

"အစ်ကို စဉ်းစားကြည့်လေ၊ သံပုံးတစ်လုံးနဲ့ တံတားပေါ်မှာ ရေခဲအကျတွေ လိုက်ကောက်နေရတာ ဘယ်နှနှစ်ရှိပြီလဲ။ တစ်နေ့လာလည်း ဒါပဲ။ တစ်နေ့လာလည်း ဒါပဲ။ ရတော့ တစ်ပဲခြောက်ပြား၊ ဒီကြားထဲ သိပ်ရန်များတာ အစ်ကိုရဲ့၊ လမ်းပေါ်ကျနေတဲ့ ရေခဲအကျိုးအပဲ့ လိုက်ကောက်ရတာတောင် ဗိုလ်ကျချင်တဲ့ကောင်တွေ ရှိသေးတယ်။ ဘိန်းစားချင်းအတူတူ တစ်လုံးပိုရှုချင်တဲ့ ကောင်တွေချည်းပဲ။ ဒီကြားထဲမှာ ကျွန်တော်မနေချင်တော့ဘူး။ ဆက်နေရင် တစ်နေ့နေ့ရိုက်ပွဲဖြစ်လိမ့်မယ်"

"ဒါဖြင့် မင်းကူလီထမ်းမလား"

"မထမ်းဘူးဗျာ။ လျှာအလျားလိုက်ထွက်ပြီး မဝရေစာစားရတဲ့အလုပ်၊ အစ်ကိုသာ ဒီလိုအလုပ်မျိုးမှာပျော်နေတာ။ ကျွန်တော်တော့ တစ်စိမှ မလုပ်ချင်ဘူး"

မောင်ကြီးက ယဲ့ယဲ့မျှသာ ပြုံးနေလိုက်မိသည်။ တကယ်ဆိုတော့ ညီဖြစ်သူ၏စကား အဘယ်မျှမှန်ကန်ကြောင်း မောင်ကြီးကိုယ်တိုင် သဘောပေါက်နေပြီ မဟုတ်ပါလော။

"ငါကလည်း ပျော်လွန်းလို့လုပ်နေတာ မဟုတ်ပါဘူးညီလေးရာ။ တစ်နေ့တစ်နေ့ ထမ်းရပိုးရနဲ့ လူလည်းကျွဲပခုံးထနေပြီ။ ကူလီထမ်းရတာ ဘယ်လောက်

ဝင်ပန်းတယ်ဆိုတာ ငါအသိဆုံးပေါ့။တခြားအလုပ်တစ်ခုခုတွေ့ရင် ငါလည်းပြောင်းမှာပါ။ ဒါ့ကြောင့် မင်းကိုမေးနေတာ။ မင်းပြောင်းလုပ်မယ့်အလုပ်က ဘာအလုပ်လဲလို့"

"ဒါတော့ မပြောသေးဘူး။ မပြီးခင် ဗမာမမြင်စေနဲ့တဲ့"

မောင်ငယ်သည် တစ်ခါတစ်ရံ ဤသို့ပင် ကြီးကျယ်တတ်သူဖြစ်ပေ၏။ သူပြောင်းလုပ်မည့် အလုပ်အကြောင်းကို မပြောသေးဟု ဆိုရုံသာမက "မပြီးခင် ဗမာမမြင်စေနဲ့"ဟူ၍ပင် ဆိုနေပြန်သေး၏။

"မောင်ကြီးရော မောင်ငယ်ကိုပါ အစ်မပြောစရာရှိတယ်။ အစ်မ ပြောမယ့်စကားကို သေသေချာချာနားထောင်"

တစ်လျှောက်လုံး စကားဝင်မပြောဘဲ မောင်နှစ်ယောက်ပြောနေကြသည်ကိုသာ တိတ်ဆိတ်စွာ နားထောင်နေခဲ့သော စိန်ကြည်က ယခုမှ စကားဝိုင်းသို့ ဝင်လာ၏။ အဝတ်အစားဆင်ယင်ပုံ၊ မွှမ်းမံခြယ်သပုံကအစ၊ အပြောအဆိုပါကျန် ပြောင်းလဲနေပြီဖြစ်သော သူတို့အစ်မကို ပြိုင်တူလိုလိုကြည့်မိကြသည်။ သူတို့အစ်မ အဘယ့်ကြောင့် ဤသို့ပြောင်းလဲနေရသနည်းဆိုသည်ကို မောင်ငယ်ကသိသောကြောင့်လား။ သို့တည်းမဟုတ် သိပါလျက်နှင့် မသိသလို လုပ်နေသလားတော့မဆိုနိုင်။ အမူမဲ့အမှတ်မဲ့ ဘာသိဘာသာပင် နေလေသည်။

သို့သော် မောင်ကြီးကား ကောင်းစွာသိထားပြီးဖြစ်သည်။ ဆိပ်ကမ်းတွင် ကျက်စားနေသူဖြစ်ရာ ဆိပ်ကမ်းလောကမှ အရှင်မွေး၍ နေ့ချင်းညချင်း ကြီးသွားသော စိန်ကြည်အကြောင်းကို ပန်းသတင်းလေညင်းဆောင်၍ လူသတင်း လူချင်းဆောင်ကြသည်။

တလောကပင်လျှင် "ဟေ့ကောင် မင်းအစ်မကရုပ်ချောသလောက် လူကြိုက်များနေတဲ့ ဖာဆိုကွ"ဟု သူ့ကို စခဲ့သော ချောရွှေနှင့်လက်သီးချင်း ထိုးခဲ့ကြရသေးသည်။ သူတကယ် စိတ်ဆိုးခဲ့သည်။ ခဏကြာလျှင် ချောရွှေနှင့်သူ ပြန်တည့်သွားသည်။ ထိုအခါ ချောရွှေက သူကြားသိခဲ့ရပုံတွေကို အေးအေးလူလူပြန်ပြောပြသည်။ စိန်ကြည်ကို မမသက်လက်သို့ အပ်ခဲ့သော ဆိုက်ကားသမား ကိုထွေးတင်နှင့် ချောရွှေသည် အရင်က လမ်းမတော်ဆိပ်ကမ်းတွင် အတူတကွနေထိုင်ခဲ့ဖူးသည်။ စိန်ကြည်နှင့်စပ်လျဉ်းသည့် အကြောင်းတွေကို ထွေးတင်က လုံးစေ့ပတ်စေ့ ချောရွှေအားပြန်ပြောခဲ့ဖူးသည်။

"မင်းစိတ်မကောင်းဖြစ်မှာစိုးလို့ တို့ကမပြောဘဲနေခဲ့တာပါကွာ။ အားလုံးက သိနေကြပါပြီ။ တို့ဆိပ်ကမ်းက ကူလီခေါင်းသာလှိုင်ကလည်း သိတာပဲ၊ တို့နဲ့

ကူလီထမ်းဖော်ထမ်းဖက် အေးသွင်တို့၊ ကြည်တင်တို့၊ ဌေးဝင်းတို့ အကုန်လုံးက လည်း သိနေကြတာပဲ။ မင်းကိုသာမပြောတာ ခုနက ငါ လွတ်ခနဲနောက်မိတာ ကိုတော့ ငါတောင်းပန်ပါတယ်ကွာ"

သူနှင့် ကူလီထမ်းဖော်ထမ်းဖက် ချောရွှေကသို့ကလိုပြောလိုက်သည့် စကားတွေကို မောင်ကြီးက ပြန်လည်ကြားယောင်မိသည်။ ယခုကော့ ကော့ပျံပျံ ဝတ်စားဆင်ယင်ထားသောအစ်မ၏ ရှေ့မှောက်တွင် မောင်ကြီးမှာ အနေရ၊ အထိုင်ရ ခက်နေမိသည်။ ဗိုလ်တထောင်ဆိပ်ကမ်းတွင် သူအဘယ်ပုံ မျက်နှာပြရပါအံ့နည်းဟု စဉ်းစားကြည့်သည်။ သို့သော် အစ်မဖြစ်သူကိုကား တစ်ခွန်းမျှမပြော။

စိန်ကြည်ကသာ စကားကိုဆက်သည်။

"အခု အမေလည်း မရှိတော့ဘူး။ တို့မောင်နှမသုံးယောက်ပဲကျန်တော့ တယ်။ ဒီတော့ အစ်မတစ်ခုပြောချင်တယ်။ မင်းတို့နှစ်ယောက်စလုံး ကျောင်းနေပါ။ မင်းတို့ကို အစ်မ စာတတ်ဖြစ်စေချင်တယ်။ ဘယ့်နှယ့်လဲ"

မောင်ကြီးက ဘာမျှမပြော၊ မောင်ငယ်ကသာ နပူးပြင်၌ ရစ်ဝဲနေသော ဆံပင်များကို သပ်တင်ရင်း ...

"ကျောင်းနေတော့ ပိုက်ဆံဘယ်သူပေးမလဲ"

"အစ်မ ပေးမှာပေါ့"

"ထမင်းရော ဘယ်သူကျွေးမှာလဲ"

"အစ်မကျွေးမှာပေါ့ မောင်ငယ်"

"အစ်မမှာ ပိုက်ဆံရှိလို့လား"

"ရှိတာပေါ့ဟဲ့"

"ဘယ်က ရတဲ့ပိုက်ဆံလဲ"

"တယ်၊ ဒီသေနာကောင်လေး စကားကြောရှည်လိုက်တာ။ ဘယ်ကရရ နင်နဲ့ဘာဆိုင်သလဲဟင်။ ကျောင်းနေမလား၊ မနေဘူးလားဆိုတာသာပြော၊ မဆိုင် တာတွေ လျှောက်ပြောမနေနဲ့"

စိန်ကြည်က ငေါက်လိုက်သည်။ စိန်ကြည်၏ မျက်နှာမှာနီရဲနေသည်။ ဒေါသမထွက်စဘူးထွက်ကာ မငေါက်စဘူးငေါက်နေသော အစ်မကို မြင်လိုက်ရ သဖြင့် မောင်ငယ်က ဘာမျှမပြောတော့ဘဲ ငြိမ်နေလေ၏။

သည်တော့မှ မောင်ကြီးက ဝင်ပြောသည်။

"ကျောင်းထားဖို့များ အစ်မက စဉ်းစားနေတယ်ဟုတ်လား။ ကျွန်တော် တို့လို ဘုန်းကြီးကျောင်းက နမကာရဖတ်လာတဲ့ ကောင်တွေကို ရန်ကုန်က

ဘယ်ကျောင်းက လက်ခံမှာလဲ။ ဒီအရွယ်ကြီးတွေကျမှ သူငယ်တန်းက စနေလို့ရော ဖြစ်မလား။ ကျွန်တော်တော့ မနေဘူး။ မောင်ငယ်လည်း နေမှာမဟုတ်ဘူး။ ကျောင်းနေဖို့တွေဟာ စိတ်ကူးမနေတော့ဘူး။ အလုပ်ပဲလုပ်မယ်။ ထမင်းစားရဖို့ အရေးကြီးတယ် အစ်မ"

"ဒါဖြင့် မင်းတို့က ဘာလုပ်မှာလဲ ကဲ ..ပြောစမ်းပါဦး"

"ဘာလုပ်လုပ်ပေါ့။ အစ်မနဲ့ မဆိုင်ဘူး။ ကျွန်တော်တို့အတွက် အစ်မ ဘာမျှ ပူစရာမလိုဘူး"

"မင်းတို့က ဘာတွေများ အားကိုးရှိနေလို့ ဒီလောက်ဖြစ်နေရတာလဲ။ ပြောကြစမ်းပါဦး။ အမေလည်း မြေကြီးထဲရောက်ရော မင်းတို့ကလည်း အစ်မကို အာခံကြပြီပေါ့ ဟုတ်လား"

"အစ်မကို အာခံတာမဟုတ်ပါဘူး။ ကျွန်တော်တို့အတွက် မပူပါနဲ့။ ကျွန်တော်တို့ဝမ်း ကျွန်တော်တို့ဘာသာ ရှာစားပါ့မယ်ဆိုတာ အစ်မကိုအာခံတာလား။ အစ်မကို အာခံချင်ရင် အခုမှမဟုတ်ဘူး။ အရင်ကတည်းက အာခံတယ်။ အစ်မမို့လို့ မပြောဘဲနေခဲ့တာ၊ အစ်မဘာတွေလျှောက်လုပ်နေတယ်ဆိုတာ မသိဘူး မှတ်သလားဟင်။ တစ်ခါတည်းပြောလိုက်ရ အတုံးလိုက်၊ အတစ်လိုက် ဖြစ်ကုန်ရော့မယ်"

မပြောပါဘူးဟု မျိုသိပ်ထားသည့်အကြားကပင် စကားအစွန်းအစတွေ ထွက်ကုန်သည်။ မောင်ကြီးသည် အသားတဆတ်ဆတ်တုန်နေ၏။ မောင်ငယ်က ခေါင်းငုံ့ထားသည်။ စိန်ကြည်ကား တစ်ဖက်သို့လှည့်ကာ ငိုနေလေ၏။

"အစ်မလည်း လုပ်ချင်ရာလုပ်၊ အစ်မကောင်းတယ်ထင်တာသာလုပ်၊ ကျွန်တော်တို့ကို ထည့်မစဉ်းစားနဲ့တော့ ဒါပဲ။ ကျွန်တော်တို့လည်း ဒီမှာမနေဘူး။ သွားမယ်။ အစ်မလည်း ဒီမှာနေချင်ရင်နေ၊ မနေချင် ကြိုက်ရာသွား။ ကြိုက်ရာလုပ်၊ အစ်မသဘောပဲ။ ကျွန်တော်တို့သွားမယ် လာ.. ညီလေး"

သူတို့ညီအစ်ကို ထွက်လာကြသည်။ အမေမရှိတော့ပြီဖြစ်သော တဲကလေးအတွင်း၌ကား စိန်ကြည်တစ်ယောက်တည်းသာလျှင် မျက်ရည်လည်ရွဲဖြင့် ကျန်ရစ်လေသည်။

သူတို့၏ ဝန်းကျင်တစ်ခုလုံး အမှောင်ထုလွှမ်းချေပြီ။

*

(၇)

"မင်း ဘာလုပ်ချင်သလဲပြော။ မင်းလုပ်ချင်တဲ့အလုပ် ရစေ့မယ်"

"ကျွန်တော် ဆိပ်ကမ်းကို မပြန်ချင်တော့ဘူး။ ဆိပ်ကမ်းမှာလုပ်ရတဲ့ အလုပ်ကလွဲရင် ဘာလုပ်ရလုပ်ရ လုပ်မယ်"

"အေး ...ကောင်းပြီ။ ဒီလိုသတ္တိမျိုးမှ ငါကကြိုက်တာကွ။ ဒီနေ့ကစပြီး မင်းစားရေးသောက်ရေး နေရေးထိုင်ရေး ဘာမျှမပူနဲ့ကြားလား။ ငါရှိတယ်။ ငါတို့ အလုပ်ကတော့ ရှင်းရှင်းပြောမယ်ကွာ။ ဥပဒေနဲ့မကင်းဘူး။ ဒါပေမဲ့ ပိုက်ဆံရတယ်။ မင်းပိုက်ဆံလိုချင်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ပိုက်ဆံဆိုတာ လူကလုပ်ရင် ဖြစ်တာကွ။ မှတ်ထား။ လူကမလုပ်ရင် တော့ ပိုက်ဆံမဖြစ်ဘူး။ လုပ်ရဲရင်ရတယ်။ မင်းကို ငါပညာအကုန်ပေးမယ်။ မင်းက သတ္တိရှိတယ်။ ငယ်ရွယ်ဖျတ်လတ်တယ်။ အဲဒါကို ငါသဘောကျတယ်"

ကိုပိုက်ကြီး၏ စကားကို မောင်ကြီးက သဘောကျမိလေသည်။ မော်တင် ကွက်သစ်မှ ထွက်လာချိန်ကစ၍ သူနှင့်လမ်းခွဲသွားသော ညီဖြစ်သူ မောင်ငယ်ကိုပါ လိုက်ခေါ်ချင်သည်။ သို့သော် မောင်ငယ်ကလည်း သူ့အလုပ်ရှိရာ သွားမည်ဟု သာဖြေသွားသည်။ ဘယ်ကိုသွားမည်ဟုမပြော။ မောင်ငယ် ဘာလုပ်မည်ကိုလည်း မသိ။

သူကတော့ ကိုပိုက်ကြီးဆီသို့ ရောက်လာသည်။ ဆိပ်ကမ်းသို့ မပြန် တော့ဟု ဆုံးဖြတ်ထားခဲ့ပြီးဖြစ်သောသူ့ကို ကိုပိုက်ကြီးနှင့်ဆက်သွယ်ပေးသူမှာ ချောရွှေဖြစ်သည်။ ချောရွှေကား ဆိပ်ကမ်းတွင် အတည်တကျ အလုပ်လုပ်သူ မဟုတ်။ တစ်ရက်၊ နှစ်ရက်လောက် လာအလုပ်လုပ်ပြီး လေးငါးရက်လောက်ကိုယ် ယောင်ဖျောက်နေတတ်သူဖြစ်သည်။ အဆက်အသွယ် အပေါင်းအသင်းကောင်း သည်။

"ဒါ ကျွန်တော့်သူငယ်ချင်းပဲ ကိုပိုက်ကြီး။ အလုပ်ကလေးဘာလေး ရှာပေးလိုက်ပါဗျာ။ သူက အလုပ်သိပ်လုပ်ချင်နေတာ။ ခင်ဗျားတို့နဲ့ဆို အံကိုက်မှာ ပါ"

ချောရွှေက သို့ကလိုပြောကာ မောင်ကြီးအား ကိုပိုက်ကြီးထံတွင် အပ်နှံ ထားခဲ့သည်။ ကိုယ်လုံးကိုယ်ထည် မကြီးလွန်း၊ မသေးလွန်း။ လူရည်သန့်။ ဖျတ် လတ်သည့် လူငယ်လူရွယ်ဖြစ်သော မောင်ကြီးကို ကိုပိုက်ကြီးက လွန်စွာသဘော

ကျသည်။

"အမှန်ကတော့ ငါ့ကအလုပ်အကိုင်ရှာပေးမယ့်လူဆိုရင် ငါ့ကို ဆရာ သမားအဖြစ်နဲ့ နည်းနည်းပါးပါးတော့ ကန်တော့ရတယ်ကွ။ ဒါပေမဲ့ မင်းက တကယ်ဒုက္ခရောက်လာတဲ့ကောင်မို့ ငါ့ကို ကန်တော့စရာမလိုပါဘူး။ ငါပေးတဲ့ ညာကိုသာ ရအောင်ယူ ကြားလား"

မောင်ကြီးက ကိုပိုက်ကြီး၏အမိန့်သံကို နာခံရလေတော့သည်။

"ငါတို့အလုပ်ဟာ မသိရင် အင်မတန်ခက်တယ်။ သိတော့လည်း ထမင်းစားရေသောက်အလုပ်မျိုးကွ။ အင်မတန်လွယ်တယ်။ မီးရထားဘူတာရုံတို့၊ သင်္ဘောဆိပ်တို့၊ ဘိုင်စကုပ်ရုံတို့မှာတင် အလုပ်ကောင်းကောင်းဖြစ်တယ်။ သိမ်ကြီး ဈေးလို ဗိုလ်ချုပ်ဈေးလို ဈေးတွေမှာ လုပ်လည်းရတာပဲ။ အိုကွာ ... လူစည်ကားတဲ့ နေရာဆိုရင် အကုန်ဆိုပါတော့"

"ကျွန်တော်က ဘာလုပ်ရမလဲ ဆရာ"

"ငါ လက်တွေ့ပြမယ်လေ။ မင်းကြည့်"

ကိုပိုက်ကြီးသည် ဘူတာရုံကြီး၏ နာရီစင်အောက်မှနေ၍ ရုပ်ရှင်ရုံများ ရှိရာဘက်သို့ ဖြတ်ကူးလာ၏။

"ငါနဲ့ မနီးမဝေးက လိုက်နော်။ ပြေးလားလွှားလားမလုပ်နဲ့။ ငါဘာလုပ် တယ်ဆိုတာကိုသာ မင်းသေသေချာချာကြည့်ထား။ အနားလည်း သိပ်ကပ် မလိုက်နဲ့"

ရုပ်ရှင်ရုံတစ်ဝိုက်တွင် လူအလွန်စည်ကားလျက်ရှိသည်။ လူမျိုးစုံတို့ ဥဒဟိုသွားလာနေကြသည်။ လက်မှတ်ရုံတွင် လက်မှတ်ထိုးနေသော လူအုပ်ကြီးမှာ ရှုထိုးလျက်ရှိသည်။ မောင်ကြီးသည် ကိုပိုက်ကြီးနှင့် မလှမ်းမကမ်းမှ လိုက်သွားကာ ကိုပိုက်ကြီး၏အရိပ်အကဲကို မျက်ခြည်မပြတ်ကြည့်နေမိ၏။ ကိုပိုက်ကြီးကား လက်မှတ်တိုးနေသော လူအုပ်ကြီးကြားသို့ ဝင်တိုးလိုက်လေရာ မောင်ကြီးကလည်း ယောင်မလည်နှင့် လူအုပ်ကြားသို့ ဝင်သွားလေ၏။

လူအုပ်ကြား၌ သဲသဲမဲမဲတိုးနေသော လူတစ်ယောက်၏အိတ်မှ ဆောင်တိန်ကို ကိုပိုက်ကြီးက ဆက်ခနဲထုတ်ယူကာ သူ့အင်္ကျီရင်ဘတ်ထဲသို့ ထိုးချ လိုက်သည်။ မိန်းမတစ်ယောက်သည် ကလေးငယ်ကို တစ်ဖက်က ပွေ့ချီရင်း လက်မှတ်တိုးနေ၏။ ကိုပိုက်ကြီး၏ လက်ချောင်းများက ထိုမိန်းမ၏လည်ပင်းမှ ရွှေဆွဲကြိုးကလေးကို ကတ်ကြေးဖြင့် ညှပ်သလိုလို၊ ဆွဲချိတ်သလိုလိုလုပ်လိုက်ရာ ရွှေဆွဲကြိုးကုံးကလေးသည် ကိုပိုက်ကြီး၏ ကျင်လည်လွန်းလှသော လက်ချောင်း

များအတွင်းသို့ ပါလာပြီးနောက် မိနစ်ပိုင်းအတွင်း ပါးစောင်တွင်းသို့ ရောက်သွားလေ၏။

ထို့နောက် ကိုပိုက်ကြီးသည် လူအုပ်ကြားမှ တိုးရင်းဝှေ့ရင်းထွက်လာရာ ခဲ့ရာ မောင်ကြီးကလည်း မလှမ်းမကမ်းမှ လိုက်သွားသည်။

မကြာမီ ဆူးလေဘုရားလမ်း ခုံးတံတားကြီး၏အောက်သို့ ရောက်သွားကြသည်။ အုတ်နံရံသည် မီးရထားမှိုင်းများစွဲနေသည့်အတွက် မည်းနက်လျက်ရှိ၏။ အလင်းရောင်လည်း ကောင်းစွာမဝင်နိုင်သဖြင့် ခုံးတံတားကြီးအောက်မှ မီးရထားသံလမ်းနံဘေးတွင် အမှောင်ရိပ်များ ယှက်သန်းနေသည်။

“ကဲ...တွေ့ပလား။ ဒီလိုနေရာမျိုးမှာ မကြောက်ရဘူး။ လက်မတုန်ရဘူး။ လက်ချောင်းတွေကို ရဲရဲထားရတယ်။ လက်ချောင်းကလေးတွေဟာ သံချောင်းကြီးလို တောင့်မနေရဘူး။ လိုသလို ကွေးနိုင်ညွှတ်နိုင်အောင် ခပ်ပျော့ပျော့ဖြစ်နေရမယ်။ ဆွဲကြိုးရဲ့အလုံးအထည်ကို အကဲခတ်၊ လက်ချောင်းနဲ့နိုင်တဲ့ အလုံးသေးသေးဆိုရင် အောက်ကနေ လက်ညှိုးနဲ့လက်ခလယ်ကိုခံ၊ လက်မနဲ့အပေါ်က ချိတ်ပြီးဖိချလိုက်၊ သူ့အသားကို မထိစေနဲ့။ ပြုတ်ထွက်လာပြီဆိုတာနဲ့ တစ်ပြိုင်နက် အသာကလေး လျှောဆွဲလိုက်၊ လက်ဝါးထဲမှာ စက္ကူစုတ်ချေသလို စုကိုင်ထားပြီး ပါးစောင်ထဲထည့်။ ဒါမှမဟုတ် မျိုသာချလိုက်။ ချီးပါရင် ဒီရွှေလည်းပြန်ထွက်လာတာပဲ မှတ်ထားနော်”

မောင်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ရင်တုန်နေသည်။ သူ့မျက်စိရှေ့၌ မြင်လိုက်ရသောအဖြစ်အပျက်တွေကို မယုံနိုင်သည့်အလား တအံ့တသြဖြစ်နေသည်။

“မင်းကို ဗိုလ်ချုပ်ဈေးက အင်္ကျီတစ်ထည် ကောင်းကောင်းဝယ်ပေးမယ်ဟုတ်လား။ မင်းသုံးဖို့ပိုက်ဆံလည်းပေးဦးမယ်။ ငါ့တပည့်ရာ ဘာမျှမစိုးရိမ်ပါနဲ့။ ငါ့မှာ မင်းလိုတပည့်ပေါင်း ကိုးယောက်ဆယ်ယောက်ရှိသကွ။ ကဲ ဒီနေ့ကစပြီး မင်း ငါ့တပည့်ဖြစ်ပြီ။ ငါဆိုတဲ့အတိုင်းလိုက်ဆို။ ကျွန်တော်သည် ဆရာခိုင်းသမျှ လုပ်ပါမည်။ ဆရာ့ကိုသစ္စာမဖောက်ပါ။ သစ္စာဖောက်ခဲ့လျှင် သွေးစိမ်းပွက်ပွက်အန်၍ သေပါစေသား”

ကိုပိုက်ကြီးတိုင်ပေးသည့်အတိုင်း မောင်ကြီးက လိုက်ဆိုသည်။ ကိုပိုက်ကြီးက မောင်ကြီး၏ ဦးခေါင်းကို လက်ဖဝါးဖြင့် သုံးကြိမ်သုံးခါတိတိ အုပ်လိုက်သည်။

ဤအချိန်ကစ၍ ကိုပိုက်ကြီးသည် မောင်ကြီးအား သူ့ဂိုဏ်းအတွင်းသို့

သွတ်သွင်းလိုက်လေ၏။ သူပြောထားသည့်ကတိစကားအတိုင်း မောင်ကြီးအတွက် ဟာဝေယံရှပ်တစ်ထည် ဝယ်ပေးသည်။ လက်တိုလက်တောင်း အသုံးစရိတ်အဖြစ် လည်း ငွေငါးကျပ်ပေးသည်။

မောင်ကြီးမှာ ရင်တုန်လျက်ရှိသည်။ ကြောက်မက်ဖွယ်ကောင်းလှသော အဖြစ်ဆိုးကြီးတစ်ရပ်ကို ရင်ဆိုင်နေရသူအလား ကိုပိုက်ကြီးနှင့် အခြားသော သူ့တပည့်တပန်းများအကြားတွင် မျက်စိသူငယ် ယောင်တီးယောင်န ဖြစ်နေရ သည်။ သို့သော် ဤပတ်ဝန်းကျင်၊ ဤအသိုင်းအဝိုင်းက အပြောကောင်း၊ အဆွယ် ကောင်း၊ အပေါင်းအဖော်များကြောင့်လည်းကောင်း၊ ခိုးကြောင်ခိုးဝှက် စွန့်စွန့် စားစားလုပ်ရခြင်းသည်ပင်လျှင် ရင်ဖိုသည်းထိတ်စိတ်ဝင် စားတတ်သော သူ့ဝေ့၊ သူ့ဗီဇကြောင့်လည်းကောင်း များမကြာမီ ပျော်မွေ့ကြည်နူးလာသည်။

မောင်ကြီးတစ်ယောက် နေသားတကျဖြစ်လာခဲ့ချေပြီတကား။

မောင်ကြီး၏ ပင်ကိုဗီဇကပင်လျှင် သတ္တိရှိသူ၊ ရဲရင့်သူ၊ သွေးအေးသူ ဖြစ်သည့်အတိုင်း ရန်ကုန်မြို့၏ ခါးပိုက်နှိုက်လောက ဖောက်ထွင်းလောကတွင် မောင်ကြီးသည် အလွန်တရာကျော်စောထင်ရှားသူတစ်ယောက် ဖြစ်လာလေတော့ ၏။

မောင်ကြီးကိုကြည့်ပါ။ အရွယ်ကောင်းကောင်း၊ အသက်ကငယ်ငယ်၊ အသားကလတ်လတ်၊ နှာတံပေါ်သည်။ ဆံပင်ကောက်သည်။ အဝတ်အစားကို အမြဲလိုလို သပ်သပ်ရပ်ရပ် ဝတ်စားတတ်သည်။ သူ့ကို ရုတ်ခြည်းမြင်လျှင် ခါးပိုက် နှိုက်သမား ဖောက်ထွင်းသမားဟု မည်သူကမျှ ထင်နိုင်ဖွယ်မရှိ။

သို့မို့ကြောင့် မောင်ကြီးအဖို့ ဤအလုပ်လုပ်ရာတွင် မို၍ အဆင်ပြေ ချောမောလျက်ရှိသည်။

သူကိုင်တိုင်ကလည်း စိတ်ပါလက်ပါဖြစ်နေလေပြီမို့ ဤအလုပ်တွင် မောင်ကြီးပျော်ပိုက်နေသည်မှာ တစ်စုံတစ်ရာ အဆန်းတကြယ် ထင်ဖွယ်မရှိပြီ။

ရုပ်ရှင်ရုံများတစ်ဝိုက်တွင် မကြာခဏဆိုသလို ဆွဲကြိုးဖြုတ်မှု၊ ခါးပိုက် နှိုက်မှုတွေ ပေါ်ပေါက်လျက်ရှိရာ သက်ဆိုင်ရာ ရဲဌာနကလည်း အထူးတလည် သတိထားစောင့်ကြည့်လာသည်။ ယင်းသို့ရဲတွေက မျက်စိကျနေပြီဖြစ်ကြောင်း သိသည့်အခါမျိုးတွင် မောင်ကြီးသည် ဆွဲကြိုးဖြုတ်ခြင်း၊ ခါးပိုက်နှိုက်ခြင်းတည်း ဟူသော အလုပ်ကို ခေတ္တဆိုင်းကာ ဘိုင်စကယ်လစ်ခြင်း၊ ကားပစ္စည်းဖြုတ်ခြင်း သည့်အလုပ်များဘက်သို့ ကူးပြောင်းသွားလေသည်။ သို့ကလို အလုပ်တစ်ခုမှ တစ်ခုကူးပြောင်းရင်း ကိုပိုက်ကြီး၏ ကျေးဇူးကြောင့်သော့မျိုးစုံကို ဖွင့်တတ်လာ

သည်။ အမျိုးသမီးသုံး ခွဆံညှပ်တစ်ချောင်း၊ သို့တည်းမဟုတ် သွပ်နန်းကြိုးစကလေးတစ်စသာရလျှင် မည်သည့် သော့ကိုမဆို ဖွင့်နိုင်လာသည်။ တော်ရုံတန်ရုံ သေးသေးသွယ်သွယ် သော့သာဆိုလျှင်ကား လက်ဝါးဖြင့် တစ်ချက်ပုတ်လျှင် ပွင့်နိုင်ရမည်။

ယနေ့ နံနက်လင်းချိန်ကစ၍ မိုးသည် ဖွဲဖွဲနေ၏။

ကောင်းကင်ပြင်တစ်ခုလုံးမှာ မိုးသားတိမ်လိပ်များဖြင့် ယုက်ဆိုင်း အုံ့မှိုင်းလျက်ရှိသည်။ တစ်ခါတစ်ခါတွင် လေပြင်းကလည်း ဖုံ့ရမ်းတိုက်ခတ်တတ်သေးသည်။

မောင်ကြီးသည် ရန်ကင်းအစွန်ဘက်ရှိ တိုက်တန်းလျားကြီးမှ အပေါ်အထပ် အစွန်ဆုံးအခန်းကို အရိပ်အကဲခတ်လျက်ရှိသည်။ သူဝတ်ထားသော မိုးကာသည် သည်းထန်လှသောမိုးကို မနိုင်သည့်အလား အတွင်းဘက်အထိ မိုးရေတွေ စိမ့်ဝင်နေသည့်အတွက် သူ့တစ်ကိုယ်လုံးမှာ မိုးရေတွေ စိုရွှဲလျက်ရှိလေသည်။ ရေပိုက်လုံးကြီးကိုကွယ်ကာ ကြည့်နေခြင်း ဖြစ်သည့်အတွက် မောင်ကြီးကို မည်သူကမျှ သတိမထားမိကြချေ။

ရေပိုက်လုံးကြီးတစ်ဝိုက်တွင် လူသွားလူလာလမ်းကလေးသာရှိပြီး မြက်ရိုင်းများ၊ ချုံများ ပေါများလှသည့်အတွက် လူသွားလူလာပြတ်သည်။ ခိုအောင်း၍ကောင်းသည်။ အမှတ်မထင် အကဲခတ်စောင့်ဆိုင်းရင်း မယောင်မလည် လုပ်နေရန်လည်း အလွန်သင့်လျော်သော နေရာဖြစ်သည်။ သို့မို့ကြောင့်လည်း ဤနေရာကိုသာ သူရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သူစောင့်ဆိုင်း အကဲခတ်နေသော အခန်းသည် လင်မယားနှစ်ယောက်တည်း နေထိုင်သောအခန်း ဖြစ်သည်။ ပိုက်လုံးရှိရာဘက်တွင် အိပ်ခန်းရှိလေရာ ပြတင်းတံခါးတွေ ဖွင့်ထားသောအခါများ၌ အခန်းတွင်းက လှုပ်ရှားမှုကို အတိုင်းသား လှမ်းမြင်နေရသည်။ မှန်ပြတင်းပေါက်များသည် ကျယ်ဝန်းလှ၏။ သံတိုင်ဟူ၍လည်းမရှိ။ သံတိုင်မရှိသော မှန်ပြတင်းဟူသည် ဖောက်ထွင်းသမားများအတွက် ပြောပလောက်သည့်အရာမဟုတ်။ ဤအခန်းတွင် နေထိုင်သော လင်မယား၌ ကလေးမရှိ၊ လင်က ရုံးတစ်ရုံးမှ အရာရှိတစ်ဦးဖြစ်သည်။ လင်ကိုယ်မယားနှစ်ယောက်တည်းသာ နေထိုင်သည့်အတွက် နေ့ခင်းနေ့လယ်၌ ဤအခန်းမှာ တစ်နေ့လုံးလိုလို တံခါးအလုံပိတ်ထားသော လူသူလေးပါးကင်းမဲ့သည့် အခန်းမျှသာဖြစ်နေလေသည်။

ဤအခန်းအကြောင်းနှင့် အနေအထား ဇာစ်မြစ်ကိုလက်ထောက်ချသော သူတို့ဂိုဏ်းဝင်တစ်ဦး၏ အဆိုအရ အခန်းရှင်လင်မယား၌ အတွင်းပစ္စည်းကာလ

တန်ဖိုး တစ်သောင်းခွဲထက်မနည်း ရှိမည်ဟု ဆိုထားသည်။ လင်ဖြစ်သူက ကိုးနာရီတွင် ရုံးသွားသည်။ မယားဖြစ်သူက အမေမကျန်းမမာဖြစ်သည့်အတွက် တောသို့ပြန်နေသည်။ ယခုလို မိုးအေးအေးရက်မျိုးတွင် ရန်ကင်းရပ်ကွက် တစ်ကွက်လုံးလိုလို တံခါးပိတ်ကာ အိမ်တွင်းအခန်းတွင်း၌သာ အောင်းနေတတ်ကြရာ အလုပ်လုပ်ရန်အတွက် အချိန်အခါအသင့်လျော်ဆုံး ဖြစ်လိမ့်မည်ဟု သူ့ကိုသတင်းပေးသည်။

ရေပိုက်လုံးကြီးရှိရာဘက်မှကြည့်လျှင် တည့်တိုးတွေ့ရမည့်အခန်းသည် အိပ်ခန်းဖြစ်သည်။ အိပ်ခန်းနှင့်ကပ်လျက်သား အခန်းမှာရေချိုးခန်း ဖြစ်သည်။ ရေချိုးခန်းနှင့်တွဲစပ်သည့် နေရာတွင် တိုက်နံရံမှာ တံတောင်ဆစ် ချိုးနေသည့် အနေအထားဖြစ်သည်။ ထိုတံတောင်ဆစ်ချိုး ကွေးနေသော တိုက်နံရံတွင် ရေပိုက်၊ မိလ္လာပိုက်ရှိသည်။ မိလ္လာပိုက်သည် အပေါ်ဆုံးထပ်၏ အိမ်သာခန်းမှနေ၍ အောက်သို့ဆင်းသက်လာရာ၌ အောက်ထပ်အိမ်သာခန်းများမှ ထွက်လာသော မိလ္လာပိုက်များနှင့် လက်မောင်းနှစ်ဖက်ကို ကားယားဖြန့် ဆန့်တန်းထားသူပမာ ဆက်စပ်နေသည်။ အိပ်ခန်းသို့ အမြန်ဆုံးရောက်နိုင်သော နည်းလမ်းမှာ မိလ္လာပိုက်မှတွယ်တက်ရန်သာ ဖြစ်ပေလိမ့်မည်။ ထို့ပြင် မိလ္လာပိုက်သည် သာမန်ရေပိုက်ထက် အလုံးအထည်ကြီး၏။ ကြမ်းတမ်း၏။ ပိုက်ဆက်များသဖြင့် ခြေနင်းရန် လက်ကဆွဲတက်ရန် အလွန်အဆင်ပြေသော ပိုက်မျိုးဖြစ်သည်။

နံနက် ကိုးနာရီတိတိ ထိုးလေပြီ။

"ဟောဟိုမှာ ရုံးကားလာရပ်ပြီ။ အဲဒီရုံးကားနဲ့ အခန်းရှင်က အလုပ်တက်တယ်။ ရုံးကားထွက်သွားရင် တစ်အိမ်လုံး လူမရှိတော့ဘူးသာမှတ်၊ အေးအေးဆေးဆေးသာ တက်ပေတော့"

ကိုပိုက်ကြီးက သူ့ကိုမှာကြားသေးသည်။ ကိုပိုက်ကြီးသည် မိုးရေတွေ ရွှတ်စိုနေသည့်အတွက် ကြွက်စုတ်တစ်ကောင်ပမာ ပိုက်လုံးကြီးနားတွင် ပုန်းထိုင်နေ၏။ ချမ်းသဖြင့် သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက်ရှိ၏။

တိုက်တန်းလျားကြီးရှေ့တွင် ထိုးရပ်ထားသော ကားမှာဂျစ်ကားဖြစ်သည်။ ဂျစ်ကားဆိုသော်လည်း အရပ်သုံးသာမန်ဂျစ်ကားမဟုတ်။ အစိမ်းရောင်သုတ်ထားသောဘောနက်အမြင့် ဝီလီဂျစ်ကားဖြစ်သည်။ ယင်းအခိုက် အရပ်မြင့်မြင့်လူတစ်ယောက် တိုက်တွင်းကထွက်လာသည်။ မိုးကာကို မဝတ်တော့ဘဲ ဖြန့်ခြုံကာ ကားပေါ်သို့တက်မိသည်နှင့်တစ်ပြိုင်နက် ဝီလီဂျစ်ကားလည်း မောင်းထွက်သွားလေ၏။

မောင်ကြီးသည် အပေါ်ဆုံးအထပ်ရှိ အစွန်ဆုံးဆီသို့ လှမ်းကြည့်ပြန်၏။ မှန်ပြူတင်းပေါက်အားလုံးကို ပိတ်ထားသည်။ တစ်ခန်းလုံးငြိမ်သက် တိတ်ဆိတ်နေသလား ထင်ရသည်။

မိုးရိပ်မိုးဆင်ကို အကဲခတ်ပြန်သည်။ ကောင်းကင်တစ်ခွင်လုံး မှိုင်းပြမည်းမှောင်နေဆဲ။ မိုးကလည်း နတ်တို့ဖန် ရေကန်အသင့်၊ ကြာအသင့်ဟု ဆိုရလေမည်လားမသိ။ သဲသဲမဲမဲ ရွာချလိုက်ရာ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မိုးစက်မိုးပေါက်ကန့်လန့်ကာကြီးအကြားတွင် ဘာကိုမျှ မမြင်နိုင်လောက်အောင် မှောင်မည်းသွားလေ၏။

"ကဲ ...မောင်ကြီးရေ အံကိုက်ပဲ။မင်း တက်ပေတော့၊ ပြီးပြီးချင်း သန်လျက်စွန်းကို ပြန်ခဲ့နော်။ ငါ အဲဒီကစောင့်မယ်။ အခုတော့ ချမ်းလို့ သေတော့မယ်။ ငါပြန်နှင့်မယ် ဟုတ်လား။ မင်းကိရိယာတွေရော စုံရဲ့လား ကြည့်ဦး"

ကိုပိုက်ကြီးက အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းကို နတ်ကျသလို တဆတ်ဆတ်ရိုက်ရင်း မေးလိုက်၏။

မောင်ကြီးသည် မိုးကာအတွင်းသို့ လက်လျှိုကာ စမ်းလိုက်၏။ ဘောင်းဘီခါးကြားတွင် ညှပ်ထားသောဆောက်ပြားတစ်ချောင်း၊ တူငယ်တစ်လက်၊ ပိုက်ဆံကြိုးတစ်ခွေ၊ ဝက်အူလှည့်တစ်ချောင်းကို စမ်းမိသည်။ ဘောင်းဘီအိတ်အတွင်းမှ စိန်သွားငယ်ကိုလည်း သေချာအောင် ထပ်စမ်းကြည့်သေးသည်။ အားလုံးပြည့်စုံလေပြီ။

"အကုန်ပါပြီ ဆရာ"

"အေး၊ သွား၊ မင့်ဖိနပ်ကို ချွတ်ထားခဲ့လေကွာ"

"ဟုတ်ကဲ့ ဆရာ"

"ကဲ ...သွားသွား ပြီးပြီးချင်းလာခဲ့နော်။ ငါစောင့်နေမယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ စိတ်သာချ ကျွန်တော်လာခဲ့မယ်"

ကိုပိုက်ကြီးသည် ရေပိုက်လုံးကြီးအတိုင်း မိုးရေကို တဖွတ်ဖွတ်မြည်အောင်နင်းကာ ဝွတ်တလစ်ဘက်ဆီသို့ ထွက်သွား၏။ မောင်ကြီးကလည်း မိုးသည်းခိုက် အခွင့်ကောင်းကို လက်မလွှတ်ရန် ရေပိုက်လုံးပေါ်သို့တက်ကာ တစ်ဖက်သို့လွှားခနဲ ခုန်ချလိုက်လေ၏။

မိုးရေထဲမှာပင် မောင်ကြီးသည် ခပ်သုတ်သုတ်လျှောက်ကာ တိုက်နံရံနားသို့ ကပ်လာခဲ့၏။ အောက်ထပ်အခန်းတွေ၏ အခြေအနေကို ကြည့်ရသေးသည်။ တိုက်နံရံတံတောင်ဆစ်ချိုးနေရာတွင် တွေ့ရသော ပြတင်းတံခါးတွေမှာ

ကြီးကြီးမားမားမဟုတ်။ အိပ်ခန်းပြတင်းများထက် သေးသည်။ အိမ်သာပြတင်းများ၏ ထုံးစံအတိုင်း တချို့က အတွင်းဘက်သို့ မမြင်နိုင်အောင် ဆေးဖြူတွေသုတ်ထားပြီး တချို့သော ပြတင်းများကား အတွင်းဘက်မှနေ၍ ခန်းဆီးအလုံကာထားကြသည့် ပြတင်းများသာဖြစ်သည်။ စိတ်ချရပေပြီ။

မောင်ကြီးသည် တောသစ်ပင်တို့၌ ကျွမ်းကျင်လှသော မျောက်လွဲကျော်ပမာ မိလ္လာပိုက်ကိုဆွဲ၍တက်လာခဲ့ရာ စက္ကန့်ပိုင်းအတွင်း အပေါ်ဆုံး အိမ်သာခန်းသို့ ရောက်သွားသည်။ သူသည် ပိတ်ထားသော မှန်ပြတင်းမှ မှန်ချပ်ကို စိန်သွားဖြင့် ကျပ်ပြားဝိုင်းထက် အတန်ငယ်ကြီးသော စက်ဝိုင်းသဏ္ဍာန်ဆွဲခြစ်လိုက်၏။ ထို့နောက် လက်ဖနောင့်ဖြင့် ခပ်ဆတ်ဆတ်ရိုက်လိုက်ရာ စက်ဝိုင်းသဏ္ဍာန်ပေါက်ထွက်သွားလေ၏။ ထိုအပေါက်မှနေ၍ သူ့လက်လျှိုသွင်းကာ တံခါးချက်ကိုဖွင့်လိုက်၏။ အပေါ်ချက်မှာ ပျက်နေသည့်အတွက် အောက်ချက်ကိုဖွင့်နိုင်သည်နှင့် တစ်ပြိုင်နက် မှန်တံခါးလည်း အလိုအလျောက်ပွင့်ထွက်လာတော့သည်။

ပြတင်းတော့ ပွင့်သွားပေပြီ။

သို့သော် ပြတင်းတံခါး၏ အတွင်းဘက်ပေါင်မှနေ၍ သစ်သားတန်း များကပ်ရိုက်ထားသည်ကို တွေ့ရပြန်သည်။ သစ်သား၏ ထုမှာ တစ်လက်မခွဲခန့် ရှိပြီး ဖြက်မှာ နှစ်လက်မခန့်သာရှိသည်မို့ ခက်ခဲလှသည်မဟုတ်။ သစ်သားနှင့် ပြတင်းပေါင်အကြားသို့ ဆောက်ပြားကို လျှိုသွင်းကာ ကန့်လန့်လိုက်ရာ သစ်သားနှင့်ပြတင်းပေါင်ကို စွဲထားသော သံများကျွတ်ပါလာသည်။ သစ်သားသုံးတန်းကို ဤနည်းနှင်နှင် ဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် အိမ်သာခန်းအတွင်းသို့ အလွယ်တကူပင် ရောက်သွားလေတော့၏။

သူ့အလုပ်ကား မပြီးသေး။

အိမ်သာခန်းနှင့် ရေချိုးခန်း တွဲထားသည့်အတွက် အိမ်သာတံခါးဟူ၍ သီးခြားမရှိသော်လည်း ရေချိုးခန်းနှင့် အိပ်ခန်းကြားတွင် တံခါးတစ်ချပ်ခံနေပြန်သေးသည်။ တံခါးကို အသာဆွဲကြည့်သည်။ မပွင့်။

အပြင်ဘက်မှ ချက်ထိုးသွားခြင်းဖြစ်သည်မှာ သေချာလေပြီ။ ဤတံခါးပွင့်လျှင် အိပ်ခန်းအတွင်းသို့ သူရောက်ပေတော့မည်။

တံခါးမှာ သူတွေ့ဖူးနေကျ ရင်းနှီးနေကျ များစွာသော တံခါးများကဲ့သို့ပင် အရွက်နှစ်ရွက်ကို စေ့၍ပိတ်ရသည့်တံခါးမျိုးဖြစ်သည်။ ဤတံခါးမျိုးတွင် များသောအားဖြင့် အလယ်မင်းတုံးမရှိတတ်။ အပေါ်ချက်အောက်ချက်သာ ရှိသည်။ အပေါ်ပိုင်းမှနေ၍ တံခါးကိုဆွဲကြည့်သည်။ တံခါးရွက်က မလှုပ်။ အပေါ်ချက်ပါ ထိုးသွား

သည်မှာ သေချာလှ၏။ သို့သော် လှစ်ခနဲ သူဝမ်းသာသွားသည်။ တံခါး၏ အပေါ်ချက်အထက်နားတွင် ကန့်လန့်ဖြတ် မှန်ကဲလားလေးရှိသည်။ သူသည် ရေချိုးခန်းအတွင်းရှိ သံပုံးလွတ်ကိုမှောက်ကာ သံပုံးလွတ်ပေါ်သို့ ကိုယ်ကိုဖော့တတ်လျက် မှန်ကဲလားလေးကိုတွန်းကာ လက်နှိုက်၍ တံခါးချက်ကိုဖြုတ်လိုက်၏။ တံခါးအပေါ်ပိုင်းကို ဟ၍ရပြီ ဆိုသောအခါ အဟကြားသို့တူကိုသွင်း၍ ကျားကန်ကာ ဟပေးရင်း အောက်ကချက်ကိုလက်ညှိုးတစ်ချောင်းတည်းနှင့် ကော်၍မတင်လိုက်ရာ အောက်ချက်လည်း ပြုတ်သွားလေတော့သည်။

"ကဲ ...ရောက်ပြီ"

သူ့ရင်တွင်း၌ မြည်ဟည်းသွားသော စကားလုံးများနှင့်အတူ သူသည်လည်း အိပ်ခန်းတွင်းသို့ ဝင်မိလေပြီ။

မောင်ကြီးကား အချိန်ကြာကြာ ဆွဲတတ်သူမဟုတ်။ ဤလိုအလုပ်မျိုးတွင် အချိန်ကြာကြာဆွဲ၍လည်းမဖြစ်။ သို့မို့ကြောင့် သူသည် ဖရိုဖရဲဖြစ်နေသော ခုတင်ကို ဂရုမစိုက်အားဘဲ အဝတ်အစားဗီရိုကို ဆွဲဖွင့်လိုက်၏။ အဝတ်အစားသာတွေ့သည်။ လက်ဝတ်လက်စားနှင့် ငွေကိုမတွေ့။ တစ်ဖန် ဗီရိုခါးလယ်တွင်ရှိသော အံဆွဲကိုဆွဲဖွင့်ရာ မပွင့်။ သော့ခတ်ထားသည်။ အလွန်ရယ်စရာကောင်းသော အိမ်ရှင်ပါတကားဟု သူတွေးလိုက်မိသည်။ ဗီရိုတစ်ခုလုံးကိုတော့ သော့မခတ်ဘဲ ဗီရိုအတွင်းအံဆွဲကျမှ သော့ခတ်ထားသည်။ သော့ကိုရှာကြည့်သေးသည်။ မတွေ့သည့်အဆုံး အချိန်ကုန်မခံတော့ဘဲ သူ့အိတ်တွင်း၌ပါလာသော ဖဲထီးသံချောင်းကောက်ကလေးဖြင့် နှစ်ချက်သုံးချက်မျှ ဟိုဘက် သည်ဘက်လှည့်လိုက်သောအခါ ဗီရိုအံဆွဲ ပွင့်သွားလေသည်။

တွေ့လေပြီ။

ယိုးဒယားဘက်က လာသော ဘတ်ကြိုးကတစ်ကုံး၊ ပုလဲဆွဲကြိုးတစ်ကုံး၊ ရိုးရိုးသံကြိုးတစ်ကုံး၊ ပုလဲလက်ကောက်နှစ်ကွင်း၊ စိန်လက်စွပ် တစ်ကွင်း၊ တစ်ဆယ်တန်တစ်အုပ်၊ သူသည်ပစ္စည်းတွေကို လက်ကိုင်ပဝါဖြင့်ထုပ်ကာ အိတ်ထဲသို့ထည့်လိုက်၏။

ထိုအခိုက် သူ့တစ်ကိုယ်လုံး တုန်သွားသည်။ ခေါင်းနားပန်းကြီးသွားသည်။

အပြင်တံခါးမကြီး၏ သော့ဖွင့်သံကိုကြားရပြီး လူတစ်ယောက် ဝင်လာသံကြားရသည်။ အိပ်ခန်းသော့ကို ဖွင့်နေလေပြီ။ သူသည် လျင်မြန်စွာ တံခါးနားကပ်ကာ အတွင်းမှနေ၍ ချက်နှစ်ချက်စလုံးကို ထိုးထားလိုက်၏။

"သူခိုးဗျို့၊ ဓားပြဗျို့၊ လာကြပါဦး"

အပြင်ဘက်က လူက ချက်ချင်းရိပ်စားမိသွားမိသည့်အတိုင်း ပြတင်းတံခါးပေါက်မှထွက်၍ သံကုန်အော်သည်။

မောင်ကြီးသည် ရုတ်တရက်အားဖြင့် မည်သို့လုပ်ရမှန်းမသိ လောက်အောင် ကြောင်နေ၏။ အပြင်ဘက်က လူသံတွေကိုကြားရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းတိုက်၏ အပြင်ခန်းဘက်ဆီ၊ ဘေးဖက်ဆီ၊ အောက်ဖက်ဆီမှ ဆူဆူညံညံအသံတွေကို ဗလုံးဗထွေးကြားရသည်။

သူကား ပိတ်မိနေလေပြီ။

မောင်ကြီးသည် ရေချိုးခန်းသို့ ပြန်ဝင်ကာ တက်လာသောမိလ္လာပြွန်လမ်းအတိုင်း ပြန်ဆင်းရကောင်းမည်လားဟု စဉ်းစားရင်း အောက်သို့ အသာလှမ်းကြည့်သည်။ အောက်တွင် လူတွေအုံနေသည်။ အချို့က တုတ်တွေ ဓားတွေ ကိုင်စွဲထားကြသည်။ ဤလူအုပ်ကြားသို့သာ ရောက်သွားလျှင် စိစိညက်ညက် ကျေရတော့မည်ဟု သူနားလည်ထားလိုက်ကာ ဖြစ်လိုရာဖြစ်စေဟူသော သဘောဖြင့် အိပ်ခန်းတွင်းသို့ ပြန်ဝင်လာပြန်၏။ သူ့ခြေဆစ်၊ လက်ဆစ်တွေ ချောင်လိုက်လာသလား ထင်ရသည်။ သွေးတိုးမြန်ပြီး ရင်တွေခုန်သည်။ တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်နေရသည်။

အပေါ်ထပ်မှ လွတ်လိုလွတ်ငြား တွယ်ဆင်းကာ လူအုပ်အကြား၌ ခွေးသေဝက်သေ သေရမည်ထက် ဤအခန်းတွင်း၌ ထိုင်နေရခြင်းက သက်သာဖွယ်ရှိလိမ့်မည်ဟူသောအတွေးဖြင့် အိပ်ခန်းတံခါးရွက်နံဘေးတွင် ကပ်ကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။ သူ့တစ်ကိုယ်လုံး၌ ချွေးစီးတွေ ထွက်နေသည်။ ခြေဖျား၊ လက်ဖျားများသည်ပင်လျှင် အေးစက်လာသလား ထင်ရသည်။

အပြင်ခန်းမှနေ၍ အိပ်ခန်းတံခါးကို ထုရိုက်ကန်ကျောက်နေကြသည်။

"ဟေ့ ...အထဲကကောင်၊ တံခါးဖွင့်မလား မဖွင့်ဘူးလား။ သေနတ်နဲ့ ပစ်ဖွင့်ရမလား"

"အရမ်းမဝင်ကြနဲ့။ တံခါးနားအရမ်းမကပ်ကြနဲ့။ ကျုပ်သေနတ်က အထဲကျန်နေတာ"

"ဟာ ...ဒါလောက်ဆို သူ့လက်ထဲရောက်နေရောပေါ့"

"အေးဗျာ၊ ဒီနေ့မှ ဒီသေနတ်က မေ့သွားရသေး။ လမ်းတစ်ဝက်ကျမှ သတိရလို့ ပြန်ယူဖို့လာတာ၊ ဒီလည်းကျရော အိမ်တံခါးဖွင့်နေတုန်း အထဲကနေ

ဂျက်ချသံ ကြားလိုက်ရတာပဲ”

တစ်ယောက်တစ်ပေါက် စကားပြောသံတွေကို သဲ့သဲ့မျှကြားရသည်။ သေနတ်ကျန်နေသည်ဟု ဆိုသည်။ မောင်ကြီးက သေနတ်ဆိုသံ ကြားရသဖြင့် ပို၍ထိတ်လန့်သွားမိသည်။ သူသည် ဤအလုပ်ကို လုပ်ခဲ့ရာ၌ အလုပ်နှင့်စပ်ဆိုင်သော လက်သမားကိရိယာမှလွဲ၍ သေနတ်ကိုမဆိုထားဘိ ဓားမြှောင်ကိုပင် ကိုင်ဆောင်သူမဟုတ်။ ယခု သူရောက်ရှိနေသော အခန်းတွင်း၌ သေနတ်ရှိနေသည်ဆို၏။ ဤသေနတ်မှာ မိမိလက်ဝယ်ရောက်ရှိနေပြီဟု အပြင်ကလူတွေက အထင်ရောက်နေ၏။ သေနတ်ဘယ်မှာ ရှိမှန်းလည်းမသိ။ သေနတ်ကို ရှာဖွေရန်လည်း စိတ်မဝင်စား။ ပစ်လည်း မပစ်တတ်။

မောင်ကြီးအတွက် ဤအဖြစ်သည်ငိုအားထက် ရယ်အားသန်စရာ အဖြစ်မျိုးဟု ဆိုရပေတော့မည်။

“တံခါးကိုဖျက်ကွာ”

တစ်ယောက်၏ အော်သံ။

“တံခါးပွင့်ရော အရမ်းဝင်လို့ ဖြစ်မလား။ဟိုကောင့်လက်ထဲမှာ သေနတ်နဲ့ နောက်ပြီး တို့က အပြင်က အိုးပင်းကြီး ဝင်ရမှာ။သူက အထဲက နေရာကောင်းယူရင် ယူထားမှာ အနည်းဆုံး တို့ဘက်ကလေးယောက်လောက်ကို သေအောင်သူပစ်ချနိုင်တယ်”

“နေဦး၊ တံခါးဖွင့်ဖွင့်ချင်း ကျုပ်စတင်းဂန်းနဲ့ မွှေပြီးဝင်မယ်”

အခြားတစ်ယောက်၏ အကြံဉာဏ်။

“သီးခြားအိမ်ဆိုလည်း အကောင်းသား။ လက်ပစ်ဗုံးတစ်လုံးလောက် ပစ်သွင်းလိုက်ပြီးတာပဲ”

အခြားတစ်ယောက်က ထင်မြင်ချက် ပေးပြန်သည်။

မောင်ကြီးမှာ ဇောချွေးတွေပြန်နေ၏။ တစ်သက်နှင့်တစ်ကိုယ် အားငယ်မိသောအချိန်။ ကြောက်စိတ်အကြီးအကျယ် ဝင်မိသောအချိန်။ ဟာစ်ငိုလိုက်ချင်လှသောအချိန်ကား ဤအချိန်ပင်ဖြစ်၏။

“ကျုပ်မှာ သေနတ်မရှိဘူး”

သူက လှမ်းအော်မည် ပြု၏။ သို့သော် မအော်ဖြစ်၊ သေနတ်ရှိသော အခန်းထဲသို့ရောက်နေသူ၏ လက်တွင်း၌ သေနတ်မရှိဟုဆိုကာမျှဖြင့် ယုံရန်ခက်ခဲပေရော့မည်။ အပြင်ဘက်တွင်ကား အဝီစိပွက်သလို ဆူညံနေသည်။ လူအုပ်ကြီးကလည်း တိုက်၏ပတ်ပတ်လည်၌ ဝိုင်းအုံနေကြသည်။

မောင်ကြီးသည် ဝတ်ထားသောမိုးကာကို ချွတ်လိုက်ပြီးနောက် တစ်စုံတစ်ရာကို ပိုင်းမိုင်းပြတ်ပြတ် ဆုံးဖြတ်လိုက်သည့်အလား။ တံခါးရွက်နားတွင် ခြေစုံရပ်လိုက်၏။ လက်တစ်ဖက်က လက်ကိုင်ပဝါဖြင့်ချည်ထားသည့် ပစ္စည်းထုပ်ကလေးကိုကိုင်ထားလိုက်၏။ နေမြင့်လေ အရှုးရင့်လေ ဖြစ်ပေရော့မည်။ သို့မို့ကြောင့် မိမိကပင် တခါးဖွင့်ပေးလိုက်တော့မည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်လေပြီ။

သူသည် တံခါးအပေါ်ဂျက်ကို ချက်ခနဲဖွင့်လိုက်၏။ အပြင်ဘက်က အသံတွေငြိမ်သွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး၊ တစ်ခန်းလုံ၊ တစ်တိုက်လုံး၊ လေမုန်တိုင်းကြီးအပြီးတွင် ငြိမ်သက်သွားသည့်နည်းတူ တိတ်ကျသွားသည်။ မောင်ကြီးသည် မောပန်းနေသော နွားသိုးတစ်ကောင်လို အသက်ရှုလျက်ရှိပြီး ယိုင်နဲ့နေသော ခြေနှစ်ချောင်းကိုအားယူကာရပ်ရင်း ခါးကိုအသာ ကုန်း၍ တံခါးအောက်ဂျက်ကိုဖြုတ်ကာ တံခါးရွက်နှစ်ရွက်ကို အသာဆွဲဖွင့်လိုက်သည်။

ရိုင်ဖယ်လေးလက်ဖြင့် ချိန်ထားသော ရဲသားလေးယောက်၊ စတင်းတစ်လက်ဖြင့် ချိန်ထားသော ရဲသားတစ်ယောက်၊ တုတ်တွေ၊ ဓားတွေ၊ လက်သီးတွေကို မှုန်ဝါးဝါးသူတွေ့ရသည်။ သူ့မျက်လုံးအစုံမှာ ရီဝေလျက်ရှိသည်။ သူသည် လက်ကိုင်ပဝါဖြင့် စုချည်ထားသော လက်ဝတ်လက်စားထုတ် ကလေးကို ဘယ်ဘက်လက်မှ တွဲလောင်းဆွဲ၍ကိုင်ရင်း ညာဘက်လက်ဖဝါးကိုဖြန့်ကာ အပေါ်သို့မြှောက်ထားရင်း အခန်းဝ၌ ကားကားကြီး ရပ်နေ၏။

အခန်းတွင်းရှိ လူများသည် ကြက်သေသေနေ၏။ ထို့နောက် အလွန်တရာ ဒေါသထွက်နေပုံရသော အိမ်ရှင်က သူနားသို့ကပ်ကာ မေးအောက်မှ ပင့်၍ လက်သီးဖြင့် ထိုးလိုက်သည်။ အခြားတစ်ယောက်က သစ်သားချောင်းဖြင့် သူ့ဂျိုစောင်းကို ရိုက်ချလိုက်သည်။

မောင်ကြီးသည် သမံတလင်းပေါ်သို့ ခွေခနဲကျသွား၏။ ဦးခေါင်းလည်း ချာချာလည်သွားသည်။ သွေးတွေ ဖြာခနဲပန်းထွက်လာသည်။ မျက်စိမှာ မိုက်ခနဲဖြစ်သွားပြီး ပြာပြာ၊ ဝါဝါ၊ နီနီ၊ ဖြူဖြူရောင်စုံတို့ဖြင့် ကျိန်းစပ်တောက်လင်းသွားသည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးသည် လေထဲသို့ ဟုန်းခနဲ ထိုးတက်သွားသလား ထင်လိုက်ရသည်။ တစ်ခုခုကို သူ့နှုတ်ဖျားက ပြောလိုသည်။ သို့သော် ပါးစပ်ဖွင့်မရ။ ခန္ဓာကိုယ်ကို ထူမရ၊ လက်တွေခြေတွေကိုပင် မမရ။

မောင်ကြီး မေ့မြောသွား၏။ ဘာကိုမျှ မသိတော့။

သူ ယူဆောင်လာသော လက်ကိုင်ပဝါထုပ်ကလေးမှာ သူ့နံဘေးတွင် ပုံလျက်သားကျနေသည်။

(၈)

"ပုဇွန်တောင်ကို ဆရာ၊ လိုက်မလား။ လိုက်မယ်။ ဟိုး ...ဆရာရေ့။ တက်ပြီ တက်ပြီ။ တက်ပြီးပြီ။ ကဲ ချိန်းတော့ ဆရာရေ့"

မောင်ငယ်၏အသံမှာ အော်ရ ဟစ်ရဖန်များလာသဖြင့် ကွဲအက်လာသည်။ မောင်ငယ်သည် နေလောင်လေတိုး မိုးစိုစသော ဒဏ်တွေကို ခံရဖန်များနေသည့်အတွက်လားမသိ အသားအရည်များပင် မွဲခြောက်ခြောက် ဖြစ်နေ၏။

မောင်ကြီးတစ်ယောက် ဘယ်ရောက်၍ ဘာလုပ်ကိုင်စားသောက်နေသည်ကို သူမသိ။မော်တင်ကွက်သစ်ရှိ တဲကလေးအတွင်းမှ အစ်မကိုထားခဲ့ကာ ထွက်လာကြပြီးနောက် ကိုယ့်အလုပ်ကိုယ်လုပ်၍ အစားရေစာကို ကြက်ယက်သလို ရှာဖွေစားသောက်ရန်အတွက် ညီအစ်ကိုနှစ်ယောက် လမ်းခွဲခဲ့ကြသည်။ ယခုဆိုလျှင် သုံးနှစ်ကျော်၍ လေးနှစ်အတွင်းသို့ပင် ဆိုက်ရောက်ခဲ့လေပြီ။

ညီရင်းအစ်ကို ဖြစ်ပါလျက် ဒိုးတူပေါင်ဖက် အတူတကွ အလုပ်မလုပ်နိုင်ရန်ကောဟု အပြစ်တင်၍မဖြစ်ပါ။ သူတို့ညီအစ်ကိုကလည်း တစ်ယောက်နှင့်တစ်ယောက် အပြစ်မတင်ကြပါ။ တကယ်ဆိုရလျှင် ကြက်ယက်သလို ကိုယ့်ဝမ်းစာကိုယ်ရှာစားရသောဘဝသည် မောင်ကြီးနှင့်မောင်ငယ်အတွက် ထူးခြားဆန်းကြယ်လှသော ကိစ္စတစ်ရပ်မဟုတ်တော့ကြောင်းကို သူတို့ဘာသာလည်း ကောင်းစွာနားလည်နေကြပြီး ဖြစ်လေသည်။

လှိုင်းတာတွင်နေရစဉ် အဖေသေသွားသောအခါက မောင်ကြီးသည် မိချောင်းရဲသို့သွားကာ ငါးရွှံတွင် အလုပ်လုပ်ခဲ့၏။ မိမိသည်ကား လှိုင်းတာတစ်ဝိုက်၌ ဂယက်ပက်၊ မြူးထောင်၊ ငါးဖောင်ရိုးထိုး စသည့် ကျရာအလုပ်တွေ လုပ်ကိုင်ခဲ့သည်။ ရွာမှာမနေတော့၍ ရန်ကုန်သို့ရောက်လာပြန်တော့လည်း မောင်ကြီးက ဗိုလ်တထောင်ဆိပ်ကမ်းမှာ ကူလီသွားထမ်းကာ၊ မိမိက ကီလီဘောတံတားများ၌ ရေခဲကောက်နေခဲ့သည်။ သူ့အစ်မသည်လည်း ညောင်ပင်လေးဈေးတွင် ပုံကျဈေးရောင်းရင်း သိမ်ကြီးဈေး၌ အထည်ကူ ရောင်းသည်ဆိုကာ သူ့ခန္ဓာကိုယ်ကို ငွေနှင့်လဲလှယ်ရင်း တစ်လမ်းခရီးသို့ သွားနေခဲ့လေပြီ။

သို့မို့ကြောင့် မောင်ငယ်မှာလည်း လူပျိုပေါက်အရွယ်၊ စိတ်ပျံ့လွင့်ဆဲအရွယ်ဖြစ်စေကာမူ သူ့တစ်ဝမ်းတစ်ခါးအတွက် သူ့ဘာသာ ရှာကြံစားသောက်နေရသည့်ကိစ္စကို အဆန်းတကြယ်ဟု မထင်နိုင်၊ အထူးအထွေပိုကာ ချဲ့ကာ တွေးနေရန်လည်း အချိန်မရ။

ပထမဦးစွာ မောင်ကြီးနှင့် ခွဲခွာလာရပြီးနောက် လွန်ခဲ့သော တစ်နှစ်ခန့်က ပုစွန်တောင်ဈေးအနီးတစ်ဝိုက်တွင် တစ်ကြိမ်သာ တွေ့ရသည်။ နေ့စားစပယ်ယာ လိုက်နေသော မောင်ငယ်က စုတ်ချာနေသလောက် မောင်ကြီးက ကြော့နေအောင် ဝတ်စားထားသည်။ ဘုန်းကြီးလမ်းရှိ ရှမ်းဖက်သူဌေး တစ်ဦးနှင့်အတူနေကာ ရှမ်းပြည်တောင်ပိုင်းမှ ရှမ်းဖက်တွေ ပို့ရောင်းနေသည်။ အလုပ်အလွန်များလှသည်။ ညနေ တောင်ကြီးပြန်မည်။ နောက်တစ်ခေါက်လာလျှင် အဝတ်အစားတွေ ဝယ်ပေးမည်ဟုဆိုကာ ငွေတစ်ဆယ်ပေးသွားသည်။

ထို့နေ့မှစ၍ ယခုအထိ မတွေ့။

မောင်ငယ်သည် ဘတ်စ်ကားစပယ်ယာအလုပ်တွင် ပျော်မွေ့နေ၏။ ကျွမ်းကျွမ်းကျင်ကျင်လည်း ဖြစ်လာ၏။ ငယ်လည်းငယ်၊ သွက်လည်းသွက်သူမို့ သူ့ဘတ်စ်ကားမှာ အမြဲလိုလို လူပြည့်နေတတ်သဖြင့် ယခင်စပယ်ယာထက် ဝင်ငွေပိုရအောင် ရှာနိုင်သော မောင်ငယ်ကို ဘတ်စ်ကား အုံနာသူဌေးက အလွန်သဘောကျသည်။ သူ့နေ့တွက်အဖြစ် တစ်နေ့နှစ်ကျပ်ခွဲပေးသည့်အပြင် မုန့်ဖိုးပဲဖိုးကလေးပင် ပေးကမ်းစွန့်ကြဲတတ်သည်။

“မင်း သေသေချာချာကြိုးစားလုပ် ကြားလား။ တစ်နေ့မှာ ဒရိုင်ဘာဖြစ်စေရမယ်။ စပယ်ယာဘဝနဲ့ တစ်သက်လုံး အရိုးထုတ်လို့ ဘယ်ဖြစ်မလဲကွ။ လူဆိုတာ ကြိုးစားရင် ဘုရားတောင်ဖြစ်နိုင်သေးတဲ့ဥစ္စာ၊ ကြိုးစားတာ မမှားဘူးဟေ့”

ဘတ်စ်ကားအုံနာသူဌေး ဦးကျင်ထွန်းက သို့ကလို မောင်ငယ်ကို အားပေးသည်။ မောင်ငယ်ကလည်း အားတက်မိသည်။ ဦးကျင်ထွန်းသည် တရုတ်ကပြားဖြစ်၏။ မယားနှစ်ယောက် ကလေးကိုးယောက်နှင့် ဘတ်စ်ကား ခြောက်စီးကိုပိုင်ဆိုင်ထားသူလည်းဖြစ်သည်။ သူကိုယ်တိုင် ယခင်က စပယ်ယာလိုက်၊ ဒရိုင်ဘာလုပ်ရင်း ယခုကားပိုင်ရှင်အထိ တစ်ဆင့်ပြီးတစ်ဆင့် တက်လာသူဖြစ်ရာ ဝီရိယရှိ၍ ကြိုးစားသော မောင်ငယ်ကို များစွာသဘောကျ နှစ်သက်လေသည်။

မောင်ငယ်ကလည်း ရိုးရိုးသားသား ကြိုးစားသည်။ ရသမျှ ပိုက်ဆံကို မုံးစွန်း ပဲစွန်းကအစ ပြန်အပ်သည်။ တစ်နေ့တွင် ကားမောင်းတတ်ရမည်။ ကားမောင်းတတ်လျှင် တစ်နေ့ ငါးကျပ်စား ဒရိုင်ဘာအဖြစ် ဦးကျင်ထွန်းထံ၌ပင် အလုပ်ဆက်လုပ်မည်ဟု စိတ်ကူးထားလိုက်သည်။

သို့သော် ...

ဒရိုင်ဘာကိုကြည်အေးမှာ သူနှင့်အမြဲလိုလို တွဲရသောမောင်ငယ်ကို

အမြဲမပြတ်နားချသူဖြစ်သည်။ ဒရိုင်ဘာ ကိုကြည်အေးသည် နာမည်နှင့် လုံးဝ မလိုက်သူဖြစ်သည်ဟု မောင်ငယ်ကထင်မိ၏။ ကြည်လင်ခြင်း ဘယ်တော့မှမရှိ။ အေးအေးမနေတတ်၊ သို့မို့ကြောင့် ကြည်လည်းမကြည်၊ အေးလည်း မအေးသူဖြစ်သည်။ အသားမည်းသည်။ ပါးလုပ်လုပ်နှုတ်ခမ်းအစုံကို အမြဲစူထားသည်။ လူကြည့်လျှင် မျက်မှောင်ကြုတ်၍ကြည့်သည်။ စကားပြောတိုတောင်းသလောက် မာဆတ်ဆတ် ဘုကျကျနိုင်လှသည်။ တစ်လောကလုံးနှင့် လူတွေအားလုံးကို သူတစ်ယောက်တည်းက ရှာဖွေကျွေးမွေးထားရသည့်အလား။ မည်သူနှင့် ဆက်ဆံဆက်ဆံ သူ့အမူအရာမှာ ထာဝစဉ်တင်းမာခက်ထန်နေတတ်သည်။ ကားအင်ဂျင်နှင့် နှစ်ပေါင်းများစွာ နီးနီးကပ်ကပ် နေရသူဖြစ်သဖြင့် အပူမိကာ မျက်စိမွဲနေသည့်အတွက် မျက်မှန်တပ်ထားရပြီး ခါးရိုးတောင့်နေသူလည်းဖြစ်သည်။

ကိုကြည်အေးက မောင်ငယ့်ကို နားချသည်။

"နည်းနည်းပါးပါး အစွန်းထွက် ပိုထားတာလေးလောက်တော့ တို့ပဲ သုံးရမှာပေါ့ကွ။ မနက်လေးနာရီက ညဆယ်နာရီအထိ ငါ့လခွေး အလုပ်လုပ်ရပြီး ငါကတစ်နေ့ငါးကျပ်၊ မင်းက နှစ်ကျပ်ခွဲနဲ့ပဲ တစ်သက်လုံး နေသွားရတော့မလား မောင်ငယ်ရ။ ငါပြောတာ တရားနည်းလမ်းကျမကျ မင်းစဉ်းစား"

ဒရိုင်ဘာအလုပ်တွင် အံခွနေပြီဖြစ်သော ကိုကြည်အေး၏စကားမှာ တကယ်တော့ မှန်လှပါသည်။ သွေးထွက်အောင် မှန်လှကြောင်း မောင်ငယ် သိပါ၏။ သို့ရာတွင် အစွန်းထွက်လောက်သော ငွေအား ခိုးဝှက်ယူထားရန်ကိုကား သူလိပ်ပြာမသန့်။

"ကျွန်တော်တော့ မလုပ်ချင်ဘူးဗျာ။ လိုချင်ရင် ပြောင်တောင်းယူလိုက်မယ်။ လူများပစ္စည်းကို မသိအောင်တော့ မခိုးချင်ဘူး။ ခိုးရင်လည်း ပြောင်ခိုးမှာပဲ"

"ဟ ..မောင်ငယ် ငနရ။ ဒါ ခိုးတာလားကွ။ ဒီပိုက်ဆံတွေကို တစ်နေ့တစ်နေ့ တို့ကရှာဖွေပေးနေရတာ မဟုတ်လား။ တို့လုပ်လို့ ဒီပိုက်ဆံတွေရတာ မဟုတ်လား။ ဒီအုံနာအကြောင်း မင်းမသိပါဘူးကွာ။ နဂိုက တဲစုတ်နဲ့နေပြီး အခု တိုက်ဝယ်ထားတာသာကြည့်။ အဲဒါ တို့ရှာပေးထားရတဲ့ ငွေတွေနဲ့ ဝယ်တာကွ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျားယူချင်ရင်တော့ယူ၊ ကျွန်တော်ကတော့ မယူဘူး၊ သူကပေးရင်တော့ ယူမယ်"

"အေး ..ဒါဖြင့်မင်းသဘောပဲ။ မင်းက အုံနာနားကပ်ပြီး လူယုံတော် လုပ်မယ်ကြံရင်တော့ ဟောဒီဝက်အူလှည့်စာမိမယ်ကြားလား။ ငါ့နာမည်မှတ်ထား ကြည်အေးတဲ့။ တစ်ကြည်ပဲရှိတယ်။ ရန်ကုန်က ဘတ်စ်ကားလောကမှာ နဂါး

ချက်စောင်း အကြောင်းသုံးပါးမရှေးတဲ့ ကြည်အေးကွ ဒါပဲ"

မောင်ငယ်က စိတ်ပျက်ရသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကားတစ်စီးတွင် စပယ်ယာဟူသည်မှာ ဒရိုင်ဘာ၏ တပည့်တပန်းသာဖြစ်၏။ အလုပ်၏ပင်ကိုသဘာဝနှင့်ပတ်ဝန်းကျင်၏ ဖန်တီးချက်ကြောင့် သို့ကလိုဖြစ်နေရသည့် အနှောင်အဖွဲ့အတွင်းမှ ပညာမဲ့၊ အခြေအနေမဲ့၊ အားကိုးရာမဲ့သော မောင်ငယ်အမည်ရှိ မလောက်လေး မလောက်စား သူငယ်နှပ်စား လူငယ်ကလေးတစ်ယောက်မှာ ရုန်းကန်ထွက်ပြေးနိုင်ပါအံ့လော။

အခေါက်တိုင်းလိုလို ကိုကြည်အေးက ပိုက်ဆံကိုရှာကြံ၍ သုံးသည်။ ထမင်းခဏခဏစား၊ လက်ဖက်ရည် ခဏခဏသောက်ကာ ဆေးလိပ်၊ ကွမ်းယာအစ ရှလပတ်ရည်အဆုံး ဖုံးပေါလအော စားသောက်ပြီးနောက် မောင်ငယ်ကိုပိုက်ဆံရှင်းခိုင်းသည်။ တစ်ခါတစ်ရံကားပေါ်တွင် ပါလာတတ်သော မိန်းမတစ်ယောက်တလေကိုပင် နှစ်ကျပ်သုံးကျပ်ပေးလိုက်ဟုဆိုလျှင် မောင်ငယ်က လွယ်အိတ်ထဲက ကျပ်တန်ကို ယူထုတ်ကာပေးလိုက်ရသည်။

ဒါတွေကို ဦးကျင်ထွန်းအား ပြန်ပြောလိုက်ရလျှင် ကောင်းလေမည်လားဟု မရဲတရဲ စဉ်းစားမိသေးသည်။ သို့သော် ကိုကြည်အေးက ကြိမ်းမောင်းထားသဖြင့်လည်း ကြောက်နေရသေး၏။ ကိုကြည်အေးသည် ပြောသည်ထက်ပို၍ လုပ်ရဲမည့် လူမျိုးဖြစ်ကြောင်း သူသိ၏။ ထို့ပြင် ဦးကျင်ထွန်းက အားလုံးကို စိတ်ဆိုးအမျက်ထွက်ကာ အပြစ်ပေးပြီဆိုလျှင် သူ့အလွန် အားထားခဲ့ရသော ကိုကြည်အေးကို အပြစ်ပေးချင်မှပေးမည်။ မလောက်လေး မလောက်စား ဖြစ်နေသည့် မိမိသာလျှင် ထိခိုက်နိုင်စရာရှိသည်ဟုတွေးကာ ဤကိစ္စနှင့်ပတ်သက်၍ ကိုကျင်ထွန်းကိုလည်းကောင်း၊ ကိုကြည်အေးကိုလည်းကောင်း ဘာမျှမပြောဘဲ ရေငုံနှုတ်ပိတ်နေလိုက်ရလေသည်။

ကြာသောအခါ မောင်ငယ့်အဖို့ မူးနှတ်ပဲနှတ်ရသောအလုပ်မှာ ထမင်းစားရေသောက်အလုပ် ဖြစ်လာတော့သည်။ ကိုကြည်အေးနှင့်လည်း လေပေးဖြောင့်လာသည်။ ကိုကြည်အေးက သူ့အပေါ် လေပေးဖြောင့်လာသည့်အတွက် မောင်ငယ်မှာ စိတ်လက်အေးချမ်းသလို ဖြစ်လာရလေသည်။

"ဒရိုင်ဘာဖြစ်အောင်ကို ငါလုပ်ပေးမယ်။ မင်းဘာမျှမပူနဲ့။ ကားမောင်းတတ်ဖို့လည်း မခက်ဘူး။ လိုင်စင်ရဖို့လည်း မခက်ဘူး။ မင်းမှာသာ ငွေလေးဘာလေးစုဆောင်းထားဖို့ လိုတယ်။ လိုင်စင်က ငွေပေးရင် ချက်ချင်းအသင့်ရတယ်ကွ"

"အေးဗျာ ။ ဒရိုင်ဘာလိုင်စင်ရအောင်လောက်တော့ ကျွန်တော့်ကို လုပ်ပေးပါ"

မောင်ငယ်မှာ အားတက်ဝမ်းမြောက်လျက်ရှိသည်။ ဒရိုင်ဘာဖြစ်၍ ကားတက်မောင်းနိုင်ပြီဆိုလျှင် စပယ်ယာဘဝမှ သူကျွတ်လွတ်တော့မည်။ ဒရိုင်ဘာအလုပ်ဟူသည် စပယ်ယာအလုပ်ထက်စာလျှင် အပုံကြီး အဆင့်အတန်း မြင့်သည်။ လူလေးစား ရှိသေတာလည်း ခံရသေးသည်။

"ဒါ ငါ့တာဝန်ထား၊ ငါသင်ပြပေးတာတွေကိုသာ မင်းက သေသေချာချာ ကြည့်ပေါ့ကွာ ဟုတ်လား။ ဒရိုင်ဘာလုပ်ရတာ မခက်ပါဘူး"

"ဟုတ်ကဲ့။ ကျွန်တော်ကြိုးစားပါ့မယ်"

မှန်၏။ မောင်ငယ်သည် တကယ်လည်း ကြိုးစားပမ်းစားလုပ်လာ၏။ နံနက် ဝေလီဝေလင်း ကားပေါ်သို့တက်လိုက်မိသည့်အချိန်ကစ၍ လက်မှတ်ရောင်းရ၊ ပိုက်ဆံသိမ်းရ၊ လူခေါ်ရသောအလုပ်အပြင် ကားကိုရေထည့်ခြင်း၊ အင်ဂျင်ဝိုင်တိုင်းခြင်း၊ ဘရိတ်ဆီကြည့်ခြင်းစသည့် ဒရိုင်ဘာ၏ အခြေခံအလုပ်တွေကိုပါ မနားမနေဝင်လုပ်လေသည်။

သူ့စိတ်တွင် ပျော်နေသည်။ ဒရိုင်ဘာလိုင်စင်ရ၍ ဘတ်စ်ကားမောင်းလျှင် တစ်နေ့ငါးကျပ်ရမည်။ ဘတ်စ်ကားမမောင်းချင်၍ တခြားအငှားကားတွေ ဝင်မောင်းနိုင်သေးသည်။ ထမင်းတစ်လုတ်အတွက် ပူပင်စရာ သောကရောက်စရာ ရှိတော့မည်မဟုတ်။ သူ့ဘဝရှေ့ရေးတစ်ခုလုံး စိတ်ချရပေတော့မည်ဟုလည်း တွေးမိလေ၏။

*

(၉)

"မောင်ငယ်ရေ၊ ဒီနေ့တော့ မင်း ငါ့နဲ့လိုက်မှ ဖြစ်မယ်ဟေ့"

"လိုက်ဆိုလည်း လိုက်တာပေါ့ဗျာ။ ဘယ်ကိုသွားမှာတုန်း"

"မန္တလေး"

"ဗျာ၊ မန္တလေးဟုတ်လား။ဘာလုပ်မလို့ မန္တလေးသွားမှာလဲ ကိုကြည်အေး"

"အိုကွာ၊ ဟိုရောက်တော့ သိလိမ့်မပေါ့။ မင်းမန္တလေးရောက်ဖူးသလား"

မောင်ငယ်က ခေါင်းခါသည်။

"အေး၊ မန္တလေးဆိုတာ အင်မတန်စည်ကားတာကွ။ နန်းတော်ကြီးနဲ့

ကျုံးတွေ ပြာသာဒ်တွေနဲ့ သိပ်လှတဲ့မြို့ကြီး၊ တို့အမေအဖေများရှိတုန်းကဆို မန္တလေးကို တစ်နှစ်တစ်ခေါက်လောက်တော့ အမြဲတမ်းသွားတာပဲ။ မန္တလေးကိုမှ မရောက်ဖူးရင် လူဖြစ်ရကျိုးမနပ်ဘူးလို့တောင် ထင်နေတာ။ ကဲ ...ကဲ ..ဘာပဲဖြစ်ဖြစ် မင်းရော၊ မန္တလေးကို မရောက်ချင်ဘူးလား ပြောစမ်း"

"ရောက်ချင်တာပေါ့ ကိုကြည်အေးရာ။ သိပ်ရောက်ချင်ပေါ့။ ကျွန်တော်က ရန်ကုန်ကလွဲရင် ဘယ်မှရောက်ဖူးတာ မဟုတ်ဘူး"

"အေးလေ၊ ယောက်ျားဆိုတာ ဒေသန္တရဗဟုသုတရှိရတယ်ကွ။ ဒါမှအမြင်ကျယ်မယ်မဟုတ်လား။ မင်း ငါနဲ့လိုက်မယ် မဟုတ်လား"

မောင်ငယ်က အစဉ်းစားရခက်နေသည်။ တကယ်ဆိုရလျှင် 'မန္တလေး' ဆိုသောအသံကို ကြားချိန်ကစ၍ သူလိုက်ချင်လွန်းနေသည်။ မန္တလေးဆိုသောမြို့ကြီးအကြောင်းကို ကြားဖူးနေသည်မှာ ကြာမြင့်လှချေပြီ။ သို့သော် သွားဖို့ ရောက်ဖူးဖို့မဆိုထားနှင့် အိပ်မက်ပင် မမက်နိုင်အောင်ဖြစ်ခဲ့ ရသည်။ ယခု ကိုကြည်အေးက မန္တလေးသို့ ခေါ်နေလေပြီ။

သာမန်အားဖြင့်ဆိုလျှင် ဇွေ့ခနဲ ထလိုက်သွားရန်သာရှိတော့သည်။ သို့သော် သူ့မှာပြဿနာတွေက ရှိနေသေးသည်။ ယင်း ပြဿနာတွေကို မစဉ်းစား၍ မဖြစ်။ အလုပ်နားရက်က တစ်ရက်တည်း သွားရမည့်စရိတ် စက။

"လိုက်တော့ လိုက်ချင်တယ် ကိုကြည်အေးရယ်။ ဒါပေမဲ့"

"ဘာလဲကွ၊ ခရီးစရိတ်လေးဘာလေးအတွက် မဟုတ်လား။ မင်း ဒါအတွက် တွန့်ဆုတ်နေတယ် မဟုတ်လား"

"ဟုတ်တယ်ဗျာ။ စရိတ်စကကရှိသေးတယ်"

"မင်းမှာ ပိုက်ဆံစုထားတာ ဘယ်လောက်ရှိသလဲ။ ကဲ .. ပြောစမ်း"

"နည်းနည်းပါးပါးဗျာ၊ အလွန်ဆုံးရှိမှ ခြောက်ဆယ်ပေါ့။ ဒရိုင်ဘာလိုင်စင်ရဖို့အတွက် ကျွန်တော် မစားမသောက် စုထားတာဗျ။ ဒါကိုတော့ ထိလို့မဖြစ်ဘူး"

ကိုကြည်အေးက ရယ်နေလေ၏။

"ဒီမှာ မောင်ငယ်၊ မင်း အဲဒီငွေကိုထားပါ။ လက်ဖျားနဲ့တောင် မထိနဲ့ဟေ့။ မင်းစရိတ်စက အကုန်လုံးငါတာဝန်ယူမယ်။ အဲ ..ခြေစောင့် လက်စောင့်ဆိုသလို မင်းအတွက် နည်းနည်းပါးပါး ယူချင်ရင်တော့ယူ၊ တစ်ပြားမှ မယူချင်လည်း နေကွာ။ ဒီပြင်စရိတ်စက အားလုံး ငါ့တာဝန်ထားလို့ ဆိုမှပဲ ဒီလိုဆိုရင် မင်းလိုက်မယ်ပေါ့"

"ကျွန်တော်တို့ နားရက်က မနက်ဖြန်တစ်ရက်တည်းရယ်"

"အေးပါ၊ ဒါငါ့တာဝန်ထားပါ။ မင်းကလည်း လူငယ်သလောက် စိတ်ပူတတ်လိုက်တာ အဘိုးကြီးကျနေတာပဲ။လိုက်မှာသာ လိုက်ခဲ့ကွာ။ သြော် ...ဒါ့ထက် ပြောရဦးမယ်။ မင်းစုထားတဲ့ငွေခြောက်ဆယ်ဆိုတာ ဒရိုင်ဘာလိုင်စင်လုပ်ဖို့ အတွက် များတောင် များနေပြီ။ သုံးလေးဆယ်လောက်တော့ ယူခဲ့ပေါ့။ မင်းလိုချင်တာတွေ့ရင် ဝယ်ချင်ဝယ်ရအောင် ဟုတ်လား"

မောင်ငယ်ကလည်း သဘောတူလိုက်သည်။

နောက်တစ်နေ့တွင် ကိုကြည်အေးနှင့်အတူ မန္တလေးအဆန်ရထားပေါ်သို့ တက်မိကြသောအခါ မောင်ငယ်၏ အိတ်ထောင်အတွင်း၌ လပေါင်းများစွာ ခြိုးခြံစုဆောင်းလာခဲ့သော ငွေခြောက်ဆယ်အနက်မှ တစ်ဝက်တိတိကို ခွဲယူလာသည့် ငွေကလေးသုံးဆယ်ပါလာသည်။

ရထားပေါ်တွင် စားစရိတ်သုံးစရိတ် အကုန်လုံးကို ကိုကြည်အေးကသာ ဖောဖောသီသီထုတ်ပေးသည်။ ကိုကြည်အေးတွင် ငွေတော်တော်များများ ပါလာဟန်တူသည်။ အရမ်းသုံး အရမ်းစားလုပ်နေသည်ကို သတိပြုမိသည်။ ထို့ပြင် ရမ်အရက်တွေလည်း ကိုကြည်အေးက ဝယ်လာလိုက်သေးသည်။ ပထမတော့ ကိုကြည်အေးက အရက်သောက်ခိုင်းသော်လည်း မောင်ငယ်မသောက်။ သို့သော် အတင်းအကျပ် တိုက်တွန်းဖန်များလာသောအခါ မောင်ငယ်ကလည်း သောက်မိသည်။ အူရိုင်းမို့ မူးလွယ်လှသည်။

"မန္တလေးရောက်ရင် ဘယ်သွားမလဲ"

"မန္တလေးရောက်ရင် သွားစရာတွေ အပုံကြီးပဲပေါ့ မောင်ငယ်ရ။ မင်းဘယ်သွားချင်သလဲပြော။ ငါလည်း တစ်ခေါက်မှ မရောက်ဖူးဘူး။ မင်းလိုပဲ ဒါပေမဲ့ ငါကတော့ စုံအောင်လျှောက်သွားမယ်။ တန်ခိုးကြီးဘုရားတွေကိုလည်း အကုန်လည်ဖူးပစ်လိုက်မယ်"

"အဲဒါ ကောင်းတယ်"

မန္တလေးတွင် တန်ခိုးကြီးဘုရားတွေ အလွန်ပေါများလှသည်ဟု ကြားဖူးသည်။ ယခု ဤဘုရားများကို လှည့်လည်ဖူးမြော်ရပေတော့မည်။

"ကိုကြည်အေးကို ကျွန်တော် တစ်ခုမေးချင်တယ်ဗျာ"

ကိုကြည်အေး၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားလေ၏။ သူ့မျက်လုံးအစုံသည် ရဲရဲနီနေ၏။ အရက်ခိုးတက်နေသည့်အတွက် မျက်နှာတစ်ခုလုံးမှာလည်း အစ်ကာ အဆီပြန်နေသည်။

"မင်းကလည်း ကြီးကျယ်လိုက်တာကွာ။ ဘာများမေးချင်လို့လဲ။ မေးရာရှိလည်း မေးလိုက်ပြီးရော။ တစ်ခုမေးချင်တယ်လေး ဘာလေးနဲ့ တစ်ခုမမေးနဲ့ မေးချင်သလောက်သာမေး"

"စိတ်မဆိုးနဲ့ဗျာ"

"ဟောဗျ။ ဒီကောင်လေး ဘာတွေဖြစ်နေပြန်ပါလိမ့်။ နေစမ်းပါဦး မောင်ငယ်ရာ။ မင်းက လူငယ်ငယ်နဲ့ ချေးတုံးကြီးကြီးယိုလှချည့်လား။ မင်းက ဘာပြောပြော ငါဘယ်တုန်းကများ စိတ်ဆိုးခဲ့ဖူးလို့လဲ။ ကဲ ..ပြောစမ်းပါဦး။ ဘုရားစူး မိုးကြိုးပစ်၊ စိတ်မဆိုးဘူး မေးသာမေး"

"ခင်ဗျား ပိုက်ဆံတော်တော်ဖောနေတာ"

"ဟား ..ဟား ..ဟား ..ဒါလား။ ဪ ...ဒါကို မင်းကသိချင်လို့ပေါ့ ဟုတ်လား"

"ဟုတ်တယ်။ ခင်ဗျားမှာပိုက်ဆံဘယ်လောက်တောင် ပါလာလို့လဲ ကိုကြည်အေး။ တစ်လမ်းလုံး ခင်ဗျားသုံးနေတာ အရမ်းပဲ။ ဒီကြားထဲ အရက်တွေကလည်း အကောင်းစားတွေ"

"လေးရာကျော်ပါတယ် ငါ့လူ"

ကိုကြည်အေးက ရေချိန်ကိုက်နေလေပြီဖြစ်သည့်အတိုင်း မျက်ထောင့်နီနေသောမျက်လုံးကို စင်းကာ မေးကာ အာလေးသံဖြင့် ပြောရင်း လက်လေးချောင်းထောင်ပြသည်။ မောင်ငယ်မှာ ကိုကြည်အေးကို အံ့ဩသော အကြည့်ဖြင့် ကြည့်နေလိုက်မိသည်။

"လေးရာကျော် ...ဟုတ်လား။ လေးရာ"

"ဟုတ်သဗျာ။ လေးရာ တကယ်ကျော်သေးတယ် ငါ့လူရေ့။ ပိုက်ဆံပိုက်ဆံများ ဆန်းတာမှတ်လို့"

လေးရာကျော်နေသောငွေကိုပိုက်ကာ မန္တလေးသို့ အပျော်ခရီးထွက်သလိုထွက်လာခဲ့သည့် ကိုကြည်အေးအား မောင်ငယ်က တွေးမရ၊ စဉ်းစားမရအောင်ဖြစ်နေမိသည်။ ရီဝေရှုပ်ထွေးနေသော သူ့ဦးခေါင်းအတွင်း၌လည်း မေးခွန်းပေါင်းများစွာ ပေါ်ထွက်လျက်ရှိကြသည်။ ငွေလေးရာကို ကိုကြည်အေး အဘယ်ကရသနည်း။ တစ်နေ့ငါးကျပ်မျှလုပ်ခရသည့် ဒရိုင်ဘာတစ်ယောက်သည် လေးရာမျှသောငွေကို စုဆောင်း၍ရနိုင်ပါသလော။ စုဆောင်း၍ရသည်ဆိုလျှင် လပေါင်း၊ နှစ်ပေါင်းမည်မျှကြာအောင် စုဆောင်းရပါသနည်း။ စုဆောင်းထားသောငွေမဟုတ်လျှင် ဤမျှများပြားသည့်ငွေတွေကို သူဘယ်ကရလာသနည်း။

ဤမေးခွန်းပုစ္ဆာတွေကို မောင်ငယ်က သူ့ဘာသာသူ မေးကြည့်သည်။ သို့သော် အဖြေရှာမရ။ သူ့ခေါင်းသည် ချာချာလည်လျက်ရှိ၏။

"မင်းက ငါဒီလောက်ပိုက်ဆံများများပါလာတာကို ဟိုတွေး သည်တွေး တွေးမနေနဲ့။ ဒီမှာမောင်ငယ် မင်းသိထားဖို့က ပိုက်ဆံဆိုတာ မဆန်းဘူး။ မဆန်းဘူးဆိုတဲ့စကားကို ငါ ထပ်ကာထပ်ကာ ပြောနေတာနော်။ ဆန်းကို မဆန်းလို့ မဆန်းဘူးပြောတာကွ။မင်းနားလည်ရဲ့လား၊ မင်း ဘာမျှရှည်ရှည်ဝေးဝေး တွေးမနေနဲ့ ပျော်ပျော်သာနေ ငါ့ညီ"

မောင်ငယ်ကလည်း ဆက်မမေးတော့ချေ။

မန္တလေးသို့ နံနက်လင်းလင်းချင်း ရောက်သွားကြသည်။ ညက ရထားပေါ်တွင် သောက်လာသော အရက်ရှိန်က မပြေသေး။ အိပ်ရေးကလည်း ပျက်ထားသည့်အတွက် နှစ်ယောက်စလုံး နုံးချည့်နေကြသည်။ခေါင်းထဲတွင်လည်း ရီဝေသည်။

"တစ်ခုခုတော့ စားမှဖြစ်မယ်ဟေ့။ အစာလေးဘာလေး သွတ်ထားလိုက်ရင် အကောင်းဆုံးပဲ"

ကိုကြည်အေးနှင့်အတူ မြင်းလှည်းတစ်စီးဖြင့် ဘူတာကြီးမှနေ၍ ထွက်ခွာလာခဲ့ကြသည်။ ခဏကြာလျှင် တရုတ်ဟိုတယ်တစ်ခုရှေ့၌ မြင်းလှည်းထိုးရပ်လိုက်ရာ သူတို့နှစ်ယောက်သား ဟိုတယ်အတွင်းသို့ ဝင်ခဲ့ကြသည်။ သစ်သားခန်းဆီးကာထားသော အခန်းငယ်အတွင်း၌ ထိုင်မိကြသည်။

ကိုကြည်အေးက အရက်မှာပြန်လေပြီ။

"ဟာဗျာ စောစောစီးစီး မသောက်ပါနဲ့"

"ညဘက်မှာ များသွားရင် မနက်ဘက်မှာ နည်းနည်းဖြစ်ဖြစ် လုပ်လိုက်ရတယ်။ အဲဒါအကောင်းဆုံးနည်းကွ မှတ်ထား"

"ဒါတော့ ဒါပေါ့လေ။ ခင်ဗျား အလွန်အကျွံဖြစ်မှာစိုးလို့ ကျွန်တော်ပြောတာပါ"

"မဖြစ်ပါဘူးကွာ။ သူများမြို့ရွာမှာ ဒီလိုဖြစ်လို့ ဘယ်ကောင်းပါ့မလဲ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ် မောင်ငယ်ရ။ ငါတို့ဟာ တစ်နေ့လုံး တစ်ညလုံး ကားပေါ်မှာ တကုန်းကုန်းနဲ့ အလုပ်လုပ်ခဲ့ရတာ ဘယ်နနှစ်ရှိပြီလဲဟင်။ ရန်ကုန်မှာ တစ်နေ့တစ်နေ့ ကားနဲ့နှစ်ပါးသွားပြီး မော်တော်ပီကယ်၊ ပုလိပ်နဲ့လုံးထွေးနေရတာ ချည်းပဲ မဟုတ်လား။ အားလပ်တဲ့နေ့ကြီးရက်ကြီးတွေမှာ သူများတွေအလုပ်ပိတ်ကြ အအားရကြပေမယ့် တို့ကမရဘူး။ တို့မှာတော့ အလုပ်နဲ့လက်နဲ့ မပြတ်ဘူး။

အခု ဟောဒီ မန္တလေးရောက်တုန်းရောက်ခိုက်မှာ စိတ်ရှိလက်ရှိ ပျော်ပျော်ပါးပါးတော့ နေရမဟုတ်။ မသေခင် တစ်ခါတလေတော့ အဲဒီလို စိတ်လွတ်ကိုယ်လွတ်ကလေး နေလိုက်ချင်တယ်။ ဒါမှလည်း တရားမယ်"

သို့နှင့် အရက်ဆက်သောက်ပြန်သည်။ မောင်ငယ်ကလည်း မထူးတော့ပြီဖြစ်သည့်အတိုင်း ကိုကြည်အေးသွန်ထည့်ပေးသမျှ အရက်ကို တကျိုက်ကျိုက် သောက်ချသည်။ မြည်းစရာ၊ စားစရာတွေကလည်း စုံပါဘိသည်။

သူတို့နှစ်ယောက်သား အရက်မူးမူးဖြင့် မြင်းလှည်းတစ်စီးငှားကာ ထွက်လာခဲ့သည်။ ဘယ်ရယ်လို့တော့မသိ။ မောင်ငယ်ကလည်း မမေး။

"ဒီမယ် မြင်းလှည်းဆရာ။ မန္တလေးတောင်ကိုပို့ဗျာ"

ကိုကြည်အေးက လျှာလေးအာလေးသံဖြင့် ပြောလိုက်သည်။ မြင်းလှည်းသည် မန္တလေးတောင်ဘက်သို့ ဦးတည်ပြေးလွှားလာလေတော့သည်။

သို့သော် မန္တလေးတောင်ပေါ်သို့ကား သူတို့မတက်နိုင်ကြ။ တောင်ခြေရှိ ဇရပ်တစ်ခုအတွင်း အေးအေးဆေးဆေးနားနေရန် ဝင်လိုက်ကြသည်။ အိပ်ရေးပျက်ထားသည့်အတွက် အိပ်ကလည်းအိပ်ချင်၊ မူးကလည်းမူး။

မန္တလေးနေသည် တောက်လောင်ပူပြင်းစပြုနေလေ၏။ နံနက် ၁၀ နာရီ မထိုးသေးသော်လည်း အပူရှိန်မှာ တဖြည်းဖြည်းတက်လာ၏။ သို့ရာတွင် ဇရပ်အတွင်း၌ကား အပြင်မှာထက်ပို၍ အပူသက်သာသည်။ မန္တလေးတောင်ကို ကွေ့ကာဝိုက်ကာ ပြေးလွှားတိုက်ခတ်လာသော လေသည် အေးမြလျက်ရှိလေသည်။

"နေစမ်းပါဦးဗျ။ ကိုကြည်အေး ခင်ဗျားကြီး ဒီပိုက်ဆံတွေ ဘယ်က ရသလဲ မှန်မှန်ပြောစမ်း"

မောင်ငယ်က မူးပင်မူးနေသော်လည်း ရင်တွင်း၌ တနုံ့နုံ့ဖြစ်နေသည့် ပြဿနာကိုမူ ဖွင့်ဟမေးရမှ ကျေနပ်ပေရော့မည်။

"ဘယ်က ရရမလဲ အုံနာဆီက"

"ဗျာ၊ ကိုကျင်ထွန်းဆီက ဟုတ်လား။ သူကပေးတာလား"

"ဒီကောင် သောက်အကလေး။ မင်းအမေ့လင်ကြီးက ဒီလောက်ငွေကို ပေးမလားကွ။ ငါ့နည်းနဲ့ငါ ယူလာတာပေါ့။ မင်းဘာဖြစ်လို့ ဒါတွေ လျှောက်မေးနေရတာလဲ"

"ကျွန်တော်က သိချင်လို့ပေါ့ဗျာ"

"အေး ....ဒီလောက်သိချင်ရင် ငါပြောမယ်။ တစ်နေ့က ကားပစ္စည်း

ဝယ်ဖို့ဆိုပြီး ငါ့ကိုငွေလေးရှာငါးဆယ် ပေးထားတယ်။ အဲဒါ မဝယ်ဘဲနဲ့ ဒီငွေတွေ ငါယူပြီး ထွက်လာတာပဲ။ ကဲ ...သိပလား"

"ဟာ"

မောင်ငယ်က အာမေဍိတ်သာပြုနိုင်သည်။ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ အံ့အားလည်းသင့်၊ ကြောက်လည်းကြောက်နေမိသည်။

"ဘာ ...ဟာလဲကွ။ ငါတစ်သက်လုံး အလုပ်နဲ့လက်နဲ့မပြတ်လုပ်လာတာ။ ဒီလောက်ငွေကို တစ်ခါမှ များများစားစား မကိုင်ခဲ့ရဘူး။ အခု ကိုင်ကြည့်တယ်ကွ။ ကောင်းသားပဲ ပိုက်ဆံဆိုတာ ကိုင်လို့သိပ်ကောင်းတာ နောက်ပြီး ဒီအံ့နာကို ငါရှာဖွေပေးခဲ့ရတာ ကြာပြီလေကွာ။ သူ့မှာ မယားနှစ်ယောက်နဲ့ တိုက်နဲ့တာနဲ့ ဖြစ်သွားပြီ။ ငါ့မှာသာ ဖွတ်ကျားဟာ ဖွတ်ကျားပဲ ရှိသေးတယ်။ ဒါလောက်ငွေကလေးကို ကိုင်သုံးကြည့်တာ အပြစ်မရှိပါဘူးကွ။ မင်းအံ့နာကြီးက မကျေနပ်ရင် ဘာလုပ်မလဲ။ ဂါတ်တိုင်ရုံပဲ ရှိမယ် ဟား ...ဟား"

ကိုကြည်အေးက ရယ်နေ၏။ သူ့ရယ်သံမှာ ကျယ်လောင်သော ငှက်ဆိုးထိုးသံလို ဇရပ်တစ်ခုလုံးတွင် မြည်ဟိန်းပွဲ့တင်ထပ်နေ၏။

မကြာမီ ကိုကြည်အေးအိပ်မောကျသွားသည်။ တရှူးရှူးတခေါခေါ ဟောက်နေသည်။ မောင်ငယ်မှာလည်း သူ့လိုပျော်ဖို့ ကြိုးစား၏။ အိပ်လည်း အိပ်ချင်နေ၏။ ခေါင်းတစ်ခုလုံး ရီဝေရှုပ်ထွေးလျက်ရှိ၏။ အတွေးပေါင်းစုံက သူ့ကိုနှိပ်စက်နေ၏။ အိပ်၍လည်းမရတော့ချေ။

အိပ်မရတော့သည့်အဆုံး၌ မောင်ငယ်သည် တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်လေ၏။

ဇရပ်အပြင်ဘက်သို့ သူလှမ်းကြည့်သည်။မန္တလေးနေသည် ပူပြင်းတောက်လောင်လျက်သာ ရှိနေပါသေး၏။ ပြင်းထန်လှသော အပူရှိန်အောက်တွင် သက်ရှိသက်မဲ့အရာအားလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဇရပ်အတွင်း၌ကား လေသည်အေးမြ၏။ ဇရပ်မှာ အိုမင်းဟောင်းနွမ်းလှပြီ ဖြစ်သည့်အတွက် အချို့သော မျက်နှာကြက်များသည်ပွဲ့ကျနေ၏။ စာကလေးတစ်စုသည် မျက်နှာကြက်တွင် အသိုက်လုပ်ရင်း ဆူညံစွာစကားဆိုလျက် ရှိကြ၏။

မောင်ငယ်သည် ကိုကြည်အေး၏နံဘေးမှ အုတ်နံရံကို ပျော့ခွေစွာမှီနေရာမှ ထိုင်လိုက်ပြီးနောက် ဘေးတစ်ဝိုက်ကိုကြည့်သည်။ ဟိုမှသည်မှ သမင်လည်ပြန်ကြည့်သည်။ အသွားအလာဟူ၍မရှိ။ လူရှင်းလှ၏။

ကိုကြည်အေးကား ဇရပ်သမံတလင်းပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မော

ကျလျက်ရှိနေသေးသည်။ ကိုကြည်အေး၏ မျက်နှာတစ်ခုလုံးမှာ ရဲရဲနီကာ အစ်နေသည်။ တခေါခေါဖြင့် ဟောက်နေသည့် သူ့ပါးစပ်မှ အရက်နံ့သည် စူးရှစွာထွက်လျက်ရှိ၏။ သူအလွန်မက်မောသော ငွေစက္ကူများကား လျှော့ပြေပြေကျနေသည့် အိပ်ထောင်အတွင်း၌ ခေါင်းပြူ၍ထွက်လျက်ရှိသည်။ ငွေစက္ကူကိုလည်းကောင်း၊ ဘတ်စ်ကားကိုလည်းကောင်း၊ ပတ်ဝန်းကျင်လောက တစ်ခုလုံးကိုလည်းကောင်း အမေ့ကြီးမေ့ကာ အသေလိုအိပ်စက်နေလေသည်။

မောင်ငယ်၏ စိတ်အလျင်သည် တောင်ပေါ်မှ ဝါးလုံးထိုး ထိုးကျသော ချောင်းဆင်ခြေလျှောအတိုင်း တရကြမ်းစီးဆင်းသွားသည့် ရေပမာအကွေ့အကောက် အနိမ့်အမြင့်အားလုံးကို ဖြတ်သန်းပြေးလွှားလျက်ရှိလေသည်။

ဤငွေတွေကို ခိုးယူလာသည့်သဘော၊ မလိမ့်တပတ်လုပ်ယူလာသည့်သဘောဖြစ်နေကြောင်း မောင်ငယ်သဘောပေါက်သည်။ "ဒီငွေတွေကို ငါယူပြီးထွက်လာတာ"ဟူသော ကိုကြည်အေး၏ အရက်သံနှောသည့် အသံအက်ကွဲကွဲကြီးကို သတိရနေမိသည်။ "မင်းအုံနာကြီးက မကျေနပ်ရင် ဘာရှိမလဲ။ ဂါတ်တိုင်ရုံပဲရှိမယ်"ဟူသော စကားလုံးတွေက သူ့ကိုကြိမ်းမောင်း ချောက်လှန့်နေသည်။

"ဂါတ်တိုင်ရုံပဲရှိမယ်"

ဤစကားလုံးများကို သူအကြောက်ဆုံးဖြစ်သည်။ တကယ်ဆိုရလျှင် ကိုကြည်အေးက ဤစကားတွေကို ပေါ့ပေါ့တန်တန် ပြောလိုက်ဟန်တူ၏။ သို့ရာတွင် မောင်ငယ်ကမူ 'ဂါတ်'ဆိုသည်ကို ရင်တုန်လောက်အောင် ကြောက်နေမိသည်။ ဂါတ်တိုင်လျှင် ကိုကြည်အေးကို ဖမ်းလေရော့မည်။ ကိုကြည်အေးကို ဖမ်းသည်ဆိုလျှင် ကိုကြည်အေးနှင့်အတူ ထွက်လာမိသော မိမိကိုလည်း ချန်လှပ်ထားဖွယ်ရာမရှိပြီဟု တွေးမိလိုက်သည်။ ဂါတ်က ဖမ်းပြီဆိုသည်နှင့် တစ်ပြိုင်နက် ရိုက်၍စစ်လားမေးလား လုပ်တော့မည်။ တရားခံတွေကို မပေါ်ပေါ်အောင် စစ်ရာ၌ နည်းမျိုးစုံကိုသုံးကာ နှိပ်စက်ညှဉ်းပန်းတတ်သည့် ရဲများအကြောင်းကို ဘတ်စ်ကားစပယ်ယာဘဝတွင် ကြားဖူးသိဖူးလေပြီ။

သို့မို့ကြောင့် စိုးရိမ်ထိတ်လန့်စိတ်ကို သူမတားဆီးနိုင်လောက်အောင် ပင်ဖြစ်ရသည်။ ကိုကြည်အေးအပေါ်၌လည်း ဒေါသဖြစ်မိသည်။ သူ့ဘာသာသူမကောင်းသောအလုပ်တစ်ခုကို လုပ်ရုံမျှဖြင့် အားမရသေး။အဘယ့်ကြောင့် မိမိကိုပါ အပါဆွဲခေါ်ခဲ့ရလေသနည်းဟုတွေးကာ ကြိတ်မနိုင်ခဲမရ မချင့်မရဲဖြစ်လာသည်။ ကြိတ်မနိုင်ခဲမရသောစိတ်၊ မချင့်မရဲနိုင်လှသော စိတ်၊ ဒေါသစိတ်၊ ကြောက်စိတ်သည့် စိတ်မျိုးစုံတို့၏ ထုထောင်းရိုက်နှက်ချက်များကို သည်းမခံနိုင်တော့သည့်

အဆုံးတွင် မောင်ငယ်သည် ထိုင်နေရာမှ ထလိုက်ပြန်၏။

တစ်စုံတစ်ခုလုပ်ရပေတော့မည်။

သူသည် အိပ်စက်နေသေးသော ကိုကြည်အေး၏ အဆီပြန်နေသည့် မျက်နှာကို စက်ဆုပ်ရွံရှာဖွယ် စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးနောက် သက်ငင်နေသူပမာ ဖုတ်လှိုက်ဖုတ်လှိုက် အသက်ရှူနေသည့် ကိုကြည်အေး၏ ခန္ဓာကိုယ်အနားမှ ဖြည်းဖြည်းချင်းခွာလာခဲ့သည်။

ဇရပ်အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ခြေကုန်သုတ်ကာ လာလမ်းအတိုင်း ပြန်ပြေးလေတော့သည်။

လမ်းမသို့ထွက်မိလာသောအခါ မန္တလေးမြို့ရှိမည်ထင်သော လမ်းမအတိုင်း ခပ်သုတ်သုတ်ပြေးသည်။ သူ့နောက်တွင် ကိုကြည်အေးများ လိုက်လာလေသလားဟူသော သံသယစိတ်ကလည်း အခါမလပ်ရှိနေသည်မို့ နောက်သို့ မကြာခဏဆိုသလို လှည့်ကြည့်ရသည်။

အတန်ကြာမျှ အပြေးအလွှား လာမိရာတွင် လမ်းဘေးသစ်ပင်ရိပ်တစ်ရိပ်၌ နားနေသော မြင်းလှည်းတစ်စီးကိုတွေ့ရသည်။ မြင်းလှည်းဆရာသည် သစ်ပင်ရိပ်တွင်ခိုရင်း အေးအေးလူလူငိုက်မျှည်းလျက်ရှိ၏။ မောင်ငယ်က အချိန်ဆွဲမနေတော့ဘဲ မြင်းလှည်းဆရာကိုနှိုးလိုက်ရာ မြင်းလှည်းဆရာက အိပ်ချင်မူးတူးဖြင့် မျက်လုံးတွေကို ပွတ်သပ်ရင်း ကြောင်ကြည့်နေလေ၏။

"ကျွန်တော့်ကို လိုက်ပို့ပါခင်ဗျာ"

"ဘယ်ကိုသွားမှာတုံး"

နေ့ခင်းကြောင်တောင် တစ္ဆေခြောက်ခံရသလို ထိတ်ထိတ်ပျာပျာ ဂနာမငြိမ်ဖြစ်နေသော မောင်ငယ်အား မြင်းလှည်းဆရာက မယုံတစ်ဝက် ယုံတစ်ဝက် အကဲခတ်လေ့လာနေလေသည်။

"ဘူတာကြီးကို"

"ဘူတာကြီး ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော့်ကို အမြန်ဆုံးလိုက်ပို့ပေးစမ်းပါ။ အခုနေ့ခင်းဘက် ရန်ကုန်ထွက်မယ့်ရထားရှိတယ် မဟုတ်လား"

"အေး ရှိတော့ရှိတယ်။ မီမမီတော့ မသိဘူး"

"ရှိရင်ပို့ပေးပါခင်ဗျာ။ ကျွန်တော်ပိုက်ဆံပိုပေးပါ့မယ်။ ရထားမီအောင်သာ ပို့ပေးပါ"

"ကဲ ...ဒါဖြင့်တက်လေ"

မောင်ငယ်သည် မြင်းလှည်းပေါ်သို့ လွှားခနဲခုန်တက်လိုက်၏ မြင်းလှည်းကလည်း ဖုန်တထောင်းထောင်းထနေသည့်လမ်းအတိုင်း ကဆုန်ချ မောင်းထွက်လာလေ၏။ မြင်းလှည်း၏နောက်ပိုင်းတွင် ဖုန်မှုန်များသည် အလိပ်လိုက်၊ အလိပ်လိုက် တွန့်ခွေဝန်းဝေ့ကာ ကျန်ရစ်ခဲ့ကြသည်။

မောင်ငယ်ကား ကိုကြည်အေးနှင့် ဝေးသထက် ဝေးလာခဲ့လေပြီ။

*

ပုဇွန်တောင်စက်ဆန်းရှိ ကားအုံနာ ဦးကျင်ထွန်း တိုက်ကြီးနားသို့ ရောက်လာလေလေ မောင်ငယ်၏ရင်မှာ လေးလေလေဖြစ်နေ၏။ သူ့တစ်ကိုယ်လုံးမှာ မောဟိုက်နွမ်းနယ်လျက်ရှိသည်။

မောဟိုက်မည်ဆိုကလည်း မောဟိုက်လောက်ပါပေ၏။

မောင်ငယ်သည် မန္တလေးဘူတာ၏ အရှေ့အနောက်တောင်မြောက်ကိုပင်မသိ။ မည်သည့်နေရာတွင် လက်မှတ်ယူ၍ ရထားပေါ်သို့မည်သည့် အပေါက်က တက်ရမှန်းလည်းမသိ။ သို့သော် ရန်ကုန်တွင် ဘတ်စ်ကား စပယ်ယာအဖြစ် နှစ်ပေါင်းများစွာ အလုပ်လုပ်ရင်း ရထားသောအတွေ့အကြုံကြောင့် လူတိုးနေသောနေရာတွင် လက်မှတ်ရုံဖြစ်ရမည်ဟု တွေးကာ လက်မှတ်ဝင်တိုး၍ သူ့တွင်ပါလာသော သူပိုင်ငွေကလေး သုံးဆယ်ထဲမှထုတ်နုတ်ကာ လက်မှတ်ဝယ်သည်။

ရထားပေါ်သို့လည်း သို့ကလိုအတိုင်း အများ၏အရိပ်အခြည်ကို ကြည့်ကာ တိုးဝှေ့တက်သည်။ ထို့နောက် ကျန်ရစ်ခဲ့မည်စိုးသည့်အတွက် မည်သည့်ဘူတာတွင်မှ အောက်သို့မဆင်း။ အများတကာတွေ ဆင်းစေကာမူ သူကမဆင်း။ ထမင်းပင် ဆင်းမစား။

ရှုပ်ထွေးရီဝေသော ရင်တွင်း၌ ရှင်းလင်းပေ့ါပါးစေရန် အလို့ငှာ တစ်လမ်းလုံးလိုလို သက်ပြင်းတွေကိုသာ ချမိသည်။ မိမိကား အပြစ်လွတ်လေပြီဟု သူထင်လေသည်။ ကိုကြည်အေး၏ ရာဇဝတ်မှုမကင်းသော လုပ်ငန်းတွင် သူမပါတော့။ ကိုကြည်အေးပြောသလို အုံနာက ဂါတ်တိုင်၍ အမှုဖြစ်နေပြီဆိုလျှင်လည်း ဤအမှုတွင် မိမိပါရန်အကြောင်းမရှိတော့။ အကယ်၍ အုံနာက မိမိကိုပါစိတ်ဆိုးအမျက်ထွက်နေသည်ဆိုလျှင် အုံနာကို တောင်းပန်လိုက်မည်။

ထွေပြားသောအတွေးများ၊ မောဟိုက်နွမ်းနယ်ခြင်းများဖြင့် အုံနာကိုကျင်ထွန်း၏ တိုက်တွင်းသို့ သူဝင်ခဲ့သည်။

မောင်ငယ်သည် ဧည့်ခန်းရှိ ကုလားထိုင်တွင် မထိုင်ဘဲ ဧည့်ခန်းနံဘေးမှ

ခုံတန်းလျားလေးတွင်သာ ခပ်ကုတ်ကုတ်ကလေး ဝင်ထိုင်နေလိုက်၏။ သူရောက်လာကြောင်း သိသည်နှင့်တစ်ပြိုင်နက် ဦးကျင်ထွန်းက အတွင်းခန်းမှ ထွက်လာသည်။

ဦးကျင်ထွန်း၏ ရုပ်သွင်လက္ခဏာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မောင်ငယ်တစ်ကိုယ်လုံးမှာ လျှပ်စစ်ဓာတ်လိုက်သူပမာ တုန်ခါသွားရသည်။ အသားဖြူသော ကိုကျင်ထွန်း၏မျက်နှာသည် ရဲရဲနီလျက်ရှိလေသည်။ ဒေါသအခိုးအငွေ့များ ရောထွေးယှက်သမ်းနေသည့်အတွက် ဤသို့ မျက်နှာထားတင်းနေ မျက်နှာတစ်ခုလုံး နီးနေရခြင်းဖြစ်ကြောင်း မောင်ငယ်က ကောင်းစွာသိရလေပြီ။

"ဘယ့်နှယ့်လဲကွ မောင်ငယ်ရဟင်"

"ဆ–ဆရာ၊ ကျ–ကျွန်တော်ပြောပါ"

မောင်ငယ်သည် စကားထစ်နေ၏။ မောင်ငယ်၏စကား အထစ်ထစ် အငေါ့ငေါ့ စကားမဆုံးမီ ဦးကျင်ထွန်းက ဖောင်းအိဖွေးဖြူသော သူ့လက်ဖဝါးကြီးကို ဖြန့်ကားရင်း။

"ဘာပြောဖို့ လိုသေးသလဲကွ။ မင်းကို ငါအားထားသမျှ အကုန်သဲထဲ ရေသွန်ဖြစ်ပြီ။ အလကား အနုပ်စုတ်ဂုပ်စုတ်ကောင်တွေ။ သားရေပေါ်အိပ် သားရေနားစားဆိုတာ မင်းတို့လို ကောင်မျိုးတွေပေါ့"

"ဒီလိုပါဆရာ ကျွန်တော်ရှင်းပြပါရစေ"

"မင်းက ဘာရှင်းဦးမလဲ မောင်ငယ်။ ငါ့ကို မင်းက ဘယ်လိုများ လှည့်ဦးမယ် စိတ်ကူးသလဲ။ ပြောစမ်းပါဦး"

ဦးကျင်ထွန်းသည် ဒေါပွပွနှင့်ပင် စီးကရက်ကိုသာတစ်လိပ်ပြီးတစ်လိပ် သဲသဲမဲမဲ ဖွာနေ၏။ စီးကရက်ညှပ်ထားသော သူ့ဘယ်ဘက် လက်ချောင်းငါးချောင်းစလုံးကို တန်းဆန့်ထားရာ လက်သူကြွယ်ရှိ စိန်လက်စွပ်၏အရောင်မှာ ပြိုးပြိုးပြက်ပြက် အရောင်တောက်လျက်ရှိလေသည်။စူထွက်နေသည့် ဦးကျင်ထွန်း၏ ဗိုက်ကြီးမှာ အသက်ရှူလိုက်တိုင်း ငါးပူတင်းလို ပိန်လိုက်ဖောင်းလိုက်ဖြစ်နေသည်။

"ကျွန်တော် ဆရာ့ကို မလှည့်ပါဘူးဆရာ။ ဖြစ်ပုံကိုသာပြောချင်လို့ပါ။ ဒီကိစ္စမှာ ကျွန်တော်မပါပါဘူး။ ကျွန်တော်လည်း မသိရိုးအမှန်ပါ"

ဦးကျင်ထွန်းက သူ့ကိုမကြည့် တင်းမာခက်ထန်သော မျက်နှာကို လမ်းမဘက်သို့လှည့်ကာ လမ်းမဆီသို့သာ အခဲမကျေသည့် ရန်သူပမာစူး စိုက်ကြည့်နေလေ၏။ မောင်ငယ်ကမူ စိတ်ပျက်သော်လည်း အားမလျှော့။ သူ့ဌေး ဦးကျင်ထွန်း အကြောင်းကို သူသိသည်။ ဦးကျင်ထွန်းကိုသာ သဘောပေါက်အောင် ရှင်းပြနိုင်

လျှင် ဦးကျင်ထွန်းက မိမိအပေါ်၌ ခွင့်လွှတ်မှာ သေချာသည်ဟုလည်း ကျိန်းသေ တွက်ဆထားမိပြီးဖြစ်သည်။

"ကိုကြည်အေးက ဘာမပြော၊ ညာမပြောနဲ့ ကျွန်တော့်ကို မန္တလေး လိုက်ခဲ့ဆိုပြီး ခေါ်သွားပါတယ်ဆရာ၊ ကျွန်တော်လည်း ရိုးရိုးသားသားပဲ အလည် အပတ်ခေါ်တယ်ထင်ပြီး လိုက်သွားတာပါ။ သူဘာတွေ လုပ်လာတယ်ဆိုတာ ကျွန်တော် ဘာတစ်ခုမှ မသိတာအမှန်ပါပဲဆရာ"

"မင်းက ဘာမှမသိဘူး ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ။ ကျွန်တော်ဘာမျှ မသိရိုးအမှန်ပါ"

"မင်းပြောတိုင်း ငါယုံရတော့မှာလား မောင်ငယ်။ မင်းက ငါ့ကိုသူငယ် နှပ်စားများ မှတ်နေသလားကွဟင်။ ဆိုစမ်းပါဦး ခိုးထုပ်ခိုးထည်နဲ့ လက်ပူး လက်ကြပ်ဖြစ်နေတာတောင် ဘာမျှမသိဘူးလို့ ငါ့ကိုမင်းက တစ်ပတ်ရိုက်နေတယ် ပေါ့ဟုတ်လား"

ဦးကျင်ထွန်းသည် ထိုင်ရာမှ ထကာ အခန်းတွင်းသို့ဝင်သွားလေ၏။ မိနစ်အတန်ကြာမှ အခန်းတွင်းမှ ပြန်ထွက်လာသည်။

"ပေးချင်တဲ့ သစ္စာပေးပါဆရာ။ ဆရာ့ကို ကျွန်တော်တစ်ပတ်မရိုက်ပါ ဘူး။ အမှန်အတိုင်းပြောနေတာပါ။ ကျွန်တော့်ကို ကိုကြည်အေးက မန္တလေးသွား မယ်။ မင်းလိုက်ခဲ့။ မင်းမှာ ပိုက်ဆံဘယ်လောက်ရှိလို့လဲဆိုလို့တောင် ကျွန်တော် ခုထားတဲ့အထဲက ပိုက်ဆံသုံးဆယ် ယူသွားရပါသေးတယ်ဆရာ။ ဟိုရောက်တော့မှ သူ့ပိုက်ဆံတွေ ဖောဖောသီသီသုံးလှချည်လားဆိုပြီး ကျွန်တော်က မေးကြည့်တော့ ကားပစ္စည်းဝယ်ဖို့ဆရာပေးလိုက်တဲ့ ငွေလေးရာကို ယူပြီးထွက်လာတယ်လို့ သူကပြောတယ်ဆရာ။ အဲဒါကိုသိသိချင်း ကျွန်တော် အခုပြန်လာတာပါ။ အဲဒါ အဖြစ်မှန်ပါ ဆရာ။ ကျွန်တော် ဆရာ့ပစ္စည်းကို မပစ်မှားပါဘူး"

ထိုအခိုက်မှာ ရဲအရာရှိတစ်ယောက်နှင့် ရဲအုပ်တစ်ယောက် ရောက် လာကြသည်။

ရာဇဝတ်အုပ်က တိုက်ထဲသို့ ရောက်ရောက်ချင်း။

"ခုန တယ်လီဖုန်းဆက်လို့ ကျွန်တော်တို့လာတာပါ ဦးကျင်ထွန်း၊ တရားခံ ရောက်နေပြီဆို"

"ဟုတ်တယ်။ ဟောဒီမှာ ဒီကောင်ပဲ"

ဦးကျင်ထွန်းက မောင်ငယ်ဆီသို့ လက်ညွှန်ကာပြောလိုက်သည်။

မောင်ငယ်မှာ အံ့အားသင့် ကြက်သေသေနေ၏။ အာစေးထည့်ထား

ခြင်းခံရသူပမာ ကြောင်တောင်ငေးနေလေ၏။ စောစောက ဦးကျင်ထွန်း အခန်းတွင်းသို့ ဝင်သွားသည်မှာ ရဲဌာနသို့ တယ်လီဖုန်းသွားဆက်ခြင်းသာ ဖြစ်ကြောင်း သူသဘောပေါက်နားလည်လာလေ၏။

"ဆရာကျွန်တော် ရှင်းပြပြီးပါပြီ။ ဒီကိစ္စမှာ ကျွန်တော်နဲ့လည်း ဘာမျှ မပတ်သက်ပါဘူးဆရာ။ ကျွန်တော်ပတ်သက်တယ်ဆိုရင် ဆရာ့ဆီကို ဒီလိုပြန်လာ ရဲပါ့မလား"

"အေး ...ဒါတွေ ငါနားမလည်ဘူး။ မင်းဘာသာမင်း ဂါတ်တဲကျမှ ရှင်းပေတော့။ ကဲ ...ဒီမှာ ခင်ဗျားတို့လိုချင်နေတဲ့ နှစ်တရားခံ မောင်ငယ်ဆိုတာပဲ။ အဲဒါ ခင်ဗျားတို့ တရားဥပဒေအတိုင်းသာ လုပ်ပေတော့"

သူဌေးက ရဲလက်သို့ မောင်ငယ်ကို ဝကွက်၍ အပ်နေလေပြီ။ မောင်ငယ် ဘာတတ်နိုင်သေးသနည်း။

"ဆရာရယ်။ ရက်စက်လှချည်လား"

မောင်ငယ်က အသနားခံလိုက်သည်။ အားကိုးတကြီး မျှော်လင့်ချက်ထားကာ အရောက်ပြန်လာခဲ့သောသူ့အပေါ်၌ ဤမျှမရက်စက်တန် ကောင်းဟု သူတွေးမိသည်။

"ငါ ရက်စက်တာလား။ မင်းတို့က ငါ့ကိုအရူးလုပ်တာလား။ ဒါလည်း သေသေချာချာ ပြန်စဉ်းစားဦးမှပေါ့ မောင်ငယ်။ မင်းပြောနေတာတွေကို ငါတစ်ခုမှ မယုံဘူး။ မင်းတို့လိုကောင်မျိုးတွေက မျောက်သားစားချင်ပေမယ့် မျောက်မျက်နှာတော့ ကြည့်ဖို့ကောင်းသေးတယ် မဟုတ်လား။ မင်းတို့ကမှ ငါ့အပေါ် ဒီလို ကလီကမာလုပ်ရဲသေးတယ်ဆိုရင် ငါက မင်းတို့ကို အဆတစ်ထောင်ပိုရက်စက်ရဲတယ်ကွာ ဒါပဲ"

မောင်ငယ်၏ မျက်လုံးအိမ်တွင် မျက်ရည်တွေပြည့်လျှမ်းလာ၏။ အမျိုးအမည်မသိနိုင်သော ဝေဒနာတစ်ရပ်ကလည်း သူ့ရင်ကို ဆို့နင့်နေစေ၏။

"ကျွန်တော် ဘယ်လောက်ရိုးသားတယ်ဆိုတာ ဆရာအသိပါပဲ။ အခု ဖြစ်ရတဲ့ ကိစ္စမှာလည်း ကျွန်တော်သိသလောက်ကို ပြောပြီးပြီ။ ဆရာ ဒါကို မကျေနပ်ဘူးဆိုရင် ကျွန်တော့်ကို ဆရာကိုယ်တိုင်ရိုက်ပါ။သတ်ပါဆရာ ဂါတ်ကိုတော့ ကျွန်တော့်ကို မထည့်လိုက်ပါနဲ့"

မောင်ငယ်သည် ငိုရင်းပြောရင်း ခေါင်းကိုအောက်သို့ စိုက်ချထား၏။ မျက်ရည်များကား ကြမ်းပြင်ပေါ်သို့ တစ်ပေါက်ပေါက်ကျဆင်းသွားကြလေ၏။

"ဒါတွေကို မင်းလွန်ခဲ့တဲ့ နှစ်ရက်လောက်ကပြောရင် ဟုတ်သေးတယ်

မောင်ငယ်။ အခုမှ လာပြောနေတော့ အပိုပဲ။ နောက်ကျကုန်ပြီ။ ကဲ ..ရဲအရာရှိတွေက ဥပဒေအတိုင်းသာ အရေးယူဗျာ။ ကျွန်တော် တိုင်ချက်ဖွင့်ထားပြီပဲ"

"ဟုတ်ကဲ့ ဦးကျင်ထွန်း၊ ကဲလာ မောင်ငယ် မင်းတို့နဲ့ လိုက်ခဲ့ပေတော့"

ရာဇဝတ်အုပ်က သို့ကလိုပြောသည်။ ရဲသားက မောင်ငယ်၏ လက်နှစ်ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်ကာ လက်ထိပ်ခတ်လိုက်လေသည်။

မောင်ငယ်က ရုန်းသေးသည်။ သို့သော် နောက်ကျနေလေပြီ။

ရဲသားက လက်ထိပ်တန်းလန်းဖြစ်နေသော မောင်ငယ်ကိုဆွဲခေါ်သွားသည်။ ရဲကားပေါ်တွင် မောင်ငယ်သည် လှောင်ချိုင့်အတွင်းပိတ်မိသွားသည့်သားကောင်ပမာ ညှိုးငယ်စွာထိုင်ရင်း ပါသွားလေတော့သည်။

မောင်ငယ်ကား မကောင်းမှုကို ရှုံရှာခဲ့၏။ လိမ်ရညာရ ကောက်ကျစ်ရမည်ကို စက်ဆုပ်ခဲ့၏။ ဘဝရှေ့ရေးအတွက် သူ့ဉာဏ်မီသလောက် ကြိုးစားအားထုတ်ရန် ဆန္ဒပြင်းပြသူလည်းဖြစ်ချေ၏။ သို့ရာတွင် သူ့ဘဝ၊ သူ့ပတ်ဝန်းကျင်က ဘာတစ်ခုကိုမျှ ခွင့်မပြု။ သူ့ကိုပွေ့ပိုက်သော ဘဝရင်ခွင်ကား ကြမ်းတမ်းခက်ထန်လှချေ၏။ ယခုလည်းကြည့်လော့။ ရိုးသားသော စိတ်ဓာတ်၊ ပွင့်လင်းသောနှလုံးသားဖြင့် ဟုတ်တိုင်းမှန်စွာ ဝန်ခံသည့်သူသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အချုပ်တရားခံအဖြစ်သို့ သက်ဆင်းကျရောက်လေပြီမဟုတ်ပါလော။

"ကျွန်တော် ဒီကိစ္စမှာ မပါပါဘူးခင်ဗျာ"ဟု သူက အပါးရှိ ရာဇဝတ်အုပ်ကို ပြောလိုက်မိပြန်သည်။ အဆိုပါ ရာဇဝတ်အုပ်ကမူ "ဒါကိုရုံးကျမှ ရှင်းပေါ့"ဟု တိုတိုတောင်းတောင်း ပေါ့တိပေါ့ဆ ပြန်ပြောလိုက်လေ၏။

*

## (၁၀)

"အေးပေါ့ကွာ။ ဖြစ်ပြီးတာတွေတော့ ပြီးပါစေပေါ့။ ဒါပေမဲ့ မင်းတို့ရဲ့ အဖြစ်အပျက်တွေထဲကကို ကောက်ချက်ဆွဲယူဖို့၊ သင်ခန်းစာတွေ ထုတ်ယူဖို့ အရေးကြီးတယ်။ ဖြစ်ပြီးတာတွေအတွက်တော့ ဘာမျှမတတ်နိုင်ဘူး"

၁၉၅၅ ခုနှစ် နှစ်ဦးပိုင်းဖြစ်သည်။

ရန်ကုန် ဗဟိုစံပြအကျဉ်းထောင်ကြီးအတွင်း၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအက်ဥပဒေပုဒ်မ ၅အရ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံနေရသော ကျွန်တော်သည်မောင်ကြီးနှင့်မောင်ငယ်တည်းဟူသော ညီအစ်ကိုနှစ်ယောက်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် ဆုံစည်း ကြုံကြိုက်ခဲ့ပေ၏။

အကျဉ်းထောင်ဟူသည်မှာ အလွန်တရာသာယာမှုကင်းမဲ့သော သီးသန့်လောကသာဖြစ်ပေသည်။ ကျွန်တော်တို့နေထိုင်ရာ လူ့လောက၊ လူ့ ကမ္ဘာပေါ်မှ သီးခြားကမ္ဘာငယ်ကလေး တစ်ခုဖြစ်သည်။ သီးခြားလူတွေက သီးခြားပတ်ဝန်းကျင်တွင် ပျင်းရိငြီးငွေ့ဖွယ်ရာ တိတ်ဆိတ်ညှိုးငယ်စွာနေ ထိုင်ရသော လောကလည်း ဖြစ်ပေသည်။

ပထမဦးစွာ ကျွန်တော် မောင်ကြီးနှင့်တွေ့ရသည်။ ကျွန်တော်တို့ ပုဒ်မ ၅ များနှင့် ဘီကလပ်အကျဉ်းသားများ၊ အချုပ်သားများ၊ စားရိပ်သာတွင် ရိုးရိုးတန်းဖြစ်သည့် စီကလပ်အကျဉ်းသားအချို့ကို ထမင်းချက်အဖြစ် သက်ဆိုင်ရာ ထောင်အာဏာပိုင်တို့က တာဝန်ပေးစေလွှတ်ထားလေ့ရှိရာ မောင်ကြီးမှာ ကျွန်တော်တို့စားရိပ်သာတွင် ထမင်းချက်ရန်အတွက် တာဝန်ကျလာသည်။ သို့မို့ကြောင့် ကျွန်တော်သည် မောင်ကြီးနှင့် လအတန်ကြာ အတူတကွ လက်ပွန်းတတီးနေလိုက်ရပေ၏။

မောင်ကြီးကား အသားဖြူ၏။ ဆံပင်ကောက်၏။ နဖူးကျဉ်းသော်လည်း နှာတံသေး၍ပေါ်လွင်၏။ စကားပြောလျှင် အသံချိုမြသလောက် အေးအေးဆေးဆေးပြောတတ်သည်။ ရည်မွန်သည်။

စာမတတ်တတတ်ဖြစ်နေသော မောင်ကြီးကို ကျွန်တော်က စာပြပေးသည်။ မောင်ကြီးသည် လူ ၁၅ယောက်ခန့်ရှိသော စားရိပ်သာအတွက် ထမင်းဟင်းချက်ရ၏။ နံနက်မိုးလင်း၍ ဈေးတိုက်ဖွင့်ပြီဆိုလျှင် ဈေးတိုက်သို့သွားကာ တစ်နေ့စာအတွက် ရသင့်ရထိုက်သော ရိက္ခာပစ္စည်းတွေကို ထုတ်ယူရ၏။ ထို့နောက် ဘီကလပ်အကျဉ်းသားများနှင့် ပုဒ်မ ၅ များက လက်တိုလက်ရှည်ခိုင်းစေသည့် အလုပ်ဟူသမျှကို စေ့နေအောင်လိုက်လုပ်ပေးရသည်။ ဤအကြားမှပင် ကျွန်တော့်အခန်းသို့လာကာ စာသင်လိုက်သေးသည်။

အကျဉ်းထောင်သည် စင်စစ်အားဖြင့် အလွန်တရာ စိတ်ချောက်ချားဖွယ်ကောင်းလောက်အောင် ပျင်းရိငြီးငွေ့စရာ နေရာပင်ဖြစ်ပေ၏။ ကိုယ်လက်ကျန်းမာရေးတွက် အားကစားတစ်ခုခုလုပ်လျှင်လုပ်၊ လေ့ကျင့်ခန်းတစ်ခုခုလုပ်လျှင် လုပ်၊ သို့မဟုတ် စာဖတ်လျှင်ဖတ်၊ ဤနည်းအားဖြင့်သာလျှင် အချိန်တွေကို ကုန်လွန်အောင် ဖန်တီးကြရသည်။ အပြင်လောက၌ တစ်နေ့တာအတွက် သို့မဟုတ် နှစ်နှင့်ချီကြာမြင့်သော ကာလတစ်ခုခုအတွက် အချိန်တွေ ပိုလွန်းသည်ဆိုကာ ဖြုန်းတီးပစ်ရန်ကိစ္စမှာ လွယ်ကူသော်လည်း အကျဉ်းထောင်အတွင်း၌ကား မလွယ်ကူလှပါ။

တစ်နေ့တစ်နေ့ မြင်နေရသော ပတ်ဝန်းကျင်ကား ညှိမှောင်သော အုတ်ရိုးများ၊ လေးဖက်လေးတန်ဆီးကာ မိုးနေသော အုတ်နံရံများ၊ ထူထဲ ခိုင်ခံ့လှသည့် သံတံခါးများ၊ ကြိမ်ဒဏ်၊ ကြိုးဒဏ်အပေးခံရတော့မည့် ရက်ပိုင်း နာရီပိုင်းကို ဝမ်းနည်းညှိုးငယ်စွာ စောင့်ဆိုင်းနေကြရသူများဖြင့်သာ ပြွမ်းတီးသော ပတ်ဝန်းကျင်ဖြစ်လေသည်။

ညစဉ်ညတိုင်း အခန်းကျဉ်းကလေးအတွင်း၌ လှောင်ချိုင့်ထဲမှ ထွက်ပြေးပျံသန်းရန် အခွင့်အစမရှိရှာသည့် ငှက်ငယ်ပမာ အိပ်ပျော်ဖို့ကြိုးစားရသည်။ ထောင်ဝါဒါများ၏ စူးစူးရှရှအော်ဟစ်သံ၊ ကင်းလှည့်သူတို့၏ စစ်ဖိနပ်သံ၊ ၁၅ မိနစ်တစ်ကြိမ် လေးဖက်လေးတန်ရှိ ဘူးတို့မှ နာရီသံချောင်းခေါက်သံတွေကိုသာ အခါမလပ်ကြားနေရသည်။ အပြောင်းအလဲမရှိ၊ အပြင်လောက၏ လွတ်လပ်မှုဆိုတာမရှိ။ မြင်ကွင်းအတူတူ၊ ရှုခင်းအတူတူ၊ ပတ်ဝန်းကျင်ကလည်းနေ့စဉ် အတူတူပေတည်း။

ထိုသို့ကြောက်ဖွယ်လိလိ၊ ပျင်းရိခြောက်ကပ်သော အကျဉ်းထောင်လောကတွင် အကျဉ်းသားများ အချုပ်သားများသည် မိမိတို့၏ ဖြစ်ပျက်ပုံ၊ အလုံးစုံတွေကို ဇာတ်ကြောင်းပြန်ကာ အချိန်ကုန်လွန်စေဖို့ ကြိုးစားလေ့ရှိကြသည်။

မောင်ကြီးနှင့်မောင်ငယ်တို့ကလည်း ထိုနည်းတူစွာပင် သူတို့အကြောင်းတွေကို ကျွန်တော့်အား ပြောပြခဲ့ခြင်းဖြစ်သည်။

မောင်ကြီးက ဖောက်ထွင်းမှုအတွက် ထောင်ဒဏ်တစ်နှစ်ကျ၍ လွတ်အံ့ဆဲဆဲကာလတွင် မောင်ငယ်က လိမ်လည်မှု၊ အလွဲသုံးစားမှုတို့ဖြင့် ထောင်ဒဏ် ၆ လ အပြစ်ပေးခံရကာ ရန်ကုန်ထောင်ကြီးအတွင်းသို့ ရောက်လာလေတော့သည်။

"မင်းတို့အဖြစ်အပျက်တွေက ကောက်ချက်ဆွဲသင့်တာဆွဲ သင်ခန်းစာယူသင့်တာယူဖို့ ငါပြောတာတခြားကြောင့် မဟုတ်ပါဘူးကွာ။ မင်း ပြောသွားတဲ့ မင်းတို့ရဲ့ဇာတ်ကြောင်းနဲ့ ပတ်သက်လို့ ငါတွေးမိနေတာရှိလို့ပါ"

"ဘယ်လိုလဲအစ်ကို"

"မင်းဟာ အရွယ်ကောင်း၊ လူရည်လူသန့်တစ်ယောက်ဖြစ်တယ်။ ဒါပေမဲ့ မင်းဘဝကို ရပ်တည်နိုင်အောင် ကြိုးစားတဲ့နေရာမှာ မင်း လမ်းလွဲလိုက်ခဲ့တယ်လို့ တွေးမိလို့ပါ။ အဲဒါကြောင့် ဒီဖြစ်ပြီးတဲ့ အဖြစ်အပျက်ကနေပြီး သင်ခန်းစာယူဖို့ သင့်တယ်လို့ ငါပြောတာပါ"

"အမှန်ပြောမယ်အစ်ကို။ ခါးပိုက်နှိုက်လောကကို ကျွန်တော် ရောက်ရောက်ချင်း အင်မတန်စိတ်ညစ်တယ်။ စိတ်လည်းမပါဘူး။ ဒီအလုပ်အပြင် တခြား

အလုပ်ကလည်း လုပ်စရာမရှိဘူး။ ကျွန်တော့်အစ်မရဲ့ အဖြစ်ဆိုးကြောင့် ဒီအဖြစ်ဆိုးကို သိနေတဲ့ဆိပ်ကမ်းက ကူလီတွေကြားကိုတော့ ကျွန်တော်တစ်သက်ပြန်မသွားတော့ဘူးလို့ ဆုံးဖြတ်ထားလေတော့ ရရာအလုပ်မှ မလုပ်ရင် ကျွန်တော် လတ်တလောကို ထမင်းငတ်ရတော့မှာပဲ အစ်ကို။ အဲဒါကြောင့် ကျွန်တော်လုပ်မိတာပါ။ နောက်ပိုင်းကျတော့ တဖြည်းဖြည်း ပျော်လာမိတယ်အစ်ကိုရဲ့။ ဒါကိုကျွန်တော်ဝန်ခံပါတယ်"

"အစ်ကိုစဉ်းစားကြည့်လေ။ ဒီအလုပ်ဟာ ရာဇဝတ်မှုမကင်းဘူးဆိုတာ ကျွန်တော်သိသားပဲ။ ဒါပေမဲ့ ကျွန်တော့်အဖို့ ဘာမျှရွေးစရာတခြား အလုပ်မရှိတော့ဘူး။ ရွေးလောက်အောင် အချိန်ကိုလည်းမရဘူး။ အဲဒါနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဝင်လုပ်တာပါပဲ"

"အေးဟုတ်ပြီ။ မင်းလုပ်ခဲ့တာတွေ လုပ်ပြီးပြီ။ မင်းကို ငါအပြစ်မဆိုပါဘူး။ ငါတစ်ခုမေးချင်တယ်ကွာ။ ကောင်းကောင်းမွန်မွန် မင်းလုပ်ကိုင် မစားချင်ဘူးလား။ ကဲ ...ပြောစမ်း"

မောင်ကြီးက ပြုံးနေသည်။ ကျွန်တော့်အမေးကို သူအဖြေရခက်နေဟန် တူပါသည်။ အတန်ကြာမှ–

"ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်ပါတယ်အစ်ကို။ ဒါပေမဲ့ ကျွန်တော့်မှာ ဘာပညာမှမတတ်ဘူး။ မိဘဆွေမျိုးလည်းမရှိဘူး။ ဘာဆိုဘာမှ မရှိဘူး"

"အေးလေ ...ဟုတ်ပါပြီ။ မင်းအတွက် ကျောထောက်နောက်ခံ ဘာမျှ မရှိဘူးဆိုတာ ငါသိပါတယ်။ မင်း ဒီလိုလုပ်ခဲ့တာတွေအတွက် ဆိုးရမိုက်ရကောင်းလားလို့ ငါကတော့ အပြစ်မတင်ချင်ဘူးဟေ့။ မင်းရဲ့ပတ်ဝန်းကျင်နဲ့ စနစ်ရဲ့ ဖန်တီးချက်အောက်မှာ မင်းဟာ မလူးသာမလွန့်သာမို့လို့ ဒီလိုဖြစ်ခဲ့ရတယ်လို့ ငါယူဆတယ်။ ဒါပေမဲ့ လူဆိုတာ ဒီလိုချည်းသွားလို့ ဘယ်ဖြစ်ပါ့မလဲကွာ။ မင်းဟာ စနစ်ဆိုးကြီးကြောင့် ဖြစ်ခဲ့ရတာကိုသိရင် အဲဒီစနစ်ဆိုးကို မင်းဖြိုချပစ်ဖို့ပဲ ရှိတယ်။ အဲဒီစနစ်ဆိုးကြီးကို ဖြိုမချဘဲ စိတ်လျှော့လက်လျှော့ ရေစုန်မျှောလိုက်နေရင်တော့ မင်းမကောင်းဘူးပေါ့လေကွာ။ ဒါကြောင့် ကောင်းတဲ့အသက်မွေးဝမ်းကျောင်းတစ်ခုခုကိုရှာဖွေပြီး မင်းကို မကောင်းတဲ့ဘက်ရောက်အောင် တွန်းပို့ခဲ့တဲ့စနစ်ဆိုးကို တိုက်ဖျက်ဖြိုချဖို့ပဲရှိတယ်"

မောင်ကြီးက ခေါင်းကို လေးလံစွာညိတ်ပါသည်။ ကျွန်တော်၏ ရှင်းပြချက်ကို သဘောပေါက်လေသလော။ သို့တည်းမဟုတ် သဘောပင် မပေါက်ငြားသော်လည်း ကျွန်တော့်ကို အားနာ၍လောတော့ မပြောတတ်။ ယခုတစ်ကြိမ်

ထောင်မှအထွက်တွင် ကောင်းရာကောင်းကြောင်း အသက်မွေးဖို့ သူက ကတိပြု သည်။

မောင်ငယ်ကတော့မှ မောင်ကြီးလိုမဟုတ်။

သူ့အစ်ကိုထက်စာလျှင် အတန်ငယ် အသားညိုကာ အရပ်လည်း ပိုမြင့်လျက် သွက်လက်ချက်ချာလှသည့်အပြင် တစ်စုံတစ်ခုကိုလုပ်ရန် စိတ်ပိုင်းဖြတ်လျှင် ထိုဆုံးဖြတ်ချက်အတိုင်း တစ်သမတ်တည်းလုပ်သွားမည့်ရုပ်ရည်ရှိသော သူငယ် ဖြစ်လေသည်။

သူသည် ငွေရှင်ကြေးရှင်ဖြစ်သော ဘတ်စ်ကားအုံနာသူဌေးကို အလွန် အမင်းစိတ်နာလျက်ရှိ၏။

"ကျွန်တော်ကတော့ ခုနက အစ်ကိုရှင်းပြတာတွေကို သဘောပေါက်ပါ တယ်။ ဒါပေမဲ့ အခုကိစ္စမှာတော့ ကျွန်တော် မကျေနပ်ဘူး။ ကျွန်တော်က ဘာမှ မဆိုင်ဘဲ အချောင်ထောင်ကျရတာ အစ်ကိုရဲ့။ တရားဥပဒေဆိုတာ အလကားပဲ"

"အဲဒီတော့ မင်းက ဘာလုပ်မလဲ"

"ကျွန်တော် ထောင်ထဲကို နောက်တစ်ခေါက် ပြန်လာဦးမယ်"

"ဟေ ...ဘာဖြစ်လို့"

"ဒါပေမဲ့ အခုလို အလကားပုဒ်မနဲ့မဟုတ်ဘူး။ ပုဒ်မကြီးကြီးနဲ့ကို ပြန်လာ ပါဦးမယ်။ ပြန်မလာရရင် ကျွန်တော်မကျေနပ်ဘူးအစ်ကို။ ဟိုတုန်းက ဂါတ်ထဲ ထောင်ထဲရောက်မှာ ကျွန်တော်သိပ်ကြောက်တာပဲ။ အခု မကြောက်တော့ဘူး"

"ဘာပုဒ်မကြီးနဲ့များ ပြန်လာမှာတုံး မောင်ငယ်ရာ"

"ဒီကောင်ကြီးကို ကျွန်တော် တွယ်ပစ်ဦးမယ်အစ်ကို။ ကျွန်တော့်ကို ဒါလောက်မတရား ရက်စက်ထားတဲ့ အကောင်ကြီး"

"ဘယ်သူလဲ ကိုကြည်အေးလား"

"မဟုတ်ဘူး၊ သူဌေး သူဌေး ဒီသူဌေးခေါင်းကို ရိုက်ခွဲပစ်ပြီး ပြန်လာ မယ်"

"ဒါလည်း မဟုတ်သေးဘူးကွ။ သူဌေးဆိုတဲ့ သူရဲ့ခေါင်းကို ရိုက်ခွဲပစ် တာနဲ့ အဲဒီသူဌေးရဲ့ မတရားမှု၊ ရက်စက်မှုတွေဟာ ပျောက်မသွားဘူး မောင်ငယ်"

"ဒါတော့ ဒါပေါ့အစ်ကို သို့ပေမယ့် ကျွန်တော် တစ်ခုခုတော့ လုပ်ရမယ်"

"ဒီလိုလုပ်ပါလေကွာ။ တို့တစ်တွေ တစ်နေ့တော့ အပြင်လောကမှာ ဆုံကြ ရဦးမှာပါပဲ။ ထောင်ထဲမှာချည်း အရိုးမထုတ်ရပါဘူး။ အဲဒီလို ဆုံကြတဲ့အခါမှာ မင်းတို့ညီအစ်ကိုအတွက် ငါကလည်း တတ်နိုင်သလောက် ကူညီမှာပေါ့။ လူ

လောကကြီးထဲမှာ လူတစ်ယောက်အဖြစ်နဲ့ ထိုက်ထိုက်တန်တန် နေရာရအောင် ပြန်ဝင်နိုင်အောင် ကြိုးစားရမှာပေါ့ကွ မဟုတ်ဘူးလား။ လူဆိုတာ တစ်သက်လုံး တုံးအောက်ကဖားလို ပြားနေလို့ ဘယ်ဖြစ်ပါ့မလဲ"

မောင်ကြီးနှင့်မောင်ငယ်က ပြုံးကြသည်။ သူတို့အပြုံးကိုကြည့်ကာ ကျွန်တော်ရင်တွင်း၌ ပီတိဖြစ်ရသည်။

မောင်ကြီးက မောင်ငယ်ထက်စောကာ လွတ်ရက်စေ့သည့်အတွက် လွတ်သွားသည်။

"အပြင်ရောက်ရင် မင်းကောင်းကောင်းနေနော်။ ငါမှာတာတွေ မမေ့နဲ့ ကြားလား။ ထောင်ထဲက လွတ်သွားတဲ့ တို့အသိမိတ်ဆွေတွေဆီကိုသွား။ အကူအညီတောင်း၊ မင်းအခက်အခဲတွေကိုပြောပြ အလုပ်ကလေးဘာလေးရှာနိုင်းသိလား"

အဘယ့်ကြောင့်ဟူမှုကားမသိ၊ သူတို့ညီအစ်ကိုအပေါ်၌ ကျွန်တော့်မှာ ညီရင်းများသဖွယ် သံယောဇဉ်တွယ်နေမိသည်။ ယခု မောင်ကြီး လွတ်ပြီဆိုသောအခါ ထောင်ကလွတ်သဖြင့် ဝမ်းသာရသော်လည်း အရွယ်မရောက်တရောက် အမွေးအတောင် မစုံမလင် ညီငယ်တစ်ယောက်ကို ဝေးလံသော မျက်စိကွယ်ရာ၊ နားကွယ်ရာဒေသသို့ စေလွှတ်ရတော့မည့်အတိုင်း စိတ်မချနိုင်၊ ဝမ်းမသာနိုင်လောက်အောင် ဖြစ်နေရလေ၏။

မောင်ကြီးက ခေါင်းတညိတ်ညိတ်နှင့်ပင် အပြင်လောကသို့ ထွက်သွားလေသည်။

"မင်းအစ်ကို လွတ်သွားပြီ။ မင်းက ကျန်ရစ်နေတော့ စိတ်မထိခိုက်ဘူးလား မောင်ငယ်"

ကျွန်တော်နှင့်အတူ ကျန်နေရစ်သော မောင်ငယ်ကို သွေးတိုးစမ်းသည့်သဘောဖြင့် မေးမိ၏။ မောင်ငယ်ကား တစ်စုံတစ်ရာ စိတ်ထိခိုက်ပုံမရ။

"မဆန်းပါဘူး အစ်ကိုရာ"

သူက အေးတိအေးစက်ပင် ပြန်ပြောသည်။

"ဘယ်လို မဆန်းတာလဲ မောင်ငယ်"

"အစ်ကိုစဉ်းစားကြည့်လေ ကျွန်တော်တို့ညီအစ်ကိုဟာ ရွာမှာနေတုန်းကလည်း ကိုယ့်ဝမ်းကိုယ်ကျောင်း၊ ကိုယ့်အလုပ်ကိုယ်လုပ်ပဲ။ ကိုယ့်ဘာသာ ထမင်းရှာစားလာရတာ ကြာလှပြီပဲအစ်ကိုရာ။ ရန်ကုန်ရောက်တော့ တောင်မှန်းမသိ၊ မြောက်မှန်းမသိတဲ့ ကြားထဲကလည်း ကိုယ့်ထမင်းကိုယ်ရှာ စားခဲ့ကြရတာပဲ။ အခု

သူထောင်ကလွတ်သွားပြီး ကျွန်တော်ကထောင်ထဲ ကျန်ရစ်တော့ရော ဘာထူးတော့မှာလဲ"

လူငယ်သော်လည်း မာကျောသောနှလုံးသားပိုင်ရှင် ဤညီအစ်ကိုကို ကျွန်တော်က အံ့ဩမိသည်မှအပ တခြားတစ်စုံတစ်ရာ မပြောနိုင်တော့ပါ။

နောက် တစ်လလောက်ကြာတွင် မောင်ငယ်လည်း လွတ်ရက်စေ့သဖြင့် လွတ်သွားပြန်သည်။

တရားရုံးတော်က သတ်သတ်မှတ်မှတ် အပြစ်ပေးလိုက်သည့် ထောင်ကျများကသာ လွတ်ရက်ကိုတွက်၍ရသော်လည်း လွတ်ရက်လည်းတွက်မရ၊ ထောင်ကျအကျဉ်းသားအဖြစ် တရားရုံးတော်က စီရင်ပိုင်ခွင့်လည်း မရှိသော ပုဒ်မ ၅ တွေမှာကား ကျန်မြဲကျန်နေတတ်သည့်အတိုင်းကျွန်တော်လည်း ထောင်ထဲ၌ ကျန်ရစ်နေခဲ့သည်။

မောင်ငယ်လွတ်သွားပြီး နောက်တစ်လခန့်အကြာတွင် မောင်ကြီးသည် ကျွန်တော့်ထံသို့ ထောင်ဝင်စာ လာတွေ့လျက် စားစရာများ၊ စီးကရက်များကို ယူဆောင်လာသည်။

"ကျွန်တော် မိန်းမယူထားတယ်အစ်ကို"

မောင်ကြီးသည် ပြောင်လက်တောက်ပလျက်ရှိ၏။ အဝတ်အစားကိုလည်း သပ်ရပ်စွာ ဝတ်ဆင်ကာ တစ်သွေးတစ်မွေးဖြစ်နေ၏။

"ဘယ်က မိန်းကလေးလဲ"

"ကျွန်တော်တို့ ရပ်ကွက်ထဲကပါပဲ။ သူက စက်ချုပ်တယ်။ ကျွန်တော်က သူ့အထည်တွေ အပို့အယူ ကူလုပ်တယ်"

"အေး...ကောင်းတယ်။ ကောင်းတယ်"

ပီတိဖြစ်နေသော ကျွန်တော့်ကို အားပါးတရ နှုတ်ဆက်ကာ မောင်ကြီး ပြန်သွားလေသည်။ ကျွန်တော်ကလည်း တကယ်ပင်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိ၏။ မောင်ကြီး၏ ဘဝမှာ ဤမိန်းကလေးကြောင့် အနယ်ထိုင် သွားချေတော့မည်ဟု တွေးကာ ပီတိဖြစ်မိသည်။

သို့သော် ....

၁၉၅၆ ခုနှစ်၊ ဇူလိုင်လ၏ နေ့တနေ့၊ မိုးတွေဖွဲ့နေသည်မို့ အပြင်သို့ မထွက်ဘဲ အခန်းအောင်းနေခိုက် မောင်ကြီးသည် ထောင်ဝတ်ထောင်စားဖြင့် ကျွန်တော့် အခန်းတွင်းသို့ ဝင်လာ၏။

"ဟ...ကောင်ကြီး မင်းဘယ်လိုဖြစ်လာပြန်တာတုန်း"

"ကျွန်တော် တစ်နှစ်ခွဲ ကျလာပြန်ပြီ အစ်ကို"

"ဘာဖြစ်လို့"

မောင်ကြီးသည် ကျွန်တော့်ခုတင်ပေါ်တွင် ဝင်ထိုင်ရင်း ခပ်ပြုံးပြုံးပင် ပြောနေပြန်၏။

"ကျွန်တော် မိန်းမရတာအမှန်ပဲ အစ်ကိုရဲ့။ ဒါပေမဲ့ ထောင်ဝင်စာ လာတွေ့တုန်းက အစ်ကို့ကိုကျွန်တော် အပြည့်အစုံမပြောခဲ့ဘူး။ အလကားသက်သက် အစ်ကိုဦးနှောက်ခြောက်နေမှာစိုးလို့။ ဖြစ်ပုံက ဒီလိုအစ်ကိုရေ့။ အဲဒီကောင်မလေးက မနက်တိုင်း စက်ချုပ်သွားသင်တော့ ဘတ်စ်ကားစောင့်တယ်။ ကျွန်တော်လည်း ဒီကောင်မလေးကို သိပ်သဘောကျတာနဲ့ နောက်ကလိုက်ပြီး စကားပြောတာ နောက်ဆုံးကျွန်တော်တို့ ကြိုက်သွားရော ဆိုပါတော့ အစ်ကိုရာ။ သူနဲ့လည်း ယူလိုက်ရော တခြားရပ်ကွက်တစ်ခုကို ရွှေ့ပြီး သူ့မှာပါလာတဲ့ ငွေလေးဘာလေးနဲ့ တဲတစ်လုံးငှားနေကြတယ်။ ကျွန်တော့် အလုပ်အကိုင်ကိုတော့ ရုံးမှာစာရေးလို့ ပြောထားတာကိုး။ အဲဒီတော့ မနက်တိုင်း ရုံးချိန်ကျရင် ကျွန်တော်က ဖိုင်တွဲလေး၊ စာအုပ်လေးကိုင်ပြီး အိမ်ကထွက်တာပဲ။ အိမ်ကထွက်ပြီး ကျွန်တော်လုပ်နေကျ အလုပ်တွေ လျှောက်လုပ် ညနေရုံးဆင်းချိန် ဖိုင်ကိုင်ပြီး ပြန်လာတာပေါ့လေ။ ဒီလိုနဲ့ နေလိုက်တာ အခုတစ်ခေါက်၊ မြို့လယ်က စတိုးတစ်ခု အဖောက်မှာ မိသွားတာပဲ အစ်ကိုရ။ ကျွန်တော့်ကို ဖောက်ထွင်းမှုနဲ့ ရုံးတင်စစ်ဆေးတဲ့နေ့ကစပြီး ကျွန်တော့် မိန်းမလည်း ငိုနေတော့တာပဲ။ အစက သူ့ကိုပြောင်ဖွင့်ပြောပါလား။ ဒီအလုပ်မျိုးတွေကို မလုပ်ပါနဲ့။ သူ့ရွာကျွေးမှာပေါ့လို့ ပြောလိုက်ငိုလိုက်နဲ့ပေါ့။ ကျွန်တော်က စိတ်လည်းညစ်၊ မျက်နှာလည်းပူပေါ့ အစ်ကိုရာ။ ဘယ့်နှယ်မိန်းမကို ရုံးစာရေးကြီးပါလို့ ညာထားခဲ့ပြီး အဖမ်းခံရတော့ ဖောက်ထွင်းမှုမိတုန်းကလည်း ကျွန်တော့်လက်ထဲ ခိုးရာပါပစ္စည်းတွေနဲ့။

"အဲဒါတရားသူကြီးက အလားတူပြစ်မှုမျိုးထပ်မံ ကျူးလွန်ရမလားဆိုပြီး တစ်နှစ်ခွဲ ချလိုက်တာပါပဲ။ ကျွန်တော်ကတော့ သုံးနှစ်ချလည်း မကြောက်ပါဘူး။ ကျွန်တော့်မိန်းမကတော့ ချုံးပွဲချငိုတော့တာပါပဲအစ်ကို။ တကယ်ပြောရရင် ကျွန်တော် အစ်ကိုပြောတဲ့အတိုင်း ကောင်းကောင်းနေဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ ကိုပိုက်ကြီးတို့ စက်ကွင်းကကို ကျွန်တော် မလွတ်နိုင်ဘူး။ အလုပ်ကလည်း ရှာမရ။ သူတို့နဲ့ မတွေ့အောင် ရှောင်နေလို့လည်းမရ။ ကျွန်တော်က မသွားရင် သူတို့က လာတယ်။ ဒါနဲ့ပဲ သူတို့လောကထဲ ကျွန်တော်ပြန်ရောက်ပြန်ရော။ ကြာတော့လည်း မထူးပါဘူးလေ၊ ဒီလောက်ကောင်းကောင်းမွန်မွန်နေဖို့ ခက်လှတဲ့ဘဝ လုပ်မြဲတိုင်း

လုပ်တာ ကောင်းပါတယ်ဆိုတဲ့ စိတ်တွေဝင်လာပြီး ဆက်လုပ်ပြန်ရော။ အဲဒါနဲ့ အခု ကျွန်တော် ပြန်ရောက်လာတာပါပဲ အစ်ကို"

"ဒါထက် နေပါဦး။ မောင်ငယ်နဲ့ရော တွေ့လာသေးလား"

"ထောင်က သူလွတ်လာမှ တစ်ခါတွေ့တယ် အစ်ကို"

"သူရော ဘာလုပ်နေသတဲ့လဲ"

"အခု ကားမောင်းလိုင်စင်ရလို့ တက္ကစီဒရိုင်ဘာလုပ်နေတယ်လို့ ကျွန်တော့်ကို ပြောသွားတာပဲ။ အဲဒီနောက်တော့ ကျွန်တော်နဲ့ မတွေ့ရတော့ဘူး"

"ဟုတ်မှ ဟုတ်ရဲ့လားကွာ"

"မသိဘူးအစ်ကို။ သူကတော့ ဒီအတိုင်းပြောတာပဲ။ တစ်ယောက်နဲ့တစ်ယောက် လမ်းမှာကြုံကြိုက်မှပဲ တွေ့ရတာကိုး။ ရှာချိန်လည်း မရှိပါဘူး"

"အေးပေါ့ကွာ။ ကိုယ့်ထမင်း ကိုယ်ရှာစားနေကြတဲ့ လူတွေချည်းကိုး"

ကျွန်တော်ကား ပြောစရာဟူ၍ မရှိတော့ပါပြီ။ မောင်ကြီးနှင့်မောင်ငယ်၏ အဖြစ်သည် ကျွန်တော့်ရင်တွင်း၌ သေတပန်သက်တဆုံး သံမှိုစွဲသကဲ့သို့သာ အမှတ်ထင်ထင် သတိတရဖြစ်နေပါတော့မည်။

အပြင်ရောက်လျှင် ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ရန် ကြိုးပမ်းမည်ဆိုသော မောင်ကြီးသည် အကျဉ်းထောင်အုတ်ရိုးများအတွင်းသို့ ယခုပြန်ရောက်နေ၏။သူ့ကို မတရားရက်စက်လိုက်သောသူဌေး၏ ခေါင်းကို ရိုက်ခွဲကာ ပုဒ်မကြီးကြီးဖြင့်ထောင်ထဲသို့ တစ်ခေါက်ပြန်လာဦးမည်ဟု ပြောဆိုကြိမ်းဝါးသွားသော မောင်ငယ်ကား ဒရိုင်ဘာလိုင်စင်တွေ ဘာတွေရကာ တက္ကစီကားမောင်းနေသည်ဟုဆို၏။

ရှေ့လျှောက်၌ ဘာတွေဖြစ်ဦးမည်နည်းဟု ကျွန်တော်ဘာသာ မရဲတရဲ မေးစမ်းကြည့်မိသည်။ ကျွန်တော့်အမေးကို ကျွန်တော့်ဘာသာလည်း မဖြေတတ်။

"ဒါထက် စိန်ကြည့်သတင်းရော ဘာတွေများ ကြားသေးသလဲကွာ။ မင်းနဲ့ရော တွေ့ရဲ့လား"

"မတွေ့တော့ပါဘူး အစ်ကိုရာ"

"ဘာဖြစ်လို့လဲကွ။ သတင်းမကြားတာလား၊ တွေ့ကို မတွေ့တော့တာလား"

"အစ်မ သေသွားပြီအစ်ကို"

"ဟင်ဟုတ်လား။ ဘယ်တုန်းကလဲ။ ဘယ်မှာလဲ"

"သူ့ကို ကျွန်တော်တို့ ညီအစ်ကိုက ရန်ဖြစ်ထွက်လာတဲ့အချိန်ကစပြီး

ရန်ကုန်မှာ ဆက်နေရင် ဒီလောကထဲမှာ စုံးစုံးမြုပ်ရတော့မယ်ဆိုပြီး လှိုင်းတာကိုပြန်သွားသတဲ့။ လှိုင်းတာရောက်တော့ ငါးမျှားလိုက်၊ ကန်စွန်းရွက်ခူးလိုက်နဲ့ ဖြစ်သလိုစားသောက်နေထိုင်ရင်း ဒီကရသွားတဲ့ ရောဂါတွေဒဏ်ကို ခံရတော့တာပဲ အစ်ကို။ ဆေးမြီးတိုတွေ ဘာတွေတော့လုပ်သေးသတဲ့။ ဒါပေမဲ့ မရပါဘူး။ လူမျိုးစုံ၊ ရောဂါမျိုးစုံမဟုတ်လား အစ်ကိုရာ။ အခုဆို အစ်မသေတာ လေးလကျော်ပြီ"

"အိုကွာ ဖြစ်မှဖြစ်ရပလေ မောင်ကြီးရာ။ နို့ မင်းရော လိုက်သွားသေးသလား"

"မလိုက်ပါဘူး။ သူ့ကိုရွာကပဲ သင်္ဂြိုဟ်လိုက်ကြပြီဆိုတော့ ကျွန်တော့်ဆီမှာ မသာစရိတ်ရှိလို့သွားတောင် ဘာလုပ်တော့မလဲ အစ်ကို။ ဘယ့်နှယ်လုပ်မလဲ ဘာမှမတတ်နိုင်ဘူး"

ကျွန်တော့်ရင်တွင်း၌ ဆို့နင့်လျက်ရှိပါသည်။

ယူကျုံးမရ၊ ကြေကွဲမိလျက်ရှိသော အတွင်းစိတ်ကို ဖုံးကွယ်ရန် အလို့ငှာ ကျွန်တော်သည် အကျဉ်းထောင်အုတ်ရိုးကိုကျော်၍ အပြင်သို့မျက်စိလွှဲထားမိပါ၏။ တစ်ပိုင်းတစ်စ မြင်နေရသော အပြင်လောက၏ သစ်ပင်များနှင့် တစ်ဝက်တစ်ပျက်ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်များဖြင့် မှိုင်းပြည့်မှောင်လျက်သာ ရှိပါတော့သည်။

မိုးဝေမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၆၈ ခုနှစ်

❑

# ငရဲကလာသူ ပြာပူမကြောက်

ကျော်အောင်

ဤဖြစ်အပျက်သည် ကိုယ်တွေ့မဟုတ်ပါ။ တစ်ဆင့်ကြားသာဖြစ်ပါသည်။ သို့သော်လည်း ချဲ့ထွင်ခြင်း၊ ပိုကားခြင်းမရှိသည်ကို သိထားစေချင်ပါသည်။ ဖြစ်ပျက်လေသမျှ ဇာတ်ကြောင်းမှာ ဖော်ပြလတ္တံ့အတိုင်းပင် ဖြစ်ပါသည်။ ဘာ့ကြောင့် သည်လိုဖြစ်ရတာလဲ။ ဘယ်လိုက ဘယ်ပုံဖြစ်လာတာလဲ။ ဘာအကြောင်းတွေ ရှိနေသေးသလဲဆိုသည်တို့မှာကား ကျွန်တော်၏ မှန်းဆချက်မျှသာ ဖြစ်ပါသည်။ မှန်းဆသည်ဆိုရာ၌ လူတွေဖြစ်လေ့ဖြစ်ထ ရှိသည်တို့ကို လေ့လာရာမှ တစ်နည်းဆိုလျှင် လူ့အကြောင်းကို လေ့လာရာမှ လူတို့၏ သဘောသဘာဝနှင့်နီးစပ်သမျှ နီးစပ်အောင် စိတ်ကူးတွင် ဖန်တီးယူသည့် အတတ်ပညာတစ်ခုကို အခြေခံကာ တင်ပြခြင်းသာ ဖြစ်ပါသည်။ ကံသေကမ္မကား မပြောနိုင်ပါ။ စာဖတ်သူ၏ စိတ်ထဲတွင် ကျွန်တော်၏ အထင်အမြင်၊ ကျွန်တော်၏ယူဆချက်တို့ကို မှားသည်၊ အနည်းငယ် လွဲသည်ဟူ၍ကား ယူဆချင်လျှင် ယူဆနိုင်ပါသည်။ သဘောထားကွဲလွဲမှုဆိုသည်မှာ ရှိနိုင်သည်ဟု ကျွန်တော်လက်ခံပါသည်။ သို့သော် လောကတွင် ဘယ်အရာသည် မှန်သည်။ ဘယ်အတွေးအခေါ်သည် မှားသည်ဆိုသည်ကိုမူ မည်သူမျှ တပ်အပ်သေချာပြောနိုင်မည် မထင်ပါ။ သို့သော်လည်း စာဖတ်သူသည် လူ့သဘာဝကို စိတ်ဝင်စားသူတစ်ယောက်ဖြစ်လျှင်ကား ဤအဖြစ်အပျက်ကို ဆင်ခြင်ကြည့်သင့်သည်ဟု ကျွန်တော်ထင်ပါသည်။

ယခုဖော်ပြမည့် အဖြစ်အပျက်သည် ပျော်စရာမဟုတ်ပါ။ ချစ်သူနှစ်ယောက် ညားကြသောအဖြစ်အပျက်မျိုး မဟုတ်ပါ။ ကျွန်တော်ကြားသိခဲ့ရသည်မှာလည်း ရုတ်တရက် ရှောင်တခင် သဘောအတိုင်းသာဖြစ်ပါသည်။

စိုက်တွေ(စစ်တွေ)အခေါ် စုတ်ဖွားသီး၊ကျွန်တော်တို့အခေါ် တရုတ် ဆီးသီး၊

ဒေသအခေါ် လိုင်ချိုးသီးတွေ လှိုင်လှိုင်ပေါသော ဇွန်လဆန်းတစ်ခုတွင် ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့သို့ ကျွန်တော်ရောက်သွားပါသည်။ ကျွန်တော်ရောက်သွားချိန်မှာ ရေခဲနှင်းဆောင်းကာလ၊ တိုင်းပြည်အေးချမ်းသောကာလဖြစ်ပါသည်။ မြစ်ကြီးနား၊ ဗန်းမော်ဒေသတွင် သောင်းကျန်းသူ မရှိသေးပါ။ ကေအိုင်အေလည်း မပေါ်သေးပါ။ ထိုအချိန်ကား ၁၉၆၀ တစ်ဝိုက်ဖြစ်ပါသည်။

ကျွန်တော်သည် မန္တလေးမှ အလောင်းဘုရား၏မြို့တော် ရွှေဘိုသို့ ရောက်သွားသည်။ ရွှေဘိုမှ ကျောက်မြောင်း၊ ကျောက်မြောင်းမှ ဗန်းမော်သို့ ပရသဖ ပိုင်သင်္ဘောကိုစီးကာ ဆန်တက်ခဲ့ခြင်းဖြစ်ပါသည်။ ထိုခရီးကား အလွန်သာယာပါသည်။ သင်္ဘောပေါ်တွင် မိတ်ဆွေဟောင်းတစ်ယောက်နှင့်တွေ့ကာ ဗန်းမော်ခရီးအတွက် အဆင်ပြေသွားပါသည်။ သူကား လမ်းအရေးပိုင် ကိုတင်ထွန်းဖြစ်ပါသည်။ ဗန်းမော်တွင် ကိုတင်ထွန်းအိမ်မှာပင် သုံးရက်နေခဲ့ပါသည်။ ဗန်းမော်တွင်နေစဉ် သူနှင့်အတူ ဗန်းမော်ပြည်ထောင်စုကလပ်ဟု ခေါ်ကြသည့် အရာရှိကလပ်သို့ရောက်ပါသည်။ ကျောင်းနေဖက် မိတ်ဟောင်းဆွေဟောင်းများတွေ့ပါသည်။ ဝမ်းသာစရာ၊ ပျော်စရာ ကောင်းပါသည်။ကျွန်တော်စိတ်ကြိုက်တစ်ခုကိုလည်း လုပ်ခဲ့ရပါသေးသည်။ ယင်းမှာ ကလပ်တွင် ကက်ဆွဲခဲ့ရခြင်းပင် ဖြစ်ပါသည်။ ဗန်းမော်ကလပ်ကလွဲလျှင် အခြားမြို့များမှ အရာရှိကလပ်များ၌ ကက်ထုပ်မရှိပါ။ ကက်ဆွဲရသည်ကို ကျွန်တော် အရသာယူပါသည်။ လက်ညှိုးလေးနှင့်ပွတ်ကာ ကက်ပေါက်စမ်းရသည်မှာ တကယ့်အရသာပင်ဖြစ်ပါသည်။ လက်ထိပ်ကနေ ဘာဖဲပိတ်ရိုက်ရမလဲ။ ကက်ကိုပိတ်ရိုက်လိုက်လျှင် အလယ်လူကလည်း ကက်ကိုလိုက်ရိုက်ရသည်။ ဘိတ်အိမ်မှာ ကက်နှစ်လုံးနှင့် ပူးကျန်ရစ်ကာ ဖင်ဆောင့်နေပါသည်။ ထိုအခါ ကိုယ့်အတွေးမှန်သဖြင့် ကျေနပ်ကာ ပီတိဖြစ်သည့် အရသာကိုရပါသည်။ ဗန်းမော်ကလပ်တွင် ကျွန်တော်တို့ ကစားကြသည်မှာ ကြေးမများလှပါ။ ရှိန်းသုံးကျပ်သာဖြစ်ပါသည်။ ရာကျော်တစ်ကျပ်၊ ပိတ်တစ်ကျပ်၊ ကွမ်းတစ်ကျပ်ဖြစ်ပါသည်။ ကက်ဆွဲရင်း မိတ်ဆွေသစ်နှစ်ယောက် တိုးပါသည်။ တစ်ယောက်မှာ မိတ်သစ်ဆိုသော်လည်း မိတ်ဟောင်းဆိုနိုင်သူ ဖြစ်ပါသည်။ သူက ကျွန်တော့်ကို သိနေပါသည်။ သူကား စီးပွားရေးဘဏ် မန်နေဂျာ ဦးလှခင်ဖြစ်ပါသည်။ "ကျွန်တော့်အမျိုးသမီးနီနီက ခင်ဗျားတို့အကြောင်း ခဏခဏပြောတယ်"ဟု ဆိုပါသည်။ ဟုတ်သည်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက နီနီတို့အစ်ကို သူငယ်ချင်းတစ်ယောက်ကို အကြောင်းပြုကာ စမ်းချောင်းခေမာလမ်းရှိ သူတို့အိမ်သို့ မကြာခဏရောက်ဖူးသည်။ နီနီတို့အိမ်သည် ကျွန်တော်တို့ တစ်သိုက်၏ စားရေအိမ်၊ သောက်

ရေအိမ်ဖြစ်ဖူးသည်။ ကျောင်းကထွက်သော် အဆက်ပြတ်သွားကြသည်။ သို့ကြောင့် ပင် ကက်ဆွဲသူတစ်ဦးဖြစ်သည့် ဦးလှခင်မှာ မိတ်ဟောင်းဟုလည်း ဆိုနိုင်ခြင်း ဖြစ်ပါသည်။ သူ့အိမ်သို့လိုက်ကာ နီနီနှင့်တွေ့ပါသေးသည်။ ရှေးဟောင်းနှောင်း ဖြစ်ပြောရသည်မှာ ပျော်စရာ၊ ကြည်နူးစရာတစ်မျိုးပင်ဖြစ်ပါ သည်။

ကျွန်တော်၏ အခြားမိတ်သစ်တစ်ဦးမှာ မြစ်ကြီးနားနယ်ပိုင်ဝန်ထောက် ဦးမောင်မောင်တင် ဖြစ်ပါသည်။ သူသည် အလုပ်ကိစ္စနှင့် ဗန်းမော်သို့ ရောက်နေ သည်။ သူသည် အညာသားတစ်ယောက် ဖြစ်ဟန်တူသည်။ အပြောအဆိုမှာ အညာလေပါသည်။ မြင်းခြံ၊ ပခုက္ကူဘက်မှ ဖြစ်ရမည်။ နောင်အခါ 'လွင်'ကို 'လွန်'ဟူသော အသံထွက်နှင့်ပြောသည်ကိုထောက်၍ အညာသားဖြစ်သည်မှာ သေချာသွားသည်။ သူလည်း ကက်ဆွဲအလွန်ဝါသနာပါသည်။ ဗန်းမော်ကာလပ် တွင် ကက်ထုပ်ထားသည်မှာ သူ့အကြံဉာဏ်ဟု ဆိုသည်။ ဦးမောင်မောင်တင်သည် ဗန်းမော်တွင် မြို့အုပ်ကြီးလုပ်ဖူးသည်။ ကျွန်တော့်မိတ်ဆွေ လမ်းအရေးပိုင်မှာ အီလီယက်ဝါသနာပါသည်။ ပိုကာဆွဲသည်။ သို့သော် ပျင်းသည်။ တစ်ချပ်မှောက် လို့ စိတ်လှုပ်ရှားစရာ ကစားနည်းမျိုးမှ ကြိုက်သည်ဟုဆိုသည်။

မန္တလေး၊ မြစ်ကြီးနားခရီးမှာ ပထမဆုံးအကြိမ်ရောက်ဖူးသည့် ခရီး ဖြစ်ပါသည်။ သည့်အရင်က မန္တလေး၏အထက်ကို မရောက်ခဲ့ဘူးပါ။ မြစ်ကြီးနား သည် ကျွန်တော့်ကို ညို့နေပါသည်။ မေခနှင့်မေလိခမြစ်ဆုံမှသည် ရန်ကုန်မြို့သို့ ရောက်အောင် လှေကလေးတစ်စင်းဖြင့် စုန်ချင်စိတ်ပြင်းပြနေခိုက် ဖြစ်ပါသည်။

ဗန်းမော်တွင် သုံးရက်နေခဲ့စဉ် မိတ်သစ်များတိုးပွားသဖြင့် မြစ်ကြီးနား ခရီးမှာ အဆင်ပြေလာပါသည်။ မြစ်ကြီးနားနယ်ပိုင် ဦးမောင်မောင်တင်သည် တနင်္ဂနွေနေ့အမီမြစ်ကြီးနားသို့ ပြန်မည်။ သူ့တွင် ဂျပန်စစ်လျော်ကြေးက ပေးထား သော ဝီလီဂျစ်ကားလေးတစ်စီးပါလာသည်။ သူနှင့်မင်းကတော် နှစ်ယောက်တည်း ဖြစ်ရာ အပြန်တွင် ကျွန်တော့်ကိုခေါ်သွားမည်ဟု ဆိုပါသည်။ သူ၏မူလ အစီအစဉ်မှာ တနင်္ဂနွေညနေအရောက် မြစ်ကြီးနားသို့ပြန်ရန်ဖြစ်သည်။ သို့သော် သည်း စနေနေ့ညက ကလပ်တွင် အဖော်စုံကာ ဝိုင်းကောင်းနေသဖြင့် တနင်္ဂနွေနေ့ မနက်ပိုင်းတွင် မပြန်ဖြစ်သေးပါ။ ထိုအခါ နီနီအဖို့ ထမင်းကျွေးချင်သော သူ့ဆန္ဒ ပြည့်ဝဖို့ ဖြစ်လာပါသည်။ စတွေ့သည့် နေ့ကပင် နီနီက ကျွန်တော့်ကို ထမင်း ကျွေးချင်သည်ဟု ရက်ချိန်းတောင်းပါသည်။ ရက်ကျပ်သဖြင့် သူ့ထမင်းကို ငြင်းခဲ့ပါ သည်။ ယခုမူ တနင်္ဂနွေနေ့မနက်၌ ခရီးမထွက်ဖြစ်မည်မှာ သေချာသွားပြီဖြစ်ရာ ဦးမောင်မောင်တင်နှင့် ကျွန်တော်တို့နှစ်ယောက် ထပ်မံညှိနိုင်းကြပြီး တနင်္ဂနွေနေ့

ညတွင်မှ ခရီးထွက်ရန် ဆုံးဖြတ်ကြပါသည်။

"ကျွန်တော်တို့ ဒေသက အေးချမ်းပါတယ်။ ရေခဲနှင်းဆောင်းပါခင်ဗျာ။ စိတ်သာချပါ။ ညသန်းခေါင်ကျော်မှထွက်လည်း စိုးရိမ်စရာမရှိပါဘူး။ မှည့်တစ်ပေါက်မှ မစွန်းစေရပါဘူး" ဟု ဦးမောင်မောင်တင်က တာဝန်ခံပါသည်။

အစီအစဉ်ပြောင်းသွားသဖြင့် နီနီလည်း ကျေနပ်သွားသည်။ ထိုနေ့ညတွင် ကျွန်တော်တို့ အားလုံးကို ဘဏ်မန်နေဂျာကတော် နီနီက ထမင်းကျွေးပါသည်။ လမ်းအရေးပိုင်လင်မယား၊ ဦးမောင်မောင်တင်လင်မယားနှင့် ကျွန်တော်အပါအဝင် ပေါင်းငါးယောက် ဖြစ်ပါသည်။ နီနီကား အားရဝမ်းသာ ဖြစ်နေသည်။ နယ်တွင်အရာရှိများ ဤသို့စုဝေးကာ စားကြသောက်ကြသည်မှာ မဆန်းတော့ပါ။ ဤနည်းဖြင့်ပင် အပေါင်းအသင်းသည် ကျယ်ဝန်းလာပါသည်။

ထိုနေ့ည ဆယ့်တစ်နာရီတွင်ကား ဦးမောင်မောင်တင်တို့ လင်မယားနှင့်အတူ ကျွန်တော်သည် ဝီလီဂျစ်ကားလေးဖြင့် ဗန်းမော်မှမြစ်ကြီးနားသို့ ခရီးထွက်ခဲ့ပါသည်။

ဗန်းမော်၊ မြစ်ကြီးနားခရီးမှာ ဘေးမသီ ရန်မခခဲ့ပါ။ ညဆယ့်တစ်နာရီတွင် ထွက်ပါသည်။ ဦးမောင်မောင်တင်ကိုယ်တိုင် ကားမောင်းပါသည်။ ဗန်းမော်၊ မြစ်ကြီးနားခရီးကို မူလက နေ့တွင်သွားမည်ဟု စီစဉ်ထားသော်လည်း အကြောင်းမညီညွတ်သဖြင့် ညခရီးနှင်ခဲ့ရလေရာ တောတောင်ရှုခင်းကို မကြည့်ခဲ့ရပါ။ သာယာသည့်အရသာကို မခံစားရပါ။ လဆန်းရက်ဖြစ်၍ လအနည်းငယ်သာသဖြင့် တော်ပါသေးသည်။ လမ်းခရီးတစ်ဝက်အရောက်တွင် ကျားတစ်ကောင် ဖြတ်ပြေးသည်ကို မြင်လိုက်ရပါသည်။ မြို့သစ်မှလွန်သော် ရွာဟူ၍ မရှိတော့ပါ။ တောင်ကုန်းကလေးများကိုသာ ဝေ့ကာဝိုက်ကာ ဖြတ်ရပါသည်။ မနက်ငါးနာရီသာသာတွင် မြစ်ကြီးနား တစ်ဖက်ကမ်း ခတ်ချိုကူးတို့ဆိပ်သို့ ရောက်ပါသည်။ နယ်ပိုင်ဝန်ထောက်မင်း အရှိန်အဝါဖြင့် ကားကူးဖောင်ကူးတို့ကို ပြင်ဆင်ခိုင်းကာ ချက်ချင်းလိုလိုပင် မြစ်ကြီးနားဘက်ကမ်းသို့ ကူးခဲ့ကြပါသည်။ တနင်္လာနေ့မနက် (၇) နာရီသာသာတွင် မြစ်ကြီးနားသို့ ရောက်ပါသည်။ ကိုမောင်မောင်တင်အတွက်လည်း ရုံးတက်ရန် အဆင်ပြေပါသည်။

မြစ်ကြီးနားတွင် နှစ်ပတ်ခန့်နေပါသည်။ အစက တစ်ပတ်လောက်ဟု မှန်းရာ သွားချင်သည့်နေရာတွေများနေသဖြင့် ရက်မလောက်ပါ။ ထို့ကြောင့် ရက်တိုးလိုက်ရပါသည်။ ကျွန်တော်၏ မူလအစီအစဉ်မှာ နန်းသီတာဟိုတယ်တွင် တည်းရန်ဖြစ်ပါသည်။ ယင်းမှာ ဧရာဝတီကမ်းနဖူးထိပ်တွင် ဆောက်ထားသည့် ပြည်နယ်အစိုးရပိုင် ဟိုတယ်ဖြစ်ပါသည်။ သို့သော်လည်း ဦးမောင်မောင်တင်နှင့် သူ့

မင်းကတော် ခင်ခင်သိန်းတို့ အဆွယ်ကောင်းသဖြင့် သူတို့အိမ်မှာပင် တည်းခိုရပါသည်။ အိမ်ရှင် ဦးမောင်မောင်တင်က စီစဉ်ပေးသဖြင့် အနှံ့ရောက်ပါသည်။ မြစ်ဆုံဝိုင်းမော်တည်ဆောက်နေဆဲ ဝါရှောင်ဆည်၊ တစ်ဖန် နမ္မတီးမှတစ်ဆင့် လီဒိုလမ်းမကြီးအတိုင်း တနိုင်းမြို့ကလေးနှင့် တနိုင်းခမြစ်ကလေးအထိလည်း ရောက်ခဲ့ပါသည်။ ငယ်ငယ်က ပထဝီဝင်စာအုပ်တွင် ဟူးကောင်းဒေသဟု သိခဲ့ရသည့် ဒေသများဖြစ်ပါသည်။ ကျန်ရက်များတွင်ကား မြစ်ကြီးနားတွင်သာ အချိန်ကုန်ခဲ့ပါသည်။

မြစ်ကြီးနားမြို့သည် အင်္ဂလိပ်တည်သော မြို့ဖြစ်ပါသည်။ ရာသီဥတုကောင်းသည်။ အသီးအနှံပေါသည်။ လိုင်ချီးသီး၊ စတော်ဘယ်ရီသီး၊ ဂရိတ်ဖရုသီးတို့မှာ နွေရာသီတွင် အလွန်ပေါသည်။ ကရိန်နော်၊ မြစ်ဆုံ စသည်တို့ကား ပျော်ပွဲစားထွက်ရန် နေရာကောင်းများဖြစ်သည်။

ပတ်ဝန်းကျင်နေရာများ အနှံ့ရောက်ပြီး ကျွန်တော်သည် နယ်ပိုင်ဦးမောင်မောင်တင်၏ ဂေဟာတွင် သုံးရက်ခန့်အနားယူရသည်။ သူ့အိမ်သည် ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ရှုမျှော်ခင်းကောင်းသည်။ မြစ်ပြင်ဟိုဘက်အဝေးတွင် မို့မောက်မောက်တောင်နှစ်လုံးကို ပျပျမြင်ရသည်။ သူတို့က ဗရာဆီရာတောင်ဟု နာမည်ပေးထားသည်။ ကချင်နာမည်ရင်း ရှိပါလိမ့်မည်။ သို့သော်လည်း မိန်းမတစ်ယောက်၏ ရင်သားအမြွာနှင့်တူသဖြင့် သူတို့ပေးထားသည့် နာမည်မှာလည်း မဆိုးလှဟု ထင်မိပါသည်။ နယ်ပိုင်အိမ်မှာ ဝင်းခြံနှင့် ကျယ်ကျယ်ဝန်းဝန်းရှိသည်။ ဧည့်ခန်းကျယ်ကြီးနှစ်ခုရှိပါသည်။ တစ်ခုမှာ ဧရာဝတီကမ်းနဖူးသို့ ထုတ်ထားသည့် လေသာဆောင် ဧည့်ခန်းဖြစ်သည်။ ကျွန်တော်ရောက်သည့်အချိန်တွင် မြစ်ကြီးနားရာသီမှာ ရန်ကုန်နှင့်သိပ်မကွာလှပါ။ အတန်ငယ်ပူပါသည်။ သို့သော် တော ရိပ်တောင်ရိပ်ကြောင့် အညာဒေသလောက်ကား မဆိုးလှ။ တည်းသီးလှိုင်လှိုင်ပေါနေပြီ။ လိုင်ချီးသီးလည်း လှိုင်နေပြီ။ စတော်ဘယ်ရီမှာ တုံးသွားပြီဟု သိရသည်။

နယ်ပိုင်ဝန်ထောက်ကတော် ဒေါ်ခင်ခင်သိန်းသည် အချက်အပြုတ်ကောင်းသည်။ ဧည့်ဝတ်ကျေသည်။ လိုင်ချီးသီးကို နှင်းသီးဘူးဖြစ်အောင် သကြားရည်ကျိုတာ စီမံတတ်သည်။ သူတို့တွင် ကလေးနှစ်ယောက်ရှိသည်။

"မြစ်ကြီးနားရောက်တာ မကြာသေးဘူးဆရာရဲ့။ ဗန်းမော်မှာ သုံးလေးနှစ်လောက်ကြာတယ်။ အမှာ့ကလေးတွေကလည်း ငယ်သေးတော့ ဒီလိုပဲ နေရမှာပေါ့လေ။ ကြီးလာရင်တော့ ကျောင်းကောင်းကောင်းထားချင်တာနဲ့ အမာတို့တော့

ရန်ကုန်ဖြစ်ဖြစ်၊ မန္တလေးလိုနေရာဖြစ်ဖြစ် ပြောင်းချင်ပြီ"

ခင်ခင်သိန်းက သူ့ဆန္ဒကိုပြောပါသည်။ သူကိုယ်သူ အမာဟုပြောသည်။ အမာမှာ ငယ်နာမည်ဖြစ်ဟန်တူပါသည်။ သူ့ယောက်ျားကလည်း သူ့ကို အမာဟုပင် ခေါ်ပါသည်။

သူတို့အိမ်ကို ဧရာဦးရိပ်သာဟု နာမည်ပေးထားပါသည်။ အမာမှည့်သောနာမည်ပင် ဖြစ်ရမည်ဟု ထင်ပါသည်။

"ကျွန်မတို့ သိပ်ကံကောင်းတာ ဆရာရဲ့။ အင်းလေ ဒီတစ်ခုပဲ ကံကောင်းပါသေးတယ်။ အမှန်က ဒီအိမ်ဟာ နယ်ပိုင်အိမ်မဟုတ်ဘူး။ အရာရှိကြီးတစ်ယောက်အတွက် ရည်မှန်းပြီးဆောက်တာ။ ဒါပေမဲ့ အချင်းချင်း အဝေမတည့်ကြလို့လားမသိဘူး။ နောက်ဆုံးတော့ နယ်ပိုင်အိမ်ရယ်လို့ ဖြစ်သွားတာပဲ။ ကျွန်မတို့ပြောင်းလာတော့ နယ်ပိုင်အိမ်ဖြစ်တာ မကြာသေးဘူး။ အဲဒါ အိမ်ရဲ့အရှိန်အဝါနဲ့လိုက်အောင် မနည်းကိုမွမ်းမံရတယ်။ တစ်ခါတလေတော့ မတတ်နိုင်ဘူးဆရာ"

သူတို့လင်မယားသည် ဧရာဦးရိပ်သာတွင် ခေတ္တခဏခိုလှုံသောဧည့်သည်များအဖြစ် နေကြဟန်တူသည်။ ရန်ကုန်လို၊ မန္တလေးလို မြို့ကြီးများသို့သာ ပြောင်းချင်စိတ်သာ ထက်သန်နေကြပါသည်။

သူတို့လင်မယားကို ကျွန်တော် စိတ်ဝင်စားမိပါသည်။ ကိုမောင်မောင်တင်သည် ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ သူ့အလုပ်ဝတ္တရားကို မြတ်နိုးသည်။ စိတ်ပါလက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်သည်။ အထက်လူကြီး အငြိုအငြင်မခံရအောင်နေသည်။ သို့သော် ခေတ်အလျောက် ဖားသည်ဟူ၍လည်း အထင်မခံရအောင် လုပ်ကိုင်ဆောင်ရွက်သည်။ စကားပြောလျှင် ပဟေဠိဆန်ဆန်စကားလုံးတို့ကိုသုံးတတ်သည်။ သူကား နယ်အကြောင်း၊ အထက်လူကြီးတို့အကြောင်းတို့ကို တာဝန်ဝတ္တရားအရ အတန်အသင့်သိနေရသော အရာရှိနေရာရောက်နေလေရာ သူ့စကားမှာ တစ်ခါတစ်ရံ အဓိပ္ပာယ်တစ်မျိုးဆောင်သည်ကို ကျွန်တော်နားလည်လိုက်ပါသည်။ သူ့သားသမီးနှစ်ယောက်နှင့် ကစားနေသည်ကို မြင်ရသည့်အခါ သူ့အမူအရာသည် ပို၍ချစ်စရာကောင်းလာပါသည်။ သူ့အသက်မှာ သုံးဆယ်ကျော် လေးဆယ်နီးပါးရှိပြီ။ သူတို့လင်မယားကြည့်ရသည်မှာ ချစ်ချစ်ခင်ခင်ရှိပြီး တစ်ယောက်ကိုတစ်ယောက် မြတ်နိုးကြသည်မှာ သေချာပါသည်။ ထိုသဘောတို့သည် ထင်ရှားပီပြင်စွာပင် ပေါ်လွင်နေပါသည်။ အထူးသဖြင့် ကိုမောင်မောင်တင်သည် အမာကို အလွန်မြတ်နိုးဟန်တူသည်။ အမာကား လှသည်ဟု မဆိုသာ။ ကျက်သရေရှိသည်။ တည်ငြိမ်သည်။ မေးရိုးချွန်ချွန်မှာ ပိုင်းပိုင်းပြတ်ပြတ်

စိတ်ဓာတ်ကို ဖော်ပြနေသည်။ မျက်ခုံးကောင်းကောင်းအောက်မှ မျက်လုံးတစ်စုံသည် ကြည်လင်ဝိုင်းစက်ကာ အရည်လဲ့နေသည်။ ကျန်းမာဖျတ်လတ်သည်။ စိတ်ဓာတ်တက်တက်ကြွကြွရှိသည်။ တစ်ခါတစ်ရံ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြောင်ကြနောက်ကြသည်။ ရယ်စရာပြောကြသည်။ သူတို့အိမ်ထောင်မှာ သာယာစိုပြည်မှုရှိသည်။

ကျွန်တော် ရောက်သွားသည့်အခါ သူတို့လင်မယားမှာ ဝမ်းသာအားရရှိကြသည်။ အထူးသဖြင့် အမာကပို၍ ဝမ်းသာသည်။ အမာတွင် အလုပ်ထွေထွေထူးထူးမရှိ။ ကလေးနှစ်ယောက်ကို ကြည့်ရှုရသည်။ အိမ်မှုကိစ္စ လုပ်ဆောင်ရသည်။ သည့်နောက်တွင်ကား စာဖတ်သည်။ မိတ်ဆွေအပေါင်းအသင်း အနည်းငယ်၌ ဘဝကိုစိုပြည်အောင် ဖန်တီးယူသည်။ မြစ်ကြီးနားတွင် နယ်ပိုင်ဝန်ထောက်တစ်ယောက်၏အသိုင်းအဝိုင်းမှာ အရာရှိ၊ အရာခံ ပတ်ဝန်းကျင်ပင်ဖြစ်သည်။ မြို့၌ကလပ်တစ်ခုရှိသည်။ ဂေါက်ကွင်းတစ်ခုရှိသည်။ ကိုမောင်မောင်တင်သည် ဂေါက်သီးဝါသနာမပါ။ ကလပ်ကိုကား တစ်ခါတစ်ရံသွားသည်။ အဖော်ကောင်းလျှင် ဘီလီယက် တစ်ပွဲနှစ်ပွဲထိုးသည်။ ဘီယာတစ်ပုလင်းလောက် သောက်သည်။ တစ်ခါတစ်ရံ အမာက မင်းကတော်များကို အိမ်သို့ဖိတ်ကာ မုန့်ဟင်းခါးချက်စားတတ်သည်။ အမာသည် ကိုမောင်မောင်တင်လိုပင် အညာသူဖြစ်ရာ ဝက်အူတောင့်၊ ဇယာကြော်၊ ပဲမှုန့်ဆီချက်တို့ဖြင့် မုန့်ဟင်းခါးလက်သုပ်ကောင်းကောင်း ဖန်တီးတတ်သည်။ တစ်ခါတစ်ရံ လီဒိုလမ်း၊ တနိုင်းဘက်မှ ငါးသိုင်းအကောင်ကြီးကြီးများရတတ်သည်။ ငါးသိုင်းနှင့် တပင်တိုင်မုန့်ဟင်းခါးချက်ရသည်မှာလည်း ကောင်းသည်။ ဤကား သူတို့ပျော်စရာ ဖန်တီးကြခြင်းပင်ဖြစ်သည်။

ကျွန်တော်ရောက်သွားသည့်အခါ တစ်ပတ်နေပါ၊ တစ်လနေပါဟု အမာက တားသည်။

"ဆရာ့ကို ကျွန်မတို့ သိနေတာကြာပါပြီဆရာ။ ဆရာ့ဝတ္ထုတွေ ဖတ်ဖူးပါတယ်။ အညာဖွဲ့ရေးတာတွေ သိပ်ကြိုက်တယ်။ ဆရာ့ဇာတ်ဆောင်တွေက"

ကျွန်တော်လည်း ပုထုဇဉ်ဖြစ်လေရာ အမာကို ကျေနပ်နှစ်သက်မိပါသည်။

ကိုမောင်မောင်တင်နှင့်အမာတို့သည် မပြန်မီတစ်ရက်တွင် ကျွန်တော့်ကို အကြောင်းပြုကာ ရင်းနှီးသူ သုံးလေးစုံတွဲကိုဖိတ်ပြီး ထမင်းကျွေးပါသည်။ စာရေးအလွန်ဝါသနာကြီးသော ဗိုလ်မှူးနှင့် သူ့ဇနီး၊ စီတာပူတွင် လိုင်ရှီးခြံ၊ ဒညင်းခြံပြုစုပျိုးထောင်နေသူ ပင်စင်စားကျောင်းအုပ်ကြီးဟောင်းနှင့်ဇနီး၊ ပြောင်းလာခါစ

ဆရာဝန်ကလေးတစ်ယောက်နှင့်ဇနီး၊ သူတို့သည် ထိုညနေက ရောက်လာကြသည့် ကိုမောင်မောင်တင်တို့၏ မိတ်ဆွေအရင်းအချာများဖြစ်ပါသည်။ သူ့မိတ်ဆွေဗိုလ်မှူးသည် ကဗျာဆရာဖြစ်သည်။ ကချင်နှင့်ဗမာတို့သည် သွေးချင်းနှောကာ မြန်မာနိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရမည်ဖြစ်ကြောင်း ကဗျာများရေးဖွဲ့ပါသည်။ ပူတာအို၊ မချမ်းဘော၊ အင်ခိုင်ပွမ်၊ ဂျိမ်းဖော၊ ဒူးပါး စသည်တို့မှာ သူ့ကဗျာများထဲက ဇာတ်ဆောင်များဖြစ်ကြပါသည်။ သူသည် တိုက်ပွဲအကြောင်းမပြောပါ။ မြဝတီ ဦးစ၊ နတ်သျှင်နောင်၊ ရှင်မဟာရဋ္ဌသာရတို့အကြောင်း ပြောပါသည်။ လိုင်ချီးခြံစိုက်စားနေသူ ကျောင်းအုပ်ကြီးကမူ မြစ်ကြီးနားတွင် စပျစ်သီးစိုက်ရန် သုတေသနလုပ်နေကြောင်း၊ မြစ်ဆုံအထက်နားတွင် ပန်းသီးစမ်းစိုက်နေကြောင်း အောင်မြင်လျှင် မြစ်ဆုံသို့ ပြောင်းရဦးမည်ဖြစ်ကြောင်း ပြောပါသည်။ "အရေးကြီးတာက လမ်းပန်းဆက်သွယ်ရေးပဲခင်ဗျာ။ ကျွန်တော့်စိတ်ထဲမှာဖြင့် ဟောဒီပတ်ဝန်းကျင်က လိုင်ချီးသီးတွေ၊ ဂရိတ်ဖရုတွေ၊ လိမ္မော်သီးတွေကို သေတ္တာတွေနဲ့ရိုက်ထည့်ပြီး ရန်ကုန်ကို ပို့ချင်လိုက်တာ။ လီဒိုလမ်းတစ်လျှောက်မှာ လိမ္မော်သီးသိပ်ဖြစ်တာပဲ။ ချိုလည်းချိုတယ်။ ဝါရှောင်ဘက်မှာလည်း လိမ္မော်သီး စိုက်လို့ရတယ်။ဒီပတ်ဝန်းကျင်ကတော့ ရာသီဥတုကောင်းတော့ အသီးအနှံ သိပ်ဖြစ်တာပဲ"ဟု ဆိုပါသည်။ ကျွန်တော်သည် သူ့တရားကိုနာကာ မြစ်ကြီးနားတွင် လိုင်ချီးခြံလေးစိုက်ပြီး နေချင်စိတ်ပေါ်မိပါသည်။ နောက်ရောက်လာသည့် ဆရာဝန်ကလေးကမူ စကားသိပ်မပြောပါ။ သူ့ဇနီးလေးမှာ အမျိုးသမီးစကားဝိုင်းတွင် ဦးဆောင်နေဟန်တူပါသည်။ သူ၏ရယ်သံမှာ ဆည်းလည်းသံလားဟု ထင်ရပါသည်။ ဆေးခန်းဖွင့်ရန် စနည်းနာနေသည်ကိုလည်း အမှတ်တမဲ့ကြားလိုက်ရပါသည်။ ဤသို့ဖြင့် စားသောက်ပြီး တစ်နာရီခန့် စကားဝိုင်းဖွဲ့ပြီးလျှင် အမာ၏ဧည့်သည်များ ပြန်သွားကြပါသည်။ ကျွန်တော်တို့ချည်း ကျန်ရစ်ပါသည်။ အမာက ကိုမောင်မောင်တင်နှင့် ကျွန်တော့်ဆီသို့ ကော်ဖီနှစ်ခွက်ထပ်ပို့လိုက်ပြီး သူကိုယ်တိုင်ရောက်လာပါသည်။

"ဆရာ့အတွက် စပယ်ရှယ်ဆရာ။ ကိုမောင် မန္တလေးသွားတုန်းက မြင်းခြံက ဒေါ်လေးတစ်ယောက်က လက်ဆောင်ပေးလို့ ရခဲ့တဲ့ နက်စ်ကဖီး ဆရာ"

ကိုမောင်မောင်တင်ကပြုံးကာ အမာကိုကြည့်လိုက်သည်။ သူ့ယောကျ်ားကို ကိုမောင်ဟုခေါ်ပါသည်။

"ကျေးဇူးပဲအမာ။ ကျွန်တော်တော့ စားကောင်းသောက်ဖွယ်တွေ စားပြီး မြစ်ကြီးနားက ပြန်သွားရင် လျှာအကျင့်ပျက်တော့မှာပဲ"

"ဒီလိုပေါ့ဆရာရယ်။ ကြုံတုန်းကြုံခိုက်ပေါ့။ ဆရာ့ကို ကျွန်မတို့ပြုစုရတာ

အားမရသေးပါဘူး"

ကိုမောင်မောင်တင်သည် ဆေးပေါ့လိပ်ကို မီးညှိပါသည်။ ကျွန်တော်လည်း ရန်ကုန်ကသယ်လာခဲ့သည့် 'ဆရာမ'စပယ်ရှယ် ဆေးပေါ့လိပ် လက်ကျန်ကို မီးညှိပါသည်။ ကိုမောင်မောင်တင်ကမူ နဂါးစပယ်ရှယ် အဝါပတ်ကိုဖွာပါသည်။ ကိုးနာရီခွဲသာသာရှိပြီဖြစ်ရာ လပြည့်ကျော်လေးရက် လဝိုင်းဝိုင်းလေးသည် ဇရာဆီရာတောင်တန်းထက်မှ ပြူထွက်လာသည်။ ထိုရက်က မိုးလေကင်းစင်သဖြင့် ကောင်းကင်သည် ကြည်လင်နေပါသည်။ ကိုမောင်မောင်တင်သည် ကော်ဖီကို အနည်းငယ်ငုံကာ နဂါးစပယ်ရှယ်ကို ဖွာနေသည်။

"နာမည်ကိုတော့ ကြားဖူးနေတာ ကြာပါပြီ။ လူကိုတော့ တစ်နေရာမှာ တွေ့ဖူးသလိုလိုပဲ ခင်ဗျ"

ကိုမောင်မောင်တင်က စကားစပါသည်။

"ဟုတ်လား ...ဘယ်မှာလဲ"

"ရန်ကုန်မှာ ပါတီပွဲတစ်ခုခုမှာလို့ ထင်တာပဲ။ ရှစ်မိုင်က အတွင်းဝန်ကတော် ဒေါ်ခင်အေးလွင်တို့ရဲ့ ဧဝရက်ရိပ်သာမှာ ထင်တယ်"

"သြော် ...ဟုတ်လား။ ဘယ်တုန်းကလဲ"

"အရင်တစ်ခါ ခွင့်ယူပြီး ရန်ကုန်ဆင်းကြတုန်းက ဖြစ်မှာပေါ့။ အဲဒီတုန်းက ဧဝရက်ရိပ်သာမှာ ဝါရှင်တန်ပြန် သန်းတင်တင်ရဲ့ အငြိမ့်ကတယ်လေ။ ဒီတုန်းက မြို့အုပ်ဘဝနဲ့ပါ"

"ဟုတ်ပြီ။ ကျွန်တော်သတိရပြီ။ လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကျော်လောက်ကလေ။ ခင်ဗျားလည်း အဲဒီပွဲကိုရောက်တယ်။ ခင်ဗျားတော်တော် သတိကောင်းတာပဲ"

"ဟင်းဟင်း ...ကျွန်တော်ဖြင့် အဲဒီပွဲအကြောင်းကို စမိတိုင်းပြောရတယ်။ မကြုံဘူးလို့ပါ။ တကယ်ပါပဲခင်ဗျာ။ အဲဒီလို ပါတီမျိုးတစ်ခါမှ မရောက်ဖူးပါဘူး။ နယ်ပိုင်ဖြစ်လာတယ်ဆိုပေမယ့် မြို့အုပ်ကြီးဘဝကနေပြီး အလုပ်ကြိုးစားလို့ အထက်လူကြီးတချို့ မျက်စိကျပြီး အစွန်အဖျားမှာ နယ်ပိုင်ဖြစ်လာရတာပါ။ ဒီပါတီမျိုး တစ်ခါမှလည်း အဖိတ်မခံရဖူးပါဘူး။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုလျှမ်းလျှမ်းတောက် ကြီးကျယ်ခမ်းနားတဲ့ ပွဲမျိုးမတွေ့ဖူးပါဘူးခင်ဗျာ။ တကယ်ပါပဲ"

ကိုမောင်မောင်တင်သည် အလွန်ရိုးသည်ဟု ကျွန်တော်မှတ်ချက်ချမိပါသည်။

"ဟုတ်တယ် ကိုမောင်မောင်တင်။ တကယ့်ကို ကျေနပ်စရာကောင်းတဲ့

ပွဲမျိုးပါပဲ။ ခင်ဗျားလည်းကျေနပ်မှုရခဲ့တယ်မဟုတ်လား။ ကြည်နူးခဲ့ရတယ်မဟုတ်လား"

"အမာတော့ အဲဒီပွဲထဲမှာ ရောက်နေတဲ့မိနစ်တိုင်း စက္ကန့်တိုင်းကို ရွံမုန်းနာကြည်းနေမိတယ် ဆရာ" အမာက ဝင်၍ ပြောပါသည်။

"ဝေး ...အမာပဲ သွားချင်လှချည်ရဲ့ဆိုပြီး ရောက်သွားခဲ့ရတာကိုလဲ မမေ့နဲ့ဦးနော်။ အမာပြောတာ တစ်နည်းဆိုရင် ဟုတ်ပါတယ်။ အဲဒီပွဲမှာ ကျွန်တော်တို့လင်မယားဟာ ပြိုးပြိုးပြက်လက်နေတဲ့ စိန်တွေအကြားက ဥဿဖယားလေးတစ်စုံ ဖြစ်နေတယ်။ ရင်းနှီးတဲ့ အသိမရှိ။ နှုတ်ဆက်မယ့်သူမရှိ။ သူတို့ပရိသတ်နဲ့ ကျွန်တော်တို့ဘဝနဲ့က တခြားစီ။ ကျွန်တော်တို့ ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်တွေက ရိုးရိုးကြီးတွေ။ ဒီကြားထဲ ကိုယ့်မှာရှိတဲ့ စတစ်ကော်လာနဲ့အင်္ကျီက နည်းနည်းစုတ်နေလို့ အသစ်တစ်ထည် ခပ်မြန်မြန်ချုပ်ရသေးတယ်"

"ကျွန်မဆိုရင် ဗိုလ်ချုပ်ဈေးပြေးပြီး အင်္ကျီတစ်ထည်ချုပ်ရတယ်။ ကရစ်နိုင်လွန် ခပ်ကောင်းကောင်းပေါ့။ လုံချည်ကောင်းကောင်းဆိုလို့ ကိုမောင့်သူငယ်ချင်းတစ်ယောက် အိန္ဒိယအသွားမှာ မှာလိုက်လို့ရတဲ့ ဆာရီလုံချည်ပဲ ရှိတယ်။ ဒါနဲ့မထူးပါဘူးဆိုပြီး မေမေ့အမွေ ဇင်းမယ်လုံချည်ပဲ ဝတ်သွားတယ်။ ဗရိကိတ်ဆိုတာက အသိထဲက အင်္ဂလန်သွားမယ့်သူမရှိသေးလို့ မမှာရသေးဘူး။ ဒါပေမဲ့ 'ဓဝရက်' ထိပ်ရောက်သွားတော့ ဒီလောက်တောင် ပိုက်ဆံအကုန်ခံပြီး အင်္ကျီချုပ်ဖို့တောင် မကောင်းဘူးလို့ စိတ်ထဲမှာ ဖြစ်မိတယ်ဆရာ။ ကျွန်မတို့ ကိုယ်ရောင်ဟာဘယ်လက်နိုင်ပါ့မလဲ။ မှိန်မွဲမွဲပေါ့။ အဝတ်သာမဟုတ်ဘူးဆရာ။ ရွှေရောင်၊ စိန်ရောင်၊ ပတ္တမြားရောင်တွေက သိပ်လက်တာ။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက် မသပ်မရပ်ဖြစ်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကို ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိဘူးဆရာ"

"အင်းလေကွာ။ဒါကလည်း အကြောင်းမဟုတ်တော့ပါဘူး။ ကျွန်တော်တို့စုံတွဲကို ဘယ်သူနဲ့မှမိတ်ဆက်ပေးတာမှ မဟုတ်ဘဲ"

ထိုညက ပါတီပွဲကို ကျွန်တော်ကောင်းကောင်း မှတ်မိသည်။ ဓဝရက်ရိပ်သာကို တခမ်းတနား ပြင်ဆင်ထားသည်။ စာပွဲတိုင်းတွင် နှင်းဆီပွင့်များ ရဲနေသည်။ မီးကို ခပ်မှိန်မှိန် ထွန်းပေးထားသည်။ ပါတီပွဲကျင်းပရာ ကွက်လပ်မှာ နှစ်ထပ်ခွဲတိုက်ကြီးနှင့် မလှမ်းမကမ်းရှိ ထင်းရှူးပင်ပျိုများ၊ သော်ကကြီးပင်များ၊ ပင်လယ်ကဗွီးပင်များ၊ စပယ်ရုံများအလယ်တွင် ရှိနေသည်။ မြက်ခင်းမှာ ရိတ်ပြီးဖြစ်သည်။ ပွဲခင်းအစွန်းတစ်ဖက်တွင် ဇာတ်ခုံတစ်ခုလည်းရှိသည်။ အခင်းအကျင်းကိုကြည့်ရမြင်ရသည်မှာပင် ရင်သပ်ရှုမောဖြစ်နေပြီ။ ပိုက်ဆံဘယ်လောက် ကုန်လိုက်

လေမလဲဟူ၍ပင် တွေးနေစရာ မလိုတော့။ အတွင်းဝန်ကတော် ခင်အေးလွင်သည် မိန်းမလှတစ်ယောက်ဖြစ်သည်။ ညှို့ခံကောင်းသည့် အိမ်ရှင်ကောင်းဖြစ်သည်။ သို့သော် ဖော်ရွေသည်။ ခင်မင်တတ်သည်ဟူ၍ကား မဆိုနိုင်ဟု ကျွန်တော်ထင်သည်။ သူ့ပတ်ဝန်းကျင်တွင် ဂရုတစိုက်ဖိတ်ခေါ်စရာ လူကုံထံအများအပြား ရှိနေပါလျက်သည့်လောက် ခမ်းနားကြီးကျယ်သည့် ပါတီပွဲသို့ ဟိုးအဝေးဒေသတစ်ခုက မြို့အုပ်လင်မယားကို ဘာ့ကြောင့် ဖိတ်ရသလဲ။ ကျွန်တော့်ခေါင်းထဲတွင် ဤအတွေးသည် ချာချာလည်နေသည်။

"ဒေါ်ခင်အေးလွင်နဲ့ သိတာကြာပြီပေါ့နော်"

မျိုသိပ်မထားနိုင်တော့ဘဲ ကိုမောင်မောင်တင်ကို မေးမိသည်။

"ဟင့်အင်း ...ကျွန်မတို့ သူ့ကိုလုံးလုံးမသိပါဘူး။ သူက ဖိတ်စာတစ်စောင်ပို့လိုက်တယ်။ အဲဒီ ဒေါ်ခင်အေးလွင်ဆိုတာ ဘယ်လိုနေသလဲလို့ ကြည့်ချင်မြင်ချင်တာနဲ့ ကျွန်မတို့ အဲဒီပွဲကို သွားကြတာပဲ" အမာက ဝင်ဖြေသည်။

"သူကတော့ ဒီလိုညှို့ခံပွဲပေးတဲ့ဘက်မှာ အတော်လေးကျွမ်းကျင်တဲ့ အမျိုးသမီးပါပဲ။ အကင်းပါးတယ်၊ ဖျတ်လတ်တယ်၊ ညှို့ခံကောင်းတယ်" ကျွန်တော်က ဆိုသည်။

"အိုး ...ဟုတ်တယ်။ ဆရာ့အဆိုကို ကျွန်မ ကောင်းကောင်းထောက်ခံတယ်။ ကျွန်မတို့ ဝင်သွားတော့ အစက ဘယ်သူတွေမှန်း သူမသိဘူး။ အဝမှာ ဆောင့်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကျွန်မတို့လင်မယားနာမည်ကို ပြောလိုက်တော့မှ ချက်ချင်းလိုလိုပဲ သူသတိရသွားတယ်။ ပြီးတော့ "ဩော် ...ဟုတ်ပါရဲ့။ ရှင်တို့ကိုး။ ကဲ ...နေရာဝင်ယူကြလေ။ လူသိပ်မများပါဘူး။ ဓာတ်စင်နဲ့လည်း သိပ်မဝေးပါဘူး။ သန်းတင်တင်ကို ရှင်တို့ကြိုက်ကြမှာပါပဲ။ ယိုးဒယားအကမှာတော့ စာကယ့်ကို တော်တဲ့ မင်းသမီးပါပဲရှင်"အဲဒီလို ပြောပြီး ကြိုဆိုတယ်။ ပြီးတော့ နောက်ဝင်လာတဲ့ ဧည့်သည်တွေကို နှုတ်ဆက်တယ်။ ဒါပေမဲ့ သူလေ ကျွန်မကိုတစ်ချက် ဖျတ်ခနဲကြည့်လိုက်တယ်။ ကျွန်မ ဘယ်လောက်သိသလဲဆိုတာ စူးစမ်းတဲ့အကြည့်ပေါ့။ အဲ ...ပြီးတော့ တစ်ခါတည်း သဘောပေါက်သွားတယ်။ ကျွန်မဟာ အားလုံးဓာတ်စုံသိပြီးပြီဆိုတာ သိနားလည်သွားတယ်လေ"

"အိုကွာ ...အမာကလည်း အဓိပ္ပာယ်မရှိ လျှောက်ပြောနေတာပဲ။ အမာစိတ်ထဲမှာ ဘာရှိနေတယ်ဆိုတာကို တစ်ချက်ကြည့်လိုက်ရုံနဲ့ သူဘယ့်နှယ် လုပ်ပြီး သိနိုင်ပါ့မလဲ။ ပြီးတော့ သူ့စိတ်ထဲမှာ ဘာတွေးနေတယ်ဆိုတာကိုလည်း မင်းဘယ်လိုလုပ် သိသလဲ" ကိုမောင်မောင်တင်က သူ့ဇနီးကို ဝင်၍ထောက်ပါသည်။

"အို ...ကိုမောင်ကလည်း ကျွန်မတွေးတဲ့အတိုင်း ဖြစ်ရမယ်။ ဟုတ်ရမယ်။ ကျွန်မတို့နှစ်ယောက် မျက်လုံးချင်းဆုံမိကြတဲ့ တဒင်္ဂမှာပဲ သူ့စိတ်ထဲ ရှိတာ ကျွန်မစိတ်ထဲရှိတာတွေ တစ်ယောက်နဲ့တစ်ယောက် ဖွင့်ထုတ်လိုက်ကြပြီလေ။ ပြီးတော့ ကျွန်မထင်တာ လုံးလုံးမမှားဘူးဆိုရင် အဲဒီညက သူ့ပွဲကို ဖျက်တဲ့သူဟာ ကျွန်မပဲဖြစ်ရမယ်"

ကိုမောင်ခေါ် ကိုမောင်မောင်တင်က ရယ်ပါသည်။ ကျွန်တော်လည်း ပြုံးမိပါသည်။ အမာသည် ထိုမိန်းမကို မျက်လုံးဖြင့် လက်စားချေလိုက်ရသဖြင့် နှစ်သက်အားရသံဖြင့် ပြောနေသည်ကို ကျွန်တော်သတိချပ်မိ၍ ပြုံးမိခြင်းဖြစ်ပါသည်။

"အမာကလည်းကွာ။ ပြောလိုက်ရင် မဆင်မခြင်ချည်းပဲ"

"နေပါဦးဆရာ။ ဆရာ့ကို အမာတစ်ခု မေးစမ်းပါရစေ။ ခင်အေးလွင်ဟာ ဆရာ့မိတ်ဆွေရင်းချာလား"

"မိတ်ဆွေရင်းချာရယ်လို့လည်း မဆိုနိုင်ပါဘူးအမာ။ အင်းလေ ဘယ်လိုပြောရမလဲ။ သိတာတော့ ဆယ်နှစ်လောက်ရှိပြီ ဆိုပါတော့။ သူ့ဦးလေးနဲ့ သူ့ဝမ်းကွဲ အစ်ကိုတစ်ယောက်က ရုပ်ရှင်ကုမ္ပဏီတစ်ခုရှိတယ်။ စာအုပ်ထုတ်ဝေရေးတစ်ခုလုပ်တယ်။ ကျွန်တော်က စာရေးဆရာဆိုတော့ ဒီလိုပဲ ပတ်သက်ရာ ပတ်သက်ကြောင်း သိသွားကြတာပေါ့။ ညှော်ခံပွဲ ခဏခဏလုပ်တယ်။ ပွဲလုပ်ရင် ကျွန်တော့်ကို မမေ့ဘူး။ လုပ်တိုင်းလိုလိုပဲ ကျွန်တော့်ကို ဖိတ်တယ်။ သူ့ပရိသတ်က ကျွန်တော်လို စာရေးဆရာတစ်ယောက် သူ့ပွဲရောက်သွားတော့ အံ့အားသင့်ကြဟန်တူတယ်။ ကျွန်တော်တို့က စာရေးဆရာဆိုတော့ လူစုံတွေ့ချင်တယ် မဟုတ်လား။ လူတွေ့တော့ ကုန်ကြမ်းတွေ့တာပေါ့"

"ဆရာ သူ့ကို ဘယ်လိုထင်သလဲ"

"ခင်အေးလွင်ကိုလား ရန်ကုန် လူကုံထံလောကမှာ နာမည်ကြီးပါပဲ။ ညှော်ခံကောင်းတယ်။ ခဏခဏပါတီပေးတယ်။ ဝီစကီတို့ ကွန်းညက်တို့လည်း တိုက်တယ်။ အစားကောင်းလည်းကျွေးတယ်။ စကားပြောလို့လည်းကောင်းတယ်။ ကြည့်ရတာလည်း ကျက်သရေရှိတယ်။ သြော်...ပြီးတော့ စာပေအနုပညာကိုလည်း နည်းနည်းလိုက်စားတယ်။ ပြီးတော့ ကျွန်တော့် ဝတ္ထုတွေကို ကြိုက်တယ်လည်းပြောတယ်။ အမာကရော ခင်အေးလွင်ကို ဘယ်လိုထင်လို့လဲ"

"အားတော့ နာတော့နာပါတယ်ဆရာ။ နားနဲ့မနာ ဖဝါးနဲ့နာပါ ဆရာ။ ကျွန်မတော့ သူ့ကိုမိန်းမယုတ်လို့ ထင်တာပဲ" အမာ၏ အသံမှာ ကြည်လင်သည်။

ပိုင်းပိုင်းပြတ်ပြတ်ရှိသည်။

"ဘယ်လို ...ဘာရယ် ..." ကျွန်တော် ဘာဆက်ပြောရမှန်း မသိတော့ပါ။ အံ့အားသင့်နေမိပါသည်။

"ဆရာ့ကို ပြောပြလိုက်ပါ ကိုမောင်ရယ်"

ကိုမောင်မောင်တင်သည် ငြိမ်နေသည်။

"အမာကလည်းကွာ" ကိုမောင်မောင်တင်သည် ခဏတွေနေသည်။ အားနာနေသည်။ ပြီးမှ "ပြောလို့ကောင်းပါ့မလားလို့ စဉ်းစားနေတာကွ"

"ကိုမောင် မပြောရင် အမာပြောပြလိုက်မယ်"

"အမာကတော့ ခင်အေးလွင်ကို အစိမ်းလိုက်ဝါးစားချင်တယ်။ အေး ... ခင်ဗျားပြောရတာလည်း မကောင်းပါဘူး" ကိုမောင်မောင်တင်သည် စဉ်းစားနေသည်။ ထို့နောက် နဂါးစပယ်ရှယ်ကိုဖွာကာ မီးခိုးကွင်းကလေးများ မှုတ်ထုတ်နေသည်။

"ပြောပြလိုက်ပါ ကိုမောင်ရဲ့"

"ကဲ... ပြောပြရတာပေါ့လေ။ပြောပြမှလည်း ရှင်းသွားမှာကိုး၊ သိပ်မကြာသေးဘူး။ ကျွန်တော်က ဖန်းမော်မှာ မြို့အုပ်ကြီးလုပ်နေတယ်။ ဖန်းမော်ဟာ ကျွန်တော်ရဲ့ မြို့အုပ်ဘဝမှာ တတိယအကြိမ်ပြောင်းရတဲ့မြို့ပဲ။ ကျွန်တော်က ရေစကြိုမြို့သား။ မြို့အုပ်အဖြစ်နဲ့ ပထမဆုံး မြင်းခြံရောက်တယ်။ မြင်းခြံမှာ အမာနဲ့ အိမ်ထောင်ကျတယ်။ မြင်းခြံကနေ မိုးကုတ်၊ ပြီးတော့ ကချင်ပြည်နယ် ဖန်းမော်ကို ရောက်လာတယ်။ ဖန်းမော်ရောက်စဆိုပါတော့"

"ဖန်းမော်မှာ ကျွန်တော်တို့အရာရှိတစ်တွေ ပျော်ပွဲစားထွက်ကြတဲ့ နေရာနှစ်ခုရှိတယ်။ ရေပူစမ်းရယ်၊ ရေတံခွန်စခန်းရယ်၊ ကျွန်တော်တို့က ရေတံခွန်ကိုသွားကြတယ်။ အဲဒီ ရေတံခွန်စခန်းက ဖန်းမော်နဲ့ ဆယ့်ခုနစ်မိုင်ဝေးတယ်။ နမ့်ဖတ်ကာ ရွာကလေးက အထဲဝင်သွားရတယ်။ သာယာတယ်၊ ရေတံခွန်ရှိတယ်။ တံတားလေးရယ်၊ စမ်းရေရယ်၊ ကျောက်ဆောင်တွေရယ်၊ တနင်္ဂနွေတစ်နေ့မှာ ကျွန်တော်တို့ အဲဒီကိုပျော်ပွဲစားထွက်ကြတုန်း တိုက်ပိုင်ကြီး ရုတ်တရက်ရောက်လာတယ်။ မြို့သစ်မှာ လူတစ်ယောက်သေလို့ လိုက်ခဲ့ပါတဲ့။ လူသတ်မှုလားဆိုတော့ လူသတ်မှုလည်း မဟုတ်ဘူး။ ရန်ကုန်သား ဗမာတစ်ယောက်လို့ ဆိုတာပဲ။ ဟုတ်တယ်။ မြို့သစ်ဆိုတာ ရှမ်းတရုတ်ရယ်၊ တရုတ်ရယ်၊ ကချင်ရယ်နေကြတာကိုး။ ဗမာတွေလည်း ရှိတာပေါ့။ ရန်ကုန်သား ဗမာဆိုတာကတော့ နည်းနည်းထူးဆန်းတယ်ပေါ့။ ဘယ်သူဘယ်ဝါ၊ နာမည်ဘယ်သူလဲဆိုတာလည်း တိုက်ပိုင်ကြီးက သေသေချာချာ

မသိဘူး။ ရှမ်းတရုတ်မတစ်ယောက်ရဲ့ ယောက်ျားဆိုတာပဲသိတယ်။ မြို့သစ်က နမ့်ဖတ်ကာ စခန်းနဲ့ သိပ်မဝေးလှပါဘူး။ ခုနစ်မိုင်လောက်ပဲ ဝေးတယ်။ ကျွန်တော်လည်း အဖွဲ့ကိုထားခဲ့ပြီး မြို့သစ်ကိုလိုက်သွားတယ်။ မြို့သစ်ဆိုတာ ရွာကြီးပါပဲ။ ဗန်းမော်မြို့အုပ် လက်အောက်ကပေါ့။ ဗန်းမော်၊ မြစ်ကြီးနားကားလမ်းမှာ စခန်းတစ်ထောက်ရွာကြီးဖြစ်နေလို့ နည်းနည်းလူနေအိမ်ခြေစည်ကားတယ်ပေါ့။ ဈေးဆိုလို့လည်း ကားဆိပ်က နေ့ရောညပါ ဖွင့်တဲ့ညဈေးတန်းပဲ စည်ကားတယ်။ ပုလိပ်တွေက ကျွန်တော့်ကို ကားဆိပ်နောက်ဘက်ကလမ်းကြား တစ်ခုထဲခေါ်သွားတယ်။ သံဖြူဆိုင်တစ်ခုရောက်တော့ ဘေးကလှေကားနဲ့ သံဖြူဆိုင်အပေါ်ထပ် တက်လိုက်ရတယ်။ ချဉ်စုတ်စုတ်အနံ့က သိပ်ဆိုးတာပဲ။ အပေါ်ထပ်ရောက်တော့ ရှမ်းတရုတ်မတစ်ယောက် တံခါးဖွင့်ပေးတယ်။ အဲဒီမိန်းမဟာ သေသူ ရန်ကုန်သားဗမာရဲ့ မိန်းမဖြစ်မှာပဲ။ မျက်နှာကြည့်ရတာ ငိုထားတဲ့မျက်နှာပဲ။ နွမ်းရိနေပါပြီ။ ဆင်းရဲဒုက္ခပိနေတဲ့မျက်နှာမျိုးပဲ။ ငယ်ငယ်ကတော့ လှပါလိမ့်မယ်။ ကြည့်ပျော်ရှုပျော် ရှိပါလိမ့်မယ်။ သူက ဘာမှမပြောဘူး။ အခန်းထဲဝင်ဖို့ လမ်းဖယ်ပေးတယ်။ အခန်းက ကျဉ်းကျဉ်းလေးပါ။ နောက်မှီကျိုးနေတဲ့ ကုလားထိုင်တစ်ခုရှိတယ်။ နံရံနားကဖျာပေါ်မှာ အလောင်းတစ်လောင်းတွေ့ရတယ်။ အခန်းက မှောင်နေတော့ ပြတင်းကို အဖွင့်ခိုင်းရတယ်။ အခန်းက အောက်သိုးသိုး နံနေတယ်။ အဆိုးဆုံးကတော့ ဘိန်းချေးနံ့ပဲ။ စားပွဲတစ်လုံးပေါ်မှာ မီးခွက်တစ်ခု၊ သံချောင်းရှည်ရှည်တစ်ခု တွေ့ရတယ်။ ဘိန်းရှုတဲ့ပစ္စည်းတွေပဲပေါ့။ ဘိန်းပြောင်းကိုတော့ မတွေ့ရပါဘူး။ အလောင်းပေါ်မှာ ဘာမှုလွှမ်းမထားဘူး။ ခါးမှာ လုံချည်ခပ်နွမ်းနွမ်းတစ်ထည်နဲ့ ကိုယ်မှာ စပို့ရှပ်တစ်ထည်ဝတ်ထားတယ်။ ဆံပင်နည်းနည်းဖြူနေပြီ။ မုတ်ဆိတ်မွေးရှည်နေတယ်။ ဟုတ်ပါတယ်။ ဗမာပါပဲ။ ရန်ကုန်သားလား၊ မန္တလေးသားလားတော့မသိဘူး။ အသားကခပ်လတ်လတ်၊ ငယ်ငယ်ကရုပ် ဖြူးမယ်ထင်တယ်။ သေတာဟာ ရိုးရိုးလား၊လူသတ်တာလား ကြည့်ရသေးတယ်။ အလောင်းက အရိုးပေါ်အရေတင်ရုံပါ။ ဒဏ်ရာဒဏ်ချက်မရှိပါဘူး။ ကြည့်ရတာကတော့ ငတ်ပြတ်ပြီး နောက်ဆုံးပိတ်တစ်နေ့မှာ အားပြတ်သေသွားတာဖြစ်မှာပဲ။ ရှမ်းတရုတ်မနဲ့ ပုလိပ်ကို မေးမြန်းကြည့်ရတယ်။ ရှမ်းကရုတ်မကို ပုလိပ်က ကူညီဖြည့်စွမ်းကြည့်ရတယ်။ သူက ဗမာစကား သိပ်မပီဘူး။ သေတဲ့လူဟာ ခဏခဏသွေးအန်တယ်။ ချောင်းဆိုးတဲ့အခါ သွေးပါတယ်။ ဒီတော့ တီဘီရောဂါ ရှိမှာပေါ့။ အဆုတ်နာဖြစ်နေတာကြာနေပြီဖြစ်မှာပဲ။ ပြီးတော့ ဘိန်းရှုတာ ဘိန်းစားတာကြာပြီတဲ့။ ဒါလည်း ထင်ရှားပါတယ်။ ဒီတစ်ဝိုက်မှာ ဒီလိုရုပ်ရည်သန့်သန့် ဗမာတစ်ယောက် ဘိန်းစားပြီ

အာဟာရပြတ် အားပြတ်ပြီးသေသွားတယ်ဆိုတဲ့ အဖြစ်မျိုးကတော့ ခပ်ရှားရှားပဲ။ ရှမ်းတရုတ်မက သူ့ကိုမြတ်နိုးတယ်။ ရှာဖွေကျွေးတယ်။ ဈေးရောင်းကျွေးတယ်။ ဒီလူနဲ့ နှစ်နှစ်လောက်ရှိပြီဆိုပဲ။ ဒါနဲ့ ကျွန်တော်လည်း လိုအပ်တာတွေကို ညွှန်ကြား ရတာပေါ့။ အေးဗျာ အဲဒီလူ ဘယ်သူလဲဆိုတာ ကျွန်တော်သိပ်သိချင်တာပဲ။ ဒီနား တစ်ဝိုက်မှာ အလုပ်လုပ်ဖူးတဲ့သူဖြစ် ရမယ်ထင်တယ်။ ဗန်းမော်၊ မြစ်ကြီးနား၊ ကသာ တစ်ဝိုက်မှာ တော်တော်လေးအနေကြာတဲ့ ဗမာထဲကဖြစ်မှာပဲလို့ တွေးကြည့်တယ်။ ဒါနဲ့ သူ့ပစ္စည်းတွေ ဘာများကျန်ခဲ့သလဲလို့ ရှမ်းတရုတ်မကိုမေးကြည့်တယ်။ တဲစုတ်နဲ့နေတဲ့ လူတွေကို ဘာပစ္စည်းကျန်ခဲ့သလဲမေးရတာတော့ အားနာစရာ ခပ်ကောင်းကောင်းပဲ။ ဒါပေမဲ့ သူ့မိန်းမက အခန်းထောင့်တစ်နေရာမှာရှိနေတဲ့ သားရေသေတ္တာခပ်စုတ်စုတ်ဆီသွားပြီး အထုပ်တစ်ထုပ်ဆွဲထုတ်လာတယ်။ သတင်းစာစက္ကူနဲ့ပတ်ထားတာ ဝတ္ထုစာအုပ်နှစ်အုပ်စာလောက်ထုတယ်။ သေတ္တာ ထဲမှာ တခြားအဖိုးတန်တာ ဘာမျှမရှိပါဘူး။ ဒါနဲ့ အဲဒီအထုပ်ကို ကျွန်တော်ယူ ကြည့်မိတယ်"

ကိုမောင်မောင်တင်သည် ခဏနားကာ မီးသေနေသော ဆေးပေါ့လိပ်ကို မီးညှိပါသည်။ ပြီးမှ ဆက်ပြောပါသည်။

"အထုပ်ကို ဖြည်ကြည့်တယ်။ အထဲမှာ တစ်ထပ်စက္ကူဖြူနဲ့ ထုပ်ထား သေးတယ်။ စက္ကူဖြူပေါ်မှာတော့ ဒီအထုပ် မြို့အုပ်ကြီးကိုပေးပါလို့ သေသေ သပ်သပ် ရေးထားတာ တွေ့ရတယ်။ မြို့အုပ်ကြီးဆိုတာ ကျွန်တော်ပဲပေါ့။ ပြီးတော့ မြို့အုပ်ကြီးခင်ဗျား ကျေးဇူးပြုပြီး ဒီအထုပ်ကို ရန်ကုန် ရှစ်မိုင် ဓဝရက်ရိပ်သာနေ ဒေါ်ခင်အေးလွင်ထံသို့ လူကိုယ်တိုင်သွားပြီး ပို့ပေးပါခင်ဗျားတဲ့။ အံ့သြစရာ ကောင်းဘူးလားဗျာ။ ဒီတော့ ကျွန်တော့်မှာ အထုပ်ထဲဘာပါသလဲလို့ ကြည့်ရတာ ပေါ့။ အထုပ်ဖြည်လိုက်တော့ ပထမဆုံးတွေ့ရတဲ့ ပစ္စည်းက ရွှေနဲ့ပလက်တီနမ်နဲ့ လုပ်ထားတဲ့ ရွှေစီးကရက်ဘူးပြားလေးတစ်ခုပဲ။ ကျွန်တော်လည်း ပါးစပ်အဟောင်း သားဖြစ်သွားတယ်။ နားမလည်နိုင်အောင် ဖြစ်သွားတယ်။ စဉ်းစားကြည့်လေ။ ဒီလင်မယားဟာ စားစရာမရှိဘူးတဲ့။ ရွှေစီးကရက်ဘူးကိုကြည့်လိုက်တော့ ဒီအထဲ ထည့်တဲ့ စီးကရက်အလိပ်နှစ်ဆယ်လောက်သာ တန်သလိုလို ထင်ရတယ်။ အထုပ် ထဲမှာ ရွှေစီးကရက်ဘူးအပြင် စာတွေအထပ်လိုက်တွေ့ရတယ်။ စာအိတ်မပါဘူး။ စာတွေချည်း ထပ်ထားတာ။ ကျွန်တော့်ဆီရေးတဲ့ လက်ရေးလက်သားအတိုင်း သပ်သပ်ရပ်ရပ် ရေးထားကြတယ်။ စာတိုင်းရဲ့အဆုံးမှာ 'သန်း'လို့ အတိုကောက် လက်မှတ်ထိုးထားတယ်။ အားလုံး စာအစောင်ပေါင်း ငါးဆယ်လောက်ရှိတယ်။

အကုန်လုံး ဘယ်ဖတ်နိုင်ပါ့မလဲ။ဒါပေမဲ့ တစ်စောင်နှစ်စောင်လောက် ခပ်သွက်သွက် ဖတ်လိုက်တာနဲ့ ဒီစာတွေဟာ ယောကျ်ားတစ်ယောက်ဆီက မိန်းမတစ်ယောက်ဆီကို ရေးတဲ့ ရည်းစားစာတွေဆိုတာ သိရတာပေါ့။ ဒါနဲ့ ရှမ်းတရုတ်မကိုသေတဲ့ လူရဲ့ နာမည်မေးကြည့်တယ်။ သူ့စကားကို ကျွန်တော် နားမလည်ဘူး။ ကိုတန်းဆိုလား ကိုဘတန်းဆိုလား ပြောတာပဲ။ သူ့စာတွေမှာ 'သန်း'ဆိုတော့ ကိုသန်းလည်း ဖြစ်နိုင်တယ်။ ဒါနဲ့အလောင်းကို ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ဖို့ပြောပြီး ပြန်လာခဲ့ရတာပေါ့။ ပျော်ပွဲစားတဲ့ စခန်းကလူတွေလည်း ပြန်ကြပြီ။ ဗန်းမော်ကို ကျွန်တော်ပြန်ရောက်တော့ ညနေ ၆နာရီ ကျော်နေပြီ။ ဒါနဲ့ ကြုံခဲ့ရတဲ့အဖြစ်ကို အမှာ့ကိုပြောပြရတယ်"

ထိုသို့ပြောကာ ကိုမောင်မောင်တင်သည် အမှာ့ကို ပြုံးကြည့်လိုက်ပါသည်။

"အမှာ၊ ဒီစာတွေကို ဖတ်ချင်တယ်။ ဖတ်ရမှ ဖြစ်မယ်ဆရာ။ ဒီတော့ ကိုမောင့်ကို အတော့်လေးပြောယူရတယ်။ အစကတော့ ဖတ်ခွင့်မပေးဘူး။ ဒါပေမဲ့ ဒီစာတွေဖတ်ပြီး ရှုပ်ရှုပ်ယှက်ယှက်လုပ်မှာမှ မဟုတ်ဘဲဟာ။ မဟုတ်လားဆရာ"

"ဒီစာတွေက ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူးခင်ဗျ။ ဒီတော့ ဘာမှ သိစရာ အကြောင်းမရှိဘူးပေါ့"

"စာထဲမှာ သူ့နာမည်အပြည့်အစုံ တွေ့ချင်တွေ့နိုင်မှာပေါ့ ဆရာရဲ့"

"ဒါနဲ့ ဘယ်လိုလုပ်ပြီး ဖတ်ရအောင် လုပ်သလဲဟင်"

"ကိုမောင်နော် ...ဟင်း။ အလကားဆရာ။ သူနောက်နေတာ။ ဒါပေမဲ့ သူပေးမဖတ်ရင် အမှာရှူးများသွားမလား မသိဘူး"

"ဒါနဲ့ သူ့နာမည်အပြည့်အစုံတွေ့ရောလား"

ကျွန်တော်က ဝင်မေးမိသည်။

"ဟင့်အင်း မတွေ့ရဘူး"

"လိပ်စာရော တွေ့သေးသလား"

"ဒါတော့ တွေ့ပါတယ်။ ဒါပေမဲ့ မမျှော်လင့်နိုင်တဲ့ နေရာဌာနမျိုးခင်ဗျ စာရေးစက္ကူတွေအားလုံးဟာ နိုင်ငံခြားရေးဌာန သံတမန်ရေးရာ ဌာနခွဲခေါင်းစီး ချည်းပဲ"

"ဟုတ်လား။ အင်း ...ဒါတော့ အဆန်းသားပဲ"

"ဒါနဲ့ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဖြစ်နေသေးတယ်။ ဒေ ခင်အေးလွင်ဆီ စာရေးပြီး ဒီကကြုံရတဲ့ကိစ္စကို အကြောင်းကြားရမလား။ အင်း

ဒါလည်း မဖြစ်သေးဘူး။ အခန့်မသင့်ရင် ကြားထဲက ကျွန်တော်ပါ ဒုက္ခရောက် ဖြစ်တယ် မဟုတ်လားခင်ဗျ။ သူ့ညွှန်ကြားချက်က ကျွန်တော်ကိုယ်တိုင် သွားပေးပါလို့ဆိုတယ်။ ဒါနဲ့ စာတွေကို ပြန်ထုပ်ပြီး လုံခြုံရာသိမ်းထားရပြန်တာပေါ့။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလောက်မှာ ခွင့်ယူပြီး ရန်ကုန်ကိုဆင်းမယ်။ ဓာတ်ကိုလည်း ပြန်မယ်လို့ အစီအစဉ်ရှိထားလေတော့ အဲဒီအချိန်အထိစောင့်ရတာပေါ့။ စာတွေကတော့ အပေးအယူလုပ်တဲ့ သဘောများပါတယ်"

"ဒါပေမဲ့ ခပ်ရှင်းရှင်းပြောရရင်တော့ ဓာတ်ရှုပ်ကြီးရဲ့ အထုပ်ကို ဖြည်ပြလိုက်တာပါပဲဆရာရယ်။ ဒါပါပဲ"

အမာက ဤသို့ပြောကာ တခစ်ခစ်ရယ်လိုက်ပါသည်။

"ဝေး ...သူများကိုယ်ရေးကိုယ်တာ ကိစ္စကို ဒီလောက်အထိပြောဖို့ မလိုဘူးလေ"ကိုမောင်မောင်တင်က အမာကိုလှမ်း၍ ဟန့်လိုက်ပါသည်။

သူတို့ လင်မယားသည် ပြောသင့်မပြောသင့်ကို အငြင်းအခုံဖြစ်လိုက်ကြပါသေးသည်။ ကိုမောင်မောင်တင်ဘက်ကမူ တာဝန်ဝတ္တရားအရ ယုံကြည်စိတ်ချ၍ အပ်နှံခြင်းခံခဲ့ရသည့် 'ပြည်ဖုံးကားချ ဓာတ်ရှုပ်'တစ်ခုကို ထိန်းထိန်းသိမ်းသိမ်း လုပ်လိုသည့် ဆန္ဒရှိရိုးအမှန်ပင်ဖြစ်ပါသည်။ သို့တိုင်အောင် ကျွန်တော့်လို စာရေးဆရာတစ်ယောက်အား သူသိသမျှ ကမှအ အထိ ပြောပြလိုသည့်ဆန္ဒတစ်ခု သူ့ဇနီးအမာတွင် ပြင်းပြင်းပြပြရှိနေပါသည်။ ထိုဆန္ဒကို ဟန့်တားထိန်းချုပ်မရနိုင်မှန်းလည်း ကိုမောင်မောင်တင် သိထားဟန်တူပါသည်။ အမာသည် ခင်အေးလွင်ကို အကောင်းမမြင်တော့။ ခင်အေးလွင် ကိုယ်တိုင်က သူ့အကြောင်း ဘယ်လိုရှင်းပြစေကာမူ လက်ခံလိမ့်မည်မဟုတ်။ အမာသည် ကွယ်လွန်သူ ကိုကံဆိုးကိုသာ သနားနေဟန်တူပါသည်။ သူ့ထင်မြင်ချက်နှင့်သူ ဝင်ရောက်စွက်ဖက်ပြောဆိုနေသည့် အမာ့စကားတို့ကို ကိုမောင်မောင်တင်က လိုက်၍ဖြေပါသည်။ ဖာထေးပါသည်။ ချဲ့ထွင်ပြောဆိုသည်တို့ကို ထိန်းပါသည်။ ရည်းစားစာတွေကိုဖတ်ကာ စာထဲက အဖြစ်ထက်၊ စာထဲကအရှိထက် အမာက ပို၍တွေးသည်။ စိတ်ကူးနယ်ချဲ့ချင်တိုင်း ချဲ့သည်။ သည်စာတွေကို အခြေခံကာ အမာတစ်ယောက် တွေးချင်တိုင်း တွေးမည်ဟု ကိုမောင်မောင်တင်က အပြစ်တင်ပါသေးသည်။ ဟုတ်သည်။ အမာသည် သူ့စိတ်ကို လွှတ်ပေးထားလိမ့်မည်။ရည်းစားစာတို့သည် သူ့စိတ်ကို များစွာလေးနက်စေမည်အမှန်ဟု ကျွန်တော်ထင်သည်။ အမာက စာများအရ အခြေအနေ အဖြစ်အပျက်တို့ကို ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ကျွန်တော့်အား ပြောပြပါသည်။ တစ်ဖန် ကိုမောင်မောင်တင်က သူ့ဇနီး၏ စကားကိုဝင်၍ ထိန်းပါသည်။

ပြင်ဆင်ဖြည့်စွက်ပါသည်။ ယင်းတို့အားလုံးကို ပေါင်းရုံးလိုက်သော် ကျွန်တော့်တွင် ပြည့်ဖုံးကားချထားသော ထိုဇာတ်လမ်းကို ရှေ့နောက်ညီညွတ်စွာ ဆက်စပ်၍ရလာပါသည်။ လောက၏ ထုံးတမ်းအစဉ်အလာတို့အရ ဖြစ်တန်ရာတရား ဖြစ်နိုင်စွမ်း ဥပဒေသ စသည် စသည်တို့နှင့် ပေါင်းစပ်ဆင်ခြင်လိုက်သည့်အခါ ကြည်လင်ပီပြင်သော ဇာတ်လမ်းတစ်ခုကိုမြင်လာပါသည်။ တစ်ခုကား သေချာပါသည်။ ယင်းမှာ ဤ ဇာတ်လမ်းသည် သနားကြင်နာစရာကောင်းသည်။ ကြေကွဲစရာကောင်းသည် အမှန်။

"ဒီစာတွေဖတ်ပြီး အမာတစ်ယောက် ကျိတ်ပြီး ကျေနပ်နေတာတွေ့ရတော့ ကျွန်တော့်စိတ်ထဲမှာ ဒေါသူပုန်ထလာတယ်ခင်ဗျ။ ဘယ်လိုများစိတ်တိုလာမှန်း မသိဘူး"

"အို ...ကိုမောင်က မစဉ်းစားလို့ပါ။ အမာဖတ်ဖူးတဲ့ ရည်းစားစာတွေထဲမှာတော့ ဒီစာတွေဟာ တအံ့တသြပါပဲ။ ကိုမောင်တောင် အမာ့ဆီ ဒီလိုစာမျိုး မရေးဖူးခဲ့ပါဘူး"

"အိုး ...ဒီလို ပတ်ချွဲနှပ်ချွဲများ ရေးခဲ့ရင် မင်းက ငါ့ကိုစောက်ရူးလို့ ထင်မှာပေါ့ကွ"သူ့အသံသည် မာလာကာ မျက်နှာမှာ တင်းမာလာပါသည်။

ထိုအခါ အမာက ချစ်ခင်ပွန်းကို ချစ်စရာ့အပြုံးဖြင့် တစ်ချက်ကြည့်လိုက်ပါသည်။

"အမာတော့ ကိုမောင့်ဆီက အဲဒီစာမျိုး သိပ်ဖတ်ချင်တာပဲ။ ကိုမောင့်အတွက် အမာဘယ်လောက်အရှုံးအမှုံးဖြစ်ခဲ့ရတယ်ဆိုတာ ကိုယ်စောင့်နတ်တွေ သိပါတယ် ကိုမောင်ရယ်"

ဤသို့ဆိုလျှင် ခင်အေးလွင်နှင့် 'သန်း'တို့၏ ဇာတ်လမ်းသည် သိသာထင်ရှားလာပါသည်။ သူ့နာမည်မှာ ကိုသန်းဆိုကြပါစို့။

နိုင်ငံခြားရေးဝန်ကြီးရုံးမှ အမှုထမ်းတစ်ယောက်ဖြစ်သည့် 'ကိုသန်း'သည် အတွင်းဝန်ကတော် ခင်အေးလွင်နှင့် ချစ်ကြိုးသွယ်မိခဲ့ကြသည်။ မူလက ရည်းစားဟောင်းဖြစ်နိုင်ဖို့များသည်။ ချစ်ကြိုးသွယ်မိကြပြီးနောက် မကြာခဏဆိုသလိုပင် ချစ်သူချင်းတွေ့ကြသည်။ ယခုအဖြစ်ကား ကိုသန်းက ကြာခိုသူဆိုပါစို့။ ဇာတ်လမ်းသည်လည်း နောက်မီးလင်းဇာတ်လမ်းဆိုကြပါစို့။ မည်သို့ဖြစ်စေ သူတို့နှစ်ယောက်ဆက်သွယ်မိကြသည်။ စောစောပိုင်း ရည်းစားစာများမှာ ကိလေသာစိတ်ပူပန်ရာမှ ယိုစီးလာသည့်စာများဖြစ်သည်။ အချစ်စိတ် လှုပ်ရှားထကြွလာသည်ကို မဖုံးမကွယ် တည့်တည့်တန်းတန်းရေးသည့် စာများဖြစ်သည်။ ထိုအချိန်တွင် ချစ်သူနှစ်ဦးမှာ

အပျော်ကြီး ပျော်နေကြသည်။ သူတို့အချစ်သည် အသက်ထက်ဆုံးရှည်ကြာလိမ့်မည်ဟု မျှော်လင့်ကြသည်။ ချစ်သူနှင့်ချစ်တင်းနှီးနှောပြီး ပြန်အလာတွင် သူကချက်ချင်းစာကောက်ရေးသည်။ အကယ်၍များ 'လွင်လွင်'လေးကို ဆုံးရှုံးရလျှင် သူ့အတွက် ဘဝဆုံးပြီဟု ဆိုသည်။ ကိုမောင်မောင်တင်နှင့်အမာတို့၏ အသံထွက်မှာ 'လွန်လွန်'ဖြစ်ပါသည်။ လွင်လွင်သည် သူ့အသည်းတစ်နေရာတွင် နေရာယူထားသည်။ လွင်လွင်ကို အမြဲလိုမြင်နေသည်။ အသံကို ကြားနေသည်ဟူ၍လည်း ဖွဲ့နွဲ့သည်။ လွင်လွင်ကလည်း သူ့နည်းတူ စွဲလမ်းမည် အမှန်။ စာတစ်စောင်တွင် လွင်လွင်ချိန်းသည့်နေရာ လွင်လွင်ရှိနိုင်သည့် နေရာသို့ သူမလာသဖြင့် လွင်လွင်က ရန်တွေ့သည်ကို ပြန်၍ဖြေထားသည်။ အကြောင်းပြထားသည်။ လွင်လွင်နှင့်တွေ့ရန် လာမည့်ဆဲဆဲတွင် အလုပ်တစ်ခုက သူ့ကိုဆွဲထားသဖြင့် မလာဖြစ်နိုင်ကြောင်း။ ထို့ကြောင့် မည်မျှစိတ်ဆင်းရဲ ရကြောင်းကို ဖြေရှင်းသည်။

သည့်နောက်တွင် အရေးကောင်း ဒိန်းဒေါင်းဖျက်ကိန်းရောက်လာသည်။ အဖျက်သမား ဝင်လာသည်။ ဘယ်လိုကဘယ်လို ဝင်လာသည်ကိုကား တွေးဆယူရန်သာရှိလေသည်။ ခင်အေးလွင်၏ ကာမပိုင်ယောကျ်ားကြီး အတွင်းဝန်ဦးသိန်းလွင်သည် သူ့ဇနီး၏ နောက်မီးလင်းဇာတ်ကို သိသွားသည်။ မယုံသင်္ကာဖြစ်ခြင်းမဟုတ်၊ သက်သေသက္ကာယဖြင့် လက်ဆုပ်လက်ကိုင်ပြနိုင်သည်ဟု ဆိုလာသည်။ သူ့မယားသစ္စာဖောက်သည်ကို လူသိရှင်ကြားဖြစ်အောင် လုပ်မည်ဟုဆိုသည်။ ဦးသိန်းလွင်တို့လင်မယား ရန်ဖြစ်ကြသည်။ အော်ကြီးဟစ်ကျယ်ဆူဆူပူပူဖြစ်ကြသည်။ ခင်အေးလွင်သည် သူ့မိဘအိမ်သို့ ဆင်းသွားသည်။ ဦးသိန်းလွင်က လင်မယား တရားဝင်ကွာရှင်းမည်ဟု ရာဇသံပေးသည်။ ထို့နောက်ကိုသန်း၏စာများသည် လေသံပြောင်းလာသည်။ လွင်လွင်ကို တွေ့ချင်သည်။ ပြောစရာတွေရှိသည်ဟု တောင်းဆိုသည်။ ခင်အေးလွင်က ငြင်းဆိုသည်။ မိဘများကလည်း နောက်ထပ် အဆက်အသွယ်မလုပ်ရဟု တင်းတင်းကျပ်ကျပ် တားမြစ်ထားသည်။ လွင်လွင်တစ်ယောက် စိတ်ဒုက္ခရောက်နေသည်ကို သူသနားသည်။ သနားသည်။ ဤသို့ ချစ်ဒုက္ခပင်လယ်ဝေအောင် လုပ်မိသည့်အတွက်လည်း စိတ်မကောင်းဖြစ်ရသည်။ မိဘနှစ်ပါးက တဆူဆူတပူပူ နားမချမ်းသာအောင် မြည်တွန်တောက်တီးနေသည့်အတွက် စိတ်ညစ်နေသဖြင့်လည်း သနားမိသည်ဟု သူ့စာများက ဆိုသည်။ သို့သော်လည်း သူတို့ဇာတ်လမ်းသည် စောစောစီးစီး အဆုံးသတ်ပြေသွားသည်မှာ ကောင်းသည်။ တအုံ့နွေးနွေးမနေရတော့။ သူတို့နှစ်ယောက်၏အချစ် ခိုင်မြဲနေမည်ဆိုလျှင် ဘာကိုမျှ ဂရုစိုက်နေစရာမလို။ တစ်ယောက်ကို

တစ်ယောက် အချစ်မပြယ်ဖို့သာ အရေးကြီးသည်။ ပြီးတော့ ဦးသိန်းလွင်ကို သိပ်မုန်းတာပဲဟူ၍လည်း မအောင့်အည်းနိုင်ဘဲ ဖွင့်ထုတ်လိုက်သေးသည်။ သူ ဘာလုပ်မလဲ။ လုပ်ချင်ရာ လုပ်ပါစေပေါ့။ မြန်မြန် ကွာရှင်းမယ်ဆိုရင် ကိုယ်တို့ နှစ်ယောက် မြန်မြန်နီးရဖို့ပဲ မဟုတ်လား။

တစ်ယောက်တည်းရေးသည့် စာများကိုသာဖတ်ကြရသည်။ ခင်အေး လွင်၏ စာများမဖတ်ရ။ တစ်ဖက်သတ်သာ သိခွင့်ရသည်။ သို့ဖြစ်ရာ သူ၏စာများ (ပြန်စာများ)ကို ကြည့်ကာ ခင်အေးလွင်က ဘာပြောသည်၊ ဘယ်သို့သဘောထား ရှိသည်ကို မှန်းဆကြည့်နိုင်သည်။ ခင်အေးလွင်ကား မျက်မှောက်ပြုနေရသော အခြေအနေများကြောင့် တုန်လှုပ်ချောက်ချားနေမည် အမှန်ဖြစ်သည်။ ချစ်သူက ဘယ်သို့ပင် ဖျောင်းဖျသော်လည်း နားဝင်နိုင်မည်မဟုတ်။ ဘယ်သို့ပင် စိတ်မပူရန် ပြောသော်လည်း စိတ်အေးအေးထားနိုင်မည်မဟုတ်။ တကယ်တော့ ဘွားခနဲ အထုပ်ပြေသွားခြင်းသည် သူ့အဖို့အခြေ အနေဆိုးတစ်ခုခုနှင့် ရင်ဆိုင်ရဖို့ရှိသည်မှာ သေချာသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထွက်ရဖို့များသည်။ အလုပ်မှ ထွက်ရဖို့၊ ပြောင်းရွှေ့ရဖို့ အလားအလာရှိလာနိုင်သည်။ ဒါပေမဲ့ ကိစ္စမရှိ။ အလုပ်ပြုတ်ချင် ပြုတ်ပေစေ။ တစ်နေရာရာ ရွှေ့ပြောင်းချင်ရွှေ့ပြောင်းရပေစေ။ အရေးမထား။ လူမသေ ငွေမရှား မဟုတ်လား။ သူ့လိုလူတစ်ယောက် တစ်နေရာရာတွင် အလုပ်တစ်ခုခုတော့ ရနိုင်မည်။ ရန်ကုန်မှာထက် ပို၍ကောင်းချင်ကောင်းမည်။ ပို၍ချမ်းသာဖို့နည်း လမ်းများတွေ့ချင်တွေ့မည်။ မည်သို့ဖြစ်စေ လွင်လွင်ကိုကား ပျော်အောင်ထားနိုင် လိမ့်မည်ဟု သူယုံကြည်သည်။ တစ်ဆိတ်တစ်အိတ်လုပ်ပြောကြသည့် လူ့သဘာ အတိုင်း သူတို့ဇာတ်လမ်းကို ချဲ့ထွင်ကိုးကားကာ ပြောကြလိမ့်မည်။ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပေါ့။ ကြာတော့ မေ့သွားကြလိမ့်မည်။ ရန်ကုန်က ဝေးဝေးပြေးလျှင် သူတို့ကို ရန်ကုန်လောကက မေ့မည်ဖြစ်သည်မဟုတ်လား။ သတ္တိမွေးစမ်းပါ အချစ် ရယ်၊ သတ္တိရှိစမ်းပါ အချစ်ကလေးရယ်။ သို့တိုင်အောင် ခင်အေးလွင်သည် ရတက် မအေးနိုင်ဖြစ်နေဟန်တူသည်။ ရတက်မအေးသည့် စာကို သူ့ထံရေးလိုက်ဟန်တူ သည်။ ဦးသိန်းလွင်သည် ဖြစ်ပြီးသမျှကို ခွဲဝေမခံ၊ ခင်အေးလွင်အပေါ်သာ ပုံချသည်။ ခင်အေးလွင်ကိုယ်တိုင်ကလည်း ရန်ကုန်လောကကို မခွာချင်။ ရန်ကုန်လူကုံထံ လောကတွင် ကျင်လည်ကျက် စားနေရာမှ လင်ကြီးနှင့်ကွာရှင်းကာ ချစ်သူနောက် လိုက်ပြေးပြီး မဲဇာချောင်လိုနေရာတွင် မထင်မရှားဇာတ်မြှုပ်နေရမည်ဆိုတော့ ခင်အေးလွင် မနှစ်သက်နိုင်။ ဤသဘောထားကို ချစ်သူထံ ရေးလိုက်ဟန်တူသည်။ ထိုအခါသူ့ချစ်သူက စိတ်မချမ်းမြေ့စွာပင် ပြန်ကြားရသည်။ ချစ်တဲ့သူခင်အေးလွင်

အလိုကျ လိုက်နာပါမည်။ ကြိုက်သလိုသာ ခိုင်းပါ။ နာခံပါမည်။ သို့သော် သူ့ကိုယ်ကား အချစ်မပြယ်စေချင်ဟု တောင်းပန်သည်။ တစ်ဖန် သူ့စိတ်ထဲတွင် လင်ကြီး ဦးသိန်းလွင်သိသွားသဖြင့် လွင်လွင်သည် သူ့အပေါ် စိတ်ထားပြောင်းသွားသည်ဟု ထင်နေသည်။ ထိုအခါ ခင်အေးလွင်က ဤသို့ဇာတ်ရှုပ်ကြီးဖြစ်လာအောင် စတင်ဖန်တီးသူမှာ ကိုသန်းသာဖြစ်သည်ဟု အပြစ်တင်စကားဆိုသည်။ သူကမူ သူ့ကိုယ်သူ မကာကွယ်တော့ပါ။ အပြစ်ဟူသမျှကို ခေါင်းငုံ့ခံပါတော့မည်။ အားလုံးမှာ သူ့ကြောင့် ဒုက္ခရောက်ရသည်ကို ဝန်ခံရန် အသင့်ရှိသည်ဟု ဆိုသည်။ တစ်ဖန် ထိုအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး ဦးသိန်းလွင်ကို အရာရှိလောကက ဝေဖန်ပြောဆိုကြပြန်သည်။ အခြေအနေမှာ တဖြည်းဖြည်း ဆိုးရွားလာသည်။ ခင်အေးလွင်ထံမှ စာတို့သည် ကိုသန်းကို စိတ်ညစ်ညူးစေရန်သာ တတ်နိုင်တော့သည်။ နောက်ပိုင်းတွင်ကား သူကရေးသော စာတို့မှာ အဆက်အစပ်မရှိဖြစ်လာသည်။ ရှေ့နောက် အစီအစဉ်မကျ ဖြစ်လာသည်။ ခင်အေးလွင်ကို တွေ့ပါရစေဟု တောင်းပန်သည်။ သတ္တိရှိဖို့သာလိုသည်။ လောကကို ရင်ဆိုင်မည်။ သူ့အဖို့ကား တစ်လောကလုံးတွင် ခင်အေးလွင်တစ်ယောက်မျက်နှာသာ ဂရုစိုက်ရန်ကျန်တော့သည်။ ကြာလျှင် သူ့ချစ်သူကို ဘေးကဝိုင်းကာ ဩဇာပေးကြမည်ကို စိုးရိမ်မိသည်။ သူများစကားနားယောင်မိမှာကို စိုးရိမ်မိသည်။ သို့ဖြစ်ရာ နောက်ကိုလှည့်မကြည့်တော့ဘဲ သံယောဇဉ်ဖြတ်ခဲ့ပြီး သူနှင့်အတူတစ်နေရာသို့ ထွက်ပြေးကြရန် တောင်းဆိုလိုက်သည်။ ယခုမူ ကိုသန်းသည် အရူးတစ်ပိုင်းဖြစ်နေပြီ။ ထို့နောက်တွင်ကား ကာလအတန်ကြာ ခင်အေးလွင်ထံမှ ပြန်စာမရဘဲ ရှိနေသည်။ ဘာကြောင့်စာမရေးသလဲ၊ သူနားမလည်နိုင်တော့ပြီ။ သူသည် အချစ်ကြောင့် ပူဆွေးရသည့်ဝေဒနာကို ပြင်းပြစွာခံစားနေရသည်။ နောက်ဆုံးတွင်ကား အဆုံးအဖြတ်ကျလာသည်။ အကယ်၍သာ ကိုသန်းသည် နိုင်ငံခြားရေး ဝန်ကြီးရုံးမှ အလုပ်ထွက်ကာ ရန်ကုန်မြို့မှခွာလျှင် သူ့လင်ကြီးဦးသိန်းလွင်သည် သူ့ကိုကြည်ဖြူစွာ ပြန်၍လက်သင့်ခံမည်ဖြစ်သည်ဟု ခင်အေးလွင်ထံမှ စာတစ်စောင် ရဟန်တူသည်။ သူကား အသည်းနှလုံး ကြေမ်မီးအုံးခံရလေပြီ။ အသည်းကွဲလေပြီ၊ ဤသို့ဖြင့် ရန်ကုန်ကို ခွဲခဲ့ရဟန်တူလေသည်။

"ကျွန်မတို့ဇာတ်လိုက်ဟာ သူ့ချစ်သူရဲ့အတွင်းစိတ်ကို ကောင်းကောင်းသိဟန်မတူဘူးဆရာရဲ့"

"ဘာကိုများ သိစရာလိုလို့လဲ အမာ"

"သူ့ဆီကို မင်းသမီးကနောက်ဆုံး ဘာရေးလိုက်တယ်ဆိုတာ ဆရာမသိဘူးလား၊ ကျွန်မတော့ သိတယ်"

ဒါလောက် မရှုးစမ်းပါနဲ့ အမာရယ်၊ အမာဘယ်လိုမှ မသိနိုင်ပါဘူး" ကိုမောင်မောင်တင်က ဆိုသည်။

"အိုး ...ကိုမောင်သာ မသိချက်ဆိုးရွားတာ၊ အမာတော့ သူဘာရေးတယ် ဆိုတာ နားလည်တယ်။ သူက ချစ်သူကို တစ်ကိုယ်လုံး ပုံအပ်လိုက်တယ်လေ။ နောက်ဆုံးအခြေအနေက ချစ်သူသနားမှ သူစိတ်ချမ်းသာရမယ့် အခြေပါလို့ ပြော လိုက်တယ်။ သူတို့ဇာတ်ရှုပ်ထဲကို သူ့အဖေနဲ့အမေပါ ပါလာအောင်ဆွဲသွင်းတယ်။ ပြီးတော့ ကလေးတွေကို ဆွဲထည့်တယ်။ကလေးတွေ မွေးလာကတည်းက အရေးရှိရင် သူတို့ကို ဆွဲသုံးမယ်လို့နဂိုရ်ကကို သူ့မှာ စိတ်ကူးရှိရမယ်။ ကိုကိုသန်းက သူ့ကို အသက်ပေးချစ်တယ်။ ကိုကိုသန်းလို့ သူခေါ်မှာပဲဆရာ၊ ပြီးတော့ သူ့အတွက်ဆိုရင် ဘာမဆိုလုပ်မယ်။ နောက်ဆုံး ချစ်သူစိတ်ချမ်းသာမယ်ဆိုရင် စွန့်မယ်၊ အဆုံးရှုံး ခံလိုက်မယ်။ အဲဒါတွေကို ဒီမိန်းမသိတယ်။ ကိုယ့်ဘက်က အနစ်နာခံပြီး ချစ်သူကို စွန့်လွှတ်မယ်။ ချစ်သူအတွက်ဆိုရင် အသက်ကိုတောင်စွန့်မယ်။ အလုပ်အကိုင် ကိုလည်းစွန့်မယ်။ ချစ်သူအတွက် ဘာမဆိုစွန့်မယ်ဆိုတဲ့ သူ့စိတ်ထားကို ဒီမိန်းမ ကောင်းကောင်း သိတယ်ဆရာ။ အဲ...သိတဲ့အတိုင်း ချစ်သူကို အစွန့်ခိုင်းတယ်။ ဒါပေမဲ့ ချစ်သူကိုယ်တိုင် လိုလိုလားလားစွန့်လွှတ်တဲ့ အဖြစ်မျိုးရောက်အောင် ဖန်တီးယူတယ်ဆရာ"

ကျွန်တော်သည် အမာ၏စကားကို နားထောင်ရင်း ပြုံးမိပါသည်။ အမာ၏စကားသည် လေးနက်သည်ဟု ထင်ပါသည်။ အမာသည်လည်း မိန်းမ သားတယောက်ဖြစ်သည်။ သူ့တွင် ခင်အေးလွင်လို အရေးအခင်းမျိုး ကြုံခဲ့လျှင် သည်လိုပဲ ထွက်ပေါက်ရှာရမည်ဟု ကိုယ်ချင်းစာကာ တွေးမိမည် အမှန်ဖြစ်သည်။ သည်လိုထွက်ပေါက်ရှာခြင်းသည် ရှုံမုန်းစရာကောင်းသည်ဟု အမာထင်သည်။ သို့တိုင်အောင် သူကိုယ်တိုင်ဆိုလျှင်လည်း သည်လိုပဲ ထွက်ပေါက်ရှာမိမည်အမှန်ဟု စဉ်းစားမိဟန်တူသည်။ ဤသည်မှာ ကျွန်တော်၏ အထင်သက်သက်သာဖြစ်ပါ သည်။ ကိုကိုသန်း၏ စာများကိုအခြေခံကာ လူ့သဘာဝကို လေ့လာပြီး ကျွန်တော် စိတ်ကူးနှင့် မှန်းကြည့်သည့် ဖြစ်တန်ရာ နည်းလမ်းတစ်ခုသာဖြစ်ပါသည်။ သည် အတိုင်းပင်ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ဤသည်မှာ ကိုကိုသန်း၏စာထုပ်ထဲမှ နောက်ဆုံးစာပင်ဖြစ်ပါသည်။

အကြောင်းစုံကို ကြားသိရသည်အခါ အံ့အားသင့်ရုံမှတစ်ပါး ဘာမှ မစဉ်းစားတတ်တော့ပါ။ကျွန်တော်သည် အတွင်းဝန်ကတော် ခင်အေးလွင်ကို သိနေ သည်မှာ ကြာပါပြီ။ သို့သော်လည်း အမှတ်တမဲ့သာ နေခဲ့ပါသည်။ သူ့ယောက်ျား

အတွင်းဝန် ဦးသိန်းလွင်ကိုကား သိပ်မသိပါ။ ဦးသိန်းလွင်သည် နိုင်ငံရေးသမား တစ်ယောက်လည်းဖြစ်ပါသည်။ မူလက သူသည်မြန်မာနိုင်ငံ ပဋိညာဉ်ခံ ဝန်ထမ်း တစ်ယောက်ဖြစ်သည်။ အရေးပိုင်၊ တိုင်းမင်းကြီးဖြစ်ပြီးနောက် အမြတ်တော်ခွန် မင်းကြီးဖြစ်လာသည်။ ၁၉၆၀ တစ်ဝိုက်တွင် အစိုးရ အရာရှိအချို့ ရာထူးမှထွက်ကာ နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်ကြသည့်အခါ ဦးသိန်းလွင်လည်း ထက်ထက် သန်သန်ပင် ပါတီနိုင်ငံရေးလောကသို့ ဝင်ပါသည်။ ရွေးကောက်ပွဲဝင်ပါသည်။ နောက်ဆုံးတွင် ပြည်ထဲရေးဌာန၌ ပါလီမန်အတွင်းဝန်နှင့် တွဲဖက်အတွင်းဝန်ဖြစ်လာ ပါသည်။ ထိုအချိန်မှာပင် ကိုမောင်မောင်တင်တို့ လင်မယားနှင့် ကျွန်တော်တို့အား ဝါရှင်တန်ပြန် သန်းတင်တင်၏ အငြိမ့်သဘင်ကိုကြည့်ရန် ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါ သည်။ ဦးသိန်းလွင်ကို တခြားနေရာများ၌ ကျွန်တော်မတွေ့ဘူးပါ။ သူ့အိမ်၌သာ ယခုပွဲမျိုး၌ တွေ့ရတတ်ပါသည်။ သူ့ဇနီး ခင်အေးလွင်မှာ ရန်ကုန်လောက၌ မိန်းမလှ တစ်ယောက်ဟု ကျော်ကြားသူဖြစ်ပါသည်။ အရပ်အမောင်းကောင်းသည်။ သာမန် ဗမာအမျိုးသမီးများထက် အရပ်မြင့်သည်။ ကိုယ်ဟန်ကြော့ရှင်းသည်။ ခန္ဓာကိုယ်မှာ ပြည့်ဖြိုးတင်းရင်းသည်။ တွေ့ရသူအပေါင်း မပြစ်မှားဘဲ မနေနိုင်သော ရုပ်မျိုး ဖြစ်သည်။ အသားအရေကောင်းသည်။ မျက်လုံးတစ်စုံမှာ ဝိုင်းစက်ကြည်လင်သည်။ ညို့ဓာတ်ပါသည့်မျက်နှာမှာ ကားသည်၊ ကျယ်ပြန့်သည်၊ နှာတံပေါ်သည်၊ စီးကရက်ကြိုက်သည်။ စီးကရက်ဖွာပုံမှာ အမေရိကန်ရုပ်ရှင်မင်းသမီး ရီတာဟေးဝပ် ဖွာပုံနှင့် တူသည်။ အတုခိုးလေသလားဟူ၍ မပြောတတ်။ သူသည် တည်ငြိမ် သည်။ ကိုကိုသန်းစာများတွင် သိရသောမိန်းမမျိုး မဟုတ်နိုင်။ ကိလေသာဇော ပုပန်သော မိန်းမမျိုး မဖြစ်နိုင်။ ယင်းအတွက် ကျွန်တော်အံ့သြမိသည်။ ခင်အေးလွင် မှာ ကြီးပွားချင်သည်။ ကျော်ကြားချင်သည်။ ထင်ပေါ်ချင်သည်။ ဤသည်တို့မှာ ယုံမှားစရာမရှိ။ ဦးသိန်းလွင်၏ နိုင်ငံရေးဘဝကို သူကများစွာ အထောက်အပံ့ပြု သည်။ အောင်မြင်ရေးလမ်းပေါ်ရောက်အောင် ဖေးကူဆွဲတင်နိုင်သည့် အရည်အချင်း ရှိသည်။ ခင်အေးလွင်သည် ဆင်ကန်းတောတိုးပြုတတ်သည့် အကျင့်မရှိဟု ထင် သည်။ သို့သော် သူတို့လင်မယားအကြောင်း ပြန်စဉ်းစားသည့်အခါ လွန်ခဲ့သော သုံးလေးနှစ်က လင်မယားအဆင်မပြေဟု ကြားလိုက်ဖူးသလိုလို ရှိသည်။ ပြည့်ပြည့် စုံစုံကြားရခြင်း၊ သိရခြင်းကားမဟုတ်။ သို့တိုင်အောင် သူတို့ လင်မယားနှစ်ယောက် ကို ပြုံးကာရယ်ကာနှင့် စုံတွဲတွေ့ရသည့် အကြိမ်မှာ မနည်းလှ။ ထိုသတင်းစကား ပင် မှားလေမည်လားဟု ထင်မိသည်။ ဦးသိန်းလွင်၏ မျက်စိသည် စူးရှသည်။ အမှတ်အသားကြီးသည်။သူသည် ထထကြွကြွရှိသည်။ ကြိုးစားသည်။ စကားပြော

ကောင်းသည်။ သို့သော်လည်း အနည်းငယ် ဟိတ်ဟန်ကြီးသည်။ သူ့ကိုယ်သူ အလွန်အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ယောက်ဟု လူတစ်ဖက်သားအား အထင်ရောက်စေသည်။ သူ့တွင် ရာထူးအရှိန်အဝါရှိကာ စနေချမ်းသာရှိသည်ဆိုသည့် အချက်ကိုလည်း တစ်ဖက်သားကို မမေ့အောင် သတိပေးနေတတ်သည်။ လက်အောက်ငယ်သားများနှင့် သူ့လောက် အရှိန်အဝါမကြီးသူတို့အပေါ် ဩဇာပေးတတ်သည်။

သူ့မိန်းမသည် နိုင်ငံခြားရေးဌာနမှ ဝန်ထမ်းတစ်ယောက်နှင့်ချစ်ကြိုးသွယ်နေသည်ကို သိရသည့်အခါ အကြီးကျယ်ဒေါသထွက်မည် အမှန်ဖြစ်သည်။ ခင်အေးလွင်၏ ဦးလေးအရင်းတစ်ယောက်သည် နိုင်ငံခြားရေးဌာနတွင်ရှိသည်။ သူကား အမြဲတမ်း အတွင်းဝန်တစ်ယောက်ဖြစ်သည်။ ခင်အေးလွင်၏ အဖေသည် သူ့ညီ၏ဌာနမှ ဝန်ထမ်းတစ်ယောက်နှင့် သူ့သမီးနောက် မီးလင်းသည်ကို သိရလျှင် စိတ်ဆင်းရဲမည် အမှန်ဖြစ်သည်။ ရှက်လည်းရှက်မည်။ သည်လိုလူတစ်ယောက်နှင့် ရည်ငံမိသဖြင့် ပြည်ထဲရေးဌာန တွဲဖက် အတွင်းဝန်ကြီးတစ်ယောက်ကို သူ့သမီးကွာရှင်းရမည်ဆိုသည်မှာ လူကြားလို့ လားလားမျှမကောင်း။ကျွန်တော် သိသလောက်ဆိုလျှင်ကား ဦးသိန်းလွင်သည် သူ့မယားချောလေး လွင်လွင်ကို ချစ်မြတ်နိုးပါသည်။ သူ့ဘက်က ကွဲမည်ကွာမည်ဟုပြောသည့်စကားမှာ မခံချင်၍ ထွက်လာသည့်စကား၊ မနာလို၍ ပွင့်ထွက်လာသည့်အသံသာ ဖြစ်မည်ဟုထင်သည်။ သို့သော် ဦးသိန်းလွင်သည် မာနကြီးသူဖြစ်သည်။ လောကကြီး၏ ကမောက်ကမဖြစ်တတ်ပုံတို့ကိုကြည့်ပြီး မရယ်မောတတ်။ သူ့တွင် ဟာသမရှိ။ သူ့ကို အများက နွားကြီးဟုပြောကြမည်ကို သူကြောက်သည်။ ကွယ်ရာတွင် အတင်းဆိုကြမည်ကို ကြောက်သည်။ အလှည့်ဖျားခံရသော လင်သားတစ်ယောက်မှာ ဟိတ်နှင့်ဟန်နှင့် တည်တည်ငြိမ်ငြိမ်နေပြဖို့ ခက်သည်မဟုတ်လား။ တစ်ဖန် သူ၏နိုင်ငံရေးအရှိန်အဝါကို သေးသိမ်စေမည့် အရှက်တကွဲ အကျိုးနည်းအဖြစ်မျိုးကို တကယ်တော့ လိုလားမည်မဟုတ်။ ခင်အေးလွင်တစ်ယောက် ဖောက်ပြားနေသတဲ့ဟူသည့် သတင်းကြားရသည့်အခါ မိတ်ဆွေအရင်းအချာတို့သည် ခင်အေးလွင်အပါးသို့ ဝိုင်းလာကြသည်။ လွန်ပြီးသည့်အမှုကို ဘာမျှအပြစ်တင်မနေတော့။ စိတ်မညစ်ရန်သာ အားပေးကြသည်။ သည်အထဲမှ တစ်ယောက်ယောက်က လူသိရှင်ကြား ရုံးပြင်ကနွား တက်ပြီး ကွာရှင်းမည်ဆိုလျှင် စိမ်လိုက်ပေါ့ဟူသော စကားကို ဦးသိန်းလွင်ကြားလောက်အောင် သတင်းပို့ပေးလိုက်သည်။ ညစ်ပတ်ပေကျံနေသော ခင်အေးလွင်ကို ပရိုသတ်အလယ်တွင် ဆေးကြောယူရမှာပါလားဆိုသည့် အသိက သူ့ကို ခြောက်လုန့်လိမ့်မည်ဟု ခင်အေးလွင်တို့ဘက်က တွက်ကြသည်။ ဖြစ်သမျှ

ပျက်သမျှ ရှိစေတော့၊ ခွင့်လွှတ်ဖို့သာရှိတော့သည်။ ကလေးတွေမျက်နှာကို ထောက်ရဦးမည်။ ထို့ကြောင့် ခင်အေးလွင်ကို သူ့မိဘဆီမှ ပြန်၍ သိမ်းပိုက်ရန်သာ ရှိတော့သည်ဟူ၍လည်း ဦးသိန်းလွင်အား အကောင်းဆုံးနည်းလမ်းကို ညွှန်ပြကြ သည်။ သို့သော် တစ်စုံတစ်ယောက်ကတော့ အနစ်နာခံရလိမ့်မည်။ ယင်းမှာ ခင်အေးလွင်၏ ချစ်သူဖြစ်သည်။ သူသည် သူတို့မြင်ကွင်းမှ လုံးလုံးလျားလျား ပျောက်ကွယ်သွားရမည်။ သည်အကြံအစည်ကို တင်ပြကြသည့်အခါ ခင်အေးလွင် ကလည်း သူ့ဘက်က ကိုကိုသန်းနှင့် အဆက်ဖြတ်ပါမည်ဟု တာဝန်ယူကတိပေး မည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော့်အထင်သာ ဖြစ်ပါသည်။

ခင်အေးလွင်သည် ကြောက်ရွံ့နေသည်။ သူ့ကြောက်ရွံ့ပုံမှာ နည်းလမ်း မဟုတ်။ ခင်အေးလွင်၏အမူအကျင့်၊ ခင်အေးလွင်၏စရိုက်တို့ကို ကျွန်တော်တစ်မျိုး မြင်သည်။ အမာ၏သဘောထားအမြင်လို သူ့အပေါ် ပြစ်ပြစ်ခါခါ မမြင်နိုင်ပါ။ သူသည် အသက်ငယ်သေးသည်။ ယခုမှ ၃၅နှစ် လောက်ရှိဦးမည်။ ကိုကိုသန်းနှင့် ဘယ်တုန်းကဆက်သွယ်မိသလဲ။ ငယ်ရည်းစားလား၊ သို့တည်းမဟုတ် ကိုကို သန်းရင်ခွင်ထဲ ရောက်သွားရအောင် ဘယ်အကြောင်းတွေက ဖန်တီးသလဲ။ သည် အကြောင်းများကို ဘယ်သူ တပ်အပ်ပြောနိုင်သလဲ။ ကျွန်တော့်အထင်တော့ အချစ် စိတ်၏ နှိုးဆော်၍သာ ခင်အေးလွင်သည် ကိုကိုသန်းရင်ခွင်ထဲ ရောက်ရသည်ဟု ဆိုချင်သည်။ အချစ်နတ်ဖမ်းစားခံရသည်ကို သူမသိလိုက်။ ကိုကိုသန်းနှင့် ချစ်ခင် ဆက်သွယ်မိပြီး အလွန်အကျွံဖြစ်နေတော့မှ ငါလုပ်တာတွေ မဟုတ်ပါဘူးဟု သူ ဆင်ခြင်မိမည်ထင်သည်။ခင်အေးလွင်သည် သွေးအေးသည့်မိန်းမတစ်ယောက် ဖြစ်သည်။ စိတ်ငြိမ်သည်၊ တည်ကြည်သည်၊ သို့သော်လည်း တစ်ခါတစ်ရံ သူတို့လို တည်ကြည်သည့်မိန်းမကို ကံကြမ္မာကလှည့်စားကာ ဆော့ကစားတတ်သည်။ ထွေလာဆန်းပြားဖြစ်လာအောင် ဆော့ကစားတတ်သည်။ ထိုအခါ သူ့တွင် အဆင်ခြင်တရား လုံးလုံးကင်းမဲ့သွားရမည်ဟု ပြောရသည်။ သူတို့ အကြောင်းကို ဦးသိန်းလွင် ဘယ်လိုသိသွားသည်ကား ကျွန်တော်မသိရ။ သွားလေသူ ကိုကိုသန်း လက်ဝယ်တွင် သူ့စာများသာတွေ့ရပြီး ခင်အေးလွင်စာများ မတွေ့ရသည်မှာ ထူးဆန်းသည်ဟု ကိုမောင်မောင်တင်ကဆိုသည်။ သည်ဟာကလည်း ရှင်းသည်ဟု ကျွန်တော်ပြောရသည်။ သူတို့ဇာတ်ရှုပ်ကြီး ပေါ်သွားသည့်အခါ ရည်းစားစာများကို အပြန်အလှန်လဲယူလိုက်ကြခြင်းပင် ဖြစ်ရမည်။ ကိုယ့်စာတွေ ကိုယ်ပြန်သိမ်းသည့် သဘောပင်ဖြစ်သည်။ ကိုကိုသန်းဆီသို့ ပေးခဲ့သည့်စာများကို ပြန်တောင်းပြီး ယခုသူ့လက်ဝယ်တွင် သိမ်းထားနိုင်ခဲ့သည်ကို ထောက်သော် ခင်အေးလွင်သည်

သတိရှိသေးသည်ဟု ဆိုနိုင်သည်။ ကိုကိုသန်းသည် သူ့ဆီပြန်ရောက်လာသည့် စာများကို သိမ်းထားမည်။ မကြာခဏ ပြန်ဖတ်မည်။ ထိုအခါ အချစ်ဟောင်းသည် ပြန်ကာသစ်လာပြီး လန်းဆန်းလာမည်။ ကြည်နူးသည့်အရသာကို ရလာသည်။

ခင်အေးလွင်သည် ကိလေသာဇောပူပန်နေသည့် အချိန်တွင် လောကကြီးကို လုံးလုံးမေ့နေသည်။ သူ့လင်ကြီးသိသွားလျှင် ဘယ်လိုဖြစ်မလဲဆိုသည်ကိုပင် စဉ်းစားမနေနိုင်အားဟု ကျွန်တော်ထင်သည်။ သို့သော် ဇာတ်ရှုပ်ကြီး ဘွားခနဲပေါ်သွားသည့်အခါ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ညဏ်နီညဏ်နက်တို့ ဘယ်ရောက်ကုန်လေသည်မသိ။ မိန်းမညာဏ်လည်း မရှှင်တော့။ လင်ကြီးဘေးချိတ်ကာ လင်ငယ်နှင့်ပျော်ပါးကြသည့် အခြားအခြားသော မိန်းမတို့လိုပင် သူသည်လည်း သားသမီးများကို ထည့်စဉ်းစားတော့မည်မဟုတ်။ သို့သော် သူတို့ကို စွန့်ခွာဖို့အထိကား ခင်အေးလွင်စိတ်ကူးတည့်ဟန်မတူ။ သူ့လင်ကြီး ဦးသိန်းလွင်ကို ခင်အေးလွင် အရေးစိုက်သလား၊ မစိုက်ဘူးလား ကျွန်တော်မသိပါ။ သို့သော် ခင်အေးလွင်နှင့် ပေါင်းသင်းသိကျွမ်းရာမှ ခင်အေးလွင်၏ စိတ်ထားတစ်ခုကိုကား ကျွန်တော် ကောင်းကောင်းသိသည်။ ယင်းမှာ ခင်အေးလွင်သည် သူတို့နာမည် သူတို့ စီးပွားချမ်းသာကို အရေးထားသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ယခုမူ အနာဂတ်ကိုကြည့်ပြန်တော့ မှုန်ဝါးဝါးကြည်ကြည်လင်လင်မရှိ။ စိတ်ရှုပ်ဖွယ်ရာကောင်းသည့် အနာဂတ်၊ အရာရာကို သူစွန့်လွှတ်ရတော့မည်။ ဓဝရက်ရိပ်သာ၊ အတွင်းဝန်ကတော်ဘဝ၊ ပြီးတော့ပြည့်ဝသည့် ဘဝအာမခံချက်၊ ယင်းတို့အားလုံးကို စွန့်ခဲ့ရမည်။ သူ့မိဘများထံမှလည်း ခြူးတစ်ပြားမှ မျှော်လင့်နိုင်မည်မဟုတ်။ သူ့ချစ်သူကလည်း အလုပ်အကိုင်တစ်ခု ထပ်ရှာရဦးမည်။ သို့ဖြစ်ရာ သားသမီးများက အသနားခံသဖြင့် သူတို့အလိုသို့ စွန့်စွန့်စားစားလိုက်ပါရသည်ဟူ၍ကား မဆိုနိုင် အခြေအနေအရပ်ရပ်မှာ ခင်အေးလွင်ရွေးရမည့်လမ်းကို ဖေးကူနေကြသည်ကို သိသာနိုင်ပါသည်။

ကျွန်တော်သည် ခင်အေးလွင်တို့အကြောင်းကို တွေးနေမိပါသည်။ ထိုအခိုက် ကိုမောင်မောင်တင်က ဇာတ်လမ်းကိုဆက်ပါသည်။

ဒေါ်ခင်အေးလွင်နဲ့ ဘယ်လိုဆက်သွယ်ရမည်ဆိုတာ ကျွန်တော် မသိဘူးခင်ဗျ။ ပြီးတော့ သေတဲ့လူရဲ့နာမည်ကိုလည်း အပြည့်အစုံမသိ၊ ကျွန်တော်သိတာက 'သန်း'၊ 'ကိုသန်း'၊ 'ကိုကိုသန်း'ပဲ ဆိုပါတော့။ ဒါပေမဲ့လည်း သေသူ့ဆန္ဒအတိုင်း စာတွေပြန်ပေးဖို့ရှိသေးတယ် မဟုတ်လား။ ဒါနဲ့ ရန်ကုန်ရောက်တော့ သူ့ဆီစာနဲ့ ဆက်သွယ်တယ်။ ကျွန်တော်ဘယ်သူပါ။ လူတစ်ယောက်က စာတွေနဲ့ ရွှေ

စီးကရက်တစ်ဘူး ကျွန်တော့်ကို ပေးထားခဲ့ပါတယ်။ ဒီလူဟာ ကျွန်တော်အလုပ်လုပ်တဲ့ဒေသမှာပဲ ကွယ်လွန်သွားခဲ့တယ်။ အဲဒီပစ္စည်းတွေကို လူကိုယ်တိုင်ခေါ်ခင်အေးလွင်ဆီသွားပေးဖို့ စာရေးပြီးမှာခဲ့ပါတယ်ဆိုတဲ့အကြောင်း အပြည့်အစုံရေးလိုက်တယ်။ ကျွန်တော့်စိတ်ထင်ကတော့ လုံးလုံးစာပြန်မယ် မဟုတ်ဘူး။ ဒါမှမဟုတ် သူ့ကိုယ်စားလှယ် တစ်ယောက်ယောက်ကို လွှတ်ပြီး စာယူခိုင်းမယ်လို့ထင်တယ်။ ဒါပေမဲ့ သူကိုယ်တိုင် စာပြန်တယ်။ ဧဝရက်ရိပ်သာကို ဘယ်နေ့၊ ဘယ်အချိန်လာပေးပါလို့ ချိန်းတယ်။ ကျွန်တော်ယူရတဲ့ တာဝန်က အတော်ဆိုးတယ်။ လင်ကြီးရှိတဲ့ မိန်းမအိမ်သွားပြီး လင်ငယ်ရဲ့ပစ္စည်းတွေကို ပေးရတဲ့အလုပ်၊ ဘာပဲဖြစ်ဖြစ် သူချိန်းတဲ့အတိုင်းသွားရတာပေါ့။ အဲ ..တံခါးဝရပ်လိုက်ပြီး ခေါင်းလောင်းကို နှိပ်လိုက်တော့မှပဲ ငါလုပ်တာ ဟုတ်မှဟုတ်ရဲ့လားလို့ တုန်တုန်လှုပ်လှုပ် ဖြစ်မိတယ်။ အိမ်စေမိန်းမငယ်တစ်ယောက်က တံခါးကို ဖွင့်ပေးတယ်။ ပြီးတော့ အခန်းကျယ်ကြီးတစ်ခုထဲ ခေါ်သွားတယ်။

"မမလွင် အခုပဲလာပါလိမ့်မယ်လို့ အိမ်စေကပြောတယ်။ ဒါနဲ့ ကျွန်တော်လည်း ကုလားထိုင်တစ်ခုပေါ် ဖင်တစ်ခြမ်းတင်ရုံထိုင်ပြီး အခန်းကျယ်ကြီးကို လေ့လာမိတယ်။ တယ်ခမ်းနားတာပဲ ခင်ဗျာ။ ပြင်ဆင်ထားတာတွေက ဖိတ်ဖိတ်လက်နေတာပဲ။ ဗီရိုကြီးတွေထဲမှာ စာအုပ်တွေလည်းတွေ့တယ်။ ဧည့်ခန်းလည်း မဟုတ်ဘူး။ စာကြည့်ခန်းလား၊ နံရံမှာပန်းချီကား သုံးလေးခုချိတ်ထားတယ်။ ရှေးဟောင်းလက်ရာတွေ ဖြစ်မှာပေါ့။ ကျွန်တော် သိပ်နားမလည်ဘူး၊ အဲဒီအခန်းထဲမှာ ကျွန်တော်ဟာ သိမ်ငယ်သွားတယ်။ ကျွန်တော့်ကိုယ်မှာ ဝတ်ဆင်ထားတာတွေကိုပဲ စိတ်ထဲကမလုံဖြစ်မိတယ်။ သက္ကလတ်အပေါ်အင်္ကျီမှာ ပိုးဖောက်လို့မမြင်ရအောင် ဖာထေးတာကို စိတ်မလုံ ဖြစ်လာတယ်။ မန္တလေးကျစ်ပိုးလုံချည်ကို မဝတ်ခဲ့ဘဲ ဘန်ကောက်လုံချည် မြင်းချေးရောင်လေးဝတ်ခဲ့ရ အကောင်းသားလို့ စိတ်ကူးပေါ်လာပြန်တယ်။ အဲဒီမှာ ထိုင်နေတုန်းပဲ စောစောက အိမ်စေကလေးပေါက်လာပြီး လိုက်ခဲ့ဖို့ ထပ်ခေါ်တယ်။ သူက ရှေ့သွားတယ်။ တံခါးကြီးတစ်ခုဖွင့်ပြီးဝင်သွားတဲ့နောက် လိုက်သွားတော့ အခန်းတစ်ခုထဲရောက်သွားပြန်တယ်။ စောစောက အခန်းလောက်တော့ မကြီးဘူး။ ဒါပေမဲ့ ခမ်းနားတာပဲ။ စားပွဲပေါ်က ပန်းအိုးငယ်ငယ်လေးတစ်ခုမှာ ပန်းထိုးထားပုံကပဲ သိမ်မွေ့လှပြီ။ အဲဒီအခန်းထဲက ပန်းကန်တွေ၊ ဖန်ခွက်တွေထည့်ထားတဲ့ ဗီရိုကြီးတစ်ခုနားမှာ အမျိုးသမီးတစ်ယောက် ရပ်နေတယ်။ ကျွန်တော်ဝင်သွားတော့ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ပြီးတော့ ခေါင်းတစ်ချက်ဆတ်ပြီး အသိအမှတ်ပြုတယ်။ သူရှိရာကိုရောက်အောင် မနည်း

လျှောက်သွားရတယ်။ ဒူးတွေချောင်နေသလို ဖြစ်နေတယ်။ တုန်တုန်ယင်ယင်ဖြစ်နေတယ်။ ခလုတ်မတိုက်မိအောင် မနည်းသတိထားရတယ်။ သိပ်ကြောင်တာပဲခင်ဗျာ။ ကျွန်တော်လုပ်နေတဲ့အလုပ်ဟာ ခပ်ကြောင်ကြောင်အလုပ်တော့ မဟုတ်လှဘူးလို့ မျှော်လင့်ရတာပဲ။ ဒေါ်ခင်အေးလွင်က ထိုင်ဖို့တောင် မပြောဘူး။

"ကျွန်မကို ရှင်ကိုယ်တိုင်ပေးဖို့ပစ္စည်းတွေ ပါလာတယ်လို့ ကျွန်မနားလည်ပါတယ်။ အခုလို ဒုက္ခခံပြီးလာပေးတာ ကျေးဇူးတင်ပါတယ်ရှင်" အဲဒီလိုပြောတယ်။

သူ့မျက်နှာမှာ အပြုံးမတွေ့ရဘူး။ ခပ်တည်တည်ပဲ။ ထန်ထန်လည်း မဟုတ်ဘူး။ တည်ငြိမ်နေပုံပေါ့။ ဒါပေမဲ့ ကျွန်တော့်ကို အကဲခတ်နေတယ်ဆိုတာ အလိုလိုသိနေတယ်။ အမှန်ပြောရမယ်ဆိုရင် အဲဒီလိုခံစားလိုက်ရတော့ ကျွန်တော်နည်းနည်း ကျွမ်းတိုလာတယ်။ ကျွန်တော်ဟာ ဒရိုင်ဘာတစ်ယောက် အလုပ်လာလျှောက်နေတာ မဟုတ်ဘူး။ အဲဒီသဘောမျိုးနဲ့ ကျွန်တော်ရောက်လာတာ မဟုတ်ဘူး။

"ကိစ္စမရှိပါဘူးခင်ဗျာ။ မလိုပါဘူး။ အပန်းကြီးလှတဲ့ ကိစ္စမဟုတ်ပါဘူး" ကျွန်တော်ကလည်း ခပ်တင်းတင်းပဲ ပြန်ပြောလိုက်တယ်။

"ကျွန်မကိုပေးဖို့ ပစ္စည်းတွေ ပါတယ်နော်"

သူမေးတာကို ဖြေမနေတော့ဘဲ လွယ်အိတ်ထဲက စာအုပ်ကြီးကိုထုတ်လိုက်တယ်။ ပြီးတော့ သူ့လက်ထဲထိုးထည့်လိုက်တယ်။ တစ်ခွန်းမှ မဟတော့ဘူး။ စာတွေကို တစ်ချက်ကြည့်တယ်။ ဒေါ်ခင်အေးလွင်မျက်နှာမှာ ပေါင်ဒါတွေ မိတ်ကပ်တွေဖို့ထားတယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ မိတ်ကပ်တွေအောက်က သူ့မျက်နှာမှာ သွေးတစ်စက်မှ မရှိတော့ဘူးလို့ ကျွန်တော်ပြောရဲတယ်။ သူ့မျက်နှာထားကတော့ လုံးလုံးကိုမပြောင်းဘူး။ သူ့လက်တွေကို ကျွန်တော် ဂရုစိုက်ကြည့်နေတယ်။ သူ့လက်တွေဟာ နည်းနည်းတုန်နေတယ်။ အဲသည့်နောက်တော့ သူဟာ ဣန္ဒြေပြန်ဆည်လိုက်တယ်"

"အို ...ဟုတ်ပါရဲ့။ မေ့နေလိုက်တာရှင်။ ထိုင်ပါတောင် မပြောမိဘူး။ ထိုင်ပါရှင်"

"ကျွန်တော်လည်း ကုလားထိုင်တစ်ခုမှာ ထိုင်လိုက်တယ်။ ပြီးတော့ အဲဒီတစ်ခဏလေးမှာပဲ သူဟာ ဘာလုပ်ရမှန်း၊ ဘာပြောရမှန်း မသိသေးဘဲ ခဏကြောင်နေတယ်။ လက်ထဲမှာလည်း စာတွေကို ကိုင်ထားတယ်။ အင်း ...စာတွေက သူ့ဆီပေးတဲ့ ရည်းစားစာတွေ၊ သူ့စိတ်ထဲဘယ်လိုဖြစ်နေမလဲ။ ဒါနဲ့ သူလည်း

ကြာကြာစဥ်းစားမနေတော့ဘဲ သူ့နောက်က ဗီရိုတစ်ခုက အံဆွဲတစ်ခုကို ဆွဲလိုက်ပြီး စာတွေကို ထည့်လိုက်တယ်။ ပြီးတော့ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ကုလားထိုင်မှာ လာထိုင်တယ်။ ကျွန်တော့်ကို စီးကရက်တည်တယ်။ ဒီတော့မှ ကျွန်တော်လည်း သတိရလာပြီး အိတ်ထဲမှပါလာတဲ့ ရွှေစီးကရက်ဘူးကို ထုတ်ပေးလိုက်တယ်။ အပေါ်အင်္ကျီ အတွင်းအိတ်ထဲ ထည့်ယူခဲ့တာလေ။

"ဒီဟာကိုလည်း ပေးဖို့မှာသွားပါတယ်လို့ ပြောလိုက်တယ်"

"ကျွန်တော့် လက်ထဲက စီးကရက်ဘူးကို ယူပြီးကြည့်နေတယ်။ ခဏ လောက် စကားမပြောဘူး။ ကျွန်တော် ဘာလုပ်ရမလဲ။ ကိစ္စပြီးပြီ။ နှုတ်ဆက်ပြီး ထပြန်ရမလားလို့ စိတ်ကူးနေမိတယ်"

"ရှင် ...ကိုကိုသန်း၊ အင်းလေ ကိုခင်မောင်သန်းကို ကောင်းကောင်း သိသလားလို့ ရုတ်တရက် မေးတယ်"

"ဟင့်အင်း ...ကျွန်တော် သူ့ကိုမသိပါဘူး။ သေတော့မှပဲ သူ့ကိုတွေ့ဖူး တာပဲလို့ ဖြေလိုက်တယ်"

"ကျွန်မဖြင့် သူသေပြီရယ်လို့ကို မထင်မိဘူး။ ရှင့်ဆီက စာရတော့မှပဲ သူသေပြီဆိုတာ သိရတယ်။ သူနဲ့မတွေ့တာ အတော်လေးကြာသွားပြီ။ ကျွန်မတို့က အလွန်ခင်ကြတဲ့ မိတ်ဆွေကောင်းတွေပါ"

"သူ့စာတွေကို ကျွန်တော်ဖွင့်မဖတ်ဘူးလို့ သူထင်နေသလား။ ပြီးတော့ အဲဒီစာတွေဟာ ရည်းစားစာတွေဆိုတာ သူမေ့နေသလား။ အဲဒီလို စိတ်ထဲမှာ အတွေးပေါက်လာတယ်။ စာတွေကို မြင်လိုက်တော့ အယောင်ယောင်အမှားမှား ဖြစ်ပြီး စိတ်ချောက်ချားသွားတယ်ဆိုရင်လည်း ခုလောက်ဆိုရင် ပြေလောက်ပါပြီ။ စကားပြောတော့လည်း တည်တည်ငြိမ်ငြိမ်ပဲ မဟုတ်လား"

"ဒါနဲ့ ဘာရောဂါနဲ့ သေတာလဲ"

"တီဘီ၊ ပြီးတော့ ဘိန်းရယ်၊ နောက်ဆုံးတော့ အာဟာရပြတ်တာရယ်" ကျွန်တော်က သူ့အမေးကို ဖြေလိုက်တယ်။

"အံမယ်လေး ကြောက်စရာရောဂါတွေပါလားလို့ ပြောတယ်"

"အဲဒီလိုပြောတာကလည်း ပြောရိုးပြောစဥ် သတိသံဝေဂရလို့ ပြောတဲ့ လေမျိုးခင်ဗျ။ ဘယ်လိုပဲ သူ့စိတ်ထဲမှာ ခံစားရခံစားရ စိတ်ထဲရှိတာကိုတော့ ကျွန်တော်ရှေ့မှာ ထုတ်မပြဘူး။ ထိန်းထိန်းသိမ်းသိမ်းလုပ်နေတယ်။ သူ့ကြည့်ရတာ အေးစက်နေတဲ့ ရေခဲတုံးကြီးလိုပဲ။ အဲဒီလို ကျွန်တော်လည်း တွေးမိနေတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုပဲစိတ်ကူးယဥ်နေပေမယ့် သူကတော့ ကျွန်တော့်ကို

စောင့်ကြည့်နေတာပဲ။ ကျွန်တော် ဘယ်လောက်သိသလဲဆိုတာ ချိန်ဆနေတာပဲလို့ ထင်တယ်။ ဟုတ်တယ်။ ကျွန်တော် တွေးတဲ့အတိုင်းမှန်တယ်။ ချက်ချင်း သူက ဆက်မေးတယ်"

"ဒီပစ္စည်းတွေကို ရှင်ဘယ်လိုရလာသလဲတဲ့"

"သူသေတော့ ကျန်ရစ်ခဲ့တဲ့ သူ့ပစ္စည်းတွေကို ကြည့်ရှုစစ်ဆေးရတာပေါ့။ ဒီပစ္စည်းတွေကို စက္ကူတစ်ခုနဲ့ ထုပ်ထားတယ်။ အားလုံးကို ဒေါ်ခင်အေးလွင်ကို ပေးဖို့မှာခဲ့ပါတယ်"

"အထုပ်ကို ဖွင့်ကြည့်ဖို့ လိုသေးသလား"

"အဲဒါ အတော်လေး စော်ကားမောက်မာတဲ့ မေးခွန်းပဲခင်ဗျ။ ကျွန်တော် လည်း ထောင်းခနဲဒေါသထွက်သွားတယ်။ ဒေါသကို ထိန်းမနေတော့ပါဘူး။ ထိန်းဖို့လည်း ကျွန်တော့်မျက်နှာမှာ ပေါင်ဒါတို့၊ မိတ်ကပ်တို့ ဖို့ထားတာမှမဟုတ်တာ။ "သေတဲ့လူဟာ ဘယ်သူလဲဆိုတာသိဖို့ အဲဒီအထုပ်တွေကို ဖွင့်ကြည့်ဖို့ ကျွန်တော်မှာ တာဝန်ရှိတယ်။ သိရရင် ဆွေမျိုးသားချင်းတွေကို အကြောင်းကြား နိုင်မယ် မဟုတ်လား"လို့ ပြောလိုက်တယ်"

"ဩော် ...ဟုတ်မှာပေါ့"တဲ့။

"ပြီးတော့ ကျွန်တော့်ကို ကိစ္စပြီးရင် ပြန်တော့လို့ နှင်တဲ့သဘောနဲ့ တစ်ချက်ဆတ်ခနဲကြည့်လိုက်တယ်။ ကျွန်တော်က သူ့သဘောကို နားလည်ပေမယ့် မပြန်သေးဘူး။ ပြည့်ပြည့်စုံစုံပြောပြချင်တယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ပျော်ပွဲစား သွားတဲ့ နမ်ဖတ်ကာစခန်းကို မြို့သစ်ရဲစခန်းက လိုက်လာပုံကအစ နောက်ဆုံးမှာ သူ့ကိုဘယ်သူမှ ဂရုစိုက်ကြဟန်မတူဘူး။ သေတော့ သူ့ဘေးမှာ ရှမ်းတရုတ်မကြီး တစ်ယောက်သာ တွေ့ရတယ်"ဆိုတဲ့ အကြောင်းပြောပြတယ်။ အဲဒီတုန်း ဗြုန်းဆို တံခါးဖွင့်သံကြားရတာနဲ့ နှစ်ယောက်စလုံး အသံလာရာဘက်ဆီကို ကြည့်လိုက် တယ်။ လူလတ်ပိုင်းအရွယ် ဝဝတုတ်တုတ် လူတစ်ယောက်ဝင်လာတယ်။ ကျွန်တော့်ကို မြင်တော့ ရပ်နေတယ်။

"နေနေ ...လွင်လွင် အလုပ်ရှုပ်နေမှန်း မသိလို့" အဲဒီလိုပြောတယ်။

"ဒီတော့ ခင်အေးလွင်က လာလေ။ ဝင်ခဲ့ပါကိုကို။ ဟောဒါက ဦးမောင် မောင်တင်။ ဒါက ကျွန်မခင်ပွန်း ဦးသိန်းလွင်"လို့ မိတ်ဆက်ပေးတယ်။

"ဦးသိန်းလွင်ဟာ ခေါင်းညိတ်ပြီး အသိအမှတ်ပြုတယ်။ ကျွန်တော့်မှာ လည်း ခေါင်းကြီးသွားတာပေါ့။ မနည်းဟန်လုပ်နေထိုင်ရတယ်။

"ဩော် ...လွင်လွင်ကို တစ်ခုမေးချင်လို့ပါ ...."

အဲဒီလို ဦးသိန်းလွင်ကပြောပြီး စကားရပ်သွားတယ်။

"သူ့မျက်လုံးတွေက ဒေါ်ခင်အေးလွင်လက်ထဲမှာ ကိုင်ထားတဲ့ ရွှေစီးကရက်ဘူးဆီကို ရောက်နေတယ်" ဒေါ်ခင်အေးလွင်က ဒါကို ရိပ်မိသလား မသိဘူး။ သူယောက်ျားကြီးကို ပြုံးကြည့်လိုက်တယ်။ အဲဒီအချိန်မှာတော့ သူဟာ အံ့ဩစရာကောင်းလောက်အောင်ပဲ ထိန်းသိမ်းချုပ်တည်းနိုင်တဲ့သူ ဖြစ်နေပြီ။

"ဟောဒီ ဦးမောင်မောင်တင်က ဗန်းမော်က လာတာကိုကိုရဲ့။ ကိုခင်မောင်သန်းတစ်ယောက် သနားစရာ ကိုကိုရယ်။ အဲဒီမှာသေရှာပြီတဲ့။ သူ့စီးကရက်ဘူးကို လွင်လွင့်ဆီ ပို့ပေးခိုင်းခဲ့တယ်တဲ့" အဲဒီလိုသူ့ယောက်ျား ကြီးကို ပြောလိုက်သေးတယ် ခင်ဗျ။ အံ့ရော–အံ့ရော။

"ဟိုကလည်း ဟုတ်လား။ ဘယ်တုန်းက ဆုံးတာလဲ"လို့မေးတယ်။

"လွန်ခဲ့တဲ့လေးငါးလကပါပဲ ခင်ဗျာ"လို့ ဖြေလိုက်ရတယ်။

အဲဒါပြီးတော့ ဒေါ်ခင်အေးလွင်လည်း ထိုင်ရာကထတယ်။

"ကဲ ...ဦးမောင်မောင်တင်လည်း အလုပ်ကိစ္စတွေရှိဦးမယ်။ အခုလို ကိုခင်မောင်သန်းရဲ့ကိုယ်စား သူ့ဆန္ဒအတိုင်း စီးကရက်ဘူးလာပို့ပေးတာ ကျေးဇူးတင်ပါတယ်ရှင်"လို့ ပြောတယ်။

"ခင်ဗျားတို့ ဗန်းမော်ဘက်မှာတော့ သောင်းကျန်းသူတွေ ကင်းရှင်းရဲ့လား။ ကွန်မြူနစ်တွေ ရှိသေးသလား။ မရှိဘူးထင်ပါရဲ့"ဦးသိန်းလွင်က အဲဒီလို ကျွန်တော့်ကိုမေးသေးတယ်။

ဒါနဲ့ နှစ်ယောက်စလုံး နှုတ်ဆက်ပြီး ကျွန်တော်အခန်းထဲက ထွက်လာတယ်။

"ဩော် ...ဒါထက် ဦးမောင်မောင်တင် ရန်ကုန်မှာပဲ ရှိဦးမှာပါနော်။ နောက်အပတ်မှာ ကျွန်မတို့အိမ်မှာ ပါတီပွဲလေးတစ်ခု ကျင်းပမလို့။ အဲဒါ လာနိုင်ရင် လာခဲ့ပါလား"လို့ ဖိတ်တယ်။

"ကျွန်တော်နဲ့အတူ ကျွန်တော့်ဇနီးလည်း ပါလာတယ်ခင်ဗျ"လို့ ပြန်ပြောလိုက်တယ်။

"အို ...ဒီလိုဆို သာပြီးကောင်းတာပေါ့ရှင်။ ရှင့်ဇနီးကိုပါ ခေါ်ခဲ့ပါ။ ကျွန်မ ဖိတ်စာပို့လိုက်ပါ့မယ်"လို့ပြောတယ်။

နောက် ၁၀ မိနစ်လောက်ကြာတော့ ပြည်လမ်းပေါ် ကျွန်တော် ရောက်နေပြီလေ။ သူတို့ဆီက ထွက်လာခဲ့ရတော့မှ ကျွန်တော့်ခေါင်းဟာ ကြည်လင်လာတယ်။ ဆော့ပါးလာတယ်။ ဒေါ်ခင်အေးလွင်က ကိုခင်မောင်သန်းဆိုတဲ့နာမည် ပြောလိုက်

တော့ ရုတ်တရက် မသိသေးဘူး။ နောက်မှ ကျွန်တော်သတိရလာတယ်။ စိတ်မချမ်းသာလိုက်တာခင်ဗျာ။ ကိုခင်မောင်သန်းကို ကျွန်တော် ကောင်းကောင်းသိတာပေါ့။ သန်းဆိုတော့ ကျွန်တော်တို့က စိတ်ကူးနဲ့ သူ့နာမည်ကို 'ကိုကိုသန်း'လို့ မှည့်လိုက်ကြတယ်လေ။ ခင်မောင်သန်းတို့၊ တင်မောင်သန်းတို့၊ မောင်မောင်သန်းတို့ ဆိုတဲ့ နာမည်တွေကို စဉ်းစားမကြည့်တော့ဘူး။ တက္ကသိုလ်မှာတုန်းက သူက ကျွန်တော်တို့ထက် နည်းနည်းအတန်းကြီးတယ်၊ အေးဗျာ ကိုခင်မောင်သန်းတစ်ယောက် ကျွန်တော်နဲ့လက်တစ်ကမ်းမှာရှိနေတာကို ကျွန်တော်မသိခဲ့ဘူး။ သူကလည်း အသွားအလာ အလှုပ်အရှားမရှိတော့ဘူးနဲ့တူပါရဲ့။ ကျွန်တော်ရှိနေတာကို သိရင်လည်း သေခါနီးမှာ စာလေးတစ်စောင်လောက်ရေးလိုက်ရင် သူ့ဆီသွားတွေ့နိုင်တာပဲ။ သူ့အတွက် စိတ်မကောင်းတာနဲ့အတူ စိတ်ရှုပ်ရတဲ့ နောက်တစ်ကြောင်းကလည်း ရှိသေးတယ်။ အဲဒါကတော့ ပြည်ထဲရေးဌာန တွဲဖက်အတွင်းဝန်ကြီး ဦးသိန်းလွင်ကို ကျွန်တော်မျက်နှာပူလို့ပဲ၊ ကျွန်တော်က သူ့ဌာနကမဟုတ်လား။ အေးလေ ခင်ဗျာ၊ သူတို့လည်း လူကြီးလူကောင်း ဂုဏ်သရေရှိတွေထဲကပဲ။ကိုယ့်မှာ တာဝန်အရဆောင်ရွက်ရတာလို ဖြစ်နေတော့ ကျွန်တော့်အပေါ်တော့ ထွေလာကေလာ မထင်ကောင်းပါဘူး။ ဒီလိုဖြေရတာပဲ။ မတတ်နိုင်တော့ဘူး။ အမှုကိစ္စကပြီးနေပြီမဟုတ်လား"

ကိုမောင်မောင်တင်က သူ့ဘက်ကပြောစရာရှိသည်ကို အဆုံးသတ်လိုက်ပါသည်။ နိုင်ငံခြားရေးဌာနက ကိုခင်မောင်သန်းဟု ကြားလိုက်လျှင် ကျွန်တော်လည်း လှုပ်လှုပ်ရှားရှား ဖြစ်မိပါသည်။ ကျွန်တော်လည်း သူ့ကိုသိနေပါသည်။ သို့သော် ရင်းရင်းနှီးနှီးမဟုတ်ပါ။ သူ့အကြောင်း ကြားဖူးနေပါသည်။ ဟိုပွဲသည်ပွဲတွင် မကြာခဏတွေ့ဖူးခြင်းသာ ဖြစ်ပါသည်။ သူ့အကြောင်း ခေါင်းထဲတွင် ပြန်ပေါ်လာပါသည်။ အတန်ပင်ကြာခဲ့ပြီ။ ၁၉၅၀ ကျော်လောက်တွင် စစ်ခေတ်၊ စစ်ပြီးခေတ် တက္ကသိုလ်ကျောင်းထွက်တို့ အစိုးရ ရာထူးရာခံ ကောင်းကောင်းရကြပါသည်။ လွတ်လပ်ရေးရပြီးနောက် ဗမာ့ခေတ်သစ်ကို ထူထောင်ကြရပြီဖြစ်ရာ နေရာဌာနအသစ်များ၊ အခွင့်အလမ်းသစ်များ အများအပြား ပေါ်လာပါသည်။ ကံအလွန်ကောင်းသော ယင်းလူငယ်တစ်သိုက်တွင် ကိုခင်မောင်သန်းတို့လည်း ပါဝင်ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းမိတ်ဆွေ အများအပြားသည် ဘီစီအက်ခေါ် ပဋိညာဉ်ခံဝန်ထမ်းရာထူးကို မက်မက်မောမောရှိကာ အပြိုင်အဆိုင် စာမေးပွဲဖြေပြီး ဝင်ရောက်အမှုထမ်းကြပါသည်။ အချို့ကား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ကြပါသည်။ ကိုလှဝင်း၊ မောင်မောင်လေး စသူတို့မှာ နိုင်ငံခြားရေးဌာနတွင် တတိယအတွင်းဝန်ရာထူးကို ရကြသည့် ကျွန်တော်တို့အပေါင်းအသင်းများ ဖြစ်ပါသည်။ သူတို့နှင့်

မကြာခဏတွေ့သည်တွင် ကိုခင်မောင်သန်းဆိုသော လူငယ်တစ်ယောက် အကြောင်းကို ကြားသိရပါသည်။ သူကားနောက်ဝင်ကြသူများတွင် အတော်အတန် ထက်မြက်သူဖြစ်သည်။ လေးငါးဆယ်နှစ်အတွင်းမှာပင် ရာထူးတက်ကာ ကြီးကြီး ကျယ်ကျယ် ဖြစ်လာနိုင်စရာရှိသူဟူ၍လည်း ထင်ကြေးပေးကြပါသည်။ အချိန်အခါ စောင့်နေဖို့သာ လိုပါသည်။ သို့သော်လည်း ကိုခင်မောင်သန်းတစ်ယောက် နိုင်ငံခြား ရေးဌာနမှ ထွက်လိုက်ပြီတဲ့ဆိုသော မမျှော်လင့်စရာသတင်းကို ကြားလိုက်ရပါ သည်။ အပေါင်းအသင်းများက တားသော်လည်း မရ။ အစိုးရအလုပ်မှာ လုပ်ရတာ မွဲဖို့ပဲ။ အစိုးရအလုပ်မှထွက်ကာ ကုန်သည်လုပ်မည်။ သူငယ်ချင်းအချို့ အင်ပို့လိုင်စင် ရောင်းစားနေကြသည်ပင် သိန်းချီချမ်းသာနေကြပြီဟု သူ့ဘက်က အဖြေပေးသည် ဟူ၍လည်း ကြားရပါသည်။ သူ့ကို ကျွန်တော်မြင်ဖူးသည်။ အရပ်အမောင်း ကောင်း သည်။ ကြော့ကြော့လွင်လွင် ဝတ်တတ်သည်။ အသက်ကငယ်သေးရာ သူ့ အဝတ်နှင့်သူ့ဟန်သည် လိုက်ဖက်သည်။ မကာလကီ။ ဆံပင်ကိုပြောင်လက်နေ အောင် ဖြီးတတ်သည်။ မျက်တောင်ကြီးများမှာ ထူးထူးခြားခြားရှည်ကာ ကော့နေ သည်။ မျက်ခုံးမွေးမှာ ထူနက်နေသည်။ ယောကျ်ားချင်းပင် ပြစ်မှားချင်စရာကောင်း သည့် ရုပ်မျိုးဖြစ်သည်။ ကျန်းမာဖျတ်လတ်သည်။ တင်းနစ်ရိုက်ကောင်းသည်။ နိုင်ငံခြားသံရုံးတို့နှင့် ယှဉ်ပြိုင်ကစားကြပြီဆိုလျှင် သူ့ကိုပင် အားထားကြရသည်။ ပျော်ပျော်နေတတ်သည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ သူ့လို ရုပ်ဖြူးသည့်လူမျိုး ယောကျ်ားထဲတွင် ရှားသည်။ သည်ရုပ်မျိုးနှင့် မိန်းမတစ်ယောက်ပြီးတစ်ယောက် ကျအောင် ခြူနိုင်သည်။ သည်ရုပ်ပိုင်ရှင်မျိုးကလည်း တစ်သက်လုံးလိုလိုပင် မိန်းမ အကျိုးပေးကောင်းတတ်သည်။ မိန်းမများ သတိထားကြဖို့ကောင်းသည့် ဂိုက်မျိုးဖြစ် သည်။ ခင်မောင်သန်းမှာမူ သဘောကောင်းသည်။ သူသည် ရုပ်ရည်အားကိုးဖြင့် မရမ်းကား။ သူ့ရာထူး သူ့ရုပ်နှင့်ဆိုလျှင် သူဌေးသမီးခေါင်းခေါက်ယူနိုင်သည်။ သို့သော် သူသည် မာနမကြီး။ ဘဝင်မမြင့်။ ခင်မောင်သန်းသည် အင်္ဂလိပ်စကားကို အင်္ဂလိပ်တစ်ယောက်လား ထင်ရအောင် ပြောနိုင်သည်။ ပြင်သစ်စကားကိုလည်း ရေရေလည်လည်တတ်သေးသည်။ တစ်ချိန်ချိန်တွင် သူသည် မြန်မာသံအမတ်ကြီး တစ်ယောက်အဖြစ် နိုင်ငံခြားအစိုးရတစ်ခုခုနှင့် စေ့စပ်ဆွေးနွေးနိုင်မည့် ပုဂ္ဂိုလ်မျိုး ဖြစ်လာနိုင်သည်။ သူနှင့်တွေ့လျှင် လူတိုင်းလိုလိုပင် သူ့ကိုနှစ်သက်ကြသည်။ ခင်အေးလွင်တစ်ယောက် သူ့ကိုကျသည်မှာ မထူးဆန်းလှ။ သူတို့နှစ်ယောက် အကြောင်း တွေးမိသည့်အခါ ကျွန်တော့်စိတ်ကူးမှာ ကျယ်ပြန့်ချင်တိုင်း ကျယ်ပြန့် သွားသည်။ လောကကြီးတွင် အချစ်ကမ္ဘာလေးတစ်ခု တည်ဆောက်နေသော

ငယ်ရွယ်သူ ချစ်သူနှစ်ယောက်လောက် မည်သူမျှပျော်ရွှင်ကြလိမ့်မည် မဟုတ်ဟု ထင်သည်။ သူတို့သည် လက်ချင်းဆက်၊ ပခုံးချင်းယှဉ်ကာ လူသူဝေးသည့် နေရာတို့၌ တပူးတွဲတွဲ သွားလာနေကြလိမ့်မည်။ ချစ်တင်းစကားကို မပြတ်ဆိုနေကြလိမ့်မည်။ တစ်ခါတစ်ရံ တရုတ်တန်း၊ တရုတ်ထမင်းဆိုင်များတွင်လည်းကောင်း ရုပ်ရှင်ဟိုတယ်များတွင် လည်းကောင်း၊ စထရင်းဟိုတယ်တွင်လည်းကောင်း၊ ခိုးကြောင်ခိုးဝှက် တွဲလာသော သူတို့စုံတွဲကို တွေ့ဖူးကြလိမ့်မည်။ တစ်ခါတစ်ရံ တစ်ယောက်စီ ထွက်လာကြပြီး ပွဲကြီးလမ်းကြီး၌ မျက်နှာချင်းဆုံကြသည့်အခါ တစ်ယောက်ကိုတစ်ယောက် ခိုးကြည့်ရင်း ပီတိဖြစ် ကျေနပ်နှစ်သိမ့်ကြလိမ့်မည်။ တစ်ခါတစ်ရံ ထမင်းစားပွဲများ၌ စားပွဲချင်းမလှမ်းမကမ်းတွင် အတူစားသောက်နေကြရာမှ ခိုးကြည့်ရင်း တိတ်တခိုး ချစ်ရသည့် အရသာကို စားမြုံ့ပြန်နေကြလိမ့်မည်။ တစ်ခါတစ်ရံမူ လင်ကြီးအလစ် ခိုးတွေ့ချစ်ရသည့် အရသာမှာ တထိတ်ထိတ်၊ တလန့်လန့်နှင့် ဆန့်တငန့်ငန့် ချစ်အရသာတစ်မျိုးကို ရပေလိမ့်မည်။ ဤသို့ဖြင့် သူတို့သည် နိဗ္ဗာန်ဘုံကလေးတစ်ခုကို တိတ်တခိုးတည်ဆောက်ကာ အမြိုက်အရသာကို ခံစားနေခဲ့ကြမည် အမှန်ပင်ဖြစ်လေသည်။

အင်း ...ဘဝနိဂုံးအဆုံးတစ်နေ့မှာတော့ ကြေကွဲစရာနဲ့ ရင်ဆိုင်ရမယ်ဆိုတာ မစဉ်းစားမိကြပါလား။

"သူနဲ့ ခင်ဗျားဘယ်လိုသိသလဲ" ကိုမောင်မောင်တင်ကိုမေးမိသည်။

"သူနိုင်ငံခြားရေးရုံးက မထွက်ခင် ဘီအယ်တက်တုန်းကသိခဲ့တာပါ။ ကျွန်တော်လည်း ဘီစီအက်စာမေးပွဲဖြေမလို့ စောင့်နေရင်းအပြင်ဖြေ ဘီအယ်လ်တက်လိုက်သေးတယ်။ သိပ်ရင်းရင်းနှီးနှီးတော့ မဟုတ်ပါဘူး"

"သူအရက်သောက်သလား"

"ဟင့်အင်း ...စွဲစွဲလမ်းလမ်းကြီး မဟုတ်ပါဘူး။ မိန်းမတွေကတော့ သူ့ရင် တမ်းတမ်းစွဲပဲခင်ဗျား။ ကျွန်တော်တို့ယောကျ်ားချင်းတောင် မနာလိုဖြစ်လာတယ်။ သူတို့ကိုလည်း အပြစ်ဆိုစရာမရှိပေဘူးလေ။ သူ့လိုဂိုက်မျိုးက အရှားသားလား။ သူနဲ့ရရင်နိုင်ငံခြားရေးရုံး အတွင်းဝန်ကတော်ဖြစ်မယ်။ နိုင်ငံခြားသွားရမယ် မဟုတ်လား"

"အမာနဲ့ရော ဘယ်တုန်းက သိတာလဲ"ခင်ခင်သိန်းကို လှမ်းမေးလိုက်မိသည်။

"သိတာမဟုတ်ဘူး တွေ့ဖူးရုံပါ။ ကိုမောင်နဲ့လက်ထပ်ပြီး ကလော ဟန်းနီးမွန်းသွားကြတုန်းက ဆုံဖူးတယ်။ တကယ်ရုပ်ဖြူးတာပဲဆရာ။ ယောကျ်ား

ထဲမှာ သူ့လိုမျက်ခုံးမျက်လုံးကောင်းတဲ့လူ ရှားတယ်။ မျက်တောင်မွေးရှည်ရှည်ကြီးက ချစ်စရာကောင်းတယ်ဆရာ"အမာက ခပ်ပြုံးပြုံးပြောပါသည်။

"နောက်တော့ နမ္မတူဘော်တွင်းမှာ အလုပ်ရသွားတယ်လို့ ကြားလိုက်တာပဲ။ နိုင်ငံခြားသားပိုင် ကုမ္ပဏီဆိုတော့ လခလည်းကောင်းမှာပေါ့။ အဲဒီလိုနဲ့ သူလည်း ရန်ကုန်ကပျောက်သွားတယ်။ ကျွန်တော်လည်း အမာနဲ့ ဗြုန်းစားကြီးယူရတော့မှာမို့ ဘီစီအက်စာမေးပွဲတောင် မဖြေနိုင်တော့ဘဲ အရင်စောပြီးခေါ်တဲ့ မြို့အုပ်စာမေးပွဲဝင်ဖြေ။ အောင်တာနဲ့ မြို့အုပ်အလုပ်နဲ့ မြင်းခြံရောက်သွားတယ်။ မြင်းခြံမှာပဲ အမာနဲ့အိမ်ထောင်ကျတော့တာပဲ"

"ကိုမောင်ကလည်း အမာတို့အကြောင်း အသာထားပါဦး"အမာက ဝင်ထောက်ပါသည်။ ထိုအခါ ကျွန်တော်လည်းသတိရပြီး "ဟုတ်တယ်၊ နောက်တစ်ခါ အမာတို့အကြောင်း ပြောပြရမယ်။ ဝတ္ထုတစ်ပုဒ်လောက် ဖြစ်နိုင်ရင်ပေါ့"ဟု ရယ်စရာပြောလိုက်ပါသည်။

"ရတယ်ဆရာ ရတယ်။ နောက်မှ အမာပြောပြဦးမယ်"

"ကျွန်တော်တို့ ဇာတ်လိုက်လည်း ဒီလိုနဲ့ဇာတ်မြုပ်သွားတယ်ခင်ဗျ။ ဒီလိုနဲ့ သုံးနှစ်လောက်ရှိတော့ မန္တလေးခဏရောက်သွားတုန်း မန္တလေး မီးရထားကလပ်မှာ သူ့ကိုသွားတွေ့တယ် ခင်ဗျ။ အပေါင်းအသင်းသစ်တွေနဲ့ပေါ့။ အပေါင်းအသင်းတွေကလည်း ထုံးစံအတိုင်းပဲ သူ့ကိုနှစ်သက်ကြတယ်။ သူနဲ့တွဲရတာ ပျော်တယ်။ ကျွန်တော်က မိတ်ဆွေဒေါက်တာကျော်ထွန်းရှည်ဆိုတဲ့ မီးရထားဆရာဝန်တစ်ယောက်နဲ့ ကလပ်ကိုရောက်သွားတာပဲ။ ကိုခင်မောင်သန်းတစ်ယောက် နက်ဖြန်ရန်ကုန်သွားမလို့တဲ့"

"နောက်တော့ရော ..."

"မသိတော့ဘူး။ ကျွန်တော်လည်း မြင်းခြံကနေ မိုးကုတ်ပြောင်းရတယ်။ သူလည်း ဘယ်ရောက်သွားတယ်မသိတော့ဘူး"

"စိတ်ထဲမှာ ကလိကလိဖြစ်စရာ မကောင်းဘူးလား"အရေးကောင်းတုန်းမှ ဇာတ်လမ်းက ပြတ်သွားဖြစ်သွားရသည်။ ရုပ်ရှင်ကြည့်ကောင်းနေစဉ် ကားပြတ်သွားသလိုဖြစ်သွားရသည်။ တကယ့်အဖြစ်အပျက်ဇာတ်လမ်းကောင်းတစ်ပုဒ်ပြောပြနေစဉ် ကိုယ့်ဇာတ်ထဲက အရေးကြီးသည့်ပုဂ္ဂိုလ်၏ စိတ်သဘောထားနှင့် အရေးတကြီး လုပ်ရှားမှုတို့ကို ကိုယ်က မျက်ခြည်ပြတ်သွားရသည်။ သူတို့ ဘာကြံသည် ဘာလုပ်မည်ကို သိနေရမည့်အစား ဘာမျှမပြောနိုင်ဘဲ ကျန်ရစ်ခဲ့သည်။ ဤသို့ဆိုလျှင် ကိုယ့်ခေါင်းထဲမှ ဝတ္ထုတစ်ပုဒ် ဖန်တီးယူသည်ကပို၍ပင် လွယ်ဦး

မည်ဟု ကျွန်တော်ထင်ပါသည်။ ယခုလည်း ကိုမောင်မောင်တင်သည် သူ့ဇာတ်လိုက်ကို မျက်ခြည်ပြတ်သွားပါသည်။ သို့သော် ဇာတ်ကြောင်းမရေလည်သေးပါ။ ဆက်ရန်ရှိပါသေးသည်။

"တကယ်တော့ ကိုခင်မောင်သန်းဟာ ကျွန်တော်နဲ့ ရင်းရင်းနှီးနှီးမရှိပေမယ့် လူကောင်းတစ်ယောက်ဆိုတာ သိပါတယ်။ နောက်တော့ ကျွန်တော်က အလုပ်ပြောင်းရပြီး မိုးကုတ်ရောက်သွားတယ်။ သူနဲ့လည်း မတွေ့ရတော့ဘူး။ သူ့သတင်းလည်း မကြားရတော့ဘူး။ ဒီလိုနဲ့ တော်တော်လေးကြာသွားပြီး တစ်နေ့တော့ မန္တလေးရောက်အသွား နန်းတော်ထဲက အနောက်မြောက်တိုင်း စစ်ဌာနချုပ်က အရာရှိရိပ်သာကို ကျွန်တော်တို့မြို့က ဗိုလ်မှူးတစ်ယောက်နဲ့ရောက်သွားတယ်။ အဲဒီမှာ ကိုခင်မောင်သန်းအကြောင်းကြားရပြန်တယ်။ ဗိုလ်မှူးရဲ့မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ အမြတ်တော်ခွန်ဝန်ထောက်ဆီက ကြားရတဲ့သတင်းပဲခင်ဗျ။ ကိုခင်မောင်သန်းတစ်ယောက် အရက်တွေ နင်းကန်သောက်နေတယ်တဲ့။ ပြီးတော့ ဒီထက်ဆိုးတာက အရက်ကနေ ဘိန်းပါစွဲသွားပြီဆိုပဲ။ ဒီအတိုင်းဆိုရင်တော့ ဒီလူ ကြာကြာခံမှာမဟုတ်ဘူးလို့ ကျွန်တော်ထင်တာပဲ။ အမြတ်တော်ခွန် ဝန်ထောက်က ပြောသေးတယ်။ ဒီလူလက်ရှိအလုပ်ကတောင် ပြုတ်လိမ့်မယ်ထင်တယ်တဲ့"

"အေးလေဗျာ။ ဘာတွေဖြစ်မှန်းမသိတော့ပါဘူး။ ဒီလိုပျက်ပျက်စီးစီး ဖြစ်သွားလိမ့်မယ်လို့ မထင်မိဘူး။ လူတွေဟာ ငယ်တုန်းရွယ်တုန်းမှာရမ်းကား ကြပါတယ်။ ဒါပေမဲ့ အချိန်ကျရင်တော့ ဘရိတ်အုပ်၊ အရှိန်သတ်ပြီး ကိုယ့်ကိုယ်ကို ထိန်းကြတယ်။ သူ့လိုလူမျိုး ကျွန်တော်မတွေ့ဖူးဘူး။ ဒီလူဟာ သိမ်မွေ့တယ်။ လူနဲ့သူနဲ့ အလွန်တူတယ်။ ဒီလိုခင်ဗျ။ သူ့အကြောင်းဆက်ပြီး သိရတာက ကိုခင်မောင်သန်းဟာ ရန်ကုန်ကခွာပြီး ဘော်တွင်းမှာ လက်ထောက် မန်နေဂျာရာထူး တစ်ခုနဲ့ အလုပ်ဝင်တယ်။ သုံးနှစ်လောက်ရှိတော့ ရန်ကုန်ကိုတစ်ခေါက် ဆင်းသွားတယ်။ ကျွန်တော်နဲ့ မန္တလေးမီးရထား ကလပ်မှာတွေ့တဲ့အခေါက်တုန်းကပေါ့။ ရန်ကုန်ကအပြန်မှာ မီးရထားပထမတန်းတွဲမှာ အမြတ်တော်ခွန်ဝန်ထောက်နဲ့အတူ စီးလာတယ်။ သူ့ကြည့်ရတာ စိတ်ဓာတ်ကျနေပုံပဲတဲ့။ဒါကတော့ နားလည်လို့ ရပါတယ်။ ဒီလိုပဲ ကျွန်တော်တို့တစ်တွေ ရန်ကုန်တစ်ခေါက်ဆင်းသွားကြရင် ဟိုမှာ ကြီးပွားချမ်းသာနေတဲ့ မိတ်ဆွေအပေါင်းအသင်းတွေတွေ့တယ်။ ရာထူးကြီး၊ ရာထူးကျယ်ရပြီး အရှိန်အဝါတွေ လက်နေတဲ့ သူငယ်ချင်းတွေ၊ ရာထူးအရ ခမ်းနားသိုက်မြိုက်နေတဲ့အသိတွေ တွေ့ရတယ်။ တချို့က ကျွေးမွေးပြုစုကြတယ်။ ကိုယ်ကတော့ မျောက်လောင်းမျောက်လောင်းပဲ ရှိသေးတယ်။ တိုက်တွေအိမ်တွေ ဆောက်

ကြ၊ ကားတွေဝယ်စီးကြ၊ ဟိုတယ်တွေတက်ပြီး စားကောင်းသောက်ဖွယ်တွေ စားကြနဲ့။ တစ်ခါတလေတော့ သူ့တို့လုပ်တာတွေငေး ကြည့်နေရပြီး ကိုယ်က စိတ်ဓာတ်ကျချင်လာတယ်။ ကိုခင်မောင်သန်းလည်း ဒီလိုပဲ ဖြစ်မှာပေါ့။ ဒါပေမဲ့ အရက်သောက်တာက ပိုဆိုးလာတယ်။ ရထားပေါ်မှာလည်း ခွက်နဲ့ပါးစပ်နဲ့ မပြတ်တော့ဘူးတဲ့။ ချွေးနံ့ကိုက အရက်နံ့သင်းနေဆိုပဲ။ ဒါလည်း နားလည်လို့ရပါတယ်။ ကျွန်တော်တို့အသိတွေထဲက တချို့ဟာ အရက်ကို လူမှန်းသူမှန်းမသိသောက်ကြတယ်။ နောက် ဖြတ်လိုက်ပြန်ရော၊ တစ်ခါပြန်သောက်ပြန်ရော၊ ဝါတွင်းကျဖြတ်လိုက်ပြန်ရော။ ကိုခင်မောင်သန်းလည်း ဒီလိုပဲ ဖြတ်လိုက်သောက်လိုက်နေမှာပေါ့။ အရက်ဟာ များရင် မကောင်းဘူး။ တန်ဆေးလွန်ဘေးဆိုတာ တရားဟော နေရမယ့်လူမျိုးမှ မဟုတ်တာ။ ဒါပေမဲ့ အမြတ်တော်ဝန်ထောက်ပြောတာက တစ်မျိုးခင်ဗျ။ ကိုခင်မောင်သန်းကိုကြည့်ရတာ တစ်မျိုးထူးတယ်။ သူ့ခန္ဓာကိုယ်ထဲက ဘဝဆိုတာကို နုတ်ယူထားခံရသလိုပဲတဲ့။ လိပ်ပြာနုတ်ခံရတာလိုပဲလား။ လိပ်ပြာနုတ်တယ်ဆိုတာ အတွေ့အကြုံမရှိတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ အဲဒီလို ဖြစ်မှာပေါ့။ အေးလေ ဒီလူဟာ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ လူတစ်ယောက်ဆိုတော့ အခုလိုကြက်ကြီးလည်လိမ်ချိုးခံရတာမျိုး တွေ့လိုက်ရတော့ တစ်မျိုးကြီးပဲပေါ့။ တချို့က ပြောတာကတော့ ရန်ကုန်မှာ ၁ နဲ့စေ့စပ်ထားတဲ့ ချစ်သူအမျိုးသမီး တစ်ယောက်ရှိတယ်။ အခု အဲဒီအမျိုးသမီးက သူ့ကိုကန်ထုတ်လိုက်တယ်လို့ ဆိုကြတာပဲ"

"ကိုမောင်က ဒီအကြောင်းပြောပြတော့ ကျွန်မစိတ်ထဲမှာလည်း အဲဒီထင်မြင်ချက်ကို ထောက်ခံလိုက်တယ်။ ဒီအဆိုသာမှန်ရင် သုံးလေးနှစ် ကင်းကွာနေတယ်ဆိုတာ မဟုတ်သေးဘူးဆရာရဲ့။ ချစ်သူတစ်ယောက်ကို သုံးနှစ်လောက်ဝစ်ထားတယ်ဆိုတာ တရားမလွန်ဘူးတဲ့လား ဆရာရယ်" အမာက ဝင်ပြောပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အလုပ်စခန်း ပြန်ရောက်ရင် ဒါတွေမေ့သွားပြီး နဂိုနေပြန်ရောက်လာမယ်လို့ မျှော်လင့်ကြတယ်။ ဒါပေမဲ့ မျှော်လင့်သလို ဖြစ်မလာဘူး။ သူ့ဟာက ပိုဆန်းလာတယ်ဆိုပဲ။ သူ့ကိုဖျောင်းဖျလို့မရဘူး။ လူတွေက ဝိုင်းပြီးပြောကြရင် သူကခင်ဗျားတို့အလုပ်မဟုတ်ပါဘူး။ ကိုယ့်ကိစ္စမဟုတ်ဘဲ ဘာလို့လာပြောကြတာလဲ။ ကျုပ်ဘာသာကျုပ်သောက်တာ ဘာဖြစ်သလဲလို့ ပြန်ပြီးပြောတယ်။ ရိုင်းလာတယ်။ အပြောအဆို ကြမ်းလာတယ်။ အေးဗျာ အဲဒါကတော့ တစ်မျိုးပဲ။ ကိုခင်မောင်သန်းဆိုတာ အစက အလွန်သိမ်မွေ့နူးညံ့တဲ့လူဆိုပဲ။ လူနဲ့သူနဲ့တူတဲ့ လူတစ်ယောက်။ နိုင်ငံခြားရေးရုံးက ထွက်လာတဲ့ လူတစ်ယောက်

မဟုတ်လား။ သံခင်းတမန်ခင်းတွေမှာ အပြောအဆို လိမ္မာရေးခြားရှိတဲ့ လူတစ်ယောက်လို့ ဆိုကြတာပေါ့။ အမြတ်တော် ဝန်ထောက်ဆိုတာက တက္ကသိုလ်မှာတုန်းက သူနဲ့ရင်းနှီးတဲ့သူတစ်ယောက်တဲ့။ ဟိုတုန်းကနဲ့ လုံးလုံးမတူတော့ဘူး။ ပြောင်းသွားပြီဆိုပဲ။ မန္တလေးက ထွန်းလှဟိုတယ်မှာ တစ်ပတ်လောက်နေသွားသေးတယ်။ အို ...သောက်လိုက်တာ အရမ်းဆိုပဲ။ သူ့အကြောင်းကြားရတဲ့အခါ အရင်ကသိတဲ့လူတွေက ကိုခင်မောင်သန်းလား ...ဒီလူဟာ ဒီလိုလူမျိုးမဟုတ်ပါဘူးဗျာ။ ဒီလူအရက်သောက်ပြီး ရမ်းနေသလား။ ရမ်းတော့မရမ်းဘူး။ လူမှန်းသူမှန်းမသိအောင် သောက်တယ်ဟုတ်လား။ မဖြစ်နိုင်တာဗျာ။ အဲဒီလိုပြောကြတာချည်းပဲ။ နောက်သုံးလေးလရှိတော့ ကျွန်တော်ဇန်းမော်ကို ပြောင်းရတယ်။ မိုးကုတ်ကနေမန္တလေးကိုဆင်းလာပြီးမှ ဇန်းမော်သွားတယ်။ ကိုခင်မောင်သန်း အလုပ်ပြုတ်ပြီလို့ကြားရတာပဲ။ ဘော်တွင်း လက်ထောက်မန်နေဂျာ အလုပ်ပေါ့။ အရက်သောက်တာက ကိစ္စမရှိဘူး။ အလုပ်မဆင်းဘဲ လေးငါးရက်ဆက်တိုက် အိမ်မှာသောက်နေတာက ခက်တယ်။ အေးဗျာ ဒီလူ ဘယ်လိုဖြစ်လာတာလဲနဲ့ ကြားရတဲ့လူတိုင်းစုတ်သပ်ကြတယ်။ နမ္မတူဘော်တွင်း အလုပ်ကပြုတ်တော့ မနေနိုင်တဲ့သူတွေက လားရှိုးဘက်မှာ အလုပ်တစ်ခုရှာပေးကြဆိုပဲ။ အဲဒီမှာ ဘိန်းစွဲလာပြန်ရော။ ဒီတစ်ခါတော့ မရတော့ပါဘူး။ မန္တလေးပြန်ခေါ်လာကြပြီး ဘိန်းဖြတ်ပေးဖို့ ကြိုးစားကြတယ်။ အလကားပဲ။ သူကဖြတ်ဖို့မလိုလားဘူး။ သူ့ကြည့်ရတာ ဖြစ်ချင်ရာဖြစ်တော့။ ငရဲပြည်တစ်ခေါက်ရောက်လည်း လိုက်မှာပဲဆိုတဲ့လူနဲ့တူနေပြီ။ ငရဲဆိုတာသူရောက်နေပြီပဲ။ ချစ်သူနဲ့ကွေကွင်းရတာ သူ့အဖို့ငရဲတစ်မျိုးပေါ့။ အဲဒါနဲ့ပဲ အတန်ကြာတော့ ကိုခင်မောင်သန်းတစ်ယောက် မန္တလေး၊ နမ္မတူ၊ လားရှိုး ပတ်ဝန်းကျင်ကပျောက်သွားတယ်။ ရန်ကုန်ပြန်သွားပြီလို့ တချို့ကပြောကြတယ်။ ဘာပဲဖြစ်ဖြစ် အချိန်ကြာတော့ သူ့ကိုမေ့သွားကြတာပေါ့။ အဲ .. နောက်ဆုံး ဇန်းမော်နဲ့ ၂၄မိုင်ဝေးတဲ့ မြို့သစ်က သံဖြူဆရာ့အိမ်အပေါ်ထပ်မှာ ရှမ်းတရုတ်မတစ်ယောက်ရင်ခွင်ထဲရောက်ပြီး ဘိန်းစွဲတီဘီဖြစ်၊ အာဟာရပြတ်ပြီး သေရှာလားတော့တာပဲ။ အဲဒါသူ့ဘဝနိဂုံးပဲ။ အဲဒီတုန်းကတော့ ကိုသန်းဆိုတဲ့ ရှမ်းတရုတ်မယောကျ်ားဟာကျွန်တော်သိခဲ့ဖူးတဲ့ ကိုခင်မောင်သန်းဖြစ်လိမ့်မယ်လို့ မထင်မိဘူး။ သူ့အကြောင်းမကြားတာ ကြာပြီမဟုတ်လား"

ကျွန်တော်သည် မှိုင်းပျပျဇရာဆီယာတောင်တန်းဆီသို့ လှမ်းမျှော်ကြည့်ရင်း ဆရာမစပယ်ရှယ်ကိုဖွာနေမိသည်။ရောဝတီမြစ်ကိုဖြတ်တိုက်လာသည့် လေပြည်အေးသည် ကျွန်တော့်ရင်ကို သိမ့်ခနဲပက်ဖျန်းလိုက်သဖြင့် ကြက်သီးများ

ထသွားပါသည်။ ကိုမောင်မောင်တင်ကား ယခုမှပင် သူ့ဆေးပေါ့လိပ်ကို မီးညှိကာ အားရပါးရ ဖွာနိုင်ပါတော့သည်။

"အဲဒီရက်တွေမှာ သူဘယ်လောက်စိတ်ဆင်းရဲလိုက်မလဲ ဆရာရယ်။ စဉ်းစားကြည့်စမ်းပါ"

အမာကား မျက်ရည်ဝဲကာ အသံတုန်တုန်ယင်ယင်ဖြင့် ကျွန်တော့်ကို လှမ်းပြောပါသည်။ အမာ၏ နှလုံးသားကား အလွန်နုနယ်လွန်းသည်။

"အေးဗျာ ...ကျွန်တော်တော့ ဇာတ်ရည်ကိုမလည်ပါဘူး။ ဘာတွေ ဖြစ်ကြတာလဲ။ ကျွန်တော်မသိဘူး"ကိုမောင်မောင်တင်က ညည်းပါသည်။

"ဘာဖြစ်လို့လဲဗျ" ကျွန်တော်က သူ့ကိုပြန်မေးလိုက်သည်။

"ဒီလိုလေ ...စိတ်ဓာတ်ကျပြီး အရက်သောက်ဘိန်းရှူမယ်ဆိုရင် လည်း အစက ဘာလို့ မသောက်သလဲ။ ဘာလို့ ဘိန်းမရှူသလဲ။ ရန်ကုန်က ထွက်လာပြီး သုံးလေးနှစ်အတွင်း လူကောင်းပကတိပဲ။ ဟိုတုန်းက ကိုခင်မောင်သန်းပဲ။ ဒီတော့ တွေးစရာတစ်ခုက ခင်အေးလွင်က သူ့ကိုရန်ကုန်က မောင်းထုတ်လိုက်တယ် မဟုတ်လား။ ဒီတော့ စိတ်ညစ်လို့ အရက်သောက်မယ်ဆိုရင် အဲဒီရန်ကုန်က ခွာရကတည်းက သောက်ပါလား။ အသည်းကွဲ ဒဏ်ရာဟာ လတ်လတ်ဆတ်ဆတ် နဲ့ ထွန့်ထွန့်လူးနာကျင်နေတုန်းက သောက်ပါတဲ့လား။ ဒီတုန်းကတော့ သူဟာ ဘာမှမဖြစ်သလိုပဲ ပျော်လို့ရွှင်လို့ မြူးလို့ခုန်လို့၊ လောကကြီးမှာ သူ့အဖို့ မြတ်နိုးစရာ ဘာမှမကျန်တော့တာမို့ ခင်ဗျားတို့ကပြောချင်ပြောမယ်။ ဒါပေမဲ့ ကျွန်တော်သိသမျှ တော့ ဒီလူဟာ ရန်ကုန်က နောက်တစ်ခေါက်ပြန်လာမှ မူပြောင်းလာတာဆိုပဲ"

"ရန်ကုန်ပြန်ရောက်တော့ တစ်ခုခုထပ်ပြီးဖြစ်ခဲ့ဦးမှာပေါ့ရှင်။ ဒါကတော့ ရှင်းပါတယ်"

အမာက သူ့ထင်မြင်ချက်ကိုပြောပါသည်။

"ဘာဖြစ်ခဲ့တယ်ဆိုတာ တို့ဘယ်သိမလဲကွ။ အဲဒါမသိလို့ ပြောနေတာ ပေါ့" ကိုမောင်မောင်တင်က သက်ပြင်းချလိုက်သည်။

ကျွန်တော်သည် သူတို့စကားကိုနားထောင်ကာ ပြုံးလိုက်မိပါသည်။ ထို့နောက် ကျွန်တော်ကပင် ဤသို့ စကားပလ္လင်ခံလိုက်ပါသည်။

"ဒါပေမဲ့ ဘာဖြစ်တယ်ဆိုတာတော့ မှန်းဆကြည့်နိုင်တာပေါ့။ အဲဒီနေရာ မှာ ကျွန်တော်တို့ ဝတ္ထုရေးဆရာတွေရဲ့ အကွက်ဝင်လာတာပဲ။ ရန်ကုန်မှာ သူ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော့်အထင်ပြောရမလား"

"ဆိုစမ်းပါဦး"

"ဒီလိုဗျ၊ ပထမသုံးလေးနှစ်အတွင်းမှာတော့ ကိုခင်မောင်သန်းဟာ ပျော်နေတယ်။ တစ်စုံတစ်ခုကို သူစွန့်လွှတ်ခဲ့တယ် မဟုတ်လား။ လိုလိုချင်ချင်နဲ့ စွန့်ခဲ့တာ။ ဘုရားလောင်းတို့စွန့်တဲ့ စွန့်ခြင်းကြီးငါးပါးလို ချစ်တဲ့သူကို စွန့်ခဲ့တယ်လေ။ အဲဒါကြောင့် သူ့ကောင်းမှုကို သူသာဓုအနုမောဒနာခေါ်ရင်း ပျော်နေတယ်။ သူ့မှာ မြင့်မြတ်တဲ့စိတ်ထားလည်း ရှိတယ်မဟုတ်လား။ ချစ်တဲ့သူအတွက် အရာရာကို သူစွန့်လွှတ်ထားတယ်။ အဲဒီအချိန်နဲ့သူဟာ မူးယစ်ကြည်နူးနေတယ်။ ဒါပေမဲ့ ခင်အေးလွင်ကိုတော့ အသည်းနှစ်အောင် ချစ်တုန်းပဲ။ ကျွန်တော်တို့တစ်တွေ ချစ်ဖူးကြတယ် မဟုတ်လား။ ပြီးတော့လည်း အချစ်ပြယ်ခံကြရဖူးတယ် မဟုတ်လား။ တချို့ယောကျ်ားတွေကျတော့ တစ်သက်မှာ တစ်ခါပဲအချစ်ကြီး ချစ်ကြဖူးတယ်။ ကိုခင်မောင်သန်းဟာ တစ်သက်မှာ တစ်ခါပဲချစ်တတ်တဲ့ လူတစ်ယောက်လို့ ကျွန်တော်ထင်တယ်။ ပြီးတော့ တခြားတစ်နည်းစဉ်းစားကြည့်လို့ရသေးတယ်။ စဉ်းစားပုံက ဆန်းတော့ဆန်းတယ်။ သူဟာ စွန့်တတ်သူတစ်ယောက်အတွက် စွန့်ခဲ့ရလို့ သူပျော်နေတယ်။ အဲဒီစိတ်ဟာ သူ့ကိုအမြဲရွှင်လန်းစေတယ်။ သူ့စိတ်ထဲမှာ ခင်အေးလွင်ဟာ အခါမလပ် ရှိနေတယ်။ သူ့ရင်ထဲမှာ ခင်အေးလွင်တစ်ယောက် အမြဲလိုလို နေရာယူထားတယ်။ ပြီးတော့ ရန်ကုန်ကိုသူဆင်းသွားတယ်။ ခင်အေးလွင်ကို ဟိုတုန်းကလည်း ချစ်တယ်။ အခုလည်းချစ်တယ်။ နောက်လည်း ချစ်မယ်။ ဒါဟာ အချစ်နဲ့ပတ်သက်တဲ့ သူ့သဘောထား။ ပြီးတော့ သူချစ်သလို ခင်အေးလွင် ချစ်ပါ့မလား။ သူ့အချစ်လောက် ခင်အေးလွင်ရဲ့အချစ်ဟာ တာရှည်ခံပါ့မလားဆိုတာ သူဘယ်တော့မှ စဉ်းစား ကြည့်မယ်မဟုတ်ဘူး။ သံသယဝင်မယ် မဟုတ်ဘူးလို့ထင်တယ်။ ခင်အေးလွင်ဆီက သူဘာမျှော်လင့်မယ် ဆိုတာတော့ ကျွန်တော်မသိဘူး။ ခင်အေးလွင်အဖို့ စိတ်ဆင်းရဲခံမနေတော့ဘဲ သူနဲ့ထွက်ပြေးကြရင် ကောင်းမှာပဲလို့တွေးချင်တွေးမယ်။ အခုထက်တိုင် ခင်အေးလွင်က သူ့ကို ချစ်နေရတုန်းပဲဆိုတာ သိရလို့ကျေနပ်ချင် ကျေနပ်နေမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့နှစ်ယောက် တွေ့ကြမှာကတော့ သေချာတယ်။ အဲဒီကျတော့ သူ့အပေါ် ခင်အေးလွင်ရဲ့ စိတ်ထားပြောင်းသွားတာကိုတွေ့မယ်။ သူ့ကိုနည်းနည်းလေးမှ ဂရုမစိုက်တော့တာတွေ့မယ်။ ဟိုတုန်းက ကိလေသာဇောပူပန်ခဲ့တဲ့ မိန်းမငယ်လေး တစ်ယောက်ဟာ အခုတော့ အစဉ်းစားအဆင်ခြင်ကြီးတဲ့ သတိသမ္ပဇဉ်နဲ့ယှဉ်တဲ့ မိန်းမကြီးတစ်ယောက်၊ လောကရဲ့ အတွေ့အကြုံတွေနဲ့ ရင့်ကျက်နေတဲ့ မိန်းမကြီး တစ်ယောက် ဖြစ်နေတာတွေ့ရမယ်။ အစက သူထင်သလို သူ့ကိုချစ်တာ မဟုတ်ဘူး ဆိုတာ တွေ့ရမယ်။ သူ့ကိုချွေးသိပ်ပြီး အစွန့်လွှတ်ခိုင်းတယ်။ အဲဒါကလည်း

သူများ ကဲ့ရဲ့သဂြိုဟ်အတင်းဆိုခံရမယ့် ဘဝကလွတ်အောင် ကယ်တင်ခိုင်းခြင်းပဲ ဆိုတာ သံသယဝင်လာမယ်။ စဉ်းစားမိလာမယ်။ စေ့စေ့တွေးတော့ ရေးရေးပေါ်လာမယ်။ နားလည်လာမယ်။ ခင်အေးလွင်တစ်ယောက်ပါတီပွဲတွေမှာ တည်တည်ငြိမ်ငြိမ်နဲ့ လှုပ်ရှားသွားလာနေတာကို သူမြင်ခဲ့မယ်။ ဘဝမှာ ဆက်လက်အောင်မြင်နေတာကို သူမြင်ခဲ့မယ်။ အစက ခင်အေးလွင်အပေါ် အထင်ကြီးခဲ့လေသမျှတွေဟာ သူ့စိတ်ကူးစိတ်သန်းသာ ဖြစ်တယ်။ တကယ်မဟုတ်ဘူး။ တကယ်က ခင်အေးလွင်ဟာ တစ်ခဏတာလေး တွေဝေမိုက်မဲပြီး စိတ်အလိုနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့တဲ့သူလို ငါလိုမိန်းမတစ်ယောက်သာဖြစ်တယ်။ တစ်ခဏတာမှားယွင်းပြီး နဂိုနေပြန်ရောက်သွားတယ်။ နာမည်ကြီးတာတို့၊ ချမ်းသာကြွယ်ဝတာတို့၊ လူကုံထံလောကမှာ မျက်နှာပွင့်ပြီး ရေပန်းစားတာတို့၊ လောကကြီးမှာလျှမ်းလျှမ်းတောက် အောင်မြင်တာတို့ အဲဒါမျိုးတွေကိုသာ အလေးထားတဲ့ မိန်းမဆိုတာ နားလည်လာမယ်။ သူကတော့ အရာရာကိုစွန့်လွှတ်တယ်။ ရန်ကုန်ကမ္ဘာကိုသူစွန့်ရတယ်။ အပေါင်းအသင်းတွေကို စွန့်ရတယ်။ အလုပ်ကိုစွန့်ရတယ်။ အတည်တကျဖြစ်နေတဲ့ အိုးအိမ်ကိုစွန့်ရတယ်။ တစ်ခန်းတစ်ကဏ္ဍမှာ အသုံးတည့်တန်ဖိုးရှိနေတဲ့ သူ့ဘဝကိုစွန့်ရတယ်။ ဒါတွေအားလုံးဟာ အခုတော့ တန်ဖိုးမရှိဖြစ်သွားပြီ။ သူ အလိမ်ခံရတယ်။ အလှည့်ဖျားခံရတယ်။ အညာခံရတယ်။ အဲဒီမှာ သူပေါက်ကွဲတော့တာပဲ။ အဲဒီမှာ ငါမြတ်နိုးခဲ့တာတွေ တန်ဖိုးထားခဲ့တာတွေဖြင့် ဆုံးပြီဆိုပြီးဖြစ်ချင်ရာဖြစ်ပေတော့ဆိုတဲ့ စိတ်ဝင်လာတယ်။ ခင်ဗျားတို့ အမြတ်တော်ခွန်ဝန်ထောက် တွေးတာမှန်တယ်။ လိပ်ပြာအနုတ်ခံရတဲ့သူနဲ့ တူတယ်ဆိုတာလေ။ ဘဝတစ်ခုလုံး သူ့ခန္ဓာကိုယ်ထဲက ဆွဲနုတ်ခံလိုက်ရတယ်ဆိုတာပေါ့။ သူ့အဖြစ်ဟာအဲဒီလိုအဖြစ်ပဲ။ အဲဒီနောက်တော့ ငရဲကလာ သူပြာပူမကြောက်ဆိုတာလို လောကကြီးမှာ ဘာကိုမှ အရေးမထားတတ်ဘူး။ ဒါပေမဲ့ အဆိုးဆုံးအဖြစ်က ခင်အေးလွင်ရဲ့စိတ်ထားအမှန်ကို သိရတဲ့တိုင်အောင် သူ့ကိုအချစ်မပြယ်သေးတဲ့ သူ့အဖြစ်ပဲ။ မိန်းမတစ်ယောက်ကို အစွမ်းကုန်ချစ်လိုက်တယ်။ ပြီးတော့မှ ဒီမိန်းမဟာ တန်ဖိုးမရှိမှန်း သိလာလို့ စိတ်ထဲကဖျောက်ပေမယ့် အချစ်စိတ်ဟာမပျက်ပြယ်နိုင်သေးဘဲ ဘာစွဲလမ်းလမ်း ကျန်နေသေးတယ်ဆိုတဲ့ ဘဝလောက် အခံရခက်တဲ့ဘဝ ဘယ်ရှိနိုင်ပါ့မလဲ။ အဲဒါကြောင့် ကိုခင်မောင်သန်းဟာ ဘိန်းစား၊ ဘိန်းရှူတာဖြစ်မှာပဲ။ ဘိန်းဆိုတာက လောကကြီးမေ့ပစ်လို့လည်းရတယ်။ ပြီးတော့ အတိတ်ကို ပြန်လည်ဆန်းသစ်လို့လည်းရတယ် မဟုတ်လား”

ကျွန်တော်သည် တော်တော်လေးပြောလိုက်သည်။

"ခင်ဗျားကလည်း စိတ်အထင်ပြောတာ မဟုတ်လား။ စိတ်ကူးစိတ်သန်းပဲ မဟုတ်လား"

ကိုမောင်မောင်တင်က ကျွန်တော့်ကို ထောက်ကွက်လုပ်ပါသည်။

"ဟုတ်တယ်လေ။ ကျွန်တော့်အထင်ပြောမယ်လို့ အစကတည်းက ပလွှင်ခံခဲ့သားပဲ။ ဒါပေမဲ့ ကျွန်တော့်စိတ်ကူးက ဖြစ်ရပ်တွေအားလုံးနဲ့ ဆက်စပ်မိတယ် မဟုတ်လား။ ဟပ်မိတယ် မဟုတ်လား"

"ဒီလူဟာ လူပျော့ပဲဗျ။ ပျော့စိစိသာမဟုတ်ရင် ခင်အေးလွင်ကို ရအောင်ယူနိုင်မှာပဲ"

"ဟုတ်မှာပေါ့၊ ဖြစ်နိုင်တာပဲ။ သူ့လိုလူတိုင်းနှစ်သက်ခံရတဲ့ လူမျိုးဟာ တစ်နေရာရာမှာတော့ ပျော့ညံ့တဲ့စိတ်ဓာတ်ပေါ်လာနိုင်တာပေါ့။ ဟုတ်တယ်။။ တချို့လူတွေဟာ သူ့လိုပဲ စိတ်ရောကိုယ်ပါ အစွမ်းကုန် မီးကုန်ယမ်းကုန် ချစ်တတ်ကြတယ်။ ပြီးတော့ သူကိုယ်တိုင်ကိုက ခင်အေးလွင်ရဲ့အချစ်ကို ဇွတ်အတင်းလုယူချင်တဲ့ စိတ်မရှိလို့ရင်လည်းဖြစ်ရမယ်။ ဖြစ်နိုင်တယ်။ ကျွန်တော်တော့ သူ့ကို သိပ်အပြစ်မဆိုချင်လှဘူး"

သည့်ထက်ပို၍ ကျွန်တော်မပြောတော့ပါ။ သည်ထက်ပို၍ ကျွန်တော် မဖြည့်စွက်တော့ပါ။ အကယ်၍သာ ကိုခင်မောင်သန်း၌ မျက်ခုံးကောင်းကောင်းတစ်စုံအောက်တွင် အုံညြစရာကောင်းလောက်အောင် ရှည်သည့် မျက်တောင်မွေးတို့ မရှိခဲ့လျှင် သူသည် ယခုအခါ အသက်ရှင်နေမည်ဖြစ်ပြီး ဥရောပတိုက်မှ နိုင်ငံခြားရေးဝန်ကြီးတစ်ယောက်ယောက်နှင့် ကမ္ဘာ့ကုလသမဂ္ဂတွင် အချေအတင် ဆွေးနွေးပြောဆိုနေမည် အမှန်ပင်ဖြစ်သည်ဟု ကျွန်တော် မျှော်လင့်ပါသည်။ သည်စကားကို ဖြည့်စွက်လိုက်လျှင် သူတို့ လင်မယားက ကျွန်တော့်ကို မျက်စောင်းချိတ်ကြလိမ့်မည်။

"ကဲ ...အိမ်ထဲဝင်ကြမယ်ကိုမောင်။ သိမ်းရဆည်းရဦးမယ်"အမာက စခန်းသိမ်းရန် နှိုးဆော်ပါသည်။

ဤမှာပင် ကိုခင်မောင်သန်း၏ ဘဝနိဂုံးသည်အဆုံးသတ်ပါတော့သည်။

မြဝတီမဂ္ဂဇင်း၊ ဩဂုတ်လ၊ ၁၉၇၆ ခုနှစ်

❑

# ရေစုန် လေစုန် ရှက်ဖွင့်

## တင့်ဆန်း

"ဘေးဘယာ ရန်မြူ မခရအောင်လို့ ...အေးမေတ္တာခံယူရမယ့် သားပါပဲ ...သယမ္ဘူဖရာ့ရယ်တဲ့ ဟယ့်ဟယ့် ...ဂုဏာဝန္တံ ..."

မင်းသား စိန်မြခိုင်သည် ကန့်လန့်ကာနောက်မှ ထွက်လာပြီးလျှင် မင်းသမီး ချောနှစ်ယောက်ကို တစ်ယောက်တစ်ဖက်စီ လက်ဆွဲခေါ်ခဲ့ပြီးနောက် ဇာတ်စင် ရှေ့ပိုင်းသို့ လျှောက်လာကာ မင်းသမီးနှစ်ယောက်ကြားတွင် ရင်ကိုကော့၍ ရပ်လိုက်၏။ ပြီးမှ သီချင်းကို ကောက်၍ဆိုလိုက်လေရာ စောစောက ကျွက်စီကျွက်စီဖြစ် နေသော ပရိသတ်မှာ တစ်ခါတည်း တိတ်ဆိတ် ငြိမ်သက်၍ သွားလေတော့သည်။

"ဘေးဘယာ ရန်မြူမခရအောင်လို့ ...ဘေးဘယာနေဝ်ဗျာ ...ရန်မူတွေ မခရအောင်လို့ ..."

စောစောဆိုစဉ်ကမူ နဲ့ရောဆိုင်းရောမပါဘဲ စိန်မြခိုင်တစ်ယောက်တည်း သာ ဗလာဆိုလိုက်ခြင်းဖြစ်၏။ ယခုတစ်ဖန် သီချင်းကို ပြန်ကောက်ဆိုပြန် သောအခါတွင် ဆိုင်းဝိုင်းနှင့် နဲ့က နောက်မှ လိုက်ပေးသည်။

"အေးမေတ္တာ ခံယူမယ့်သားပါပဲ ...။ မေတ္တာကိုလေ ခံယူမယ့်သားပါပဲ။ ရော့ သယမ္ဘူရယ်တဲ့ ဟယ့်ဟယ့် အဲ့ ...ဟယ့်ဟယ့် ဂုဏာဝန္တံ ..."

ယခုတစ်ပတ် ပြန်၍အဆိုတွင် ဆိုင်းဝိုင်းက လိုက်ထောက်ပေးရုံမက အကျော့အတောကလေးများနှင့် 'ဟဲ'၍ ဆိုလိုက်သောကြောင့် ပို၍မြိုင်သွားသည်။ ပရိသတ်မှာလည်း နှမ်းတစ်စေ့ကျသံကိုပင် ကြားရမလောက် ပို၍တိတ်ဆိတ်သွား သည်။ ကလေးငယ်တို့ ငိုလျှင်တောင်မှ အသံထွက်မလာနိုင်အောင် လူကြီးများ ကလေးပါးစပ်ကို ကျိတ်၍ ပိတ်ထားကြသည်။

တကယ်တော့လည်း စိန်မြခိုင် နေ့ချင်းညချင်း ကျော်ကြားလာရသည်မှာ ဤအသံကြောင့်ဖြစ်လေသည်။

အမှန်ဆိုရလျှင် ....

စိန်မြခိုင်မှာ ရုပ်လည်းချောလှသည်မဟုတ်။ အပြောအဆိုလည်း မကောင်း။ အကမှာလည်းတော်၏ လျော်၏သာ ကတတ်သည်။ စင်စစ် သူသည် သဘင်ပညာ၊ သဘင်ဝါ၊ အတော်နုပါသေး၏။

ဒါပေမဲ့ ...

ယခုတစ်နှစ် နှစ်နှစ်အတွင်းတွင် သူကျော်ကြားလာသည်။ နာမည်ကြီး လာသည်။ ပရိသတ်တို့၏ နှစ်သက်စွဲမက်ခြင်းကို ခံယူရ၏။ ယင်းသို့ ပရိသတ် တို့၏ စွဲမက်ခြင်းကို ခံယူရ၏။ ယင်းသို့ ပရိသတ်တို့၏ စွဲမက်ခြင်းကို ခံရသည်မှာ အသံကြောင့်ဖြစ်သည်။ သူ၏အသံသည် ကြည်လင်အေးမြ၍ ဂရုဏာရသ အပြည့် အဝပါရှိသည်။

ဒါကို ပရိသတ်ကစွဲ၏။ သို့ကြောင့်လည်း နေ့ချင်းညချင်း သူကျော်ကြား လာရသည်။ ကျော်ကြားမှုကို ရရှိလာသည်နှင့်အမျှ အခကြေးငွေမှာလည်း ယခင် ကထက် အဆများစွာ ပို၍ရလာသည်။ ထိုအခါ၌ စိန်မြခိုင်သည် သူ၏ ဘဝဟောင်းကို မေ့ချင်လာ၏။ တစ်ခါတလေပြန်၍ သတိရလျှင်တောင်မှ သူက 'အိပ်မက်'လားဟု မနည်းစဉ်းစားယူရသည်။

တကယ်ဆိုတော့လည်း ဘဝအခြေချင်းက ကွာချင်တိုင်းကွာခဲ့ရပြီ မဟုတ်လား။

အမှန်စင်စစ် စိန်မြခိုင်သည် သူဘယ်စဉ်အခါကာလကမှ မျှော်မှန်း၍ မရနိုင်သော ကမ္ဘာလောကတစ်ခုသို့ ရောက်ရှိလာခြင်းဟုပဲ ဆိုရမည်။

အဘယ့်ကြောင့်ဟူမူ သူ၏မျိုးရိုးဗီဇမှာ ဇာတ်မျိုးဇာတ်နွယ်လည်း မဟုတ်။ အနုပညာနှင့်ပတ်သက်သော အရာဟူသမျှနှင့်လည်း ဘယ်လိုမှ မဆက် စပ်။ သူ့အဖေသည်လယ်ကူလီဖြစ်၍ သူ့အမေမှာလည်း ကောက်စိုက်သမသာ ဖြစ်သည်။ ဒါပေမဲ့ သူသည် အမေ့အား ကောင်းစွာမြင်ဖူးတွေ့ဖူးခြင်းမရှိခဲ့။ သူ အသိရှိသည့်အရွယ်မှစ၍ မိထွေးနှင့်သာနေရသည်။ မိထွေးကို အမေဟုခေါ်ရသည်။ သူ့အမေသည် သူအခါလည်အရွယ်ကပင် သေဆုံးခဲ့သည်ဟု ကြီးတော်ပိန်မနှင့် အခြားဆွေမျိုးများက ပြောပြ၍သိခဲ့ရခြင်း ဖြစ်လေသည်။

သူသည် မိထွေးကို အမေသဖွယ်တွယ်တာ၏။ ဒါပေမဲ့ သူ့မိထွေးက တော့ သူ့အားသားနှယ် မယူဆ။ ရာဇဝင်ပုံပြင်ထဲမှ မိထွေးများလိုသာ ကျင့်သည်။

အဖေဆိုသူကလည်း ပုံပြင်ထဲမှ အဖေမျိုး။ တကယ်ပါပဲ။

မိထွေး တစ်ချက်ညုလိုက်လျှင် နှ၍၊ မိထွေးက တစ်ချက်လောက် ချော့လိုက်လျှင် ပျော့တတ်သော ယောကျ်ားစား။ သည်လိုဆိုတော့ အမြဲသဖြင့် မိထွေးကသာ အဖေ့အပေါ် အနိုင်ရနေလေသည်။

သူ့မက အနိုင်ရပြီဆိုတော့လည်း မိထွေးမှာ ဝမ်းနှင့်မလွယ် သားမမယ်သော သူ့အားဘယ်သို့လျှင် အကောင်းပြုတော့မည်နည်း။ ဘယ်သို့လျှင် ညှာတာထောက်ထား သနားကြင်နာရှိပါတော့မည်နည်း။

သူသည် ကိုယ့်ခြေနှင့်ကိုယ် မတ်တတ်ခိုင်ခိုင် သွားတတ်ကတည်းက မိထွေးကို ကူညီရသည်။ မိထွေး၏ အလိမ်အဖွဲ့ အရိုက်အနှက်ကို ခံခဲ့ရသည်။ မိထွေး၏ စားကြွင်းကို စားခဲ့ရသည်။ အဖေနှင့် မိထွေးတို့ကမွေးသော ကလေးအနီးကစ လျှော်ဖွပ်ခဲ့ရသည်။ မလုပ်တတ်လုပ်တတ်နှင့် လုပ်ရ၍ အနီးတွင် ချေးမစင်လျှင် မိထွေး၏ အလိမ်အဖွဲ့ အရိုက်အနှက်ခံရပြန်သည်။

သူ့ကို မိထွေးက တစ်စုံတစ်ခုမေး၍ ပြတ်ပြတ်သားသား ပြန်ပြောမိလျှင် စကားပြောမာရကောင်းလားဟု ခေါင်းကို လက်ဖြင့်ခေါက်သည်။ ပြေပြေပျော့ပျော့ ပြောမိပြန်လျှင်လည်း ချွဲရကောင်းလားဟု ဆဲသည်။ ကျောပြင်ကိုထုသည်။ တကယ်တော့ သူ့ဘဝမှာ ဆူးကြားကဘူးသီးလို မလှုပ်ရှားဝံ့။ မကြီးထွားဝံ့အောင် ကြုံလှီငြိမ်သက်နေရသော ဘဝဖြစ်လေသည်။

သူသည် မပွင့်မီက နွမ်းနေရသော ပန်းနှယ်ရှိလေသည်။ သူ ၅နှစ်ကျော် ၆ နှစ် အရွယ်သို့ရောက်သောအခါ သူ့အဖေက ရွာဦးကျောင်းတွင် ကျောင်းထားပေးသည်။ ထိုအချိန်မှစ၍လည်း သူ့အမည်'ခွေးအို'ကို ဘုန်းတော်ကြီးက 'ဘအေး' ဆိုသော အမည်နှင့် ပြောင်းလဲပေးသည်။ ကျောင်းသားအားလုံးက သူ့ကို"ဘအေး" ဟု ခေါ်ကြသည်။ နောက်ရွာက လူတွေရော သူ့အဖေရော သူ့ကို'ဘအေး'ဟုပင် ခေါ်ကြသည်။ ဒါပေမဲ့ သူ့မိထွေးကတော့'ခွေးအို'ဟုသာ ခေါ်လေသည်။

သူမက အကြောင်းပြု၏။

"ဘယ်သူက ဘယ်လိုပဲခေါ်ခေါ် ငါကတော့ နင့်နာမည်ကို ပြောင်းမခေါ်နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ ခွေးအိုဆိုတဲ့နာမည်က ငါမှည့်တာလေ၊ နင့်ရုပ်ကလည်း ခွေးအိုကြီးချေးမစားရလို့ မှိုင်နေသလို ဘယ်တော့မှ ကျက်သရေမရှိဘူး မဟုတ်လား၊ ဒီတော့ ဒီနာမည်နဲ့နင်နဲ့က သိပ်လိုက်တာပဲ"

မိထွေး၏စကားလုံးများမှာ ရင့်သီးလွန်း၍ နာကြည်းစရာကောင်းလှသည်ဟု သူသိ၏။ ဒါပေမဲ့ ခေါင်းငုံ့၍သာ ခံနေခဲ့ရသည်။ သူမခံ၍ကော ဖြစ်မည်

လား၊ သူ့အဖေသည်ပင် မိထွေးကအကြောင်းပြု၍ပြောသော စကားလုံးများကို တဟားဟား ရယ်သွမ်းသွေးနေသည်။

ပြီး ...

"မင်းကတော့ စကားအရာမှာ တကယ်တတ်တယ်ကွာ"ဟုပင် သူ့ဇနီးအား ချီးကျူးခန်း ဖွင့်လိုက်သေးတော့သည်။

သည်လောကတွင် သူ့အတွက် မှီခိုအားထားရာဆို၍ အဖေတစ်ယောက်သာရှိသည် မဟုတ်လား၊ ထိုအဖေကပင် မယားပြီးလျှင် ပြီးစတမ်း ဖြစ်နေရသောအခါတွင် သူ့အဖို့အားကိုးရာ ကိုးကွယ်ရာဟူ၍ ဘယ်ဟာမျှ မရှိနိုင်တော့ပေ။

ယခုတော့ ကျောင်းတက်နေရ၍ အနည်းငယ်ချမ်းသာရာရပါသည်။ ဒါပေမဲ့ မသက်သာလှ၊ ကျောင်းကအိမ်ပြန်ရောက်လျှင် နိုင်သောဝန်ရော မနိုင်သောဝန်ရော မိထွေးက ကျူးရှန်းလုပ်ခိုင်းပြန်သည်နှင့် လုပ်ပေးရပြန်သည်။ မိထွေးသည် အမြဲသဖြင့် သူ့အတွက် အလုပ်တွေကို တစ်ပြုံတစ်ခေါင်းကြီး ရှာဖွေစုဆောင်းထားတတ်ပေသည်။

သူသည် တစ်ရပ်တစ်ရွာမှ လာရောက်ကျောင်းနေသော ကျောင်းသားများကဲ့သို့ ကျောင်းအိပ်၊ ကျောင်းစား နေချင်သည်။ အမှန်စင်စစ် ကျောင်းအိပ် ကျောင်းစား နေရသူတို့မှာ ကျောင်းသားအချင်းချင်းထဲတွင် အလွန်အောက်တန်းကျ၏။ အခြားကျောင်းသားများက ထိုကျောင်းအိပ်၊ ကျောင်းစားများကို–

"ထမင်းသိုးစားတွေ"ဟုခေါ်ကာ နှိမ်ကြ၏။ သို့သော်လည်း တစ်ရပ်တစ်ကျေးမှ ကျောင်းသားများမှာ အနှိမ်ခံ၍ပင် အောင့်အည်းနေကြရသည်။

ကျောင်းအိပ်၊ ကျောင်းစားများမှာ နံနက်ကရသော ဆွမ်းထဲမှ ခွဲချန်ထားသည့် ထမင်းဟင်းများကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ညနေစာအဖြစ် စားကြရ၏။ ဒါပေမဲ့ ဘအေးက ထိုထမင်းသိုးစားဘဝကို ခုံမင်သည်။ မည်သို့ပင်ရှိစေ သူ့အဖို့ မိထွေး အခိုင်းအစေအနှိပ်စက်မခံရလျှင် တော်ပြီ။ တတ်နိုင်၍ သုံးရက်ကြာမှ ထမင်းတစ်နပ်စားရပါစေ။

သူက မိထွေးနှင့်ဝေးဝေးသာ နေချင်သည်။ ကျောင်းမှ ထမင်းသိုးများသည် သူ့မိထွေး၏ စားကြွင်းထက် များစွာကောင်းနေသေးသည်ကိုလည်း သူသိသည်။ ပြီးအခေါက်၊ အရိုက်၊ အလိမ်၊ အဖဲ့မှ ကင်းလွတ်ရမည် မဟုတ်လား။

"အဖေ ...ကျွန်တော်ကျောင်းအိပ်ကျောင်းစား နေချင်တယ်"

မိထွေး မကြားအောင် သူက အဖေ့ကို ပြော၏။

"အေး ...အကောင်းသားပဲ"

သူက မိထွေးမကြားအောင် တိုးတိုးတိတ်တိတ်ပြောသောစကားကို အဖေသည် မိထွေးအားသွား၍ပြော၏။

"ဘအေးက ကျောင်းအိပ်၊ ကျောင်းစားနေချင်လို့တဲ့"

"ဘယ်ဖြစ်မလဲ"

မိထွေးက ငေါက်လိုက်၏။

"ဘာပြုလို့ မဖြစ်ရမှာလဲ။ သူ့အတွက် တို့တာဝန်ငြိမ်းတာပေါ့"

အဖေက ဆင်ခြေတက်သည်။

"ခွေးအိုက ငယ်ငယ်လေးရှိသေးတာပဲ။ ဒီအရွယ်လေးကို ကိုယ့်မျက်စိကွယ်ရာမှာ ပစ်ထားလို့ဖြစ်မလား"

အဖေငြိမ်သွား၏။ မိထွေးပါးစပ်က မေတ္တာစေတနာစကားကိုကြားရသဖြင့် သူအံ့ဩနေသည်။

"ဩော် ...မိထွေးဟာ ငါ့အပေါ် စေတနာအရှိသားပါလား"

သူ့ရင်မှာ သိမ့်သိမ့်တုန်ခဲ့ရလေသည်။ ယခင်က ထိုး၊ ခေါက်၊ ရိုက်နှက်သည်များကိုပင် မေ့ပျောက်၍သွားရသည်။

"ခွေးအိုလာဦး"

အဖေလယ်ကွင်းသို့ အလုပ်ဆင်းသွားသောအခါ မိထွေးသည် သူ့အား မျက်နှာပေါက်ဆိုးနှင့်ခေါ်၏။ သူရင်တုန်၍ ကျောချမ်းသွားသည်။ ပြီး မိထွေးအနီးသို့ ခပ်ရိုရိုလေး ကပ်သွားရ၏။

"နင်က ကျောင်းအိပ်၊ ကျောင်းစားနေချင်တယ် ဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။

"ဘာဖြစ်လို့လဲ အိမ်ကအလုပ်တွေ မလုပ်ချင်လို့လား"

သူအဖြေမပေးတတ် ငြိမ်၍နေသည်။

"ဟင် ...ငါမေးတာပြောလေ၊ နင်အိမ်က အလုပ်တွေ မလုပ်ချင်လို့ ကျောင်းအိပ်ကျောင်းစား နေချင်တာပဲ မဟုတ်လား"

သူ ခေါင်းငုံ့ပြီး ငြိမ်နေသည်။

"မေးတာ ပြောလေ–ပြောလေ။ ဒီပါးစပ်က ဘာဖြစ်နေတာလဲ ပြော"

မိထွေးသည် သူ့နှုတ်ခမ်းကိုဆွဲ၍ လိမ်လေရာ နာလွန်းသဖြင့် မျက်ရည်ပေါက်ပေါက်ကျခဲ့ရလေသည်။

"အရွယ်နဲ့မလိုက်ဘူး။ ညဏ်နီ ညဏ်နက်တွေ သိပ်များတဲ့ကောင် သွား–အမင်းအိုးဆန်ဆေးတယ်ချည်"

မိထွေးသည် ပြောပြောဆိုဆို သူ့ဇက်ပိုးကို ဆောင့်၍တွန်းလေရာ ရှေ့သို့ ဦးစိုက်လဲကျခဲ့ရ၏။ နဖူးနှင့်ကြမ်းပြင်ဆောင့်မိသဖြင့် ရှိုက်ငိုမိသည်။

"တိတ် ...မငိုနဲ့၊ အသံမထွက်နဲ့။ နင့်ကိုများ သနားမယ်အောက်မေ့ပြီး ချွဲနေတာလား။ သွား...သွားစမ်း။ နင့်ကျက်သရေမရှိတဲ့မျက်နှာ ငါမကြည့်ချင်ဘူး။ မီးဖိုထဲကို မြန်မြန်သွား"

သူသည် မျက်ရည်ကိုကျိတ်သုတ်ပြီး မီးဖိုချောင်သို့ ဝင်လာခဲ့ရလေ၏။

သူ့ဘဝမှာ ကျဉ်းကျပ် နာကြည်းစွာဖြင့် စခဲ့ရ၏။ သူ့ပတ်ဝန်းကျင်မှာ စိမ်းလန်းသော သစ်ပင်များ၊ မှည့်ဝင်းသော ရွှေရောင်စပါးပင်များ၊ လယ်ကွင်းပြင်တွင် တစ်နေကုန်၊ တစ်နေခန်း နေပူမိုးရွာမရှောင် လုပ်ကိုင်နေရသော လယ်သမား လယ်ကူလီများသာ ရှိကြသည်ဖြစ်၍ ထိုအရာများကိုသာနေ့စဉ်နှင့်အမျှ မြင်တွေ့ခဲ့ရလေသည်။

ရွာဦး ဘုန်းတော်ကြီးကျောင်းတွင် သူစာသင်၍ "ယံမင်္ဂလံ ဒွါဒသဟိ" ရောက်သည်တွင် ကျောင်းကထွက်ခဲ့ရ၏။

ထိုအချိန်တွင် သူ့အသက်မှာ ကိုးနှစ်။

ဘုန်းတော်ကြီးကျောင်းမှထွက်ခဲ့ရပြီး သူနွားကျောင်းရသည်။ စာရင်းတိုင်၏ နွားလေးကောင်ကို သူမနိုင်မနင်းနှင့် ကျောင်းရ၏။ ညနေနွားများသွင်းချိန်၌ နွားတစ်ကောင်ကောင် ပျောက်နေလျှင် သူငိုရမြဲ။

ထိုအခါမျိုး၌ သူ့ထက်ကြီးသော နွားကျောင်းသားများက သနားသဖြင့် ကူညီရှာပေးတတ်သည်။ သူသည် နွားကျောင်းပြီး၍ စာရင်းတိုင်အိမ်မှ ပြန်လာလျှင် မိထွေးခိုင်းသော အိမ်မှုကိစ္စများကို လုပ်ရပြန်၏။

ယင်းသို့ ဝမ်းနှင့်မလွယ်သူ၏ အနှိပ်အစက်ကို ခံရရင်းမှာပင် သူသည် အသက် ၁၄နှစ်အထိ ကြီးပြင်း၍လာရလေသည်။

*

စိမ်းဝေသော တောတောင် သစ်ပင်တို့မှာ ရော်မွဲလျက် ရိုးတံကျဲကျဲတွင် ပုရစ်နကလေးတွေ ဖူးသစ်၍နေကြသည်။ လေရူးသည် ကျန်ရှိနေသေးသော ရွက်ဝါများကို ပုတ်ခတ်ချွေချနေ၏။ ရွာဦးကျောင်းမြောက်ဘက်ရှိ ကွင်းပြင်ဝယ် ရိုးပြတ်တွေ ထောင်နေသည်။ ဝါရွှေသော ရိုးပြတ်ငုတ်များအလယ်တွင် ဇာတ်စင် တစ်ခု ထီးထီးမားမား ရပ်တည်လာ၏။

ဇာတ်စင်ရှေ့တွင် ဖျာစုတ်၊ ဂုန်အိတ်စုတ်များ ခင်းကျင်းထားသည်။

ကလေးတစ်သိုက်မှာ ဖျာနေရာလုရင်း ရန်ဖြစ် ဆဲဆိုနေကြသည်။ လက်သီးချင်း ယှဉ်ပြိုင်ထိုးသတ်သူလည်း ရှိသည်။ အချို့က လက်ခုပ်တီး၍ မြှောက်ပင့်ပေး ကြသည်။

ကလေးမတစ်ယောက်နှင့် ကောင်ကလေးတစ်ယောက်သည် လုံးထွေး သတ်ပုတ်နေကြရာ ပုဆိုးထဘီတွေပင် ကျွတ်၍ကုန်သည်။ ဝိုင်းကြည့်နေသော ကလေးများက ထိုအဖြစ်ကို ကြည့်၍ဝမ်းသာအားရ ရယ်ကြ၏။

ညနေချမ်းသို့ရောက်လျှင် အလယ်ကွက်လပ်ကြီးချန်၍ လှည်းဝိုင်းထိုး ကြသည်။ ပွဲဈေးတန်းဆိုင်ကလေးများလည်း အပြီးအစီးဆောက်၍ပြီးပြီ ဖြစ် သောကြောင့် စီစီရီရီရှိလေသည်။ သူကြီးနှင့်ဆယ်အိမ်ခေါင်းများ၊ ကျေးရွာကော်မတီ များလည်း ဟိုသွားသည်သွားနှင့် အလုပ်များနေကြသည်။

ယနေ့ညတော့ ရွာတွင် ပွဲကတော့မည်။

ရွာသူရွာသားအားလုံး ဇာတ်ကြိုသွားသော လှည်းများပြန်အလာကို စောင့်နေကြသည်။ ပွဲတော်မှာ ကွင်းစပ်တောင်ပေါ်မှ ထုံးဖြူဖြူနှင့် စေတီတော်ကို အကြောင်းပြုသော ဘုရားပွဲတည်း။

ထိုစေတီကလေးကို အဝတ်ဖြူဝတ်ဆင်သော လူသူတော်တစ်ဦးက ရွာမှ ပိုက်ဆံကောက်ခံပြီးတည်သည်မှာ တစ်နှစ်ကျော်နီးပါးရှိခဲ့ရာ ယခုနွေ၌ အပြီးသတ် လေသည်။ ထို့ကြောင့် ရွာမှ ငွေစု၍ ဘုရားပွဲတော်လုပ်ခြင်း ဖြစ်သည်။ နှစ်ပေါင်း များစွာ ပွဲငတ်ခဲ့သော ရွာသူရွာသားများမှာ ယခုအခါတွင် ပွဲကြည့်ရတော့မည်ဖြစ်၍ အားရဝမ်းသာ ဖြစ်နေကြသည်။

အခြားရွာများမှ နွားလှည်းတွေလည်း ကြေးခလောက်သံတလွင်လွင်ဖြင့် ပွဲခင်းရှိရာသို့ မောင်းနှင်လာကြသည်။ စောစောက သန့်စင်နေသော ကွင်းပြင်လေ ဟာဝယ် မြူမှုန်ဖုန်တန်းများဖြင့် မှိုင်းဝေနေလေပြီ။

ရွာ၌လာရောက် ကပြမည့်ဇာတ်မှာ ကလေးဇာတ်ဟု စောစောကပင် ရွာသားရွာသူတို့ ကြားထားရသည်။ ကလေးဇာတ်မက၍ အုဝဲဇာတ်ပဲ ဖြစ်ပါစေ သူတို့ကကြည့်ရမည်။ တကယ်တော့လည်း သူတို့ရွာမျိုး၌ ပွဲဆိုသည်က ကြုံတောင့် ကြုံခဲမဟုတ်လား။

သူတို့သည် ဇာတ်ကြိုသွားသော လှည်းများကို လည်တံထုတ်၍ မေးကို ချိ၍ စောင့်မျှော်နေကြရသည်။

"ပွဲမှ ရောက်ပါ့မည်လား"ဟူသော စိုးရိမ်စိတ်သောကများလည်း ရင်၌ လှုပ်ရှားနေရသည်။ သူတို့ရွာနှင့် ဇာတ်သွားကြိုရသောရွာမှာ ခရီးငါးမိုင်ခန့်ဝေး

သည်။ သူတို့ရွာမှာ ကားလမ်းမပေါက်သဖြင့် ထိုရွာကြီးသို့ ဓာတ်ရောက်မှ လှည်းဖြင့် တစ်ဆင့်ကြို၍ခေါ်ခဲ့ရမည် ဖြစ်လေသည်။

နေလုံးကွယ်စ မှုန်ပျပျတွင် ဓာတ်လှည်းများရောက်လာရာ အားလုံး ဝမ်းသာကြသည်။ ရွှင်မြူးကြသည်။ ဓာတ်သမားများသည် ရုတ်ခြည်းပင် ဓာတ်စင်၌ ကန့်လန့်ကာများတပ်ဆင်သည်။ အတန်ကြာသော် မီးများလင်းလာပြီး စည်တိုနှက်သံပေါ်လာသည်။ ကလေးတွေမြူးကြ၊ ခုန်ကြ တရှူးရှူးရှိနေသည်။ လူကြီးတွေလည်း ဘဝင်ဟာဒယ ရွှင်ပျပျ။

ကာလသမီး၊ ကာလသားတို့သည် အမွှေးနံ့သာ မှုန်သကြသည်။

ဤမျှ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဝမ်းသာရွှင်မြူးနေကြသော အချိန်၌ ဘအေးတစ်ယောက်မှာတော့ အများနည်းတူ မရွှင်မမြူးနိုင်ဘဲ ငိုပွဲဆင်နေရသည်။ မိထွေးသည် သူ့အားပွဲမသွားစေဘဲ အိမ်စောင့်ရမည်ဟု အမိန့်ချမှတ်ကာ ကလေးနှစ်ယောက်နှင့် ပွဲခင်းသို့ထွက်၍သွားသည်။ အဖေသည်လည်း နေ့လယ်ကပင် သူကြီးကခေါ်၍ ခိုင်းစေထားသဖြင့် နေအိမ်သို့ပင် မပြန်ရ။

ဘအေးမှာ ငယ်သောအရွယ်ဖြစ်၍ သူများနည်းတူ ပျော်ချင်ပါးချင်သည်။ ကြုံတောင့်ကြုံခဲ ကြုံလာရသော ပွဲကလေးကို တစ်ချီလောက်ဖြင့် ကြည့်လိုက်ချင်စမ်းသည်။ သူ့ဘဝတစ်သက်တာတွင် ပွဲဆို၍ ကောင်းစွာ မသိတသိအရွယ်က ရုပ်သေးပွဲ တစ်ခါသာ ကြည့်ဖူးခဲ့၏။

ထို့ကြောင့် သူသည် ယခုကလေးဓာတ်ဆိုသည်မှာ မည်သို့မည်ပုံ ရှိသည်ကို ကြည့်စမ်းချင်သည်။ ဒါပေမဲ့ သူသည် မိထွေးအာဏာတွင်တည်နေရ၏။ မိထွေးက အိမ်စောင့်ခိုင်းသဖြင့် စောင့်နေရသည်။ ထို့ကြောင့်လည်း တစ်ရွာလုံး ရွှင်မြူးနေချိန်၌ ဘအေးငိုရသည်။

ဆိုင်းသံ၊ ဝိုင်းသံတွေက ပို၍မြိုင်လာသည်။ ဆိုင်းသံနှင့်တေးဆိုသံများ ဘအေးနားထဲသို့ စူးဝင်လာသည်။ သူ့စိတ်မှာ မရိုးမရွရှိနေရ၏။ အများဘဝနှင့် မတူသော သူ့ဘဝကိုတွေး၍ ကြေကွဲလာသည်။ ဝမ်းနည်းမဆုံးလည်း ရှိနေရ၏။ ဘအေးသည် ဝမ်းလျားမှောက်၍ ခေါင်းအုံးတွင် မျက်နှာအပ်ပြီး တရှိုက်ရှိုက် ငိုမိလေသည်။

ညဥ့်သည် ပို၍ရှည်ညောင်းလာ၏။ ပွဲခင်းဆီမှ ရယ်မောသံများ၊ တေးဆိုသံများ၊ ဆိုင်းသံများကို ဘအေးအတိုင်းသား ကြားနေရသည်။ သူ ဆောက်တည်ရာ မရနိုင်တော့။ ငိုယိုနေရာမှ ထ၍ထိုင်လိုက်သည်။ ပြီးနောက် အိမ်ပေါ်တွင် သုံးလေးခေါက် ခေါက်တုံ့ခေါက်ပြန်လျှောက်၏။ ပြီးလျှင် စွန့်စားခန်းကို သူစတော့သည်။

သူသည် တဲအိမ်၏ ကဲလားတံခါးကို ပိတ်ထားခဲ့ကာ ပွဲခင်းရှိရာသို့ စွန့်စားထွက်ခွာလာခဲ့သည်။ အိမ်ရှိပစ္စည်းများ လူခိုး၍ကုန်လျှင်လည်း ကုန်ပါစေ၊ နောင်မှ မိထွေးသတ်၍သေသေ၊ သူသည် ပွဲမကြည့်ဘဲတော့ ဘယ်နည်းနှင့်မျှမနေနိုင်။ တစ်ခါမှ သူမကြည့်ဖူးသော လူကိုယ်တိုင်ဆို၍ ကသောဇာတ်ကိုတော့ သူကြည့်ဖြစ်အောင် ကြည့်တော့မည်။

ပွဲခင်းသို့ သူရောက်လျှင် အိမ်အတွက်လည်း မစိုးရိမ်တော့၊ မိထွေးကိုလည်း သတိမရတော့။ လှပစွာ ဆင်ယင်၍ ထိန်လင်းသော မီးရောင်အောက်၌ ကပြနေသော မင်းသမီး၊ မင်းသားကလေးများကို သူငေးကြည့်နေမိသည်။ မင်းသမီး၊ မင်းသားကလေးများမှာ သူ့ထက်ပင်ငယ်ကြဦးမည်ထင်၏။ ဒါပေမဲ့ သူတို့သည် ကခုန်မြူးတူးနေနိုင်ကြပေသည်။

ဘအေးသည် ပွဲကနေသော ကလေးများ၏ ဘဝကိုအားကျနေသည်။ တငေးတမော ကြည့်ရင်းပင် အချိန်တွေကုန်လွန်ခဲ့၏။ သူသည်ပွဲသိမ်းမှပင် နေအိမ်သို့ပြန်လာခဲ့လေသည်။

အိမ်ကိုမြင်တော့မှ သူထိတ်လန့်သွားရသည်။ အိမ်ကဲလားတံခါးများ အားလုံး ပွင့်နေ၏။ သူမရဲတရဲနှင့် အိမ်ပေါ်သို့ တက်လာခဲ့သည်။

"ခွေးအို နင့်ကို ငါဘယ်လိုမှာထားခဲ့သလဲ"

မိထွေး၏ငှက်ဆိုးထိုးသံကို ကြားရသောအခါ သူရင်တုန်သွားသည်။ သူသည် ဘာမျှအဖြေမပေးဘဲ ပေရပ်နေသည်။

"ဟင် ...ခွေးအို နင့်ကို ငါဘယ်လိုမှာထားခဲ့သလဲ"

"ကျွန်တော့်မှာ မျက်စိတို့ နားတို့ရှိနေတော့ ပွဲများနည်းတူကတာလည်း ကြည့်ချင်တယ်။ သီချင်းဆိုတာလည်း နားထောင်ချင်တယ်"

ဘအေးသည် မပြောစဖူး မိထွေးအား ချက်ကျကျပြန်၍ ပြောလိုက်လေသည်။

"ဘာ ...နင့်မှာ မျက်စိ၊ နားရှိနေလို့ဟုတ်လား"

မိထွေးသည် စူးရှတောက်ပသော မျက်လုံးများဖြင့် သူ့အားစိမ်းစိမ်းကြည့်၍ မေးလေသည်။ သူက အဖြေမပေးဘဲ ငြိမ်နေ၏။ မိထွေးက သူ့အနီးသို့ ကပ်လာကာ နားကို တအားရိုက်လေသည်။ နားထဲတွင် 'ချင်'ခနဲ အသံမြည်ပြီး ယိုင်လဲသွား၏။

"ကဲ ...ကြားဦး။ ဒီနား၊ မျက်လုံးတွေလည်း ဖောက်ပစ်ရမယ်"

မိထွေးသည် လဲသွားသောသူ့အား စိုက်ကြည့်ပြီးမှ ပြောလေသည်။

"ရက်စက်လှချည်လားဗျာ"

သူက မျက်ရည်ယိုစီးသော မျက်လုံးဖြင့် မိထွေးအားပြန်ကြည့်ပြီး ပြောလိုက်သည်။

"ရက်စက်တယ်၊ ရက်စက်တယ်။ နင်လိုကောင်ကို ရက်စက်နိုင်မှ တော်ကာကျတာ။ ငါရက်စက်တော့ နင်က ဘာလုပ်ချင်သေးလဲ"

မိထွေးသည် လဲရာမှ ထလာသော သူ့အနီးသို့ပြေးကပ်လာပြန်၏။

"ရက်စက်ပါခင်ဗျာ။ ရက်စက်သမျှ ကျုပ်ခံပါ့မယ်"

သူက ကြေကွဲဆို့နင့်စွာ ပြောလိုက်သည်။

"အံမယ် နင်က ငါ့ကိုခံပြောတယ်ဟုတ်လား။ ကဲဟယ် ...ကဲဟယ်"

မိထွေးက ဒေါသတကြီးနှင့် ဆက်၍ရိုက်လေရာ ဘအေးသည် သည်းမခံနိုင်သဖြင့် မိထွေးအား ပြန်၍တွန်းလေသည်။ ဘအေးမှာ အသက် ၁၄ နှစ်ရှိလာပြီဖြစ်၍ အင်အားလည်း အတော်အသင့် တောင့်တင်းလာရာ မိထွေးအားပြန်လည် တွန်းထိုးသတ်ပုတ်နိုင်လာသည်။ သူတို့နှစ်ယောက် သတ်ပုတ်နေစဉ် အဖေအိမ်ပေါ်သို့ တက်လာသည်။

"ဟော့ ...ဘယ်လိုဖြစ်တာလဲ ဟော့ ...ဟော့"

အဖေက ဝင်၍ဖျန်သည်။

"တော့်သား ကျုပ်ကို ခံသတ်နေတာ တော်မြင်တယ်မဟုတ်လား"

မိထွေးက ငိုကြီးချက်မနှင့် ပြောသည်။ အဖေကညှိုးငယ်သော မျက်နှာနှင့်သားကိုကြည့်၏။

"ဘယ်လိုဖြစ်ကြတာလဲ ပြောစမ်းပါဦး"

အဖေက မေးလေသည်။

"ညက အိမ်စောင့်ခိုင်းတာ အိမ်ဒီတိုင်းထားပြီး ပွဲသွားကြည့်တယ်လေ။ အဲဒါပြောတော့ သူ့မှာ မျက်စိနဲ့နားရှိနေလို့ သွားကြည့်တာတဲ့။ လူကိုပမာမခန့်ပြန်ပြောတယ်"

"ဒါတော့လည်း ဟုတ်တာပေါ့ မထွေးရာ။ ကလေးဆိုတော့ ပွဲကြည့်ချင်မှာပေါ့"

"ဘာ ...ရှင်ကသားဘက်က လိုက်သလား"

မထွေးက ဒေါသတကြီး အော်၍မေးလေသည်။

"မင်းကိုယ်ချင်းစာကြည့်လေ"

"ကလေးပဲ လူကြီးထားရာကနေရမှာပေါ့။ ဘာလို့ လူကြီးစကားကို

နားမထောင်ဘဲ သွားကြည့်ရမှာလဲ"

"သူပွဲသွားကြည့်နေတော့ တို့အိမ်မှာ ဘာပျောက်သလဲ တို့အိမ်မှာ လူခိုး စရာ ဘာတစ်ခုမှမရှိဘဲ အစကတည်းက မင်းသူ့ကိုပါ ခေါ်သွားဖို့ ကောင်းတယ်"

"တော်က သားကို မြှောက်ထိုးမြှောက်ပင့်လုပ်သလား။ ဒီလိုဆို ကျုပ် မနေဘူး သွားမယ်"

မထေးသည် ဆောင့်အောင့်ပြီး အိမ်ပေါ်မှဆင်းရန် ပြင်လေသည်။

"နေပါဦး မထေး၊ ငါပြောပါဦးမယ်"

အဖေက ချော့ရလေပြီ။

"မနေဘူး၊ မနေဘူး။ သားက ခံသတ်တယ်။ အဖေက မြှောက်ပေး တယ်။ ကျုပ် ဒီအိမ်မှာ ဘယ်လိုမှ နေလို့မဖြစ်ဘူး"

မထေးက လက်ကိုဆောင့်ရုန်းနေသည်။

"မင်း ...ခံသတ်တယ်၊ ဟုတ်လား"

အဖေသည် ဘအေးဘက်သို့ ဒေါသကြီးစွာ လှည့်အော်မေးလေသည်။ ဘအေးက ခေါင်းခါပြလိုက်၏။

"ဘာ ...ခေါင်းခါတာလဲ။ အတင်းတွန်းထိုးလုပ်လို့ အခု ငါ့လက်တောင် နာသွားပြီ"

"မင်းက ကြီးလို့ မိုက်တာလား"

"ကျွန်တော် မခံနိုင်လွန်းလို့ ကာကွယ်တာပါ"

"ကာကွယ်တာဖြင့် ကျုပ်လက်နာမှာလား။ အခုကြည့်စမ်း၊ လက်နာ သွားပြီ။ ကျုပ်မနေဘူး။ ကျုပ် ဒီအိမ်မှာ ဘယ်နည်းနဲ့မှ မနေတော့ဘူး ဟီး ...ဟီး"

မိထွေးက ရှိုက်ကြီးတငင်ငိုရင်း လက်ကိုဆောင့်ရုန်းနေသည်။

"မသွားပါနဲ့မထေးရာ။ သူ့ကို ငါရိုက်ပြီး ဆုံးမပါ့မယ်"

"ရိုက်ဆုံးမလို့လည်း ကျုပ်မကျေနိုင်ဘူး။ သူနောက်လည်း ဒီလိုပဲ ကျုပ် ကို ခံသတ်နေဦးမှာ။ ဒီအိမ်မှာ သူရှိနေသမျှ ကျုပ်မနေဘူး။ လွှတ်တော်လွှတ်၊ ကျုပ်လက်ကို ဆွဲမထားနဲ့ လွှတ်"

"ကဲ ...ဟော့ကောင်၊ မင်း ဒီအိမ်မှာမနေနဲ့၊ သွားတော့"

အဖေသည် ဘအေးဘက်လှည့်၍ အော်ငေါက်ပြောလေသည်။

"ကျွန်တော် ဘယ်ကိုသွားတတ်မှာလဲ အဖေ။ ကျွန်တော့်မှာ အဖေက လွဲပြီး ဘယ်မှာများ အားကိုးစရာရှိသေးလို့လဲ"

"ဒါဖြင့် မင်းဘာလို့ မထေးကို ခံသတ်ရတာလဲ"

"ကျွန်တော် ခံသတ်တာမှ မဟုတ်ဘဲ"

"လျှာမရှည်နဲ့ကွာ။ ခံမသတ်ဘဲ သူ့လက်နာသွားရမှာလား"

အဖေသည် မထေးအား လွှတ်ထားခဲ့ပြီး ဘအေးအနီးသို့ ရောက်လာသည်။ ဘအေးက ခေါင်းငုံ့နေ၏။

"မင်းက အရွယ်မရောက်သေးဘူး။ မိဘကို ခံသတ်လား၊ ပုတ်လားနဲ့"

"ကျွန်တော့်အသားကလည်း နာတတ်တာပဲအဖေ။ ကျွန်တော့်နားကို ပိတ်ရိုက်ထားတာ ခုထိ အူနေပါသေးတယ်"

"လျှာရှည်တယ်ကွာ။ မိဘဆုံးမတာ ပြန်လုပ်ရမလား။ ကဲ ...လုပ်ဦးကွာ၊ လုပ်ဦးကွာ"

အဖေသည် သူ့ကျောပြင်အား ဆင့်၍ရိုက်ပြန်၏။

"သတ်ပစ်လိုက်ပါအဖေ၊ ကျွန်တော့်ဘဝဟာ သေတာလောက်မှ မကောင်းပါဘူး"

"အံမယ် မင်းက ငါ့ကို ဒီလိုပြောသလား။ ကဲ ..ကဲ ..မင်းငါ့အိမ်ပေါ်က အခုဆင်းသွား"

အဖေသည် သူ့အား ရိုက်နှက်တွန်းထိုးပြီး အိမ်ပေါ်မှ အတင်းတွန်း၍ ချလေသည်။ ဘအေးမှာ မတတ်သာပြီဖြစ်၍ ခြေဦးတည့်ရာသို့ လျှောက်လာခဲ့ရသည်။ ပြီး ချောင်းနံဘေးရှိ မအူပင်ကြီးကိုမှီ၍ လိုက်လှဲစွာ ငိုရှိုက်နေမိလေသည်။

"ဟော့ ...ကလေး၊ ဘာပြုလို့ ငိုနေရတာလဲ"

အသံကြား၍ မော့ကြည့်မိရာ ချောင်းထဲမှရေချိုးပြီး တက်လာသော မျက်နှာစိမ်းလူကြီးတစ်ယောက်ကို မြင်တွေ့ရလေသည်။

"ဘာဖြစ်လို့ ဒါလောက်တောင် ဝမ်းနည်း၊ ပန်းနည်းငိုနေရတာလဲ ကလေးရယ်"

လူကြီးက ကြင်နာစွာ မေးလေသည်။ ဘအေးသည် ပို၍ဝမ်းနည်းကြေကွဲလာကာ ရှိုက်ငိုမိပြန်သည်။

"ဘာဖြစ်လို့ ဒါလောက် ငိုနေရတာဆိုတာ ဦးလေးကိုပြောပြပါလားကွယ်"

လူကြီးစကားမှာ ကရုဏာအပြည့်ပါနေသည်ဖြစ်၍ ဘအေးမှာ ထိုလူကြီးကိုအားကိုးချင်စိတ် ဖြစ်လာသည်။ ထို့ကြောင့်လည်း သူ့ဘဝဖြစ်စဉ် အစအဆုံး လူကြီးအားပြောပြမိလေသည်။ လူကြီးက စိတ်ရှည်လက်ရှည် နားထောင်နေ၏။

"ကလေးနာမည်က ဘယ်လိုခေါ်သလဲ"

သူ့စကားဆုံးတော့မှ လူကြီးကမေး၏။

"ဘအေးပါ"

"အခု မင်းကို အိမ်က နှင်ချထားတယ်ဆိုပါတော့"

"ဟုတ်တယ် ဦးလေးရယ်။ ကျွန်တော့်မှာ နေစရာလည်းမရှိနဲ့ ဒုက္ခဖြစ်နေရပါတယ်။ ကျွန်တော့်ကိုကယ်နိုင်ရင် ကယ်ပါဦးလေးရယ်"

သူက လူကြီးကို အားကိုးကြီးစွာဖြင့် ပြောလိုက်လေသည်။

"ဦးလေးက ဒီဇာတ်ကလေးကို တည်ထောင်တဲ့ ဆိုင်းဆရာပဲ။ ငါ့တူကို ဦးလေးခေါ်ချင်ပါတယ်။ ဒါပေမဲ့ တော်ကြာတော့ မင်းအိမ်ကလူကြီးတွေက ..."

"သူတို့က ကျွန်တော့်ကို ရိုက်နှက်ပြီးနှင်ချထားကြတာပါဗျာ။ ကျွန်တော် ဒီအိမ်မှာ ပြန်နေလို့ ဘယ်နည်းနဲ့မှ မရတော့ပါဘူး ဦးလေးရယ်။ ဦးလေးနောက် ကျွန်တော်လိုက်ပါရစေ"

သူသည် ဆိုင်းဆရာအား သူ့ကိုယ်မှ အရှိုးများကိုထုတ်ပြရင်း ပြောလေသည်။ လူကြီးသည် သူ့ကိုယ်မှ အရှိုးအပိန့်ကြီးများကိုကြည့်၍ စိတ်မကောင်းဖြစ်ဟန်နှင့် စုတ်ထိုးနေလေသည်။

"နော် ...ဦးလေး၊ ကျွန်တော့်ကို ပစ်မထားခဲ့ပါနဲ့နော်။ ကျွန်တော့်ကို ကယ်ပါ ဦးလေးရယ်"

သူသည် လူကြီး၏ခါးကိုတွယ်ဖက်ရင်း ငိုယိုတောင်းပန်နေရှာသည်။

"ကဲ ဒီလိုဆိုလာကွယ်၊ သူကြီးဆီ သွားကြရအောင်"

လူကြီးသည် သူ့လက်ကိုဆွဲ၍ခေါ်လာခဲ့၏။ ပြီးနောက် သူကြီးအား အဖြစ်အပျက်ကို ပြောပြကာ သူ့အား တရားဝင်ခေါ်ယူသွားခွင့်တောင်းလေသည်။

"ဒီလိုရှိတယ် ဆရာသိန်းရဲ့။ ခုဟာက ကလေးအပြောပဲရှိသေးတာကိုး။ ဒီတော့ သူ့ရဲ့အုပ်ထိန်းသူ မိဘတွေကိုခေါ်ပြီး မေးဦးမယ်"

သူကြီးသည် ပြောပြီးနောက် လူတစ်ယောက်ကို စေလွှတ်ကာ ဘအေး၏ ဖခင်အား သွားရောက်ခေါ်စေသည်။

"ဒီမှာချက်ကြီး၊ မင်းသားကို အိမ်ကရိုက်နှင်ချတယ်ဆိုတာ ဟုတ်သလား"

ဘအေး၏ဖခင် ကိုချက်ကြီးရောက်လာသည်တွင် သူကြီးကဆီး၍ မေး၏။

"ကျွန်တော် နှင်မချပါဘူး"

ကိုချက်ကြီးက ငြင်းလေသည်။

"နှင်ပါတယ်အဖေရာ။ ကျွန်တော်က တခြားမှာ အားကိုးအားထားမရှိလို့ မသွားပါရစေနဲ့ဆိုတာတောင် အဖေက အတင်းနှင်ပြီး အိမ်ပေါ်က တွန်းချတာပါ"

"မင်းကို ငါဘယ်မှာ နှင်လို့လဲ"

ကိုချက်ကြီးက ငေါက်လေသည်။

"မင်း ရိုက်ရော ရိုက်တယ်မဟုတ်လား"

သူကြီးက ဝင်၍မေး၏။

"ဟုတ်ကဲ့... ရိုက်တော့ရိုက်မိပါတယ်"

"အေး ...နှင်တာမနှင်တာ အပထား။ မင့်သားက အခုမင်းတို့နဲ့ နေရတာ မပျော်လို့ ဓာတ်ထဲကို လိုက်သွားချင်သတဲ့။ အဲဒါ မင်းဘယ်လို သဘောရသလဲ"

"ကျွန်တော် မထည့်နိုင်ပါဘူး"

"ကျွန်တော့်ကို ဆက်ပြီး မိထွေးနှိပ်စက်ဖို့ မွေးမထားချင်ပါနဲ့တော့ အဖေရာ။ ကျွန်တော်လွတ်ရာကျွတ်ရာကို သွားပါရစေတော့"

ဘအေးသည် ပြောရင်းပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာလေသည်။

"မင်းကို ဘယ်မှာ မိထွေးက နှိပ်စက်လို့လဲ"

ကိုချက်ကြီးက ဒေါနှင့်မောနှင့် ပြောလေသည်။

"ကျွန်တော့်ကို မိထွေးမနှိပ်စက်ဘူး၊ နှိပ်စက်တယ်ဆိုတာ ရပ်သိရွာ သိပါ အဖေရယ်။ ကျွန်တော့်အမေဘက်က ဆွေမျိုးသားချင်းတွေလည်း သိကြပါတယ်။ ခုတော့ ကျွန်တော့် ရှေ့လျှောက်ပြီး မိထွေး အနှိပ်စက်မခံနိုင်တော့ဘူး။ အဖေက ခွင့်မပြုလို့ ဓာတ်ထဲမလိုက်ရရင်လည်း ခြေဦးတည့်ရာ ပြေးတော့မယ်"

ဘအေးက ငိုရင်းရှိုက်ရင်း ပြောလေသည်။

"ဒီမှာ ချက်ကြီး၊ ဒီကလေးကို မင်းမိန်းမမိထေးက နှိပ်စက်နေတာတော့ အမှန်ပဲကွ။ ငါလည်း ကြားသင့်သလောက် ကြားထားတယ်။ ဒီတော့ မင်းကသူ့ကို ဆက်ပြီးနှိပ်စက်နေတာနဲ့ မခြားဘူး။ ဒါကြောင့် ခုလိုကြုံတုန်းဆုံတုန်း သူလိုက်ချင် တာလိုက်သွားပါစေကွာ။ မင်း နှောင့်ယှက်မနေပါနဲ့တော့"

သူကြီးကပါ ဘအေးကို သနားလွန်းသဖြင့် ဝင်၍ပြောလေရာ ကိုချက်ကြီး ငိုင်ကျသွားလေသည်။

"အမှန်တော့ ခင်ဗျားသားကို ခေါ်သွားပြီး ကျွန်တော်က တူရိယာပညာ ဖြစ်ဖြစ်၊ သဘင်ပညာဖြစ်ဖြစ် တစ်ခုခုသင်ပေးမှာပါ။ ခင်ဗျားအနေနဲ့ ဘာမျှ ပူပင်စရာ မရှိပါဘူး။ သူ့မှာ ပါရမီရှိရင် တစ်နေ့ထူးချွန်ကျော်ကြားလာမှာပါပဲ"

ဆိုင်းဆရာလည်းဖြစ်၊ ဓာတ်ထောင်ဆရာလည်းဖြစ်သော ဆရာသိန်းက

ဝင်၍ပြောလေသည်။ ကိုချက်ကြီးကတော့ ငိုင်တုန်းပင်ရှိသေးသည်။

"ဟုတ်တယ်ချက်ကြီး၊ မင်းလက်ထဲမှာနေတာထက်တော့ ဒီဆရာသိန်းနောက်ထည့်လိုက်တာကပဲ ကလေးအဖို့ ကောင်းပါလိမ့်မယ်ကွာ"

"သူကြီးတို့က တော်တယ်သင့်တယ်ဆိုရင်လည်း ကျွန်တော်နားထောင်ပါ့မယ်။ ဒါပေမဲ့ ဆရာကြီးရယ် ကျွန်တော့်သားကိုတော့ ဆရာကြီး သားလိုပဲ သဘောထားပါနော်။ ကျွန်တော် ဆရာကြီးကိုယုံလို့ အပ်လိုက်ပါရစေ"

"စိတ်ချပါဗျာ ...စိတ်ချပါ။ ခင်ဗျားသားကို ကျွန်တော်အထူးပဲ ဂရုလည်းစိုက်ပါ့မယ်။ ပညာလည်းတတ်အောင် သင်ပေးပါ့မယ်"

ဆရာသိန်းက အားရဝမ်းသာပြောလိုက်၏။

"ဒီလိုဆိုရင်လည်း ခေါ်သွားပါတော့ဗျာ။ ကဲ ...ဘအေး မင်း အဝတ်အစားလေးတွေ အိမ်မှာလိုက်ယူလှည့်"

ဘအေးမှာ သေမင်းခံတွင်းမှ လွတ်မြောက်ရသည့်နှယ် ထ၍ပင်ခုန်မိမတတ် ဝမ်းသာသွားရလေသည်။ သူသည် ဘယ်ဘဝရောက်ရောက် ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်ပါစေ။ မိထွေးလက်မှ လွတ်မြောက်ရခြင်းအတွက် အထူးဝမ်းသာအားရဖြစ်နေရတော့သည်။

ဘအေး ဇာတ်ထဲလိုက်သွားပြီဟူသော သတင်းမှာ ထိုနေ့တွင်ပင် ရွာ၌ ပျံ့နှံ့သွားသည်။ ဘအေး၏ သူငယ်ချင်းအပေါင်းအသင်းများကလည်း ရွာနှင့်ခွဲခွာ၍ သွားတော့မည့် ဘအေးအား လာရောက်နှုတ်ဆက်ကြသည်။ ဘအေးနှင့် သူ့မိထွေး မထေးတို့အကြောင်း အတွင်းကျကျသိထားကြသူများကလည်း ....

"ကောင်လေးတော့ ဝဋ်ကျွတ်သွားတာပဲ ကောင်းတယ်"ဟုပြောကာ ဘအေးအတွက် ဝမ်းသာနေကြသည်။ သူ ဇာတ်ထဲလိုက်သွားခြင်းအတွက် ဝမ်းမသာနိုင်သူကတော့ မထေးတစ်ယောက်သာ"

တကယ်တော့လည်း သူမ၏ အစေအပါးဘအေးသည် ယခုအခါ၌ သူမ၏လက်မှလွတ်မြောက်သွားပြီ မဟုတ်လား။

မထေးအဖို့ ယခင်က ဘအေးအားခိုင်းစေခဲ့သော အလုပ်မှန်သမျှ သူမတစ်ယောက်တည်း တာဝန်ယူ၍ လုပ်ကိုင်ရပေတော့မည်။ သို့ကြောင့်လည်း သူမက ဝမ်းမသာနိုင်ခြင်းဖြစ်၏။

နောက်နေ့နံနက်တွင် ဘအေးသည် မွေးရပ်မြေကိုစွန့်ခွာ၍ ဇာတ်သမားများနှင့်အတူ လိုက်ပါခဲ့လေသည်။ သူသည် တဖြည်းဖြည်း ဝေး၍ကျန်နေခဲ့သောရွာကို တငေးတမောကြည့်၏။ ဒါပေမဲ့ ဘအေးဝမ်းမနည်းပါ။ ဤရွာမှခွာရခြင်း

အတွက် သူ့မှာ ဝမ်းသာမဆုံး ပျော်ရွှင်မဆုံး တပြုံးပြုံးရှိနေရလေသည်။

*

ဘအေးလိုက်ပါလာရသည်မှာ ရန်ကုန်မဟုတ်ပါ။ ပြည်–ရန်ကုန် ကားလမ်းနံဘေးရှိ မြို့ကလေးတစ်မြို့သို့ ဖြစ်လေသည်။

သူသည် ဆရာသိန်းအား အဖသဖွယ် ကျိုးနွံစွာ ပြုစုလေသည်။ ဆရာသိန်းတွင် သားသမီး ၃ယောက်ရှိသော်လည်း အားလုံးအိမ်ထောင်ခွဲများသာ ဖြစ်ကြသည်နှင့် ဆရာသိန်းကလည်း ဘအေးအား သားရင်းပမာ ကြင်နာယုယသည်။ ဆရာသိန်း၏ ဇနီးမှာ ဘအေးအား ဆရာသိန်းကသား သမီးများနှင့်မခြား ကြင်နာယုယသည်ကို ဝန်တိုလေသည်။ ဒါပေမဲ့ သူမမှာ ဆရာသိန်းအား အစဉ်ကြောက်ရွံ့ခဲ့ရသူဖြစ်သောကြောင့် ဘာမျှဝင်၍ စွက်ဖက်နိုင်ခြင်းမရှိဘဲ ငြိမ်၍နေရ၏။

ဆရာသိန်းသည် ဘအေးအားစမ်း၍ သီချင်းဆိုခိုင်းကြည့်၏။ အသံကို သူအထူးနှစ်သက်သဘောကျသွားသည်။

"မောင်ဘအေး၊ မင်းဘာလုပ်ဖို့ ဝါသနာပါသလဲ။ ဆိုင်းတီးမလား၊ မင်းသားလုပ်မလား"

"ကျွန်တော် ဦးလေးခိုင်းတာကို လုပ်ပါ့မယ်"

"မဟုတ်ဘူးလေ၊ မင်း ဘယ်ဘက်ကို ပိုပြီးဝါသနာပါသလဲ"

"တီးဖို့နဲ့စာရင် ကျွန်တော်ဆိုဖို့၊ ကဖို့ကို ပိုပြီးဝါသနာပါပါတယ်"

"အေး ...ဒီလိုဆိုရင် မင်းကို မင်းသားဖြစ်အောင် ငါလုပ်ပေးမယ်။ တစ်နေ့နာမည်ကြီးလာတော့ မင်းငါ့ကို မမေ့ရဘူး"

"ကျွန်တော် ဦးလေးကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဦးလေးရယ်။ တကယ တော့ ဦးလေးဟာ ကျွန်တော့်ကျေးဇူးရှင်အစစ်ပါ"

"ကဲ ...ကောင်းပြီ။ မင်းကိုငါ အဆိုနဲ့အကသင်ပေးမယ်"

ဆရာသိန်းမှာ သဘင်ဂီတဘက်တွင် ပညာရည်ဝသူဖြစ်သောကြောင့် ဘအေးအား စနစ်တကျ အဆိုအကများကို သင်ကြားပေးလေသည်။ ပြီးနောက် 'စိန်မြခိုင်'ဟူသော အမည်ကိုပေး၍ သူတည်ထောင်ထားသော ကလေးဇာတ်ထဲတွင် ဝင်ရောက်ကပြစေသည်။

ဘအေးမှာ အစတစ်ပွဲနှစ်ပွဲတွင် ခပ်ကြောင်ကြောင်ဖြစ်ခဲ့ရသော်လည်း နောင်ပွဲတိုးဖူးသောအခါတွင် ရဲတင်း၍ ဖျတ်လတ်လာသည်။ ဆိုရဲ၊ ပြောရဲ၊ ကရဲ ခုန်ရဲ ရှိလာသောအခါ မင်းသားသစ် စိန်မြခိုင်အား ပရိသတ်က ပို၍နှစ်သက်

သဘောကျလာကြောင်း ဆရာသိန်း အကဲခတ်မိ၏။

ဆရာသိန်းမှာ သူ၏သားတပည့် အောင်မြင်မှုအတွက် ကျိတ်၍ ဝမ်းသာနေရသည်။ သို့သော်လည်း ထိုနှစ်အတွက်မူ အခါနှောင်းလေပြီဖြစ်၏။ စိန်မြခိုင်ပွဲရှစ်ချီလောက် ကအပြီးတွင် မိုးရွာသည်နှင့်ဇာတ်ကိုဖျက်၍ ဇာတ်ခေါင်းခွဲလိုက်ရတော့သည်။

မိုးတွင်းဘက်တွင် ဆရာသိန်းသည် သားတပည့်စိန်မြခိုင်အား ပညာရည်ဝအောင် ဆက်လက်သင်ကြားပေးထားသည်။ နောက်နှစ်တွင်တော့ သူက စိန်မြခိုင်ဇာတ်သဘင်အဖွဲ့ကို တည်ထောင်သည်။ သားတပည့် စိန်မြခိုင်အား ခေါင်းဆောင်မင်းသား တင်လိုက်၏။

"စိန်မြခိုင်ကို ခေါင်းဆောင်မင်းသားတင်၍ ပွဲစထွက်မည့်အချိန်မှစ၍ ကလေးဇာတ်ပင်ဖြစ်သော်လည်း သူတို့ဇာတ်ကလေးမှာ မနားတမ်း ကပြအသုံးတော်ခံရလေသည်။ စိန်မြခိုင်၏ အမည်မှာလည်း တစ်မဟုတ်ချင်းပင် ပေါ်ထွက်လာသည်။

မြန်မာဇာတ်ပွဲကြည့် ပရိသတ်များမှာ အကအပြ အစီအစဉ်ကောင်းခြင်းကို ပဓာနထား၍ကြည့်သည်ထက် နောက်ပိုင်း အလွမ်းကို ပို၍စွဲမက်ကြသည်။

စိန်မြခိုင်မှာ အသံကောင်း၍ အလွမ်းပိုင်သည် မဟုတ်လား။

သူသည် နောက်ပိုင်းလွမ်းခန်းသို့ရောက်လျှင် သူ၏ ငယ်စဉ်ဘဝမှစ၍ မိထွေးအနှိပ်စက်ခံခဲ့ရပုံများကို ပြန်တွေးပြီး တကယ်ငိုပြလိုက်သည်။

အသံကောင်းကောင်းနှင့် ဟဲ၍တကယ်အစစ်ငိုပြသောအခါ စိန်မြခိုင်မှာ ပရိသတ်တို့၏ အသည်းစွဲဖြစ်လာရသည်။ အထူးသဖြင့် မိန်းမသား ပရိသတ်တို့၏ အသည်းစွဲ။

မိန်းမသားတို့နှစ်သက်ပြီဆိုမှတော့ ထိုမင်းသားမှာ မကြာမီဟိုးဟိုးကျော်၍ ထင်ပေါ်လာရမည်မှာ သေချာသည်။ စိန်မြခိုင်မှာလည်း ထိုတစ်နှစ်တည်းနှင့်ပင် အတော်အတန် ကျော်ကြား၍ သွားခဲ့သည်။

ဆရာသိန်းလည်း သူ၏သားတပည့်ကျော်ကြားလာခြင်းအတွက် အထူးပင် ဝမ်းသာအားတက်နေသည်။ သူ၏ဇနီးလည်း ယခုအခါတွင်တော့ ကျေနပ်နေပါ၏။

စိန်မြခိုင်ကျော်ကြားလာပြီဆိုလျှင်ပဲ နောက်နှစ်အတွက် လာရောက်ငှားရမ်းသူတွေပေါ်များလာသည်။ စပေါ်ငွေကို အတင်းအဓမ္မ ထိုးပေးသူကလေး၊ တစ်နှစ်လုံးအတွက် ငွေကျေပေး၍ စာချုပ်လိုသူကတစ်မျိုးနှင့် ရှုပ်ယှက်ခတ်နေသည်။

ဒါပေမဲ့ စိန်မြခိုင်သည် သူ့အဖေဆရာသိန်း သဘောမတူဘဲ ဘာမျှ မလုပ်ဟုဆိုကာ ဆရာသိန်းကို လုံးဝလွှဲပေးထားလိုက်လေသည်။

ယင်းသို့ စိန်မြခိုင်အား ငွေလုံး၊ ကြေးလုံးဖြင့် ပစ်ပေါက်ငှားရမ်းသူတွေ ပေါ်များလာသောအခါ ဆရာသိန်းမှာလည်း စဉ်းစားရလေသည်။

အကယ်၍ စိန်မြခိုင်သည် ငွေလုံးငွေရင်းနှင့် တည်ထောင်သော ဇာတ် အဖွဲ့ကြီးတစ်ခုတွင် ခေါင်းဆောင်မင်းသားအဖြစ် ကပြရပါက ယခုထက် အဆပေါင်း များစွာ နာမည်ကျော်ကြားလာမည်ကို သူမြင်သည်။ သူတည်ထောင်ထားသော ကလေးဇာတ်ကလေးတွင် မည်မျှပင် စိန်မြခိုင်တော်တော် ဇာတ်ကြီးမှာလောက် နာမည်မကျော်ကြားနိုင်သည်ကိုလည်း သူသိ၏။ တကယ်တော့လည်း သူ့ဇာတ် ကလေးမှာ သူသင်ကြားထားသော ကလေးသူငယ်များနှင့် ဖြစ်သလိုသာ တည် ထောင်ထားရသည် မဟုတ်လား။

ဆရာသိန်းသည် မိမိအကျိုးထက် သူကယ်တင်သင်ကြားပေးထားသော သားတပည့်စိန်မြခိုင်၏ အကျိုးကိုသာ ကြည့်လေသည်။

သို့ကြောင့်လည်း ငွေလုံးကြေးလုံးဖြင့်ပစ်၍ လာရောက်ငှားရမ်းသူ ဇာတ် အဖွဲ့ကြီးတစ်ခုပိုင်ရှင်နှင့် သူလက်ခံ၍ စာချုပ်လေသည်။ ထိုသို့စာချုပ်ရာ၌ စိန်မြခိုင် မှာ ငယ်ရွယ်သူဖြစ်သောကြောင့် အကွပ်အကဲမပါဘဲ မဖြစ်နိုင်လေရာ သူ့ဆိုင်းအဖွဲ့ ကိုထည့်၍ စာချုပ်ပြီး သူယခင်နှစ်များက တည်ထောင်လာခဲ့သော ကလေးဇာတ် ကိုဖျက်ပစ်လိုက်လေသည်။

ယခုနှစ်တွင်တော့ စိန်မြခိုင်ဇာတ်အဖွဲ့မှာ အင်ကြီးအားကြီးနှင့် ဟိန်း၍ ထွက်လာသည်။ စိန်မြခိုင်ဇာတ်သဘင်အဖွဲ့သည် ယခုနှစ်၌ ဗလာပွဲမကတော့ဘဲ ရုံပွဲများသာ ကပြလေသည်။ စိန်မြခိုင်ကလည်း နာမည်တက်စ၊ ဇာတ်အဖွဲ့ကလည်း တောင့်တောင့်တင်းတင်း၊ မင်းသမီးများကလည်း ဇာတ်ရည်ဝပြီး မင်းသမီးကြီးများ နှင့်တွဲဖက်ရသဖြင့် ရန်ကုန်အနီးတစ်ဝိုက်တွင်ပွဲ ၄–၅ ချီကပြီးကတည်းက "စိန်မြခိုင်" ဟူသောအမည်မှာ ဟိုးဟိုးကျော် ထွက်ပေါ်၍လာလေသည်။ နယ်ကန်ထရိုက်များ လည်း ဇာတ်ထောင်အိမ်တွင် ခြေချင်းလိမ်နေတော့၏။ ဇာတ်ထောင်အိမ်ရှိ ဘလက် ဘုတ်ကြီးတွင် ကပြရမည့် ပွဲစဉ်တွေကို ရေးထားသည်မှာ တစ်တန်းကြီး။

ထိုအထဲတွင် ဘအေး၏မွေးဇာတိရပ်မှ ဇာတ်သွား၍ ကြိုခဲ့ရသော ကား လမ်းပေါက်ရွာကြီးရှိ ဇာတ်ရုံတွင်လည်း ပွဲစဉ်တစ်ခုပါနေသည်။

ဘအေးသည် ထိုရွာဇာတ်ရုံသို့ သူ လုံးဝ သွားရောက်ကပြလိုစိတ် မရှိပေ။ သူ၏အခြေ ဤအနေသို့ရောက်နေသည်ကိုလည်း သူ့ဖခင်နှင့်သူ့ မိထွေးတို့ မသိစေ

ချင်။ စိန်မြခိုင်အမည်နှင့် ကျော်ကြားနေသည်ကို သူဟု မထင်မှတ်စေဘဲ မသိလိုက် မသိဘာသာပင် နေစေချင်သည်။ ဒါပေမဲ့ ယခုလို သူ့ဇာတ်ဖွဲ့ ထိုရွာဇာတ်ရုံတွင် သွားကပြရသောအခါ၌ သူမသိစေချင်သော ကိစ္စများကို သိခွင့်ပေးရတော့မည်။

သို့သော် ဘာအေးဘာမျှမတတ်နိုင်လေတော့။ ဇာတ်ပိုင်ရှင် လက်ခံထားသော ပွဲစဉ်အတိုင်း လိုက်၍ကပြရပေတော့မည်။ သူ့ငွေယူမှတော့လည်း သူ့ဩဇာအတိုင်း နာခံရမည်ဖြစ်၏။

စိန်မြခိုင်ဇာတ်အဖွဲ့ ထိုရွာသို့လာရောက်ကပြပြီးနောက်တစ်နေ့တွင် သူ့မိထွေးနှင့် သူ့အဖေတို့ စိန်မြခိုင်အား လာရောက်တွေ့ဆုံကြ၏။ မိထွေးမျက်နှာမှာ ယခင်ကလို တင်းမာခက်တရော်ခြင်း လုံးဝမရှိတော့ဘဲ ချိုရွှင်ပြုံးလို့နေသည်။

"ငါ့သားနဲ့ အခုလို နှစ်ရှည်လများ ကွဲကွာနေရတော့ အမေဖြင့် အောက်မေ့ လိုက်တာ သားရယ်။ မင်းအဖေကို သားနောက်လိုက်ရအောင် ပြောတာမရလို့ သာ အမေနေနေရတာ သားကို တစ်နေ့မှ မမေ့ဘူး"

တွေ့လျှင်တွေ့ချင်း မိထွေးက အလွမ်းသယ်တော့၏။ စိန်မြခိုင်မှာ အရှက်ကင်းမဲ့စွာ အပြောင်းအလဲ မြန်လွန်းသော မိထွေးကိုကြည့်၍ ဝမ်းထဲက ကျိတ်၍ ပြုံးနေရသည်။

"သားကလည်း နေနိုင်လိုက်တာကွယ်။အမေတို့ကိုများ မအောက်မေ့ တော့ဘူးတဲ့လား။ ရွာကို တစ်ခေါက်တစ်ကျင်း ပြန်လာရောပေါ့ဟဲ့။ မင်းညီတွေ၊ ညီမတွေကဖြင့် အစ်ကို့အကြောင်းမေးလိုက်ရတာ မပြောပါနဲ့တော့"

စိန်မြခိုင် မဆိုထားနှင့် နံဘေးကကြားရသော ဆရာသိန်းပင် ပတ်ချွဲနပ်ချွဲ နိုင်လှသော မိထွေးအား ရွံမုန်းလာမိလေသည်။ စိန်မြခိုင်မှာ အဖေနှင့် မိထွေးကိုသာ လက်ခံစကားပြောနေရသည်မဟုတ်ဘဲ သူ့ရွာသူရွာသားများကလည်း မစဲအောင် လာရောက် နှုတ်ဆက်နေသောကြောင့် မအားရ၊ မနားရအောင် ရှိနေလေသည်။ သူ့မိထွေးမှာ မျက်နှာကိုပင့်ချီလျက် ရွာသူရွာသားများအပေါ် ဝင့်ကြွားနေသည်။ ပြီး စိန်မြခိုင်၏အပါးမှလည်း မခွာတော့ပေ။ အစင်းသိ အတွင်းသိဖြစ်ကြသော ရွာသူရွာသားတို့သည် စိန်မြခိုင်၏ မိထွေး မထေးအား ရွံမုန်းနေကြသည်။

အနားမှ မခွာနိုင်အောင်ရှိနေသော အဖေနှင့်မိထွေးကို စိန်မြခိုင်က ခပ်စိမ်းစိမ်းနေသည်။ ငယ်ပေါင်း နွားကျောင်းဘက် သူငယ်ချင်းများနှင့် အခြားသူများကို ဖော်ရွေစွာ အရေးပေးသည်။ သူ့အား မိထွေးလက်မှ လွတ်မြောက်အောင် ကူညီကယ်တင်လိုက်သော ရွာသူကြီးအား စိန်မြခိုင်က ဘန်ကောက်လုံချည်နှင့် ကန်တော့လေရာ အဖေရော၊ မိထွေးရော မျက်နှာပျက်နေကြသည်။ စိန်မြခိုင်၏ အဆ

ကိုချက်ကြီးမှာ သူတို့အမှားကို သိမြင်လာကာ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။

အဖေ့မျက်လုံးအိမ်၌ မျက်ရည်ရစ်ဝိုင်းနေသည်ကို မြင်ရသောအခါ စိန်မြခိုင်မှာလည်း သူတမင်လက်စားချေသလို ပြုမိခြင်းအတွက် စိတ်ထိခိုက်သွားရလေ၏။

နောက်ည၊ နောက်ညများတွင် စိန်မြခိုင်၏ မွေးဇာတိမှ ရွာသူရွာသားများ ရွာလုံးကျွတ်လုဘနမ်း လာရောက်ကြည့်ရှုသဖြင့် ရုံလျှံနေသည်။ ရုံပိုင်ရှင် ပွဲကန်ထရိုက်လည်း များစွာအကျိုးရှိသွားသည်။ ကန်ထရိုက်က အတင်းငွေပိုပေးပြီး ဆက်လက်ငှားရမ်းသော်လည်း တခြား၌ လက်ခံပြီးရှိနေ၍ စိန်မြခိုင်ဇာတ်သဘင်အဖွဲ့မှာ ထိုရုံ၌ သုံးညသာ ကပြနိုင်လေသည်။

ရောက်ကတည်းက သူ့အပါးမှမခွာဖြစ်နေသော အဖေတို့အား စိန်မြခိုင်သည် ပြန်ကာနီး၌ ငွေ ၁၀၀ ပေးလေသည်။ မိထွေးသည် ငွေ ၁၀၀ ပေးသည်ကို ကျေနပ်ဟန်မရှိ။ သို့သော်လည်း သူမသည် မျက်နှာကိုဟန်ဆောင်ပြုံး၍ စကားဆိုလေသည်။

"ငါ့သားကြီးက ခုလိုသိတတ်ပြီး အမေတို့ကိုငွေတစ်ရာပေးတာ သိပ်ဝမ်းသာတယ်ကွယ်။ သားကို အမေတစ်ခုပြောချင်တာက အမေတို့ ဒီနှစ်မိုးရောက်ရင် သူများဆီ သူရင်းငှားမလုပ်ဘဲ ကိုယ့်ဟာကိုယ် လယ်လုပ်ချင်တယ်။ အဲဒီတော့ ငါ့သားကြီးက အမေတို့ကို နွားတစ်ရှဉ်းလောက်နဲ့ လယ်စရိတ် နည်းနည်းပါးပါး ထောက်ပံ့ပါလားကွယ်။ ဒီလိုမှမဟုတ်ရင်လည်း အမေတို့မှာ ဘယ်တော့မှ သူရင်းငှားဘဝက လွတ်တော့မှာ မဟုတ်လို့ပါ သားရယ်"

မိထွေးစကားကိုကြားရသောအခါ စိန်မြခိုင် အသက်ရှူကျပ်သွားရသည်။ "အတော်လာသော မိထွေးပါလား"ဟူ၍လည်း အောက်မေ့မိသည်။

"ဟုတ်ပါတယ် သားရယ်။ သားက ကူညီနိုင်တဲ့အချိန်မှာ အဖေတို့ကို ကူညီပါ"

အဖေကပါ ဝင်၍ပြောနေပြန်သည်။

"ကျွန်တော့်ကို ဒီဘဝဒီအခြေရောက်အောင် လုပ်ပေးတာက ဦးလေးသိန်းပါအဖေ။ ဒီတော့ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော်မပိုင်ပါဘူး။ ကိုယ့်ကိုယ်ကို မပိုင်သလိုဘဲ ကျွန်တော်နဲ့ပတ်သက်တဲ့ ငွေကြေးလည်း ကျွန်တော် မပိုင်ပါဘူး"

"ဖြစ်ရလေ သားရယ်။ ကိုယ့်လုပ်စာ ကိုယ်မပိုင်နိုင်ဘူးလို့ပဲ။ ငါ့သား အဖြစ်က ဆိုးလှချည့်လား"

မိထွေးက ညည်းလေသည်။ အဖေလည်း မျက်နှာညှိုးငယ်နေ၏။

"ဒါတော့ ဘယ်တတ်နိုင်မလဲလေ။ သူ့ကျေးဇူးကြောင့် ကျွန်တော် ခုလို လူလူသူသူဖြစ်လာရတာ မဟုတ်လား"

"သူ့ကျေးဇူးရှိတာလည်း ရှိတာပေါ့ကွယ်။ ဒါပေမဲ့ ခုလို ငါ့သားကို အပိုင်စီးထားတာတော့ အဖေမခံနိုင်ဘူး"

သူ့အဖေ ကိုချက်ကြီးက ဒေါနှင့်မောနှင့်ပြောလိုက်လေသည်။

"ဒီမှာအဖေ၊ အဖေတို့ကျွန်တော့်ကို အစကဒီလောက်များချစ်ခဲ့ရင် ကျွန်တော်ဟာ တခြားတောင်မှ လွင့်သွားစရာအကြောင်းမရှိပါဘူး"

စိန်မြခိုင်က အသည်းနာနာနှင့် ပြောလိုက်လေသည်။

"အမေတို့က သားကို မချစ်တာမှ မဟုတ်ဘဲကွယ်"

"တော်ပါတော့ဗျာ။ တော်ပါတော့"

မိထွေးက အရှက်ကင်းမဲ့စွာ ပြောလာသည်နှင့် စိန်မြခိုင်သည် ဆက်လက်မကြားလိုတော့ဘဲ အတင်းပိတ်လိုက်သည်။

"ကဲ ...အဖေတို့ကို ကျွန်တော်နောက်ထပ် ဦးလေးဆီက ငွေနှစ်ရာတောင်း ပေးလိုက်မယ်။ ကျွန်တော်လည်း ဒီထက်တော့ မတတ်နိုင်ဘူး"

"ငါးရာလောက်မှ မပေးနိုင်ဘူးလား သားရယ်။ ငွေသုံးရာဆိုတော့ နွား တစ်ရှဉ်းဖိုးလောက်ပဲရှိတာ။ လယ်စရိတ်ကလေးလည်း ..."

"ကျွန်တော် ဒီ့ထက်ပိုပြီး မတတ်နိုင်တော့ဘူးဗျာ"

မိထွေးက မျက်နှာပြောင်ပြောင်နှင့် ကပ်ချွဲနေပြန်ရာ စိန်မြခိုင်က အပြတ် ပြောလိုက်လေတော့သည်။

*

သိတတ်စအရွယ်မှစ၍ မိထွေး၏ အနှိပ်အစက်ကိုခံရသော ဘအေး။ ဖခင်၏ အဖိအနှိပ်ကိုခံရကာ လူတကာကို ကြောက်ရွံ့ခဲ့ရသော ဘအေး။ မော်တော်ကားမဆိုထားနှင့် ကားဘီးရာကိုသော်မှ မမြင်မတွေ့ဘူးခဲ့သော တကယ့်တောသား ဘအေး။

ယင်း ဘအေးသည် ယခုအခါ၌ မင်းသားစိန်မြခိုင်အမည်နှင့် ပွဲကြည့်ပရိသတ်တို့၏ အားမေတ္တာကိုခံယူကာ ထင်ရှားကျော်ကြားခဲ့လေပြီ။ ရွှံ့မတင်စုန်မကပ်သော မြို့ရပ်ဌာနေ ရန်ကုန်မြေတွင် ကြွကြွရွရွကလေးနေနိုင်ရုံသာမက ဇာတ်သဘင်လောကနှင့် ဇာတ်သဘင်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေကြသော ငွေရှင်ကြေးရှင်တို့၏ အရေးပေးမြှောက်စားခြင်းကိုလည်း ခံယူနေရပြီ။

သူ့ အသက်ကလေး ၁၈နှစ်ထဲသို့အဝင်ရောက်ရာအရပ်မှ အပျိုစင် မိန်းမသားတော်တော်များများက သူ့အားမိတ်ဖွဲ့ကြ၊ ပိုးပန်း၍ပေးသော နောက်ပိုးကြေးတွေကလည်းရနှင့်ဆိုတော့ ဘအေးသည် ဘဝဟောင်းကိုမေ့ကာ ဘဝင်လေခမြေတကြွကြွဖြစ်၍ လာရတော့၏။

ထိုအခါတွင် အဖ ဆရာသိန်းကဆို၏။

"မောင်ဘအေး ဘဝဟောင်းကို မမေ့လေနဲ့။ တို့အနုပညာရှင်တွေမှာ အတက်မြန်ရင် အကျနာတတ်တဲ့ အစဉ်အလာရှိတယ်။ ဦးလေးဆိုလိုတာ မင်းနားလည်ရဲ့ မောင်ဘအေး"

ဘအေးသည် ဆရာသိန်း အမေးကိုမဖြေနိုင်ဘဲ ငိုင်နေသည်။

"အနုပညာရှင်ရဲ့ဘဝဟာ အင်းရေကန်ရေလို ငြိမ်မနေဘူး။ ဒီရေလို အတက်အကျရှိတယ်။ ဒီတော့ကာ တက်လာတဲ့ရေကို အရအမိ ဖမ်းယူသိုလှောင်ထားရသလို တက်နေတဲ့အခြေအနေကိုလည်း ထိန်းသိမ်းသိုလှောင်တတ်ဖို့လိုတယ်။ တက်လာတဲ့အရှိန်ဟာ ဘယ်တော့မှ ပြန်မကျတော့ဘူး အထင်ရောက်ပြီး လူတွေက မြှောက်တိုင်း မြောက်ရင် ကျတဲ့အချိန်မှာ သိပ်ပြီးအကျနာတယ်။ အနုပညာရှင်တွေကို မြှင့်တင်မြှောက်ပင့်ပေးနိုင်တာလည်း ပရိတ်သတ်ပဲ။ ချပြီး နင်းချေပစ်နိုင်တာလည်း ပရိသတ်ပဲ။ အဲဒီတော့ အရေးကြီးတာက တစ်ဟုန်ထိုး ပရိသတ်က အကြောင်းတစ်ခုကြောင့် အားပေးတာကို အထင်ကြီး ဘဝင်မမြင့်သင့်ဘူး။ အဟုတ်ကြီး မထင်သင့်ဘူး။ ဘယ်အခြေရောက်ရောက် ကိုယ့်မှာ အကျမနာအောင်ပညာခံ ရှိထားဖို့လိုတယ်။ အခု မောင်ဘအေး ရုတ်တရက်ကျော်ကြားလာရတာ ဘာကြောင့်လဲ သိရဲ့လား"

ဘအေးသည် ငြိမ်မြဲငြိမ်နေ၏။

"မင်းရဲ့ အသံလေးကြောင့်ပဲ မောင်ဘအေး။ မင်းမှာ အဆိုအငိုလေးကို ပိုင်အောင်ဆိုနိုင်ငိုနိုင်လို့ အခုလို ရုတ်တရက် နာမည်ရလာတာပဲ။ တကယ်တော့ မင်းဟာ သဘင်အနုပညာနဲ့ ပတ်သက်ပြီး ဘာမျှဟုတ်ဟုတ်ရရ မပြည့်စုံသေးဘူး။ အများကြီးလိုသေးတယ်။ အနုပညာဆိုတာ ပန်းပင်နဲ့သဏ္ဍာန်တူတယ်။ ပန်းပင်ကို စိုက်ရင် အစဉ်မပြတ်ရေလောင်းပေးနေမှ ပွင့်ဖူးဝေဆာနိုင်သလို အနုပညာရှင် တစ်ယောက်ဟာလည်း ကိုယ်နဲ့သက်ဆိုင်ရာ ပညာရပ်တွေကို အစဉ်မပြတ်လေ့လာ ဖြည့်တင်းနိုင်မှ အခွန့်ရှည်အောင် တည်နိုင်တယ်။ ပန်းပင်ကို ရေမလောင်းဘဲ ပစ်ထားရင် ညှိုးခြောက်ပျက်ပြုန်းသွားသလို အနုပညာမှာ ပညာရပ်ကို ဆက် မလိုက်ဘဲ ရပ်ထားရင် တစ်နေ့ညှိုးခြောက်ပျက်ပြုန်းပြီး ကျဆုံးသွားရတာပဲ။ ကဲ

မောင်ဘအေး ဦးလေးစကားကို မြဲမြဲမှတ်ထားသိလား"

"ဟုတ်ကဲ့ ဦးလေး"

ဘအေးက ခေါင်းညိတ်ရင်းပြန်၍ ပြောလိုက်သည်။

"နောက်တစ်ခု အနုပညာရှင်တွေအနေနဲ့ အထူးသဖြင့် စောင့်စည်းရမှာက စာရိတ္တပဲ။ အနုပညာရှင်အနေနဲ့ စာရိတ္တပျက်ရင် တစ်နေ့မဟုတ်တစ်နေ့မှာ ကျဆုံးပြီး ဘေးတွေ့တာပဲ။ တို့ဇာတ်သဘင် အနုပညာရှင်ပတ်ဝန်းကျင်ကို ကြည့်ရင် စာရိတ္တ သိပ်ပြီး ပျက်ပြားနေကြတယ်။ ဖဲရိုက်၊ အရက်သောက်၊ ကုတ်ကင်းပွတ်၊ ဘိန်းရှူ၊ သူ့မယားငါယူ၊ သူ့လင်ငါခိုးနဲ့ အမျိုးမျိုးဘက်က စာရိတ္တပျက်နေကြတာ မင်းလည်း တွေ့မှာပဲ။ အဲဒီတော့ ဒီပတ်ဝန်းကျင်အပျက်အစီးထဲမှာ ကိုယ်ပါမသွားရအောင် ကြံ့ကြံ့ခံနိုင်ဖို့ အရေးကြီးတယ်။ အဲဒါကို ကြံ့ကြံ့ခံနိုင်ရင် မင်းတစ်သက် မဆင်းရဲ တော့ဘူး"

စိန်မြခိုင်သည် အဖဆရာ၏ စကားကို မှတ်သားထားလိုက်သည်။ ထိုအတိုင်း လိုက်နာမည်ဟုလည်း အားခဲထားသည်။ ဒါပေမဲ့ မကိုင်ဘူးသောငွေကို ကိုင်ရ၊ မနေဖူးသော ဘဝတွင်နေရသောအခါ အဖေဆရာ၏ စကားများသည် နားမှ ပျောက်ကွယ်ဝေးကွာ၍သွားချင်သလို ဖြစ်ရသည်။

အရွယ်ကလည်း တက်ကြွစ၊ အတူကပြနေရသော ဇာတ်အဖွဲ့မှ မင်းသမီး များက မထိတထိစရုံသာမဟုတ်၊ အပြင်အပမှ မိန်းမသားများကပါ သူ့မြင်လျှင် အငမ်းမရဖြစ်နေကြသောအခါတွင် စိန်မြခိုင်သည် ဤမှာဘက်၌ စိတ်အားသန်နေရ သည်။ အပျိုသင်စ အချစ်ကိုရှာဖွေချင်၊ စမ်းသပ်ချင်သော အရွယ်ဖြစ်၍လည်း ပေး လာသောအခြေအနေများကို လက်မလွှတ်တမ်း ဖမ်းယူသုံးစားပစ်လိုက်ချင်သည်။

ထိုအထဲ လူရွှင်တော် ကိုကျောက်ဒိုးနှင့် ကိုနောက်တိုးတို့ကလည်း မြှောက်ထိုးလေပင့် လုပ်ပေးနေပြန်ရာ စိန်မြခိုင်၏စိတ်များသည် မငြိမ်မသက် ကယောက်ကယက် ရှိနေရလေတော့၏။

ဇာတ်သမားတို့သည် အလုပ်အားလပ်ချိန်ဆိုလျှင် ဖဲကစားနေတတ်ကြ ၏။ ကားဆွဲမှအစ မင်းသားအဆုံး ယောကျ်ားအားလုံးသာမဟုတ် ယိမ်းသမအစ ခေါင်းဆောင်မင်းသမီးအဆုံးရှိသော မိန်းမသားများလည်း ဖဲကစားကြသည်။ ရှုံးသူ နိုင်၍ နိုင်သူပျော်ကြသည်။ ယောကျ်ားများဖဲနိုင်လျှင် အရက်သောက်၍ ပျော်ကြ၏။ မိန်းမများဖဲနိုင်လျှင် အဝတ်နှင့်အလှကုန်ဝယ်၍ ဝတ်ဆင်ခြယ်မှုန်းကြ၏။

အများစရိုက်သို့ မလိုက်နိုင်သော မင်းသားစိန်မြခိုင်မှာတော့ သင်းကွဲကာ တစ်ယောက်တည်း အူကြောင်ကြောင်နှင့် ပျင်းဖွယ်၊ ငြီးငွေ့ဖွယ်ဖြစ်၍ နေရသော

သည်။

အဖဆရာအား ကြောက်ချစ်ရိုသေမှုဖြင့်သာ ထိန်းထားရသော်လည်း သူ့များနည်းတူ ပွေချင်တေချင်သော စိတ်များက သူ့ရင်၌ လှုပ်ရှားရုန်းကန်လျက် ဗလောင်ဆန်နေရသည်တော့အမှန်။

တစ်ခါတစ်ခါ၌ ချုပ်ချယ်နှိပ်ကွပ်လွန်းသော အဖဆရာနှင့်ဝေးဝေးခွာ၍ ကိုယ့်မြင်းကိုယ်စိုင်းကာ ကိုယ့်ဘဝကိုယ်ထင်သလို နေပစ်ချင်သော အတွေးများပင် တွေးမိသည်။

ဒါပေမဲ့ ဆရာသိန်း၏ ကျေးဇူးများကြောင့် ဘဝအခြေမြင့်မားလာရခြင်းကို တွေးကာ ဆရာသိန်းစကားကို နာခံနေရတော့သည်။

ယခုတစ်ဖန် မိုးရောက်၍ ဇာတ်နားကာ ပြည်–ရန်ကုန်ကားလမ်းနံဘေးရှိ မြို့ကလေးတွင် ဆရာသိန်းနှင့်အတူ အေးချမ်းစွာ ပြန်၍နေကြစဉ် သူ့မိထွေးသည် မျက်ကလဲဆန်ပြာနှင့် ရောက်ရှိလာကာ သူ့အဖေကိုချက်ကြီး အသည်းအသန် မမာနေကြောင်းလာ၍ အကြောင်းကြားလေသည်။

အဖေတစ်ယောက်လုံး သေဆုံးလုလုရှိနေပြီဆိုတော့လည်း ဘအေး မနေသာ။ မိထွေးနှင့်အတူ ရွာသို့လိုက်ပါသွားရပြန်သည်။ ရွာရောက်တော့လည်း အဖေမမာသည်မှာ မှန်ပါ၏။ သို့သော်လည်း မိထွေးပြောသလို မဟုတ်ဘဲ သက် သက်မဲ့ သည်းသည်းပို၍ သူ့အား အပါခေါ်လာကြောင်း သိရလေသည်။

သူသည် အဖေ့အားတွေ့ရပြီး မကြာမီပင် ပြန်ရန်ဖြစ်၏။ သို့သော်လည်း မိထွေးနှင့်အဖေကရော ရပ်ရွာမှ မိတ်ဆွေသူငယ်ချင်းများကပါ အတင်းတားသဖြင့် ခန့်မှန်းသည်ထက် ရက်ပို၍နေရပြန်လေသည်။ သူရွာ၌ ရှိနေစဉ် ရွာမှအပျိုများသည် သူ့ထံသို့ ဥဒဟို လာရောက်တွေ့ဆုံကြသည်။ ထိုအထဲတွင် ရွာကြေးရည်တတ် ဦးလူကြီး ၏ သမီးထွေးသန်းမြင့်လည်းပါ၏။

ဘအေးမှာ အခြားအပျိုများကို စိတ်ဝင်စားမှုမရှိသော်လည်း သန်းမြင့်ကိုတော့ စိတ်ဝင်စားသည်။ သန်းမြင့်မှာ ရွာရှိ အခြားအပျိုများနှင့် ခြားနားသည်။ သူမ၏ အသားအရည်မှာ ဝါဝင်းနေသည်။ သူမ၏ ကိုယ်နေအချိုးအစားကလည်း ဖြစ်ချာ၊ ညှစ်ချင်စရာ ဖြောင့်စင်း၍ တောင့်တင်းလေသည်။ နှုတ်ခမ်းရှောကလေး များသည် ဆေးမဆိုးရဘဲနှင့် ရဲရဲနီနေကာ မျက်တောင်ကော့ရှွန်း၍ မျက်ခုံးများက နက်မှောင်သွယ်တန်းသည်။ နှာတံကလေးပေါ်ပေါ်နှင့် ပြုံးလိုက်တိုင်း ချိုင့်ခွက် သွားသောပါးကလေးကိုက မွေးချင်စရာပါ။

သူသည် သန်းမြင့်အား အခြားမိန်းမပျိုများထက်ပို၍ အရေးပေးဆက်ဆံ

ခဲ့၏။ သန်းမြင့်ကလည်း ရွာအပျိုများထဲတွင် မင်းသားစိန်မြခိုင်က သူ့အား အထူး အရေးပေးခြင်း ခံရသည်ကို ဂုဏ်ယူမဆုံးရှိနေရ၏။

တကယ်တော့လည်း သန်းမြင့်မှာ အခြားသောအပျိုများထက် ငွေဂုဏ်၊ ကြေးဂုဏ်၊ မိဘဂုဏ်နှင့် အလှတွင်သာသည်မဟုတ်သေး။ ကြေးရည်တတ်၏ သမီးဖြစ်သောကြောင့် မြို့ကြီးရွာကြီးများသို့ အရောက်အပေါက်များလေရာ အဝတ် အဆင်မှာလည်း ခေတ်ဆန်သည်။ အပြုအပြင်ကလည်း အချိုးကျသည်။ ဒါကြောင့် လည်း မြို့အမြင်ရှိ၍ မြို့အကြည့် ကြည့်တတ်သော မင်းသားစိန်မြခိုင်သည် သန်းမြင့် ကို တမ်းတမ်းစွဲဖြစ်ရလေတော့သည်။

ယခုလို ဘအေးက သန်းမြင့်ကို တန်းတန်းစွဲဖြစ်လာသောအခါ သူ၏ မိထွေးသည် ဝမ်းသာမဆုံးရှိတော့၏။

တကယ်တော့လည်း စကတည်းက သူမသည် ဤအကွက်ကို ဆင်ခြင်း ဖြစ်လေသည်။ ဘာကြောင့် သူမဤအကွက်ကို ဆင်ရပါသနည်း။

ယခုအခါ၌ စိန်မြခိုင်သည် ဝင်ငွေကောင်းသော မင်းသားတစ်ယောက် ဖြစ်နေပြီ မဟုတ်လား။

သည်တော့လည်း သူမက စိန်မြခိုင်ကိုမွေး၍ ခိုင်း၍စားချင်သည်။ နာမည် ကျော် မင်းသားအမေအဖြစ်နှင့် ဂုဏ်ယူဝင့်ကြွားချင်သည်။ စိန်မြခိုင် သူမတို့ထံ၌ ပြန်နေရန် သူမညြဖာကို နာခံနိုင်ရန်မှာလည်း အရွယ်ရောက်စ လူပျိုပေါက်ကို မိန်းမ နှင့်မျှား၍ ဆွဲယူညို့ခေါ်နိုင်မှ ရမည်ဖြစ်ကြောင်း သူမက နားလည်ထားပြီးဖြစ်သည်။ ပြီးနောက် စိန်မြခိုင်အပေါ်၌ ရွာမှအပျိုချောများ မည်မျှစွဲမက်နေကြပြီကိုလည်း သူမက သိထား၏။ သို့ကြောင့် သူမသည် စိန်မြခိုင်အား ရွာသို့ မရောက်ရောက် အောင် သွေးဆောင်လည်ဆယ်၍ ခေါ်ယူခဲ့ခြင်းလည်းဖြစ်ပေသည်။

ယခုတော့ စိန်မြခိုင် သူမပိုက်ကွန်တွင်းသို့ ဝင်လာပြီ။

"သန်းမြင့်ကတော့ ငါ့သားကို အတော်ကျနေပြီသားရဲ့"

မိန်းမပျိုများ ပြန်သွားသောအခါ မထွေးသည် စိန်မြခိုင်၏ အကဲကို ခမ်းသောအနေနှင့် စကားစ၍ ဆိုလေသည်။ စိန်မြခိုင်သည် ဘာမျှ ပြန်၍မပြောဘဲ တွေဝေစဉ်းစားနေ၏။

"သန်းမြင့်ကတော့ ရွာမှာ အချောဆုံးပဲသားရဲ့။ ပြီး ရုပ်ချောသလောက် သဘောကလည်း ကောင်းတယ်။ သူ့မိဘတွေကလည်း ရွာမှာ အချမ်းသာဆုံး ဆိုတော့ ဂုဏ်ကလည်းရှိပြီးသား။ ငါ့သားကိုလည်း အတော်နှစ်သက်နေရှာပါ တယ်"

"သန်းမြင့်ဟာ ကျွန်တော်နဲ့ အသက်ရွယ်တူလောက်ပဲ ရှိမှာထင်ပါရဲ့ နော်"

ဘအေးက စိတ်ဝင်စားစွာ မေးလေသည်။

"အတူတူပါပဲ။ မသကာ သူကငယ်လှရင် လလောက်ပဲ ငယ်မှာပါ။ သားနဲ့သန်းမြင့်နဲ့သာ နေရာကျမယ်ဆိုရင် အမေတို့အနေနဲ့တော့ သိပ်ကို စိတ်ချမ်းသာရမှာပေါ့ သားရယ်"

သူ့မက သွေးတိုးစမ်းလိုက်ရာ ဘအေး ငိုင်နေသည်။

"သားမှာ မြို့သူ ရည်းရွယ်ပြီးသားများရှိနေသလားကွယ်။ တကယ်တော့ မြင်းအုန်းခွံ၊ ကျွန်ကုလား၊ မယားတောသူလို့တောင် စာဆိုရှိတယ် မဟုတ်လားကွယ်။ မြို့သူများတော့ မမှန်းလေနဲ့ သားရေ ...။ အဝတ်အစားဖိုး၊ နှုတ်ခမ်းနီဖိုး၊ ပေါင်ဒါမိတ်ကပ်ဖိုးနဲ့ပဲ မသက်သာဘူး။သန်းမြင့်တို့လို နဂိုချော သဘောကောင်းတောသူကို သားအနေနဲ့ ရည်မှန်းကွယ်"

"ကျွန်တော်က မှန်းတော့ရော သန်းမြင့်က ကျွန်တော့်ကို ကြိုက်ဦးမှကိုး"

"သန်းမြင့် သားကို ပြန်ကြိုက်ဖို့က အမေ့တာဝန်ထားစမ်းပါ သားရယ်။ ဒီရွာမှာ သားကသာဟော့ဆိုပြီး လက်ဖျောက်တီးလိုက်ရင် မိန်းမက အလိုလို အိမ်ပေါ်ရောက်လာရမယ်"

သူ၏ မိထွေးသည် ဝင့်ကြွားစွာ ပြောလေသည်။ ဘအေးက တွေဝေစဉ်းစား၍ နေလေသည်။ သူ့အာရုံထဲတွင် စောစောက မြင်တွေ့လိုက်ရသော သန်းမြင့်ရုပ်လွှာက မပျောက်သေးပေ။ သူသည် သက်ပြင်းကိုလေးတွဲ့စွာ ဆွဲ၍ ချလိုက်မိ၏။

"ဘယ့်နှယ့်လဲသား။ သား သန်းမြင့်ကို တကယ်လိုချင်သလား"

သူ့အကဲကို စောင့်ကြည့်နေသော မိထွေးက မေးလေသည်။

"ကျွန်တော့် အသက်က ငယ်ပါသေးတယ် ထင်ပါရဲ့လေ"

"ငယ်တယ်ဆိုပြီး အေးနေလို့ မဖြစ်ဖူးသား။ ကိုယ်က လက်နှေးနေရင် တော်ကြာသူများနောက် ပါသွားလိမ့်မယ်။ ခုခေတ်က လက်နှေးလို့ရတဲ့ ခေတ်မဟုတ်ဘူး။ တုံးဆိုတိုက်၊ ကျားဆိုကိုက်လုပ်မှရတဲ့ခေတ်။ ငါ့သား သန်းမြင့်ကို တကယ်ချင်ရင် အနည်းဆုံးသမီးရည်းစားအဖြစ်ရောက်အောင်တော့ လုပ်ထားရလိမ့်မယ်။ ဒါမှ စိတ်ချရမှာ"

သူ၏ မိထွေးသည် သူ့အား သန်းမြင့်နှင့် တွန်းတွန်းထိုးထိုးဆွယ်၍ နေလေတော့သည်။ ယခုလိုဆိုပြန်တော့လည်း ဘအေးစိတ်ထဲတွင် သန်းမြင့်လက်

လွတ်သွားရမည်ကို စိုးနောင့်နေမိ၏။

"ကဲ ...သားကသာ ဆုံးဖြတ်လိုက်။ သားက သန်းမြင့်ကို တကယ် မေတ္တာရှိတယ်ဆိုရင် အမေ မရရအောင် ပြောပေးမယ်"

သူ၏ မိထွေးသည် ရဲရဲတောက်ပင် တာဝန်ယူလျက်ရှိနေပြန်ပါသည်။

"ဘယ့်နှယ့်လဲသား၊ အမေသန်းမြင့်ကို သွားပြောရတော့မလား"

ဘအေးငြိမ်နေစဉ် သူ့မိထွေးက မေးလေသည်။

"ကဲလေ ...စမ်းပဲပြောကြည့်စမ်းပါဦး"

ဘအေးက မယုံမရဲပြောလိုက်မိရာ သူ့မိထွေးသည် အားရဝမ်းသာဖြင့် ကလေးငယ်ကိုဆွဲယူ ခါးထစ်ခွင်ကာ အိမ်ပေါ်မှဆင်းသွားလေသည်။ ဘအေးမှာတော့ စိတ်တထင့်ထင့်နှင့် ကျန်နေခဲ့ရလေသည်။

သူ့မိထွေးသည် အချိန်အတော်ကြာမှ ပြုံးရွှင်သော မျက်နှာဖြင့် ပြန်ရောက်လာသည်။ ဘအေးသည် ရင်ဖိုလျက်နှင့် သူမထံမှ ထွက်ပေါ်လာမည့် စကားကို နားစွင့်နေရ၏။

"သေချာသွားပြီ သား။ အမေက စောစောတည်းက ဒီကောင်မအကြောင်းကို သိပြီးသားမို့ ခုလိုသွားပြောရဲတာပေါ့။ မနက်ဖြန်နေ့လယ်မှာ သားနဲ့ လာတွေ့လိမ့်မယ်"

ဘအေးသည် ရုတ်တရက်ဝမ်းသာသွားမိ၏။ ပြီးမှ မိထွေးသည် သူ့အားလိမ့်လေသလားဟု သံသယဖြစ်မိသည်။ ဟင်းရွက်ကန်စွန်းမဟုတ်သော လူသားအမျိုးသမီးတစ်ယောက်အား ဤမျှလွယ်ကူစွာ အောင်သွယ်ပြောဆို၍ ရသည်ဆိုခြင်းကို ယုံဖို့ရန်ခက်နေလေသည်။ ပြီး မိန်းမသားလေး တစ်ဦးတစ်ယောက်က ယောကျ်ားပျိုရှိရာအရပ်သို့ လာရောက်တွေ့ဆုံမည်ဆိုခြင်းကို သူပို၍ မယုံကြည်နိုင်ဘဲ ရှိနေရလေသည်။ ဒါပေမဲ့ သူ့မိထွေးအား ဘာစကားမျှ မပြောတော့ဘဲ ဆိတ်ဆိတ်နေခဲ့သည်။

နောက်နေ့ နံနက်မိုးလင်းသည်မှစ၍ ဘအေးစိတ်မှာ လှုပ်ရှားနေရသည်။ မိထွေးပြောစကားကို မယုံလှသော်လည်း သူမစကားအမှန်ဖြစ်စေရန်ကို ရင်ထဲမှ ကျိတ်၍ ဆုတောင်းနေမိ၏။

နာရီလက်တံများသည် တဖြည်းဖြည်းနှင့် နေ့လယ်တစ်နာရီသို့ ညွှန်ပြလာသည်။ နာရီလက်တံရွေ့တိုင်း စိတ်မငြိမ်မသက် ဖြစ်နေခဲ့ရသော ဘအေးမှာ ယခုအခါတွင် မျက်စိများပြာဝေ၍ သွားရလေသည်။

သူ့အဖြစ်ကို သူက အိပ်မက်ဟုထင်မိသည်။ သန်းမြင့်သည် လှပကြော့

မော့စွာ ဝတ်စားဆင်ယင်၍ သူရှိရာအရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်လာနေပြီ မဟုတ်လား။

"ဩော် ...သန်းမြင့် လာလာထိုင်၊ ညည်းလာမယ်ဆိုတာကို ရွှေမင်းသားက မယုံဘူးတဲ့"

"ကျွန်မ ကတိမပျက်တတ်ပါဘူး ဒေါ်ထေးရယ်"

သန်းမြင့်သည် ဘအေးမျက်နှာကို ခိုးကြောင်းခိုးဝှက်ကလေးကြည့်ရင်း ပြန်ပြောနေသည်။ ဘအေးကတော့ ရင်ခုန်ကာ မျက်နှာထူပူနေသည်။

"ကဲသားရေ ...မင်းနှမကို စကားလေးဘာလေး ပြောပါဦးလားကွယ်"

သန်းမြင့် သူ့အနီး၌ ပုဆစ်တုပ်ကလေးထိုင်နေသည့်တိုင် ဘအေးက ဘာစကားမျှမပြောဘဲ ငေးငိုင်နေသဖြင့် မထေးက လမ်းခင်းပေးရလေသည်။

"အို ...ဒေါ်ထေးရယ်။ ကိုဘအေးက နာမည်ကျော်မင်းသား မဟုတ်လားရှင်၊ သန်းမြင့်တို့လို တောသူ အစုတ်အနုပ်ကို ဘယ်မှာ အဖက်လုပ် စကားပြောချင်တော့မှာလဲ"

သန်းမြင့်သည် မျက်စလေးချီ၍ ခနဲ့လိုက်၏။

"ကျွန်တော် သွေးမကြီးတတ်ပါဘူး မသန်းမြင့်ရယ်။ ကျွန်တော်ဟာလည်း ကံအလျောက် ခုလိုဖြစ်လာရပေမယ့် ကိုယ့်ကိုယ်ကို တောသားလို့ပဲ ခံယူထားပါတယ်"

"ဒီလိုဆို သန်းမြင့်လာတာ ဘာလို့ အရေးတယူ နှုတ်မဆက်ဘဲ မသိတဲ့ မျက်နှာစိမ်းလို လုပ်နေရတာလဲ"

ဘအေး အဖြေရကျပ်နေပြန်၏။

"ကဲ ...သားတို့မောင်နှမ စကားပြောနေကြဦး။ အမေဧည့်သည်ဖို့ ချင်းသုပ်သွားဝယ်လိုက်ဦးမယ်"

ဘအေးနှင့် သန်းမြင့်တို့ စကားချိတ်ဆက်ရလာပြီဖြစ်သဖြင့် မထေးက ရှောင်၍ထွက်သွားလေသည်။

"ပြောလေ၊ သန်းမြင့်လာတာ ဘာလို့ နှုတ်မဆက်တာလဲ"

နှစ်ယောက်တည်း ကျန်ရှိနေစဉ် အမျိုးသမီးကစ၍ မေးပြန်သည်။

"မသန်းမြင့်က သိပ်လှလွန်းတော့ ကျွန်တော်လည်း ရုတ်တရက် စကားမပြောနိုင်ဘဲ ငိုင်ကြည့်နေမိတာပါ"

"မြှောက်မနေစမ်းပါနဲ့ရှင်။ ကိုဘအေးလို အနယ်နယ်အရပ်ရပ်သွားလာနေရတဲ့ မင်းသားတစ်ယောက်အဖို့ သန်းမြင့်ထက်လှတာ၊ ချောတာတွေ ဒုနဲ့ဒေး

တွေ့ဖူးပြီးဖြစ်မှာပါ"

"တကယ်ပြောတာပါ မသန်းမြင့်။ ကျွန်တော်ဟာ နယ်အနှံ့ရောက်ခဲ့ဖူးပေမဲ့ မသန်းမြင့်လောက် ချောတဲ့လှတဲ့ ကျက်သရေရှိတဲ့ မိန်းကလေးကို တကယ်မတွေ့ဖူးသေးပါဘူး"

"ဒါတော့ ပိုလွန်းပြီရှင်"

သန်းမြင့်က ရှက်စနိုးလေး ခေါင်းငုံ့ထားရင်း ပြောလေသည်။

"တကယ်ပါ မသန်းမြင့်၊ တကယ်ပါ။ ကျွန်တော်ဟာ ဇာတ်မင်းသားမို့ လျှာရိုးမရှိတိုင်း ပလီပလာပြောနေတာ မဟုတ်ပါဘူး။ အစကတစ်ရွာတည်းမှာ ကလေးဘဝနေကြတုန်းကဆို ကျွန်တော်လည်း ဘာသိဘာသာပါပဲ။ ခု ရွာကိုပြန်ရောက်လာလို့ မသန်းမြင့်နဲ့ပြန်ပြီးတွေ့ရတော့ ကျွန်တော့်စိတ်ဟာတစ်မျိုးပဲ မသန်းမြင့်။ မသန်းမြင့်ကို မြင်မြင်ချင်းပဲ ကျွန်တော် ခင်တွယ်မိတယ်"

"သန်းမြင့်ကလည်း ကိုဘအေးလိုပါပဲရှင်။ ဒါကြောင့်လည်း ကိုဘအေးကို မနေ့ကတည်းက လာတွေ့ပြီး နှုတ်ဆက်ရတာပေါ့"

"ကျွန်တော်ရှင်းရှင်းပြောရရင် မသန်းမြင့်ကို ချစ်နေမိပြီဗျာ။ အဲ... အဲဒါ မသန်းမြင့် ကျွန်တော့်အချစ်ကို လက်ခံနိုင်မခံနိုင် သိပါရစေ"

ဘအေးသည် ပြောလက်စရှိလာပြီဖြစ်သောကြောင့် ရဲတင်းပြတ်သားစွာပင် မေးလေတော့သည်။ သန်းမြင့်သည် အဖြေမပေးဘဲ သင်ဖြူးဖျာကို လက်သည်းနှင့် ခြစ်ကုတ်နေလေသည်။

"ကျွန်တော့်ကို အဖြေပေးစမ်းပါဦး မသန်းမြင့်ရယ်"

"သန်းမြင့် ကြောက်တယ်ရှင်"

"ဘာကိုကြောက်တာလဲ မသန်းမြင့်ရဲ့"

ဘအေးက တအံ့တသြမေးမိ၏။

"ကိုဘအေးက နာမည်ကျော်မင်းသားတစ်ယောက်ဆိုတော့ ရည်းစားတွေ မှိုလိုပေါက်နေမှာပေါ့နော်"

"ဘုရားစူးရပါစေ့ဗျာ၊ ကျွန်တော့်မှာ ရည်းစားတစ်ယောက်ဆိုတစ်ယောက်မျှ မရှိသေးပါဘူး။ ယုံပါ မသန်းမြင့်ရယ်"

"ဟင့်အင်း ...သန်းမြင့် ကိုဘအေးစကားကို ယုံလို့မရဘူး"

"ဟော ...ဘုရားရေ ဒုက္ခပါပဲဗျာ။ ကဲ မသန်းမြင့်ပေးချင်တဲ့သစ္စာပေး ကျွန်တော်ဆိုမယ်"

"တကယ်နော်"

သန်းမြင့်က ခေါင်းကလေးမော့လာကာ ဘအေးမျက်နှာကို ပြုံးပြုံးလေး ကြည့်ရင်း မေးလေသည်။

"တကယ်ပါ မသန်းမြင့်ဆိုခိုင်းတာကို ကျွန်တော်လိုက်ဆိုပါ့မယ်"

"ယုံပါပြီတဲ့ရှင်၊ ယုံပါပြီတဲ့"

ဘအေးမှာ ကြည်နူးဝမ်းသာ၍ သွားရလေ၏။

"ကဲ ...မသန်းမြင့် ကျွန်တော့်ကို ပြန်ချစ်နိုင်ပြီလားဟင်"

သန်းမြင့်က ခေါင်းကလေးကိုခါနေပြန်သည်။

"ဟောဗျာ၊ နို့ ...ကျွန်တော့်မှာ ရည်းစားမရှိဘူးဆိုရင် မသန်းမြင့် ပြန်ချစ်တော့မလိုလိုနဲ့"

ဘအေးက အံ့အားသင့်စွာ ပြောမိလေသည်။

"ကိုဘအေးလို မြို့ပေါ်မှာ ကြိုက်တဲ့အမျိုးသမီးချောကို ခေါင်းခေါက်ယူနိုင်တဲ့လူက သန်းမြင့်ကို အတည်ယူမှာလားရှင်"

"မသန်းမြင့်ကို ကျွန်တော်က ဘာလို့အတည်မယူရမှာလဲ မသန်းမြင့်ရယ်"

"သန်းမြင့်က နွံထဲရွှံ့ထဲက တောသူမဟုတ်လားရှင်"

"ကျွန်တော်ကလည်း နွံထဲရွှံ့ထဲက ဖြစ်ရုံမကဘဲ လူတကာရဲ့ ခြေဖဝါးအောက်က အကောင်ပါ မသန်းမြင့်ရယ်။ မြို့ပေါ်ရောက်တာလည်း မကြာသေးပါဘူး"

"ဒါပေမဲ့ အခု ကိုဘအေး တောသားမဟုတ်တော့ဘူးလေ။ နာမည်ကျော်မင်းသားစိန်မြခိုင် ဖြစ်နေပြီမဟုတ်လား"

"ကျွန်တော့်စိတ်မှာ တောသူမြို့သူ မခွဲခြားပါဘူး မသန်းမြင့်။ ချစ်တဲ့စိတ်ကိုသာ တန်ဖိုးထားတာပါ။မသန်းမြင့်ကို ကျွန်တော် တကယ်ချစ်တယ်၊ မြတ်နိုးတယ်၊ မသန်းမြင့်ကလွဲရင် ဖွဲနဲ့ဆန်ကွဲ"

"ဇာတ်ကနေတာ မဟုတ်ဘူးနော် ...ကိုဘအေး"

"အိုဗျာ ...မသန်းမြင့်ကလည်း"

ဘအေး ရှက်စနိုးနှင့်မျက်နှာ နီမြန်းသွားသည်။

"တကယ်ပြောတာပါ မသန်းမြင့်။ ကျွန်တော့်ကို မေတ္တာတုံ့ပြန်ဖို့ ကျွန်တော်တောင်းပန်ပါတယ်"

သန်းမြင့်သည် ဘာမျှပြန်၍မပြောဘဲ ပြုံးနေသည်။

"ဘယ့်နှယ့်လဲ မသန်းမြင့် ...ဟင် ..."

ဘအေးက အရေးတကြီးမေးနေသော်လည်း သန်းမြင့်ကဖြင့် ပြုံးမြဲသာ ပြုံး၍နေလေသည်။

"ကျွန်တော့်ကို သက်သက်နှိပ်စက်နေတာလား မသန်းမြင့်ရယ်။ အင်းလည်းမလုပ်၊ အဲလည်းမလုပ်နဲ့"

ဘအေးက စိတ်ညစ်လာကာ ခေါင်းကုတ်ရင်း ပြောလေသည်။

"အခု ဘယ်သူက ဘယ်သူ့ဆီလာတာလဲ ကိုဘအေး"

"မသန်းမြင့်က ကျွန်တော့်ဆီလာတာလေ"

"မိန်းမသား တစ်ယောက်က ယောကျ်ားတစ်ယောက်ရှိရာကိုလာရတယ်ဆိုတာ ဘယ်လောက်စွန့်စားခဲ့ရမယ်ဆိုတာ ကိုဘအေးစဉ်းစားကြည့်စမ်းပါ။ တော်ရုံတန်ရုံမေတ္တာနဲ့ ကိုဘအေးဆီကို သန်းမြင့်ရည်းစားစကား အပြောလာခံပါ့မလား"

"ဒါဖြင့် မသန်းမြင့်ကျွန်တော့်ကို ချစ်တယ်ပေါ့နော်"

"ဟင့်အင်း ...ချစ်ဖူး"

သန်းမြင့်ကပြောပြီး ပြုံးနေ၏။

"ကျွန်တော်ကတော့ ဇွတ်ချစ်မှာပဲဗျာ"

ဘအေးသည် ပြောပြောဆိုဆို သန်းမြင့်အား ထ၍ဖက်လေသည်။

"အို ...အို ...အို ကိုဘအေး ဘယ်လိုလုပ်တာလဲ လူတွေမြင်ကုန်တော့မယ်"

သန်းမြင့်က အသာအယာ ရုန်းရင်းပြော၏။

"လူတွေမမြင်အောင် အိမ်ခန်းထဲလိုက်ခဲ့"

ဘအေးသည် သန်းမြင့်အား ပိုင်စိုးပိုင်နင်း အိမ်ခန်းထဲသို့ဆွဲခေါ်သွားလေတော့သည်။

*

ဘအေးမှာ သန်းမြင့်နှင့် ချစ်ကြိုးနှောင်ဖွဲ့မိနေပြီဖြစ်ရာ ရွာကိုခေတ္တခဏ လာရောက်ရာမှ မပြန်နိုင်ဘဲ ရှိနေလေတော့သည်။ သူနှင့်သန်းမြင့်တို့ ချစ်ကြိုက်နေကြပြီဆိုသော သတင်းမှာလည်း ရုတ်ခြည်းပင် ရွာဦးပုံ့နှံ့သွားကာ သန်းမြင့်၏ မိဘနားသို့ ပေါက်ကြားသွားလေတော့၏။ ထိုအခါတွင် သန်းမြင့်၏ မိဘများသည် ဖက်ခွက်စား ကလေကဝဇာတ်သမားနှင့် သူတို့၏ သမီးချောအား သဘောမတူနိုင်ကြောင်း ကန့်ကွက်စကားဆိုလာသည်။ သန်းမြင့်ကိုလည်း အပြင်သို့မထွက်စေရ

တော့ဘဲ အခန်းတွင်းတွင် ပိတ်လှောင်ထားလေ၏။

ထိုသို့ဖြစ်ပျက်ရခြင်းကို ဘအေး အလွန်အမင်း အံ့သြနေမိ၏။ တကယ်ဆိုတော့ သူကဲ့သို့ နာမည်ကျော်ကြားသော ဝင်ငွေကောင်းသော မင်းသားတစ်ယောက်နှင့်ဆိုလျှင် သန်းမြင့်မိဘများသဘောတူသင့်သည်ဟု ထင်သည်။ ရွာရှိ သမီးရှင်အားလုံးသည် သူနှင့်သာဆိုလျှင် အနူးအညွတ် သဘောတူ ကြည်ဖြူကြလိမ့်မည်ဟု ဘအေး ထင်မြင်ယူဆခဲ့သည်မှာ တကယ်လက်တွေ့ကျတော့ တကိုတကျ်စင်အောင် လွဲမှားနေခဲ့ရလေပြီ။

အနုပညာရှင်အဖြစ်နှင့် မာန်ဝင့်ခဲ့သော ဘအေးမှာ သန်းမြင့်၏ မိဘများနှင့်ကျတော့မှ "ဖက်ခွက်စား" ဟု မှိုချိုးမှျစ်ချိုး အဆိုခံရလေတော့သည်။

ဘအေးစိတ်ထဲတွင် နာကျည်းလှ၏။ နာကျည်းခြင်းနှင့်အတူ သန်းမြင့်နှင့်သွေလွှဲရသောကြောင့် ကြေကွဲခြင်းလည်းဖြစ်ရလေသည်။ ပူဆွေး ကြေကွဲအသည်းရင်နှင့်ရှိနေရာမှပင် သန်းမြင့်နှင့်ဆုံတွေ့နိုင်အောင် အကြိမ်ကြိမ် ကြိုးစားနေရလေသည်။

သို့သော်လည်း အချည်းနှီးသာတည်း။

သန်းမြင့် မိဘများမှာ ရွာကြေးရှည်တတ်ဖြစ်၍ တပည့်လက်သားအစေအပါး အစောင့်အရှောက်များနှင့်ခြံရံကာ သူတို့၏ သမီးပျိုအား မဥ္ဇူသကနတ်ပန်းတမျှ ကုမ္ဘာဏ်တစ်ထောင်နှင့် စောင့်ကြပ်ထားလေသည်။ ရွာ၌ ရှိသောလူမိုက်များကို ငွေပေး၍ပေါင်းသင်းကာ ဘအေး သူတို့အိမ်နားသို့ ကပ်မလာနိုင်အောင် စီစဉ်ထားလေသည်။

ဘအေးနှင့် သူ့မိထွေးမထေးတို့သည်လည်း နည်းလမ်းရှိသမျှ ကြံစည်ကြိုးစားပါသေး၏။ သို့သော်လည်း ဘယ်သို့မျှ မတတ်နိုင်၊ မကပ်နိုင်တော့ဘဲလက်လျှော့အရှုံးပေးလိုက်ရတော့၏။

နောက်ဆုံးတော့ ဘအေးသည် လက်လျှော့အရှုံးပေးကာ ဆရာသိန်းရှိရာသို့ ပြန်ပြေးခဲ့ရလေသည်။ ထိုအချိန်မှစ၍လည်း ဘအေးစိတ်မှာ မကြည်မလင်နိုင်ဘဲ ရှိနေရပြီ။ ချစ်လျက်နှင့် ဝေးခဲ့ရပြီဖြစ်သော သန်းမြင့်ကလေး အကြောင်းကိုသာ ပူဆွေးသောက ဖြစ်နေရရှာသည်။

သူသည် ဆရာသိန်းထံ၌လည်း ကြာရှည်ရပ်တည်၍ မနေနိုင်၊ စုဆောင်းထားသော ငွေကလေးများကိုတောင်း၍ ရွာသို့ပြန်ပြေးလာခဲ့ပြန်သည်။ ရွာသို့ရောက်လျှင် သတင်းဆိုးကို ကြားရပြန်၏။

သန်းမြင့်အား သူကြီးသားစံရွှေနှင့် လူကြီးချင်းစပ်ထားပြီးပြီဆိုသော

သတင်း ...

သူ့အသည်းရင်တို့ နာကျင်ရပြန်ပြီ။

ဒါပေမဲ့ ဘအေးလက်မလျှော့သေး။ မူလရည်ရွယ်ချက်ရှိခဲ့သည့်အတိုင်း ရွာလူမိုက်များကို ငွေကြေးဖြင့် ပစ်၍ပေါင်းကာ သူတို့နှင့်အတူ သောက်စားရင်း သူ့ဘက်သို့ပါအောင်ဆွဲသည်။

ထိုလူမိုက်များကို သူ့လူငါ့ဘက်သားလုပ်ပြီး သန်းမြင့်နှင့်တစ်ကြိမ် တွေ့ဆုံနိုင်ခွင့်တောင်းသည်။ လူမိုက်များသည် ဘအေးထံမှ မတန်မဆငွေကြေး ရသောအခါ သူ့တောင်းဆိုချက်ကို ဖြည့်စွမ်းပေးမည်ဟု ကတိပေးကြသည်။ ဘအေး အနေနှင့်ကလည်း သန်းမြင့်ကို တစ်ကြိမ်သာတွေ့ရပါစေ သူ့နောက်သို့အပါခေါ် သွားနိုင်မည်ဟု ယုံကြည်ထားပြီး ဖြစ်လေသည်။

ညသည် မည်းမှောင်လျက်ရှိနေ၏။ မိုးကောင်းကင်၌ ငွေကြယ်မှိန်မှိန်ပင် မရှိ။ တစ်ခါတစ်ခါ၌သာ အနောက်တောင်ဆီမှ လျှပ်ပန်းကလေးပွင့်၍ လာတတ်သည်။ ကာလသားခေါင်း လူမိုက်စံချစ်သည် ဘအေးအားခေါ်၍ သန်းမြင့်တို့အိမ်နောက်သို့ ခေါ်လာခဲ့၏။ ပြီး ခြံစည်းရိုးကိုကျော်တက်ကာ အိမ်ဝင်းထဲသို့ ဝင်လာခဲ့ကြသည်။

သူတို့နှစ်ယောက်သည် လက်နှိပ်မီးကို ပုဆိုးဖြင့်အုပ်၍ထိုးကာ အိမ်နားသို့ တဖြည်းဖြည်းကပ်လာခဲ့ကြ၏။

"ကဲ ...ဘအေး၊ သန်းမြင့်အိပ်တာ အဲဒီအနားမှာပဲ မင်းပျဉ်ထောင်ကို လက်နဲ့သုံးချက်အသာခေါက်လိုက် သန်းမြင့်ဆင်းလာလိမ့်မယ်"

စံချစ်က နားနားကပ်၍ လေသံဖြင့်ပြောလေသည်။

"ကျုန်တော်လာမှာ သူသိတယ်ဆိုတာ သေချာရဲ့လား"

ဘအေးကလည်း လေသံဖြင့်ပင်ပြန်၍မေး၏။

"သေချာပါတယ်ကွာ၊ နေ့လယ်က ငါ့မိန်းမကိုသွားပြောခိုင်းတော့ ပျဉ်ထောင်ကိုသာ သုံးချက်ခေါက်လိုက်ပါ သူဆင်းလာပါ့မယ်လို့ အသေအချာ မှာလိုက်တာပဲ"

ဘအေးက မရဲတရဲ ပျဉ်ထောင်ကို လက်ဖြင့်သုံးချက် ခေါက်လိုက်လေ သည်။ ပြီးနောက် နားစွင့်နေကြသည်။

ခဏကြာလျှင် မီးဖိုတံခါးချက်ဖြုတ်သံကို ကြားလိုက်ရသည်။

"ဟော ...လာပြီ။ ကဲ ...မင်းတို့လွတ်လွတ်လပ်လပ် ပြောနေကြ၊ ငါဟို နောက်နားက သွားစောင့်နေမယ်"

စံချစ်သည် ပြောပြောဆိုဆို ဘအေးအား ထားပစ်ခဲ့သည်။ ဘအေးမှာ

တစ်ယောက်တည်း ကျန်ရစ်ခဲ့သဖြင့် စိတ်အားငယ်၍ နေမိလေသည်။ သို့သော် မကြာမီပင် နောက်ဖေးတံခါးဖွင့်၍ ထွက်လာသော သန်းမြင့်ကို အမှောင်ထဲမှာပင် ခန့်မှန်း မြင်တွေ့ရသောကြောင့် ဝမ်းသာသွားရလေသည်။ သူသည် အိမ်ပေါ်မှ ဆင်းလာသောသန်းမြင့်အား ပြေး၍ဖက်တွဲကာ အိမ်နှင့် မလှမ်းမကမ်းရှိ စောင်းလျား ပင် အုပ်အုပ်အောက်သို့ ခေါ်လာခဲ့လေ၏။

"ဝမ်းသာလိုက်တာ မသန်းမြင့်ရယ်"

ဘအေးသည် သန်းမြင့်အား တင်းကျပ်စွာ ဖက်ရင်းပြောလေ၏။ သန်းမြင့်မှာ အသားများအေးစက်၍ တုန်တုန်ယင်ယင်ရှိနေသည်ကို တွေ့ရသဖြင့် သူမမည်မျှ စွန့်စားထွက်လာခဲ့ရသည်ကို ဘအေးခန့်မှန်းမိလေသည်။

"ကိုဘအေး၊ သန်းမြင့်ကို ဘာပြောချင်လို့လဲ"

သန်းမြင့် ထိတ်ထိတ်ပျာပျာ အသံနှင့်မေး၏။

"ဘာပြောနေစရာလိုလဲ မသန်းမြင့် တစ်ခါတည်း ပြေးကြရုံပေါ့"

သန်းမြင့်ထံမှ စကားပြန်၍မလာ ...

"ဟုတ်တယ် မဟုတ်လား မသန်းမြင့်၊ အခြေအနေက ထွက်ပြေးဖို့က လွဲပြီး ဘာရှိဦးတော့မှာလဲ"

ဘအေးက အရေးတကြီးပြောပြန်၏။

"ဒီလို ဆင်ကန်းတောတိုးလုပ်လို့တော့ မဖြစ်ဖူးထင်တယ်ရှင်"

ဘအေး စိတ်မော၍သွားရသည်။

"ဆင်ကန်းတောတိုးလုပ်တာ မဟုတ်ဘူးလေ မသန်းမြင့်ရဲ့။ အခုသီတင်း ကျွတ်ရင် မသန်းမြင့်ကို စံဝေနဲ့ လက်ထပ်ပေးစားကြတော့မယ် မဟုတ်လား။ ကျွန်တော် မသန်းမြင့်ကို ဘယ်နည်းနဲ့မှ သူများလက် အရောက်မခံနိုင်ဘူး။ မသန်းမြင့်ကို ကျွန်တော် အသက်လောက်ချစ်တယ်"

ဘအေးသည် သန်းမြင့်အား လွတ်ထွက်ပြေးသွားမည်ကို စိုးရိမ်သည့်နှယ် တင်းကျပ်စွာ ဖက်လေသည်။

"သန်းမြင့်အနေနဲ့ ဆွေမျိုးမိဘတွေဂုဏ်ကို ငဲ့ဖို့ လိုဦးမယ်ထင်ပါတယ်ရှင်"

"ဒီလိုဆိုရင် မသန်းမြင့် ကျွန်တော့်ကို မချစ်နိုင်ဘူးပေါ့နော်"

ဘအေးက ကြေကွဲဝမ်းနည်းစွာမေးလေသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး ကိုဘအေးရယ်။ သန်းမြင့် ဘာပြောရ မလဲမသိဘူး စိတ်ညစ်လိုက်တာ ..."

"သူကြီးသားစံဝေနဲ့ မသန်းမြင့်ကို လူကြီးချင်း စပ်ထားပြီးပြီဆိုတာ

တကယ်ပဲမဟုတ်လား မသန်းမြင့်ရယ်"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်ရင် နှစ်ဦးသဘောတူထွက်ပြေးဖို့က လွဲပြီးတခြားဘာရှိတော့မှာလဲဗျာ"

"သူခိုး ...သူခိုး ...သူခိုး"

အိမ်ဆီမှ မသန်းမြင့်၏မိခင် အော်သံကိုကြားရပြီးနောက် လက်နှိပ်မီးရောင်များကို မြင်တွေ့ရသည်။

"ကိုစံချစ်လုပ်ပါဦးဗျာ"

ဘအေးသည် သန်းမြင့်ကို ဖက်ထားရင်းမှ ထိတ်လန့်တကြား ပြောမိလေသည်။ ဒါပေမဲ့ စံချစ်၏ အရိပ်အယောင်ကိုမျှပင် မမြင်ရတော့။ သန်းမြင့်လည်း သူ့လက်မှ ရုန်းထွက်ကာအိမ်ပေါ်သို့ တက်ပြေးသွားလေသည်။ လူများသည် ဘအေးရှိရာ အိမ်နောက်ဖေးဘက်သို့ပြေးလာနေကြ၏။ ဘအေးမှာ ရုတ်တရက် ဘာလုပ်၍ ဘာကိုင်ရမည်မသိဘဲ ပျာယာခတ်နေသည်။ ပြီးမှ သူကျော်တက်ခဲ့သော ခြံစည်းရိုးဆီသို့ ပြေးခဲ့ရလေ၏။

ခြံစည်းရိုးကို ဘအေးကျော်တက်မည်ပြုနေစဉ် ရှေ့ဆုံးမှ ပြေးလာသောလူသည် သူ့အနီးသို့ရောက်လာ၏။ သူက ထိုလူဘက်သို့ ပြန်၍လှည့်လိုက်သည်တွင် လျှပ်ပျက်သလို တစ်ချက်မြင်လိုက်ရပြီး မေ့မြောသွားရလေတော့သည်။

သူသတိရ၍ မျက်စိကိုဖွင့်ကြည့်လိုက်သည်တွင် ဖြူဖွေးသောအုတ်နံရံကို မြင်တွေ့ရသည်။ ပြီးမှ စိုးရိမ်သော မျက်လုံးများဖြင့် သူ့အားကြည့်နေသော အဖေကို မြင်တွေ့ရလေသည်။

"ကျွန်တော် ဘယ်လိုဖြစ်တာလဲ အဖေ"

သူသည် ဘာကိုမျှမမှတ်မိတော့သဖြင့် သူ့အဖေအား မေးကြည့်ရသည်။

"စံဝေပေါ့ကွာ ...သူကြီးသားစံဝေ၊ ငါ့သားကို ရိုက်လို့ ခုငါ့သား ခေါင်းကွဲသွားပြီး ဆေးရုံတက်နေရပြီ"

သူ့အဖေက အံကိုကြိတ်၍ပြော၏။ ဘအေးသည် တွေဝေစဉ်းစားနေ၏။

"ဩော် ...ကျွန်တော် မှတ်မိပြီအဖေ။ ကျွန်တော့်ကို သန်းမြင့်တို့ အိမ်နောက်ဖေးမှာ သူတို့ဝိုင်းလိုက်ပြီး ရိုက်ကြတာမဟုတ်လား"

"ဟုတ်ပါတယ်။ သားကိုလည်း သူတို့ကရိုက်သေးရဲ့။ ပြီးတော့ သားကိုလည်း သူခိုးလို့ ပြန်တရားစွဲထားသေးတယ်။ တောက် ...မတရားလိုက်ကြတာ"

"ဩော် ...သူတို့က ကျွန်တော့်ကို သူခိုးပြန်စွဲထားသလား"

သူ့အဖေက ခံပြင်းစွာ ပြောသည်နှင့် ဘအေးမှာ တအံ့တသြမေးမိ ပြန်သည်။

"ဟုတ်တယ်၊ သားကို သူတို့က သူခိုးပြန်ဆွဲထားတယ်။ အင်း... နိုင်တုန်း လုပ်ကြဦးပေါ့ကွာ"

ကိုချက်ကြီးသည်ပြောပြီး အံကိုတင်းတင်းကြိတ်၍ ထားလေသည်။

"ကျွန်တော် သူခိုးတော့မဖြစ်နိုင်ပါဘူးအဖေ။ ကျွန်တော် သန်းမြင့်မှာလို့ သွားတယ်ဆိုတာ သက်သေရှိပါတယ်"

"ဘယ်သူလဲ"

"ကိုစံချစ်လေ၊ သူက ကျွန်တော့်ကို လိုက်ပို့ပေးတာပဲ"

ကိုချက်ကြီး သက်ပြင်းချလိုက်လေသည်။

"အဲဒီ စံချစ်ဆိုတဲ့အကောင်က နှစ်ဖက်လွှသားရဲ့။ အခုကိစ္စမှာ ငါ့သားကို သူတမင်သန်းမြင့်နဲ့ ထောင်ပြီးဖမ်းပေးတာပဲ"

"ဘယ်လိုထောင်ဖမ်းတာလဲ အဖေ"

ဘအေးက တအံ့တသြ မေးလိုက်လေသည်။

"ငါ့သားကိုသူက အယုံသွင်းပြီး ငါ့သားကျွေးတာ မွေးတာစား။ ငါ့သားပေးတာကမ်းတာယူပြီး တစ်ဖက်လှည့်နဲ့ စံဝေတို့ကိုပြောပြီး တမင် သန်းမြင့်နဲ့တွေ့ရအောင်လုပ်ပြီး အမှုဆင်တာပေါ့ သားရယ်။ တကယ်တော့ ဒီကောင်မကောင်းလို့ ငါ့သား ခုလိုခံရတာပါ။ အေးလေ ...တစ်နေ့ချက်ကြီးအကြောင်း သိကြဦးမှာပေါ့ကွာ"

ယခုမှပင် ဘအေးဇာတ်ရည်လည်၍ သွားရလေသည်။

"ကျွန်တော်ကတော့ သန်းမြင့်ချိန်းလို့ သွားတယ်ပြောမှာပဲအဖေ၊ သန်းမြင့်ကို စစ်ရင်လည်း ဒီအတိုင်းအစစ်ခံမှာပေါ့"

"ငါတော့ မထင်ပါဘူးကွာ"

"မဟုတ်ဘူးအဖေ၊ သန်းမြင့်ဟာ ကျွန်တော့်ကို တကယ်ချစ်တာပါ"

"အေးလေ ...စောင့်ကြည့်သေးတာပေါ့"

*

ဘအေးသည် ခေါင်းမှအနာပျောက်သောအခါ အချုပ်ခန်းသို့တန်း၍ ဝင်ရလေသည်။

မြို့နယ်သတင်းထောက်၏ လက်ချက်ကြောင့် "နာမည်ကြီး ဓာတ်

မင်းသား စိန်မြခိုင်အချုပ်ခံရခြင်း”ဆိုသော သတင်းမှာ သတင်းစာ၌ ပါ၍ လာ၏။ ထိုအခါကျတော့မှလည်း ဆရာသိန်းသိရတော့ကာ အပြေးအလွှား လိုက်လာခဲ့ရလေသည်။ ဆရာသိန်းသည် အကျိုးအကြောင်းမေးမြန်းကာ ကိုချက်ကြီးအား စောစောက အကြောင်းမကြားရကောင်းလားဟု အပြစ်ဆိုသည်။ ကိုချက်ကြီးမှာ ဆရာသိန်းသူ့အား အပြစ်ဆိုခြင်းကို စိတ်တွင်းမှ မခံချင်။ “ငါအဖေထက်ပဲ သူက အကဲပါရသေးသလား”ဟု စိတ်တွင်းမှ တွေးလေသည်။ ဒါပေမဲ့ နှုတ်ကတော့ ဘာမျှ ဖွင့်ဟ၍မပြောလိုက်မိ။

ဘအေးအား ရုံးထုတ်၍ အမှုစစ်လေသည်။ ဘအေးက သန်းမြင့်နှင့်သူ သမီးရည်းစားဖြစ်ကြောင်း၊ သန်းမြင့်မှာ၍သွားရကြောင်း အစစ်ခံလိုက်၏။

နောက်ရက်ချိန်းတွင် သန်းမြင့်ကို စစ်ဆေး၏။

သန်းမြင့်က ဘအေးထွက်ချက်ကို ဖြောင်ငြင်းလေရာ ဘအေးမှာ အံ့အားသင့်၍ သွားမိလေသည်။

တကယ်တော့လည်း သန်းမြင့် သူ့အပေါ်ဘယ်နည်းနှင့်မျှ ဤလောက် မရက်စက်နိုင်ဟု သူယုံကြည်ထားခဲ့သည်မှာ ယခုအခါ၌မူ တက်တက်စင်အောင် လွဲမှားနေရပြီ မဟုတ်လား။

တရားသူကြီးသည် သူ့အားပိုင်နက်သို့ ကျူးကျော်၍ချောင်းမြောင်း ကြံစည်မှုနှင့် ထောင်ဒဏ် သုံးလ အပြစ်ပေးလိုက်လေသည်။

ဘအေးမှာ မိမိအပေါ် ဤမျှရက်စက်နိုင်လွန်းသော သန်းမြင့်အား အလွန် အမင်း အံ့ဩမှန်းတီး၍ သွားမိသည်။ သန်းမြင့်သာမဟုတ် မိန်းမဟူသည် သစ္စာမဲ့ သော ရက်စက်နိုင်လွန်းသော အမျိုးအစားဟူ၍လည်း သတ်မှတ်လိုက်ကာ မိန်းမမှန် သမျှကို သူရွံမုန်းသွားသည်။

သီတင်းကျွတ်မီးထွန်းပွဲများလွန်လေမှ ဘအေး ထောင်ကလွတ်လာ သည်။ ထောင်ကလွတ်လျှင် သူ့အဖေနှင့် ဆရာသိန်းတို့ကို တွေ့ရ၏။ သူ့ကို ချစ်လှပါချည်ရဲ့ဆိုသော မိထွေးအား ယခုအချိန်အထိ တစ်ရံတစ်ခါမျှ မတွေ့မမြင်ရ သည်ကို ဘအေးအံ့ဩနေမိသည်။

ဆရာသိန်းသည် ဘအေးထောင်က လွတ်လျှင်လွတ်ချင်း သူအသင့်စီစဉ် ထားသော ဇာတ်ပိုင်ရှင်နှင့် တွေ့ဆုံစာချုပ်ကာ ဇာတ်အဖွဲ့ကိုဖွဲ့စည်းလိုက်လေသည်။ ပြီးနောက် ပွဲလက်ခံကာ ဇာတ်စ၍ ထွက်လေတော့၏။

မင်းသားစိန်မြခိုင်မှာ ယခင်ကထက်ပင် အဆိုအငိုပိုင်းတွင် ပို၍ပိုင်လာ သည်။ သူသည် ခံခဲ့ရသော ဘဝက နာလွန်းသည်နှင့်အမျှ ပို၍ဇာတ်နာအောင်

လွမ်းနိုင်လာသည်။ အလွမ်းဒဏ်ဖြင့် ပိုင်နိုင်လေ ပရိသတ်များက ပို၍စွဲမက်လေဖြစ်နေတော့သည်။ စိန်မြခိုင်သည် ကျော်ကြားသည်ထက် ကျော်ကြား၍လာလေရာ သူ့အား ပိုးသူ၊ ပန်းသူ၊ ငမ်းသူမိန်းမသားတွေကလည်း ပို၍များလာသည်။

သည်အချိန်တွင် စိန်မြခိုင် မိန်းမများကို လက်စားချေလေတော့၏။ သူ့အား စလာသူ မိန်းမတိုင်းကို လက်မလွတ်တမ်း အရဖမ်းလေပြီ။

ပြီးနောက် တန်ဖိုးမဲ့သော ရွံ့ရုပ်ကဲ့သို့ ပစ်ထားခဲ့၏။

ဇာတ်တွင်းရှိ ယိမ်းသမ၊ မင်းသမီးမှစ၍ လင်ရှိမယားကိုပင် သူမရှောင်တော့၊ စိန်မြခိုင်သရမ်းလေပြီ။ ဆရာသိန်းက မည်သို့ပင် သတိပေးသော်လည်းမရ။ သူ့ဘဝနှင့် သူ့အယူအဆတို့မှာ ယခင်ကနှင့်မတူ ဆန့်ကျင်ပြောင်းလဲနေလေသည်။ သူသည် မိန်းမလိုက်စားရုံသာမဟုတ်၊ အရက်လည်းသောက် ဖဲလည်းရိုက်သည်။

ယင်းသို့ ရှိနေရသည့်အထဲ သူ့အဖေကိုချက်ကြီးမှာ လူသတ်မှုဖြင့် အချုပ်ခံရပြန်လေ၏။

သူ့အဖေ သတ်လိုက်သူကတော့ ယခင်ကတည်းက ကိုချက်ကြီး အငြိုးထားခဲ့သော စံချစ်ပင်ဖြစ်သတည်း။

ကိုချက်ကြီးသည် စံချစ်အား မှောင်သောလမ်းကြား၌ တိတ်တဆိတ် ဓားဖြင့်ထိုး၍ သတ်ခဲ့သော်လည်း ရဲဘက်မှ လိုက်လံစစ်ဆေးသောအခါ သွေးပေနေသော စွပ်ကျယ်အင်္ကျီမှစ၍ အမှုပေါ်ခဲ့ရလေသည်။ စိန်မြခိုင်သည် သူ့အဖေအမှုမှ လွတ်မြောက်ရန်အတွက် သူရသောငွေများကုန်သည့်အပြင် ချေးငှား၍ပင် အကုန်အကျခံ၍ လိုက်လေသည်။

သူ ယုံကြည်ထားသည်မှာ သူ့အဖေ ကိုချက်ကြီးသည် သူ့အတွက် လက်စားချေခြင်းဟုဖြစ်၏။

ဒါပေမဲ့ အဖြစ်မှန်ကတော့ ကိုချက်ကြီးသည် သူ့ဇနီးမထေးနှင့် စံချစ်တို့ နောက်မီးလင်းနေသည်ကို ရိပ်မိသိရှိကာ မခံမရပ်ဖြစ်ရပြီး စံချစ်အား ဓားနှင့်မသေမချင်း ထိုး၍သတ်ခဲ့ခြင်း ဖြစ်လေသည်။

စိန်မြခိုင် မည်မျှပင် ငွေကြေးအကုန်ခံ၍ လိုက်သော်လည်း မရတော့။ အမှုမှန်ဖြစ်သည်နှင့် ကိုချက်ကြီးမှာ နောက်ဆုံးတွင် ကြိုးဒဏ်ခံရလေတော့၏။

ကိုချက်ကြီး ကြိုးဒဏ်ခံသွားရပြီးနောက်တွင် စိန်မြခိုင်ပို၍သောက်လာသည်။ အချိန်ရှိသရွေ့ ဖဲနှင့်အရက် တွဲဖက်နေတတ်၏။ သူသည် အလုပ်ခွင်၌ပင် အရက်မူး၍လည်းနေတတ်၏။ သူ့အခန်းထွက်ရကာန်းမှ ဖဲဝိုင်းက အတင်းဆွဲထုပြီး ကမန်းကတန်း အဝတ်လဲခိုင်းရသော အဖြစ်မျိုးလည်း ရှိလာသည်။

ဆရာသိန်းမှာတော့ သူပျိုးထောင်ပြုစုလာခဲ့သော အနုပညာရှင်တစ်ဦး ဆုံးပါးရမည့်အရေးကို တွေး၍ စိတ်မချမ်းသာဖြစ်နေသည်။ ဒါပေမဲ့ စိန်မြခိုင်မှာ ယခုထက်တိုင် မကျသေး၊ နာမည်က တက်၍တက်လာနေသည်။ သူ့ဘဝ နာလေသမျှ အလွမ်းပိုင်းတွင် ပို၍ကျအောင် လွမ်းနိုင်နေသည် မဟုတ်လား။

"ဒီမှာ မောင်ဘအေးကို ဦးလေးနောက်ဆုံး စကားတစ်ခုပြောချင်တယ်"

စိန်မြခိုင် မမူးမရစ်ဘဲ ရှိနေသောတစ်ချိန်၌ ဆရာသိန်းကပြောလေသည်။

"ပြောပါ ဦးလေး"

"ဦးလေး တစ်ခါက မောင်ဘအေးကို ပြောခဲ့ဖူးတဲ့စကားတွေကို မောင်ဘအေး ပြန်ပြီးသတိရစမ်းပါကွယ်။ ဦးလေး မင်းအတွက် ရင်လေးလွန်းလို့ ပြောရတာပါ"

စိန်မြခိုင်သည် ဆရာသိန်းစကားကို နားစိုက်ထောင်ရင်း တွေ၍ နေလေသည်။

"အခု မင်းအခြေအနေဟာ ကြိုးတန်းလျှောက်လူလိုဖြစ်နေပြီ မောင်ဘအေး၊ မင်းတစ်ချက်လေးတိမ်းရင် ကျဖို့ပဲရှိတော့တယ်။ မင်းရုပ်ကလည်း အရက်သမားရုပ်ပေါက်လာပြီ။ အရင်ကလို နွဲ့နွဲ့ပျောင်းပျောင်းမဟုတ်တော့ဘူး။ မင်းအသံကလည်း အက်စပြုလာပြီ။ ဒီတော့ အရက်ကို မင်းစွန့်ဖို့ ကောင်းပြီကွယ်"

"ကျွန်တော့်ဘဝမှာ ဘာမှခင်တွယ်စရာ၊ တွယ်တာစရာမရှိတော့ပါဘူး ဦးလေးရယ်။ ကျွန်တော် ကျော်ကြားမှုလည်း မလိုချင်တော့ဘူး။ ဖြစ်ချင်ရာ ဖြစ်ပါစေတော့"

စိန်မြခိုင်သည် ပြောရင်း သူ့ဘဝကို ကြေကွဲနာကျင်လွန်းသဖြင့် ပါးပြင်ပေါ်သို့ မျက်ရည်များ လိမ့်စီးကျလာလေသည်။

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ မောင်ဘအေးရယ်။ လူရယ်လို့ ဖြစ်လာကြရင် အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ကြရတယ်ဆို မဟုတ်လားကွယ်။ ဒီဖြစ်ခဲ့ ကြုံခဲ့တာတွေ တွေးပြီးဆွေးနေမယ်ဆိုရင် ကိုယ့်ဘဝသာနွမ်းလျ၊ ကျွမ်းရမှာပေါ့။ ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်းဆိုတဲ့စကားလည်း အရှိသားပဲ။ ဒီတော့ နောက်ကြောင်းက ဖြစ်ခဲ့တာ၊ ပျက်ခဲ့တာတွေ မေ့ပျောက်ထားပြီး ကိုယ့်ဘာကိုယ် ဆယ်ပါကွယ်။ ခုနေ ဆယ်လို့ရပါသေးတယ်"

ဆရာသိန်းက တရားပြသော်လည်း ဘအေးနားမဝင်ဘဲ ခေါင်းကိုသာ တွင်တွင်ရမ်းခါနေလေသည်။

"မဟုတ်ဘူးဦးလေး၊ ဖြစ်ကြတာချင်းတူပေမဲ့ ကျွန်တော့်လောက် အဖြစ်

ဆိုးတဲ့ကောင် ဒီကမ္ဘာမှာ တစ်ယောက်မှ မရှိပါဘူးဗျာ။ ကျွန်တော့်လောက် အဖြစ်ဆိုးရတဲ့ကောင် မရှိနိုင်ပါဘူး။ ဒီတော့ ကျွန်တော်ဟာ ဖြစ်ချင်တာဖြစ်ပါစေ ဘဝရေစုန်ကို မျောပါရစေတော့ ဦးလေးရယ်"

ဆရာသိန်းသည် သက်ပြင်းကို လေးတွဲ့စွာ ဆွဲ၍ချလိုက်၏။

"ဒီမှာ မောင်ဘအေး မင်းဘဝဟာ ရေစုန်မမျောဘဲ ဆယ်လို့ရပါသေးတယ်"

"မဆယ်တော့ပါဘူး ဦးလေးရယ်။ ရေစုန်လေစုန်ကို ကျွန်တော် ရွက်ကုန်ဖြန့်ပြီး လွှင့်တော့မယ်"

"မမိုက်ချင်စမ်းပါနဲ့ ကလေးရယ်။ ရေစုန်လေစုန် ရွက်ကုန်ဖြန့်ရင် မင်း မကြာခင် တစ်ကွေ့မှာ ကမ်းပါးနဲ့တိုက်ပြီး စုံးစုံးမြုပ်သွားလိမ့်မယ် သိရဲ့လား"

"မြုပ်ပါစေ ဦးလေး၊ မြုပ်ပါစေ၊ မထူးတော့တဲ့ဘဝမှာ မြုပ်ပါစေတော့ဗျာ"

ဘအေးက ရှိုက်ရင်းငိုရင်းပြန်၍ပြောလေရာ ဆရာသိန်းသည် ဘအေးအား ကြင်နာသနားခြင်း၊ နှမြောတမ်းတခြင်းတို့ဖြင့် ပြည့်ဝန်းနေသော မျက်လုံးများနှင့် ငေးစိုက်ကြည့်နေရုံမှလွဲ၍ ဘာမျှမတတ်နိုင်တော့ပေ။ ရေစုန် လေစုန်တွင် ရွက်ကုန်ဖွင့်၍ လွှင့်နေသော ဘအေးအား ဆရာသိန်းလည်း ပဲ့မကိုင်နိုင်တော့ပြီ။

ဘယ်ကမ်းတိုက်တိုက် ဘယ်သောင်တင်တင် သူ့ကြမ္မာ သူငင်နေလေသူ လူတစ်ယောက်အား ကြားလူက ပဲ့ကိုင်ထိန်းသိမ်းပေး၍လည်း ရနိုင်တော့မည် မဟုတ်ပေ။ ဆရာသိန်း၏ စေတနာစကားများမှာ သူ့နားဝယ်မဝင်၊ လေတွင်သာ လွင့်ပါးကုန်ကြလေတော့သည်။

နောက်ဆုံးတွင် ဆရာသိန်းမှာ ချစ်တပည့်အား ရင်နာနာနှင့်ပင် ကြည့်၍ နေရတော့၏။ စိန်မြခိုင်ကတော့ ပို၍ ပို၍သာ ဆိုးလာနေသည်။

မိုးအခါရောက်၍ ဇာတ်နားလေလျှင် သူပို၍ထင်ရာစိုင်း၏။ ဆရာသိန်း နော်သို့လည်းမလိုက်တော့ဘဲ ရန်ကုန်မြို့တွင် ပေတေလေလွင့်နေခဲ့သည်။ အရက်ကို ရေလင်းတမ်းသောက်၍ ဖဲကိုမထတမ်းရိုက်ရုံသာမက အဖော်အပေါင်းများနှင့် အတူ ပြည့်တန်ဆာအိမ်တွေလည်း ရောက်ခဲ့သည်။ ဘိန်းခန်းတွေလည်း ဝင်ခဲ့သည်။

ပေလွန်း၊ တေလွန်း၊ လေလွင့်လွန်းရာမှ သူ့တွင် ကျန်းမာရေးကိုပါ ထိခိုက် ပျက်ပြား၍လာရလေ၏။

အကြွေးကလည်း ဗရပွေ နေစရာအိမ်ခြေရာခြေလည်းမရှိ။ ကျန်းမာမှု ချို့တဲ့လာသောအခါတွင် စိန်မြခိုင်မှာ သူနှင့်တွဲဖက်ကပြရသော မင်းသမီး အောင် သန်းမြိုင်၏အိမ်တွင် ဘုန်းဘုန်းလဲလေတော့၏။

မင်းသမီး အောင်သန်းမြိုင်မှာ သားနှစ်ယောက်မိခင် မုဆိုးမဖြစ်လေသည်။ ပြီးနောက် ဘအေး၏ ဆရာဆိုလည်းဟုတ်၏။ ဘအေး ကလေးဘဝမှ လူကြီးဘဝသို့ ကူးပြောင်းလာသည့်အချိန်မှစ၍ အောင်သန်းမြိုင်နှင့် တွဲဖက်ကပြခဲ့လေရာ အောင်သန်းမြိုင်သည် ဘအေးအား သဘင်အနုပညာရပ်များကို သင်ကြားပေးခဲ့လေသည်။

ဘအေးမှာ အောင်သန်းမြိုင်သည် ဆရာလည်းဖြစ်၊ အသက်ကလည်း သူ့ထက်အံတော်ကြီးသဖြင့် အစ်မကြီးသဖွယ် ဆက်ဆံခဲ့သည်။ မိန်းမသားများကို ရှုံ့ရှာမုန်းတီးနေသည် မှန်သော်လည်း အောင်သန်းမြိုင်ကိုတော့ ခြွင်းချက်ထား၏။ သို့ကြောင့်လည်း ယခုလို သူတေပေလေလွင့်ရာမှ မကျန်းမမာ ဖြစ်လာသောအခါတွင် အောင်သန်းမြိုင်ကို အားကိုးမှီခိုလာရခြင်း ဖြစ်တော့သည်။

အအိပ်မမှန်၊ အစားမမှန်ရှိနေသော ဘအေးမှာ တဖြည်းဖြည်းအားနည်းလာရာမှ ကာလသားရောဂါလည်းရခဲ့ကာ ယခုလို အိပ်ရာတွင် ဘုန်းဘုန်းလဲရခြင်း ဖြစ်လေသည်။

မင်းသမီးအောင်သန်းမြိုင်သည် ဘအေးအား မောင်ရင်းသဖွယ် ပြုစုယုယပါ၏။ သူမကပင် ငွေကြေးအကုန်အကျခံကာ ဘအေးရောဂါကို ကုသပေးသည် ဖြစ်သောကြောင့် ဘအေး ရောဂါပျောက်ကင်း ကျန်းမာခဲ့ရလေတော့သည်။

"မမမြိုင်ရဲ့ ကျေးဇူးတွေကို ကျွန်တော် ဘယ်လိုပြန်ပြီး ဆပ်ရမလဲ မသိဘူး မမမြိုင်ရယ်"

ရောဂါပျောက်၍ နာလန်ထစတွင် ဘအေးသည် အောင်သန်းမြိုင်အား ပြော၏။

"မမမြိုင်က ကျေးဇူးတုံ့ပြန်စေလိုလို့ မောင်စိန်ကို ပြုစုကုသခဲ့တာ မဟုတ်ပါဘူးကွယ်"

"ဟုတ်ပါတယ်၊ မမမြိုင်က တကယ့်စေတနာနဲ့ ပြုစုခဲ့တာမို့လည်း ကျွန်တော့်မှာ ပိုပြီးကျေးဇူးသိတတ်ရမှာပေါ့ မမမြိုင်။ မမမြိုင်ရဲ့ ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မေ့လို့ရနိုင်တော့မှာ မဟုတ်ပါဘူးဗျာ"

"မမမြိုင်ကို တကယ်ကျေးဇူးတင်ရင် မမမြိုင်စကားကို မောင်စိန် နားထောင်မလားဟင်"

အောင်သန်းမြိုင်သည် ဘအေးမျက်နှာကို စူးရှတောက်ပသော မျက်လုံးများဖြင့် စိုက်ကြည့်ပြီးမေးလိုက်လေသည်။

"နားထောင်ပါမယ် မမမြိုင်၊ မမမြိုင်ပြောစကားကို ကျွန်တော်နားထောင်

ပါ့မယ်"

ဘအေးသည် လှိုက်လှဲစွာ ကတိပေးလိုက်၏။

အောင်သန်းမြိုင်က စိတ်အားထက်သန်စွာနှင့် ထပ်မံကတိတောင်းပြန်၏။

"တကယ်ပြောတာပါ မမမြိုင်၊ ကျွန်တော်ဟာ မမမြိုင်ရဲ့ကျေးဇူးကြောင့် အခုလို လူစဉ်ပြန်မီလာရတာပဲ ဥစ္စာ၊ ကိုယ့်ကျေးဇူးရှင်ရဲ့စကားကို နားထောင်ရမှာပေါ့ မမမြိုင်"

"ဒီလိုဆိုရင် မောင်စိန် အရက်မသောက်နဲ့တော့နော်"

သူသည် အဖြေမပေးဘဲ အောင်သန်းမြိုင်မျက်နှာကို ငေးကြည့်နေမိလေသည်။

"ဘယ့်နှယ့်လဲမောင်စိန်၊ မမစကား နားထောင်မယ်ဆို"

အောင်သန်းမြိုင်သည် သူ့ကို အားမလိုအားမရကြည့်ရင်းမှ ပြောလိုက်လေသည်။

"ကျွန်တော့်ဘဝက နာခဲ့လွန်းလို့ အရက်နဲ့ဖြေရတာပါ မမမြိုင်၊ အရက်မှမသောက်ရရင် ကျွန်တော် ဘယ်လိုမှ စိတ်ချမ်းချမ်းသာသာနေလို့ မရလို့ သောက်နေရတာပါ"

"မမမြိုင် ဘဝလောက် မောင်စိန့်ဘဝကမဆိုးပါဘူးကွယ်။ မမမြိုင်မှာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့ရတယ်။ ပြီး ပရိယေသနဝမ်းစာက မပြည့်စုံတော့ သားကလေးတွေကို အမေအိုနဲ့ထားပြီး လုပ်ကိုင်စားသောက်နေရတဲ့ ဘဝမဟုတ်လားကွယ်။ မောင်စိန်ဟာ ယောကျ်ားလေးပါ။ ဖြစ်ရာဘဝကို ရင်စည်းပြီး ကြံ့ကြံ့ခံနိုင်ဖို့ ရှိပါတယ်။ ကိုယ့်ဘဝ၊ ကိုယ့်အနုပညာ၊ ကိုယ်ရထားတဲ့ ကျော်ကြားမှုလေးတွေ နမြောစမ်းပါ။ ယောကျ်ားစိတ်နဲ့ ဖြစ်လာသမျှလောကဓံကို ရင်ဆိုင်စမ်းပါ"

ဘအေးသည် အောင်သန်းမြိုင်၏စကားများကို နားထောင်နေလေသည်။

"ဘယ့်နှယ့်လဲ မောင်စိန်၊ မမမြိုင်ပြောတာ သဘောပေါက်ရဲ့လား"

"ကျွန်တော် နားလည်ပါပြီ မမမြိုင်။ ကျွန်တော့်ဘဝကို ကျွန်တော် ဆယ်ပါတော့မယ်"

"ဝမ်းသာလိုက်တာ မောင်လေးရယ်"

အောင်သန်းမြိုင်၏ မျက်နှာတွင် ပီတိများ လျှမ်းဖြာဝင်းပ၍သွားလေသည်။

ဘအေးမှာ ကောင်းစွာနေကောင်းလာသည့်တိုင် အရက်လည်းမသောက်၊ ဖဲလည်းမရိုက် အပြင်သို့ပင် ထွက်လည်လှသည်မရှိဘဲ အိမ်မြဲနေလေသည်။ ဘအေး ကောင်းမွန်စွာနေပြီဆိုသော သတင်းကြားရသည်နှင့် ဆရာသိန်းလည်း ဝမ်းသာနေရသည်။ အောင်သန်းမြိုင်နှင့်တွေ့စဉ်တွင်–

"မောင်ဘအေးလည်း မမြိုင်ချွတ်တော့မှပဲ ကျွတ်တော့တယ်"ဟု ဆရာသိန်းက အားရဝမ်းသာပြောခဲ့လေသည်။

ဘအေး ပြန်လည်ကောင်းမွန်လာခြင်းအတွက် ဇာတ်ပိုင်ရှင်လည်း ဝမ်းသာနေသည်။ ဘအေးတစ်ယောက် ပျက်စီးနေခြင်းမှာ သူ့အတွက်ဆုံးရှုံးခြင်းပင် မဟုတ်လား။

သူ၏စီးပွားရေးသည် ဘအေးတွင် မှီနေ၏။ ဘအေးကျဆုံးသွားလျှင် သူ့စီးပွားရေးကို ထိခိုက်မည်။ သူ့အနေဖြင့်လည်း မင်းသားစိန်မြခိုင်၏ ကျော်ကြားမှုကိုမှီကာ စီးပွားတက်ခဲ့ရ၏။ သို့ကြောင့် စိန်မြခိုင် ကျဆုံးခြင်းကို သူမလိုလားနိုင်။

ဆရာသိန်းနှင့် ဇာတ်ပိုင်ရှင်တို့ဆုံမိ၍ စိန်မြခိုင်အကြောင်းပြောရာတွင် မင်းသမီးအောင်သန်းမြိုင်နှင့် စိန်မြခိုင်အား လက်ထပ်ပေးစားကြဖို့ ဆရာသိန်းက ဆွေးနွေးသည်။

"ဟုတ်တယ် ဆရာသိန်း၊ အဲဒီအကြံ အကောင်းဆုံးပါပဲ။ ဒါမှ မင်းသားဟာလည်း တည်တံ့သွားမှာပါ"

ဇာတ်ပိုင်ရှင်ကလည်း ဆရာသိန်းအကြံကို ထောက်ခံ၏။

"ဒီလိုဆို ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး သူတို့ကိုပြောကြမလဲ"

ဆရာသိန်းက ဇာတ်ပိုင်ရှင်ထံ အကြံတောင်းလေသည်။

"ဆရာသိန်းက စိန်မြခိုင်ကိုပြောပေါ့။ အောင်သန်းမြိုင်ကိုတော့ ကျွန်တော့်ဇနီးပြောခိုင်းမယ်"

"ကောင်းတယ်...ကောင်းတယ်။ ဒီအတိုင်းဆို အဆင်ပြေပါတယ်"

နှစ်ဦးသား အားရဝမ်းသာဖြင့် ခွဲခွာခဲ့ကြသည်။ ပြီးနောက် သူတို့ ကြံစည်ထားသည့်အတိုင်း ဆက်လက်ကြိုးစားကြသည်။

ဒါပေမဲ့ ထင်သလောက်မလွယ်ပါ။

အောင်သန်းမြိုင်ကလည်း မောင်လေးအရွယ်မို့ဟု အကြောင်းပြငြင်းသည်။ ဘအေးကလည်း ...

"ဟာ ...ဦးလေးရာ၊ ကျွန်တော်က မမမြိုင်ကို အစ်မလိုသာခင်တာပါ"ဟု ငြင်း၏။

ဆရာသိန်းနှင့် ဓာတ်ပိုင်ရှင်တို့သည် အမျိုးမျိုးကြိုးစားသော်လည်း မအောင်မြင်တော့ဘဲ လက်လျှော့လိုက်ကြရလေသည်။ ဒါပေမဲ့ စိန်မြခိုင်နှင့် အောင်သန်းမြိုင်တို့မှာ ကြားလူတွေ၏ စေ့ဆော်မှုကြောင့် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားလာကြသည်။ စိန်မြခိုင်မှာ သူ့အပေါ်အနွံအတာခံ၍ ပြုစုသော အောင်သန်းမြိုင်ကို စိတ်ဝင်စားလာသည်။ အောင်သန်းမြိုင်ကလည်း သူမအပေါ် အစ်မကြီးသဖွယ်ခင်တွယ်အားကိုးနေသော ငယ်ရွယ်သူ စိန်မြခိုင်အား သံယောဇဉ် ငြိတွယ်လာမိသည်။

တစ်ညသ၌ စိန်မြခိုင်သည် သူ၏ရှေ့ရေးနောက်ရေးများကိုတွေးရင်း အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်နေလေသည်။ သို့ရှိရာမှလည်း သူ့အတွေးထဲသို့ အောင်သန်းမြိုင်ဝင်ရောက်လာသည်။ အောင်သန်းမြိုင်မှာ မုဆိုးမသားနှစ်ယောက် မိခင်ဖြစ်သော်လည်း အရွယ်တင်လျက် ရုပ်ရည်က နုပျိုနေသေးသည်။ ကိုယ်ကာယ အချိုးအစားကလည်း ပြေပြစ်သည်။ ဓာတ်မင်းသမီးပင်ဖြစ်သော်လည်း ပေါ့ပေါ့ လွင့်လွင့်မဟုတ်ဘဲ စာရိတ္တထိန်းသိမ်းသူဖြစ်ကြောင်း သူသိသည့်နည်းတူ အောင်သန်းမြိုင် အား စွဲမက်ချင်လာ၏။

တိတ်ဆိတ်ခြင်းနှင့် အိပ်မပျော်နိုင်ခြင်းတို့က သူ့စိတ်ကို နှိုးဆွမောင်းနှင် ပေးနေသည်။ သူသည် အိပ်ရာမှ ရုတ်တရက်ထထိုင်လိုက်မိ၏။ တွေးတောငေးငိုင်၍ နေလေသည်။

အောင်သန်းမြိုင်၏ အိပ်ခန်းဘက်သို့ နားစွင့်ထောင်ကြည့်ရာ တရှူးရှူး နှင့် အိပ်ပျော်နေသံကို ကြားရသည်။ အဘွားကြီးလည်း သူမအခန်းတွင် အိပ်မောကျ နေလောက်ပေပြီ။

သူသည် ထိုင်ရာမှထ၍ ခြင်ထောင်ဖွင့်ထွက်ကာ အောင်သန်းမြိုင်၏ အိပ် ခန်းဆီသို့ လျှောက်လာသည်။

အခန်းတံခါးကို အသာအယာတွန်းကြည့်လိုက်သည်တွင် အတွင်းမှ ချက်ထိုးမထားသဖြင့် အလွယ်တကူပွင့်သွား၏။ သူ့အခန်းတွင်းသို့ ဝင်လာခဲ့သည်။ အောင်သန်းမြိုင်၏ အိပ်ခန်းတွင်းတွင် ဖယောင်းတိုင် (၅)တိုင်အား မီးလုံးပြာလေး ထွန်းထား၏။ ကလေးနှစ်ယောက်နှင့် အောင်သန်းမြိုင်သည် ဇာခြင်ထောင်အတွင်း ၌ အိပ်မောကျနေသည်ကို သူမြင်တွေ့ရလေသည်။

သူသည် ခြင်ထောင်အနီးတွင်ရပ်၍ စဉ်းစားနေ၏။ မီးပြာလေးမှိတ်လိုက် ရလျှင် ကောင်းမည်လားဟု တွေးတောမိသည်။ သို့သော် ဘယ်သူမှန်း မသိရခြင်း ထက် သူဖြစ်ကြောင်းသိရသည်က ပို၍ကောင်းမည်ဟုယူဆကာ မီးကိုမပိတ်

တော့ဘဲ အောင်သန်းမြိုင်၏ နံဘေးတွင် အသာအယာဝင်၍ လှဲလိုက်၏။ ပြီးနောက် အောင်သန်းမြိုင်၏ နောက်ကျောမှနေကာ ခပ်တင်းတင်းဖက်လိုက်လေတော့သည်။

"ဘယ်သူလဲ ...ဘယ်သူလဲ"

အောင်သန်းမြိုင်သည် အထိတ်တလန့် မေးရင်းရုန်းလေသည်။

"ကျွန်တော်ပါ မမမြိုင်"

သူက အဖြေပေးလိုက်၏။

"နင်ဘယ်လို ခွေးကျင့်ခွေးကြံ ကြံတာလဲ ငစိန်"

အောင်သန်းမြိုင်သည် သူ့လက်မှ အတင်းရုန်းထွက်ထထိုင်ပြီး ဒေါသရောင်တောက်သော မျက်လုံးများဖြင့် သူ့မျက်နှာကို စိုက်ကြည့်ကာ မေး၏။

"ကျွန်တော် မမမြိုင်ကို ချစ်လွန်းလို့ပါဗျာ"

"နင်တကယ်ချစ်ရင် အချိန်မရွေး၊ ငါ့ကိုပြောနိုင်သားပဲ။ ခုဟာက တမင် ခွေးကျင့်ခွေးကြံ ကြံတာ။ ခုဒီကထွက်သွားပါ"

"မသွားဘူး၊ မသွားဘူး မမမြိုင်။ ကျွန်တော့်ကိုသတ်ချင်လည်း သတ်ပစ်၊ မမမြိုင်ကို ကျွန်တော်တကယ်ချစ်တယ်။ မမမြိုင်ကျွန်တော့်ကို လက်ထပ်ပါ"

အောင်သန်းမြိုင်သည် တွေဝေငေးငိုင်၍ နေလေသည်။ အတန်ကြာတော့ သက်ပြင်းချလိုက်၏။

"မဖြစ်ပါဘူး မောင်စိန်ရယ်။ မောင်စိန်က မမထက်အများကြီးငယ်ပါတယ်"

"အချစ်မှာ ငယ်တာကြီးတာက ပြဿနာမဟုတ်ပါဘူး မမမြိုင်။ တကယ်ချစ်တာ မချစ်တာသာ ပဓာနပါ"

အောင်သန်းမြိုင်သည် တွေ၍နေပြန်၏။

"အစကတော့ ကျွန်တော် မမမြိုင်ကို အစ်မအရင်းလို ခင်မင်ခဲ့တာအမှန်ပါ။ နောက် ဦးလေးသိန်းက မမမြိုင်နဲ့ကျွန်တော့်ကို လက်ထပ်ပေးချင်တယ်ပြောတော့မှ ကျွန်တော့်စိတ်တွေ မမမြိုင်အပေါ် ပြောင်းလဲပြီး ချစ်လာမိတယ်။ ဟုတ်ပါတယ် မမမြိုင်၊ ကျွန်တော့်ဘဝရဲ့ ပဲ့ကိုင်ပေးနိုင်တာဆိုရင် မမမြိုင်တစ်ယောက်ပဲ ရှိပါတယ်။ မမမြိုင်ကသာ ကျွန်တော့်အချစ်ကိုလက်မခံဘဲ ငြင်းပယ်လိုက်ရင်တော့ ကျွန်တော့် ဘဝ၊ ကျွန်တော် ရေစုန် လေစုန်မှာ ရွက်ကုန်ဖွင့်ရတော့မှာပဲ မမမြိုင်"

စိန်မြခိုင်က ရင်ထဲရှိသမျှ ဖွင့်ဟပြောဆိုလိုက်သည်တွင် အောင်သန်းမြိုင်သည် သက်ပြင်းအကြိမ်ကြိမ်ချ၍ နေမိလေသည်။

"ဘယ့်နှယ့်လဲ မမမြိုင်၊ ကျွန်တော့်ကို လက်မထပ်နိုင်ဘူးလားဟင် ..."

အတန်ကြာသည့်တိုင် အောင်သန်းမြိုင်ထံမှ အဖြေစကားထွက်မလာသည်နှင့် စိန်မြခိုင်က မေးလေသည်။

"ခက်တာပဲ မောင်စိန်ရယ်၊ မမမြိုင်ကို လူတွေကဲ့ရဲ့ကြတော့မှာပဲ"

အောင်သန်းမြိုင်က ညည်းညည်းညူညူ ပြောလေသည်။

"ဘာကို ကဲ့ရဲ့မှာလဲ မမမြိုင်"

"မင်းသားကလေးကို အိမ်မှာမွေးထားပြီး ယူတယ်လို့ပေါ့"

"ဒါများ အရေးလုပ်လို့ မမမြိုင်ရယ်။ သူများကဲ့ရဲ့တာ ချီးမွမ်းတာက အကြောင်းမဟုတ်ပါဘူး။ ကျွန်တော်တို့ချင်း ချစ်နိုင်၊ မြတ်နိုးနိုင်ကြဖို့သာ အရေးကြီးတာပါ"

"မင်းကရော မမမြိုင်ကို တကယ်ချစ်လို့လား မောင်စိန်ရယ်"

"တကယ်ပါ မမမြိုင်၊ တကယ့်ကိုပြောတာပါ။ ကျွန်တော် မပလီတတ်ဖူးဆိုတာ မမမြိုင်လည်း အသိသားပဲဗျာ"

"တော်ကြာတော့မှ မမမြိုင်ကို အသက်ကြီးလို့ ပစ်ထားခဲ့ရင် မမမြိုင် အသည်းကွဲရလိမ့်မယ်"

"ကျမ်းကျိန်ပြီးမှ လက်ထပ်ဆိုရင် ကျွန်တော်လိုက်နာပါ့မယ် မမမြိုင်၊ မမမြိုင်လို ကိုယ့်ကျေးဇူးရှင်တစ်ယောက်အပေါ်မှာ ဒီလိုယုတ်မာတဲ့ စိတ်ထား မထားရက်နိုင်ပါဘူးဗျာ"

"မင်းသားနော်၊ လျှာအရိုးမရှိတိုင်း ပြောမနေနဲ့။ သေသေချာချာ စဉ်းစားပြီးမှပြော။ ဒါဇာတ်ကနေတာ မဟုတ်ဘူးသိရဲ့လား။ တကယ့် အိမ်ထောင်ရေးကို ပြောနေကြတာ"

အောင်သန်းမြိုင်က မျက်စောင်းကလေးဖြင့်ဝေ့၍ ပြောလေသည်။

"ကျွန်တော်ကလည်း အိမ်ထောင်ရေးမို့ပဲ ပြောနေတာပါ မမမြိုင်"

"တကယ့် အချောအလှ အပျိုလေးတွေတောင် ရှောင်ဖယ်စွန့်ပစ်လာခဲ့တဲ့ လူတစ်ယောက်က မမမြိုင်လို မုဆိုးမ ကလေးနှစ်ယောက်အမေကို တကယ် လက်ထပ်ပြီး အတည်ယူမယ်ဆိုတာ မမမြိုင်တော့ ဘယ်လိုမှ ယုံလို့မရနိုင်ပါဘူး ကွယ်"

အောင်သန်းမြိုင်က မျက်လွှာချထားရင်းမှ ပြောနေပြန်၏။

"ဒီမှာ မမမြိုင် တကယ်မယုံဘူးလား"

"ဟင့်အင်း ..."

အောင်သန်းမြိုင်က ခေါင်းလေးခါလိုက်၏။

"မမမြိုင်အပေါ်မှာ သစ္စာဖောက်ခဲ့ရင် ကျွန်တော်တစ်သက်လုံး ဆင်းရဲ"

"တော် ...ရှေ့မဆက်နဲ့"

အောင်သန်းမြိုင်က သူ့ပါးစပ်ကို လှမ်းပိတ်ရင်းပြောလိုက်သည်။

"ဒါဖြင့် ယုံပြီလား"

သူက စိတ်အားထက်သန်စွာမေး၏။ အောင်သန်းမြိုင်က အဖြေမပေးပေ။

"ဟင် ...မမမြိုင်၊ ကျွန်တော့်အချစ်ကို ယုံပြီလား"

အောင်သန်းမြိုင်သည် နှုတ်ဖြင့်အဖြေမပေးဘဲ ကော့ရွန်းသော မျက်တောင်အောက်မှ တောက်ပကြည်လင် ပြုံးရွှင်နေသော မျက်လုံးများဖြင့် သူ့အား ကြည့်လေသည်။

"ပြောလေ မမမြိုင် ပြော ...ပြော"

သူက အောင်သန်းမြိုင်၏မေးဖျားကို မချင့်မရဲကိုင်လှုပ်၍မေးသည်။ အောင်သန်းမြိုင်က ပြုံးမြဲပြုံးနေ၏။ စိန်မြခိုင်မှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ သူမကိုယ်ကိုပွေ့ဖက်လေသည်။ အောင်သန်းမြိုင်က ရုန်းဖယ်ခြင်း မပြုတော့။

ပြီးနောက် အိပ်ရာပေါ်သို့ အလိုက်သင့်လဲကျသွားကြလေသည်။

*

မင်းသားစိန်မြခိုင်နှင့် မင်းသမီး အောင်သန်းမြိုင်တို့ ရုံးတွင်လက်ထပ်လိုက်သော သတင်းကို ကြားရသောအခါ ဆရာသိန်းရှော၊ ဇာတ်ပိုင်ရှင်ပါ အံ့သြဝမ်းသာဖြစ်ကြရလေသည်။

ယခုတစ်ဖန် ဇာတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းတည်ထောင်ရာတွင်တော့ ဇာတ်ပိုင်ရှင်ရော၊ ဆရာသိန်းပါ အားတက်ဝမ်းသာရှိကြရလေသည်။ တကယ်တော့လည်း ဘဝရေစုန်၌မျောပါနေသော မင်းသားစိန်မြခိုင်အား မင်းသမီးအောင်သန်းမြိုင်က ဆယ်ယူထားပြီမဟုတ်လား။

သူတို့ဇာတ်အဖွဲ့သည် အနယ်နယ်၊ အရပ်ရပ်သို့ လှည့်လည်ကပြနေရပြန်၏။ သစ်ရွက်များကြွေသော နွေတစ်နေ့တွင် စိန်မြခိုင်၏ ရွာသို့ တစ်ဆင့်သွားရာ ရွာကြီးမှ ဇာတ်ရုံသို့သွားရောက်ကပြရပြန်လေသည်။

စိန်မြခိုင်မှာ စကတည်းက ထိုဇာတ်ရုံသို့ သွားရောက်ကပြရန် ငြင်းဆန်ခဲ့၏။

"အဲဒီ ဇာတ်ရုံကို လက်မခံပါနဲ့ဗျာ။ ကျွန်တော့်ရွာကလူတွေပြန်တွေ့ရင် အဟောင်းတွေ အသစ်ပြန်ပြီး ဖြစ်ရမှာမို့ပါ"

သူက ဓာတ်ပိုင်ရှင်ကိုပြော၏။ ဒါပေမဲ့ ဓာတ်ပိုင်ရှင်မှာ ထိုဓာတ်ရုံကန်ထရိုက်ထံမှ ငွေမျက်မျက်သက်သက်ရထားသဖြင့် သူ့တောင်းဆိုချက်ကို လက်မခံဘဲ ပယ်ချခဲ့သည်။

"စိတ်သာမှုလပါ မောင်စိန်။ ကိုယ့်စိတ်က အဟောင်းတွေကို မေ့ထားနိုင်ရင် ပြီးတာပဲ။ ဦးလေးတို့အနေနဲ့ ဒီလောက်ငွေပေးကောင်းတဲ့ ပွဲကန်ထရိုက်ကို လက်လွှတ်ပစ်ရမယ်ဆိုရင် ဘယ်မှာအမြတ်ရှိနိုင်တော့မှာလဲကွယ်"

စိန်မြခိုင် မငြင်းသာ။

တကယ်တော့လည်း ထိုဓာတ်ရုံမှာ သူ့နယ်ပယ်ဖြစ်၍ သူ့ကို အလွန်အားပေးကြသည်။ အားပေးသည်နှင့်အမျှ ကန်ထရိုက်လည်းပွသည်။ ပွဲဖိုးငွေကိုလည်း ကြေးကောင်းပေး၍ ငှားရမ်းသည်။

သူသည် စိတ်မပါလှဘဲနှင့်ပင် ထိုရွာဓာတ်ရုံသို့လိုက်လံကပြရလေသည်။ ပထမနှင့်ဒုတိယည ကပြီးနောက်တွင် သူ့မိထွေးသည် သူ့အား လာရောက်တွေ့ဆုံ၏။ ဒါပေမဲ့ သူမတစ်ယောက်တည်း မဟုတ်ပါလေ။

သူမသည် နောက်ယောကျ်ားရ၍နေပြီဖြစ်၏။

စိန်မြခိုင်မှာ အဖေသေသည်မှ မကြာသေးမီ နောက်ယောကျ်ားတစ်ယောက်နှင့် ရှိနေသော မိထွေးကိုတွေ့မြင်ရသောအခါ အဖေ့ကိုသတိရ၍ စိတ်မကောင်းဖြစ်နေရလေသည်။

"သားရယ် ...အမေတို့မှာ ဆင်းရဲလွန်းလို့ ကြည့်ရှုခဲ့ပါဦးကွယ်"

မိထွေးသည် မျက်နှာပြောင်လွန်းလှ၏။ အဖေမရှိတော့သည် အခြားမဲ့၌ပင် သူ့အား စိတ်အနှောင့်အယှက် ပေးရုံမက ငွေကြေးအကူအညီပင် တောင်းခံနေလေသေးတော့သည်။

"ကျွန်တော့်မှာလည်း အရင်ကလို တစ်ကိုယ်တည်းလွတ်လွတ်လပ်လပ် မဟုတ်တော့ဘူးဗျာ။ သားနဲ့ မယားနဲ့ဆိုတော့ ကိုယ့်ဆန္ဒနဲ့ကို ဘာမှလုပ်လို့ မဖြစ်တော့ပါဘူး"

"ဪ ...သားမိန်းမရနေပြီလား။ သားမိန်းမက ဘယ်သူများလဲကွယ်"

"ကျွန်တော် အခုမင်းသမီးအောင်သန်းမြိုင်နဲ့ အိမ်ထောင်ကျနေပါတယ်"

"အို ...ဒီလိုဆို ပိုတောင်ဝင်ငွေကောင်းသေးတာပေါ့ကွယ်။ နှစ်ယောက်လုပ်စာဆိုတော့ ငွေတွေကို ထားစရာတောင်ရှိတော့မှာ မဟုတ်ဘူး။ ဪ ...ဒါနဲ့ အမေ့ချွေးမနဲ့ အမေစကားပြောပါရစေ"

သူမက ရွှန်းရွှန်းဝေနေသလောက် စိန်မြခိုင်ခေါင်းနောက်နေရလေသည်။

ထိုစဉ်မှာပင် အောင်သန်းမြိုင်ကလည်း ဆိုက်ဆိုက်မြိုက်မြိုက် သူတို့ထံ ရောက်လာ၏။

"ဩော် ...အမေ့ ချွေးမလေးပါလား။ သားက မင်းသား၊ သမီးက မင်းသမီးဆိုတော့ အမေဖြင့်လေ ဘယ်လိုအားရဝမ်းသာရမှန်း မသိဘူး"

မိထွေးက သည်းသည်းပို၍ နေလေရာ စိန်မြခိုင်မှာ စိတ်ပျက်လက်ပျက်နှင့် သက်ပြင်းချလိုက်မိလေသည်။

"အခုပဲ သားကိုပြောနေရသေးတယ်။ သမီးရယ်၊ သမီးတို့သားတို့မှာ ရွှေမရှား၊ ငွေမရှားဘဝမို့ ထမင်းတောင် အနိုင်နိုင်စားနေရတဲ့ အမေတို့ဘဝကို မစခဲ့ပါဦးလို့။ အဲဒါသားက သူမပိုင်လို့ သမီးကို ပြောရဦးမတဲ့လေ"

အောင်သန်းမြိုင်သည် သူမခင်ပွန်းအားလှမ်း၍ကြည့်လိုက်၏။ စိန်မြခိုင်သည် အင်္ကျီအိတ်ကပ်ထဲမှ ငါးဆယ်တန်တစ်ရွက်ကို နှိုက်ယူလိုက်သည်။

"ကဲ ...အဲဒါပဲ ယူသွားပါလေ"

"ဒါလေးပဲလား သားရယ်"

မိထွေးသည်ငါးဆယ်တန်ကိုယူပြီး မကျေမနပ်နှင့် ပြောလေသည်။

"ကျွန်တော် ဒါပဲတတ်နိုင်ပါတယ်"

စိန်မြခိုင်က ပြတ်ပြတ်ခင်ပြောလိုက်၏။

"သားအဖေအတွက် ရည်စူးပြီး အလှူလေးလည်းလုပ်ချင်သေးလို့ပါ သားရယ်"

"တော်ပြီဗျာ။ တော်ပြီသွားပါတော့"

"ရက်စက်လှချည်လား သားရယ်။ မင်းအဖေမျက်နှာမရှိတော့လို့ အမေ့ကို နှင်တာလား"

သူ့မိထွေးသည် ပြောရင်းပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာလေသည်။

"အလှူလုပ်မှာက ဘယ်လောက်ကုန်မှာမို့လဲရှင်"

အောင်သန်းမြိုင်က ကြင်နာစွာ ဝင်၍မေးလေသည်။

"နှစ်ရာလောက်ပါ"

မိထွေးသည် အောင်သန်းမြိုင်ကို အားကိုးသောမျက်နှာဖြင့်ကြည့်ရင်း ပြန်ပြောလေသည်။ အောင်သန်းမြိုင်သည် ဘော်လီအင်္ကျီအိတ်ကပ်သို့ လက်နှိုက်လိုက်လေ၏။

"ဒီမှာ မမမြိုင် နောက်ထပ် တစ်ပြားမှမပေးနဲ့တော့။ ခင်ဗျားတို့လည်း

သွားကြပါတော့ဗျာ။ သဒ္ဓါတဲ့ဆွမ်း တော်ရုံနဲ့ပဲရပ်ပါတော့"

စိန်မြခိုင်က ဖွတ်နှင်ပစ်သဖြင့် သူ့မိထွေးဇနီးမောင်နှံလည်း မျက်နှာပျက်ပျက်ဖြင့် ထွက်ခွာသွားကြလေသည်။

"ဘယ်လိုပြောလိုက်တာလဲ မောင်စိန်ရယ်"

အောင်သန်းမြိုင်က သူ့မျက်နှာကို နားမလည်နိုင်သလိုကြည့်ပြီး မေးလေသည်။

"အလကားပါ မမမြိုင်၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး လိုက်ပြီး နှိပ်စက်နေတဲ့ မိန်းမပါ"

"ဒီလိုလည်း သဘောထားလို့ ဘယ်ဖြစ်မလဲကွယ်။ တစ်ချိန်က ကိုယ်နဲ့ မကင်းခဲ့လို့ လာပြီးအကူအညီတောင်းတာပေါ့"

"ဒီမိန်းမကြီးအကြောင်း မမမြိုင်မသိပါဘူးဗျာ"

စိန်မြခိုင်က စိတ်မရှည်နိုင်သဖြင့် အော်ငေါက်လိုက်မိလေသည်။ အောင်သန်းမြိုင်လည်း ဘာမျှဆက်၍မပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ စိန်မြခိုင်၏ စိတ်မှာ ထိုအချိန်မှစ၍ ညစ်ညူး ရှုပ်ပွနေရသည်။ ထိုအထဲတွင် ယနေ့ည နောက်ဆုံးပွဲအနေဖြင့် ကပြ၍ ပြန်ရတော့မည်ဖြစ်သောကြောင့် ရွာမှညည့်သည်တွေကလည်း ခါတိုင်းနေ့ထက် ပိုမိုများပြားစွာလာရောက်တွေ့ဆုံနေကြသည်။ အချို့ကလည်း နောက်ကြောင်းများကို ပြန်၍ဖော်ကြသေး၏။

ညနေပိုင်းသို့ရောက်သည်တွင် စိန်မြခိုင်သည် မည်သူ့ကိုမျှ တွေ့ဆုံစကားမပြောလိုတော့သဖြင့် ဇာတ်ရုံမှရွာဘက်သို့ ထွက်လာခဲ့သည်။ ယင်းသို့ ထွက်လာခါမှ သန်းမြင့်တို့ဇနီးမောင်နှံရင်ဆိုင်သွား၍ တိုးနေရပြန်တော့သည်။

"ကိုဘအေး"

သန်းမြင့်သည် သူ့အား အရှက်ကင်းမဲ့စွာ လှမ်း၍ခေါ်သေး၏။ စိန်မြခိုင်သည် လှည့်၍မျှ မကြည့်တော့ဘဲ ရွာဘက်သို့ သုတ်သုတ်လစ်လာခဲ့လေသည်။ သူ၏စိတ်မှာ ထွေ၍ဝေ၍ နေ၏။ သူ့မိထွေးနှင့်သန်းမြင့်အား မြင်တွေ့လိုက်ရခြင်းကြောင့် နောက်ကြောင်းများ ပြန်၍ပေါ်ကာ ရင်နာနေမိသည်။ စံဝေအား တွေ့ရသဖြင့်လည်း ဒေါသပွားရသည်။ သူသည် စိတ်၏ လှုပ်ရှားခြင်းကို မခံနိုင်တော့သဖြင့် ရွာရှိအရက်ဆိုင်သို့ဝင်ပြီး သောက်လေတော့၏။

ညပွဲထွက်ချိန်သို့ နီးကပ်လာသည့်တိုင် မင်းသား စိန်မြခိုင်ပြန်ရောက်မလာသောကြောင့် ဇာတ်အဖွဲ့သားများနှင့် ကန်ထရိုက်တာတို့ ပျာယာခတ်ကုန်ကြသည်။ အထူးသဖြင့် အောင်သန်းမြိုင်မှာ ပူပင်သောကရောက်နေရှာသည်။ ဆ

သိန်းလည်း စိတ်မအေးနိုင်။ ဟိုမေး သည်မေးလုပ်ရာမှ ရွာဘက်ထွက်သွားသည်ဟူသော သတင်းကိုရရှိသည်နှင့် ရွာတွင်းသို့ဆရာသိန်းနှင့် အောင်သန်းမြိုင်တို့ အပြင်းနှင်ခဲ့ရပြန်သည်။

ဟိုမေးသည်မေး စုံစမ်းခဲ့ကြရာ နောက်ဆုံး၌ အရက်မူးသမားတစ်ယောက်က မင်းသားကို အရက်ဆိုင်တွင် တွေ့ခဲ့ရကြောင်းပြောသဖြင့် အရက်ဆိုင်သို့ အပြေးလိုက်ခဲ့ရပြန်လေ၏။

အရက်ဆိုင်သို့ အောင်သန်းမြိုင်တို့ရောက်သွားချိန်တွင် စိန်မြခိုင်မှာ ရေချိန်လွန်၍ စားပွဲပေါ်ထိုးလဲကျနေပြီ။

"မောင်စိန်၊ မောင်စိန် ဘယ်လိုဖြစ်ရတာလဲ မောင်စိန်ရယ်။ ကျော်မကောင်းကြားမကောင်း ဒုက္ခပါပဲ"

အောင်သန်းမြိုင်သည် ပြောရင်းပါးပြင်ပေါ်သို့ မျက်ရည်များစီးဆင်းကျလာကာ ချစ်လင်အား ဝင်ရောက်ဖေးမတွဲကူလေသည်။ စိန်မြခိုင်ကတော့ သတိမရှိလေတော့ ...။

ဆရာသိန်းသည် ဇာတ်ရုံသို့သွားပြီး အကျိုးအကြောင်းပြောပြကာ ဇာတ်ပိုင်ရှင်၏ကားဖြင့် အမူးလွန်နေသော မင်းသားအား သယ်ဆောင်ယူရလေ၏။ သူတို့မည်မျှ အုပ်အုပ်ဆိုင်းဆိုင်း လုပ်သော်လည်း 'မင်းသားအရက်မူး၍ လူမှန်းမသိ'ဟူသော သတင်းမှာ ချက်ချင်းပျံ့နှံ့သွားကာ ရုံဝင်လက်မှတ်နှင့် ဖျာဝယ်ထားကြသူတို့ ပွစိပွစိဖြစ်နေကြသည်။

ဇာတ်ရုံနောက်တွင်တော့ ဇာတ်ပိုင်ရှင်၊ ပွဲကနဲထရိုက်နှင့် ဆရာသိန်း၊ မင်းသမီးအောင်သန်းမြိုင်တို့မှာ မင်းသားစိန်မြခိုင် အရက်မူးပြေလာနိုင် ရေးအတွက် ဖေကရာဇ်မြစ်သွေးတိုက် သူ့ကိုယ်ကိုရေလောင်း ခေါင်းရေခဲအုံနှင့် အမျိုးမျိုးပြုစုကုသနေကြရလေသည်။

ပွဲထွက်ချိန်ရောက်သည်တွင် ရှေ့ပိုင်းဇာတ်ခုံပေါ်၌ ဟန်မပျက်ပင် အစဉ်အတိုင်း ထွက်၍ကပြနိုင်လေသည်။ နောက်ပိုင်းတွင်တော့ စိန်မြခိုင် အချိန်မီကပြနိုင်ရေးအတွက် ကြိုးစားပြုစုနေကြရ၏။ ပွဲကြည့်ပရိသတ်များမှာ စောစောကကြားထားရသောသတင်းကြောင့် ယနေ့ည စိန်မြခိုင်ကမှကနိုင်ပါ့မလားဟု စိုးရိမ်နေကြ၏။

တဖြည်းဖြည်းနှင့် စိန်မြခိုင်ထွက်ရန် အချိန်ကလည်းကပ်၍လာလေပြီ။ ဒါပေမဲ့ သူသည် ယခုထက်တိုင်ခေါင်းမထူနိုင်သေး၊ပြုစုရသူများလည်း လက်ပန်းကျလေပြီ။ ပွဲကနဲထရိုက်၊ ရုံပိုင်ရှင်နှင့် ဇာတ်ပိုင်ရှင်တို့လည်း ရင်မနေကြရ၏။ အကယ်

၍များ စိန်မြခိုင်ထွက်မကနိုင်လျှင် တစ်ရုံလုံးဆူပွက်၍ ရုံပါပျက်ရချေတော့မည်။

ဇာတ်မန်နေဂျာက အရှေ့ပိုင်းကို ကြာနိုင်သမျှကြာအောင်ဆွဲ၍ စီစဉ်ပေးထားသည်။ ဇာတ်ခုံနောက်တွင်လည်း စိန်မြခိုင်ကို အပြင်းအထန် ပြုစုနေကြ၏။ ပရိသတ်များက ရှေ့ပိုင်းဆွဲလွန်းအားကြီးသည်ဟု မကျေမနပ် ဖြစ်နေကြ၏။

"နှစ်ပါးသွား မြန်မြန်ထွက်ပါဗျို့။ ရှေ့ပိုင်းက ရှည်လွန်းနေပြီ"

"စိန်မြခိုင် ...စိန်မြခိုင်ထွက်ပါတော့"

ပါးစပ်ရဲသော ကာလသားများက ဟာစ်အော်နေကြသည်။ စိန်မြခိုင်မှာ သတိပြန်လည်ရရှိလာပြီဖြစ်သော်လည်း ဇက်မထူနိုင်သေး။

"ဖြစ်ရလေ မောင်စိန်ရယ်။ မမမြိုင်တော့ သေလိုက်ချင်တယ်"

အောင်သန်းမြိုင်မှာ ငိုရင်းရှိုက်ရင်း ညည်းတွားပြုစုလေသည်။

ပရိသတ်တို့၏ ဆူသံပူသံတွေကလည်း ပို၍ကျယ်လာသည်။ ပို၍များလာသည်။ သက်ဆိုင်ရာလူများလည်း မျက်လုံးမျက်ဆန်ပြူးနေသည်ထက်ပြူးလာ၏။ စိန်မြခိုင်သည် ကြိုးစားအားတင်း၍ထရလေသည်။ အားလပ်နေသူများက သူ့ကိုအဝတ်အစားဆင်ယင်ပေးရ၏။ စိန်မြခိုင်ထွက်လျှင် တစ်ပါတည်း ပါရမည်ဖြစ်သော အောင်သန်းမြိုင်လည်း ကမန်းကတန်း ပြင်ရဆင်ရလေသည်။ ပရိသတ်များ ဆူပူလာသည်နှင့် ရှေ့ပိုင်းကို အတိုချုံးလိုက်ကာ မင်းသမီး၊ မင်းသားတို့ကို ထုတ်ရလေတော့၏။

စိန်မြခိုင်မှာ ကောင်းစွာ မဟန်နိုင်သောကြောင့် မင်းသမီးနှစ်ယောက်က ဖေးတွဲထားစေကာ ကားလိပ်ကို မတင်လိုက်သည်။ ပရိသတ်တို့၏ လက်ခုပ်သံများ တစ်ရုံလုံးကျွက်ကျွက်ညံသွားလေ၏။ ဆရာသိန်းမှာ စိန်မြခိုင်အဖြစ်ကို သိထားသည်နှင့် ရုတ်တရက် ဆိုကွက်၊ ကကွက်မပေးဘဲ ဆိုင်းကိုသာ အကြိမ်ကြိမ်ပြန်ကျော့ပြီး တီးနေသည်။ လူရွှင်တော်များကလည်း ဆရာသိန်းအား အမျိုးမျိုးချီးကျူးထောမနာပြုရင်း ပရိသတ်စိတ်ဝင် စားနေအောင် ဖေးမပေးနေ၏။

ဆိုတီးရပ်တော့မှ စိန်မြခိုင်နှင့် မင်းသမီးနှစ်ယောက်တွဲဖက်ပြီး ဇာတ်ခုံရှေ့ပိုင်းသို့ ထွက်လာခဲ့လေသည်။

"ဘေးဘယာ ရန်မြူမခရအောင်လို့"

စိန်မြခိုင် ထိတ်လန့်သွား၏။ ဇာတ်တစ်ဖွဲ့သားလုံးလည်း မျက်နှာပျက်သွားကြသည်။ သူ၏အသံမှာ ယခင်ကလို ကြည်လင်အေးမြခြင်းမရှိတော့ဘဲ အက်ကွဲဆို့နင့်နေသည်။

"ဘေးဘယာ ရန်မြူမခရအောင်လို့၊ အေးမေတ္တာခံယူမယ့်သား ဟား

...ဟား ...ပါပဲ"

သူကအားစိုက်ဆို၍ 'ဟဲ'ကြည့်လိုက်သည်။ သည်တော့မှ အသံက ပို၍ အက်ကွဲတိမ်ဝင်သွားလေ၏။

"ဘေးဘယာ ရန်မြူမခရအောင်လို့၊ အေးမေတ္တာကိုနော် ...ခံယူမယ့် သားပါပဲ။ သယမ္ဘူဖရာ့ရယ်တဲ့ ဟဲ့ဟဲ့ ...ဂုဏဝန္တံ"

သူ့အသံကား ပျက်ယွင်းသွားရလေပြီ။ ဘယ်လိုမှဆို၍ မရလေတော့ မင်းသမီးအောင်သန်းမြိုင်မှာ ကျိတ်၍ရှိုက်နေမိသည်။ ဆရာသိန်းမှာလည်း ပတ်လုံးတွေကို အယောင်ယောင်အမှားမှားခေါက်မိသည်နှင့် အသံကြောင်တွေ ထွက်လာသည်။ ပရိသတ်များမှာ တိတ်ငြိမ်မသွားတော့ဘဲ တီးတိုးသံတွေ အုန်းအုန်း ကျွက်ကျွက် ဖြစ်၍နေသည်။

"သည်းခံကြပါခင်ဗျာ၊ သည်းခံကြပါ... မင်းသား စိန်မြခိုင် ညနေက ရေချိုးမှားတာနဲ့ ရုတ်တရက်အအေးမိပြီး အသံဝင်သွားလို့ပါခင်ဗျာ။ ကြွလာကြတဲ့ အစ်ကိုအစ်မများကို ဝမ်းနည်းစွာနဲ့ပဲ သဒ္ဒအသံကိုတော့ဖြင့် ဒီနေ့ည သည်းခံခွင့် လွှတ်ကြပါတော့လို့ ..."

လူရွှင်တော်တစ်ယောက်က ရုတ်တရက် ဝင်ရောက်ဖာထေးလိုက်၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ အသံဝိဇ္ဇာ မင်းသားစိန်မြခိုင် ကောင်းစွာ နေထိုင် မကောင်းဖြစ်နေရာကနေပြီး ညနေက ရေသွားချိုးလိုက်တဲ့အတွက် ရုတ်တရက် အသံမထွက်ဖြစ်သွားရပါတယ်။ ကျွန်တော်တို့ ဇာတ်အဖွဲ့သားတွေဟာလည်း ပရိသတ်အလိုကို သိကြတဲ့အတိုင်း ရုတ်တရက်ဝင်သွားတဲ့ အသံထွက်လာနိုင် အောင် နည်းအမျိုးမျိုးနဲ့ ကုစားခဲ့ကြသော်လည်း ယနေ့ညဖြင့် ဝမ်းနည်းစွာနဲ့ပဲ ပရိသတ်ကိုအသံနဲ့ မဖြေဖျော်နိုင်တော့တဲ့အကြောင်း တောင်းပန်ရပါတော့တယ် ခင်ဗျာ။ ဒါပေမဲ့လည်း အသံနဲ့မဖြေဖျော်နိုင်ပေမယ့် အကနဲ့ ဇာတ်ထုပ်ဇာတ်ကွက်မှာ ပွဲလာသူမိဘများပို၍ နှစ်သက်အောင်ကြိုးစား ကပြအသုံးတော်ခံပါလိမ့်မယ် ခင်ဗျား။ ကဲ ...ကလေးရေ စိန်မြခိုင်ကြိုးစားပြီး အသုံးတော်ခံလိုက်ပါဦးကွယ်"

လူရွှင်တော်များသည် ပရိသတ်ကျေနပ်မှုရအောင် အမျိုးမျိုးဖာထေး နေကြရလေ၏။

ယင်းနောက်၌ နှစ်ပါးသွားကို စကြလေသည်။ ပရိသတ်များက သူ့ အသံကို အားမလိုအားမရရှိနေကြစဉ် စိန်မြခိုင် ကလိုက်ပြန်တော့လည်း တောင်ယိမ်း မြောက်ယိမ်းနှင့် အချိုးမကျရှိရလေပြန်သည်။ ရွှေပွဲလာတို့မှာ သူ့ကိုကြည့်၍ အားမလိုအားမရရှိရ၏။ စိန်မြခိုင်မှာတော့ တစ်ပိုဒ်ကပြီးတိုင်း ကပြီးတိုင်း မော

ဟိုက်ခွေနှံ့နေရလေသည်။

ထိုနေ့ညအဖို့ စိန်မြခိုင်ကို ဆိုကွက်ကကွက်များများ မပေးတော့ဘဲ အောင်သန်းမြိုင်သာ ကြိုးစား၍ ကနေလေသည်။ သို့တိုင်လည်း ပရိသတ်များ မကျေမနပ်နှင့် ထပြန်ကုန်ကြလေတော့၏။

နောက်ပိုင်းဇာတ်ထုပ်မှာလည်း ပထမအစီအစဉ်ကို ပြောင်းလဲလိုက်ရကာ လက်ထောက်မင်းသားနှင့် အောင်သန်းမြိုင်တို့ကိုသာ ပွဲထုတ်ရလေတော့သည်။ မင်းသား အသံဝိဇ္ဇာအမည်တပ်ထားသော စိန်မြခိုင်၏ အဆိုအငိုကိုနှစ်သက်စွဲလမ်းပြီး လာရောက်ကြည့်ရှုသော ပရိသတ်များသည် သူတို့စွဲမက်သော မင်းသား၏ အဆိုအငိုကို မကြည့်ရသောအခါ အိပ်ပျက်မခံတော့ဘဲ ပြန်၍သွားကြကုန်သည်။ လင်းအားကြီးအချိန်သို့ရောက်သည်တွင် ရုံထဲ၌ အိပ်နေကြသူများနှင့် ထိုင်နေသူ လေးငါးယောက်သာရှိလေတော့သည်။

ယနေ့ညတွင် ထိုသို့ဖြင့်ပင် ပွဲကိုအပြီးသတ်လိုက်ရလေ၏။

ထိုညအဖို့ ဤသို့ဤနှယ် လက်စသိမ်းနိုင်ခဲ့သော်လည်း ယနေ့ညပင် တစ်နေရာ၌ပွဲကူးရန် အဆက်ကရှိနေသည်။ စိန်မြခိုင်၏ အသံမှာလည်း ပြန်၍ မထွက်လာတော့။ ဤအတိုင်းနှင့်သွားရောက်ကပြလျှင်လည်း ပရိသတ်ကြိုက်နှစ်သက်နိုင်တော့မည် မဟုတ်ပေ။ ဒါပေမဲ့လည်း ဇာတ်ပိုင်ရှင်အနေနှင့်က ဘယ်နည်းနှင့်မျှ ကန်ထရိုက်တာအား စရန်ပြန်၍ မလျော်နိုင်၊ လူကြိုက်ကြိုက် မကြိုက်ကြိုက် ချိန်းဆိုထားသည့်အတိုင်း သွားရောက်ကပြရမည် ဖြစ်လေသည်။

"ဘယ်လိုဖြစ်ရတာလည်း မောင်စိန်ရယ်။ ဒီအရက်ကို မသောက်ပါနဲ့လို့ မမ အတန်တန် တားလျက်နဲ့ဘာဖြစ်လို့ ဒီလောက်တောင် အလွန်အကျွံသောက်ရတာလဲ"

အောင်သန်းမြိုင်က စိတ်မချမ်းမြေ့စွာနှင့် ပြောလေသည်။

"မမမြိုင် မြွေမင်းသားပုံပြင် ကြားဖူးတယ်မဟုတ်လား ...ဟင်"

စိန်မြခိုင်က မေးသည်နှင့် အောင်သန်းမြိုင်ခေါင်းညိတ်ပြလိုက်ရလေသည်။

"အဲဒီ မြွေမင်းသားပုံပြင်မှာ မိန်းမတစ်ယောက်ကို စပါးကြီးမြွေမျိုတော့ မိန်းမရဲ့အမေက မြွေမင်းသားလေးကို သူ့သမီးအလောင်းရအောင် စပါးကြီးမြွေရဲ့ ဝမ်းဗိုက်ကို ခွဲထုတ်ပေးဖို့ပြောတော့ မြွေမင်းသားလေးက ဘာပြန်ပြောသလဲ"

အောင်သန်းမြိုင်က သူ့အမေးကို မဖြေဘဲ သူ့ကိုငေးကြည့်နေမိလေသည်။

"မြွေမင်းသားလေးက အဒေါ်ကြီးရယ်၊ ကျွန်တော်မြွေဝမ်းကိုတော့ မခွဲပါရ

စေနဲ့။ မြွေဝမ်းခွဲလို့ မြွေသွေးကျွန်တော့်ကိုပေရင် ကျွန်တော်မြွေစိတ် ပြန်ပေါက်ပြီး မြွေပြန်ဖြစ်မှာကို ကြောက်လွန်းလို့ပါလို့ တောင်းပန်ခဲ့တယ် မဟုတ်လား”

အောင်သန်းမြိုင်ကတော့ သူ့မျက်နှာကိုငေးကြည့်မြဲသာ။

“အခုလည်း ကျွန်တော်ဒီရွာမှာ မကပါရစေနဲ့လို့တောင်းပန်ခဲ့တယ်။ ဒါပေမဲ့ မရဘူး။ ဇာတ်ပိုင်ရှင်ဟာ သူငွေရဖို့တစ်ခုကြည့်ပြီး ကခိုင်းခဲ့တယ်။ မြွေမင်းသားဟာ တောင်းပန်လို့မရလို့ စပါးကြီးမြွေရဲ့ ဝမ်းကိုခွဲရာကနေ မြွေပြန်ဖြစ်သွားရတယ်။ အခုကျွန်တော်လည်း မြွေဖြစ်သွားပြီ မမမြိုင်၊ ကျွန်တော်ဘယ်တော့မှ လူပြန်ဖြစ်တော့မှာ မဟုတ်တော့ဘူး။ ကျွန်တော် မြွေဖြစ်သွားရပါပြီဗျာ”

စိန်မြခိုင်သည် ပြောရင်းမျက်ရည်များ ရစ်ဝိုင်းလာသည်နှင့် အောင်သန်းမြိုင်မှာ ရင်ဆို့၍သွားရလေတော့သည်။

ထိုည ကပြရာ၌လည်း စိန်မြခိုင်အသံမထွက်တော့ပေ။ သူ၏အဆိုအငိုကို နှစ်သက်စွဲလမ်းပြီး လာရောက်ကြည့်ရှုကြသော ပရိသတ်မှာတစ်ဝက်တစ်ပျက်နှင့်ပင် ထပြန်ကုန်ကြသည်။ စိန်မြခိုင် အသံမရတော့သဖြင့် မကောင်းတော့ဟူသော သတင်းမှာလည်း ချက်ချင်းပျံ့နှံ့သွား၏။ နောက်ညနောက် ညများတွင် ရုံသို့လူမဝင်ရှိလေတော့ရာ ကန်ထရိုက်တာမှာ အကြီးအကျယ်ရှုံးတော့၏။

ကန်ထရိုက်တစ်ဦးရှုံးသော သတင်းကိုကြားသဖြင့် နောက်ကန်ထရိုက်များလည်း စရန်အဆုံးခံ၍ ပွဲဖျက်ပစ်ကြသည်။ စိန်မြခိုင် ဇာတ်သဘင်အဖွဲ့အား ငှားရမ်းမည့်သူပင် မရှိလေတော့။ ထိုအချိန်မှစ၍ အသံဝိဇ္ဇာစိန်မြခိုင် ဇာတ်သဘင်အဖွဲ့ကြီး ပျက်ရလေတော့သတည်း။

ထိုအခြေသို့ ဆိုက်လာသောအခါတွင် စိန်မြခိုင်သည် အရက်ကိုနေ့မလင်း၊ ညမလင်းသောက်လေသည်။ အရက်သောက်လေ အသံအက်ကွဲလေ၊ အသံအက်ကွဲတိမ်ဝင်လေ မျှော်လင့်ချက်ကို မမြင်ရှိကာ အရက်တွေဖိသောက်လေနှင့် နောက်ဆုံး၌ အရက်သည်သာ သူ၏ဘဝ၊ အရက်သည်သာ သူ၏အသက်ရှင်နေနိုင်ရေးဖြစ်၍ လာရလေတော့၏။

သူသည် အရက်ကိုသာ နင်းကန်သောက်နေသော်လည်း ယခင်ကလို အလေလိုက်ခြင်း၊ ဖဲရိုက်ခြင်းမရှိသဖြင့် အောင်သန်းမြိုင်မှာ သူ့ကို အကြင်နာမပျက်ရှိနေရသည်။ အခြားဇာတ်အဖွဲ့တစ်ခုတွင် လိုက်၍ကကာ သူ့အားတိုက်ကျွေးပြုစုနေခဲ့လေသည်။

ဒါပေမဲ့ နေ့မလင်း၊ ညမလင်းသောက်နေသော ယောကျ်ားတစ်ယောက်အား လင်လုပ်ရသောအမျိုးသမီးတစ်ယောက်အဖို့ ဘယ်သို့လျှင် စိတ်ချမ်းသာရာ

ရနိုင်ပါတော့မည်နည်း။

စိန်မြခိုင်မှာ ဇိုးသမားဘဝနှင့် နှစ်ကြာသဘာရင့်လေ သွေးကဆိုးလာလေ ရှိနေသည်။ သူသည် ယခင်ကလို မဟုတ်တော့ဘဲ အောင်သန်းမြိုင်အား လူတကာနှင့် စွပ်စွဲပြောဆိုလာသည်။ မဟုတ်မဟတ် သမုတ်ဇာတ်ဆင်၍ ခင်းပြီး ရိသည်။ ရန်လုပ်သည်။

"ဒီမှာမောင်စိန် မင်း ...မမမြိုင်ကို ဘာလို့မဟုတ်မဟတ်တွေ စွပ်စွဲချင်ရတာလဲ။ မမမြိုင်ဟာ မင်းအပေါ်မှာ ဘယ်လောက်မေတ္တာ စေတနာထားတယ်ဆိုတာ မင်းမသိဘူးလားကွယ်"

အစွပ်စွဲ အကလိ အရိခံလွန်းသောအခါ အောင်သန်းမြိုင်မှာ ကြေကွဲစွာပြန်၍ မေးလေ၏။

"အရင်တုန်းကတော့ ဟုတ်ပါရဲ့။ ခင်ဗျားကြီးကျုပ်ကို မြတ်နိုးတယ်၊ သဒ္ဒါတယ်၊ ကြည်ဖြူတယ်လေ။ ဒီတုန်းက ကျုပ်ဟာထိပ်တန်းရောက်နေတဲ့ မင်းသားမဟုတ်လား။ ခုတော့ ကျုပ်က ဖွတ်ကျားအလကားအကောင်၊ ဘာမှတန်ဖိုးမရှိတဲ့အကောင်"

"တော်ပါတော့ မောင်စိန်၊ မင်းစကားရှေ့မဆက်ပါနဲ့တော့ကွယ်။ မမမင်းကို လက်ထပ်ခဲ့တာဟာ မင်းရဲ့ကျော်ကြားမှုကို နှစ်သက်လို့လား။ မင်းရဲ့ ဝင်ငွေကောင်းတာကို နှစ်သက်လို့လား။ ပြန်ပြီးများ စဉ်းစားစမ်းပါဦး။ တကယ်တော့ မင်းကို မမလက်ထပ်ခဲ့တာဟာ တကယ့် မေတ္တာ၊ စေတနာ အစစ်အမှန်နဲ့ပါကွယ်။ ဒါကြောင့်လည်း မင်းဘယ်အခြေအနေရောက်နေနေ မမက မငြိုငြင်ဘဲ သည်းခံပြီး နေနိုင်ခဲ့တာပါ"

"ကျွန်တော် မယုံဘူး ...မယုံဘူး။ လောကမှာ ဘယ်မိန်းမမှ သစ္စာ မရှိကြဘူး။ မိန်းမဆိုတာ သစ္စာဖောက်တဲ့အမျိုး၊ သာရာမှာ နားတတ်တဲ့အမျိုး၊ မမမြိုင်ဟာလည်း မိန်းမထဲက မိန်းမတစ်ယောက်ပဲဥစ္စာ ကျွန်တော် ဘယ်လိုယုံလို့ရနိုင်မှာလဲ"

အောင်သန်းမြိုင်သည် သက်ပြင်းရှည်ကြီးကို ဆွဲချလိုက်ပြီး မျက်ရည်ဝိုင်းလာသည်။

"မိန်းမတစ်ယောက်က မင်းအပေါ်မှာ သစ္စာဖောက်သွားတာနဲ့ မိန်းမအားလုံးကို ထည့်မပြောပါနဲ့မောင်စိန်၊ မိန်းမချင်းတူပေမယ့် အမူအကျင့်ချင်းခြားနားပါသေးတယ်၊ နှလုံးသားချင်း ကွာခြားပါသေးတယ်"

"ဟား...ဟား...ဟား...မိန်းမဆိုတာ မိန်းမပဲပေါ့ဗျာ။ ဘာများခြားနားဦးမှာလဲ ကျုပ်သိပါတယ် မမမြိုင် ခင်ဗျားအခုတွဲကနေတဲ့ အောင်မြင့်လှိုင်နဲ့ ဘာဖြစ်

နေကြတယ်ဆိုတာ ကျုပ်ကောင်းကောင်းသိပါတယ်"

အောင်သန်းမြိုင်သည် မျက်ရည်များ သွန်အန်၍ကျလာလေတော့၏။

"ဒီမှာ မောင်စိန် မမမြိုင် ဘယ်လောက်သစ္စာရှိတယ်ဆိုတာ ဘုရားသိပါတယ်၊ သိကြားသိပါတယ်"

"တခြားဘယ်သူသိသေးလဲ"

"မမမြိုင်စိတ်ကလည်း သိတယ်"

"ဟာ...ခင်ဗျားဟာကသက်သေခံခိုင်းလို့ မရတာတွေလျှောက်ပြောနေတာပဲ"

အောင်သန်းမြိုင်မှာဆက်၍ ငြင်းချက်ထုတ်နေသော်လည်း အကြောင်းထူးတော့မည် မဟုတ်သည်ကို သိရသည်နှင့် ဆိတ်ဆိတ်ပင်နေခဲ့ရလေသည်။ သို့တိုင်လည်း စိန်မြခိုင်သည် မထိတထိ ကလိ၍ နေတတ်ပေသေးသည်။

သူမအား မည်မျှပင်ကလိ၍ ရန်ထောင်ပါစေ အောင်သန်းမြိုင်ခံနိုင်ပါသည်။

ဒါပေမဲ့ စိန်မြခိုင်မှာ ထိုမျှနှင့်မရပ်တော့ဘဲ သူမမိခင်ကြီးအား စိတ်ဆင်းရဲစေအောင် ရန်လုပ်လာပြန်သည်။ ပြီးနောက် သူ၏သားကလေးများကိုလည်း အကြောင်းမဲ့ ရိုက်နှက်တတ်သည်။

အောင်သန်းမြိုင်သည် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်၏။ ပြီးနောက် စိန်မြခိုင်အလစ်တွင် မိခင်ကြီးနှင့် ကလေး နှစ်ယောက်ကိုခေါ်၍ ထွက်ပြေးသွားတော့သည်။ အောင်သန်းမြိုင်မရှိတော့လည်း စိန်မြခိုင်သည် သူ့ဘဝကို သူမရပ်တည်နိုင်ပါ။

သူသည် အရူးတစ်ပိုင်းဖြစ်လျက် အောင်သန်းမြိုင်ကို လိုက်၍ရှာလေသည်။ ဒါပေမဲ့ အောင်သန်းမြိုင်၏ သတင်းအစအနကိုမျှ မရလေတော့...။

စိန်မြခိုင်သည် ဇာတ်သမားပီပီ စုံနဲ့သာမြိုင်ကိုဆို၍ သစ်ရွက်တစ်ချပ်ဆယ်ထပ်လုန်ကာ ရှာပုံတော် ဖွင့်ခဲ့သော်လည်း အောင်သန်းမြိုင်အား သူမတွေ့ရတော့ပါ။

အောင်သန်းမြိုင်ကို ရှာမတွေ့၍ စိတ်ဆင်းရဲလေတိုင်း အရက်ကို ပို၍ ဖိသောက်သည်။ သူ့ဘဝမှာလည်း အခြေမတည်တော့၊ ဆရာသိန်းက မည်မျှအလိုလိုက်၍ ကျွေးမွေးဖျောင်းဖျထားသော်လည်း သူမရပ်တည်နိုင်၊ ခြေဦးတည့်ရာသို့သာ လေပွေမွှေနေတော့သည်။

*

စိန်မြခိုင်နှင့် အောင်သန်းမြိုင်တို့ ဇာတ်သဘင်လောကမှပျောက်ကွယ်သွားသည်မှာ ကြာခဲ့ပြီ။

ဇာတ်သဘင်သည်များရော၊ ပွဲကြည့်ပရိသတ်များပါ သူတို့ကို မေ့ပျောက်နေခဲ့ကြလေပြီဖြစ်၏။

"ဘေးဘယာ ရန်မြူမခရအောင်လို့…အေးမေတ္တာ ခံယူမယ့်သားပါပဲ၊ သယမ္ဘူဖရာ့ရယ်တဲ့ ဟဲ–ဟဲ ဂုဏဝန္တံ"

ထိုသီချင်းကိုဆိုကာ အသက်အရွယ်နှင့်မလိုက်အောင် ဆံဖြူသွားကျိုးလျက် အိုမင်းနေလျက် ညစ်ထေးပေရေသော အဝတ်များဖြင့် လူတစ်ယောက်ကို ပြည်–ရန်ကုန်ကားလမ်းဘေးရှိမြို့များတွင်ရှိသော ကားဂိတ်တို့၌ တစ်မြို့မဟုတ်တစ်မြို့တွင် ခရီးသွားများ တွေ့ကြုံရလေသည်။

သူသည် မင်းသားဟန်ပါပါဖြင့် ထိုသီချင်းကိုဆို၏။ သူ့အသံများက အက်ကွဲဆို့နင့်တိမ်ဝင်နေသည်။

သူ့အား သူရူးသဖွယ်လူတွေက ဝိုင်း၍ကြည့်ကြသည်။ သူကလည်း မင်းသားဟန်ဖြင့် သီချင်းကိုဆို၍ပြ၏။ ပြီးနောက် ကားသမားထံကဖြစ်စေ၊ ခရီးသွားများထံကဖြစ်စေ၊ သဒ္ဓါကြေးကလေးများတောင်း၍ စုဆောင်းပြီးနောက် အရက်ဆိုင်သို့ပြေးလေသည်။

ယခုအခါ၌ သူ့အား တစ်ချိန်က လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော သဘင်အနုပညာရှင် စိန်မြခိုင်ဟု မည်သူမျှမသိကြလေတော့။

တစ်နေ့သူ ပေါင်းတည်ကားဂိတ်တွင် သီချင်းဆိုပြ၍ ပိုက်ဆံတောင်းနေစဉ် ပြည်မှထွက်လာပြီး ပေါင်းတည်၌ ခေတ္တရပ်နားနေသော ကားပေါ်မှ မျက်မှန်အနက်တပ်ထားသော မိန်းမကြီးတစ်ယောက်သည် သူ့အား ငါးကျပ်တန်ငွေစက္ကူတစ်ရွက်ကိုပေးသဖြင့် သူအံ့အားသင့်စွာ မိန်းမကြီးအား ကြည့်မိ၏။ ဒါပေမဲ့ ဘယ်သူဘယ်ဝါဟု သူမမှတ်မိတော့၊ မှတ်မိအောင်လည်း မကြိုးစား အားရဝမ်းသာဖြင့် အရက်ဆိုင်သို့ ပြေးသွားလေ၏။

မိန်းမကြီးသည် မျက်မှန်အနက်ကိုချွတ်ကာ စီးကျလာသော မျက်ရည်များကို သုတ်နေစဉ် ကားက လိမ့်ထွက်လေတော့သည်။

ငွေတာရီမဂ္ဂဇင်း၊ အမှတ်(၄၉)၊ ဇူလိုင်လ၊ ၁၉၆၄–ခုနှစ်

❑